
www.burmeseclassic.com



www.burmeseclassic.com

19 FEB 2013

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး



# နဂ္ဂါရောင်ခြည်

နဂ္ဂါရောင်ခြည်

နဂ္ဂါရောင်ခြည်













လော ကီ ပ ညာ ရ သ စုံ မ ဂ္ဂ ဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်



ဆရာတော်ကြီး အိပ်မက်အရ
တည်ထားသည့် ရွာလေးပင်၏ အလယ်မှာ
သံပုံစေတီအား ငုံကာ...
စာ-၅၉


စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ကိုမိုးဆန်း၊

သန်းထွန်း (ဘားအံ)

ပါဠိ အယ်ဒီတာ

ဦးစံတင့်

(ဓာတုနိကာယ ကောဝိဒ၊ဝိနယဓရ၊ဓမ္မာစရိယ)

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်

ပါရမီ

နာယကကြီး

ဒေါက်တာ အောင်နိုင်

M.B.B.S (Ygn)

ဒ-ဘ-ဓ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ

အယ်ဒီတာ

ကိုကိုမောင်

ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(၀၃၄၇၂)၊ နက္ခတ္တရောင်ခြည်စာပေတိုက်၊
၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၃၉၄)၊ ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊

မန္တလေးဖြန့်ချိရေး
နဂါးစာပေ

ရှမ်းတောင်ကြီး ဖြန့်ချိရေး
မိသုံးနှာစာပေ (တောင်ကြီး)
ဂဝါနုစီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
တော့်တော့်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
☎- ၀၁ ၂၄၂၂၈၄



ကြော်ငြာဌာနမှူး - ကိုတင်မောင်ဆွေး
မင်္ဂလာ နိုးမျှားရေးကြော်ငြာလုပ်ငန်း



၂၀၁၃ ခုနှစ်၊ ဧပြီလ
အမှတ် ၃၂
အုပ်ရေ
၁၀၀၀
ငါးရာကျပ် (၅၀၀/-)
☎-၀၁ ၂၄၂၂၈၄




www.burmeseclassic.com

www.burmeseclassic.com



ဥဒေါင်းမင်းပလ္လင်စေတီတော်
အပေါ်မှ ထူးခြားလှသော
စေတီငယ်ကလေးကို... စာ-၈၆

ဝေဘူဆရာတော်ကြီး တရားကျင့်ရာ
ဒုတိယဂူတော်အတွင်းမှာ
ဆရာတော်ကြီးသည်... စာ-၃၅



## ရှေးဟောင်းခြင်းရောင်ခြည်


ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်
ကျွန်းမာပါစေ တိုင်းရင်းဆေးခန်း ဆရာဦးသိဟ
(တဆ-၀၁၃၉၈၀)၏ လိပ်ခေါင်းရောဂါ
သိကောင်းစရာများနှင့်ကုထုံး (မြောင်းမြ မောင်ယဉ်တင့်) ၁၇၇


## ပညာပေးရောင်ခြည်


အလှဆင် ဘော်ကြယ်သီကုံး နည်းပညာ(၃) ၂၀၉
တရုတ်ကြိုးထုံးပညာ (၇၇) (ဟူဂျင်းဇီ) ၂၁၇
လူတိုင်းအတွက် တရုတ်မှုရာ
ဖိုးပ်မက်ရှင်းတမ်း (၆၇) (ထက်မင်းကျော်စွာ) ၂၂၀
သင်္ကေတများ၏ ဘာသာစကား (၂၂) (ဟူဂျင်းဇီ) ၂၂၈


## လက္ခဏာရောင်ခြည်


အိမ်မဲမြို့ မိုးကုတ်ဝိပဿနာ့ဓမ္မရိပ်သာအဖွဲ့ခွဲ
အမှတ်(၅၅၇) သာသနာ့မဏ္ဍကျောင်း ပဓာနနာယက
ဆရာတော်အရှင်ဥက္ကံနန္ဒ၏ လက္ခဏာပုံရိပ်များ
(ဦးသော်ခင်-ဟသ်ာတ) ၉၃
ထူးခြားသော သင်္ကေတများအတွက်
အဓိပ္ပာယ်ဖွင့်ဆိုချက်(ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့) ၁၅၄
အမေးရှိ၍ အဖြေရှိခဲ့ရပါသည်
[ဆရာ ဦးခင်မောင်လင်း- B.Sc(ရွှေဘို)] ၁၆၉
ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာ သင်္ကေတအချို့ ၁၈၅
လက္ခဏာပဟေဠိ အဖြေညီကြစို့ ၂၁၉


## လမ်းညွှန်ရောင်ခြည်


မြင်သာတောင် ဆံတော်ရှင်
ရွှေစေတီကုန်းတော်ဆီသို့ (၁) (စံတွန်းသာ) ၉
စိမ်းရောင်စို တောင်ညိုမှိုင်းရိုသည့် သာသနာ့အောင်မြေ
ဌာနေတိုင်းဆီသို့ (၁) (ထက်မင်းကျော်စွာ) ၁၇
မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင်
စေတီနှစ်ဆူ (ကျော်-မော်လမြိုင်) ၅၃
ဘုံကိုးဆင့် မယ်တော်ပူဇော်မှုခရီး (ဟူဂျင်းဇီ) ၆၅
ကိုးမြို့တောင်တန်းမှ သဏ္ဍာဝတီ သာသနာ့မြေ
နန်းဆီသို့(၆) (ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်) ၉၇


## အရှေးအပူဇော်ရောင်ခြည်


စစ်ကိုင်းတောင် မန္တလာကျွန်းကျေးချောင် ဆရာတော်
ဦးကောဝိဒနှင့် ခန္ဓာညက်ရောက်ကျင့်စဉ်တရား(၁)
(သံသရာခရီးသည်တစ်ဦး) ၂၅
ရွှေတောင်မြို့ ရဟန္တာ(၈၀)နှင့် မှဲ့ရှင်ဆရာတော်ကြီး(၁)
(သန်းဦး-သုဝဏ္ဏ) ၄၁
ပြကွဲရွှေတောင် စွယ်တော်ရှင်စေတီတော်မြတ်နှင့်
သာသနာပြုဆရာတော်ကြီးများ(၃) (မောင်မောင်ကျောက်) ၈၁
ပေါင်လောင်ရှင်ကဿပမထေရ် ကောင်းမှုစေတီများ
ပူဇော်မှုခရီး (ဖိုလ်ဝင်တောင် မြင်းဝန်ရွာ၊ မင်းစုရွာ
မင်းဝန်ဘုရား-၃) (ဇင်ညိုငယ်) ၈၉
ပုံကြာခိုင် အကျက်ဆန်းထွင်ပါတဲ့ ရုံမယာမြိုင် ရက်တန်းစေ
တောင်တော်ဦးဆီသို့ (၁၂) (ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်) ၁၁၃
အောင်အတိတ်ဆောင် သိဝံနိုက်တောင်ရိုးဆီ
ပုထိုးစေတီ နေရာထူးများ (၈) (ထက်မင်းကျော်စွာ) ၁၄၅




www.burmeseclassic.com

www.burmeseclassic.com

## ဂိုဏ်းတွေ့ရောင်ခြည်

ကျွန်ုပ်၏ တောတွင်းအတွေ့အကြုံများ ဖြစ်ရပ်မှန်(၈၈)
(ဖွတ်နှင့်လင်းယုန် ပေါင်းဆုံရန်ပွဲ)
(ဦးသန်းစိုး–ချောင်းနက်) ၁၈၄
ကျွန်တော်နှင့် သမ္မုဒ္ဓေဂါထာတော်ကြီး
(စလင်းဦးကျော်) ၁၉၄
အိပ်မက်ထဲက တစ်နပ်ဆွမ်း (ဗိုလ်မင်း၊ မင်းလှ) ၂၅၇
အိပ်မက်ထဲမှ ဖူးရသော ဂမ္ဘီရရွှေစေတီ
(မျိုးတင့်–ညောင်လေးပင်) ၂၆၅
အဓိဋ္ဌာန်ပြု၍ ဆုတောင်းပါ (တက္ကသိုလ် အပန်ငယ်) ၂၈၉

## ထူးခြားဆန်းကြယ်ရောင်ခြည်

ထူးထူးခြားခြား ဇာတ်တူသားစားတဲ့ ဖား
(မြဒင်–ဖင်းကျိုက်) ၁၄၂
ကံအစွမ်းနှင့်ဖြစ်ရပ်ဆန်း(၂) (မောင်အေးကြူ–စီးပွားရေး) ၂၃၃
မဟိဒ္ဓိရှင် သိဒ္ဓိရှင်. . . . ကို (၂)
(ရွှေတောင် ကြည်မောင်အေး) ၂၄၂
ပင့်လျှင်ကြွတတ်သည့် ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်
(ခင်သူဌေး–ဇီးကုန်း) ၂၇၃
သောင်ကြီးချောင်းမှ ဖြစ်ရပ်ဆန်းကြယ်များ
(ရန်ပိုင်အောင်) ၂၇၇

## ဆေးမြီးတိုရောင်ခြည်

ကလေးသူငယ်အတွက် ဆားထုပ်
(နတ်မောက် ကောင်းမွန်မြင့်) ၅၂
ကင်ပွန်းစေ့နှင့် ရေစီးကမ်းပြိုနာ
(ရောတိမ်ကျော်–မအူပင်) ၆၃
လက်တွေ့ ကြွက်နို့ပျောက်နည်း (ခင်ထွန်း) ၁၁၁
ဆေးပင်အောက်မှာ ဆေးပျောက်နေသူ
(ဇော်ဝင်း–ဒီပဲယင်း) ၂၄၈

## ဆေးဗေဒရောင်ခြည်

ကျန်းမာရေးအတွက် ဤသို့ရေချိုးပါ
(ဆရာဦးရဲအောင်–သိပ္ပံလက္ခဏာ+
နက္ခတ္တဗေဒ+သချ်ာဗေဒ) ၁၂၇
ယာခင်းထဲက ဆေးစွမ်းတစ်လက်
(ကြက်သွန်နီ မြစ်ချင်းပြီး ဆေးနည်းများ)
(နယ်လှည့်သုတေသီတစ်ဦး) ၂၂၃
သွားဖုံးအဖုအကျိတ် သက်သာပျောက်ကင်းဆေးနည်း
(လွင်လွင်မော်–စကု) ၂၄၀

## အင်းဓာတ်ရောင်ခြည်

အန္တရာယ်ကင်း မီးထွန်းအင်း (ဦးသိဏ်း) ၂၀၁



BURMESE CLASSIC .com

တွေ့ဖော်တွေ့ရှိခဲ့တဲ့
ရဟန္တာရုပ်ပွားတော်များဟာ အာသီတိရဟန္တာ(၈၀)တို့ရဲ့
ရုပ်ပွားတော်များလို့... ➡ စာ–၄၂

သထုံမြို့ ပေါင်တော်ရွှေရိုး
ဘုံတိုးဆင့်ဓမ္မတော် သိထင်းသုံးရာ
ဘုရားကျောင်းတော်ဖြစ်သည်... ➡ စာ–၆၅




www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးက စကားမပြော
တရားမဟောဘဲ သိုသိုသိပ်သိပ်
ကျင့်ကြံခဲ့သူ ရှိတာမို့... ◆ စာ-၁၅

ဤအထုံးကြီးကို အဂ္ဂိရတ်ပညာရှင်အချို့အား
ဆေးဖြန်းကြည့်ရာ ခြဲသံဖြစ်သည်ဟု
ဆိုကြဖြန့်သည်။ သံလိုက်ဖြင့် စမ်းရာ... ◆ စာ-၂၃




**✻ ကျင့်စဉ်ရောင်ခြည် ✻**

ဒါနဟန်ချက် သဒ္ဓါစွက်၍ ကျင့်နိုင်ကြပါစေ
(သန်းခေါင်-ပညာရေး) ၁၅၉

နာညမညသာ ဒုက္ခမိစ္ဆာယျဖြင့် အောင်မြင်ခဲ့
(အောင်-သိဒ္ဓိရာဇာ၊ နဝင်းမြို့တော်) ၁၇၀

မဟာဘုတ်ချိန်ခွင်နှင့် ရန်ပြေကျင့်စဉ်
[၆-ကြွင်း မဟာဘုတ်ပိုင်ရှင်များအတွက်)] (သန်းပညာ) ၁၇၃

ရှင်အရဟံ ပုတီးစိပ်နည်းကြောင့်
အသက်ရှည်ကျန်းမာခဲ့သူ (မောင်လင်းနိုင်) ၂၈၆

**✻ ဂမ္ဘီရဝတ္ထုရောင်ခြည် ✻**

ဂမ္ဘီရဝက်ကျောက်ကြီးနှင့် ချွေးမကုန်းဘုရား
(ကျော်ဇင်ဖြူ) ၂၆၉

ဒေးစွန်ပါတောင်တန်း ဒေဝီသခင်မနဲ့ကျွန်တော်
(ဆရာနေမျိုး-ဘီအေ) ၂၈၁

**✂ နေ့စဉ်သုံး ဗေဒလမ်းညွှန်ရောင်ခြည် ✂**

၂၀၁၃ ခုနှစ်၊ ပြေလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ (ဟူကျင်းဇီ) ၁၆၃

၂၀၁၃ ခုနှစ်၊ ပြေလအတွက်
ခုနှစ်ရက်သားသမီး ဟောစာတမ်း (ဆရာ ရောင်ခြည်) ၂၀၄

၂၀၁၃ ခုနှစ်၊ ပြေလအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ (ထက်မင်းကျော်စွာ) ၂၂၄

**✻ စိတ်ရွှင်အင်းရောင်ခြည် ✻**

ဝက်လက်မြို့ ဘုရားကြီးကျောင်းဆရာတော်နှင့်
ထူးဆန်းသော အိပ်မက် (မင်းဝဿန်ဦး-ဝက်လက်) ၅၇
ပဟေဠိဆန်တဲ့ အိပ်မက် (ထူးမမ-ပေါင်) ၃၀၂

**✢ ထူးခြားအဖြစ်ပင်ရောင်ခြည် ✢**

ပြည်မြို့ ယုန်ဖြူတောင်ပေါ်မှာ ပေါက်နေသည့်
ညောင်ဖင်ထဲမှ ထိုးထွက်လာသော နဂါးဦးခေါင်း
(ထူးသစ်လွင်-ပြည်) ၄၉

ဘေးကင်းရန်ကွာ လာဘ်ဝေဆာစေမည့်
နေရောင်ဂမုန်းနှင့် နေလနတ်သားဂါထာတော်
(ထက်မင်းကျော်စွာ) ၁၀၂

**▢ အဂ္ဂိရတ်ရောင်ခြည် ▢**

ပြဒါးစာတတ်လုံးကောင်း လိုချင်သလား၊
ကာယသိဒ္ဓိဆိုသည်မှာ ပြောဖွယ်ရာမရှိ
(သိဒ္ဓိအောင် ဆရာကြီးပွား) ၁၅၆

ဘော်ဝါစားလမ်း (ဦးမောင်-ရွှေညောင်) ၁၇၄

အဂ္ဂိရတ်မီးအတတ်နဲ့ ကိတ်စာတတ်မြတ်မဟာ(၁)
(ရွှေတောင် ခင်မောင်ကြည်) ၁၈၀

လာဘ်တွေပွင့်အောင် သွပ်တိုဆောင်
ကိုယ်တွေ့စီရင်နည်း (ဝဇ္ဇသိဒ္ဓိ-မတ္တရာ) ၁၈၇

www.burmeseclassic.com


**● အစီအရင်ရောင်ခြည် ●**

ရှေးမှတ်စုမှ အဆိပ်နိုင် အစီအရင် (ခင်ထွန်း) ၇၈
အမုန်းအာဃာတများ ပျောက်ကွယ်စေသည့် မာတင်္ဂအစီအရင် (နယ်လှည့်ခရီးသည်) ၁၂၈
ဇလွန်မြို့ ရန်အောင်မြင် ပြည်တော်မြန် စမွခေတ်ဂါထာနှင့် အပြောင်းအရွှေ့ယတြာ (မောင်ဗဟိန်း–အင်းတော်) ၁၆၈
ငွေကံပွင့်စေ မြင့်စေဖို့ ယတြာ (နတ်မောက် ကောင်းမွန်မြင့်) ၁၇၅
မိမိပတ်ဝန်းကျင်ရှိ အနိုင်ဓာတ်များ (မွေးလူနာအတွက် အဆောင်တစ်လက်) (အောင်လှသန်း–မင်းဘူး) ၁၇၆
ဓာတ်ကြီးလေးပါး အသုဒ်းတွက်နည်းနှင့် ယတြာ (ကောင်းခန့်–သခွတ်မြေ၊ ဝက်လက်) ၂၀၆
ဓာတ်တူနံတူ ဆေးဖက်ယူ (ဒေါက်တာ ခိုင်စံဝေ–ဝေဒပညာ) ၂၀၈
အိမ်ရှေ့မှ ရေတွင်းအတွက် အခိုက်ပြေစေရန် (ထက်မင်းကျော်စွာ) ၂၃၁

**✱ ဂါထာမန္တန်ရောင်ခြည် ✱**

အန္တရာယ်ကင်းပျောက် ချမ်းသာရောက် ဂါထာတော် (နတ်မောက် လှမြင့်သံစိ) ၁၆၁
ဥပ္ပါတသန္တိကျမ်းလာ မေတ္တာယျဘုရားရှိခိုး (ရဲရဲထွန်း–ဟသ်ာတ) ၁၉၁
ဆိုင်ခန်းဖွင့်လျှင် ရွှတ်ပွားစေချင် (နေမဝင်–နတ်မောက်) ၂၇၂
ငါးရိုးစူးကျအောင် မန်းတဲ့မန္တန် (ဆရာဦးတင်ဖေ) ၂၉၆

**❋ ဗဟုသုတရောင်ခြည် ❋**

ခြကောင်လေးများက ညွှန်းဆိုသော မိုးလေဝသ (အောင်–ကယားမြေ) ၃၀
အိမ်ကတုံး ကုန်းရှာ (နေအောင်လင်း–စလေ) ၂၁၅

**✝ ထူးခြားပစ္စည်းရောင်ခြည် ✝**

ခြသံလော (မောင်နီ–ကျောက်မဲ) ၂၄
အန္တရာယ်ကင်း လာဘ်ရွှင်စေသော သစ်တံခါးများ (အင်ကြင်းမေ–ပညာရေး ဘားအံ့) ၂၄၁

**● ကိုယ်ခံပညာရောင်ခြည် ●**

သိုင်းပညာရှင် ဆရာကြီး မင်းယက္ခ၏ ဘဝအတွေ့ အကြုံများ (၁၅) (ဆရာကြီး မင်းယက္ခ–တိုက်ပွဲဝင်) ၂၂၅

**✍ အမျိုးသမီးအထူးရောင်ခြည် ✍**

လက်ဖက်စားလို့ ရင်ပြည့်ရင်ကယ် မဖြစ်ရအောင် (မောင်ဆန်းလင်း) ၁၆၀

**❋ ကုထုံးရောင်ခြည် ❋**

အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု (သွေးတိုးမရှိတဲ့ မျက်နှာတစ်ခြမ်း လေဖြတ်သွားပြီး ပါးရွဲ့သွားသော်) (ဦးလှညွှန့်–တံတားဦး အင်းဝ) ၁၅၁




ကျွန်းတစ်ခု
ပေါ်ကို
ပျော်
ပစ်လည်းမှ
ကျွန်းစုများဆီ...
◆ စာ–၁၁၅

ပင်စည်တွဲမှ
ထိုးထွက်လာသော
နဂါးတစ်ကောင်၏
ဦးခေါင်းပုံသဏ္ဍာန်ကို
တွေ့လိုက်ရသည်...
◆ စာ–၅၁



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲတော်များ ရှိပြီးသည့်နောက်
ခြေကျဲ့သို့သော ထူးခြားမှုများ
ရှိပါသလဲတဲ့ ဆေးမြန်းကြည့်ရာ... ➡ စာ-၁၃၈



ခိုမင်း
ဘဝ
ရှုပ်လုံး
စေတီကို
ဤသို့
ထူးခြားစွာ
တွေ့ရသည်...
◆ စာ-၁၀၁



သစ်တံခါး
ရဲ့
အစွမ်းက
ကိုယ့်ကို
သူများတွေ
မကောင်း
ကြံစည်လို့
မရဘူး...
◆ စာ-၂၄၁


○ သုတေသနဆောင်းပါး ○

မဟာဘုတ်ချိန်ခွင်နှင့် ဝေဒဖူးရှင်ဆရာတော်ကြီးများ
(အိမ်မဲမြို့၊ ပြည်တောင်စုလမ်း၊ မိုးကုတ်ဓမ္မရိပ်သာ(၂၉)
ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိနိစ္ဆယဒေဝ ဘုရားအား
ပူဇော်ဂါရဝပြုခြင်း) (သန်းပညာ) ၁၅၃

စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြိုလက်မှတ်များအကြောင်း
(ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့) ၁၆၄

မြောက်ဦး တူးဖော်ရေးကုန်းအမှတ် (၂)မှ
တူးဖော်တွေ့ရှိသည့် ယဉ်ကျေးမှု ရှေးလက်ရာများ (၁၃)
(ပန်းချီထူးလှ-ရှေးဟောင်းသုတေသန) ၂၁၂

* နှစ်သစ်ကူး အထူးဆောင်းပါး *

၁၄၇၅ ခုနှစ်မှာ ခုနစ်ရက်သားသမီးများအတွက်
ကောင်းကျိုးပေးဆာရှကြစေဖို့ (ဦးအုန်းမြင့်-ဟသ်ာတ) ၂၀၂

✎ မြန်မာ့ရိုးရာ ပညာဆောင်းပါး ✎

ငွေကြေးအခက်အခဲဖြစ်မည့်နှစ် သိလိုလျှင်
(အေးချမ်းအောင်-ရမည်းသင်း) ၁၄၄

◆ ကျန်းမာရေး ဗေဒင်ဆောင်းပါး ◆

၂၀၀၃ ခုနှစ်၊ ဧပြီလ ကျန်းမာရေးအတွက်
အကြံပေးချက်များ (ဟူကျင်းစီ) ၁၆၇

○ အမေးအဖြေဆောင်းပါး ○

ကြက်မ တွန်ခြင်းနှင့် ပတ်သက်၍ သိသူများမှ
ဖြေကြားပေးပါရန် (မြမြဝင်း-တောင်ငူ) ၃၈

* တိရစ္ဆာန်ဆောင်းပါး *

အိမ်မွေးကြောင်များ ဝချင်သလား
(ညွန့်ဝင်း-ပညာရေး နတ်တလင်း) ၁၁၈

သတ္တဝါများ အသက်တာယ်ပင် (ငှါး အောင်လံ) ၂၄၀

✍ ကြည်ညိုခြင်းဆောင်းပါး ✍

တိသတ္တမူခြားလာဘမုနိ ဆင်းတုတော်
(ရွှေခိုင်ကျော်-မြောက်ဦး) ၁၄

ရေပုတ် ဆုတောင်းပြည့်စေတီအနီးမှ တွေ့ရှိရသော
ရှေးဟောင်းရုပ်ပွားတော်များ(၂)(မောင်မောင်ထွန်း-မုံရွာ) ၁၃၄

○ မြန်မာ့ရိုးရာဆေးပင်ဆေးမြစ်ဆောင်းပါး ○

ပြည့်စုံသည့် ခြင်းလုံးရွက် (ဆေးသုတေသီ ဦး) ၅၁
ဩဇာရွက်နှင့် သွေးတိုးရောဂါ (မျိုးမောင်မောင်) ၁၅၂


www.burmeseclassic.com

www.burmeseclassic.com


## ✻ အောင်မြေရောင်ခြည် ✻

အရှင်ကုသွာစတ္တ (ဝါ) ဗု-ခ-သံဝါဒရသေ့ကြီး
ဘိုးတော်စိန်၏ ကပ်ကြီး(၃)ပါးကျော်နင်းနိုင်ရန်
အမိဋ္ဌာန်ပြု လွယ်မောက်ကောင်စေတီတော် (၂)
(မိုးနောင်–ကောလင်း) ၁၀၅

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် မှိုး
ပူဇော်ဂါထာတော်များ(၂)(အောင်ရွှေမြတ်–စစ်ကိုင်းတောင်) ၁၂၁

## ✧ ထီဗေဒရောင်ခြည် ✧

၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဓာတ်ကြီးငါးပါး
စိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ (ထက်မင်းကျော်စွာ) ၁၅၈

သက်ရောက် ထီကံဇာတာ (ကျော်မိုးလွင်–ဝါးခယ်မ) ၁၉၃

၂၀၁၃ ခုနှစ်၊ ဧပြီလ ထီအတွက်
ရွေးချယ်ပါ ဤဂဏန်း (ဆရာရဲထက်–သုတေသီ) ၁၄၁

## ❋ စိုက်ပျိုးရေးရောင်ခြည် ❋

ဒုန်းပင်တွေ အသီးသီးအောင်
(ဦးပညာလက်ာရ–ပန်းတောင်း။
ကွဲရဲကျောင်းဆရာတော်) ၄၆

ရွက်လှပန်းပင် စိုက်မည်ဆိုလျှင်
(ကိုမောင်ကျော်လှိုင်၊ မအူပင်) ၁၉၂

## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

ဝေဘူဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာများနှင့်
ကိုယ်တွေ့ဖြစ်ရပ်မှန်များ(၁၉) (ကျောက်ဆည်–မင်းမပော်) ၃၃

မော်လမြိုင်မြို့မှ ကျော်လေးကျော် တောင်လေးလုံး
ဆရာတော်(၃) (ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်) ၇၃

## ● ကြွမ်ရပ်ပုန်ရောင်ခြည် ●

ဂမ္ဘီရ ရထားနှင့် ဝိညာဉ်ရှား (ဇရာမြေကျော်ဝေ) ၂၄၆
ကားစက်နိုးသော ဝိညာဉ်
(အေးချမ်းအောင်–ရမည်းသင်း) ၂၄၉

အမြေမသိသော ပယောဂ (ဘဘမှူ–ဖျာပုံ) ၂၅၁


လူခြောက်ကလေးရဲ့ မင်္ဂလာဆောင်
(ပေရင်းညွှန့်မြိုင်–B.Sc Maths) ၂၅၄

အတော်ကြမ်းသည့်ကွင်း (မောင်ဇရာ–ရာမည) ၂၆၀

တိုးမြေရဲ့ ဆိုးမွေ (စိုးမောင်) ၂၆၃

ပုဂ္ဂိုလ်ထူးနှစ်ပါးနှင့် အဟန့်အတား
(ကျော်သန်း–အကြီးတန်းလက်နိပ်စက်) ၂၉၂


မေတ္တာသည်သာ (ကောင်းခန့်–သခွတ်မြေ၊ ဝက်လက်) ၂၉၇

နေမိန္ဒရတောင်ပေါ်ရှိ
ဤအောင်မြေတွင်
ဆုတောင်းဆုယူပန်ဆင်ပါက ... ➡ စာ-၁၄၆

BURMESE CLASSIC .com

ငါးငါးချင်းစား ဟားဟားချင်းစား
မည်ဟူသော ရှေးစာဆောင်ဟု
ယခုခေတ်အခါတွင် တိုက်ဆိုင်၍
ဖြစ်ရပ်မှန်ကို ... ➡ စာ-၁၄၂




နေရောင်ကမှန်ပင်မှာ
အရောင်စုံတောက်ပစွာ ပွင့်လန်းနေပါက
အသောင်ပြု စိုက်ပျိုးသောနေ့အိမ်တွင် ... ➡ စာ-၁၀၃



www.burmeseclassic.com

www.burmeseclassic.com



◆ သဏ္ဌာန်ထူးပသောဂူဘုရား ဆံတော်ရှင် ရွှေစေတီ

စံလွင်နွယ်သာ

မြင်သာတောင်

# ဆံတော်ရှင်ရွှေစေတီ

ကုန်းတော်ဆီသို့ (၁)

## မိတ်ဆက်

ဘီးလင်းမြို့ စိန်ညောင်ပင် စားသောက်ဆိုင်၌ ကားရပ်နားစဉ် ထမင်းစားလိုစိတ် မရှိသဖြင့် လက်ဖက်ရည်တစ်ခွက် မှာ၍ ဆိုင် တံခါးမှ လှမ်းမြင်နေရသော မြင်သာ တောင်ရှုခင်းကို ငေးမောကြည့်နေ မိသည်။

ထိုစဉ် ခရီးစဉ်၌ သုံး,လေးကြိမ် ဆုံတွေ့ရလျက် မျက်မှန်းတန်းမိနေ သော အသက်(၆၀)ကျော် အမျိုးသား




မြင်သာတောင် ရွှေစေတီမုခ်ဦး ➧



www.burmeseclassic.com

www.burmeseclassic.com





◄ ဘီးလင်းမြို့တွင်မှ မြင်ရသော မြင်သာတောင်တွက်

ဘီးလင်းမြို့ မြင်သာတောင် ပထမဆရာတော် အရှင်မဟိန္ဒ ►

တစ်ဦးက ပြုံးပြုံး နှုတ်ဆက်ကာ စားပွဲတွင် ဝင်ထိုင်သည်။

'မြင်သာတောင်ပေါ် ရောက်ဖူးသလား'

'ဘီးလင်းမြို့လယ်မှာဆိုတော့ ကပ်ကျော်ဘုရား ဖြစ်နေတယ်။ မကြာခဏဖြတ်သွားပေမယ့် မရောက်ဖူးသေးပါဘူး'

'ကျွန်တော် တပ်ထဲမှာရှိတုန်းက မြင့်သာတောင်ပေါ်ကို ကင်းလှည့်ရောက်ဖြစ်တယ်။ တပ်သားနှစ်ယောက်နဲ့ ရန်သူ့ကင်းထောက် စနည်းနာထွက်ရတာ။ ဟိုကုန်းထိပ်စောင်းက ညောင်ပင်ကြီးနားရောက်တော့ မောလဲမော၊ ရေကလဲ ဆာနဲ့ ခဏနားကြတယ်။ ဘာကြောင့်မှန်းမသိဘူး။ အဲဒီဝန်းကျင်ကိုပဲ ပြန်ပြန်ရောက်နေတာ အကြိမ်ကြိမ်ရှိပြီလေ'

'မျက်စိလည်နေတာပေါ့'

'ဟုတ်တယ်၊ နောက်ဆုံးတော့ ခဏနားပြီး ထမင်းစားကြမယ်လုပ်တော့ ဝုန်းခနဲ မြေပြိုကျသလို၊ တစ်ယောက်ယောက်က တွန်းချလိုက်သလို ခံစားရပြီး ညောင်ပင်အောက် ကျသွားကြတယ်။

လက်နက်တခြား၊ ထမင်းချိုင့်တခြားပေါ့။ အခြေအနေကြည့်ပြီး လှူးလဲထ၊ ဝန်းကျင်ကို သေသေချာချာကြည့်တော့ စေတီတစ်ဆူ လှလိုက်တာ အဲ သပ္ပာယ်လိုက်တာ။ ရွှေသားစစ်စေတီဗျူး။ ကျွန်တော်က ပန်းထိမ်လုပ်သားဘဝက တပ်ထဲဝင်ခဲ့တာမို့ ကောင်းကောင်းသိပါတယ်။ ပီးလင်းရွှေလျော်ထားတဲ့ရွှေ ဝင်းအိနေတာပဲ'

'အခု မြင်နေရတဲ့ စေတီကြီးလား'

'မဟုတ်သေးဘူး၊ **ရွှေစေတီက ဥဏ်တော် ကိုးတောင်ပြည့်**စေတီ။ ဒါက လွန်ခဲ့တဲ့ နှစ်အစိတ်လောက်က ထပ်တည်တဲ့ စေတီကြီးပါ။ ၁၉၇၀ ပြည့်နှစ်ကျော် ကာလက ဒီစေတီကြီး မပေါ်ထွန်းသေးဘူး။ ဘီးလင်းမှာ တာဝန်ကျတာ နှစ်အတော်ကြာပြီမို့ မြင်သာတောင်အကြောင်း နားစွန်နားဖျား ကြားဖူးတယ်။ ဘုမ္မိယတ်တွေ ပေါတယ်။ အစောင့်အရှောက် ကြီးတယ်။

ဟိုတုန်းက တောင်ပေါ်တစ်လျှောက် ဘာစေတီပုထိုးမှ မရှိဘူး။ ရွှေစေတီကိုတော့ မျက်စိလည် လမ်းမှားမှ ဖူးရတယ်။ **ဖူးထိုက်မှ ဖူးရတယ်ပေါ့**။ ဘုရားရှင် ထင်ရှားရှိကတည်းက နတ်သိကြားတွေ တည်ထားတဲ့ စေတီလို့ ပြောကြပါတယ်။

ဒါနဲ့ အားရဝမ်းသာ ဖူးမြော်ပြီး သစ်ပင်တွေမှာ အမှတ်အသား၊ လမ်းညွှန်တွေလုပ်ပြီး ပြန်ဆင်းကြတော့ လမ်းထက်ဝက် တောင်စောင်းမှာ ဟန်းကောချိုင့်ကို ပြန်တွေ့ရတယ်။ ထူးဆန်းတာက အထဲက ငါးဟင်းနဲ့ ထမင်းတွေ မရှိတော့ဘူး'

'တစ်ယောက်ယောက် ယူစားထားသလိုမျိုးလား'

'အဲဒီလိုတော့ မဟုတ်ပါဘူး။ လွင့်စဉ်ကျသွားတဲ့သဘောပါ။ ချိုင့်အဖုံးကို အနားမှာ တွေ့ရပေမယ့် ထမင်းဟင်းတွေ မတွေ့ရလို့ ထူးဆန်းတာပါ။ နောက်တော့မှ သိရတယ်။ **မြင်သာတောင်ပေါ်ကို အသား၊ အသွေးလုံးဝ ယူမသွားရဘူး**။ မသိလို့ ယူသွားတယ်ဆိုရင်တောင် တစ်ခုခု ဖြစ်လေ့ရှိသတဲ့။


ရွှေစေတီ တွေ့တဲ့အကြောင်း မိတ်ဆွေတွေသိသွားလို့ တစ်နေ့မှာ လူစုပြီး ထားခဲ့တဲ့ အမှတ်အသား အတိုင်း သွားဖူးကြတယ်။ သက်သတ်






www.burmeseclassic.com

www.burmeseclassic.com



▲ အရှေ့ဘက်ဆီမှ ကုသိန္နာရုံ ထံတော်ရှင် တောင်တန်းများ

▼ လက်ရှိဆရာတော် ဦးသုန္ဒရ



BURMESE CLASSIC .com

လွတ် စားစရာတွေဖြစ်အောင်တော့ မမေ့မလျော့ ဂရုစိုက်ကြပါတယ်'

'ကိုယ်ကြောင့် လူအများ ဖူးမြော်ရတော့ ကုသိုလ် ပိုထူးတာပေါ့'

'ကုသိုလ် မကောင်းဘူးဗျာ၊ အမှတ်အသားသာ တွေ့တယ်။ ရွှေစေတီကို ရှာလို့ မရတော့ဘူး။ မျက်စိလည်သမ်းမှားတာလဲ မရှိဘူး။ သစ်ပင်တွေမှာ ခုတ်ထစ်ထားတဲ့ အရာတွေ အထင်းသားမြင်ရတာပဲ။ နေစောင်းတော့မှ စက်မှိုင်ချပြီး ပြန်ဆင်းခဲ့ရတယ်။

နောက်ပိုင်း ကျွန်တော်လဲ တာဝန်နဲ့ ပြောင်းရွှေ့ပြီး ပင်စင်ယူတဲ့အချိန် မော်လမြိုင်မှာ အခြေချတော့ မြင်သာတောင်မှာ အခုလို စေတီတော်ကြီး ဖူးမြင်ရလို့ ဝမ်းသာမိတယ်'

မော်လမြိုင်မြို့၊ အမှတ်(၂)၊ ကမ်းနားလမ်း၊ ရွှေတောင်ရပ်နေ စစ်မှုထမ်းဟောင်း ဦးစိုးလွင်ထံမှ သိရှိရသော ဘီးလင်းမြို့၊ မြင်သာတောင်မှ ရွှေစေတီအကြောင်း ဖြစ်လေသည်။

## အကြောင်းရင်းဖော်

ဆောင်းတစ်လတွင် တောင်ငူမြို့သို့ စာပေဟောဝန်ဖြင့် ရောက်ရှိသောအခါ မဟာသမဆေးခန်းပိုင်ရှင် ဆရာ ဦးကျော်မြင့်၏ နေအိမ် ဘုရားခန်း၌ ဆရာတော် (၈)ပါး စီတန်း ရိုက်ကူးထားသော ဗီနိုင်းဓာတ်ပုံကြီးကို တွေ့ရသည်။

ပြင်ဦးလွင်မြို့ နိဗ္ဗာန်လမ်းပြ ဆရာတော်ကဲ့သို့ မဖူးမြင်ဖူးသေးသော်လည်း ကြည်ညိုလေးစားသည့် ဆရာတော်များလည်း ပါဝင်နေသည်။

ထိုအနက်မှ ဆရာတော်တစ်ပါးသည် တောင်ငူမြို့အထွက် သံတောင်ကြီးသို့ သွားရာလမ်းနံဘေး လေသာတောင်၌ သီတင်းသုံးကြောင်း သိရသဖြင့် ဦးကျော်မြင့်၏ အကူအညီဖြင့် သွားရောက် ဖူးမြော်ဖြစ်သည်။ မွေးရာပါ ဇာတိဿရဉာဏ်ရသော ဆရာတော်တစ်ပါးဖြစ်ကြောင်း သိရသည်။

လေသာတောင်ရောက်သော် ဆရာတော် ဦးကောဝိဒက ကောင်းစွာ လက်ခံကြိုဆိုပြီး...

'ဒကာကြီး ဘီးလင်း မြင်သာတောင်ကို သွားကြည့်ပါ။ အရင်ဘဝက တော်စပ်တဲ့ မိခင်ရှိတယ်။ တစ်ခုခုတော့ ထူးခြားပါလိမ့်မယ်'

ဟု မိန့်တော်မူလေသည်။

ဤသို့ဖြင့် ယုန်စိုးမိုးသော နှစ်ဆန်း (၂)ရက်နေ့တွင် ဆိုင်ကယ်တက္ကစီငှားကာ ဘီးလင်း မြင်သာတောင်သို့ သွားရောက်ဖြစ်ခဲ့သည်။ ကုသိန္နာရုံ သွားရာလမ်း၏ လက်ဝဲဘက်တွင် မြင်သာတောင်မုခ်ဦး ရှိသည်။

မုခ်ဦးအတွင်း မြေလမ်းအတိုင်း အနည်းငယ် ဝင်ရောက်ပြီးနောက် တောင်တက်ကတ္တရာလမ်းကို တွေ့ရသည်။ ဇင်းကျိုက်ဆံတော်ရှင် တောင်တက်လမ်းကဲ့သို့ မတ်စောက်ခြင်း မရှိသော်လည်း အတက်များသည့်လမ်း



www.burmeseclassic.com

www.burmeseclassic.com





◄ အနန္တရေညီး ရုပ်ပွားတော်

◄ ရုပ်တော်မှ အနန္တရေညီး ရုပ်ပွားတော်

ဖြစ်သည်။ ဆိုင်ကယ်ခရီး မိနစ်(၂၀) ခန့်အကြာတွင်...

"သက္က ထူပ သောဏ္ဍာယ ဆံတော်ရှင် ရွှေစေတီ"

ဟူသော ကမ္ပည်းမှာ မုခ်ဦးနှင့် စောင်းတန်းလှေကားကို တွေ့ရသည်။ ''ရင်ပြင်တော်သို့''ဟူသော လမ်းညွှန်ကိုလည်း တွေ့ရသဖြင့် မြားဦးညွှန်ရာ လမ်းအတိုင်း ဆိုင်ကယ် မောင်းနှင်ခဲ့ရာ ရွှေစေတီကြီး၏ မြောက်ဘက်မုခ်သို့ ဆိုက်ရောက်လေသည်။

စေတီကုန်းတော်တွင် လူတစ်ယောက် တွေ့ရသဖြင့် စေတီသမိုင်းအကျဉ်း စုံစမ်းကြည့်ရာ ဆရာတော့်ထံသို့ လိုက်ပါ ပို့ဆောင်ပေးသည်။

ကျောင်းဆောင်များစွာ ကျော်ဖြတ်ပြီးနောက် ကျောက်ဂူဝတစ်ခုအတွင်း ဝင်ရောက်သွားရသည်။ ကျောက်ဂူဥမင်လမ်း ဆုံးသောအခါ ကျောင်းထိုင်ဆရာတော် သီတင်းသုံးရာ ခန်းမသို့ ရောက်သည်။

ဆရာတော့် ကျောင်းဆောင်မှာ ကမ်းပါးယံပေါ်တွင် မေးတင် ဆောက်လုပ်ထားသဖြင့် လေနှင့် အလင်းရောင်ကောင်းစွာရလေသည်။

ဆရာတော် အရှင်သုန္ဒရမှာ သက်တော် (၇၀)ကျော်ခန့်ရှိ၍ ဝါတော် (၃၂)ဝါရှိကာ မြင်သာတောင် ဒုတိယမြောက် ဆရာတော်အဖြစ် တာဝန်ယူသည်မှာ (၆)နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ ဆရာတော်က စေတီ ထီးတော် တင်လှူပွဲကာလ ဓမ္မဒါနပြုသော စေတီသမိုင်းအကျဉ်းနှင့် စတုရက္ခတရား ပွားများနည်း လက်ကမ်းစာစောင်များ ချီးမြှင့်ပေးသည်။

## စေတီသမိုင်းအကျဉ်း

မြတ်စွာဘုရားရှင် (၈)ဝါအရတွင် ဂဝမ္ပတိမထေရ် ပင့်လျှောက်ချက်အရ မြန်မာနိုင်ငံသို့ ဒေသစာရီ ကြွချီတော်မူရာ သုဝဏ္ဏဘူမိ သထုံမြို့သို့ ကြွရောက်စဉ် တိဿ၊ သီဟ အစရှိသော ရသေ့သူမြတ်တို့ တောင်းပန်သဖြင့် ဆံတော်(၆)ဆူ ပေးသနားတော်မူ၏။

ထို့နောက်တွင် လမိုင်း ကေလာသရသေ့၊ ကျိုက္ခမီတောင်ရသေ့ စသောရသေ့တို့အားလည်း ဆံတော် (၆)ဆူ သနားတော်မူသည်။ သုဝဏ္ဏဘူမိပြည့်ရှင် တိဿဓမ္မသီဟရာဇာမင်းကိုမူ နောင်သော် ရဟန္တာအရှင်မြတ်တို့ ပင့်ဆောင်လာမည့် ဆံတော်များကို ပူဇော်ခွင့်ရလိမ့်မည်ဟု ဗျာဒိတ်တော် ထားခဲ့လေသည်။

ဤသည့်နောက် ရဟန္တာတို့အားလည်း ဆံတော်(၆)ဆူ ချီးမြှင့်တော်မူပြန်သဖြင့် ထိုထိုသော ဆံတော်မြတ်တို့ကို ဌာပနာပြု တည်ထားကိုးကွယ်သည့် စေတီတော်များအား ဆကေသဓာတုဝင် စေတီများဟု ခေါ်ဝေါ်ကြလေသည်။ ***(ဆကေသဓာတုဝင်ကျမ်း)***

မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်မှာပင် အရှင်အနုရုဒ္ဓါ ရဟန္တာမထေရ် ပင့်ဆောင်လာသည့် ဆံတော်မြတ်ကို သုဘိန္ဒာဂရ (သုဝဏ္ဏဘူမိ) နေပြည်တော်၏ အရှေ့ဘက် တာ(၁၀၀)ခန့်အကွာ မြင်သာတောင်ပေါ်၌ သိကြားမင်းက



www.burmeseclassic.com

www.burmeseclassic.com



◆ သစ္စာမဏ္ဍိုင်စေတီမုခ်ဦး

သစ္စာမဏ္ဍိုင်စေတီ ◆

◆ ဆောင်မြဲနေရာ





သာသနာ အစွန့်ရှည် တည်လိမ့်မည် ဤ၌ ညွှန်ပြသဖြင့် တိဿမေ့သီဟ ရာဇာမင်းကြီးက ဝမ်းမြောက်စွာဖြင့် **ရွှေစေတီတည်၍ ဌာပနာပြု ကိုးကွယ်တော် မူလေသည်။** စေတီတည်စဉ် နတ်သိကြားများက ဝိုင်းဝန်း ကူညီကြသည် ဆို၏။

မြတ်စွာဘုရား၏

ဗျာဒိတ်တော်

မြတ်စွာ ဘုရားရှင်သည် အရှင်အနုရုဒ္ဓါ အစရှိသော သာဝကရဟန္တာတို့အား ဆံတော်ချီးမြှင့်စဉ် ဤသို့ ဗျာဒိတ်ထား တော်မူခဲ့သည်။

✿ ချစ်သား အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် ငါ၏ သာသနာတော်သည် နှစ်ပေါင်း၅ထောင် တည်ရစ်လတ္တံ့။

✿ ချစ်သား အာနန္ဒာ ဤခြောက်ဆူကုန်သော ဆံတော်ဓာတ်တို့သည် နှစ်ပေါင်း နှစ်ထောင့်ငါးရာပတ်လုံး ပူဇော် သက္ကာရ မခံရဘဲ ဆင်းရဲကုန်လတ္တံ့။

သာသနာတော် နှစ်ထောင့်ငါးရာ ကျော်လွန်သောအခါတွင် ငါဘုရား တစ်ဖန် ပွင့်လာပြန်သကဲ့သို့ ဆံတော်ဓာတ် (၆)ဆူတို့သည် ကြီးစွာသော ပူဇော်သက္ကာရကို ခံယူရလတ္တံ့။

ရွှေလ ဆက်ဖတ်ပါရန်

**စံထွန်းသာ**

www.burmeseclassic.com

# ဘိသက္ကမုဒြာလာဘမုနိ

ဆင်းတုတော်

ရွှေခိုင်ကျော်
(မြောက်ဦး)



● ဘိသက္ကမုဒြာလာဘမုနိ ဆေးဘုရား

၁။ သုဝဏ္ဏဟာရိတဝဏ္ဏံ၊
ဘိသက္က သဗ္ဗမုတ္တမံ။
ဝါမဟတ္ထက ဗီဇေန၊
ဘဝဝမ ဝိ ရူပကံ။
၂။ အင်္ဂုဋ္ဌာဂ္ဂတ ဃဋ္ဋေန၊
တရုဏာဒိသု ဇနကံ၊
နမာမိ တံ သိရသာဟံ၊
စရာမိ တဝ သာသနံ။
၃။ ဓတေန သစ္စဝဋ္ဋေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ၊
တေဇသာဟံ သုဟဋ္ဌိတော၊
သုခိဟောမိ စိရာယုကော။

**အနက်**

၁။ **သုဝဏ္ဏဟာရိတဝဏ္ဏံ၊** ရွှံဖန်ရောင်ဝါ ရွှေရောင်ဖြာလျက် ရွှံခါစိမ်းစိမ်း မြရည်လိမ်းသို့ ရှိန်းလက်ဝေ ကျက်သရေကို ဆောင်တော်မူထသော။ **သဗ္ဗမုတ္တမံ၊** ကျွမ်းကျင်လှစွာ ဆေးဆရာတို့ ပြိုင်နိုင်းမှု ဂုဏ်မတူသည့် ယှဉ်သူကင်းလတ် အမြတ်ရတနာလည်း ဖြစ်တော်မူပေထသော။ **ဝါမဟတ္ထကဗီဇေန၊** လက်ယာလက်မှာ ကိုင်ဆောင်လာသည့် ဗီဇခေါ် ရိုးသစ်စေ့မျိုးဖြင့်။ **ဘဝဝမုဝိရူပကံ၊** မွေးဖွားစေတတ်၊ တိုးတက်စေတတ်သော မပြတ်ဖြိုးဝေ ကြီးပွားစေနိုင်သော။

၂။ **အင်္ဂုဋ္ဌာဂ္ဂတ ဃဋ္ဋေန၊** လက်ယာလက်ထဲ မြဲကိုင်စွဲသည့် အမြဲကြည်လင် မြိုက်ရေစင်ဟု ခေါ်တွင်ပေရိုးရေစင်အိုးဖြင့်။ **တရုဏာဒိသု ဇနကံ၊** အိုသူနုပျို ရုပ်ကောင်းပိုလျက် ထိုထိုလူနာ ကျန်းခံ့သာ၍ တစ်ဖြာကြီးလျှင် ရောဂါစင်သဖြင့် ကြည်ရွှင်မသွေ အသက် ရှည်စေနိုင်သော၊ **ဘိသက္က၊** သီလသမာဓိ စရိုဖုံဖုံ ဂုဏ်ပေါင်းစုံဖြင့် သုံးဘုံပေါ် ထင်တန်ခိုးရှင်ဟု ခေါ်တွင်သမှု ဘိသက္ကဂုရု ဖြစ်တော်မူသော မြတ်စွာဘုရား၊ **တံ၊** ဘိသက္ကဟု ဂုရုခေါ်တွင် သင်ဘုရားရှင်ကို၊ **သိရသာ၊** ကိုယ်၏အစိတ် အပိုင်း ဦးထိပ်ရတနာ မြတ်အင်္ဂါဖြင့်။ **အဟံ၊** ဂုဏ်တော်တမ်းတ ပုံမှန်းဆလျက် အားရရွှင်ပျော် တပည့်တော်သည်။ **နမာမိ၊** ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

**တဝ၊** ဘုန်းတော်အစုံ ဂုဏ်အင်ကြီးမား ရှင်တော်မြတ်ဘုရား၏။ **သာသနံ၊** လိုရင်းအချုပ် ဆိုဆုံးမသည့် ဒါနသီလာ ဘာဝနာဟု ကုသိုလ်စုကို။ **စရာမိ၊** စွမ်းနိုင်သလောက် လွန်အားဆောက်လျက် ဝမ်းမြောက်ကြည်သာ ကျင့်ကြံပါ၏ အရှင်ဘုရား။

၃။ **ဓတေနသစ္စဝဋ္ဋေန၊** မှန်ကန်လှစွာ ဤဝစီသစ္စာကြောင့်။ **မေ၊** ဘုရားသခင် ဘုရားရှင်၏ ကြည်လင်မေတ္တာ ခံယူပါသော တပည့်တော်အား။ **သဗ္ဗဒါ၊** နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ **သောတ္ထိ၊** ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်။ **ဟောတု၊** စေတနာကံ အရင်းခံသဖြင့် အမှန်မသွေ ဖြစ်ပါစေသတည်း။

**အဟံ၊** ဘိသက္ကဟု ဂုရုသခင် ဘုရားရှင်၏ ကြည်လင်မေတ္တာ ခံယူပါသော တပည့်တော်သည်။ **တေဇသာ၊** မြတ်စွာဘုရား၏ ကြီးမားရှိန်စော် တန်ခိုးတော်ကြောင့်။ **သုဟဋ္ဌိတော၊** သလိပ် သည်းခြေ သွေးနှင့် လေဟု လေးထွေကြောင်းခံ ရောဂါဒဏ်မှ အမှန်ကင်းပျောက် ထမြောက်သည်ဖြစ်၍။ **သုခိ၊** ကိုယ်ရောစိတ်ပါ ချမ်းသာရှိသည်။ **ဟုတွာ၊** ကေန်စင်စစ် အမှန်ဖြစ်၍။ **စိရာယုကော၊** အသက်ရှည်ရှည် တည်နေသည်။ **ဟောမိ၊** အမှန်သေချာ ဖြစ်ရပါလို၏ မြတ်စွာဘုရား။

ဘိသက္ကမုဒြာမုနိဆိုသည်မှာ ဆေးဘုရားပုံပင် ဖြစ်ပေသည်။ ပုံတော်မှာ လေးလက်မခန့်ရှိရာ ဆေးဘုရားပုံဖြစ်ပေသည်။ ဦးခေါင်းအထက်၌မာတုမာလာခေါ် ချွန်သော အဖွတ်ရှိလေသည်။ ဦးခေါင်းတွင် ဆံစုများ ရှိသည်။ နားနှစ်ဖက်တွင် ကြီးသောနားတောင်း



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ဆင်ထားသည်။

ပုံတော်၏ လက်ယာဘက်၌ လက်မနှင့် လက်ညှိုးဖြင့် ဆေးလုံးကို ကိုင်ထားဟန် ထုလုပ်ထားသည်။ ဘယ်ဘက်လက်ကို ရင်ခွင်တွင် တင်ထားသည်။ လက်ဝါးကိုဖြန့်ပြီး နဝတတ်အိုင်မှ ရေစင်အိုး(အမြိုက်အိုး)ကိုတင်ထားသည်။

မြတ်စွာဘုရားသည် သတ္တသတ္တာဟ ဖြစ်သော လင်လွန်းပင်ရင်း၌ တရားအားထုတ်၍ပြီးလျှင် သိကြားမင်းသည် နဝတတ်အိုင်မှ အမြိုက်ရေစင်ကို လှူဒါန်းခဲ့သည်။ ထိုရေဖြင့် ရောဂါများကို ကုသနိုင်လေသည်။ ထို့ကြောင့် ဘုရားဆင်းတုတော်မှာ လက်ယာလက်ဖြင့် ဆေးလုံးကို ပေးပြီး လက်ဝဲလက်ဖြင့် အမြိုက်ရေစင်ကို ပေးစွမ်းနိုင်ပုံကို ထုလုပ်ထားသည်။

ရှေးခေတ်အခါ၌ ရခိုင်ဘုရင်များသည် ဘိသက္ကဂုရုရုပ်ပွားတော်များကို သွန်းလုပ်ပြီး လောကီရေးရာများ၌ ကြည်ညိုအသုံးပြုလေ့ ရှိလေသည်။

ထိုဆင်းတုတော်များကို အခမ်းအနားဖြင့် ပြုလုပ်ရကြောင်း မှတ်သားရပေသည်။ ဆင်းတုတော် သွန်းလုပ်ည့် သတ္တုများကို ရှေးဦးစွာ စုဆောင်းပြီး ထားရသည်။

ထို့နောက် သန့်ရှင်းသော မြေနေရာကို ရွေးချယ်ရသည်။ ထိုမြေနေရာကို ခို့ပြီးသော ရာဇမတ်ကာရံရသည့် နေရာ၌ ရာဇမတ် သုံးတန်ကာရံရသည်။ အပြင်ဆုံးအထပ်တွင် ပရိတ်နာသူနှင့် ပရိတ်ရွတ်သူများ စားသောက်ရန် အစားအစာများ ထားရသည်။

အလယ်၌ရှိနေသူများ ကိုယ်လက်သန့်စင်သည့် နေရာထားရသည်။ ရေသွေး ထင်းများ ထားရသည်။ ပထမ ဒုတိယစည်း ရာဇမတ်ပတ်လည်တွင် ငှက်နီကာရံ၍ အတွင်းအလယ်ဗဟို တတိယရာဇမတ်တွင် ဖျင်အဖြူ ကာရံရလေသည်။

ရေစင်အိုး(၉)လုံး၊ ထီးဖြူ(၉)လက်မိုးရာတွင် အလယ်ဗဟိုတွင် တစ်လက်ကို ရံ၏။ တံခွန်ကုက္ကား မုလေးပွားကို စိုက်ထူရလေသည်။ ငှက်ပျောပင် (၁၂) ပင် စိုက်ရလေသည်။

ဘုရားသွန်းရန် အချိန်ကျရောက်သောအခါ သီလမြဲသော ဟူးရားဖြူလေးယောက်၊ ဟူရားညိုလေးယောက်တို့က ဖြူဖွေးသောအဝတ်စကို ဝတ်ဆင်ပြီး ပတ္တမြားစီသော လက်ယာရစ်ခရုသင်းကို မှုတ်ကြရသည်။

ဘုရားသွန်းလုပ်မည့် ပန်းတဉ်းဆရာများသည် ကိုးပါးသီလ ဆောက်တည်၍ ဘုရားကို သွန်းလုပ်ရသည်။ ဘုရားကို(၉)ရက်တိုင်တိုင်သွန်းလုပ်ကြရသည်။

ထိုသို့ သွန်းလုပ်စဉ် ဆရာတော်များမှ ပရိတ်တော်ကို ရွတ်ဖတ်ကြရသည်။ ဘုရားသွန်းလုပ်ပြီးလျှင် အနေကဇာတင်ရလေသည်။ ထိုဘုရားကို အခမ်းအနားဖြင့် ဘုရင့်နန်းတော်သို့ ပင့်ဆောင်ပြီး ထိန်းသိမ်းထားရလေသည်။

ရှေးအခါက ဘိသက္ကဂုရုမုနိကို နေ့ရက်အလိုက် အလှူပစ္စည်းများဖြင့် ဆည်းကပ်ပြီး ပူဇော်လေ့ရှိကြသည်။ ယင်းကို ပူဇော်သက္ကာရပြုသောကျမ်းတွင် ဖော်ပြထားသည့်အတိုင်း ဖော်ပြလိုက်ရပေသည်။

* * *

| အာမှတ်စဉ် | လအာမည် | နံနက် နာရီ၊ မိနစ် |
|---|---|---|
| ၁။ | တန့်ခူး သီတင်းကျွတ် | ၉း၃၀-၁၁း၀၀ |
| ၂။ | ကဆုန်၊ တော်သလင်း | ၉း၂၀-၁၀း၄၀ |
| ၃။ | နယုန်၊ ဝါခေါင် | ၉း၁၀-၁၀း၃၀ |
| ၄။ | ဝါဆို | ၉း၀၀-၁၀း၃၀ |
| ၅။ | တန်ဆောင်မုန်း၊ တပေါင်း | ၉း၄၀-၁၁း၀၀ |
| ၆။ | ပြာသို | ၁၀း၀၀-၁၀း၃၀ |
| ၇။ | နတ်တော်၊ တပို့တွဲ | ၉း၅၀-၁၁း၂၀ |

ဖော်ပြပါဇယား၌ ကံအကောင်းဆုံးအချိန်ကို ဖော်ပြထားသည်။

* * *

| နေ့သား | ကံအမြင့်ဆုံးနေ့ |
|---|---|
| တနင်္ဂနွေသား/သမီး | အင်္ဂါနေ့ |
| တနင်္လာသား/သမီး | ဗုဒ္ဓဟူးနေ့ |
| အင်္ဂါသား/သမီး | ကြာသပတေးနေ့ |
| ဗုဒ္ဓဟူးသား/သမီး | သောကြာနေ့ |
| ကြာသပတေးသား/သမီး | စနေနေ့ |
| သောကြာသား/သမီး | တနင်္ဂနွေနေ့ |
| စနေသား/သမီး | တနင်္လာနေ့ |

**ဥပမာ** တန်ခူး၊ သီတင်းကျွတ်လများတွင် တနင်္ဂနွေသားသမီးများသည် အင်္ဂါနေ့နံနက် (၉)နာရီ (၃၀)မိနစ်မှ (၁၁း၀၀)နာရီသည် ကံအမြင့်ဆုံး၊ ကံအကောင်းဆုံး ဖြစ်သည်။

ရှေးအခါက ဘုရင်အဆက်ဆက် သွန်းလုပ်ခဲ့သော ဘိသက္ကဂုရုဘုရားဆင်းတုတော်ကို ရခိုင်တိုင်းရင်းသားတို့က **ဆေးပေါင်းခဘုရား**ဟု ခေါ်ဆိုကြပါသည်။ ထိုဘုရားအား နေ့နံရက်သားအလိုက် အချိန်အခါကို ရွေးပြီး ပန်းများကို ပူဇော်ရပေသည်။

**ကံဇာတာကောင်းရန် ဆေးပေါင်းခဘုရားကို ပူဇော်ရမည့် နည်းလမ်းများမှာ...**

တနင်္ဂနွေသားသမီးများသည် အင်္ဂါနေ့တွင်...

နံနက်(၉)နာရီ (၄၀)မိနစ် မှ (၁၁း၀၀)နာရီအတွင်း...

၁။ **အောင်မြင်ရန်အတွက်** – ကြာသပတေးနံ့ အသီးငါးလုံး။

၂။ **ကာယသုခစိတ္တအတွက်** – တနင်္လာနံ့ အပွင့်(၂)ပွင့်။

၃။ **စီးပွားတိုးတက်ရန်အတွက်** – သောကြာနံ့ အညွန့်(၆)ညွန့်တို့



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

ဤသည်မှာ **တပေါင်းလအတွက်** ဖြစ်ပေသည်။

---

ရွတ်ဆိုရမည့်

ဂါထာတော်

---

ဇယန္တော ဗောဓိယာမူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော၊
ဧဝမေဝ ဇယော ဟောတု
ဇယဿု ဇယမင်္ဂလေ၊

**အနက်**

**သကျာနံ၊** သာကီဝင်မင်းတို့၏။ **နန္ဒိဝဍ္ဎနော၊** အားရနှစ်သက်ခြင်းကို တိုးပွားစေတတ်သော မြတ်စွာဘုရားသည်။ **ဗောဓိယော၊** ဗောဓိပင်၏။ **မူလေ၊** အနီးတခွင် အပရာဇိတပလ္လင်၌။ **ဇယန္တောယထာ၊** မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့။ **ဧဝမေဝ၊** ဤအတူသာလျှင်။ (**တေ၊** သင့်အား။) **ဇယော၊** ဘေးရန်ခပင်း အောင်မြင်ခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။ **တွံ၊** သင်သည်။ **ဇယမင်္ဂလေ၊** အောင်ရာအောင်ကြောင်း ကောင်းမြတ်သော မင်္ဂလာတို့ကို။ **ဇယဿု၊** ခရီးရောက် အောင် ပြီးမြောက်ပြီးလျှင် အောင်မြင်ပါစေသတည်း။

တနင်္လာ သားသမီးများ ဗုဒ္ဓဟူးနေ့တွင်...

**ဓေယျ** – သောကြာနံ အသီး(၆) လုံး သို့မဟုတ် [အစိတ် (၆)စိတ်]

**သုခ**–အင်္ဂါနံ အပွင့်(၃)ပွင့် သို့မဟုတ် [သုံးခိုင်]

**လာဘ**–စနေနံ အညွန့်(၇)ညွန့်

အင်္ဂါသားသမီးများ ကြာသပတေးနေ့တွင်...

**ဓေယျ** – စနေနံ အသီး(၇)လုံး [၇–စိတ်]

**သုခ**–ဗုဒ္ဓဟူးနံ အပွင့်(၄)ပွင့် [၄–ခိုင်]

**လာဘ**–တနင်္ဂနွေနံ အညွန့်(၁) ညွန့်။

ဗုဒ္ဓဟူးသားသမီးများ သောကြာနေ့တွင်...

**ဓေယျ** – တနင်္ဂနွေနံ အသီး(၁) လုံး[၁–စိတ်]

**သုခ**–ကြာသပတေးနံ အပွင့်(၅) ပွင့်[၅–ခိုင်]

**လာဘ**–တနင်္လာနံ (၂)ညွန့်။

ကြာသပတေးသားသမီးများ စနေနေ့တွင်...

**ဓေယျ** – တနင်္လာနံ အသီး(၂)လုံး [၂–စိတ်]

**သုခ**–သောကြာနံ အပွင့်(၆)ပွင့် [၆–ခိုင်]

**လာဘ**–အင်္ဂါနံ အညွန့်(၃)ညွန့်

သောကြာသားသမီးများ တနင်္ဂနွေနေ့တွင်...

**ဓေယျ**–အင်္ဂါနံ အသီး(၃)[သုံးစိတ်]

**သုခ**–စနေနံ အပွင့်[၇–ပွင့်]

**လာဘ**–ဗုဒ္ဓဟူးနံ အညွန့်[၄–ညွန့်]

စနေသားသမီးများ တနင်္လာနေ့တွင်...

**ဓေယျ** – ဗုဒ္ဓဟူးနံ အသီး(၄)လုံး [၄–စိတ်]

**သုခ**–တနင်္ဂနွေနံ အပွင့်(၁)ပွင့် [၁–ခိုင်]

**လာဘ**–ကြာသပတေးနံ အညွန့် [၅–ညွန့်]

ဘိသက္ကဂုရုဆင်းတုတော်ကို ပူဇော်၍ ကာယသုခ၊ စိတ္တသုခ ဖြစ်နိုင်ကြစေကုန်သတည်း။

**ရွှေခိုင်ကျော်**
*(မြောက်ဦး)*

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **သုဝတ္ထု** | =သုဝန်ထု |
| **ဘိသက္က** | =ဘိသက်က |
| **သဗ္ဗမုတ္တမံ** | =သပ်ဗမုတ်တမံ |
| **ဟတ္ထက** | =ဟတ်ထက |
| **ဘဝေဒ** | =ဘဝတ်ဒ |
| **ဒက္ခိဏဂ္ဂသ** | =ဒက်ခိနက်ဂသ |
| **ယမ္မေန** | =ယတေန |
| **သစ္စဝစ္ဆေန** | =သစ်စဝစ်ဆေန |
| **သောတ္ထိ** | =သွတ်ထိ |
| **သဗ္ဗဒါ** | =သပ်ဗဒါ |
| **သုဟုတ္ထိတော** | =သုဟုတ်ထိတော |

* * *

| | |
|---|---|
| **ဇယန္တော** | =ဇယန်တော |
| **သကျာနံ** | =သကျာန |
| **နန္ဒိဝဍ္ဎနော** | =နန်ဒိဝတ်ဒနော |
| **ဇယဿု** | =ဇယတ်သု |
| **ဇယမင်္ဂလေ** | =ဇယမင်ဂလေ |


www.burmeseclassic.com

www.burmeseclassic.com

စိမ်းရောင်စို တောင်ညိုမှိုင်းရိုးသည့်

# သာသနာ့အောင်မြေ ရှုနေတိုင်းဆီသို့ (၁)

ထက်မင်းကျော်စွာ



▲ ပုံရွှန်တော်မူမည့်နှစ်တွင် ဖူးတွေ့ရသော ဆရာတော် ဦးခေမိန္ဒ

ခဲ့သော သီတင်းကျွတ်ကာလ စာတည်းချုပ်က **ခင်သူဌေး** ကုန်း) ရေးသားသော '**သုံးဆယ် ... ကမြစိမ်းတောင်ညို ဆရာတော် ... ခွိကနှင့် ကွင်းဆက်များ**' ... ပါး မိတ္တူကိုပေးကာ ပြည့်စုံစွာ ... ရေးသားရန် တာဝန်ပေးအပ် ... သည်။

... ဖြင့် ရန်ကုန်–သုံးဆယ် အဝေး ... သမ်းမော်တော်ယာဉ်ဖြင့် စီးနင်း ... ပါကာ သုံးဆယ်မှ အရှေ့မြောက် ... ခွန်း (၇)မိုင်ခန့် ကွာဝေးသည့် ... တောင်ညိုသို့တိုင် တက္ကစီဖြင့် ... ဆက်ခဲ့သည်။

မြစိမ်းတောင်ညိုသို့ ရောက်သော ... လက်ရှိဆရာတော် အရှင်ဝေပုလ္လ ... ကောင်းမွန်စွာ ကြိုဆိုကူညီပေး ... တော်မူသည်။

## တောင်တော်အသက် ဆက်ပေးခဲ့သည့် ဆရာတော်

မြစိမ်းတောင်နှင့် တောင်ညိုတောင် ... တောင်ကို ပေါင်းစည်းခေါ်ဝေါ်ထား ... သော မြစိမ်းတောင်ညို သာသနာမြေ ... စေတီပုထိုး သာသနိက အဆောက် ... အအုံများ ဝေဝေဆာဆာဖြင့် သာသနာ ... တော် ပြန်လည် စည်ကားစေရန် ... အဆက်ဆက် ကြိုးပမ်းတော်မူသည့် ... ဆရာတော်မှာ အရှင်ခေမိန္ဒ ဖြစ်လေ ... သည်။

လက်ရှိဆရာတော် ဦးဝေပုလ္လက...

'အေးအေးဆေးဆေး နေဦးမယ် မဟုတ် ... လား အခုတော့ ဘုရားတွေ ဖူးလိုက်ပါဦး ... နောက်တော့မှ ဆရာတော် ဦးခေမိန္ဒကနဲ့ ... ဆက်သက်ပြီး ပြောပြနိုင်သူတွေနဲ့ တွေ့ပေး ... မယ်'

ဟု မိန့်ကြားတော်မူသဖြင့် ဒေသခံ ... ၏ ကူညီလိုက်ပါမှုဖြင့် စေတီပုထိုး များအား ဦးစွာ ဖူးမြော် ကုသိုလ်ယူခဲ့ သည်။

ညဦးကာလ ရောက်သောအခါ သဲဖြူရွာရှိ ဂေါပကအဖွဲ့ အတွင်းရေးမှူး



www.burmeseclassic.com

www.burmeseclassic.com



◆ မြစိမ်းတောင်ညိုရှိ လက်ရှိဆရာတော် ဦးဇေယျလ္လ

◆ လက်ထောက်ဆရာတော် ဦးသီလာနန္ဒ



ဦးမြင့်ကြိုင်နှင့် တွေ့ဆုံစကားပြောဖြစ်သည်။

'ဆရာတော်ကြီး(ဦးဓမ္မိက) ရှိစဉ်ကတည်းက စာရေးဆရာ အတော်များများ ရောက်လာဖူးပါတယ်။ ငါ့အကြောင်းမရေးနဲ့။ တောင်သမိုင်းရေးချင်ရေးဆိုပြီး တားမြစ်တော်မူပါတယ်။

တစ်ခါတော့ စာရေးဆရာတစ်ယောက်က ဆရာတော်ရဲ့ ထေရုပ္ပတ္တိနဲ့ သာသနာ့အရေး ဆောင်ရွက်ချက်ကလေးတွေ စာအုပ်ငယ်လုပ်ပြီး ဓမ္မဒါနပြုဖို့ ယူလာတယ်။ ဆရာတော်ကြီးက **'မင်းကများ ငါ့အကြောင်း ဘယ်လောက်သိလို့ ထေရုပ္ပတ္တိ ရေးရသလဲ'**ဆိုပြီး စာအုပ်တွေကို ဖြန့်ဝေဒါနပြုခွင့် မပေးပါဘူး။

တောင်သမိုင်းကတော့ ဦးဖိုးတုပ်ဆိုသူ အိပ်မက်အရ ရေးထားတာ စာအုပ်ထုတ် လှူဒါန်းဖူးပါတယ်။ အဲဒီစာအုပ်က နှစ်နည်းနည်းကြာသွားလို့ အခုဆိုရင် ရှာမရလောက်အောင် ဖြစ်နေတယ်။ ဒါပေမယ့် အဆင်ပြေအောင်တော့ လုပ်ပေးနိုင်မှာပါ'

ထိုစဉ် စာရေးသူမှ...

'ဆရာတော် ရှိစဉ်က ခွင့်မပြုခဲ့ဘူးဆိုပေမယ့် ဆရာတော် ပျံလွန်တော်မူပြီးတဲ့ အခု နောက်ပိုင်းကာလတွေမှာ ဆရာတော်အကြောင်း မှတ်စုမှတ်ရာအနေနဲ့ ကျန်ရစ်ခဲ့ရင် နောင်လာနောက်သားတွေလဲ ကြည်ညို အတုယူစရာဖြစ်လာနိုင်ပါတယ်။ မှတ်တမ်း တစ်စုံတစ်ရာ မရှိဘဲ လုံးဝပျောက်ကွယ်သွားရင် ဝမ်းနည်းစရာ ဆုံးရှုံးမှု ဖြစ်ပါလိမ့်မယ်။ ဦးမြင့်ကြိုင်တို့ တွေ့ရ သိရသလောက်လေး ပြောပြပေးပါလား'

'ဆရာတော်ကြီးက စကားမပြော၊ တရားမဟောဘဲ သိုသိုသိပ်သိပ် ကျင့်ကြံလေ့ရှိတာမို့ ကျွန်တော်တို့ ဘာမှ မသိရပါဘူး။ မြန်မာနိုင်ငံအနှံ့အပြားက လာဖူးကြတဲ့ ဒါယကာ ပရိသတ်တွေ ရှိခိုးပြီးရင် ပက်လက်ကုလားထိုင်ပေါ်ကနေ မျက်လုံးအသာဖွင့်ကြည့်လိုက်တယ်။

"ဘယ်ကလာကြသလဲ"လို့ တစ်ခွန်းလောက်မေးပြီး ပြန်မှိတ်၊ တရားမှတ်နေတော့တာပဲ။ ဂေါပကအဖွဲ့က အလိုက်တသိနဲ့ "လာကြပါ။ ရေနွေးသောက် ကွမ်းစားကြပါ"ဆိုပြီး ဧည့်ခံပေးရတယ်။ လှူစရာရှိရင် အလှူခံအဖွဲ့က လက်ခံပေးပါတယ်'

'ဆွမ်းစားပင့်ရင် ကြွတယ်မဟုတ်လား'

'ဆွမ်းစားပင့်တာကတော့ မြန်မာနိုင်ငံအနှံ့ပါပဲ။ ဝါတွင်းသုံးလသာ မြစိမ်းတောင်ညိုမှာ ဝါဆိုသီတင်းသုံးတယ်။ သီတင်းကျွတ်လဆုတ် (၁)ရက်နေ့ အရုဏ်ဆွမ်းကစပြီး တပေါင်းလအထိ ဆွမ်းစား ပင့်ထားတဲ့သူတွေ ပြက္ခဒိန်မှာ အစီအရီရှိတယ်။

ဆရာတော်ကို ပင့်ဖို့ လေး,ငါးလ လောက်ကြိုပြီး ကျောက်ထားရတယ်။






www.burmeseclassic.com

www.burmeseclassic.com






◆ သံဖြူရွာမှ ဦးမြမိုးကြိုင်

ဦးဓမ္မိကနှင့် လက်တွဲသာသနာပြုခဲ့သည့်
ဦးချစ်မောင်(သိုက်တောရွာ) ▶

◆ ကဗျိယဦးကံလှ



…ကျွန်တော့်အိမ်မှာ ဝါထွက်ပထမဆုံး အရှေ့ဆွမ်း ပင့်ခွင့်ရခဲ့တာ (၉)နှစ် ဆက်တိုက်ဗျာ။

တစ်ခါတလေ တစ်နေ့တည်းမှာ ဆွမ်းစားပင့်တာ လေးအိမ်လောက် ထပ်နေလို့ စကဆွမ်း၊ ဂွဆွမ်းဆိုပြီး အလှူရှင် ကျေနပ်အောင် စတီသဘော ညှိပေးရတာတွေလဲ ရှိတယ်။

မြို့ရွာနေရာတွေကလဲ ရှမ်းပြည် …ယ် သီပေါကအစ ရန်ကုန်၊ မန္တလေး၊ မြိတ်၊ ထားဝယ်၊ ကော့သောင်အထိ နေရာအစုံက ပင့်လျှောက်ထားတာ စာအုပ်နဲ့ မှတ်ထားရတယ်'

'အဲဒီအခါ မိန့်ကြားသမျှတွေထဲက ဆရာတော်ရဲ့ ကျင့်ပုံတွေ တစ်စွန်း တစ်စ မသိရဘူးလား'

'ဟင့်အင်း ပရိတ်ရွတ်၊ ဆွမ်းဘုဉ်း၊ သီလ ပေး၊ ရောက်ချ မေတ္တာပို့တာတွေလဲ ရှိတယ်။ အာလာပသလ္လာပစကား မပြော၊ တရား မဟောဘူး။ မေတ္တာကမ္မဋ္ဌာန်းတော့ တော်လေးကို ပိုင်နိုင်တယ်။

စာမေးပွဲ အောင်ချင်သူတွေ နိုင်ငံခြား အလုပ်သွားလုပ်သူတွေ အခက်အခဲ အကျပ် အတည်း ကြုံသူတွေ ရောဂါဝေဒနာ ခံစား ရသူတွေ လာပြီး လျှောက်ကြတယ်။


"အေး"လို့ပဲ မိန့်တယ်။ အောင်မှာ၊ ကောင်းသွားမှာ၊ ပြေလည်သွားမှာပါ စသဖြင့် မပြောဘူး။ ကမ္မဋ္ဌာန်း ထိုင်တဲ့အခါ မေတ္တာ ပို့ပေးတယ်လို့ ယူဆရတယ်။ အားလုံး အဆင်ပြေသွားကြတာချည်းပဲ'

နောက်နေ့များတွင် ဥပုသ်သည်များ၊ ကပ္ပိယများ၊ သံဃာတော်များ၊ သံဖြူ၊ ပိတ်လျှို၊ ကုက္ကိုင်း၊ အင်ကြင်းမြောင် ရွာတို့မှ ဒေသခံများတို့ထံ ချဉ်းကပ် ကာ ဆရာတော် ဦးဓမ္မိက၏ ကျင့်စဉ်၊ ဖြစ်စဉ်များကို လေ့လာစုံစမ်းရသည်။

နောက်ဆုံးတွင် ဆရာတော် ဦးဝေပုလ္လ၏ ကူညီမိန့်ကြားဖြင့် သိုက်တောရွာသို့ ရောက်ရှိကာ ဆရာ တော်နှင့် အတူတွဲ၍ သာသနာပြုခဲ့ သော **ဦးချစ်မောင်(အသက် (၈၂) နှစ်)နှင့်** တွေ့ဆုံမေးမြန်းခွင့်ရခဲ့လေ

www.burmeseclassic.com

32027



◆ သိုက်တောကျောင်းဆရာတော် ဦးပညာဇောတ

◆ ဆရာတော် ဦးဓမ္မိကာဘိမာန်



သည်။

ဆရာတော် လမ်းညွှန်သည့်အတိုင်း သိုက်တောရွာကျောင်းသို့ သွားရောက်၍ ဆရာတော် ဦးပညာဇောတအား ဖူးမြော်လျှောက်ထားရာ ဆရာတော်က ကိုရင်တစ်ပါးဖြင့် အခေါ်ခိုင်းသဖြင့် ဦးချစ်မောင် ရောက်ရှိလာလေသည်။

ဦးချစ်မောင်သည် အသက်ပင် (၈၀) ကျော်သော်လည်း မျက်စိ၊ နား၊ မှတ်ဉာဏ်တို့ ချို့ယွင်းမှုမရှိဘဲ သူသိသမျှကို စိတ်ပါလက်ပါ ရှင်းပြပေးလေသည်။

'ရောင်စုံသူပုန် သောင်းကျန်းတဲ့ကာလက ဒီနေရာတွေက မအေးချမ်းဘူး။ တောင်ညိုမှာ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ စခန်းချနေထိုင်တယ်။ ဆရာတော် ဦးဓမ္မိက,က နယ်လှည့်ကမ္မဋ္ဌာန်းအားထုတ်ရင်း ဒီဒေသရောက်လာတော့ တောင်ညိုက ဦးပညာနဲ့ တွေ့ဆုံရင်းနှီးသွားကြတယ်။ ဦးဓမ္မိက,က အေးအေးချမ်းချမ်း အားထုတ်ချင်ပါတယ်ဆိုလို့ ဦးပညာက သူ သီတင်းသုံးတဲ့ တောင်ညိုကို ခေါ်သွားပေ[…] တယ်'

'အဲဒီမှာ မအေးချမ်းဘူးလို့ အဘ[…] ပြောခဲ့တယ်လေ'

'ဟုတ်ပါတယ်၊ ဦးပညာက အဲဒ[…] လက်နက်ကိုင် အဖွဲ့ခေါင်းဆောင်န[…] ယောက်ဖတော်တယ်။ ဒါကြောင့[…] အေးအေးချမ်းချမ်း အားထုတ်ခွင့[…] ရတာပေါ့။ တောင်ညိုတောင်ပေါ်မှာ[…] လျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူ[…] ရှိတယ်။

အဲဒီ ရုပ်ပွားတော်ရဲ့ ဦးခေါင်းတော်[…] ဘက်(အရှေ့ဘက်)နားမှာရှိတဲ့ ကုံကော[…] ပင်ကြီးအောက်မှာ ဝါးကျောင်းလေး[…] သီတင်းသုံးရင်း နှစ်ဝါအရမှာ ပထမဆ[…] သမထတရားထူး ပေါက်မြောက်[…] အောင်မြင်တယ်လို့ သိရပါတယ်။

ဒါနဲ့ ဒီတောင်တော်မှာ သာသနာ[…] လုပ်ငန်း စတင်မယ်ဆိုပြီး ဦးပည[…] ဆီမှာ ခွင့်တောင်းတယ်။ ဦးပညာ[…] မူလတောင်ညိုကျောင်းမှာ သီတင်း[…] ခဲ့တဲ့ ဦးကောသလ္လ(တောင်ညိုဆရာ[…] တော်)ကို ပြန်ပင့်ပေးတယ်။

ဦးကောသလ္လရဲ့ ခွင့်ပြုချက်[…] သာသနာပြုတော့မယ်ဆိုတော့ ဒီတော[…] ပေါ်မှာ ဦးသူရိယ(ဆေးဝက်ပါဆရာ[…] တော်) သာသနာပြုကတည်း[…] ဖွဲ့စည်းထားတဲ့ **"သာသနာရော[…] ထွန်းလင်းပြောင် ဂေါပကအဖွဲ့"**[…] တာရှိတယ်။ အဲဒီအဖွဲ့နဲ့ တိုင်ပင်[…] ဆိုတာနဲ့ အဖွဲ့ဝင်ဖြစ်တဲ့ ကျွန်တေ[…] (ဦးချစ်မောင်)လဲ ဆရာတော် ဦး[…] ကနဲ့ လက်တွဲသာသနာပြုဖြစ်[…] သူ ပျံလွန်တော်မူတဲ့အထိ ([…])နှစ်[…] တိုင်ပါပဲ။

အခုတော့ အသက်လဲကြီးပြီ ရော[…] လဲ ထူပြောလို့ သားမြေး ပြု[…]

www.burmeseclassic.com

တွေနဲ့နီးတဲ့ သိုက်တောရွာမှာပဲ ပြန်နေ ဖြစ်တယ်'(**သာမထေတရားထူး မည်သို့ အောင်မြင်သည်ကို ကျင့်ကြံပုံ အသေးစိတ် သိခွင့်မရခဲ့ပါဟု ဆို သည်။**)

'ဦးသူရိယ လက်ထက်ကတည်း က အဘလဲ တောင်ညိုမှာ ရှိခဲ့တာပေါ့ နော်'

'ဟုတ်တယ်။ ဦးသူရိယက တောင် ညိုမှာ သာသနာပြုမယ်လို့ဆိုပြီး ရှင် (၁၀၈)ပါး ရှင်ပြုအလှူနဲ့ စ,ဖွင့်ခဲ့တယ်။ တစ်နေ့မှာ ဆရာတော်(ဦးသူရိယ)က ကျွန်တော့်ကိုခေါ်ပြီး ကျွဲပုန်းတောင် ထိပ်ကို သွားကြတယ်။

တောင်ထိပ်မှာ ရှင်(၁၀၈)ပါးရဲ့ ဆံပင်တွေ စု၊ ကျောက်ခဲတွေဖို့၊ ပိန္နဲ တိုင်စိုက်ပြီး **"ကျွဲပုံတောင်စေတီ တည်ရမယ်။ ဒါပေမယ့် အခုတော့ မဟုတ်ဘူး။ နောက် (၁၀)နှစ် လောက်ကြာမှ စနေသား ဆရာတော် ဦးစီးပြီး တည်လိမ့်မယ်"**လို့ မိန့်တော် မူပါတယ်။ နောက်တော့ ၁၃၃၂ ခုနှစ် မှာ ဆရာတော် ဦးခမ္မိက ဦးစီးပြီး ကျွဲပုန်းတောင်စေတီ တည်ဖြစ်တာပါ ပဲ။

အဲဒီတုန်းက ဆရာတော် ဦးသူရိယ ရှင်(၁၀၈)ပါးနဲ့ သာသနာ စ,ပြုမယ်ဆို တော့ ကျုပ်လဲ သာမဏေတစ်ပါး အဖြစ် ပါဝင်ခဲ့တယ်ဗျာ'

သိုက်တောဆရာတော် ဦးပညာ ဇောတက ဖြည့်စွက်မိန့်ကြားတော်မူ ခြင်း ဖြစ်သည်။

'ကျုပ်ဘွဲ့က ရှင်ပဏ္ဍိတမွေတဲ့။ ဒီတော့ တခြားသာမဏေတွေက "ဓားမကိုရင်" ဆိုပြီး ကျီစယ်ခေါ်ဝေါ် တာ ခံခဲ့ရသေးတယ်'

'ဒီလိုဖြစ်ရင် ဆေးဝက်ပါဆရာ တော် ဦးသူရိယ သာသနာပြုတုန်း က အကြောင်းလေးတွေ တွေ့ရ သလောက် မိန့်ကြားပေးပါဦးဘုရား'

'အင်း ရှင်လိင်ပြန်ပြီးနောက် လူဝတ် ကြောင်နဲ့ ကျင်လည်ခဲ့ရလို့ မှတ်မှတ်ရရ သိပ်မရှိလှပါဘူး ဒကာရယ်၊ သက်ကြီး ပိုင်းရောက်မှ ဒုလ္လဘရဟန်းဝတ်ရင်း သက်န်းမြဲခဲ့ရတာ အခုအထိ ဆိုပါ တော့၊ ခဏတဖြုတ်ဆိုသလို နေကြည့် မယ်လို့ စဉ်းစားထားတာ မထင်မှတ် ဘဲ ရဟန်းဘဝမှာ ပျော်မွေ့သွားတယ်။ အတိတ်ပါရမီ ဆိုရမလား၊ ကံစီမံရာ ဆိုရမလားဘဲ'

'ဆရာတော် ဦးခမ္မိကနဲ့ ဆုံဖြစ်သေး သလား အရှင်ဘုရား'

'ဆုံဖူးတယ် ဆိုရုံလောက်ပါပဲ။ အနီး ကပ် သီတင်းသုံး နည်းနာခံယူရတာ မျိုး မရှိခဲ့ပါဘူး'

ထိုစဉ် ဒါယကာတစ်ဦး ရောက်ရှိ လာသဖြင့် ဆရာတော်နှင့် စကား စပြတ်ကာ ဦးချစ်မောင်နှင့် ဆက်လက် ပြောဆိုဖြစ်သည်။

'အဘပြောသလိုဆိုရင် ၁၃၂၂ ခုနှစ်မှာ၊ ဆေးဝက်ပါဆရာတော် ရှင် (၁၀၈)ပါးနဲ့ သာသနာ စပြုခဲ့တာပေါ့ နော်။ နောက် ဘာတွေ လုပ်သွားသေး သလဲ'


'ဇော်ဂျီတောင်ဝှေးထမ်း ရုပ်ပုံတွေပါတဲ့ သစ္စာမဏ္ဍိုင်စေတီကြီးကို ပြန်ပြီး ပွမ်းမံပြု ပြင်ခဲ့တယ်၊ လေးထောင့်ထုချွန် အုတ်တိုက် ခံပြီး စမလေးလုံး ဇော်ဂျီရုပ် (၄၀)ရံထား တယ်။

အပေါ်မှာ ခေါင်းလောင်းမှောက်စေတီနဲ့ ထောင့်လေးခုမှာ သာဝကရဟန်းလေးပါး ရှိတယ်၊ ဒီလောက်ပါပဲ၊ ဦးခမ္မိကလက်ထက် မှာ စေတီအတော်များများ ပွမ်းမံပူဇော်ဖြစ် တာပါ'

'ဆရာတော် ဦးခမ္မိ က သာသနာပြု စတင်ပုံကလေး ပြောပြပါဦးအဘ'

'ဦးခမ္မိက တောင်ညိုကိုရောက်လို့ နှစ်ဝါအရ တရားထူးပေါက်မြောက် အောင်မြင်တဲ့ ၁၃၂၂ ခုနှစ်မှာ ကျွန်တော်တို့ ဂေါပကအဖွဲ့ကိုခေါ်ပြီး **"ဆန်တင်း(၂၀)၊ ဆီ(၄)ပုံးနဲ့ ဒုလ္လဘ (၁၀၈)ပါး ရဟန်းခံပြီး သာသနာပြု လုပ်ငန်း စတင်မယ်"**လို့ မိန့်တော်မူ ပါတယ်။

**"ဘယ့်နှယ် ဆရာတော်ဆီမှာ ရှံ့အိတ်သေးသေးနဲ့ ပိုက်ဆံနည်း**




ဗိမာန်တွင်းမှ စံကျောင်းတော်



www.burmeseclassic.com

www.burmeseclassic.com



စံကျောင်းတော်မှ ရုပ်ကလာပ်

**နည်းက ဒီလောက်ကြီးကျယ်တဲ့ ရဟန်းခံပွဲ ဘယ်လိုလုပ်မှာပါလဲ"**လို့ အားလုံးက တွေးကြတယ်။ ဘယ်ဟုတ်လိမ့်မလဲ။ အဲဒီအိတ်ကလေးကို နှိုက်လိုက်ရင် ဆယ်တန်တွေ၊ ကျပ်တန်တွေ ဗိုလ်ချုပ်ရုပ်နဲ့ အကြွေစေ့တွေ ထွက်ထွက်လာတာ ဘယ်လောက်နှိုက်နှိုက် မကုန်ဘူး။

အဲဒီငွေတွေနဲ့ ဆန်ဝယ်စမ်း။ ဆီဝယ်စမ်း၊ အုတ်,သဲ,ဘိလပ်မြေ အစစ ကျွန်တော်တို့အဖွဲ့က ဝယ်ခြမ်းပေးရတယ်။ အဲဒီကစပြီး စေတီတွေ၊ ကျောင်းတွေ၊ ဘုရားတွေ၊ တိုးတက်လာတာ ဆရာတို့ အမြင်ပဲလေ'

'ဝိပဿနာကမ္မဋ္ဌာန်းလဲ အားထုတ်တော်မူတယ်လို့ ကြားရတယ်။ အဘ ပြောပြနိုင်မလား'

'လေးငါးရက်မှာ ဝိပဿနာကမ္မဋ္ဌာန်းကို တွဲဖက်အားထုတ်တာ သိရပါတယ်။ လုံးလုံးလျားလျား ကူးပြောင်းတာတော့ မဟုတ်ပါဘူး။ အဲဒီလိုသာ ကူးပြောင်းသွားရင် သာသနာပြုလုပ်ငန်း ရပ်ဆိုင်းမှာပေါ့'

'ဘယ်လိုနည်းနဲ့ အားထုတ်သတဲ့လဲ။ ဥပမာ မိုးကုတ်နည်း။ လယ်တီနည်း စသဖြင့်ပေါ့'

'အဲဒါတော့ ကျွန်တော် မသိရပါဘူး။ အာနာပါန ထွက်လေဝင်လေကို ဂရုစိုက်ကျင့်ကြံတာပဲ သိရပါတယ်'

လက်ရှိဆရာတော် ဦးဝေပုလ္လက ဤသို့ မိန့်ကြားတော်မူခဲ့သည်။

'ဆရာတော်(ဦးခမ္မိက) ပျံလွန်တော်မူခါနီး နှစ်,နှစ်အလိုလောက်မှာ **"အများအကျိုးအတွက် အတန်အသင့် လုပ်ပေးပြီးပြီ။ ငါ့အကျိုးအတွက် ငါ လုပ်ရဦးမယ်"**လို့ မိန့်ကြားပြီး မိုးကုတ်ဆရာတော်ကြီးရဲ့ ဝိပဿနာ အားထုတ်နည်းနဲ့ ပြင်းပြင်းထန်ထန် ကျင့်ကြံတော်မူတယ်။ အရင်ကတည်းက မိုးကုတ်ဆရာတော်ရဲ့ နည်းနိဿယနဲ့ ကျင့်ကြံဖူးပါတယ်'

ဟူ၍ ဖြစ်ပါသည်။

## ဝတ်ကြောင်ဘဝ ကျင်လည်ရစဉ်

'တောင်ညိုမရောက်ခင်က အခြေအနေတွေကော အဘ သိသလား'

'ကိုယ်တွေ့တော့ မဟုတ်ဘူးပေါ့။ ဆရာတော်ရဲ့ ဆွေမျိုးသားချင်း၊ ရပ်ဆွေရပ်မျိုးတွေဆီကတစ်ဆင့် ကြားသိရတာတော့ ရှိပါတယ်၊ ဆရာတော် လူ့ဘဝက နာမည်က ဦးကြွက် (ခေါ်) ဦးထွန်းမောင်လို့ တွင်တယ်။ မအူပင်မြို့နယ်၊ ကျွဲဒုံးကျေးရွာအုပ်စု၊ သရက်တောရွာမှာနေတယ်။ ဇနီး ဒေါ်မြအုံးနဲ့ သမီး(၂)ယောက်၊ သား(၃)ယောက် ထွန်းကားတယ်။

တောင်ညိုမှာ သာသနာပြုတော့ သမီးကြီး မဝင်းကြည်ဆိုတာ သီလရှင်ဝတ်ပြီး လွန်ခဲ့တဲ့ နှစ်,နှစ်၊ သုံး,နှစ်လောက်မှ ကွယ်လွန်သွားပါတယ်။

ရွာမှာနေတုန်း တံငါအလုပ်နဲ့ အသက်မွေးတယ်ဆိုပါတယ်။ အသက်(၃၅)နှစ်အရောက်မှာ ဇနီး မအုံးမြ ကွယ်လွန်တော့ သတိသံဝေဂရပြီး တရားဓမ္မ ကျင့်ကြံအားထုတ်ပါတယ်'

'တောထွက်ပြီး ရဟန်းဝတ်တာလားအဘ'

'ပိတ်ဖြူစင်ကြယ်ဝတ်၊ သက်သတ်လွတ်စားပြီး ကျင့်ကြံတာပါ။ ဘယ်လောက်ထိ ကျင့်သလဲဆိုရင် လူတွေက စိတ်ဖောက်ပြန်သွားပြီလို့ သတ်မှတ်ကြတဲ့အထိ ကျင့်ကြံတယ်။ သူစကြံလျှောက်ပြီးမှတ်တဲ့အိမ်ရှေ့ မြေဆိုရင် ဖုတ်(ဖုန်မှုန့်)တောကြီး ဖြစ်သွားတယ်။

ညဘက် ဖယောင်းတိုင်မီး ပူဇော်ပြီး အားထုတ်တော့ ဖယောင်းမီးက ဘုရားစင်ကြမ်းခင်းကိုလောင်၊ မီးတောက်ကြီးလာလို့ အနီးအနားက လူတွေက အော်ဟစ်သတိပေးရတယ်။ ဒါပေမယ့် သူက ထိတ်ထိတ်ပျာပျာ မဖြစ်ဘူး။ လက်ကလေးနဲ့ အသာပွတ်သပ်လိုက်ရုံနဲ့ မီးတောက်ကြီး ငြိမ်းသွားသတဲ့။


ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



ခြသ်ပုံ

# ခြသ်ဖော

ပုံတွင်ပြထားသည်မှာ ခြတစ်ကောင်မှ မရှိတော့သည့် တောင်ပို့တစ်ခုကို ထယ်ထိုးမိ၍ ပဲ့ထွက်လာသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် နေထိုင်သူ ရှမ်းတိုင်းရင်းသားတစ်ဦးက ယူဆောင်လာပြီး သူ့မိတ်ဆွေ ဦးဝင်းကျော် (ကျောက်မဲမြို့နယ်နေ)အား ရောင်းချပေးပါရန် အပ်နှံထားခဲ့ခြင်း ဖြစ်ပါသည်။ **(၁၀)ပိဿာခန့် လေးသော အတုံးကြီးပင်။**

ယင်းအတုံးကြီးကို (ကျောက်မဲမြို့၊ ၉-ရပ်ကွက်နေ) ဦးမြင့်သောင်းက ထပ်မံဖဲ့ကာ အင်္ဂလိပ်ရတ်ဝါသနာပါသူ ဦးပွင့်းတစ်ပါးအား ဆက်ကပ်ခဲ့ပြန်ပါသည်။

ထိုအချိန်ကျမှ ဤအတုံးကြီးကို ကျွန်ုပ် တွေ့မြင်ခွင့် ကြုံရခြင်း ဖြစ်ပါသည်။ အင်္ဂလိပ်ရတ်ပညာရှင်အချို့အား ပြသ၍ မေးမြန်းကြည့်ရာ ခြသ်ဖြစ်သည်ဟု မိန့်ဆိုကြပါသည်။ ကျွန်ုပ်မှုကား အင်္ဂလိပ်ရတ်ပညာရှင်မဟုတ်သဖြင့် ခြသ်ဟုတ်,မဟုတ် မသိနိုင်ပါ။

ကြက်ဟင်းခါးသီးကဲ့သို့ အဖု(ပြုပ်)များရှိလျက် အဖု၏အရောင်မှာ ကတ္တရာစေးနှယ် မည်းနက်ပြီး အဖုများကြား(အကြိုအကြား)တွင် မြေနီရောင်သန်းနေပါသည်။

မြေသားအမှုန့်များ ကပ်ငြိနေဟန်တူပါသည်။ ယင်းအတုံးကလေးကို သံလိုက်ဖြင့် စမ်းသပ်ကြည့်ရာ သံမလိုက်ကြောင်း တွေ့ရပါသည်။ အလေးချိန် (၁၅)ကျပ်သားခန့် ရှိပါသည်။

**(၂၇-၁၀-၁၂)ရက်နေ့က** ကျွန်ုပ်၏ ပကတိမျက်စိဖြင့် မြင်တွေ့ခဲ့ရသည့်အတိုင်း ခပ်သိမ်းသော စာဖတ်သူတို့ တွေ့မြင်၍ ဗဟုသုတရစေရန် ဓာတ်ပုံရိုက်၍ တင်ပြထားခြင်း ဖြစ်ပါသည်။

**ခြသ် ဟုတ်,မဟုတ် မည်သို့ စမ်းသပ် သိရှိနိုင်ပါသနည်း။ ခြသ်ဟုတ်ခဲ့လျှင် မည်သို့ အသုံးပြုနိုင်ပါမည်နည်းဟု ပညာရှင်များအား မေးမြန်းလိုပါသည်။**

ပညာရှင်များ၏ တုံ့ပြန်ဖြေကြားချက်များက ဗဟုသုတလိုလားသူအပေါင်းအား ကြည်နူးရွှင်မြူးစေမှာ ဖြစ်ကြောင်း ကြိုတင်ခန့်မှန်း၍ လေးစားစွာ ရေးသား တင်ပြအပ်ပါသည်။

**မောင်နီး (ကျောက်မဲ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါအဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိရင်တော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိင်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အတူပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်ယဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါအဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ တိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်တဲ့သူများ၊ (၂) သဘာဝမဟုတ်သောဟပ္ပမေထုန်ပြုသူများ၊ (၃) တုန်ခန်းသွားသောသုတ်ခေတ်နဲ့ အင်အားများကို ဆေးဝါးခေတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိင်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဉ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုတ်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com


www.burmeseclassic.com

စစ်ကိုင်းတောင် မန္တလာကျားကူးချောင် ဆရာတော်

# ဦးကောဝိဒ

နှင့် ခန္ဓာဉာဏ်ရောက် ကျင့်စဉ်တရား (၁)

သံသရာခရီးသည်တစ်ဦး



◆ ကျားကူးချောင် ဆရာတော် ဦးကောဝိဒ

## တည်နေရာ

မန္တလာ ကျားကူးချောင်သည် တောင်ဖီလာ၏ မြောက်ဘက်ယွန်း ယွန်း ပတ္တမြားတောင်၏ အနောက်မြောက်ယွန်းယွန်းတွင် တည်ရှိသည်။ [illegible]ချက်၊ ပယ်ငါးဆယ်ကျေးရွာတို့မှ အနောက်ဘက်သို့ မြေလမ်းအတိုင်း ဝင်ရောက်နိုင်သကဲ့သို့ စစ်ကိုင်း၊ ဥမင်သုံးဆယ်၊ ဆွမ်းဦးပုညရှင် တောင်တက်လမ်းအစမှ အနောက်ဘက်သို့ လမ်းခွဲသွားသော တောင်ဖီလာ–ကျောက်တာလမ်းအတိုင်းလည်း သွားရောက်နိုင်လေသည်။

## စတင် ကြည်ညိုခွင့်ရစဉ်

ကျားကူးချောင် ဆရာတော်ကို ယခင်က ကြားဖူးနားဝရှိသော်လည်း လမ်းမသင့်၊ အခွင့်မကြုံသဖြင့် သွားရောက်ဖူးမြော်ခြင်း မပြုဖြစ်ခဲ့ချေ။ ယခုတစ်ခေါက်တွင် စစ်ကိုင်းမှ မိတ်ဆွေ ကိုမင်းညိုက သူ စတင် ဖူးတွေ့ရပုံကို ဤသို့ ပြောပြသည်။

"ကျားကူးချောင်က လမ်းဆုံနေရာ မဟုတ်ဘူး။ တကူးတကသွားမှ ရောက်နိုင်တဲ့နေရာဖြစ်လို့ ကျောင်းရှေ့ရောက်တော့မှ မေးမြန်းစုံစမ်းစရာ လူသူ [illegible]အခြည် မမြင်ရဘူး။ ကျောင်း[illegible] မှာရော၊ ဇရပ်တွေအထဲမှာ ရှိ[illegible]တယ်။ တိတ်ဆိတ်ငြိမ်သက်နေ[illegible] တရားကမ္မဋ္ဌာန်း ဝင်နေကြပုံ [illegible]

"[illegible] ကျားကူးချောင်ဆိုတော့ မန္တလေးအဆက် ဖြစ်ပုံရတယ်'' လို့ တစ်ကိုယ်တည်း စဉ်းစားနေတုန်း ကျောင်းတံခါးက ဝုန်းခနဲ ပွင့်လာပြီး **"မြတ်စွာဘုရားရှင် မာန်ငါးပါး အောင်မြင်လို့ မန္တလာ ကျားကူး ချောင် ခေါ်တာပေါ့"**။ အတော့်ကို ကျယ်လောင်အားပြည့်လွန်းတဲ့ အသံနဲ့အတူ သက်တော်(၉၀)ကျော် ဆရာတော်ကြီးတစ်ပါး ဦးခေါင်းပြူပြီး မိန့်တော်မူပါတယ်။

ဟိုက် ငါ့စိတ်ထဲ စဉ်းစားနေတာကို ဆရာတော်ကြီးက သိနေပါလားလို့ အံ့အားသင့်ပြီး ကျောင်းပေါ်တက် ဖူးမြော်တယ်။ ခြိုးခြံတဲ့အကျင့်ရှိ တော်မူလို့ ပိန်လျလျ ခန္ဓာကိုယ်နဲ့ သက်တော်(၉၀)ကျော်အရွယ် ရှိနေ

www.burmeseclassic.com

ပေမယ့် အသံတော် အင်မတန်ကို ညြဇာရှိပါတယ်'

'နှစ်အတော်ကြာပြီလား'

'လေးနှစ်ကျော်လောက် ရှိပြီ။ အဲဒီကစလို့ ဆရာဒကာ ရင်းနှီးပြီး လေး,ငါး လတစ်ကြိမ်ဆိုသလို မိုရီယာမင်း အားဆေး အလုံးကြီး ကပ်လှူပေးတယ်။ အခါကြီး ရက်ကြီးတွေမှာလဲ ဖူးဖြစ်ပါတယ်။ ကျောင်းဝင်းထဲက ရှေးဘုရားဟောင်းတွေ ပြုပြင်ပြီးလို့ ထီးတော်တင်ပွဲ စတဲ့ ထူးခြားတဲ့ကိစ္စ ရှိရင်လဲ ဆရာတော်က လှမ်းပြီး ဖိတ်ကြားလေ့ရှိတယ်။

အားဆေးကို အကြောကတစ်ဆင့် သွင်းပေးရတာ။ သက်တော်ကြီးတော့ အကြော ထင်ရှားပေမယ့် အရေပြားက တင်းအားမရှိတော့ဘူး။ လျော့ရဲနေတယ်လေ။ အပ်ထိုးတဲ့အခါ လေး,ငါး,ခြောက်ခါအထိ ချွေးတလုံးလုံးနဲ့ ကြိုးစားပြီး ထိုးရတယ်။

ဇနီးကလဲ ပါသွားလို့ "အမယ်လေး ဆရာတော်ဘုရား"လို့ အားနာပါးနာ ယောင်အော်မိရင် **"ငါ့တရားနဲ့ ငါ မှတ်နေတာ၊ မင်းတို့ လုပ်စရာရှိတာ လုပ်"**လို့ မိန့်တယ်။ လက်တွန့်သွားတာ၊ လှုပ်သွားတာ တစ်ချက်မှမရှိဘူး။ ကျွန်တော်တို့ကသာ အားနာနေတာ။ ဆရာတော်ကတော့ သူ့အသားမဟုတ်သလိုဘဲ'

---

နိဒါန်းပူဇာ

---

'ဆရာ ဒီနေ့ ဘယ်မှမသွားဘူးလား'

'ကိုအေးလွင်ပါလား၊ သွားမယ် ကျားကူးချောင်သွားဖို့ ကိုမင်းညိုကို စောင့်နေတာ'

'သူနဲ့ဆိုရင် ပိုကောင်းတယ်။ သွားနေကျမို့ လမ်းမှားစရာမလိုဘူး။ ဒကာရင်းလဲဖြစ်တော့ အဆင်ပြေတာပေါ့။ ကျားကူးချောင်ဆိုတာ ကျွန်တော်တို့ ပယ်ငါးဆယ်ရွာနဲ့ သိပ်မဝေးပေမယ့် ဟိုအရင်ကဆိုရင် ထင်းကောက်၊ ဟင်းရွက်ရှာတောင် မသွားကြဘူး။ တောကြမ်းလို့တဲ့၊ အဖေတို့ ပြောဖူးတယ်။ ဆရာတော်ရောက်ပြီး လေး,ငါး,ခြောက်နှစ်လောက်ရှိတာတောင် ကြောက်လန့်တဲ့အရှိန်က မပြေသေးဘူး။ အင်မတန် အသွားနည်းတယ်'

'ဘာတွေဖြစ်တတ်လို့လဲ'

'အခြောက်အလှန့်လဲ ကြမ်း၊ သားရဲတိရစ္ဆာန်လဲ ပေါသတဲ့။ လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကျော်လောက်ကမှ ရှေးဘုရားရှေးကျောင်းလဲ ရှိတယ်။ သီတင်းသုံးတဲ့ ဆရာတော်ရှိရင် ကောင်းမယ်ဆိုပြီး ဝါးချက်၊ အာလောင်၊ ပယ်ငါးဆယ်က လူကြီးတွေက ဆရာတော် လိုက်ရှာကြတယ်။ ဆရာတော်ရှိပေမယ့် ကျောင်းသား၊ ကိုရင်၊ ကပ္ပိယအဖြစ် နေဝံ့သူမရှိလို့ အခက်တွေ့ရတယ်။

နောက်ဆုံး ဆရာတော် ဦးကောဝိဒဆိုတာ သုသာန်ပေါင်းစုံ၊ နေရာပေါင်းစုံမှာ တစ်ပါးတည်း ကျင့်ကြံနေထိုင်တာရယ်၊ ကြည့်ညိုစရာ အကျင့်စရဏ ရှိတာရယ်ကြောင့် သွားပြီး ပင့်ကြတော့ လွယ်လွယ်ကူကူပဲ ကြွလာပါတယ်။ အခုတော့ ဘုရားတွေလဲ အသစ်မွမ်းမံ၊ ကျောင်း,ဇရပ်,တိုက်တာကြီးတွေ ပေါ်လာ၊ တရားစခန်းတွေလဲ နှစ်တိုင်းရှိလို့ ပရိသတ် ဒါယကာများနေပါပြီ'

'ခင်ဗျား ရင်းရင်းနှီးနှီး ဖူးတွေ့ဖူးလား'

'ဖူးတော့ ဖူး,ဖူးပါတယ်။ အဖေတို့က တရားစခန်းဝင်၊ ပစ္စည်းလေးပါး လှူဒါန်းလို့ ပိုပြီး ရင်းနှီးတယ်။ ကြုံတုန်း ပြောပြဦးမယ်။ ကျွန်တော်တို့ ခပ်ငယ်ငယ်က ဆွမ်းလောင်းချိန်မှာ ဆရာတော်ကြီး ဆွမ်းခံကြွလာတော့ ဆွမ်းလောင်းရင်း အမေက တပည့်တော်မ ကျန်းမာရေးမကောင်းလို့ ကျောင်းတက် သီလမယူနိုင်ပါဘုရား။ နေအိမ်မှာ သီလချီးမြှင့်ပေးပါဘုရားလို့ လျှောက်တယ်။

ဆရာတော်လဲ အိမ်ပေါ်ကြွပြီး သီလပေး၊ တရား အနည်းအကျဉ်းဟောပြီး ပြန်ကြွသွားတယ်။ မရှေးမနှောင်းမှာပဲ အဖေ ပြန်ရောက်လာပြီး ဆရာတော် ဘယ်အချိန်က ရောက်လာသလဲလို့ မေးတယ်။ သီလပေး၊ တရားဟောပြီး ကြွသွားတာမို့ လွန်ခဲ့တဲ့ နာရီဝက်လောက်က ရောက်နေတယ်လို့ အမေက ပြန်ဖြေတယ်။

"ဟောဗျာ၊ လွန်ခဲ့တဲ့ နာရီဝက်လောက်က ဆရာတော်ကို ကျောင်း... မှာ ကန်တော့ပြီး ငါ ပြန်လာတာ။ ငါ... လဲ ကျောင်းဝရောက်တာနဲ့ ဆရာတော်... က ဒီရောက်နေပြီ"ဆိုပြီး ဒီလို... ဆရာတော်ကြီးကို ဆွမ်းလောင်း... တရားနာခွင့်ရတာ အင်မတန် ကုသိုလ်... ထူးတာပဲလို့ ဝမ်းသာကြတယ်'

ကိုအေးလွင်မှာ ဈေးတွင် VCD... DVD ခတ်ပြားခွေများ ဖွင့်လှ... ရောင်းချသူဖြစ်ရာ ဆိုင်ဖွင့်နောက်... မည်စိုး၍ စကားစဖြတ်ကာ ထွက်... သွားသည်။

မန္တလာ ကျားကူးချောင်သို့ သွ... ရောက်ရန် စောင့်ဆိုင်းဆဲကာလ... တွင် ဆရာတော်၏ ကြည်ညို... သတင်းစကားကို ကြို... ကြား... ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်... ပဏာမပူဇာအဖြစ် ဆရာတော်...


www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော် သီတင်းသုံးရာ ကျောင်းအဝင်

ရည်မှန်း ဦးချကန်တော့ရပေသည်။

## ဖူးတွေ့ရစဉ်

မွန်းလွဲပိုင်းတွင် ကိုမင်းညိုနှင့်အတူ ကျားကူးချောင်သို့ သွားရောက်ကြသည်။ စစ်ကိုင်းတောင်ရိုး တောင်တက်လမ်းအတိုင်း သီတဂူ ဗုဒ္ဓတက္ကသိုလ်၊ သံဃာ့ဆေးရုံတို့ကို ဖြတ်ကျော်ပြီးနောက် ကျောက်တာ-တောင်ဖီလာလမ်းအတိုင်း ခရီးဆက်ရသည်။

တောင်ဖီလာမုခ်ဦးကို ကျော်လွန်၍ (၁၀)မိနစ်ခန့်အကြာတွင် ကျောက်တူးနေကြသော ကျောက်ထုတ်လုပ်ငန်းခွင် တစ်ခုသို့ ရောက်ရှိသည်။ ထိုမှ အရှေ့ဘက်သို့ ကွေ့ဝိုက်သွားကာ ကုန်းမော့ကလေး တစ်ခုအထက်၌ **"မင်္ဂလာကျားကူးချောင်"** ဟူသော ကမ္ပည်းပါဆိုင်းဘုတ်ငယ်ကလေးကို တွေ့ရလေသည်။

တစ်ထပ်တိုက် ကျောင်းဆောင်ကြီးတွင် ဆရာတော် သီတင်းသုံး၍ အနီးနှစ်ထပ်ကျောင်းကြီးမှာ တရားစခန်းဖွင့်သောအခါ ရဟန်းယောဂီ၊ လူယောဂီတို့ သီတင်းသုံးကြသည်ဟု သိရသည်။ တစ်ပါးတည်း အေးအေး လူလူ အားထုတ်လိုပါက တစ်ပါးစာ ကျောက်ထွင်းလိုဏ်ဂူများလည်း ရှိသည်။

ကုန်းမြင့်ထက်တွင်ကား ရှေးစေတီပျက်အား ပြန်လည်ပြုပြင်၍ ထီးတော်သစ် တင်လှူထားသော စေတီများနှင့် တန်ဆောင်းများ ဖူးတွေ့ရသည်။ ဆင်ခြေလျှော တောင်စောင်းတွင် တန်ဆောင်းဇရပ်များ တည်ဆောက်ထားကာ တောင်တက်စောင်းတန်း အဝ၌ ကျားနှစ်ကောင် တစ်ဖက်တစ်ချက် ရံထားသည်။

ကိုမင်းညိုက...

'ဒီစေတီတွေ ထီးတင်တုန်းက ကျွန်တော့်ကို အကြောင်းကြားပါတယ်။ အလုပ်များပြီး ဘယ်လိုမှ ထွက်လို့မရတာနဲ့ မလာဖြစ်ဘူး'

ဟု ပြောသည်။

'ဒီလိုဆိုရင် မွမ်းမံပြီးတာ မကြာသေးဘူးပေါ့'

'ဟင့်အင်း တစ်ဆူပြီးတစ်ဆူ မွမ်းမံသွားတာ။ ကျွန်တော် မရောက်ဖြစ်တာက နောက်ဆုံး ထီးတင်တဲ့ ဟိုးဘယ်ဘက်စွန်းက စေတီပါ'

'အိမ်း ကျောင်းကန်ဘုရားတွေ ပြင်တယ်ဆိုတာက သာဝကဆွယ်တာပဲ။ ဦးပဥ္စင်းအတွက်ကတော့ ဘာမှ မလိုတော့ပါဘူး'

လူသံကြားသဖြင့် ထွက်ကြွလာသော ဆရာတော်က ဝင်ရောက် မိန့်ကြားခြင်းဖြစ်သည်။ နှစ်ရှည်လများ သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံးဖြင့် ဓေကာရီ ကျင့်တော်မူသော ဆရာတော်က ဤကျားကူးချောင်တွင် သီတင်းသုံးရန် လက်ခံတော်မူခြင်းမှာ နောင်သာသနာ အရှည်တည်တံ့ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သဘောပေါက်မိလေသည်။

ထို့နောက် ကျောင်းပေါ်တက်၍ ဆရာတော်အား ဦးချကန်တော့ကြသည်။

'တပည့်တော် မနက်ဖြန်လောက် ဆေးလာလှူပါ့မယ်ဘုရား။ အရင်လို ပုလင်းကြီးနဲ့ အကြာကြီး မသွင်းရတော့ဘူး။ ဝန်ကျဉ်းပြီး ထိရောက်တဲ့ ဆေးပါ။ နောက်ပိုင်း နည်းပညာတိုးတက်လာလို့ အကြာကြီး ဒုက္ခခံစရာ မလိုတော့ဘူးဘုရား'

'အေး အေး၊ သာဓု သာဓု သာဓု'

'ဘုန်းဘုန်းဘုရား၊ ဒီဒကာက ရန်ကုန်က စာရေးဆရာပါ။ အရှင်ဘုရားကို ဖူးမြော်ပြီး ကြည်ညိုဖွယ် ဆောင်းပါး ရေးသားပူဇော်ချင်လို့ပါ'

'အေး အေး'

'အဲဒါ ဘုန်းဘုန်းရဲ့ ဘဝဖြစ်စဉ် ထေရုပ္ပတ္တိနဲ့ မှတ်သားစရာလေးတွေ မိန့်ကြားပါဦး'

'ဦးပဥ္စင်းက နားမလေးဘူး၊ မျက်စိလဲ မမှုန်ဘူး။ ဟိုးအဝေးက ပျံလာတာ လေယာဉ်ပျံလား၊ ငှက်လား ခွဲခြားနိုင်တယ်။ ဒါပေမယ့် မေ့လွယ်တယ်။ မှတ်ဉာဏ်မကောင်းတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com

'တင်ပို့ဘုရား သက်တော် (၉၆)နှစ် ရှိပြီပဲ။ မှတ်မိသလောက်ပေါ့ဘုရား။ တပည့်တော်လဲ ကူထောက်ပေးပါ့မယ်'

ကိုမင်းညို၏ ကူညီမှုဖြင့် ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို မှတ်သားခွင့်ရခဲ့သည်။ ဆရာတော်လောင်းလျာကို ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ကျွားဘိုရွာနေ ဦးရန်ရှား၊ ဒေါ်စောမြတို့မှ **၁၂၇၈ ခုနှစ်၊ တပေါင်းလဆုတ် (၄)ရက်၊ တနင်္လာနေ့**တွင် ဖွားမြင်သည်။ ငယ်မည် မောင်ကျော်အေးဖြစ်၍ မွေးချင်းအစ်မ မစိုးရင် ဖြစ်သည်။

၁၃၂၀ ပြည့်နှစ်၊ တန်ခူးလဆန်း (၉)ရက်နေ့တွင် မန္တလေး သံလျက်မော်ရွာ၊ ပေပင်ကျောင်းတိုက် ခဏ္ဍသိမ်တွင် ဆရာတော် ဦးအာစာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်ရှိသည်။ ဦးအာစာရထံတွင် နည်းနိဿယခံယူ၍ ဓမ္မတင် (၁၃)ပါးကို (၃)နှစ်တိုင် နေ့ည ကြိုးပမ်းအားထုတ်တော်မူသည်။

၁၃၂၃ ခုနှစ်၊ ခရစ်နှစ် ၁၉၆၁ ခုနှစ်တွင် ဒါယကာကြီး ဦးအောင်လှ ကူညီဆက်သွယ်ပေးသဖြင့် မင်းကွန်းအထက်တောင်တန်းတွင် ရှိသော ပင်ကုက္ကိုကျောင်းတိုက် ဆရာတော်ထံတွင် ဗဇ္ဇိပတ္တိနည်းနာ ခံယူ အားထုတ်ခဲ့သည်။

'အဲဒီအချိန်ကစပြီး ဦးပဥ္စင်းက "တစ်ပါးတည်းနေ တစ်စိတ်တည်းထား"ဆိုတဲ့ ဩဝါဒအတိုင်း မဲဇလီကျောင်းမှာ တစ်ပါးတည်း သီတင်းသုံးတယ်။ ရေကျော်တောင်အောက် ဆွမ်းခံကြွပြီး အောက်မှာပဲ ဆွမ်းဘုဉ်းပေး၊ ပြီးရင် သပိတ်နဲ့ ရေသယ်ပြီး တစ်ပါးတည်း ကမ္မဋ္ဌာန်း အားထုတ်တာပဲ။ အဲဒီမှာ ကျောင်းရှိ ပရိဘောဂတွေက အုန်းမှုတ်ခွက်တစ်ခု၊ နှုတ်သီးကျိုးနေတဲ့ ကရားအိုးတစ်လုံး၊ သပိတ်တစ်လုံးနဲ့ သင်္ကန်းသုံးထည်ပဲ။

၁၉၆၃ ခုနှစ်ကျတော့ ပင်ကုက္ကိုဆရာတော် ပျံလွန်တော်မူတယ်။ တပည့်သာဝကတွေက တောင်းပန်တာနဲ့ ပင်ကုက္ကိုမှာ (၂)နှစ်လောက် ဝိပဿနာတရား ပြခဲ့ရတယ်။

နောက်တော့ ကျောင်းနဲ့ ပရိသတ် ခင်တွယ်နေလို့ကတော့ ဝါ့ရည်ရွယ်ချက် အထမမြောက်နိုင်ဘူးဆိုတာတွေးပြီး တစ်ပါးတည်း ထွက်ခဲ့တယ်။ တောင်ဘီလူး၊ မင်းကြီးတောင်၊ ရွှေဘိုနယ် နေရာအနှံ့သွားပြီး အားထုတ်တယ်။ အဲ မင်းကြီးတောင်မှာကျတော့ လူစုံတယ်။ ရဟန်း၊ ရသေ့၊ လူပုဂ္ဂိုလ် အင်မတန် စည်ကားတာကလား။ ဦးပဥ္စင်း မနေနိုင်ဘူး။ ပြန်ဆင်းပြေးရတယ်။

ရွှေဘိုဘက်မှာတုန်းက ဟိုလေဘာတဲ့။ စည့်တီးရင် ချောင်းရေလျှံတာ၊ စည်ပုထိုးချောင်း။ အဲဒီ စည်ပုထိုးချောင်းရောက်တော့ ချောင်းရေက ကြည်လင်နေတာပဲ။ အောက်ခြေသဲပြင်ကို မြင်ရတယ်။ ဒါနဲ့ ဖြတ်ကူးမယ်ပေါ့လေ။ ခြေလှမ်းပြင်ရုံရှိသေး ဦးပဥ္စင်းတစ်ပါးက...

"ကိုယ်တော် မလုပ်နဲ့၊ ရေနစ်သေလိမ့်မယ်။ ဟိုမှာ တံတားရှိတယ်။ တံတားက ကူးကြတာပေါ့"

လို့ ပြောတယ်။

"ချောင်းရေက တိမ်တိမ်ကလေး၊ အောက်က သဲတွေတောင် မြင်နေရတာ။ ဘာဖြစ်လို့လဲဘုရား"

လို့ ပြန်မေးတော့ ဝိသနိုးဘုရင်မကြီးက တီးလိုက်ရင် ချောင်းရေကြီးစေတဲ့ စည်ကြီးကို ရဟန်းယောင်တစ်ပါးက ပရိယာယ်ဆင်၊ ယုံလောက်အောင် ပေါင်းပြီး မသမာတဲ့ နည်းနဲ့ ဖျက်ဆီးခဲ့သတဲ့။ စည့်တီးလဲ ရေမလျှံ၊ ရန်သူတွေကို အရှုံးပေးပြီး ပြည်ကြီးပျက်ရတာမို့ ဘုရင်မ စိတ်နာပြီး ဤချောင်းကို ရဟန်းဖြတ်ပါက "ရေနစ်သေပါစေ" ကျိန်စာတိုက်ခဲ့ဆိုကိုး'

'အဲဒါ သရေခေတ္တရာ၊ ပြည်ဘက်မှာလားဘုရား'

'မဟုတ်ဘူး ရွှေဘိုမြို့ အနောက်ထဲကျတယ်။ ကိုင်း ဒါဖြင့်လဲ ရှိစေတော့၊ ရပ်ရွာထုံးစံလေ့ အစွဲအလမ်းကို ပြက်ရယ်မပြုကောင်းဘူး။ တံတားက ကူးရလဲ ချောင်းတစ်ဖက်ရောက်တာပဲလို့ စဉ်းစားပြီး တံတားက ကူးခဲ့ရတယ်'


'ဩော် ဒါကြောင့် ရွှေဘိုနယ် အထက်ပိုင်းနဲ့ ချင်းတွင်းမြစ်ညာက မဟာမြိုင်တောဝန်းကျင်မှာ ဝိသနိုးဘုရင်မက **"မဟာမြိုင်သခင်မ"**ဆိုပြီး ကိုးကွယ်ပသကြတာပဲ။ တပည့်တော် စတွေ့ကာစက သရေခေတ္တရာနဲ့ ဒီလောက်အဝေးကြီးမှာ ဒီဘုရင်မ ဘယ်လိုပတ်သက်ပါလိမ့်လို့ ဦးနှောက်ခြောက်ခဲ့ရတယ်။ မင်းဘူး မန်းစက်တော်ရာရှိသလို ရခိုင် မဒီစက်တော်ရာ ရှိတာပဲ'

ညနေစောင်းကာလဖြစ်၍ တောချုံထူထပ်သော ကျားကူးချောင်တွင် ခြင်များက အလုံးအရင်းဖြင့် ကြိုဆိုကြသည်။ ကိုမင်းညိုက ဆရာတော်အားခွင့်ပန်ကာ ယပ်တောင်အချို့ ယူပေးသဖြင့် ယပ်တောင်ဖြန့် ခံစစ်ဖြင့်ကာကွယ်ကြရသည်။ သို့သော်လည်း အင်အား တောင့်လှသဖြင့် "တင်ပို့ဘုရား"ဟု ထောက်စရာ ပါးစပ်တွင်း ဝင်လာသည်လည်း ရှိလေ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွင်းမြင်ကွင်း

သည်။

နာယူ (နားထောင်)နေကြသူများမှာ ယပ်တောင်ကိုယ်စီ အခါမလပ် တဖျပ်ဖျပ်နှင့် ယပ်တောင်ယိမ်း က, နေကြသော်လည်း ဆရာတော်ကြီးမှာ တုတ်တုတ်မလှုပ်၊ စိတ်ပါလက်ပါ မိန့်ကြားတော်မူနေလေသည်။ ထိုအခါ စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရပ်၊ သီရိသုခချောင်မှ နန်းဦးတိုက်သစ် ဆရာတော် အရှင်ဝိစက္ခဏ မိန့်မြွက်ဖူးသည်ကို သတိရမိသည်။

## ခြင် မကိုက်သော ဆရာတော်

'ဘုန်းကြီးတို့ ဦးပဥ္စင်းပျို့ဘဝ သီတင်းသုံးဖော် ဦးပဥ္စင်းနှစ်ပါးရှိတယ်။ ပိုရင်းနိုးတာက ဦးကောလို့ ခေါ်တယ်။ သူက မန္တလေး စစ်ကိုင်းမှာပဲ ဆက်နေတာကိုး။ ကျန်တစ်ပါးက စာဝါသင်ယူနေရာကနေ ရုတ်တရက် ပျောက်သွားတယ်။ ဘယ်သွားတယ်၊ ဘယ်လာတယ်ဆိုတာလဲ သတင်းအစအန မချန်ခဲ့ဘူး။

နှစ်ပေါင်း (၂၀)ကျော် (၃၀)နီးပါးလောက်ကျမှ ''ဦးကော''က ဆွမ်းခံအပြန်မှာ အဲဒီကိုယ်တော်နဲ့ တွေ့လာသတဲ့။ ဘယ်မှာတည်းသလဲ၊ တပည့်တော်တို့ဆီမှာ တည်းလို့ရပါတယ်။ ဆရာနဲ့ကော တွေ့ပြီးပလား စသဖြင့် အားရဝမ်းသာ မေးပြောတာပေ့ါ။ သူက ''ဆရာ့ကို အသိမပေးပါနဲ့ဦး။ အရှင်ဘုရားတို့ဆီမှာလဲ မတည်းပါရစေနဲ့'' ဆိုပြီး သူတည်းခိုတဲ့ နေရာကို ပြောပြတယ်။

ဒါနဲ့ ဘုန်းကြီးတို့နှစ်ပါး ခေါင်းချင်းရိုက်ကြတယ်။

''ဥပဇ္ဈာယ်ဆရာဆီမှာလဲ မနေဘူး၊ တပည့်တော်တို့ဆီမှာ နေပါဆိုလဲ မရဘူး။ ဘာအကြံအစည် ရှိပါလိမ့်။ ညဥ့်ကျမှ 'တိတ်တိတ်ကလေး သွားချောင်းကြမယ်''

ဒီလို သဘောတူပြီး ညဥ့်မှောင်မှ သူပြောတဲ့နေရာကို ချွတ်နင်းပြီး သွားကြတယ်၊ ချုံတွေကြားက အုတ်တိုက်ဇရပ်ကလေးမှာ ခေါင်းအုံးမပါ၊ အိပ်ရာမရှိ သပိတ်ဘေးချပြီး ကမ္မဋ္ဌာန်းထိုင်နေသဗျား။ ဘာများလုပ်ဦးမလဲ။ ဖွဲကောင်းကောင်းနဲ့ ချောင်းကြည့်လိုက်ကြတာ ရေစပ်စပ် ချုံထူထူမှာ ခြင်ရိုင်းတွေက ဖွဲနဲ့ဆုပ်ပြီး ပက်သလိုပဲ၊ လက်ကောခြေကော မနားရဘူး။

ဟို ကိုယ်တော်ကတော့ ငြိမ်ချက်သားကောင်းလို့၊ နောက်ဆုံး တစ်ကိုယ်လုံး ဖူးရောင်လာတော့မှ ဖွဲမကောင်းနိုင်တော့ဘူး။ ကျောင်းပြန်ပြေးရတာပဲ၊ ခြင်တွေက မျက်နှာလိုက်ပြီး သူ့ကျမှ မကိုက်တာလား။ ခြင်ကိုက်တာကိုပဲ တရားအမှတ်နဲ့ သည်းခံနိုင်တာလား မတွေးတတ်ပါဘူး'

'အဲဒီဆရာတော်က ဘယ်သူလဲဘုရား'

'မော်လမြိုင်နားက ဖားအောက်တောရဆရာတော် (ဒုတိယ)လေ'

ယခုလည်း နန်းဦးဆရာတော် မိန့်သကဲ့သို့ ခြင်များက မျက်နှာလိုက်ကာ ကျားကူးဆရာတော်ကြီးကို မကိုက်လေရော့သလား။ တရားအမှတ်ဖြင့် သည်းခံလေသလား။ မေတ္တာဓာတ်ဖြင့် အောင်နိုင်လေသလား မတွေးတတ်ပါလေ။

## မတော့်မတာ ပြည့်စုံသူ

ထိုစဉ် ကပ္ပိယများက ထမင်းဟင်းများ ပြင်ဆင်ပြီးကြောင်း လာရောက်လျှောက်ထားသည်။

'ကဲ ဒကာတို့ ထမင်းသုံးဆောင်ကြပါဦး'

ကိုမင်းညိုက တီးတိုးပြောပြသည်မှာ... "**ကျားကူးချောင် ရောက်လာရင် ဘယ်အချိန်မဆို ထမင်းစားပြီးမှ ပြန်ရတယ်။ ထမင်းချိန်၊ ဆွမ်းချိန်မှ မဟုတ်ဘူး**"ဟူ၍ ဖြစ်သည်။

ရှေ့လဆက်ဖတ်ပါရန်

**သံသရာခရီးသည်တစ်ဦး**


www.burmeseclassic.com

# ခြကောင်လေးများက ညွှန်းဆိုသော

မိုးလေဝသ

မိုးရာသီတွင် မိုးရွာချသည်မှာ သဘာဝပင် ဖြစ်ပါသည်။ သို့သော်လည်း ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ရာသီဥတုများ ဖောက်ပြန်လျက် ရှိပါသည်။

ဤကဲ့သို့ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးသည် မိုးရာသီတွင် သာမက ဆောင်းရာသီနှင့် နွေရာသီတို့မှာလည်း တစ်ခါတစ်ရံ အသည်းအထန် ရွာချလေ့ ရှိပါသည်။



အချိန်အခါမဟုတ် ရွာချသော မိုးရေသည် သောက်သုံးရေအတွက် မကောင်းသလို လူတို့မှာ ထိလျှင်လည်း ဖျားနာတတ်ပါသည်။

သို့ဖြစ်၍ စာရေးသူအနေဖြင့် ရေးသားဖော်ပြသွားလိုသည်မှာ **အချိန်အခါမဟုတ် မိုးရွာချတော့မည်ဆိုပါက ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် သိရှိထားရမည့် မိုးလေဝသ** ဗဟုသုတလေးတစ်ခု ဖြစ်ပါသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် နွေရာသီကာလတွင် မိုးသည် အချိန်အခါမဟုတ် သဲကြီးမဲကြီး ရွာချလေသည်။

ထိုမိုးရွာချသည့် ရက်ပိုင်းတွင် စာရေးသူ၏ ဈေးဆိုင်သို့ ဦးလေး ဦးပေတြူဆိုသည့်သူ ရောက်ရှိလာပါသည်။ ဦးလေး ဦးပေတြူနှင့် စပ်မိစပ်ရာများ ပြောရင်းဖြင့် မိုးလေဝသနှင့် ပတ်သက်သည့် ခြကောင်လေးများအကြောင်း ရောက်သွားသည်။ ဦးလေး ဦးပေတြူက...

'မိုးရွာချင်လို့ နေမှာပေါ့တူလေး။ မနေ့က ခြကောင်တွေ ခြံစည်းရိုးတိုင်မှာ တက်ပြီး ခြအုံတွေ လုပ်တယ်။ မိုးရွာတော့မယ်ဆိုရင် သစ်ပင်တွေမှာလဲ တက်ပြီး ခြအုံလုပ်တယ်'

'တိရစ္ဆာန်တွေကလဲ သဘာဝကို သိတယ် ဦးလေး'

ဟု စာရေးသူက ပြန်ပြောပါသည်။

သို့ဖြစ်ပါ၍ မိုးသည် အချိန်အခါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည့်ဖြစ်စေ ရွာချတော့မည်ဆိုပါက ဖော်ပြပါ ခြကောင်လေးများ၏ လုပ်ဆောင်ချက်ကို ကြည့်၍ မိုးလေဝသအခြေအနေကို ကြိုတင်ခန့်မှန်းနိုင်ပါသည်။



ဖော်ပြပါ ဗဟုသုတလေးကို ပြောပြသော **လှိုင်ကော်မြို့နယ်၊ ထေးငှားလျား ကျေးရွာအုပ်စု၊ ဘာဒိုကျေးရွာမှ ဦးလေးဦးပေတြူ**အား ကျေးဇူးတင်လျက်။

အောင် (ကယားမြေ)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန်
(စက်မှု-၁)

'ဟော့… ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်… စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ… လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်နိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း။ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချီနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ… အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် "စကြာမင်း"လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်–စ/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု–၁)**



www.burmeseclassic.com

www.burmeseclassic.com

# ဝေဘူဆရာတော်ကြီး၏

ကြည်ညိုဖွယ်ရာများနှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်များ (၁၉)

ကျောက်ဆည် မင်းမင်းဟော်



◆ ဝေဘူဆရာတော်ကြီး

## ယခင်လမှအဆက်

'ဟဲ့…ပဏ္ဍိတ နင်တို့သုံးပါး ဒေသတွင်ခေါင် ဆေတီမှာ ညတရားအားထုတ်ခိုင်းထားတာ မသွားသေးဘူးလား'

ဆရာတော်ကြီးမှ မေးသော် ဦးဉာဏ၊ ဦးပဏ္ဍိတနှင့် ဦးကောသလ္လတို့က တစ်ပါးကိုတစ်ပါး ကြည့်နေပြီး ဆရာတော်ကြီး၏ အမေးကို အဖြေရခက်နေစဉ် ဦးပဏ္ဍိတက "တပည့်တော်တို့ ကြောက်လို့ပါ ဘုရား"ဟု လျှောက်ထားသော် ဆရာတော်ကြီးမှ ပြုံးတော်မူပြီး…

'ဘာကြောက်ရတာလဲဗျာ'

ဟု မေးသော် ဦးပဏ္ဍိတက လျှောက်ထားသည်မှာ…

'တပည့်တော် ပထမ စိတ်တွင်း ချောင်းဆိုးပျောက်ဆေးနဲ့ ရေနွေးလာပို့ရင် ကောင်းမှာပဲ တွေးနေစဉ် ဒါယကာကြီး ချောင်းဆိုးပျောက်ဆေးနဲ့ ရေနွေး လာပို့ပါတယ်ဘုရား။

ဒုတိယက တို့ဒါယကာကြီး ကြက်သားဟင်းရည်ချိုနဲ့ ဆွမ်းလာကပ်ရင် ကောင်းမှာလို့ တမ်းတမိရင် အဲဒီဒါယကာကြီးက အရုဏ်မှာ ကြက်သားဟင်းရည်ချိုနဲ့ လာပို့ပါတယ် ဘုရား။

တတိယက တပည့်တော် ဒါယကာကြီးတို့မိသားစု ဆွမ်းနဲ့ ရေနွေး၊ လက်ဖက် ဆီရွှဲရွှဲလေးဆမ်းပြီး မိသားစုလိုက် လာပို့ရင်း ကောင်းမှာပဲလို့ တမ်းတမိပါတယ်ဘုရား။

အကယ်ပဲ အဲဒီဒါယကာကြီး မိသားစုလိုက် တပည့်တော်တမ်းတတဲ့ အတိုင်း လာပို့ လှူဒါန်းပါတယ်ဘုရား။ တပည့်တော် တမ်းတတဲ့အတိုင်း ဒါယကာကြီး သိနေတာဆိုတော့ နတ်လား၊ ဘီလူးလားဆိုတာ မသိလို့ တပည့်တော်တို့သုံးပါး ကြောက်ပြီး

www.burmeseclassic.com

မသွားတာပါဘုရား'

ဟု လျှောက်ထားတော့ ဆရာတော်ကြီးက ပြုံးတော်မူ၍...

'တို့ရဟန်းသုံးပါးကလဲ အစားအသောက် ချည်းပဲလား။ ဝိပဿနာတရားကျင့်ပါဆိုမှ နင်တို့ဟာ အစားတရားကျင့်ပါလားဟဲ့။ တော်သေးတာပေါ့ အစားမိုလို့ တခြားဟာတွေများ စဉ်းစားမိရင် ရှက်စရာကြီးဗျာ။ မကောင်းတာများ တွေးတောမိမယ်ဆိုရင် နှင့် ဒါယကာကြီး သိသွားတော့ ဒါယကာကြီးက တောင်စောင့်နတ်တွေကို ပြောမှာဗျ။ တောင်စောင့်နတ်က ကျောင်းစောင့်တွေပြောမှာ။

ကျောင်းစောင့်နတ်တွေက အခြား ခန္ဓာကိုယ်စောင့်တဲ့နတ်တွေ ပြောမှာပဲ။ ခန္ဓာကိုယ်စောင့်တဲ့ နတ်တွေသိမှတော့ လူတွေသိကြမှာဗျ။ အဲသလို နတ်တွေရော လူတွေပါ သိတော့ တို့ရဟန်းကြီး မရှက်ဘူးလားဗျာ'

ဟု ဆရာတော်ကြီးမေးတော့ ဦးပဏ္ဍိတက...

'ရှက်ပါတယ်ဘုရား'

ဟု လျှောက်ထားတော့ ဆရာတော်ကြီးက...

'အင်း...ဒီလိုတော့ ရှက်တတ်သားပဲ၊ တို့ရဟန်းကြီးသုံးပါးက ဘုရားစကား ဆိုဆုံးမတဲ့အတိုင်း ကျင့်ကြံပွားမယ်ဆိုရင် ပစ္စုပ္ပန်သံသရာနှစ်ဖြာ ချမ်းသာမယ်ဗျာ'

ဟု မိန့်တော်မူလိုက်ပြီး ထိုရဟန်းသုံးပါးကို ခေမထွဋ်ခေါင်စေတီသို့ တရားအားထုတ်ရန် ထပ်မံ စေလွှတ်လိုက်သည်။

ထိုရဟန်းသုံးပါးသည် စိတ်ကို ချုပ်တည်း၍ တရားရှုမှတ်နေရှာသည်။ ထိုဒါယကာကြီးကတော့ အရုဏ်ဆွမ်းကပ်လှူပြီ ကပ်လှူဒါန်းသည်။ (၈)လ မြောက်သော် ထိုရဟန်းကြီးများသည် ထူးခြားသောတရား ရသွားလေသည်။ ဝါဆိုလပြည့်နေ့ကြမှ ဆရာတော်သည် ရဟန်းပရိသတ်ရှေ့မှာ...

'ဦးဉာဏ၊ ဦးပဏ္ဍိတနဲ့ ဦးကောသလ္လတို့ တရားထူးရသွားပြီ၊ သံသရာဘေးမှ လွတ်ကင်းပါပြီဗျာ'

ဟု မိန့်တော်မူလိုက်စဉ် ရဟန်းပရိသတ်က တညီတညွတ်တည်း "သာဓု...သာဓု...သာဓု" သုံးကြိမ် ခေါ်လိုက်သည်။

'သူတို့ကို ပါရမီဖြည့်ကြတဲ့ ပုဂ္ဂိုလ်တွေက သိုက်နန်းရှင် ဒါယကာကြီးနဲ့ သူ့ရဲ့မိဖြစ်တဲ့ ဒါယိကာမက မညိုတဲ့။ သူတို့နှစ်ဦးနဲ့ ဦးပဏ္ဍိတတို့က လွန်ခဲ့တဲ့ ငါးဘဝလုံးလုံး ညီအစ်ကိုမောင်နှမ တော်စပ်ခဲ့တယ်။

သာသနာလဲ ကြည်ညိုကြတော့ သူတို့ရဲ့ ဆွေဆက်မျိုးဆက်ဖြစ်တဲ့ ဦးပဏ္ဍိတက သာသနာ့ဘောင်မှာ တရားနဲ့ပျော်မွေ့နေတဲ့သူ ဆိုတော့ သူတို့က ပို၍ကြည်ညိုပြီး အထူး ဂရုစိုက်ပြီး ပါရမီဖြည့်တာဗျ။

ဦးပဏ္ဍိတတို့က ပါရမီဖြည့်ဖက်ဖြစ်တဲ့ ဆွမ်းဒါယကာ၊ ဒါယိကာမတို့ကို မေတ္တာပို့ကြပွားများကြ'

ဟု ဆရာတော်ကြီးက မိန့်တော်မူလိုက်သည်။

## ပါရမီဖြည့်သူကို ရှာနေတာဗျ

**၁၂၈၆ ခုနှစ်ကုန် ၁၂၈၇ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့တွင်** ဆရာတော်သည် ဖောင်ရွာရပ်ကွက်အတွင်းသို့ ဆွမ်းခံကြွတော်မူလာရာ ရပ်ကွက်သူ,ရပ်ကွက်သားက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဆွမ်း,ဆွမ်းဟင်းကို လောင်းလှူကြသည်။

ထိုအချိန်က ယင်းရပ်ကွက်သည် အိမ်ခြေ နှစ်ဆယ်ခန့်မျှသာ ရှိလေသည်။ မိုးခေါင်ရေရှား ကျေးတောရွာမှ ရေကြည်ရာ မြက်နုရာ ဆိုသည့် စကားအရ ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက်သို့ ပြောင်းရွှေ့လာ၍ ကြုံရာကျပန်း အလုပ်,လုပ်ကြသည်။ တောင်သူများ ဖြစ်ကြသည်။ သို့သော် လှူရေးတန်းရေးမှာ သဒ္ဓါထက်သန်လှသည်။

ဆရာတော်ကြီး ဆွမ်းခံကြွလာလျှင် ဆွမ်း, ဆွမ်းဟင်းများ သူထက်ငါ လောင်းလှူကြသည်။ ဆရာတော် ဆွမ်းခံကြွရာ လမ်းတစ်လျှောက်မှာ အမှိုက်များ ပြောင်စင်နေအောင် သန့်ရှင်းရေး ပြုလုပ်ထားကြသည်။

ဆရာတော်သည် တရားကို နှလုံးသွင်း၍ ဆွမ်းခံကြွလာသည်ကို ဖူးတွေ့ရသောသူများ အေးမြကြည်လင်၍ လောင်းလှူလိုသော စေတနာသဒ္ဓါတရားတို့သည် ဝါဂွမ်းဆီထိနေသလို ပီတိဖြာနေ၏။ သူတော်ကောင်းတွေအဖို့မှာ ဆရာတော်ကို သဒ္ဓါပီတိဖြင့် ဖူးတွေ့ကြည်ညိုရသည်မှာ အားမရနိုင်အောင် ကြည်ညိုရသည်ကို မဝနိုင်ရှိခဲ့သည်။

ဆရာတော်ကြီးကို ကြည်ညိုသူများ သလောက် ရပ်ကွက်အတွင်းမှ အရက်သမား မောင်ကိုကြီးက မကြည်ညိုပါ။ ဆရာတော်ကို အမြင်ကတ်နေပါသည်။ ဆွမ်းကပ်လှူသည့် ဒါယကာကြီးတွေကို တရားချီးမြှင့်ခြင်း၊ ဆွမ်းခံကြွလာသည့်အခါမှာ ဣန္ဒြေကြီးနှင့် ကြွလာသည်ကို အမြင်ကတ်နေပြီး ဆရာတော် ဆွမ်းခံကြွလာသည့်အခါ အများတကာက ဆွမ်းလောင်းသော်လည်း မောင်ကိုကြီးက ဆရာတော် သပိတ်အတွင်းသို့ ပါလာသည့် အရက်တွေ လောင်းထည့်လိုက်သည်။

'ဆရာတော် အရက်ဆွမ်း ဘုဉ်းပေးပါ'

ဟု လျှောက်ထားလိုက်သေး၏။

ဆရာတော်ကြီးက ပြုံးတော်မူ၍...

'သာဓု...သာဓု...သာဓုဗျား'

ဟု သာဓုသုံးကြိမ်ခေါ်ပြီး ကြွသွားလေ၏။ ဤဖြစ်ပျက်ကို အားလုံး တွေ့



www.burmeseclassic.com

www.burmeseclassic.com



ဝေဘူဆရာတော် တရားကျင့်သော ဗုဒ္ဓိသဂူ

မြင်နေရသူက ဒေါ်မြစိန် ဖြစ်ပေသည်။ ဒေါ်မြစိန် ဆွမ်းလောင်းမည့်နေရာကို ဆရာတော်ကြွလာပြီး ဆွမ်းခံ ရပ်တော်မူသည့်အခါ၊ ဒေါ်မြစိန် ဆွမ်းလောင်းသည့်အခါ သပိတ်ကို အဖုံးဖွင့်ပေးရာတွင် ဒေါ်မြစိန် အလွန် အံ့ဩနေမိသည်။

အဘယ်ကြောင့်ဆိုသော် မောင်ကိုကြီးက သပိတ်အတွင်းမှာ အရက်တွေ လောင်းလှူလိုက်သည်ကို တွေ့မြင်လိုက်ရသည်။ ယခုတော့ သပိတ်အတွင်းမှာ အရက် လုံးဝမရှိ။ အရက်နံ့လည်း လုံးဝမနံ့ဘဲ မွှေးကြိုင်လှသော အနံ့နှင့် ပြည့်စုံသော ဆွမ်း၊ ဆွမ်းဟင်းများဖြစ်နေ၍ ဒေါ်မြစိန် အထူး အံ့ဩနေမိသည်။

ဆွမ်း လောင်းလှူပြီးသောအခါ ဒေါ်မြစိန်က မောင်ကိုကြီးကို...

'ဟဲ့... ကိုကြီး နင်တော်တော်ကို မိုက်တဲ့သတ္တဝါပဲ။ ဘုရား၊ တရား၊ သံဃာကို မထိလေးစား ပြစ်မှားပြီး အခုလို ရဟန္တာကို ကိုယ်ထိလက်ရောက် စော်ကားပြီး ပြစ်မှားတဲ့ အကောင်။ နင်က ဒေဝဒတ်ရဲ့သား ဖြစ်ခဲ့ဖူးတဲ့ အကောင်ပဲ၊ နင်ထက် မိုက်တဲ့သူ မရှိဘူး၊ နင်က ခွေးထက် မိုက်တဲ့ အကောင်ပဲ'

ဟု ဒေါ်မြစိန်က ပြောဆိုပစ်လိုက်စဉ် မောင်ကိုကြီးက ဘာမှ ပြန်ပြောခြင်း မပြုဘဲ ငြိမ်၍နေ၏။

နောက်တစ်နေ့ ဆွမ်းခံကြွလာသော ဆရာတော်ကြီးကို မောင်ကိုကြီးက တွန်းလှဲလိုက်ရာ ဆရာတော်မှာ သပိတ်ပိုက်လျက်နှင့် မှောက်လျက် လဲသွားသည်။ သပိတ်က လွင့်စဉ်ကျသွားသော်လည်း ဆွမ်းတစ်စေ့မှ မဖိတ်ဘဲ တည်လျက်သားလေး အတိုင်း ကျနေသည်။

မောင်ကိုကြီးကတော့ ဆရာတော်ကို ကြည့်၍ ဟားတိုက်၍ အားပါးတရ ရယ်မော၍ သဘောကျနေသည်။ ဆရာတော်မှာ လဲရာမှထ၍ သပိတ်ကို ပြန်ကောက်ယူ၍...

"သာဓု...သာဓု...သာဓု" တို့များကတော့ ပါရမီဖြည့်မည့်သူကို ရှာနေတာပါဗျာ၊ အခုမှ ပါရမီဖြည့်မည့်သူကို တွေ့ရတော့တယ်ဗျာ ကောင်းပ...ကောင်းပ'

ဟု မိန့်တော်မူသွားပြီး ဆွမ်းခံ ဆက်လက်၍ ကြွသွားသည်။ နောက်တစ်နေ့မှာ "မောင်ကိုကြီးတစ်ယောက် အရက်သောက်လွန်ပြီး သွေးအန်လို့ သေပြီတဲ့" ဆိုသော ထိုသတင်းစကားသည် ရပ်ကွက်အတွင်း ပျံ့နှံ့သွားလေသည်။

ထိုသတင်းစကားကို ဒေါ်[illegible] ကြား



www.burmeseclassic.com

www.burmeseclassic.com



◆ ဓမ္မရှု တတိယသွ

သိရတော့ ''ရဟန်းသံဃာကို ကိုယ်ထိလက်ရောက် စော်ကားတဲ့ကောင် အခုတော့ ခွေးလိုသေသွားတာ ကောင်းတယ်'' ဟုဒေါ်မြစိန်တစ်ယောက်တည်း ရေရွတ်နေမိသည်။

## မရိုက်နဲ့...အဲဒါက ဒါယကာကြီးရဲ့ ဒါယိကာမဗျ

၁၃၀၀ ပြည့်နှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့က ဖြစ်ပါသည်။ ဝေဘူဆရာတော်သည် လဆန်း(၈)ရက်လပြည့်၊ လပြည့်ကျော်(၈)ရက် လကွယ်နေ့များမှာဆိုလျှင် တောင်နံ့သာရွာနှင့် ဖောင်ရွာရပ်ကွက်တို့ ဆွမ်းခံရက် ဖြစ်ပါသည်။ ဝါဆိုလဆန်း(၈)ရက်နေ့ ဆရာတော်ကြီးသည် နောက်ပါ သံဃာတော်ငါးပါးနှင့် ဆွမ်းကြွလာစဉ် ဦးတိုးမောင်က ဆွမ်းများ လောင်းလှူရန် ရွာလယ်လမ်းမကြီး ရောက်ရှိလာသည်။

ကိုတိုးမောင် ရောက်လာလျှင် ခွေးနက်မလေးပါ ရောက်လာ၏။ ကိုတိုးမောင်ကို မျက်ခြည်မပြတ် သွားလေရာ တကောက်ကောက်နှင့် လိုက်ပါလျက် ရှိသည်။ ဆရာတော် ဆွမ်းခံကြွလာသည်ကို တွေ့မြင်ရတော့ ကိုတိုးမောင်က ဆရာတော်ကို ရှိခိုးဦးချ၍ ကန်တော့စဉ် ခွေးနက်မကလေးက ဝပ်၍ ရှေ့လက်နှစ်ချောင်းကို ရှေ့ထုတ်ပြီး ခေါင်းကလေးနှင့် ဆရာတော်ကို ဦးတိုက်နေသည်။

ဤဖြစ်စဉ်ကို ဆွမ်းလောင်းလှူမည့် ဒါယကာ၊ ဒါယိကာမတို့က အံ့သြ၍ ကြည့်နေကြသည်။ ကိုတိုးမောင် ဆွမ်းလောင်းလှူသည့်နေရာသို့ ရောက်တော့ ဆရာတော်က သပိတ်ကို ဖွင့်ဟပေးတော့ ကိုတိုးမောင်က ဆွမ်းလောင်းလှူစဉ် ခွေးနက်မလေးကမတ်တတ်ရပ်၍ ကိုတိုးမောင်ကို မှီကပ်၍ ရပ်နေသည်။

ကိုတိုးမောင်က ဆွမ်းလောင်းလှူရင်း ''ဟဲ့...ခွေးမ'' ဟု ငေါက်သော်လည်း မရဘဲ ခွေးမလေးက ကိုတိုးမောင်ကို မှီကပ်၍ ရပ်နေစဉ် ဆရာတော်ကြီးမှ ပြုံးတော်မူ...

'မရိုက်နဲ့...ဒီခွေးမလေးက တစ်ချိန်က ဒါယကာကြီးရဲ့ အမျိုးသမီး ဖြစ်တယ်။ မရိုက်နဲ့...မငေါက်နဲ့ မေတ္တာစေတနာထားပြီး ကောင်းစွာ မွေးထားဗျ'

ဟု မိန့်ကြားပြီး ဆွမ်းခံကြွသွားသည်။

ကိုတိုးမောင်သည် ဆရာတော် မိန့်ကြားသည်ကို ဇဝေဇဝါ ဖြစ်နေသည်။ ကိုတိုးမောင်၏ဇနီး မသန်းလှသည် စိတ်သဘောကောင်းသည်။ ကျေးမွေး



www.burmeseclassic.com

www.burmeseclassic.com

ရှိသောစိတ်ရှိသည်။ စုဆောင်းသည့် အရာမှာလည်း သူတစ်ပါးထက် သာသည်။

ကိုတိုးမောင်နှင့် အကြောင်းပါပြီး နှစ်နှစ်လောက်ကြာတော့ သားလေး တစ်ယောက် ထွန်းကားသည်။ သား အမည်က မောင်ထွန်းသန်း ဖြစ်သည်။ မောင်ထွန်းသန်း ဖွားလာသည့်အချိန် မှာ ကိုတိုးမောင်တို့ဇနီးမောင်နှံမှာ အလုပ်ကို ထူးခြားစွာ ကြိုးစား၍ အလုပ်လုပ်သည်။

တစ်နေ့သော် မသန်းလှ တောက အပြန် ရေချိုးပြီး ထမင်းစား၍အပြီးတွင် အပြင်းဖျားလာသည်။ အမောဖောက် လာသည်။ သို့နှင့် ကိုတိုးမောင်သည် ရွာထိပ်က ဆရာပင့်လာသည်။ ပင့်လာ သော်လည်း အလာကောင်းပြီး အခါ နှောင်းခဲ့သည်။ ကိုတိုးမောင်နှင့် ဆေး ဆရာလည်း အိမ်ထဲရောက်သည့် အချိန် မသန်းလှလည်း အသက်မရှိ တော့ပေ။

ကိုတိုးမောင်သည် သားဖြစ်သူ မောင်ထွန်းသန်းနှင့် မသန်းလှ၏ အလောင်းကို ကြည့်၍ ငိုကြွေးနေရုံက လွဲ၍ ဘာမျှ မတတ်နိုင်တော့ပါ။ သေသူက အနိစ္စ၊ ကျန်သူက ဒုက္ခမီး ပွားလျက် ပူဆွေးသောက ကြုံတွေ့ရ သည်မှာ ပုထုဇဉ်တို့၏ သဘာဝမျှသာ ဖြစ်ပေတော့သည်။

မသန်းလှ ကွယ်လွန်သည်မှာ သက္ကရာဇ် တွက်ဆကြည့်တော့ တစ် ဆယ့်နှစ်နှစ်တောင် ကျော်ခဲ့သည်။ ယခု ခွေးနက်မလေးက မသန်းလှ ဖြစ်သည် ဟု ဆရာတော်ကြီးက မိန့်မှာသွား၍ ကိုတိုးမောင်အနေနှင့် ယုံရခက်သလို ခွေးမလေး၏ အမူအရာကို အကဲခတ် ကြည့်တော့ မောင်ထွန်းသန်းနှင့် ကိုတိုး မောင်တို့ သွားရာ တကောက်ကောက် နှင့် လိုက်ပါလျက်ရှိပြီး ညအိပ်သော အခါ ကိုတိုးမောင်၏ ခြေရင်းမှာ အိပ် သည်။

တစ်ညတာမှာ ကိုတိုးမောင်နှင့် သားမောင်ထွန်းသန်းတို့ ရေနွေး သောက်နေစဉ် ခွေးမလေးက အိမ် ခေါင်တိုင်၏အခြေမှာ သူလက်နှင့် ယက်၍နေပြီး ကွမ်းတစ်ယာညက်ခန့် အကြာမှာ မောင်ထွန်းသန်း၏ ပုဆိုးစ ကို နှုတ်သီးဖြင့်ကိုက် အိမ်ခေါင်တိုင်ကို ယက်ပြလိုက်၊ ကိုတိုးမောင်၏ လက်ကို အသာအယာကိုက်ပြီး ခေါ်လိုက်နှင့် ခွေးမလေးမှာ မောနေရှာသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ကျောက်ဆည် မင်းမဟော်**

## စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**



www.burmeseclassic.com

www.burmeseclassic.com

# ကြက်မ တွန်ခြင်းနှင့် ပတ်သက်၍

သိသူများမှ ဖြေကြားပေးပါရန်

မြမြဝင်း (တောင်ငူ)

စာရေးသူတို့ မိသားစုသည် (၂-၂-၂၀၁၂)နေ့က ကျွဲပွဲရွာရှိ ခင်ပွန်းသည်၏ မိဘများအား ပူဇော်ကန်တော့ရန်အတွက် 'ကျွဲပွဲမြို့'သို့ ဆိုင်ကယ်ဖြင့် နံနက်စောစော ခရီးထွက်ခဲ့ကြပါသည်။

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်အတွင်းရှိ ကျွဲပွဲရွာသည် ရှေးယခင်က ငွေကြေး ချမ်းသာကြွယ်ဝသော သူကြွယ်မကြီးတစ်ဦးသည် အခြွေအရံများနှင့် ခရီးသွားဟန်လွှဲအနေဖြင့် ထိုရွာကလေးတွင် တစ်ညတာ အနားယူအိပ်စက်ခဲ့ခြင်းကို အကြောင်းပြု၍ ထိုရွာကို 'သူကြွယ်မ,အိပ်ပွဲရွာ'ဟု ခေါ်ဝေါ်ခဲ့ကြရာမှ အချိန်ကာလရွေ့လျားလာသောအခါ ကြွယ်အိပ်ပွဲရွာဟူ၍လည်းကောင်း၊ ထိုမှတစ်ဆင့် 'ကျွဲပွဲရွာ'ဟူ၍ လည်းကောင်း အမည်တွင်လာခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ယနေ့ခေတ်အခါ၌ ယင်းကျွဲပွဲရွာသည် ဘုရား,ပုထိုး,စေတီများ၊ ဘုန်းကြီးကျောင်းများ၊ အခြေခံပညာမူလတန်း, အလယ်တန်း, အထက်တန်းကျောင်းများ၊ ဆေးရုံ၊ ကြေးနန်းရုံး၊ အိတ်ချိန်းရုံး၊ သစ်တောရုံး၊ ရဲစခန်း၊ ဘူတာရုံ၊ ကားဆိပ်၊ မြို့နယ်အားကစားကွင်း၊ နံနက်ပိုင်းဈေး စသည်တို့ရှိသည့်အပြင် ရပ်ကွက်များ ဖြစ်သော ခင်ကြီးရပ်၊ ကျောင်းကြီးရပ်၊ ဓမ္မာရုံရွာမ၊ မင်းကံရိုး၊ ဈေး(၁)၊ ဈေး(၂)ဟူ၍ ရပ်ကွက် (၇)ခုနှင့် နေအိမ်တိုက်တာ ခြံမြေ အဆောက်အအုံများစွာဖြင့် ခေတ်မီစွာ တိုးတက်စည်ကားသော ကျွဲပွဲမြို့ ဖြစ်၍နေပါပြီ။

ကျွဲပွဲမြို့ရှိ ဆွေမျိုးများကလည်း စာရေးသူတို့ထံ လာရောက်နှုတ်ဆက်ကြပြီး ထွေရာလေးပါး စကားများပြောကြရာ၌ ယောက္ခမ ဒေါ်မြင့်မြင့်မှ...

'ကြက်မ,တွန်တာ ကြားဖူးသလား'

ဟု မေးရာ စာရေးသူက...

'ဘယ်အိမ်မှာ တွန်တာလဲ။ ကျွန်မ ကြည့်ချင်လိုက်တာ'

ခင်ပွန်းသည်က...

'သွားကြည့်လေ'

ဟု ခွင့်ပြုသောအခါ စိတ်လက်ပေါ့ပါးစွာဖြင့် ဈေး(၁)ရပ်သို့ ယောက်မဖြစ်သူ မကျင်တီနှင့်အတူ သွားကြည့်ခဲ့ပါသည်။



အိမ်ရှင်မှာ တရုတ်လူမျိုး ဗုဒ္ဓဘာသာ ကိုးကွယ်သူများ ဖြစ်ကြပြီး အဖေဖြစ်သူ ဦးတူးနှင့် အမေဖြစ်သူ ဒေါ်ခွေးမတို့မှာ ကွယ်လွန်ကြပြီးဖြစ်၍ သမီးများဖြစ်သော မစန်းစန်းမော်နှင့် မလင်းလင်းတို့ အပျိုကြီး ညီအစ်မနှစ်ယောက်သာ ရှိပြီး စားသုံးကုန်ပစ္စည်း ရောင်းဝယ်ခြင်းလုပ်ငန်းဖြင့် အေးဆေးစွာ နေထိုင်ကြပါသည်။

ထိုခြံထဲတွင် အိမ်မွေးတိရစ္ဆာန်ခွေး (၁)ကောင်၊ ကြက်ဖ (၁)ကောင်နှင့် ကြက်ပေါက်စလေးများကို တွေ့ရပါသည်။ မကျင်တီက အိမ်ရှင် အမျိုးသမီးများနှင့် စာရေးသူကို မိတ်ဆက်ပေးပါသည်။

**စာရေးသူ** ။ ။ 'ကြက်တွေ ဘယ်လောက်များများ မွေးထားပါသလဲ'

**စန်း** ။ ။ 'သမီးတို့ အဖေ၊ အမေ လက်ထက်ကတည်းက ခြံပေါက်ကြက်လေး နည်းနည်းရှိတာပါ။ ဆောင်းရာသီ အလယ်လောက်မှာ ကြက်အနာကျပြီး အချို့ကြက်တွေ သေကုန်ကြတယ်။ အခုလက်ရှိ ကြက်ဖနဲ့ ကြက်မ တစ်စုံသာ ကျန်ခဲ့တာပါ'

**စာရေးသူ** ။ ။ 'ကြက်မက တွန်တယ်ဆိုတာလေး ပြောပြပါဦး။ ဘယ်နေ့က တွန်သံ ကြားမိတာပါလဲ။ တစ်နေ့ကို ဘယ်နှစ်ကြိမ်လောက် တွန်တယ်ဆိုတာကော မှတ်ထားမိသေးလား'

**စန်း** ။ ။ 'ကြက်မ,တွန်သံကလေ ကြက်ဖတွေလို **"အောက်အီးအီးအွတ်"** လို့ ပီပီပြင်ပြင် တွန်ကျူးတာမျိုး မဟုတ်ပါဘူး။ **"အော့အီးအီးအောက်"** လို့ မပီတပီ အသံသေးသေးလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြာခဏ တွန်ကျူးနေတာပါ။ အဲဒီ
သံကို လွန်ခဲ့တဲ့ (၂)ရက်ကစပြီး
ကြားရတာပါ'

**စာရေးသူ** ။ ။ 'ဒီလို ကြက်မတွန်
ဘယ်ဆိုတဲ့ ထူးခြားမှုကို တွေ့ရတော့
အတွေ ဆက်လုပ်ဖြစ်လဲ ဆိုတာလေး
ပြောပြပါဦး'

**လင်း** ။ ။ 'ဈေးထဲကို အစ်မ
ကျောင်တီရဲ့ အမေ ကြီးကြီး ဒေါ်မြင့်မြင့်
ရောက်လာတော့...

"သမီးတို့အိမ်က သားပေါက်နေတဲ့
ကြက်မတွန်နေတာ (၂)ရက်ရှိပြီ"

လို့ ပြောပြမိပါတယ်။ ကြီးကြီး က...

"ဟဲ့ လင်းလင်း ကြက်မတွန်ရင် အိမ်မှာ
မထားကောင်းဘူး။ ရောင်းပစ်"

လို့ ပြောပါတယ်။ သမီးတို့လဲ
ကြက်ပေါက်စလေးတွေနဲ့ ကြက်မ
ကြီးကို ခွဲပြီးမရောင်းရက်ပေမယ့်
"သက်ကြီးစကား သက်ငယ်ကြား"
ဆိုသလို အိမ်မှာ မထားရဲတော့ဘဲ
နက်ကမှ ရောင်းပစ်လိုက်တာပါ'

**စာရေးသူ** ။ ။ 'ဒီကြက်မ,တွန်သံ
ကြားပြီးတဲ့နောက်ပိုင်း ဒီမိသားစုမှာ
ထူးထူးခြားခြား အိပ်မက် ထူးဆန်းတာ
မျိုး ဈေးအရမ်းရောင်းကောင်းတာမျိုး
ရှိပါသလား'

**စန်း** ။ ။ 'လတ်တလော ထူးခြား
တာမျိုး မရှိသေးပါဘူး။ ဈေးရောင်း
တာကတော့ ပုံမှန်ပါပဲ'

စာရေးသူသည် အဝါရောင် ကြက်
ပေါက်စလေးများအား ရေတွက်ကြည့်
ရာ ရှစ်ကောင်ရှိကြောင်း တွေ့ရပါ
သည်။

**စာရေးသူ** ။ ။ 'ဒီကြက်ပေါက်စ
လေးတွေရဲ့ အသက်ဟာ ဘယ်နှစ်လ
သား ရှိပါပြီလဲ'

**လင်း** ။ ။ 'ကြက်ပေါက်ထားတာ
(၂)လကျော်ပါပြီ'



ကြက်ဖကြီးမှာ တွဲစရာ
အခြား ကြက်မအဖော်
မရှိသောကြောင့်ပေ
လား။ အမိမဲ့ ကြက်
ပေါက်စလေးများကို
သနား၍ပေလားမသိပါ။
အစာရှာရင်း ပိုးကောင်၊
တီကောင်ကလေးများ
တွေ့ပါက ကွတ်...
ကွတ်... ကွတ်... ကွတ်...
နှင့် အနီး ကြက်ပေါက်စလေး
များအား ခေါ်၍ ကျွေးနေသည်ကို
စာရေးသူကိုယ်တိုင် တွေ့မြင်ခဲ့ရ၍
အမိမဲ့ ကြက်ပေါက်စကလေးများအား
ကရုဏာသက်နေမိပါတော့သည်။

၁၉၈၃ ခုနှစ်က စာရေးသူကိုယ်တိုင်
ကြက်မတွန်သံကို ကြားခဲ့ရသည့်
တက္ကသိုလ်ဝင်တန်း ကျောင်းသူဘဝကို
အမှတ်ရမိပါသည်။

စာရေးသူတို့ခေတ်က ကျူရှင်များ
ပေါ်နေပါပြီ။ မပြည့်စုံသဖြင့် ကျူရှင်
ဆိုသည်မှာ ဘယ်နေရာမှာ ရှိသည်
ဟု မသိခဲ့ပါ။ မိမိကိုယ်ကိုမိမိ အားကိုး
ကာ စာအုပ်ပုံထဲတွင် အပတ်တကုတ်
ကြိုးစားကျက်မှတ်ရပါသည်။

တောင်ငူမြို့ မြတ်စောညီနောင်
ဘုရားပွဲတော်သည် တပေါင်းလဆန်း
မှစ၍ လပြည့်ကျော်အထိ စည်ကား
သိုက်မြိုက်စွာ ကျင်းပရာ ဘုရားပွဲတော်
သွားမည့် နွားလှည်း၊ ယာဉ်များမှာ
ချူသံတချင်ချင်နှင့် ပျော်ပျော်ရွှင်ရွှင်
သီချင်းလေးညည်းပြီး ကြက်ဦးပြုတ်
သူ၊ ငါးပိကြော်သူ၊ အဝတ်ပိုထည့်ပြီး
သနပ်ခါးသွေးသူ သူတို့ကို အားကျပြီး
မပျော်နိုင်ပါ။

မိမိ စာကျက်သည့်နေရာတွင်
**"အဖေ ရှာ၍ အမေ
ချက်ကျွေးသော ထမင်းကို
စားပြီး ငါ ဘယ်တော့မှ
မမိုက်"**ဆိုသည့်
စာတန်းလေးကို စာလုံးကြီး
ကြီးဖြင့် ရေးကပ်ထားပြီး
မကြာခဏဖတ်ကာ စိတ်ဓာတ်
စွမ်းအားကို မြှင့်တင်ရပါသည်။
ကျောင်းစာထဲတွင်သာ စိတ်ကိုနှစ်၍
နေ့မအား၊ ညမအား ကြိုးစားနေခိုက်
တစ်ညတွင် စာကျက်ရင်း
အချိန်များ ကုန်မှန်းမသိ ကုန်သွားရာ
"သိမ်ဥူး ဘုန်းတော်ကြီးကျောင်း"မှ
အုန်းမောင်းခေါက်သံ ကြားလာပါ
သည်။

'ဪ အုန်းမောင်းတောင်မှ ခေါက်
နေပြီ။ တစ်ရေးလောက် အိပ်ဦးမှပဲ'

ဟု အိမ်အောက်သို့ ခဏဆင်းရာ
အစ်ကို ဦးထွန်းအေး မွေးထားသော
ကြက်ဖကြီးမှ တွန်ကျူးပါသည်။

'ဟော လင်းကြက်တွန်ပြီပဲ'

အိမ်ပေါ်သို့ ပြန်တက်မည်အပြုတွင်
ကြက်ခြံထဲမှ 'အော့အီးအီးအက်'ဟု
တွန်သံ ထပ်ကြားရပါသည်။

'ဟာ ဒါကြက်ဖကြီးအသံ မဟုတ်ပါဘူး။
ဘယ်သူကများ ကျီစယ်နေပါလိမ့်။ ငါ့ကို
မနောက်နဲ့နော်။ ငါက သရဲဆို လုံးဝမကြောက်
ဘူး။ လူတော့ကြောက်တယ်'

ဟု စိတ်ကို ရဲဆေးတင်၍ လက်ထဲ
တွင်ပါလာသော ရေနံဆီမီးခွက်ထည့်
သည့် မီးပုံးဖြင့် ကြက်ခြံထဲ ဝင်ကြည့်
ရာ မိမိ၏ မျက်စိရှေ့တွင်ပင် ကြက်မ
တစ်ကောင်က 'အော့အီးအီးအက်'ဟု
အသံသေးသေးလေးဖြင့် တွန်ကျူးပြပါ
သည်။ (**လူများ ဟပ်ချိုး ချီချင်လျှင်
အောင့်အီးထား၍ မရသကဲ့သို့
ကြက်တွန်ချင်တာကိုလည်း အောင့်**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆဆလ (တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ၊

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း၊**

အမှတ်-၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)





www.burmeseclassic.com

www.burmeseclassic.com

ရွှေတောင်မြို့ ရဟန္တာ(၈၀)နှင့်

# မှဲ့ရှင်ဆရာတော်ကြီး (၁)

သန်းဦး (သုဝဏ္ဏ)



◆ ကျေးဇူးတော်ရှင် မှဲ့ရှင်ဆရာတော်ကြီး

## ရွှေတောင်မြို့

ရွှေတောင်မြို့လေးဟာ အေးချမ်းပြီး သာယာတဲ့ မြို့ငယ်လေးတစ်မြို့ပါ။ မြောက်မှတောင်သို့ စီးဆင်းနေတဲ့ ဧရာဝတီမြစ်ကြီးရဲ့ ကမ်းနံဘေးမှာ တည်ရှိနေတာပါ။

တစ်ချိန်ကဆိုရင် ရက်ကန်းမြို့လေးလို့ အများသိခဲ့ကြတဲ့မြို့ ဖြစ်ပါတယ်။ **ကျီးသဲလေးထပ် ဆရာတော်ကြီး၊ သခင်ကိုယ်တော်မှိုင်း၊ စာရေးဆရာ မောင်တင့်တယ်တို့** ထင်ရှားခဲ့ပါတယ်။

ရွှေနတ်တောင်စေတီတော်၊ ရွှေမျက်မှန်စေတီတော်တို့ အထင်ကရ တည်ရှိကာ ဖူးမြော်နိုင်ပါတယ်။ ဒီနေ့မှာတော့ ချည်မျှင်နဲ့ အထည်စက်ရုံတွေ စက်ရုံ အလုပ်ရုံများ ပေါ်ထွန်းလာပြီး လမ်းကောင်းလမ်းမွန်၊ အဆောက်အအုံကောင်းများစွာနဲ့ မြို့ငယ်လေး အဆင့်မှ ကျော်လွန်ကာ ဖွံ့ဖြိုးခေတ်မီနေပါပြီ။

ရွှေတောင်မြို့ဟာ ပြည်မြို့မြောက်ဘက် (၉)မိုင်အကွာမှာ ရှိပါတယ်။ ရန်ကုန်–ပြည် ကားလမ်းမကြီးပေါ်မှာ တည်ရှိနေပါတယ်။ မြို့ပြအဆောက်အအုံများစွာနဲ့ သာသနိက အဆောက်အအုံများစွာရှိကာ အလွန်စည်ကားလို့ နေပါပြီ။

## ရဟန္တာ(၈၀)

ရှေးနှစ်များစွာကတော့ ရဟန္တာ(၈၀) သာသနိက နယ်မြေဆိုတာ ရှိနေမှန်း မသိခဲ့ကြပါဘူး။ ကျေးဇူးတော်ရှင် မှဲ့ရှင်ဆရာတော် ဦးခေမာစာရ တွေ့ရှိတူးဖော်ပြီး ၂၀၀၄ ခုနှစ်ရောက်မှသာ အားလုံး သိရှိခဲ့ကြတာ ဖြစ်ပါတယ်။

ရဟန္တာ(၈၀) ရှေးဟောင်းသိမ်တော်ကြီးဟာ **ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ နွားမယ်ကျေးရွာအုပ်စု၊ ဖိုးသိန်းတန်ရွာအနီး ရွှေတောင် ချည်မျှင်နှင့် အထည်စက်ရုံ အရှေ့ဘက်(ရန်ကုန်–ပြည် ကားလမ်း အနောက်ဘက်) ပေ(၂၀၀၀)ခန့်အကွာမှာ တည်ရှိပါတယ်။**


၂၀၀၄ ခုနှစ်၊ ဧပြီ (၈)ရက်နေ့မှာ





www.burmeseclassic.com

www.burmeseclassic.com



◆ တူးဖော်တွေ့ရှိခဲ့သော ရဟန္တာရုပ်ပွားတော်များအား အုတ်ပလ္လင်ဖြင့် မြင့်တင်ထားပုံ

ပြည်မြို့မှ ဦးငွေ၊ ရွှေတောင်မှ ဦးဖေချစ်၊ ဦးပု၊ ဦးသိန်းအောင်တို့ဟာ မြို့နယ် သံဃနာယကအဖွဲ့ရဲ့ တာဝန်ပေးချက်အရ သာသနာပြုအဖွဲ့များကို ဦးစီးဦးဆောင်ပြုပြီး မှဲ့ရှင်ဆရာတော်ကြီးကို လာရောက် လျှောက်ထားကြပါတယ်။

ထိုကာလက ဆရာတော်ကြီးဟာ ရွှေတောင်၊ မယားမာန်ကျေးရွာ၊ ငါးဆူတောင် ဓမ္မရိပ်သာမှာ သာသနာပြုနေချိန် ဖြစ်ပါတယ်။

အဆိုပါအဖွဲ့က လျှောက်ထားတာမှာ တောင်ကြီးမြို့မှ ဘိုးတော် ဦးအေးဟာ အိပ်မက်အရ ပြည်မြို့သို့ ရောက်ရှိလာပြီး '**ပြည်တော်ဝင်ဦးအေး**'လို့ အမည်ခံကာ နောင်တွင် ရဟန္တာ(၈၀)လို့ အမည်တွင်လာမယ့် တောချုံတောင်ကုန်းတောကြီးနေရာ၌ စေတီတော်တစ်ဆူကို တည်ဆောက်ပြုပြင်ခဲ့ကြောင်း၊

ယခင်က ဦးအေးဟာ အသားလွတ်စားခဲ့သော်လဲ နောင်တွင် စည်းဖောက်ပြီး အသားစုံ ချက်စားခဲ့ရာမှ မကြာခင်ပင် ခန္ဓာကိုယ်အတွင်းပိုင်း အောင့်သောဝေဒနာဖြင့် ဆုံးသွားရကြောင်း၊

သူ ပြုပြင်တည်ဆောက်လက်စ အပြီးမပြတ်သေးတဲ့ ရှစ်ထောင့်ပုံစေတီကို အမြဲတမ်း အသားလွတ်စားကာများစွာသော သာသနာပြုနေတဲ့ မှဲ့ရှင်ဆရာတော်ကြီးက ဆက်လက်ပြုပြင်ပေးပါရန် လာရောက်လျှောက်ထားခြင်း ဖြစ်ပါတယ်။

မကြာမီပင် ဆရာတော်ကြီးဟာ






www.burmeseclassic.com

www.burmeseclassic.com





အမှတ် (၉၂၉) အထူးမော်တော်ယာဉ်တပ်(ချောင်ခေါ)မှ တပ်ရင်းမှူး ဗိုလ်မှူး သန်းထွန်းကိုခေါ်၍ သွားရောက်ကြည့်ရှုစစ်ဆေးပါတယ်။

ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာပေါက်ရောက်နေသော အနီးတစ်ဝိုက်ဒန်းကျင်များကို လေ့လာရင်း ညောင်ပင်ကြီး (၄)ပင်နဲ့ ကုန်းကြီး (၁)ကုန်းခုံတောကြီးကို မြင်လိုက်တာနဲ့ တစ်ချိန်က သာသနာပြုရန် အိပ်မက် မက်ဖူးသော၊ အင်မတန် မြင့်မြတ်သော နေရာကြီးပါလားလို့ ဆင်ခြင်တော်မူခဲ့ပါတယ်။

မိမိ သာသနာပြုရန် ဘူမိနက်သန်စမ်းသော နေရာဌာနအမှန်သို့ ရောက်ပြီလို့ ယုံကြည်ကာ နေရာအနှံ့ဝမ်းသာရွှင်လန်းစွာ လှည့်ပတ်ကြည့်ရှုလေသော် တောကြီးအတွင်း တစ်နေရာကို ရောက်ခဲ့ပါတယ်။

ဆက်လက် ဝင်ရောက်ကြည့်ရာ တစ်စွန်းတစ်စ ပေါ်နေသော အုတ်စွန်းများကို လည်းကောင်း၊ ညောင်ပင်ရင်းတွင် အမြစ်ကုပ်လျက် အကြိုအကြားများစွာတို့မှ ရှေးအုတ်ဟောင်းတို့ကို လည်းကောင်း တွေ့လိုက်ရပါတယ်။

နောင်တွင် ဆရာတော်ဟာ တိုင်ပင်သင့်သူများနဲ့ တိုင်ပင်ကာ (၉၂၉)တပ်မှ တပ်ဖွဲ့ဝင်အင်အားများနဲ့ ဦးအေးရဲ့ စေတီကို ခဏထားပြီး မိမိအာရုံရသော အုတ်ကုန်းကြီးကို အရင် စတင် ရှင်းလင်းရန် ဆုံးဖြတ်ခဲ့ပါတယ်။

ဤသို့ဖြင့် တပ်မတော်အရာရှိ အရာခံ အကြပ်တပ်သားများနဲ့အတူ အခြားသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂေါပကလူကြီးအချို့နဲ့ ရွာသူရွာသားများ၊ ငါးဆူတောင်ဓမ္မရိပ်သာကျောင်းတိုက်မှ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီတို့ဖြင့် စတင်ကာ ရှင်းလင်းလုပ်အားပေးခဲ့ကြပါတယ်။

နောက်ရက်များတွင် ပို၍ လူအင်အားတိုးကာ ဆောင်ရွက်ခဲ့သဖြင့် (၁၀)ရက်ပြည့်တဲ့နေ့တွင် ညောင်ပင်ကြီး (၄)ပင်နဲ့ ကုန်းမြေပြင်ကြီး(၁)ခု ပေါ်လာခဲ့ပါတယ်။

ထို့နောက် လေးဖက်လေးတန် ပတ်လည်တံတိုင်းလို့ ထင်ရသော အနေအထားများလဲ ပေါ်ပေါက်လာပါတယ်။

တံတိုင်းကြီးကို ရာဟုထောင့်က စလို့ (၁၈-၄-၂၀၀၄)မှာ စတင် တူးပါတယ်။ (၂၈-၄-၂၀၀၄)မှာ သျှောင်တော်မပါတဲ့ ဦးခေါင်းတော်နဲ့ ရုပ်ပွားတော်တစ်ဆူကို တွေ့ရပါတယ်။

နောက်မှာ အုတ်တွင်းခွက်တစ်ခုနဲ့ ရုပ်ပွားတော်တစ်ဆူ တွေ့ရှိပြန်ပါတယ်။ ဤသို့ဖြင့် တူးရင်းတူးရင်းဖြင့် သျှောင်မပါ ဦးခေါင်းတော်ရုပ်ပွားတော်အချို့ ထပ်မံတွေ့ရှိပြီးနောက် ရဟန္တာရုပ်ပွားတော်များကို တွေ့ရပါတော့တယ်။ ဆရာတော်ကြီးက...

'အသီတိရဟန္တာ(၈၀)တို့ရဲ့ ရုပ်ပွားတော်များ ဖြစ်တယ်'

လို့ မိန့်ဆိုပါတယ်။


အသီတိရဟန္တာ(၈၀) ဆိုတာဟာ မြတ်စွာဘုရားရှင် လက်ထက်တော်က အရှင်သာရိပုတ္တရာနဲ့ လက်ယာရံတော် ရဟန္တာ(၄၀)၊ အရှင်မဟာမောဂ္ဂလာန်နဲ့ လက်ဝဲတော်ရံ ရဟန္တာ(၄၀)တို့ ဖြစ်ကြပါတယ်။

ထိုအချိန်မှစကာ 'ပေါ်မြို့တန်၍




www.burmeseclassic.com

www.burmeseclassic.com



◆ မဟာသိမ်တော်ကြီး




**ပေါ်၊ ကျော်ချိန်တန်၍ ကျော်'** ဆိုတဲ့အတိုင်း ယနေ့တွင် မှဲ့ရှင်ဆရာတော်ကြီးရဲ့ ကျေးဇူးတော်ကြောင့် ရှေးဟောင်းရဟန္တာ(၈၀) ရုပ်ပွားတော်များနဲ့ ရဟန္တာ(၈၀) မဟာသိမ်တော်ကြီးတစ်ခု ရွှေတောင်မြို့တွင် ငွားငွားစွင့်စွင့် အောင်လံလွှင့်၍ ပွင့်ထွန်း ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါတယ်။

၂၀၀၄ ခုနှစ်မှစ၍ အစပြုခဲ့သော ရဟန္တာ(၈၀) သာသနိက နယ်မြေဟာ ယခုအခါ စည်ပင်သာယာ ဖွံ့ဖြိုးလျက် ဝေဝေဆာဆာဖြင့် သာသနာရောင်ဝါ ထွန်းလင်းလို့ နေပါပြီ။


များစွာသော သာသနိက အဆောက်အအုံများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ လေးကျွန်းမြင်းမိုရ်ဘုရားကြီးနဲ့ များစွာသော စေတီတော်အသစ်များ၊ အဟောင်းများစွာဖြင့် တင့်တယ်၍ နေပါတယ်။ မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများလဲ နေ့စဉ်မပြတ် ရောက်ရှိလာကြပါတယ်။

တကယ်တမ်းမှာတော့ ဤနေရာ ဤဌာနတွင် ဆရာတော်ကြီး သာသနာ ပြုရန် အခွင့်အလမ်း ပေါ်ပေါက်ခြင်း ဟာ အကြောင်းမဲ့တော့ မဟုတ်ပါ။

ဘဝဆက်၊ ပဋ္ဌာန်းဆက်၊ သာသနာ ဆက် ရှိသောကြောင့်လို့ ပြောနိုင် တယ်။ အချိန်ကာလများစွာ ခေတ် အဆက်ဆက်တွင် မြေကြီးထဲ၌ မြုပ်နေခဲ့သော အခြေအနေ ထောက်ဆကြည့်ရင်ပင် သိမြင်နိုင် တယ်။


www.burmeseclassic.com

www.burmeseclassic.com



◆ ပရိက္ခက်အတွင်းမှ ရှင်ဥက္ကဋ္ဌကျောင်းဆောင်

◆ ရှေးဟောင်းရေတွင်းတော်



ဒါကြောင့် ဒီလို ထူးခြားသော ကိစ္စများဟာ ဖြစ်ချင်တိုင်း ဖြစ်မရ၊ ပျက်ချင်တိုင်း ပျက်မရ၊ ပေါ်ချင်တိုင်း ပေါ်မရ၊ ဖော်ချင်တိုင်း ဖော်မရ၊ ကျော်ချင်တိုင်း ကျော်မရနိုင်လို့ ဆိုနိုင်ပါမယ်။

## မှဲ့ရှင်ဆရာတော်ကြီး

ရွှေတောင် မှဲ့ရှင်ဆရာတော်ကြီးရဲ့ ဘွဲ့တော်မှာ ဦးခေမာစာရ ဖြစ်ပါတယ်။ ယနေ့ဆိုရင် သက်တော်မှာ (၈၀)ကို တစ်နှစ် စွန်းနေပါပြီ။

ဤဆောင်းပါးဖြင့် ဆရာတော်ကြီးရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်နဲ့ ကြည်ညိုဖွယ်ရာဂုဏ်တို့ကို ကုန်စင်အောင် မရေးပြနိုင်သလို သာသနာပြုပုံ၊ အကျင့်စရဏတို့ကိုလဲ အလုံးစုံ ရေးမပြနိုင်ပါ။ တစ်နေ့ ကြုံကြိုက်ပါက လက်လှမ်းမီသရွေ့ တင်ပြပေးသွားနိုင်အောင် ကြိုးစားပါမယ်။

သို့ရာတွင် ရဟန္တာ(၈၀) ရုပ်ပွားတော်များ မြေကြီးအောက်မှ တွေ့ရှိ၍ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းနဲ့ ရှေးဟောင်း မဟာသိမ်တော်ကြီး ပေါ်ထွန်းလာရခြင်းတွင် ဆရာတော်ကြီး အကြောင်း မပါလို့တော့ မဖြစ်ပေ။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး ချိန်မှလို့ ယူဆရသော (ဆရာတော်ကြီးကလဲ မိန့်ကြားပါတယ်။) ဤပုံတော်များဟာ ရှေးအဆက်ဆက်က မည်သည့်ပုဂ္ဂိုလ်မှ တွေ့မသွားလေသော အကြောင်းဆက်မှာ ဂမ္ဘီရဆန်နေပါတယ်။ သူ့အကြောင်းနဲ့သူသာ ဖြစ်ပါလိမ့်မယ်။

တစ်ခါတစ်ရံတွင် အချို့သော အကြောင်းအရာများမှာ ပြောရန်၊ တွေးရန် ခက်ခဲပါတယ်။ စာပေတွင် မရှိ၍၊ မတွေ့၍ မဟုတ်ဘူးပြောရန် ခက်လှပါတယ်။

အခု တူးဖော်တွေ့ရှိသော ရဟန္တာ (၈၀) ရုပ်ပွားတော်များနဲ့ ရှေးဟောင်း မဟာသိမ်တော်ကြီးဟာ မှဲ့ရှင်ဆရာတော်ကြီးရဲ့ သီလ၊ သမာဓိ၊ ပညာ ရှေးဘုန်းကံတို့ကြောင့်သာ ကောန်အမှန် ပွင့်ထွန်းလာခြင်းလို့ လက်ခံရပေလိမ့်မယ်။

ဆရာတော်ကြီးဟာ ဤဘဝ၊ ဤနေရာသို့ မရောက်ခင်တွင် အနယ်နယ်အရပ်ရပ်ရှိ တောတောင်များကို တောထွက်ကာ (၂၇)နှစ်တိတိ အဓိဋ္ဌာန်ထား၍ အရညဝါသီတောမှီ ရဟန်းအဖြစ် နိက္ခမပါရမီနဲ့ အဓိဋ္ဌာန်ပါရမီကို သမထဝိပဿနာလမ်းကြောင်း အမှန်အတိုင်း ကျင့်ကြံအားထုတ်လို့ အောင်မြင်ခဲ့သော ပုဂ္ဂိုလ်မြတ် ဖြစ်ပါတယ်။

ရှေ့လ ဆက်ဖတ်ပါရန်

**သန်းဦး(သုဝဏ္ဏ)**



www.burmeseclassic.com

www.burmeseclassic.com

# အုန်းပင်တွေ အသီးသီးအောင်



၂၀၀၃ ခုနှစ်က အကြောင်းကိစ္စတစ်ခုနှင့် **ပန်းတောင်းမြို့နယ်၊ ကျောက်ဖူးကျေးရွာ၊ ကျောက်ဖူးအရှေ့ ဝိဇိတာရုံကျောင်း**သို့ ရောက်သွားပါ၏။

ကျောင်းဝိုင်းကြီးသည် ကျယ်ဝန်းလှ၏။ ကျောင်းအဆောက်အအုံတွေလည်း ပေါ်များလှ၏။

ကျောင်းဝိုင်းပတ်ပတ်လည် သစ်သီး၊ သစ်ပင်တွေလည်း စုံလင်လှပါ၏။

ကျောင်းထိုင်ဆရာတော်မှာ ရွှေဘိုဇာတိ၊ ဘွဲ့တော်မှာ ဦးရေဝတဖြစ်ပါ၏။ ထိုစဉ်က သိက္ခာဝါ(၁၅)ဝါရနေပြီ ဖြစ်ပါ၏။ ဆရာတော်မှာ အသက်အရွယ်ငယ်ငယ်နှင့် စိုက်ပျိုးရေး ဝါသနာပါလှပါသည်။

သူ့ကျောင်းဝိုင်းအတွင်းမှာ စိုက်ပျိုးထားသော သစ်သီး၊ သစ်ပင် စုံလင်လှ၏။ ငှက်ပျော၊ မာလကာ၊ ပိန္နဲ၊ သရက်၊ မရန်း၊ အုန်း အစရှိသည်ဖြင့် စုံလင်လှ၏။

ကျောင်းဝိုင်းအတွင်းမှ သစ်သီး၊ သစ်ပင်များကို ကြည့်ပြီး ရောက်လာသူအပေါင်းတို့ ချီးမွမ်းအံ့သြသူတွေ များကြ၏။ ချီးမွမ်းအံ့သြစရာလည်း ကောင်းလှပါသည်။

ငှက်ပျောဆိုလျှင်လည်း ဖီးကြမ်း၊ ရခိုင်၊ ဝက်မလွတ် စသည်ဖြင့် စုံလင်လှ၏။ ဝက်မလွတ်ငှက်ပျောတွေ သီးနေလိုက်ပုံများ အပင်နှင့်အခိုင် မလိုက်အောင် အဖီးတွေ များများနှင့် မြေကြီးကိုပင် အခိုင်တွေ ထိနေ၏။

သံပရာပင်တွေမှာလည်း အလွန် ပြွတ်သိပ်နေအောင်သီး၏။

အုန်းပင်လေးတွေဆိုလျှင်လည်း ငယ်ငယ်လေးတွေနှင့် အသီးတွေ ပြွတ်သိပ် ပြည့်ကျပ်နေအောင် သီးနေကြ၏။

အုန်းပင်လေးတွေ ငယ်ငယ်နှင့် ပြွတ်သိပ် ပြည့်ကျပ်နေအောင် သီးနေသည်ကို အားကျမိ၍ ကျောက်ဖူးအရှေ့ ဝိဇိတာရုံကျောင်း ဆရာတော်ဦးရေဝတကို စာရေးသူမှ မေးကြည့်လိုက်၏။

'ဦးရေဝတ အရှင်ဘုရား ကျောင်းက အုန်းပင်လေးတွေ ငယ်ငယ်လေးတွေနဲ့ ပြွတ်သိပ်ပြည့်ကျပ်ပြီး သီးနေအောင် ဘယ်လို လုပ်ထားပါသလဲ'

ဟု မေးကြည့်သောအခါ...

ဦးရေဝတက...

'တခြား ထူးထူးဆန်းဆန်းတော့ ဘာမှမလုပ်ပါဘူး။ ဓာတ်ခဲဟောင်းတွေ ထုခြေကာ စက္ကူထဲထည့်ပြီး အထုပ်ကလေးတွေ ထုပ်ပါတယ်။ အဲဒီ အထုပ်ကလေးတွေကို အုန်းလက်တွေကြားထဲ ထည့်ထားလိုက်တာပါပဲ။ အဲဒီလို လုပ်ပေးလိုက်လို့ အရှင်ဘုရား မြင်တဲ့အတိုင်းပဲ တပည့်တော်ရဲ့ အုန်းပင်တွေ အရမ်းသီးလာတာပါပဲ'

ဟု ပြောပြပါသည်။

စီးပွားဖြစ် အုန်းပင်စိုက်ပျိုးသူများ သိရှိနိုင်ရန် ရည်ရွယ်၍ ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

**[ကျေးဇူးဆောင်းပါးဖြင့် နည်းစနစ်ကို ပြောပြပေးသော ကျောက်ဖူးအရှေ့ ဝိဇိတာရုံဆရာတော်အား မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။]**

**ဦးပညာလင်္ကာရ (*ပန်းတောင်း*) ကျွဲရဲကျောင်းဆရာတော်**



www.burmeseclassic.com

www.burmeseclassic.com

## အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

ဦးအိုက်တင်(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် ညီ၍လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး ပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူ၍ မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ ...ဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများ ...ချင်သောက် ချင်စိတ် မရှိ၊ ဝမ်းဗိုက်ထဲမှလေသံများ ...ဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ...ဝါလာ၏။ ဆီးနည်းလာ၏။ ရုံခါဝမ်းချုပ်၍၊ ရုံခါ အပူ...ကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင် ...ညည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက် ... ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက် ...ကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါ ...မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမှစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ ...အိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော ...ကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ် ... ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို ...ကျော်ကျော်နှိပ်စက်နေသော အနှီးရန်သူသည် B-ပိုး ...နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာ ...က်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ...တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံ ...ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်မိုရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက ''ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မုန့်ရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား။" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ပိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(၁၁/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ ၆/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၃၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘုတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့၊
ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၂၁၃



www.burmeseclassic.com

www.burmeseclassic.com

ပြည်မြို့

# ယုန်ဖြူတောင်ပေါ်ရှိ

ဝေါက်နေသည့် ညောင်ပင်ထဲမှ ထိုးထွက်လာသော နဂါးဦးခေါင်း

ထူးသစ်လွင် (ပြည်)





▲ အဝင်ဝ လမ်းညွှန်ဆိုင်းဘုတ်

◀ တရားထူး ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်သော ယုန်ဖြူတောင်စေတီတော်

(၂၃-၇-၂၀၁၂)နေ့တွင် ညီများဖြစ်ကြသော ညီညီ၊ ဘာဘူ(ခေါ်) အောင်အောင်တို့နှင့် မရောက်တာကြာပြီဖြစ်သော ယုန်ဖြူတောင်စေတီတော်ရှိရာသို့ ထွက်လာခဲ့သည်။

မြတ်စွာဘုရား ယုန်မင်းဘဝတုန်းက ကျင်လည်ကျက်စားခဲ့သော တောင်ဖြစ်သလို ဘုရားအဖြစ်သို့ ရောက်ရှိလာသောအခါ၌ ထိုတောင်သည် နောင်သောအခါ၌ သာသနာရောင်ဝါ ထွန်းလင်းတောက်ပသော နေရာထူး ဖြစ်လာလိမ့်မည်ဟူ၍ ဗျာဒိတ်ပေးတော်မူခဲ့သည့်တောင်ပင် ဖြစ်ပေသည်။

ထို့ကြောင့်ပင် တောင်တော်ကို "ယုန်ဖြူတောင်"ဟုခေါ်၍ တောင်တော်ပေါ်တွင် တည်ထားသော စေတီတော်မြတ်ကြီးကို **"ဗျာဒိတ်ရ ပြည်ဝင် ယုန်ဖြူတောင် စေတီတော်မြတ်ကြီး"**ဟူ၍ ခေါ်ဝေါ်သမုတ်ကြသည်။

ယုန်ဖြူတောင်သည် အင်မတန်ထူးခြားသော တောင်ဖြစ်သလို လူအသွားအလာ ကျဲသည်။ ထိုတောင်တော်ပေါ်၌ အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်၊ တရားထိုင်ပါက တစ်ဦးနှင့်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်တော်ပေါ်သို့တက်ရာ မုခ်ဦးပေါက် နှင့် အုတ်လှေကား



◆ တောင်တော်ပေါ်သို့တက်ရာ တောင်ဘက်ရှိ အုတ်လှေကားအသစ်

မတူညီသော ထူးခြားမှုများကို ကြုံတွေ့ကြရသည်။ (စာရေးသူနှင့် ညီဖြစ်သူ ညီညီတို့၏ ကိုယ်တွေ့ပင် ဖြစ်သည်။)

ဤတောင်တော်ပေါ်၌ အဓိဋ္ဌာန်ဝင်တိုင်း စာရေးသူသည် စေတီတော်၌ အဓိဋ္ဌာန်ဝင် ပုတီးစိပ်၍ ညီညီကတော့ ဉောင်ပင်အောက်၌ အဓိဋ္ဌာန်ဝင် ပုတီးစိပ် တရားထိုင်နေမြဲပင် ဖြစ်သည်။

ညီညီ တရားထိုင်၊ ပုတီးစိပ်သော ဉောင်ပင်မှာ ဗောဓိဉောင် မဟုတ်သော်လည်း ထူးခြားမှုရှိသော ဉောင်ပင်ဟု ဆိုပါက မှားမည်မဟုတ်ချေ။ ဘာဖြစ်လို့လဲဆိုတော့ ဉောင်ပင်၏ မြောက်ဘက်၌ရှိသော အကိုင်းတစ်ကိုင်းသည် မီးကြိုးများဖြင့် ထိနေသလို တဖြည်းဖြည်းဖြင့် ခြောက်သွေ့လာသည်။

ထို့ကြောင့် အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ရလေအောင် ထိုအကိုင်းကို ခုတ်မည်ဟူ၍ ဆုံးဖြတ်လိုက်စဉ်မှာပင် ထူးထူးခြားခြား ဉောင်ပင်တစ်ခုလုံး ဉောင်ရွက်များ ကတော့ထိုးနေသည်ကို တွေ့လိုက်ကြရသည်။

သို့နှင့် ယုန်ဖြူတောင်ကျောင်းတိုက် ဆရာတော်ကြီးက ခုတ်ခွင့်မပြုဘဲ အချိန်ကာလတစ်ခုကို စောင့်ဆိုင်းခဲ့သည်။ နောက်(၄)၊ (၅)လ ကြာသော အခါမှ ဆရာတော်ကြီး၏ ခွင့်ပြုချက် ရရှိသောကြောင့် ထိုအကိုင်းကို ခုတ်ပိုင်းခဲ့သည်။

ခုတ်လိုက်သော အကိုင်းမှာ ပြတ်သွားသော်လည်း အောက်သို့ ပြုတ်ကျမသွားဘဲ တစ်စုံတစ်ယောက်က ဆွဲထားသလို တန်းလန်းကြီး ဖြစ်နေသောကြောင့် အပင်ခုတ်သောသူသည် ကြောက်လန့်သွားပြီး အပင်ပေါ်မှ အလျင်အမြန်ဆင်း၍ ဆရာတော်ထံသို့ သွားရောက် လျှောက်ထားလေသည်။

'ဆရာတော်ဘုရား ဆရာတော်ဘုရား'

'အလန့်တကြားနဲ့ ဘာဖြစ်လာတာလဲ ဒကာကြီး'

'ဒီ...ဒီ...ဒီလိုပါ တပည့်တော်ခုတ်တဲ့ ဉောင်ကိုင်းက ပြတ်သွားပေမယ့် အောက်ကို မကျဘဲ တန်းလန်းကြီး ဖြစ်နေတယ်။ ဟို...ဟို တစ်စုံ





www.burmeseclassic.com

www.burmeseclassic.com





◆ ညီဖြစ်သူ ညီညီ ပုတီးစိပ်၊ တရားထိုင် ပြုလုပ်သော ညောင်ပင်အနောက်ဘက်မှ မြင်ရသောပုံ

◆ ညောင်ပင်ထဲမှ ထိုးထွက်လာသော နဂါးဦးခေါင်းပုံ

တစ်ယောက်က ဆွဲထားသလိုပဲ ဘုရား'

'ဟေ...ဟုတ်ရဲ့လား ဒကာကြီး အမြင်များ မှားလို့လား'

'အမြင်မှားတာ မဟုတ်ပါဘူး ဘုရား။ တပည့်တော် သေသေချာချာ လေ့လာသုံးသပ်ပြီးမှ ကြောက်စိတ်တွေ ဝင်လာတာနဲ့ အပင်ပေါ်က အမြန်ဆင်းလာခဲ့ရတာပါ'

သစ်ခုတ်သမား၏ စကားကို ဝေဖန်သုံးသပ်ရင်း ဆရာတော် စဉ်းစားနေသဖြင့် အချိန်အတော်ကြာအောင် စကားပြတ်သွားသည်။ ထို့နောက် အခြေအနေ အကြောင်းတရားကို နားလည် သဘောပေါက်သွား၍ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ကာ...

'ကဲ...ဒကာကြီး ဘာမှ ကြောက်မနေနဲ့ ညောင်ပင်ဆီကို သွားရအောင်'

ဆရာတော်ကြီးသည် ပြောရင်းဖြင့် ထိုင်ရာမှထကာ ရှေ့မှ ဦးဆောင်၍ ထွက်လာခဲ့သည်။ ညောင်ပင်သို့ ရောက်သောအခါ မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်းတို့ကို မေတ္တာပို့ အမျှအတန်း ဝေပြီးနောက် ထိုပုဂ္ဂိုလ်တို့အား မေတ္တာရပ်ခံ တောင်းပန်စကား ဆိုလိုက်သည်။

ဆရာတော်ကြီး၏ စကားဆုံးသောအခါ ထိုညောင်ကိုင်းသည် မြေပြင်ထက်သို့ ပြုတ်ကျလာခဲ့သည်။

ဤကား ထိုညောင်ပင်ကြီး၏ ထူးခြားသော အကြောင်းအရာတစ်ခုပင် ဖြစ်ပေသည်။

စာရေးသူနှင့် ညီဖြစ်သူတို့၏ ကိုယ်တွေ့များလည်း ရှိပေသည်။ (ထိုအကြောင်းကို သီးသန့်ရေးသားဖော်ပြပါမည်။) ယခုတော့ စာရေးသူ ဖော်ပြချင်သောအကြောင်းအရာကို ဆက်လက် ပြောပြပါရစေ...

စာရေးသူတို့ ယုန်ဖြူတောင်သို့ ရောက်သောအခါ တောင်တော်ပေါ်သို့ တက်ရန် ပြုလုပ်ထားသော အုတ်လှေကားထိပ်တွင် မှိဦးအသစ်ကို တွေ့လိုက်ရသောကြောင့် သာသနာ ရောင်ဝါ ထွန်းတောက်တော့မည့် နိမိတ် လက္ခဏာတစ်ခုဟူ၍ တွေးမိပြီး ကြည်နူးသွားခဲ့သည်။ ထိုနောက်တော့ အုတ်လှေကားမှတစ်ဆင့် တောင်တော်ပေါ်သို့ တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

တောင်တော်ပေါ်သို့ ရောက်သောအခါ စေတီတော်ကြီးအား အားရအောင် ကြည်ညိုပူဇော်ပြီးနောက် တောင်ဘက်လှေကားရှိရာသို့ လျှောက်လာခဲ့သည်။ ယခင်က အိုမင်းဟောင်းနွမ်း ပျက်စီးနေသော လှေကားမှာ ယခုတော့ အလှူရှင်ပေါ်လာသဖြင့် အသစ်ဖြစ်နေပေပြီ။ ရင်ထဲမှာ ဒုတိယမို့ ကြည်နူးသွားရပြန်သည်။

ထို့နောက် စာရေးသူတို့ ညီအစ်ကို တွေ တက်လာခဲ့သော အုတ်လှေကားနှင့် မနီးမဝေး၊ စေတီတော်ကြီး၏ အနောက်ဘက် မနီးမဝေးတွင်ရှိသော ညောင်ပင်ကြီးအောက်သို့ လျှောက်လာခဲ့သည်။

ညောင်ပင်အောက်၌ ခေတ္တခဏ ထိုင်၍ ဆေးလိပ်သောက်ရင်း ညီညီနှင့် စာရေးသူ စကားပြောနေစဉ် ဘာဘူ (ခေါ်) အောင်အောင်ကလည်း သူ၏ ကင်မရာဖြင့် ဓာတ်ပုံများ ရိုက်နေသည်။

စာရေးသူ စကားပြောနေရင်း ညောင်ပင်မှာ တစ်ခုခု ထူးခြားမှု ရှိနေသည်ဟူ၍ စိတ်ထဲမှာ အလိုလို ခံစားမိသောကြောင့် ထိုင်ရာမှထ၍ ညောင်ပင်ကိုပတ်၍ ကြည့်လိုက်မိသည်။ ထိုအခါ တွေ့မြင်ရသောအရာမှာ...

ညောင်ပင်၏ တောင်ဘက်ခြမ်း ပင်စည်၊ အောက်မှ(၇)ပေ၊ (၈)ပေ ခန့်အကွာတွင် ပင်စည်ထဲမှ ထိုးထွက်လာသော နဂါးတစ်ကောင်၏ ဦးခေါင်းပုံသဏ္ဌာန်ကို တွေ့လိုက်ရသည်။ စာရေးသူ အံ့သြဝမ်းသာစိတ်ဖြင့် အနီးကပ် ကြိုးစား၍ ကြည့်သောအခါ အမောက်၊ မျက်လုံး၊ ပါးစပ်တို့ကို ပြတ်သားထင်ရှားစွာ မြင်တွေ့ရသောကြောင့် စိတ်ထဲတွင် အတွေးတစ်ခု ဝင်လာခဲ့သည်။ အတွေးတစ်ခုဆိုခြင်းထက် တစ်ခုပြီးတစ်ခု ဝင်လာခဲ့သည်ဟု ဆိုပါက ပို၍ မှန်ပေမည်။

ဝင်လာခဲ့သည့် အတွေးများမှာ...

**ဗျာဒိတ်ပေးတာ ဘုရား၊ ဘုရားဆိုတာ** ၅+ ၄= ၉ နဝင်း

**ပြည်ဝင်** = ၅ + ၄ = ၉ နဝင်း

**ယုန်ဖြူ** = ၄ + ၅ = ၉ နဝင်း

**နဂါး** = ၇ + ၂ = ၉ နဝင်း

နဝင်းတွေပဲ ဖြစ်နေသောကြောင့် အောင်မြင်ခြင်း၊ ပြီးစီးခြင်း၊ ပြည့်စုံခြင်းတို့ဖြင့် ပတ်သက်နေသောကြောင့် ကေန်အမှန် သာသနာရောင်ဝါ ထွန်းလင်း တောက်ပတော့မည့် **စစ်မှန်သည့် အောင်မြေနေရာပင် ဖြစ်နေတော့သည်။**

စာရေးသူတို့ တွေ့မြင်ရသလို စာရှုသူတို့လည်း တွေ့မြင်နိုင်စေလိုသော စိတ်ဆန္ဒဖြင့် ညီဖြစ်သူ အောင်အောင်အား မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခိုင်းလိုက်မိသည်။

ဤ တောင်တော်ပေါ်၌ရှိသော စေတီတော်နှင့် ညောင်ပင်တို့၌ မှန်ကန်တိကျသောနည်းဖြင့် အဓိဋ္ဌာန်ဝင် ပုတီးစိပ်၊ တရားထိုင်ပါက...

''တကယ်ဖြစ်ချင်၊ တကယ်လုပ် အဟုတ်ဖြစ်ရမည်'' ဟူသော ဆောင်ပုဒ်အတိုင်းပင် ဖြစ်ပေသည်။

အပိုမရှိ အလိုသာရှိမည်။ စာရေးသူနှင့် ညီညီတို့၏ ကိုယ်တွေ့ပင် ဖြစ်ပေသည်။ ယုန်ဖြူတောင်သည် ဆတက်ထမ်းပိုး တိုး၍ သာသနာရောင်ဝါ ထွန်းလင်းတောက်ပပါစေဟု စိတ်ဆန္ဒဖြင့် အဓိဋ္ဌာန်ပြုလျက်...

*ပညာကို သေရွာသို့ ယူမသွားကြေး...*

ထူးသစ်လွင် (ပြည်)



# ကလေးသူငယ် အသျှက်

ဆားထုပ်

ရက်သား, လသား အရွယ်မှ အခါလည် တစ်နှစ်အရွယ်အထိ ကလေးငယ်တိုင်းသည် ကျယ်လောင်သော အသံ (ဥပမာ မိုးခြိမ်းသံ၊ တယာကွဲသံ၊ ပန်းကန်လွတ် ကျကွဲသံ)များ အမှတ်မထင်ကြားရလျှင် နှလုံးနှင့် နားစည် အမြေးပါးတို့ကို အသံလှိုင်း ဆောင့်တိုးခံရပြီး ထိတ်လန့်မှု ဖြစ်တတ်ပါသည်၊ လူကြီးများလည်း ဖြစ်ပါသည်။

သို့သော် လူကြီးများမှာ သွေးရင့်သားရင့် ထုသားပေသား ကျပြီးဖြစ်၍ ခေတ္တခဏသာ၊ ကလေးသူငယ်များမှာမူ သွေးနုသားနု နှလုံးသား နုနယ်ချိန်ဖြစ်၍ သည်းခြေပါထိခိုက်ကာ ခဏခဏ ခြေကားရား လက်ကားရားနှင့် လန့်၍ငို လန့်၍နိုး ဖြစ်တတ်ပါသည်။

ထင်ရှားသော သင်္ကေတလက္ခဏာမှာ ဝမ်းသွားလျှင် အစိမ်းရောင်များ ပါတတ်ခြင်းပင်။ ထိုမှတစ်ပါး

စာမျက်နှာ (၅၅) သို့

www.burmeseclassic.com

www.burmeseclassic.com



◆ လောကမှန်ကူစေတီတော်နှင့် လောကဦးသျှောင်စေတီတော် ဘက်စုံမှန်မံ ပြင်ဆင်ခြင်းမပြုမီပုံတော်

ကျော် (မော်လမြိုင်)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ

# ရှေးဟောင်း သမိုင်းဝင် စေတီနှစ်ဆူ

**၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အတွဲအမှတ် (၁၇၂)၊ စာမျက်နှာ(၉)**တွင် စာရေးဆရာခွန်စိုင်းဝမ်းက **"သင်္ဂဇာ ဆရာတော်၏ တိမ်မြုပ်နေသော စေတီနှစ်ဆူ"** ခေါင်းစဉ်ဖြင့် ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

စာရေးသူအနေဖြင့် အဆိုပါ ရှေးဟောင်းစေတီနှစ်ဆူ၏ သမိုင်းအကျဉ်းကို စာဖတ်သူများ ဗဟုသုတအလို့ငှာ သိရှိနိုင်ရန်အတွက် ဆက်လက် ရေးသားရခြင်း ဖြစ်ပါသည်။

အဆိုပါ စေတီနှစ်ဆူမှာ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ **နာဂစိသတောင်တန်းပေါ်ရှိ ရတနာဘုံပျံဘုန်းတော်ကြီးကျောင်းပရိဝုဏ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော လောကမှန်ကူစေတီတော်နှင့် လောကဦးသျှောင် စေတီတော်နှစ်ဆူပင်** ဖြစ်ပါသည်။

လောကမှန်ကူ စေတီတော်ကို မြန်မာသက္ကရာဇ် ၁၂၆၃ ခုနှစ်၊ ခရစ်နှစ် ၁၉၀၁ ခုနှစ်နှင့် လောကဦးသျှောင် စေတီတော်ကို မြန်မာသက္ကရာဇ် ၁၂၆၄ ခုနှစ်၊ ခရစ်နှစ် ၁၉၀၂ ခုနှစ်တို့တွင် တည်ထားကိုးကွယ်ခဲ့ကြပါသည်။

စေတီတော်နှစ်ဆူ၏ သမိုင်းအကျဉ်းမှာ သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာနိုင်ငံ)တွင် ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်မြတ် ကိန်းဝပ် စံပယ်လျက်ရှိသည်မှာ ကမ္ဘာအသိပင် ဖြစ်ပါသည်။

စွယ်တော်မြတ်ကြီးသည် ရတနာရွှေကြုတ်ခုနစ်ထပ်နှင့် အပြင်မှ ငွေကြုတ်တော်ကြီး ဖုံးအုပ်လျက် ကိန်းဝပ်စံပယ်လျက်ရှိပါသည်။

ထိုစွယ်တော်မြတ်ကြီး ကိန်းဝပ်စံပယ်လျက်ရှိသော ရတနာရွှေကြုတ် အထပ်ထပ်အနက် ရတနာရွှေကြုတ်တော်ကြီးတစ်ခုမှာ မော်လမြိုင်မြို့မှ ကုန်သည်ကြီးများဖြစ်ကြသော ကျောင်းဒကာကြီး ဦးစိတ္တ ဖနီးဒေါ်ရွှေဘွင့်၊ ကျောင်းဒကာကြီး ဦးဘန်း ဖနီးဒေါ်အောင်၊ ကျောင်းဒကာကြီးဦးညို ဖနီးဒေါ်အိမ်၊ ကျောင်းဒကာကြီးဦးတိုးလုံ ဖနီးဒေါ်သွယ်တို့က ကမကထပြု၍ ပြည်သူများက မြန်မာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်တွင် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ အရောက်ပို့ဆောင် လှူဒါန်းခဲ့သော ရတနာရွှေကြုတ်တော်ကြီး ဖြစ်ပါသည်။

မိုးနဲစော်ဘွား၊ ကျိုင်းတုံစော်ဘွား၊ မိုင်းနောင်စော်ဘွားတို့အား ကျောင်းဒကာကြီးဦးတိုးလုံက ဦးဆောင်၍ ဒုတိယအကြိမ်အဖြစ် မြန်မာသက္ကရာဇ် ၁၂၆၁ ခုနှစ်တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)နိုင်ငံသို့ ဘုရားဖူး သွားရောက်ခဲ့ရာတွင်လည်း အထက်ပါ ရတနာ




www.burmeseclassic.com

www.burmeseclassic.com



▲ လောကာနန်ကူစေတီတော် ဘက်စုံမွမ်းမံ ပြင်ဆင်ပြီးပုံတော်

▼ လောကာဦးသျှောင်စေတီတော် ဘက်စုံမွမ်းမံ ပြင်ဆင်ပြီးပုံတော်





www.burmeseclassic.com

www.burmeseclassic.com

ရွှေကြုတ်တော်ကြီး လှူဒါန်းခဲ့ကြောင်း ကျောက်စာတိုင်ကြီးကို စိုက်ထူလှူဒါန်း ခဲ့သည်။

ဓာတ်တော်မြတ်ကြီး ကိန်းဝပ်စံပယ် ရာက်ရှိသော ရတနာရွှေကြုတ်တော် ကြီး ခုနစ်ထပ်နှင့် အပြင်မှ ဖုံးအုပ်ထား သော ငွေကြုတ်တော်ကြီးတို့ကို တင် ထားနိုင်ရန် ကျိုင်းခမ်းမြို့နယ်၊ ကွန်ခါး ရွာမှ ဦးခေါင်နွဲ့ မိသားစုက ရွှေချိန်(၂) ပိဿာ၊ မော်လမြိုင်မြို့၊ ရှမ်းစုရပ်နေ ဦးဘန်း ဇနီးဒေါ်အောင်မိသားစုက ရွှေ ချိန် (၁)ပိဿာအပါအဝင် အများ လှူဒါန်းခဲ့သော ဝတ္ထုပစ္စည်းများဖြင့် ရွှေပလ္လင်တော်ကြီးကို ပြုလုပ်လှူဒါန်းခဲ့ ပါသည်။

ထိုပလ္လင်တော်ကြီးကို မြန်မာ သက္ကရာဇ် ၁၂၆၂ ခုနှစ်တွင် ရွှေပလ္လင် တော် ဒါယကာများဖြစ်သော ဦးစိတ္တ၊ ဦးဘန်း ဦးညိုနှင့် ဦးတိုးလုံတို့ ကိုယ်တိုင် ဒုတိယအကြိမ် သွားရောက် လှူဒါန်း ခဲ့ပြန်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ)ရှိ မြတ် စွယ်တော်ကို အကြိမ်ကြိမ် ဖူးမြော်ခဲ့ရာမှ ကြည်ညိုသဒ္ဓါပွားများပြီး လောကမှန်ကူ စေတီတော်နှင့် လောကဦးသျှောင် စေတီတော်နှစ်ဆူကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် တည်ထား ကိုးကွယ် ခဲ့ပါသည်။

လောကမှန်ကူ စေတီတော်ကို မြန်မာသက္ကရာဇ် ၁၂၆၃ ခုနှစ်တွင် ကျိုက်သလ္လံစေတီတော်ကြီး၏ ပြာသာဒ် ဒါယကာဦးညို ဇနီးဒေါ်အိမ်တို့က တည် ထား ကိုးကွယ်ခဲ့ပါသည်။ တည်ထား ကိုးကွယ်သည့်နေရာတွင် မူလက စေတီတော်ဟောင်းမရှိဘဲ အသစ် တည်ထားခြင်း ဖြစ်ပါသည်။

လောကဦးသျှောင် စေတီတော် တည်ထားသည့်နေရာတွင် မူလစေတီ ဟောင်းတစ်ဆူ ရှိနေခဲ့ပါသည်။ ထို စေတီတော်ဟောင်းကို ငုံ၍ ကျောင်း ဒကာကြီးဦးစိတ္တ၊ ကျောင်းဒကာကြီး ဦးသာညွှန်၊ ကျောင်းဒကာကြီး ဦးဘန်း၊ ကျောင်းဒကာကြီး ဦးညို၊ ကျောင်းဒကာ ကြီးဦးတိုးလုံ စသည့် ကုန်သည်သူဌေး ကြီး(၅)ဦးတို့က ကမကထပြုလျက် အများပြည်သူပါဝင်ကာ မြန်မာ သက္ကရာဇ် ၁၂၆၄ ခုနှစ်တွင် တည်ထား ကိုးကွယ်ခဲ့ပါသည်။

ပုံတော်မှာ သီဟိုဠ်(သီရိလင်္ကာနိုင်ငံ) မှ ထုပါရုံစေတီတော်၏ ပုံစံအတိုင်း ဖြစ်ပါသည်။ **ဉာဏ်တော်အမြင့် (၅၂) ပေ၊ အချင်း(၄၅)ပေ၊ အဝန်း(၁၃၅) ပေ** ဖြစ်ပါသည်။

လောကမှန်ကူ စေတီတော်နှင့် လောကဦးသျှောင် စေတီတော်နှစ်ဆူ မှာ နှစ်ပေါင်း(၁၀၀)ကျော် သက်တမ်း ရှည်ကြာသော စေတီတော်များ ဖြစ် သည့်အလျောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက်တွင် ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းများကို (၂၀၀၄-၂၀၀၅)ခုနှစ်၊ (၂၀၀၅-၂၀၀၆)ခုနှစ်များ အတွင်းက ပြုလုပ်ခဲ့၍ ယနေ့အချိန်အခါ၌ ရဟန်း ရှင်လူ ပြည်သူ့အများ ကြည်ညိုဖွယ်ရာ သပ္ပာယ်စွာ ဖူးမြော်နိုင်ကြပြီဖြစ်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

**သုစီအတ္တာနံ ပရိဟရေယျ**

ကျော် (မော်လမြိုင်)

စာကြွင်း

**အဆိုပါ ရွှေဟောင်းစေတီတော် နှစ်ဆူနှင့်ပတ်သက်၍ သမိုင်းကြောင်း အထောက်အထားများဖြင့် ရှင်းလင်း ဖို့ကြားပေးတော်မူသော ရတနာ ဘုံဖျံကျောင်း၏ ဆဋ္ဌမမြောက် ကျောင်းထိုင်ဆရာတော် ဦးစန္ဒော ဘာသာအား အထူးပင် ကျေးဇူးတင် ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါ သည်။**

စာမျက်နှာ (၅၂)မှ အဆက်

ယင်းကလေးငယ်သည် လူကြီးအရွယ်အထိ နှလုံးရောဂါ၊ အထိတ်တလန့်ရောဂါ၊ သည်းခြေမငြိမ်၊ နှလုံးတုန် ဖြစ် သာတတ်ပါသည်။ သို့အတွက် ကလေးသူငယ်များ သွေးနုသားနုတွင် အောက်ပါအတိုင်း ဆောင်ရွက်ကာကွယ်ထားပါ။

ကလေးသူငယ်၏ ခြေချင်းဝတ်နှင့် လက်ကောက်ဝတ်တို့တွင် အဝတ်ပါးဖြင့် ဆားမန်ကျည်းစေ့ နှစ်စေ့စန့် အထုပ်ကလေးများ ထုပ်၍ စည်း ပေးထားပါ။

ဆားသည် ထိတ်လန့်မှုကို ကာကွယ်သည့်အပြင် မကောင်းသော အနံ့ဆိုး၊ ညှော်ဆိုး အငိုးအငွေ့ဆိုးများကိုပါ ကာကွယ်ပေးပါသည်။ ခုနစ်ရက်တစ်ကြိမ် ဆားထုပ်ကလေးများ အသစ်လုပ် လဲလှယ်စည်းပေးလျှင် ပိုကောင်းပါသည်။

ရှေးမြန်မာ့ရိုးရာ လက်စွဲနည်းဖြစ်ပြီး **နတ်မောက်မြို့နယ်၊ သမှန်းပင်ရွာမှ အရပ်လက်သည် အမေသိန်း(ဒေါ်သိန်း သိန်း)**ထံမှ ရရှိခဲ့သော ဗဟုသုတပညာတစ်ရပ်ဖြစ်၍ ရေးသားတင်ပြအပ်ပါသည်။

**နတ်မောက် ကောင်းမွန်မြင့်**



www.burmeseclassic.com

www.burmeseclassic.com

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ'' ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

''ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို

ကြော်ငြာဆောင်းပါး
အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်
စကြာမင်း
အမှတ်တံဆိပ်
အားတိုးဆေး မှီဝဲပါ
ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၅၁၁ YR ဝဝ၆ဝ၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/ဝ၅၁၃

သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူး
ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်
လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်
ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုး
အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြ
တဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်
တိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့
စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့
မင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီး
ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်

ဆရာမြင့်
စကြာမင်း တိုင်းရင်းဆေးတိုက်
အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သုနန္ဒာမှတ်တိုင်
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း

ကိုကြီးတောင်း



www.burmeseclassic.com

www.burmeseclassic.com

ဝက်လက်မြို့

# ဘုရားကြီးကျောင်းဆရာတော် နှင့်

## ထူးဆန်းသောအိပ်မက်

ဗင်းဝသန့်ဦး
(ဝက်လက်)



◆ အာယု ဂဏန အဘယ ဇေတီတော်မြတ်ဘုရားကြီး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၏တောင်ဘက် ရောဝတီမြစ်နှင့် နတ်မူး (ခေါ်) မူးမြစ်တို့ကြားတွင် ဝက်လက်မြို့နယ် တည်ရှိသည်။

### မြို့သမိုင်းအကျဉ်း

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံတစ်ခုလုံးကို သိမ်းပိုက်ပြီးနောက် ယခုဝက်လက်မြို့၏ အရှေ့တောင်ဘက် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိသာ ရှိမ်းမကားရွာကြီးသည် ဒေသထွက် ဆားများကို မြစ်ကြောင်းမှတစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချလျက် ရှိသည်။ စည်ကားလှသဖြင့် နယ်ချဲ့အင်္ဂလိပ်တို့က ထိန်းချုပ်တပ်စွဲခဲ့ကြသည်။

နှစ်အတန်ကြာသော် အင်္ဂလိပ်လူမျိုးမစ္စတာ အေအင်ဘီကမ်းနား ဆိုသူက နယ်ပိုင်ဝန်ထောက်အဖြစ် ရှိမ်းမကားကို ရုံးစိုက်အုပ်ချုပ်ခဲ့သည်။ ယင်းနောက် ဦးမောင်မောင်လေး၊ ဦးဘဟိန်း၊ ဆိပ်တင်မှတ်တို့ အဆင့်ဆင့် အုပ်ချုပ်ခဲ့ကြသည်။ ရှိမ်းမကား၏ နောက်ဆုံးဝန်ထောက်မှာ ဦးထွန်းဖြစ်သည်။

စစ်ကိုင်း မြစ်ကြီးနားလမ်း ဖောက်လုပ်ခဲ့စဉ်က ရေနွေးငွေ့ဖြင့် မောင်းနှင်ရသော မီးရထားစက်ခေါင်းများကိုသာတင် အသုံးပြုခဲ့ကြသည်။ ဘူတာရုံနားစခန်းအဖြစ် စစ်ကိုင်းနှင့် ရွှေဘိုအကြား ရထားစက်ခေါင်းအတွက် ရေရရှိနိုင်သော ပြွန်ကြီးတွင် သတ်မှတ်ခဲ့သည်။ ယင်းနေရာသည် အနီးဆုံးရှိ ဝက်လက်ရွဲရွာနှင့် နီးသောကြောင့် ဝက်လက်ဘူတာဟု ခေါ်တွင်ခဲ့သည်။

နောင်တွင် ထိုနေရာ၌ ရေ ခက်ခဲလာသဖြင့် ထိုစခန်း၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင် ထန်းတောထဲမှ



www.burmeseclassic.com

www.burmeseclassic.com

တွင်းဖိုဟုခေါ်သော စိမ့်ရေတွင်းကြီးမှ ရေများ ပေါ်များစွာ ရရှိခဲ့သောကြောင့် ဘူတာရပ်နားစခန်းကို ပြောင်းရွှေ့ခဲ့ရာမှ ဝက်လက်ဘူတာဟု အတည်တကျ ပေါ်ပေါက်လာခဲ့သည်။

**"အင်ကြင်းဖူးစ နာသီခံ ရောက်ရ မီးရထား"**ဟု မှတ်သားခဲ့ကြသည့်အတိုင်း ၁၂၅၃ ခုနှစ်တွင် မီးရထားလမ်းသည် ရွှေဘိုမြို့အထိ ဖောက်လုပ်ပြီးစီးခဲ့သည်။


ဝက်လက်ဘူတာသို့ ရထားများဆိုက်ရောက်လာသဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်လာသည်နှင့်အမျှ လူစည်ကားရာဒေသအဖြစ် တဖြည်းဖြည်း တိုးတက်စည်ပင်လာခဲ့သည်။

ရှေးယခင် သက္ကရာဇ် ၂၄၄ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး တည်ထား ကိုးကွယ်ခဲ့သော ရွှေကူကြီးဘုရား (၄)ဆူကိန်းဝပ်ရာ ရှေးမြို့တော်ဟောင်း ဟံလင်းကြီးရွာ၊ သစ်ဆိမ့်ရွာ၊ ဆင်းကွပ်(ဆင်ဝပ်)ရွာ၊ ပင်းဖင်း(ပင်းဆည်း)ရွာတို့၏ဗဟိုတွင် ဝက်လက်မြို့သည် ၁၈၉၂ ခုနှစ်တွင် စတင်ပြီး လူနေစည်ကားလာခဲ့သည်။

ထို့ကြောင့် ၁၉၁၀ ပြည့်နှစ်တွင် ရှိမ်းမကားမှ ဝက်လက်သို့ အရေးပိုင်ရုံးစိုက်ပြီး မြို့အဖြစ် သတ်မှတ်ခဲ့သည်။

## မြို့တည်ပြီးနောက် စေတီတည်

ထိုအချိန်က သူ့ကျွန်ဘဝ ရောက်ရှိနေသော်လည်း အမျိုး၊ ဘာသာ၊ သာသနာအတွက် မြို့နေ ရဟန်းရှင်လူ ပြည်သူတို့က ဆရာဒကာ ညီညွတ်စွာဖြင့် မြို့၏ ဂုဏ်ကျက်သရေဆောင် စေတီတော်မြတ်ကြီးတစ်ဆူ တည်ထား ကိုးကွယ်ရန် ကြံစည်စိတ်ကူးခဲ့ကြသည်။



▲ အာယု ဂဏန အတာယ မြတ်စွာဘုရားဖူးမြှော်တော်မြတ်ကြီး

▼ အာယု ဂဏန အတာယ စေတီတော် အဝင်မုခ်ဦး



ထိုသို့ စီစဉ်နေချိန်တွင် ဗြိတိသျှနယ်ချဲ့တို့၏ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသော မြန်မာတို့၏ နောက်ဆုံးဘုရင် အရှင်သီပေါမင်းသည် အိန္ဒိယနိုင်ငံ၊ ရတနာဂီရိမြို့တွင် နေထိုင်သောတိုက်တက်မင်္ဂလာနှင့် သမီးတော်များ၏ နားထွင်းမင်္ဂလာပြုရန် ဆောင်ရွက်နေချိန်ဖြစ်သည်။

၁၉၁၁ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ ခွင့်ပြုချက်နှင့် အိမ်တော်ဝန် ဦးစံရွှေမှုတစ်ဆင့် မြန်မာနိုင်ငံမှ ဦးလူကြီး၊ ဦးပေါ်ဦး၊ စောင်းဆရာကြီး ဒေဝဣန္ဒာမောင်မောင်ကြီး၊ ဆိုင်းပညာရှင် စိန်ဗေဒါ၊ ဇနီးတို့နှင့်အတူ ဘောမဲ့ဆရာတော်အပါအဝင် မြန်မာနိုင်ငံမှ ဆရာတော်ကြီး(၅)ပါးတို့အား ရတနာဂီရိသို့ ကြွရောက်စေခဲ့သည်။

ထိုမှအပြန်တွင် ကျေးသီးကုန်းဆရာတော် အရှင်ဉာဏအား သီပေါမင်း သရီရဓာတ်တော်မွေတော် ရတနာ ရွှေကြုတ်သုံးလုံးဖြင့် လှူဒါန်းပူဇော်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော်ကြီး အိပ်မက်အရ တည်ထားသည့် ရွာလေးပင်၏ အလယ်မှာ သဲပုံစေတီအားဖုံးကာ ကိုးတောင်ပြည့် စေတီအဖြစ် ပြုပြင်တည်ထားသော "ရှစ်မျက်နှာ ဆုတောင်းပြည့် ကပ်ကျော်စေတီ"

ကျေးသီးကုန်း ဆရာတော် အရှင်ဉာဏသည် ပင့်ဆောင်လာခဲ့သော ဓာတ်တော်မွေတော် ရတနာရွှေကြုတ်သုံးလုံးကို ထည့်သွင်းဌာပနာပြီး ဝက်လက်မြို့တွင် စေတီတည်ထားကိုးကွယ်နိုင်ရန် ဦးစီးနာယက ဆရာတော်များ၊ အကျိုးတော်ဆောင် ဆရာတော်များ၊ ဂေါပကလူကြီးမင်းများ ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါသည်။

စေတီ ယာဂ်နဂေါပကအဖွဲ့ကို ဝက်လက်မြို့ ကျောင်းအုပ်ဆရာကြီး ဦးပေါ်ကို ဥက္ကဋ္ဌအဖြစ် အမျှုးပြု၍ ဂုဏ်သရေရှိ လူပုဂ္ဂိုလ်(၁၇)ဦးဖြင့် စေတီတော်ကြီး အပြီးတိုင် တည်ထားနိုင်ရေး ဆောင်ရွက်ခဲ့ကြသည်။

**အာယု** = အသက်

**ဂဏ္ဍန** = အရေအတွက် အပေါင်း အစုနှင့်အမျှ

**အဘယ** = ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချမ်းသာခြင်း

အဓိပ္ပာယ်ဖြင့် တည်ထားကိုးကွယ်ခဲ့သော စေတီတော်ကြီးကို "**အာယု ဂဏ္ဍန အဘယ**" စေတီတော်မြတ် ဘုရားကြီးဟု နာမပညတ် ဘွဲ့သတ်မှတ်ခဲ့ကြသည်။

ထိုစေတီတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်တွင် တည်ထားပြီးစီးခဲ့သည်။ ဘုရားပွဲတော်အား နှစ်စဉ် တန်ဆောင်းမုန်းလဆန်း (၁၂) ရက်၊ (၁၃)ရက်တို့တွင် ကျင်းပခဲ့ကြပါသည်။

စေတီတော်မြတ်ကြီး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် စေတီတော်ဝင်းကြီးနှင့် တောင်ဘက်ကပ်လျက် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ဆောက်ရန် ဆက်လက် ကြိုးပမ်းခဲ့ကြသည်။

နှစ်အတန်ကြာသော် ဒါယကာ, ဒါယိကာမများ ပေါင်းစု လှူဒါန်းမှုဖြင့် အင်္ဂါရပ်ညီညွတ်သော ဘုန်းကြီးကျောင်းတစ်ခု တည်ထောင်နိုင်ခဲ့သည်။ ထိုဘုန်းကြီးကျောင်းကို ဘုရားကြီးစေတီတော်နှင့် ဆက်စပ်အကြောင်းပြုသောကြောင့် ဘုရားကြီးကျောင်းတိုက်ဟု ခေါ်တွင်ခဲ့ကြသည်။

ဘုရားကြီးကျောင်းတိုက်၏ **ပထမဆရာတော်မှာ ဘဒ္ဒန္တဝေယျ ဒုတိယဆရာတော် ဘဒ္ဒန္တဉာဏဝံသ၊ တတိယဆရာတော် ဦးသုမန၊ စတုတ္ထဆရာတော် ဦးဝါယမိန္ဒတို့** ဖြစ်ကြလေသည်။ ထိုဆရာတော်တို့အနက် ဦးဝါယမိန္ဒကို အထူးဂရုပြု



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြလိုပါသည်။

## ဆရာတော်
## ဦးဝါယမိန္ဒ၏
## ထေရုပ္ပတ္တိ

ဆရာတော် လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီ ကျေးရွာမှ ခမည်းတော် ဦးစံရ၊ မယ်တော် ဒေါ်ပုတို့မှ ၁၂၇၇ခု ပြာသိုလဆန်း (၇)ရက်တွင် ဖွားမြင်ခဲ့သည်။



သံပုံးစေတီအနီး ကျောင်းဆောင်မှ ရှင်လေးပါးရုပ်တုတော်များ

၁၂၉၁ ခုနှစ်၊ ကဆုန်လတွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီ ရွာမကြခတ်ကျောင်းတိုက်ဆရာတော် ဦးဝဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ် ရောက်ရှိခဲ့သည်။

## မြင့်မြတ်သော ရဟန်းဘဝ

ဆရာတော်သည် သက္ကရာဇ် ၁၂၉၆ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် တနင်္လာနေ့ နံနက်(၈)နာရီ (၃)မိနစ်တွင် ဝက်လက်မြို့နယ်၊ မောက်ကျိုးကျေးရွာ ရွှေကျင်တောရကျောင်း ခဏ္ဍသိမ်တွင် ရွှေကျင်တောရကျောင်း ဆရာတော် ဦးပညာအား ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် မောက်ကျိုးကျေးရွာ တောရကျောင်း၊ ဝက်လက်မြို့ ဘုရားကြီးကျောင်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာဝေယံဘုံသာ ကျောင်းတိုက်၊ ပုဂံတိုက်၊ ရေဦးမြို့ လေးထပ်ကြီးတိုက် ဆရာတော်များထံမှ အခြေခံမှစ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသော စာပေပရိယတ္တိများကို သင်ယူတော်မူခဲ့ပါသည်။

ဆရာတော်သည် ၁၃၀၉ ခုနှစ်တွင် မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်၍ ဝိပဿနာတရားတော်များကို လေ့လာဆည်းပူး အားထုတ်တော်မူခဲ့သည်။

၁၃၁၂ ခုနှစ် ရောက်သောအခါ မဟာစည်ရိပ်သာမှ ဝက်လက်မြို့ ဘုရားကြီးကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိကာ အရိယမဂ္ဂင် ဝိပဿနာရိပ်သာကို ထူထောင်ပြီး နေ့စဉ်ညစဉ် သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ကိုယ်တိုင်ကျင့်ကြံအားထုတ်၊ အချိန်ပိုင်း၊ အချိန်ပြည့် ယောဂီများကိုလည်း ဟောပြောပြသတော်မူခဲ့ပါသည်။

## သာသနာရေးရာ
## ဆောင်ရွက်ချက်များ

ဆရာတော်သည် ၁၃၅၄ ခုနှစ်၊ မေလ(၁၇)ရက်၌ ရန်ကုန်မြို့တွင် ကျင်းပခဲ့သော ဆဋ္ဌမသင်္ဂါယနာတင်ပွဲတွင် အစ အဆုံး တက်ရောက်တော်မူခဲ့ပါသည်။

၁၃၉၆ ခုနှစ် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ စုဒ္ဒသမကြိမ် သံဃာ့အစည်းအဝေးပွဲကြီးတွင် ရတ္တညုနာယက အဖြစ်လည်းကောင်း၊ ဒုတိယနေ့တွင် အရန် သဘာပတိအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ပရိယတ္တိသာသနာတော် ထွန်းလင်းပြန့်ပွားစေရန် အလို့ငှာ နှစ်စဉ် မြို့နယ် ပါဠိပထမပြန်စာမေးပွဲကြီးကို ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ၍ ဘုရားကြီးကျောင်းတိုက်တွင် ကျင်းပစေခဲ့သည်။

မြို့နယ်လုံးဆိုင်ရာ သံဃနာယက အဖြစ် (၄)ကြိမ်တိုင်တိုင် တာဝန်ယူ၍ သာသနာ့အကျိုးကို ဆောင်ရွက်တော်မူခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ်၊ တော်သလင်းလတွင် နိုင်ငံတော် သံဃမဟာနာယက(ဗဟို) ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးကျောင်းတိုက် (ဆရာတော်ကြီး ဦးဝိသိဋ္ဌ)

ကြီးများက တင်မြှောက်သည့်အတွက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဖြစ်တော်မူခဲ့သည်။

## ဆရာတော်ကြီး၏ ထူးခြားသော အိပ်မက်နှင့် သဲပုံစေတီ

၁၃၃၁ ခုနှစ်၌ ဆရာတော်ကြီးသည် ညဥ့်ဦးပိုင်းတွင် ဘုရားကြီးကျောင်းတိုက်၌ စကြံလျှောက်နေစဥ် ကျောင်းတိုက်၏ အင်္ဂါထောင့်ရှိ ချုံနွယ်ပိတ်ပေါင်းများကြားတွင် တရားရှုမှတ်နေသည့် ပုဂ္ဂိုလ်များအား တွေ့မြင်ရသဖြင့် သွားရောက်ကြည့်ရှုသော် မည်သူမျှ မတွေ့ရချေ။ ထိုညမှစ၍ အဝေးမှကြည့်လျှင် တရားရှုမှတ်နေသူများ ရှိနေသယောင် မြင်တွေ့ရသည်မှာ ညစဥ်လိုပင် ဖြစ်သည်။

သို့သော် ညအချိန် လရောင်နှင့် မိမိ အမြင်မှောက်မှားခြင်း ဖြစ်မည်ဟု ထင်မြင်ယူဆကာ မေ့မေ့ပျောက်ပျောက် နေခဲ့သည်။

တစ်ညသော် ဆရာတော်ကြီးသည် ထူးဆန်းသောအိပ်မက် မြင်မက်လေသည်။ သူတော်စင်ပုဂ္ဂိုလ်ထူးများက ကျောင်းတိုက်၏ အင်္ဂါထောင့်တွင် စေတီတစ်ဆူ တည်ထားပေးပါရန် တောင်းပန် လျှောက်ထားကြသည်ကို မြင်မက်လေသည်။

ဆရာတော်သည် အင်္ဂါထောင့်တွင် ပုဂ္ဂိုလ်ထူးများ တရားရှုမှတ်နေသည်ကို မြင်ယောင်ကာ သတိရလျက် အလွယ်တကူရှိသော သဲများဖြင့် ကိုယ်တိုင် ညချင်းပြီး သဲပုံစေတီလေး တစ်ဆူ တည်ခဲ့ပါသည်။

သို့သော်လည်း ဆရာတော် တည်ထားသော သဲပုံစေတီသည် နေရာလွဲမှားပြီး ရှားပင်လေးပင်၏ အလယ်နေရာတွင် ပြောင်းရွှေ့တည်ထားစေလိုကြောင်း လျှောက်ထားသည့် အိပ်မက်ကို ထပ်မံ မြင်မက်တော်မူလေသည်။

နောက်တစ်နေ့ နံနက်လင်းသော် အိပ်မက်နေရာအား သွားရောက်ကြည့်ရှုရာ ရှားလေးပင်အစုကို ချုံနွယ်များကြားတွင် အမှန်တကယ် တွေ့ရှိလေသည်။ ထို့ကြောင့် ယခင်သဲပုံစေတီကို ရှားပင်လေးပင်၏ အလယ်တွင် ပြောင်းရွှေ့တည်ထားခဲ့ရသည်။

ဆရာတော်ကြီး သဲပုံစေတီ တည်ထားကြောင်း တပည့် ဒါယကာ၊ ဒါယိကာမများ သိရှိလာကြပြီး သူတော်စင်ပုဂ္ဂိုလ်ထူးတို့၏ တရားအောင်မြေ ဖြစ်မည်ဟု ယုံကြည်ကြလျက် ဘုရားဝတ်ပြုသူများ တရားရှုမှတ်သူများနှင့် စည်ကားလာခဲ့ရာ ဆရာတော်မှ ကိုးတောင်ပြည့်စေတီအဖြစ် တည်ထားရန် စီစဥ်ခဲ့သည်။

၁၃၃၃ ခုနှစ် ရောက်သောအခါ ကိုးတောင်ပြည့်စေတီ တည်ရန် မြေ အကျယ်အဝန်း တိုင်းတာကြရာ ရှား



www.burmeseclassic.com

www.burmeseclassic.com

လေးပင်သည် တစ်ပင်နှင့်တစ်ပင် (၉) တောင်စီ ကွာဝေး၍ ပေါက်ရောက်လျက်ရှိကြောင်း ထူးခြားသော တိုက်ဆိုင်မှုနှင့် ကြုံတွေ့ကြရသည်။

သဲပုံစေတီအား ငုံ၍ ကိုးတောင်ပြည့်စေတီ တည်ထားကိုးကွယ်ပြီး ရှစ်မျက်နှာ ဆုတောင်းပြည့် ကပ်ကျော်စေတီဟု ဘွဲ့အမည် သတ်မှတ်ခဲ့ပါသည်။

နှစ်စဉ်တိုင်း ဗုဒ္ဓပူဇနီယပွဲတော်ကို ပြာလိုလပြည့်နေ့တွင် ကျင်းပလေ့ရှိသည်။

ယခင်က ညချင်းပြီး သဲပုံစေတီ တည်ထားခဲ့ရာ နေရာတွင် ရှင်လေးပါး ဆွမ်းစားနေဟန် ရုပ်တုတော်များပါသော ကျောင်းဆောင် တည်ဆောက်ခဲ့ရာ **'ရှင်လေးပါးဆိုတာ ရှားလေးပင်ပေါ့'**ဟု ဆရာတော် မိန့်ကြားခဲ့သည်ကို မှတ်သားခဲ့ရပါသည်။

## ခန္တီမေတ္တာရှင်

ဆရာတော်သည် သတိပဋ္ဌာန် တရားကို ကိုယ်တိုင်ပွားများအားထုတ်ခြင်း၊ တပည့် ရဟန်းရှင်လူ ယောဂီများကိုလည်း အထူးအားစိုက်ပွားများအားထုတ်စေခြင်း၊ ခန္တီမေတ္တာ အားကောင်းခြင်း စသည်ဖြင့် သာသနာ့အကျိုးကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဝက်လက်မြို့သူမြို့သား၊ နယ်သူနယ်သား၊ ရဟန်းသံဃာထုများ၏ ကြည်ညိုလေးစားမှုကို ခံယူခဲ့ရသည်။

ဆရာတော်ကြီးနှင့် ပတ်သက်၍ မိတ်ဆွေတစ်ဦးက ဤသို့ ပြောပြပါသည်။

'တစ်ခါတုန်းက ဝက်လက်မြို့ တစ်နေရာမှာ မီးလောင်နေတယ်။ အဲဒီ



ဆရာတော်ကြီး သီတင်းသုံးခဲ့ရာ ကျောင်းတိုက်

အချိန်မှာ ဆရာတော်ကြီးက သူ့တပည့် တစ်ယောက်ကိုခေါ်ပြီး…

"မြို့ထဲမှာ အန္တရာယ်တစ်ခုခု ကြုံနေပြီ။ ဘုရားကို ရေသပ္ပါယ်လိုက်ပါ"

လို့ မိန့်သဖြင့် တပည့်ဒကာမှာ ဘုရားကို ရေသပ္ပါယ်ခဲ့ပါတယ်။ မီးလောင်တဲ့အိမ်ကလဲ တစ်အိမ်ပဲ လောင်တယ်။ ကျန်တဲ့အိမ်တွေ မီးမကူးဘူး။ နောက်ထပ် အံ့ဩစရာတွေလဲ ရှိသေးတယ်။

မိတ်ဆွေတစ်ယောက်က သူ့အိမ်မှာ ပုတီးစိပ်၊ တရားထိုင်နေစဉ် နေ့စဉ်နေ့တိုင်းလိုလို အိမ်မြှောင်စုတ်ထိုးသံတွေ အဆက်မပြတ် ကြားနေရတယ်။ အဲဒီကိစ္စကို ဆရာတော်ကြီးထံမှာ မေးမြန်းလျှောက်ထားမယ်ဆိုပြီး သွားတဲ့အခါ မိတ်ဆွေက ဘာမှ မလျှောက်ထားရသေးခင် ရောက်ရောက်ချင်း ဆရာတော်ကြီးက…

"ဒကာလေး အိမ်တွေမှာ အိမ်မြှောင်စုတ်ထိုးတာ ကောင်းတယ်"

လို့ ရုတ်တရက် မိန့်လိုက်တဲ့အတွက် လျှောက်တင်မယ့် ဒကာလဲ အံ့အားသင့်သွားခဲ့ရတယ်။

နောက်တစ်ခုက နိုင်ငံတော်က ကျင်းပတဲ့ တပ်မတော်နေ့ အထိမ်း

အမှတ် ပဟေဠိမေးခွန်းဖြေဆိုပွဲ

အတွက် သတင်းစာမှာ မေးခွန်း(၁၀)ခု

ပါသတဲ့။ အဲဒီထဲက မေးခွန်းတစ်ခုမှာ

နိုင်ငံ့ဝန်ထမ်းတွေ အကျင့်ပျက် ခြစား

ပြီး လာဘ်ပေးလာဘ်ယူခဲ့ရင် သေရ

ဘာဖြစ်မလဲ ဆိုတာကို မိတ်ဆွေက

ဖတ်မိပြီး မဖြေတတ်လို့ ဆရာတော်

ကြီးထံ မေးလျှောက်ဖို့ သွားခဲ့တယ်

ရောက်ရောက်ချင်း ဘာမှ မမေ

လျှောက်ရသေးခင် ဆရာတော်ကြီး

က…

"ဒကာကြီး ဝန်ထမ်းတွေ လာဘ်စား

မကောင်းဘူးဗျ။ သေရင်ပြိတ္တာဖြစ်ပြီး

ပြန်ဖြစ်ရင်လဲ နူနာရောဂါသည် ဖြစ်

တယ်"

လို့ မိန့်တဲ့အတွက် မေးလျှောက်မ

မိတ်ဆွေလဲ ပါးစပ်အဟောင်းသား ဖြစ်

ပြီး ဟိုလိုလို ဒီလိုလိုနဲ့ ပြန်ခဲ့ရတယ်

အထက်ပါအတိုင်း ဆရာတော်ကြီး

၏ တပည့်ဒါယကာ မိတ်ဆွေတစ်

ကြုံတွေ့ခဲ့ရပုံကို ပြောပြသဖြင့် သိ

ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ဆရာတော်ကြီးသည် မိမိ နှစ်ပါး နှစ်ဖြာသော အကျိုးအတွက် နာ့တာဝန်များကို အထူးကြိုးစား ဆောင်ရင်း **၁၃၆ဝ ပြည့်နှစ်၊ ခေါင်လဆန်း(၁၃)ရက်နေ့ (၁၂) နာရီ (၅ဝ)မိနစ်တွင် သက်တော်(၈၄) နှစ်၊ သိက္ခာတော်(၆၄)ဝါအရတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။**

ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ အထူးပြည့်စုံမှုကို စာရေးသူ လွန်စွာကြည်ညို လေးစားမိသော ကြောင့် ဤစာစုဖြင့် ပူဇော်ရှိခိုးမိပါ သည်။

**မင်းဝသသန်ဦး (ဝက်လက်)**

စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင် ကုသိုလ်တော် ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

*လေးစားစွာဖြင့်. . .*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

ကင်ပွန်းစေ့နှင့်

# ရေစီးကမ်းပြိုနာ

ဤဆေးနည်းကို လွန်ခဲ့သည့် အနှစ် (၁ဝ)လောက်ကတည်းက စာရေးသူ ကို အမေက မျှဝေပေးခဲ့ပါသည်။ ထိုဆေးနည်းကို စာရေးသူ၏ အမေ ဖြစ်သူက မျှဝေပေးခဲ့သော်လည်း မှတ်တမ်းစာအုပ်ထဲမှာသာ ရေးထည့် ထား ဖြစ်ခဲ့ပါသည်။

လက်တွေ့က အကောင်အထည် ဖော်ရသေးပါ။ ဒါနှင့်ပဲ ဆေးနည်းပေး ၍ နောက်(၃)နှစ်ကြာမှပဲ အမေပေး သည့် ဆေးနည်းကို အကောင်အထည် ဖော်မိပါသည်။

တစ်နေ့သော် စာရေးသူတို့ အိမ်နား က ဦးအောင်ကြိုင်၏သမီးကြီး၊ အသက် (၂ဝ)လောက်ရှိသည့် မိန်းကလေးရဲ့ ခါးစပ်၏ နှုတ်ခမ်း အတွင်းသွားဖုံး၊ အပေါ်သွားဖုံး၊ အောက်သွားဖုံး၊ အပေါ် နှုတ်ခမ်း၊ အောက်နှုတ်ခမ်းများတွင် ဖြိုး ပြတ်ကျတော့မည့်ပုံ ရေစီးကမ်းပြို နာများကို ကုသ ကယ်မ,ပေးပါရန် စာရေးသူကို အကူအညီတောင်းလာ သဖြင့် စာရေးသူလည်း အမေပေး ထားသော ဆေးနည်းဖြင့် ကယ်မ, ပေးလိုက်ရပါသည်။



ထိုလူနာသည် အနောက် တိုင်း ဆေးထိုးဆေးစားလည်း လုပ်ပါသည်ဟု ပြောပါသည်။ မြန်မာ ဆေးဆရာနှင့်လည်း ပြခဲ့ပါသည်ဟု ပြောပါသည်။ ဘာပဲဖြစ်ဖြစ်ပါ စာရေးသူ၏ စေတနာသည် (၇)ရက် သားသမီးများ စိတ်ချမ်းသာ, ကိုယ်ကျန်းမာဖို့ရန်သာ ရှေးရှုထားသူ ဖြစ်ကာ တန်ဖိုးသတ်မှတ် မတောင်းခံ ဘဲ ဇီဝိတဒါနအဖြစ် ကုသ ကယ်မ,ပေး လိုက်ရပါသည်။

ဆေးနည်း...

ကင်ပွန်းစေ့များကို မီးနှင့် မတူးမချစ်အောင် အုံးစေပြီး ညက်မှုန့်နေအောင် သံဆုံနှင့် ထောင်းပါ။ သံဆုံမရလျှင်လည်း ကျောက်ပြား နှင့် ကြိတ်နိုင်ပါသည်။

ရရှိလာသော အမှုန့်များကို ပိတ်ပါး ဖြင့် ပေါင်ဒါသားကျအောင် စစ်ပါ။ ထိုကဲ့သို့ ပြုလုပ်ရခြင်းသည် နူနယ် သော နှုတ်ခမ်း၊ နူနယ်သော သွားဖုံးများတွင် ဖြစ်ပေါ်သည့် ဝေဒနာဖြစ်သောကြောင့် ထိုကဲ့ သို့ နုညက်နေအောင် ဆေးမှုန့် ပြုလုပ်ရခြင်း ဖြစ်ပါသည်။

ရရှိလာသော ဆေးမှုန့်များ ကို တစ်နေ့ သုံးခါခန့် ဝေဒနာရှိ ရာများကို လိမ်းကျံပေးပါ။ နှစ် ရက်,သုံးရက်နှင့် ဝေဒနာ သက် သာ ပျောက်ကင်းပါမည်။

ထိုဆေးနည်းသည် စာရေးသူ ကိုယ်တိုင် လက်တွေ့ကုသပေးခဲ့သော ဆေးနည်းဖြစ်ကြောင်းနှင့် ဆေးနည်း ပေးသော အမေ့ကိုလည်း ကျေးဇူးတင် ဂါရဝပြု၍ (၇)ရက်သားသမီးများ ကျန်းမာ,ချမ်းသာကြပါစေကြောင်း ရှေး ရှု၍ တင်ပြပေးလိုက်ရပါသည်။

**ရောတီမိကျော် (မအူပင်)**



www.burmeseclassic.com

www.burmeseclassic.com



• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

၏ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္န၀၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ် တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမ ဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၄]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးမှုများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံး၀ မပါရှိတဲ့ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထို၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟာ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာ၀င်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနုချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလှေအကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်း စေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၉ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ ချေ... ...ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ပေါင်းစပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်ခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုးတို့ကို** သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တုဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူ ကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

**မြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

# ဘုံကိုးဆောင်မယ်တော်

ပူဇော်မှုခရီး

ဟုကျင်ဇီ



◆ ဘုံကိုးဆင့်မယ်တော် နတ်သမီး (ကျိုးထျန်းရှန်းနွီယန်ယန်)

ကျားနှစ် စတုတ္ထလ၏ "ယင်း" နေ့တစ်နေ့တွင် **ကျိုးထျန်းရှန်းနွီ** ( 九天玄女 ) (ခေါ်) ဘုံကိုးဆင့်မယ်တော် ဘုရားကျောင်းအတွင်းသို့ ဘုရားဝတ်ပြုရန် သွားရောက်ခဲ့သည်။

ဤကျောင်းတော်ကား **သထုံမြို့ ခေါ်တော်မူရွာရှိ တစ်ဆောင်တည်းသော မယ်တော် သီတင်းသုံးရာ ဗုဒ္ဓဘုရားကျောင်းတော်** ဖြစ်သည်။

ကျိုးထျန်းရှန်းနွီယန်ယန်ဟု ခေါ်ဆိုကြသော ဤမယ်တော်သည် ဘုံကိုးဝကို ပိုင်ဆိုင်သော မယ်တော်မိခင်ကြီး ဖြစ်သည်။ သူ၏ အထိမ်းအမှတ်နေ့ကား တရုတ် (၂) လ (၁၅) ရက်နေ့ ဖြစ်သည်။ မယ်တော်ပူဇော်ပွဲကျင်းပသောနေ့ ဖြစ်သည်။


လူသားတို့သည် ပထမဆုံးသော အသက်မွေးမှုဖြစ်သော သီးနှံစိုက်ပျိုးရေးလုပ်ငန်းအတွက် ရေမြေ၊ ရာသီဥတုတို့အား အမှီပြုနေကြရာမှ ကေရာဇ်ဘုရင်၏ မြေခွန်, သီးခွန်တော်များအတွက် ပိုမို ကြိုးစားကြရသည်တွင် ကူညီပံ့ပိုးပေးမည့် နတ်ဒေဝတာများအား အားကိုးရန် ရှာဖွေကြသည်။


ထိုအခါ မင်းနှင့်ပြည်သူအကြား သင့်တင့်အောင် ပေါင်းကူး ဆက်ဆံပေးသည့် သူတော်စင် အခွန်ဝန်မင်း "လျှန်ပွေး" (ခေါ်) "ကျန်းဖူတဲ" အား သတိရအောက်မေ့ကြသည်။

အသက် (၁၁၂)နှစ်တွင် ကွယ်လွန်သွားသော "ကျန်းဖူတဲ"၏ ကျေးဇူးဆော်သည် ရှင်သန်ဆဲဟု ယုံကြည်စွာ ကိုးကွယ်ကြသူများမှာ တကယ်ပင် ငွေကြေးချောင် အဆင်ပြေကြသည်ကို တွေ့ရှိကြရာ သူတော်စင်၊ သိဒ္ဓိရှင်တို့၏ ကျေးဇူးတော်အား ကိုးစားယုံကြည်မှု ဓလေ့ ပေါ်ထွန်းလာလေသည်။

အာကာသ ဟင်းလင်းပြင်ရှိ ကောင်းကင်ဘုံမှ ဘုရားသခင် **"ယွီဟွမ်ရှန့်တီ"**ကို တရုတ်လူမျိုးတို့ ချစ်ခင်

www.burmeseclassic.com





▲ ဆောင်တော်မှ ရုပ်တော်ရှု

◀ ဘုံကိုးဆင့်မယ်တော်ကျောင်း (ကျိုက်ထဲ့န်ရှန်နီကြောက်)

ကိုးစားစွာ ပူဇော်ကြသည့်နည်းတူ ကောင်းကင်ဘုံ (၉) ခုအား ပိုင်စိုးသည့် မိဖုရားခေါင်ကြီး "ကျိုထဲ့န်းရှန်းနီ" အားလည်း ပူဇော် ကိုးကွယ်လာကြသည်။

ဘုံကိုးဆင့် မယ်တော်အား အိမ်ဂေဟာစည်းစိမ်အား စောင့်ရှောက်ပေးသူ၊ မိသားစု အိမ်တွင်းရေး သာယာစေသူ၊ လူအများနှင့် ဆက်သွယ်သွားလာရသော သံတမန်, ဈေးသည်, ပွဲစား, ကိုယ်စားလှယ်, သုတေသီ, တီထွင်သူ, စွန့်စားသွားလာသူများအား ချစ်ခင်နှစ်သက်စွာ ကူညီပေးသူ မယ်တော်ကြီးအဖြစ် ကိုးစားယုံကြည်ကြသည်။

အထူးသဖြင့် မိန်းမရွယ်လေးများအား ချစ်ခင်တတ်သူ ဖြစ်သည်။ လူလောကသားများနှင့် ဆက်သွယ်ရာတွင် အမျိုးသမီးများထံသို့ စီးနင်းဝင်ရောက်ကာ ရှေးဟောင်း တရုတ်ပါဠိစာသားများဖြင့် ရွတ်ဆိုကာ စကားပြောလေ့ ရှိသည်။

ယုံကြည်စွာ ကိုးကွယ်သူများအား ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားလောက်အောင် အကျိုးပေးသန်လှသည်ဟု ဆိုသည်။

အချို့သော အမျိုးသမီးများမှာ ကိုယ်ကျိုးစီးပွားအတွက် ယုံကြည်ကိုးစားဟန်ဖြင့် ပူဇော်ကြသော်လည်း ရှက်ရွံ့ကာ လူအများကြားတွင် မဝင်ဆံ့၊ လူသိမခံရဲသကဲ့သို့ ပြုမူလေရာ စီးပွားရေး၊ အိမ်ထောင်ရေးမှအစ ပြိုကွဲလေမှ အထပ်ထပ် တောင်းပန် ကန်တော့ကြပြန်သည်ဟု **ဘုံကျောင်းစောင့် အန်းကုန်းကျန့်ချုံး**က ပြောပြလေသည်။

ပေါ်တော်မူမှ ဘုံကိုးဆင့်မယ်တော် ဘုရားကျောင်းဟောင်းသည် ပျဉ်ထောင် တစ်ထပ်ကျောင်းဖြစ်ခဲ့ရာ ၁၉၂၇ ခုနှစ်တွင် စောဂွန်ဖြူးမှ ငွေသား (၅) ကျပ် မ,တည်ကာ စုစုပေါင်းငွေ (၂၃) ကျပ်ဖြင့် ဘုရားကျောင်းအသစ် ဆည်ဆောက်ခဲ့သည်ဟု အောက်ခန်းမနံရံတွင် ချိတ်ဆွဲထားသော ပြုပြင်မှုမှတ်တမ်းအရ သိရလေသည်။

ယခုလက်ရှိ ကျောင်းတော်ကိုမူ ၁၉၉၄ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့တွင် ဒေါ်မေသက် (အမေရိကန်ပွဲးရှင်းဖျက်မှုန်လုပ်ငန်း)မှ မွမ်းမံပြင်ဆင်ကာ မယ်တော်အား ပူဇော်ခြင်းဖြစ်သည်ဟု သိရသည်။

ဘုရားကျောင်းအသစ်သည် မူလကျောင်းတော်အား ဖျက်ဆီး ဖုံးကွယ်ခြင်းမပြုဘဲ အနောက်ဘက် နှစ်ထပ်ဆောင်ချဲ့ကာ နံဘေးလှေကားမှ တစ်ဆင့် တက်ရောက် ပူဇော်နိုင်သော လှပသပ်ရပ်သည့် အဆောက်အအုံကလေး ဖြစ်သည်။

အပေါ်ထပ် ခန်းမအတွင်း၌ ဘုရားရှင်နှင့် သိဒ္ဓိရှင်များ စံပယ် သီတင်းသုံးရာ စင်မြင့်ရှည်ကြီး ပြုလုပ်ထား၍ သီးခြားကျောင်းဆောင်များဖြင့် အပူဇော်ခံထားသည်ကို တွေ့ရသည်။

စင်မြင့်အလယ်တွင် သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ပုံတော်ကိုလည်းကောင်း၊ လက်ယာဘက် ကပ်လျက်တွင် "**ကျိုထဲ့န်းရှန်းနီ**" ဘုံကိုးဆင့်မယ်တော်၊ မဟာကရုဏာ (အဝလောကီတေသွာရ လေ...နာထ ဗောဓိသတ္တ) ကွမ်ယင်...တုများ

လက်ဝဲဘက်တွင် ...မည ဆရာ





www.burmeseclassic.com

www.burmeseclassic.com





◆ ခန်းမအတွင်းရှိ ဘုရားနှင့် သိင်္ဂျိုဏ်ပန်းချီ

ရှေ့ဆက်ဖြစ်ပုံ ပြခန်းပြသဘော် ◆

◆ ၁၉၉၆ ခုနှစ်က တင်ထားသည့် မူလကျောင်းတော် ဆိုင်းဘုတ်



တော်နှင့် မီလဲ့ဖူး၊ ကွမ်းကုန်း၊ ချင်းရွှေ ကျိုး ရုပ်တုများ အပူဇော်ခံထား သည်။

၎င်းတွင် သာမညဆရာတော်ပုံနှင့် မီလဲ့ဖူးရုပ်တုများမှာ အလှူရှင်များက ပို့ဆောင်လာသဖြင့် လက်ခံထားရ ကြောင်း သိရသည်။ ၎င်းဘုရားကျောင်း ကိုးကွယ်မှုဆိုင်ရာတွင် ပါဝင်ပတ်သက် မှု မရှိပေ။

သကျမုနိ (釋迦牟尼) မြတ်စွာ ဘုရားသည် မဟာယာနဗုဒ္ဓဝါဒအရ အနောက်အရပ်ရှိ သုခဝတီပြည် (ခေါ်) နိဗ္ဗာန်ဘုံတွင် စံပယ်လျက်ရှိသော ဗုဒ္ဓရှင်တော် အဆူဆူတို့အား ရည်မှန်း၍ ကိုးကွယ်ထားခြင်း ဖြစ်သည်။

ကျိုထျဲန်းရှုန်းနွီ (ဘုံကိုးဆင့်မယ်တော်)ကား အထက်တွင် ဖော်ပြပြီး ဖြစ်သည်။

ကွမ်ယင်အရှင်သည် တောင်ပင်လယ်တွင် သီတင်းသုံးကာ ဝေနေယျအားလုံးတို့အား တစ်ယောက်မကျန် နိဗ္ဗာန်ရွှေပြည်သို့ ပို့ဆောင်ပေးရန် ကရုဏာ ကြီးမားတော်မူသော အဝလောကိတေသွရ နတ်သား (အလောင်းတော်) ဖြစ်သည်။

ကွမ်းကုန်း (ခေါ်) ကွမ်းစိန့်တီကြွင်းသည် သုံးပြည်ထောင် စစ်ပွဲကာလ (အေဒီ ၂၈–၂၈၂)တွင် သူမတူအောင် စစ်ရေးထူးချွန်သော ဖြောင့်မှန်သည့် စစ်သူကြီးကွမ်း ဖြစ်သည်။ ရန်သူတို့က စစ်မြေပြင်အပတွင် ကလိမ်ဉာဏ်ဆင်ကာ ဖမ်းဆီးခဲ့သည်။

ရန်သူဘုရင်က သစ္စာခံရန် "ဆွယ်" သောအခါ မင်းတစ်ပါးတည်းကိုသာ သစ္စာခံမည် ဆိုသဖြင့် ခေါင်းဖြတ် အသတ်ခံရသည်တွင် ဘဝမခြား၊ ကောင်းကင်ဘုံသို့ရောက်ကာ "**သူတော်စင် နတ်မင်းကြီးကွမ်း**" (ခေါ်) "**စစ်သူကြီးအန်းကုန်း**"အဖြစ် လူသိများလေသည်။

အရောင်းအဝယ်သမားများ၊ ပွဲစားများ၊ တိုက်ခိုက်ရေးသမားများ၊ ခုံသသစ်ရှာ စွန့်စားသူများအား အထူး



www.burmeseclassic.com

www.burmeseclassic.com

စောင့်ရှောက်ပေးသော သိဒ္ဓိရှင်ကြီး ဖြစ်သည်။


ချင်ကျွီးကျော့စူ (ခေါ်) ချင်းရွှေကျူရှီးသည် ဆေးဝိဇ္ဇာတစ်ဦးဖြစ်၍ **"ရေစင် ဆရာသခင်"**ဟူ၍ ခေါ်ဝေါ်ကာ လေးစားကြသည်။ ယခုတိုင်အောင် ကွယ်လွန်သေးခြင်းမရှိ၊ အာယုသိဒ္ဓိပေါက်မြောက်သော (山 人) ရှန်းလဲန်း (သိဒ္ဓိရှင်ဝိဇ္ဇာ)တစ်ဦး ဖြစ်သည်။ "ထူတိကုန်း" (ခေါ်) ဝသုန္ဒြေနတ်မင်းကြီး (သုခပါရမီရှင်တော်)အား လမ်းညွှန် ကူညီနေသော ဆရာသခင် ဖြစ်သည်။

စင်မြင့် အောက်ခြေတွင်ကား မကောင်းဆိုးဝါးများအား နှိမ်နင်းပေးသည့် **ဟောရာကုန်း** (ခေါ်) **ကျားဘိုးဘိုး** တည်ရှိလေသည်။ လူတို့အပေါ် ဖိစီးနှောင့်ယှက်တတ်သော ဂြိုဟ်ဆိုးတို့၏ အရှိန်အဝါ၊ မကောင်းဆိုးဝါးတို့အား ပပျောက်စေကာ လမ်းခရီး ချောမွေ့စေရန် အထောက်အကူပြုသော အန်းကုန်း ဖြစ်သည်။

ဘုရားကျောင်းအတွင်း၌ "ချိုးချဲန်း" (ခေါ်) စာဆွဲဗေဒင် (ခေါ်) မယ်တော်အမိန့်စာ တောင်းခံနိုင်သည့် ချဲန်း (ဝါးမြားရှည်ကလေးများ) တစ်စုံကို တွေ့ရသည်။ **"ကန်းကျီး"** (ခေါ်) ကောင်းကင်ပင်စည်နှင့် မြေပထဗျာတို့ ပေါင်းစည်းထားသည့် **"မိုးမြေအတွဲ"** များဖြင့် တန်ဆာဆင်ထားသည်။

ချိုးယဲန်ရှီး (七 言 诗) (ခေါ်) (၇) လုံးစပ် ရေးကဗျာ (၄)ပိုဒ်တွဲဖြင့် ဟောကိန်းထုတ်ထားသော **"ရှေးဟောင်းတရုတ်ရိုးရာ စာဆွဲဗေဒင် ဟောကိန်း"** ကောက်ချက်များပင် ဖြစ်သည်။ ဘုရားကျောင်းများတွင် တွေ့ရလေ့ရှိသော အမျိုးအစား ဖြစ်





◆ လမ်းခရီး၊ မကောင်းဆိုးဝါး သန့်ရှင်းစေရန် စောင့်ရှောက်ပေးသော ဟောရာကုန်း (ကျားဘိုးဘိုး)

◆ ၁၉၂၇ ခုနှစ် ကျောင်းတော်ပြင်ဆင်မှု မှတ်တမ်း



လေသည်။

မျက်နှာချင်းဆိုင်ရှိ စားပွဲပေါ်တွင် ဖယောင်းတိုင်၊ အမွှေးတိုင်များ ထားရှိသည်။ ဘုရားခန်းအတွင်း ဝင်ရောက်သွားပါက သာမန် ဆီမီးပူဇော်လိုသူအတွက် ဖယောင်းတိုင်အနီ (၁၄)တိုင်၊ အမွှေးတိုင် (၂၁)တိုင် (သို့မဟုတ်) (၇) တိုင်ကိုယူ၍ ပူဇော်ရန် ပြင်ဆင်ရသည်။


## ပူဇော်မှု အစီအစဉ်

ဦးခေါင် ကန်တော့သူသည် ဖယောင်းတိုင် (၂)တိုင်အား မီးညှိကာ ခန်းမမျက်နှာစာရှိ ကောင်းကင် ဘုရား ရှင်ထံတွင် (၂)တိုင်၊ မြတ်စွာဘုရားရှေ့ တော်၌ (၂)တိုင်၊ ထို့နောက် ဘုံကိုးထပ် မယ်တော်၊ ကွမ်ယင်ဗောဓိသတ်၊ ကွမ် ကုန်း၊ ကြော့စူကုန်း၊ ဟောရာကုန်းတို့ ရှေ့တွင် (၂)တိုင်စီ ထွန်းညှိရသည်။

အမွှေးတိုင် (၂)တိုင်အား မီးညှိကာ ကောင်းကင်ဘုရားအား (၃)တိုင်၊ မြတ်စွာဘုရားအား (၃)တိုင်၊ သိဒ္ဓိရှင်များအားလည်း (၃)တိုင် ပူဇော်ကန်တော့၍ အမွှေးတိုင်ခွက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



◆ စမ်းသူကြီးနတ်မင်း သူတော်စင်ကွမ်းကျွန်း



◆ ဆေးဗိန္ဒော ချင်းတွင်းကြွက်ပြုံ

နတ်ခမ်းသားအားမထိ, မမိစေဘဲ စိုက်ဆုရသည်။ ကျားဘိုးဘိုး (ဟောရာကျွန်း)အား နောက်ဆုံး ပူဇော်ရလေသည်။

**စာဆွဲဖေဖင် မေးလိုပါက** ကွမ်ယင်ဆံတွင် တောင်းခံ၍ စာဆွဲရသည်။ ထွက်ကျလာသော ချွန်း (ခေါ်) ဝါးပြားမှ အမှတ်စဉ်အရ ဟောကိန်းစာအုပ်တွင် ရှာဖွေ ကြည့်ရှုရလေသည်။

ဘုံးကိုးထပ်မယ်တော်သည် အထိမ်းအမှတ်နေ့ဖြစ်သော တရုတ် (၂)လ၊ (၁၉)ရက်နေ့ ပူဇော်ပွဲတွင် "လန်းကြို" (ခေါ်) လူထမ်းဝေါယာဉ်ဖြင့် ပင့်ဆောင်ကာ သထုံမြို့တွင်း အပူဇော်ခံ လှည့်သည်လေတိုင်း မိမိတို့ ပင့်လိုရာသို့ ပင့်၍မရ။ ဝေါယာဉ်အား တစ်စုံတစ်ဦးအား ဆွဲယူသွားဟန်ဖြင့် မယ်တော်ကြွလိုရာသို့ လိုက်ပါ ပို့ဆောင်ပေးရလေသည်။

ဘုရားကျောင်း စောင့်ရှောက်ရေးတာဝန်ယူထားသူတစ်ဦး ဖြစ်သော ကိုအောင်ဝင်းသည် ပွဲတော်နေ့အခါတွင် မိမိ၏ "ပေါ်ဦး"စာပေ ဆိုင်ခန်းကလေးသို့ မယ်တော်အား ပင့်ဖိတ်ကာ လာဘ်လာဘ ရွှင်လန်းစေကြောင်း သိဒ္ဓိပေးစေလိုသဖြင့် "လန်းကြို"အား ကိုယ်တိုင်ထမ်းယူ ပင့်ဖိတ်လေသည်။

ဆိုင်ရှေ့ရောက်သော်လည်း ရပ်တန့်ခြင်းမရှိ ထမ်းစင်ဆွဲဆောင်ရာသို့ လိုက်ပါသွားပြီးလျှင် အဆုံးသတ် အရှိန်ရပ်သွားသော ဆိုင်သည်ကား လမ်းတစ်ဖက် မျက်စောင်းထိုးရှိ မှတ်ဆိတ်ဖွားနှင့် အိန္ဒိယလူမျိုး အမျိုးသား၏ ဆိုင်ခန်းဖြစ်နေသည်။

ယင်းအမျိုးသားက အမွှေးတိုင် (၃)တိုင်ဖြင့် ပူဇော်လိုက်သည်။ မကြာမီလ,များအတွင်း ယင်းအမျိုးသားမှာ အောင်ဘာလေထီဆုကြီးများ လက်ခံရရှိလိုက်လေသည်။ မယ်တော်အား မြို့တွင်း ပင့်ဆောင်သောအခါ ပူဇော်သော အမွှေးတိုင် နံ့သာငွေ့အား ပြတ်လပ်ခြင်းမရှိစေရန် ဂရုပြုကြရသည်။

မယ်တော်ကိုယ်တိုင် စိတ်လိုလက်ရကြွသောနေရာများမှာ ရွှေစာရံ မြသပိတ် စေတီတော်များအား နှစ်စဉ် ဝတ်မပျက်ဝင်ရောက် ဝတ်ဖြည့်ခြင်းပင် ဖြစ်သည်။ ထို့နောက် သူကြွလိုရာ နေအိမ်များသို့ ဝင်ရောက် အပူဇော်ခံခြင်းဖြင့် တစ်နေ့တာ ကုန်ဆုံးသော် ကျောင်းတော်သို့ ပြန်လေသည်။

မယ်တော်၏ နှုတ်ထွက် (ဗီဒို၍)



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ဆိုသော ရှေးစာ "ကူရှိုး" တစ်ပုဒ်မှာ...

ကျွှမ်းကြီးသည် ကျယ်ပြန့်သည်
သာသနာသည် ကျွှမ်းကြီးထက် ကျယ်ပြန့်သည်၊
သာသနာ၌ ငါတို့ ပျော်ပိုက်မည်၊
လောကတစ်ခွင်မှာ သာသနာ နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပနေမည်
ဟု အဓိပ္ပာယ်ရလေသည်။

မယ်တော်ဘုရားကျောင်း၌ သာမန်ပူဇော်ပါက ဖော်ပြပြီးသည့်အတိုင်း အမွှေးတိုင် (၃)တိုင် (သို့မဟုတ်) (၁)တိုင်စီဖြင့် ပူဇော်နိုင်သကဲ့သို့ အရေးကိစ္စ တစ်စုံတစ်ရာအတွက် တိုင်တည်ပူဇော်လိုပါက ဗုဒ္ဓမြတ်စွာဘုရား၊ မယ်တော်ကွမ်ယင်တို့အား ဆီမီး နီ၊ ဝါရောင် တစ်မျိုးမျိုး (၂)တိုင်စီ၊ ပန်း၊ လက်ဖက်ရည်ကြမ်း၊ သစ်သီးမျိုးစုံ (မခွဲစိတ်ရ)၊ ယို၊ မုန့် မျိုးစုံ သီးရွက်ဟင်းလျာများ၊ ထမင်း (ကြက်ဥကို အသီးအရွက် စာရင်းသွင်းသည်) စသည်တို့ဖြင့် မိမိအင်အားနှင့် ချင့်ချိန်၍ ပူဇော်ကန်တော့နိုင်ကြသည်။

အမွှေးနံ့သာတိုင်ထွန်း၍ ဆုတောင်းတိုင်တည်ပါလေ။ ရေမွှေးနံ့သာဆီများလည်း ပူဇော်နိုင်လေသည်။

ကွမ်းကုန်းနှင့် ကြေးစုကုန်းတို့အား ပူဇော်ရာတွင်...

အသီးအနှံ၊ မုန့်ပဲ၊ ယိုစုံ၊ ရေနွေးကြမ်းတို့ဖြင့် ပူဇော်နိုင်သကဲ့သို့ တေဆောင်စန်ရှင်း (ခေါ်) ကြက်၊ ဝက်၊ ဘဲသား၊ ခေါက်ဆွဲပြုတ် (ရေမပါ) ယမကာတို့ဖြင့် တိုင်တည် ဆုတောင်းနိုင်သည်။ အမွှေးနံ့သာ၊ ဆီမီး ထွန်းညှိပူဇော်ပါလေ။

အလွန်အရေးကြီးသော ကိစ္စရပ်များ (နိုင်ငံရပ်ခြားတွင် အတိဒုက္ခ ရောက်







◆ မူလပုံသောင် (ရှေ့အမိန့်)အား မပျက်မပုံစေဘဲ ထိန်းမွမ်းမံထားသည့် ကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ မိမိတို့ မိသားစု ကျန်းမာရေး၊ အောင် အရေးအခင်း စသည်) ပေါ်နေပါက ဤအခက်အခဲများမှ လည်စေရေး ဖြေရှင်းပေးပါရန် ကောင်းတိုင်၊ အမွှေးတိုင်များဖြင့် ဘာမ ဆုတောင်းတိုင်တည်ပါ။

အထင်ပေြ အောင်မြင်ပါက **"ထောင်ဝေါရှင်း"** (ခေါ်) ပွဲကြီး ဖြင့် ပူဇော်မည့်အကြောင်း ကတိပြုကြ သည်။

မိမိတို့ ကိစ္စပြီးမြောက် အောင်မြင် သော် ဝက်ခေါင်း၊ အမြီး၊ ခြေလက် စုံ၊ အသား (သုံးထပ်သား)၊ ကလီ အနည်းငယ်၊ ကြက်၊ ဘဲ၊ ခေါက်ဆွဲ၊ ယမကာတို့ဖြင့် မပျက်မကွက် ပူဇော် ဆုဆပ်ရလေသည်။

ကျားအန်းကုန်းကိုမူ သားစိမ်း စိမ်း၊ ယမကာတို့ဖြင့် ပူဇော်ကြရ သည်။ လမ်းခရီး အေးချမ်းလွယ်ကူစေ နှင့် မကောင်းဆိုးဝါး ကင်းဝေးစေ ဆုတောင်းကြလေသည်။

မယ်တော်ကျောင်းမှ ပြန်လည် ဆင်း သက်လာသောအခါ ကျောင်းရှေ့ရင် ပြင် ညာဘက်ထောင့်တွင် သေးငယ် သပ်ရပ်သော ပြာခံ **ပြာသာဒ်** (ရွှေစက္ကူမီးရှို့ရာ)ကို တွေ့ရ၍ လက်ဝဲ ဘက်တွင် **"နမောအောမီထွောဖော"** (南 無 阿 彌 陀 佛) (Ná Mó É Mí Tuó Fó) ဘုရားရှိခိုး ဂါထာအား ဆိုင်းဘုတ်ကမ္ပည်း တင် ထားသည်ကို တွေ့ရသည်။ **အမိဟ္ပာယ် ကား "နမောအမိတာဘ"**။

**"အမိတာဘ"**ကား အမိတ္တ + အာဘာအား ပေါင်းစပ်ခေါ်ဆိုခြင်း ဖြစ်သည်။ **အမိတ္တ၊** အတိုင်းအဆမရှိ ရှည်လျားကျယ်ပြန့်သော။ **အာဘာ၊** အလင်းရောင်။ ဘုရားရှင်၏ ဘုန်း တော်၊ ကံတော်၊ ဉာဏ်တော်အနန္တအား ရည်ညွှန်းပူဇော်ခြင်း ဖြစ်သည်။

(南 無) နမော (Ná Mó) အား အချို့သော တောင်ပိုင်းသားတို့က နန်းဝူ (Nán Wǔ)ဟူ၍ မှားယွင်း ဖတ်ရှု တတ်ကြသည်။ **"တောင်ဘက်အရပ် တွင် မည်သည့်အရာမျှမရှိ"**ဟူသော ကျိုးကြောင်းမဲ့ မဆီလျော်သော အဓိပ္ပာယ်သို့ ရောက်ရှိသွားတတ်လေ သည်။

သကျမုနိကဲ့သို့ မူရင်း နမော၊ ရှိခိုး ခြင်းကိုပင် အသံဖလှယ်ထားခြင်း ဖြစ် သည်။ **နမောအောမီထွောဖော** အား မြန်မာပြန်ဆိုပါက Amitabha; may Buddha preserve us; merciful Buddha.

'ဘုန်းတော်ကံတော် ဉာဏ်တော်အနန္တ ကြီးမြတ်ပေသော

ကရုဏာ ကြီးမားလှသည့် မြတ်စွာဗုဒ္ဓ အရှင်ဘုရား။

တပည့်တော်တို့အား (ဝဋ်ဆင်းရဲအတွင်းမှ) ကယ်မ ဆယ်ယူပေးတော်မူပါဘုရား'

ဟူ၍ ဖြစ်လေသည်။

**[ဘုရားကျောင်း ဂေါပကအဖွဲ့ဝင် ကိုအောင်ဝင်း၊ ပေါ်ဦးစာပေ (သထုံ မြို့)အား ကျေးဇူး အထူး တင်ရှိပါ သည်။]**

**ဟူဂျင်းဇီ**

# ပြည့်စုံသည့် ခြင်းလုံးရွက်

မလွဲတောင်တစ်ပိုက် ရေး– ဝယ် တောတန်းတစ်လျှောက် ပေါ များစွာ တွေ့ရသော ခြင်းလုံးပန်းပင် သည် စိမ်းနုသော ချစ်စဖွယ် ရောင်ရှိသည့် ထိပ်ပိုင်း အရွက်ရှည် ၍ အတွန့်အခွက်များ ပါရှိတတ် သည်။

ပန်းပွင့်သောအခါ ခြင်းလုံးလေးများ သဏ္ဍာန်တူသဖြင့် ခြင်းလုံးပန်းပင် ခေါ်ကြသည်။ အပင်နိမ့်၊ ညောင် ပန်းပင်မျိုး ဖြစ်၍ **အနာပေါက်၊ အကျိတ်များတွင် မီးအုံးကာ** ကပ်ပေးခြင်းဖြင့် ပြည်ပေါက် လေသည်။

ဆေးသုတေသီတစ်ဦး



ပြည့်စုံသည့် ခြင်းလုံးရွက်များ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမြင့်ရေ့ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမြင့်ရဲ့" "ဟင် ဟုတ်လား။ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောတိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်း စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပ တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမြင့်ရေ အဆင်သင့်ထည့် ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ၊ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော် ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

ကိုရဲ

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၇၂၅၄၁။

---




www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်မြို့မှ ကျော်လေးကျော်

# တောင်လေးလုံးဆရာတော် (၃)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



◆ နှစ်(၁၄၀)ကျော်က ရှေးကနုတ်များ

ယခင်လမှ အဆက်

ဦးနှောက်သည် ဦးခေါင်းခွံအတွင်း၌ တည်သော ခြင်ဆီအစုပေတည်း။ အိမ်ဖွဲ့သော သည်းခြေသည် အဆုတ်နှင့် နှလုံးအကြား အသည်းနား၌ တည်၏။ အိမ်မဖွဲ့သော သည်းခြေသည် တစ်ကိုယ်လုံး ပျံ့နှံ့၍ တည်၏။ အလိပ်သည် အူတွင်းရှိ အစာသစ်ကို အုပ်၍ တည်၏။ ပြည်သည် သွေးပုပ်သော အရပ်၌တည်၏။

စုနေသောသွေးသည် အညို့၊ နှလုံး၊ အသည်း၊ အဆုတ်တို့ကို စိုစေ၍ တည်၏။ ကျဲနေသော သွေးသည် တစ်ကိုယ်လုံးပျံ့နှံ့၍ တည်၏။ ချွေးသည် ဆံတွင်း၊ အမွေးတွင်းများ၌ တည်၏။ အဆီခဲသည် ဝသောသူ၌ အရေနှင့် အသားကြား၊ ပိန်သောသူ၌ အသားများသော နေရာ၌တည်၏။

မျက်ရည်သည် မျက်စိတွင်း၌၊ ဆီကြည်သည် လက်ဖွန်း၊ ခြေဖွန်း၊ နှာခေါင်းဖွန်း၊ ပခုံးဖွန်းများ၌တည်၏။ တံတွေးသည် လျှာရင်း၌ ပျစ်၍ လျှာဖျား၌ ကျဲ၍တည်၏။ နှပ်သည် နှာခေါင်းဖုတွင်း၌၊ အစေးသည် တစ်ရှော့ ဆယ်သော အရိုးဆက်၌တည်၏။ ကျင်ငယ်သည် ဆီးစပ်အတွင်း၌ တည်၏။

ဤသို့လျှင် အာရုံစိုက် ရှုမှတ်၍ များရန် ရေးသားထားတော်မူသည်။

တစ်နှစ်ပြည့်သောအခါ ဘီလူးကျွန်းမှ မော်လမြိုင် တောင်လေးလုံးကျောင်းသို့ ပြန်ကြွသည်။ ထို့နောက် လွတ်လပ်ရေး ကြိုးပမ်းမှု အရှိန်အဟုန် ပြင်းထန်လာသောအချိန် (၂၃-၂-၁၉၄၇) နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ ဆရာတော်ကြီးများကို ဗိုလ်ချုပ်အောင်ဆန်းက လျှောက်ထားသည်များတွင် မြန်မာဘာသာဖြင့် ကျမ်းပြုကြရန် တိုက်တွန်းချက်ကို သဘောကျမိသည်။ ထို့ကြောင့် လွတ်လပ်ရေး ရပြီးသောအခါ ကျမ်းစာများစွာ ရေးသားတော်မူသည်။

## ကျမ်းပြုတော်မူခြင်း

အချို့သော ဆရာတော်တို့ ကျမ်းပြုစုရေးသားပုံမှာ ထူးခြားသည်လည်း တွေ့ရတတ်သည်။ လယ်တီဆရာတော်ကြီးသည် မုံရွာတစ်ဖက်ကမ်း ရွှေတောင်လိုဏ်ဂူတွင် ကျင့်ကြံရှုမှတ်၍ ကျမ်းများလည်း ပြုစုခဲ့ရာ (၂၈)ပုလင်းဝင် ရေနံဆီပုံးကြီးကို မီးစာတပ်ဆင် ထွန်းညှိကာ ရေးသားခဲ့သည်။

စာရေးနေစဉ် ရေနံဆီမီးခွက် ဆီကုန်သွား၍ ထပ်ဖြည့်ရသောအခါ တွေးလက်စ ပျောက်သွားပြောင်းသွားတတ်သောကြောင့် ဖြစ်သည်။ အာရုံမထွေပြားစေရန် မကြာခဏ ဆီထည့်ရခြင်းကို ကာကွယ်ခြင်းဖြစ်သည်။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသမှာ ကစ္စည်းဘာသာ ဋီကာကျမ်း ရေးသားစဉ်မှစ၍ မတ်တတ်စားပွဲဖြင့်သာ ရပ်လျက် ဣရိယာပုတ်ဖြင့် ရေးသားပြုစုတော်မူသည်။ ကုလားထိုင်နှင့် ရေးရသော

www.burmeseclassic.com

သာမန်စားပွဲကို အုတ်ခဲခုကာ မတ်တတ်စားပွဲ ဖန်တီးထားခြင်းဖြစ်သည်။

တောင်လေးလုံးဆရာတော် အရှင်နာဂသေနာဘိဝံသမှာကား လယ်တီဆရာတော်ကဲ့သို့ ရေနံဆီသံပုံးကို မီးစာတပ်ရန် မလိုပါ။ မော်လမြိုင်တွင် (၃၀-၁-၁၉၂၇)နေ့က စတင်ကာ တစ်မြို့လုံးကို လျှပ်စစ်မီး စတင်ထွန်းညှိပေးရာ ထိုခေတ်က ဓာတ်မီးကုမ္ပဏီဟုခေါ်သော လျှပ်စစ်ဓာတ်အားပေး ကုမ္ပဏီကို ကျောင်းဒါယကာ ဦးရွှေဂန်၊ ဒေါ်မဲမတို့၏မြေး ဦးအုန်းဖေက စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဦးအုန်းဖေသည် ဆာဦးသွင်၏ ညီအရင်းဖြစ်ကာ မိဘများလက်ထက်က ကိုးကွယ်ခဲ့သော တောင်လေးလုံးကျောင်းတိုက်အတွက် ပစ္စည်းလေးပါး ဆက်လက်တာဝန်ယူ လှူဒါန်းခဲ့ရာ လျှပ်စစ်မီးများလည်း အလိုရှိသလောက် သုံးစွဲနိုင်လေသည်။

ထို့ကြောင့် တတိယဆရာတော် ဦးစက္ကိန္ဒလက်ထက်တွင်ပင် တောင်လေးလုံးကျောင်းတိုက်၌ လျှပ်စစ်မီး ထိန်ထိန်ညီးလျက် ရှိပြီဖြစ်ရာ ဦးနာဂသေနအတွက် ရေနံဆီမီးခွက် မလိုတော့ပေ။ **(ဤတွင် စစ်ကြိုခေတ်ကာလ မော်လမြိုင်တွင် ညဘက်အလင်းပေး မီးထွန်းညှိပုံကို ဗဟုသုတအဖြစ် တင်ပြပါမည်။)**

(၁၉၂၇ ခုနှစ် မတိုင်မီကာလတွင် မော်လမြိုင်၌ လျှပ်စစ်မီး မရှိသေးပါ။ မြူနီစီပယ်အဖွဲ့က မြို့အချက်အချာလမ်းဆုံလမ်းခွများတွင် မီးတိုင်များ စိုက်ထူထားသည်။ ဆယ်ပေခန့်မြင့်သော မီးတိုင်ထိပ်တွင် လေးထောင့်မီးအိမ်များ တပ်ဆင်ထားသည်။ ဓာတ်ငွေ့ဖြင့် မီးထွန်းရသည်။

ကမ်းနားလမ်းတွင် ဓာတ်ငွေ့ ထုတ်လုပ်သောရုံရှိသည်။ ဓာတ်ငွေ့ထုတ်ပုံမှာ သံတုံးကြီးတစ်တုံးကို တစ်နေ့လုံး မီးဖုတ်ထားသည်။ အုတ်ကန်ကြီးတစ်ခုတွင် F.O လောင်စာဆီအပြည့် ထည့်ထားသည်။ ညနေ မှောင်ရီပျိုးသောအခါ မီးဖုတ်သံတုံးကြီးကို F.O ကန်အတွင်း ပစ်ချလိုက်လျှင် ဓာတ်ငွေ့များ ထွက်လာသည်။

ထိုဓာတ်ငွေ့များကို မြေအောက်ပိုက်လိုင်းများမှတစ်ဆင့် မီးတိုင်များဆီသို့ လွှတ်ပေးသည်။ ညဦးပိုင်းတွင် အိန္ဒိယလူမျိုး လုပ်သားများက လှေကားထောင်လျက် တစ်တိုင်ပြီးတစ်တိုင် မီးထွန်းညှိရသည်။ နံနက်လင်းလျှင် တစ်ဖန် တက်၍ မီးငြိမ်းရသည်။

၁၉၂၇ ခုနှစ်ရောက်မှသာ ဦးအုန်းဖေက ကုမ္ပဏီထောင်ကာ လျှပ်စစ်မီး ထုတ်လွှတ်ပေးခြင်းဖြင့် ဓာတ်ငွေ့မီးတိုင်များ ပျောက်ကွယ်သွားသည်။ မီးစက်မှာ ထင်း၊ လောင်စာသုံး ရေနွေးငွေ့မီးစက် ဖြစ်လေသည်။)

တောင်လေးလုံး ဆရာတော်သည် လယ်တီဆရာတော်နှင့်လည်း မတူ၊ ဂန္ဓာရုံဆရာတော်နှင့်လည်း ကွဲပြားကာ ပက်လက်လှန်၍ ကျမ်းပြုရေးသားလေ့ရှိသည်။

**ပက်လက်ကုလားထိုင်တွင် ဖြစ်စေ၊ အိပ်ရာထက်တွင်ဖြစ်စေ ပက်လက်လှန်ကာ အောက်ခံကတ်ပြားနှင့် တွယ်ကပ်ထားသော ဗလာစာအုပ်ကို မျက်နှာပေါ်မိုးလျက် ခဲတံဖြင့် စာရေးခြင်းဖြစ်သည်။** ဆရာတော် ပြုစုခဲ့သော ကျမ်း(၁၁)ကျမ်းရှိသည်။

၁။ သဒ္ဒါကြီးနိဿယသစ်၊
၂။ ဓမ္မစရိယသင်နည်း၊
၃။ ဒွေမာတိကာသင်နည်း၊
၄။ ဓမ္မစရိယလက်သုံး၊
၅။ ဂုဏ်ထူးဆောင်ကျမ်း၊
၆။ ဆန်းသင်နည်းကျမ်း၊
၇။ ပါရမီအလင်းပြကျမ်း၊
၈။ သင်္ဂြိုဟ်သင်နည်း၊
၉။ အလင်္ကာရသင်နည်း၊
၁၀။ သုံးချက်စုသင်နည်း၊
၁၁။ ကစ္စာယနသာရသင်နည်း
တို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံ ပါဠိစာပေ ခေါ် ပရိယတ္တိလောက၌ ပခုက္ကူစာသင်နည်း၊ မန္တလေးစာသင်နည်း၊ လယ်တီစာသင်နည်း၊ အရှင်အာဒိစ္စဝံသ စာသင်နည်း အစရှိသဖြင့် စာသင်နည်း မှတ်ချက်များ အသီးသီးရှိရာတွင် တောင်လေးလုံးနည်းသည်လည်း သင်နည်း မှတ်ချက်တစ်ရပ်အနေဖြင့် ရပ်တည်လျက် ရှိနေသည်။

ဆရာတော် ပြုစုသော **'သဒ္ဒါကြီးနိဿယသစ်'**တွင် တောင်လေးလုံး စာသင်နည်းကို ကွက်ကွက်ကွင်းကွင်း မြင်သာအောင် ပြုစုဖော်ပြထားလေသည်။ ထိုကျမ်းကို သုံးပိုင်း၊ သုံးတွဲခွဲကာ ပထမတွဲ၌ (၁၀၁၉)မျက်နှာ၊ ဒုတိယတွဲ၌ (၉၈၆)မျက်နှာ၊ တတိယတွဲ၌(၁၁၄၀)မျက်နှာ စုစုပေါင်း (၃၁၄၅) မျက်နှာ ပါရှိသည်။

ကျန်သော ကျမ်းများသည်လည်း သာမန် ကျမ်းသေးကျမ်းဖွဲ့ကလေးများ မဟုတ်ကြပါ။ အနာဂတ်သာသနာ့အရေး မျှော်တွေး၍ ရေးသားထားသော ကျမ်းကြီးများ ဖြစ်ကြသည်။

နောင်အခါတွင် စာချပုဂ္ဂိုလ်တို့သည် စာကို မချချင်။ စာသင်ပုဂ္ဂိုလ်တို့ကလည်း ရှိသေညွတ်တွား ဒူးထောက်၍ သင်ယူလိုစိတ်မရှိ ဖြစ်လာကြမည်။ ထိုအခါ မိမိရေးသားခဲ့သော ကျမ်းကြီးများသည် စာသင်သားပုဂ္ဂိုလ်တို့၏





www.burmeseclassic.com

www.burmeseclassic.com


...ရာ၊ ဆရာတို့၏ အရာ၌ ...၌ တည်လာကြလိမ့်မည်။ ထို့ ...င့် ဆရာစားမချန်၊ ငါစားမချန် ...င်းအကျန်မရှိ ရေးသားမှ တော် ...ဟု နှလုံးသွင်းရည်သန် ရေးသား ...ခြင်းဖြစ်သည်။

...ကြားမှုနည်းစနစ်များကို လို ...တ် ဟာကွက်မရှိအောင် ဖော်ထုတ် ...သားထားခြင်းကြောင့် လိုအပ်ချက် ...သမျှ ဖြည့်စွက်ကူညီပေးနိုင်ကြ ...သော သာသနာ့အကျိုးဆောင် ဂန္ထဝင် ...ကျမ်းကြီးများ ဖြစ်ကြလေသည်။

တောင်လေးလုံးဆရာတော် အရှင်နာဂသေနာဘိဝံသသည် ဆဋ္ဌသင်္ဂါယနာ ပါဠိပဋိဝိသောဓက မော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ ဦးဆောင်ဆရာတော် (၂၁)ပါး၏ အတွင်းရေးမှူးချုပ် နိုင်ငံတော် ဩဝါဒါစရိယ စသည်တို့အဖြစ် တာဝန်ယူတော်မူခဲ့ပါသည်။

ထို့ပြင် မော်လမြိုင်မြို့ပေါ်ရှိ စေတီပုထိုး ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ၊ ပရိယတ္တိဆိုင်ရာ စာမေးပွဲများ၊ သာသနာရေးဆိုင်ရာ အသင်းအဖွဲ့များတွင် ဩဝါဒါစရိယ နာယကဆရာတော်အဖြစ် တာဝန်ယူ ဦးဆောင်မှု ပေးတော်မူခဲ့သည်။

စာသင်သားတို့အား စာဝါပို့ချခြင်းကို အသက်(၈၈)နှစ်တွင် ရပ်နားတော်မူကာ နိုင်ငံတော်မှ ဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၃၄၂ ခုနှစ်တွင် လည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ၁၃၄၆ ခုနှစ်တွင် လည်းကောင်း၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ၁၃၅၃ ခုနှစ်တွင် လည်းကောင်း အလှူခံတော်မူခဲ့ရသည်။



◆ ကျောင်းသို့ အတက်အဆင်းလှေကား

## နောက်ဆုံးခရီး

တောင်လေးလုံးဆရာတော် အရှင်နာဂသေနာဘိဝံသသည် ရဟန်းရှင်လူအများက လေးစားကြည်ညိုခြင်း ခံရကာ တရားထူး ရတော်မူပြီး ဖြစ်သည်ဟု ထင်မှတ်ကြသော်လည်း ဆရာတော်ကိုယ်တိုင်က ကျင့်ကြံမှုနှင့် ပတ်သက်၍ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းပွားများနည်းဖြင့်သာ အားထုတ်ပွားများကြောင်းနှင့် လူအများ ပွားများစေရန်လည်း ရေးသားပေးတော်မူခဲ့သည်။

ဆရာတော်၏ ထေရုပ္ပတ္တိ ရေးသားသူ ဆရာ ဦးအံ့ကျော်ကိုလည်း...

'ထေရုပ္ပတ္တိရေးရာမှာ ပုံကြီးချဲ့ဖို့မလိုဘူး။ အရှိကို အရှိတိုင်း၊ အမှန်ကို အမှန်အတိုင်း ရေးတာအကောင်းဆုံးပဲ။ တို့များကိုယ်ဝန်ကို ဆောင်ထားရတုန်း ယယ်တော်ကြီးမှာ တူးခြားတဲ့အိမ်မက်လဲ မရှိဘူး။ ဆန်းပြားတဲ့ ချင်ခြင်းတပ်တာလဲမရှိဘူး။ ရိုးရိုးပဲ အရပ်လက်သည်နဲ့ မွေးခဲ့တယ်။

အဘိတ်ထူး နိမိတ်ထူးတွေလဲ မပေါ်ဘူး။ ကြယ်တွေလတွေ ညည်သို့ညည်ပုံ ဖြစ်နေတယ်ဆိုပြီး မဟုတ်တာရုတ်တွေ လုပ်ကြံမရေးသင့်ဘူး'

ဟု မိန့်မှာတော်မူခဲ့သည်။

ဆရာတော်သည် သက်တော် (၈၅) နှစ်(၁၉၈၇ ခုနှစ်) လွန်သည်မှစ၍ ကျန်းမာရေး တစ်စတစ်စ ယိုယွင်းလာကာ သက်တော်(၉၁)နှစ်အဝင်( ၁၉၉၃ ခုနှစ်၊ မတ်လ)တွင် (ယခင်)အရှေ့တောင်တိုင်း စစ်ဌာနချုပ်(ရ.တ.ခ) တိုင်းမှူး၏ အစီရင်ခံချက်ကြောင့် (ယခင်)န.ဝ.တဥက္ကဋ္ဌက ရဟတ်ယာဉ်ဖြင့် ပင့်ဆောင်ကာ မင်္ဂလာဒုံစစ်ဆေးရုံတွင် ဆေးဝါးကုသစေသည်။

တစ်လကျော်မျှ ကုသမှု ခံယူပြီးနောက် ၁၉၉၃ ခုနှစ်၊ မေလ (၉)ရက်နေ့တွင် မော်လမြိုင်သို့ ပြန်ကြွတော်မူသည်။ သုံးရက်မျှအကြာတွင် ဆရာဦးအံ့ကျော်က လူသူရှင်းချိန်၌...

'အရှင်ဘုရား ဘာဆုပန်ပါသလဲ'

'တို့များ အလှူအတန်း ပေးတဲ့အခါတိုင်း သာသနာတော်တွင်းဖြစ်လျှင် ရဟန်းကောင်း ရဟန်းမြတ်၊ သာသနာပဖြစ်လျှင် ရသေ့ကောင်း ရသေ့မြတ် ဖြစ်ရပါလိုမို့လို့ ဆုပန်တယ်'

ဟု မိန့်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် နှစ်လအကြာ ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက်နေ့ အကူးကာလ၊ သန်းခေါင်ကျော် (၅)မိနစ်တွင် တောင်လေးလုံး စတုတ္ထဆရာတော် အရှင် နာဂသေနာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

မပျံလွန်မီက...

'ငါသေရင် အလောင်းကို ရေထဲချပြီး ငါးစာကျွေးလိုက်ပါ။ ဘွဲ့တံဆိပ်တွေ ဓာတ်ပုံတွေ မီးရှို့လိုက်ပါ'

ဟု မှာတော်မူခဲ့သော်လည်း တပည့်ဒါယကာများက (၇) ရက်ကြာ ထားရှိပူဇော်ပြီးနောက် မိုင်းဒါကွင်း မီးပူဇော်ရာဌာနတွင် မီးသဂြိုဟ်ကြသည်။

(၂၆-၇-၁၉၃၃)တွင် အရိုးပြာများနှင့် မီးလောင်ကျွမ်းခြင်းမရှိသော ဦးနှောက်နှင့် အသည်းတို့ကို အရိုးအိုးတွင်ထည့်လျက် "သမိန်ဗရမ်း" သင်္ဘောဖြင့် ပင်လယ်ဝသို့ ပင့်ဆောင်ရေမျှောခဲ့ကြလေသည်။

---

ကျမ်းပြုရန်ဆန္ဒကို

---

လှုံ့ဆော်ပေးသော

---

လျှောက်ထားချက်

---

ဆရာတော်သည် နောင်သာသနာတွင် အကျိုးများစေမည့် သာသနာ့ဂန္ထဝင် ကျမ်းကြီးများကို ပြုစု ရေးသားခဲ့သည်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ လျှောက်ထားချက်များက မိမိ၏ ဆန္ဒကိုလှုံ့ဆော်ခဲ့ကြောင်းမိန့်တော်မူခဲ့သည်။

ထို လျှောက်ထားချက်များမှာ ဗိုလ်ချုပ်သည် ငါးပါးသီလမြဲရန် ဝါယမစိုက်ထုတ်လေ့ရှိကြောင်း ပေါ်လွင်စေသဖြင့် အပြည့်အစုံ တင်ပြပါမည်။

ဗိုလ်ချုပ်အောင်ဆန်းက တောင်လေးလုံး ဆရာတော်အား တိုက်ရိုက်လျှောက်ထားချက် မဟုတ်ပါ။ (၂၃-၂-၁၉၄၇)ရက်နေ့တွင် မြို့တော်ခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ပါဠိပညာရေးအဖွဲ့ ဆုနှင်းသဘင် အခမ်းအနားသို့ ကြွရောက်လာကြသော ဆရာတော်ကြီးများအား ဗိုလ်ချုပ်က လျှောက်ထားခြင်း ဖြစ်သည်။

'ဗုဒ္ဓဘာသာလို့ ခေါ်ဆိုတဲ့ ပုဂ္ဂိုလ်မှန်သမျှ ငါးပါးသီလကို တတ်စွမ်းသမျှ ဆောက်တည်ကြပါတယ်ဘုရား။ တပည့်တော်ဟာ စစ်တိုက်တဲ့ အခါကလွဲပြီး ငါးပါးသီလ မြဲပါတယ် ဘုရား။

များသောအားဖြင့် လူများဟာ ဘုရား၊ တရားကို ဒုက္ခတွေ့တဲ့အခါမှ သတိရကြပါတယ်ဘုရား။ အလားတူပဲ နိုင်ငံရေးသမားများဟာလဲ ရွေးကောက်ပွဲနီးမှ သတိရကြပါတယ်ဘုရား။ တပည့်တော်တော့ ရွေးကောက်ပွဲနီးလို့ လာတယ် ထင်မှာစိုးလို့ အခုမှ လာပါတယ်ဘုရား။

ခေတ် အပြောင်းအလဲမှာ သာသနာတော်ကြီးပွားထွန်းကားစေဖို့ ဘယ်လို လုပ်ကိုင်ဆောင်ရွက်မယ်ဆိုတာ ကြံစည်ထားစေလိုပါတယ် ဘုရား။

ပထမပြန် စာမေးပွဲများဟာ ရှေးမြန်မာဘုရင်များ လက်ထက်ကစပြီး ဗုဒ္ဓသာသနာတော်ရဲ့ အကြီးကျယ်ဆုံး စာမေးပွဲများ ဖြစ်ပါတယ်ဘုရား။ တိုင်းသူပြည်သားတို့ကလဲ အားပေး ချီးမြှောက်ခဲ့ပါတယ်ဘုရား။

နယ်ချဲ့အင်္ဂလိပ်လက်ထက် ရောက်တဲ့အခါမှာလဲ ပထမပြန် စာမေးပွဲများ ကျင်းပခဲ့ပါတယ်ဘုရား။ ဒါပေမယ့် မင်းမရှိဘာယ် အရသာ ကျင်းပခဲ့ပါတယ်ဘုရား။

ဗုဒ္ဓဘာသာထဲမှာ လူတစ်ပိုင်း ဘုန်းကြီးတစ်ပိုင်း ဖြစ်နေတာတွေကို တပည့်တော် မကြိုက်ပါဘုရား။ မြန်မာနိုင်ငံ မလွတ်လပ်ဘဲ ကျွန်ဘဝ ရောက်နေချိန်မှာ ဗုဒ္ဓ သာသနာတော်ဟာ ကျွန်သာသနာဖြစ်ပြီး မကြီးပွားနိုင်ပါဘုရား။

ခေတ်ပြောင်းချိန်နဲ့ ပတ်သက်ပြီး လျှောက်ထားချင်တာကတော့ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ နားလည်အောင် ပါဠိဘာသာနဲ့ ရေးထားတဲ့ ကျမ်းတွေကို မြန်မာဘာသာသို့ ပြန်ဆိုရင်တို့ နားလည်လာပါလိမ့်မယ်ဘုရား။ အချို့(ဩကာသ) အဓိပ္ပာယ်ကိုတောင် မသိကြပါဘုရား။

လွတ်လပ်ရေးတိုက်ပွဲဟာ သာသနာတော်ထွန်းကားရေးနဲ့ တိုက်ရိုက် ပတ်သက်တယ်လို့ ယူဆပါတယ်ဘုရား။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရင် သာသနာတော်လဲ ထွန်းကားလာမှာပါဘုရား။ လွတ်လပ်ရေးရဖို့ မကြာတော့ပါဘုရား။

နောက်ဆုံး လျှောက်ထားချင်တာကတော့ မြန်မာနိုင်ငံ အရပ်ရပ်သို့ ကြွပြီး သာသနာပြုကြစေလိုပါတယ်ဘုရား။ ဗုဒ္ဓစာပေ ကျမ်းများကိုလဲ ကမ္ဘာသိအောင် ဘာသာပြန်ပြီး ဖြန့်ဖြူးနိုင်ရင် တစ်ကမ္ဘာလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်လာနိုင်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်ဘုရား။

ဘုန်းတော်ကြီးများက ဘာသာခြား စာပေများ လေ့လာပြီး ဘာသာပြန်ဆိုနိုင်ပါက အလွန်ကောင်းပါတယ်ဘုရား'

ဗိုလ်ချုပ်သည် ရှင်သာရိပုတ္တရာနှင့် (၇)နှစ်သား သာမဏေလေးတစ်ပါး၏ အကြောင်းကို ဥပမာပေး လျှောက်ထားကာ လျှောက်ထားချက်ကို နိဂုံးချုပ်သွားသည်။

ဤသို့ လျှောက်ထားကြောင်းကို **၂၄-၂-၁၉၄၇ နေ့ထုတ် "ဗမာ့ခေတ်" သတင်းစာတွင် ဖတ်ရှုရသဖြင့်** တောင်လေးလုံးဆရာတော်၏ ကျမ်းပြုလိုသော ဆန္ဒကို လှုံ့ဆော်ပေးသကဲ့သို့ ဖြစ်သွားရလေသည်။

ထို့ကြောင့် လွတ်လပ်ရေး ရပြီးချိန်မှစ၍ ကျမ်းများ ပြုစု ရေးသားတော်မူခဲ့လေသည်။ ဆရာတော်သည် လွတ်လပ်ရေး ကြိုးပမ်းနေသူများ၏ ဆန္ဒ ပြည့်ဝ၍ ဘေးဘယာကင်း စေရန် ဆုတောင်းမေတ္တာ ပို့သမှု



www.burmeseclassic.com

www.burmeseclassic.com

ခြင်းသည်။

သူတစ်ပိုင်း ဘုန်းကြီးတစ်ပိုင်း လည်းမဟုတ်၊ နိုင်ငံရေး ဘုန်းကြီး လည်း မဟုတ်သဖြင့်ပါဝင်လှုပ်ရှား ခြင်း မပြုခဲ့ပါဟု မိန့်သည် ဆိုလေ သည်။

## တောင်လေးလုံး

## ကျောင်းတိုက်သို့

ဒိနရက္ခိတ ကျောင်းတိုက်မှ အပြန်တွင် တောင်လေးလုံး ကျောင်းတိုက်သို့ ဝင်ရောက် လေ့လာဖြစ်ခဲ့သည်။ ကျောင်း တိုက်သည် ကျိုက်သန်လန် စေတီတော် အနောက်ဘက် ဘတ်လေ့ကားအနီး၊ ညောင်ပင် အနီးမှ မုခ်ဦးအတိုင်း ဆင်းသွား ရသော တောင်ခုလတ်တွင် တည်ရှိ သည်။ ကတ္တရာကားလမ်း ဖြစ်သည်။ ဆက်စောက်သော်လည်း မဝေးလှပါ။

ကျိုက်သန်လန် အနောက်ဘက် ဆောင်းတန်းလှေကားအတိုင်း သွားပါ က လက်ခြောက်ချောင်း ဘုရားဝတ် တော်ကြီး၏ အောက်ဘက်ကပ်လျက် တွင် ကျောင်းအဝင် (တောင်ဘက်) မုခ်တံခါး ရှိပါသည်။

ကျောင်းပေါ်သို့ ရောက်သော် ဦးပဥ္စင်းတစ်ပါးက ဆရာတော့်အခန်း အနီးသို့ သွား၍ ညွှန်သည်ရောက် ကြောင်း လျှောက်ထားသည်။

အချိန်အနည်းငယ်ကြာသော် ဆရာ တော် ထွက်ကြွလာသည်။ **ပဥ္စမ တောင်လေးလုံး ဆရာတော် ဦးဉာဏောဘာသ** ဖြစ်သည်။

'တရားထိုင်နေလို့ကွယ်'


'တင်ပါ့ တပည့်တော် အနှောင့် အယှက် ပြုမိသလို ဖြစ်နေပြီ။ ဒိနရက္ခိတကျောင်းက ဦးပဏ္ဍိတဆီက လာတာပါဘုရား'

'ဦးပဏ္ဍိတက ဘုန်းကြီးနဲ့ အတော် ရင်းနှီးပါတယ်။ လာရင်းကိစ္စက...'

'စတုတ္ထမြောက် ဆရာတော် အကြောင်းနဲ့ တောင်လေးလုံးကျောင်း ဖြစ်စဉ်ကလေး ဆောင်းပါး ရေးချင်လို့ပါ ဘုရား'

'ကောင်းတယ်, ကောင်းတယ်။ ကျော်လေး ကျော် ဆိုတဲ့အတိုင်း ပရိယတ် စာပေပညာ ထက်မြက်သလို ပဋိပတ်မှာလဲ ပေါက်ရောက် တဲ့ ဆရာတော်ပါ။ သူပြုစုခဲ့တဲ့ ကျမ်းက (၁၁)ကျမ်းထဲ ဆိုပေမယ့် တကယ့် ကျမ်းကြီး ကျမ်းခိုင်တွေပါ။

ဒကာတို့ နားလည်အောင် ပြောရရင် ဒွေမာတိကာကျမ်းဆိုတာ ဝိနည်းငါးကျမ်း ရဲ့ အကျဉ်းချုပ်၊ သုံးချက်စု သင်နည်းကျမ်း ဆိုတာက မြတ်စွာဘုရားရှင်ရဲ့ ခက်ခဲ နက်နဲ လှတဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကို လွယ်လင့် တကူ သိမြင်နိုင်အောင် အခြေခံ ,ဥပဒေက အဖြစ် ပြည့်ပြည့်စုံစုံ ရှင်းပြတဲ့ ကျမ်းတွေ ပါပဲ'



တောင်ဘက်အဝင် ဆောင်တန်းနှင့် ဒိုးနန်းမျိုး

ဆရာတော် ဦးဉာဏောဘာသသည် စတုတ္ထဆရာတော် ပျံလွန်တော်မမူမီ နှစ်နှစ်ခန့် အလိုကပင် ဆရာတော် ကိုယ်တိုင် လွှဲအပ်ပေးခဲ့ခြင်း ဖြစ်သည်။

ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ တင်းတိမ်ရန်ရွာ ဗောဓိကျောင်း ထိုင်ဆရာတော်အဖြစ် သီတင်း သုံးနေစဉ် မော်လမြိုင် တောင် လေးလုံး ဆရာတော်က (၁၃-၂-၁၉၈၉ မှ ၁၉-၂-၁၉၈၉) ခုနစ် ရက်တိုင်တိုင် သံဃာ (၃၅၀)ပါး တို့အား ပင့်၍ ဆွမ်း၊ သင်္ကန်း၊ ထီး ဖိနပ်၊ သပိတ်များ လှူဒါန်း ရာတွင် တူဖြစ်သူ ဦးဉာဏောဘာ သလည်း ကြွရောက်ရသည်။ အလှူပြီး၍ နေရပ်ပြန်ရန် လျှောက် ထားသောအခါ...

'နင် မပြန်နဲ့တော့ ဒီမှာပဲဆက်နေ' ဟု မိန့်ကြားသည်။ ကျောင်း တွင် စီစဉ်ဖွယ်ရာများ ရှိသေးသည် ဟု လျှောက်ထားမှ ပြန်ခွင့်ရသည်။

ထို့နောက် (၆) လကျော်သောအခါ သုံးကြိမ်သုံးခါမျှ စာရေးခေါ်သဖြင့် မထီမဲ့မြင်ပြုရာ ကျမည် စိုးသော ကြောင့် မော်လမြိုင်သို့ ပြန်လာရ သည်။

ထိုအခါ ဆရာတော် ဦးနာဂသေနမှာ အမှည့်ကြွေ ကြွေခါနီး မြင်ရသော ကြောင့် အနားတွင် ပြုစုရန် နေထိုင် သီတင်းသုံးရသည်။ ဗောဓိကျောင်းကို လည်း ''ဦးပညာဝုဓ''ဆက်ခံရန် သင့် လျော်ကြောင်း ရွာမှ ဒါယကာတို့အား မှာကြားလိုက်သည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ဘုန်းကျော်စွာ**

*(မြိုင်တက္ကသိုလ်)*




www.burmeseclassic.com

www.burmeseclassic.com

ရှေးမှတ်စုမှ

# အဆိပ်ပြေနိုင်
# ဂါထာကျင့်စဉ်

ခင်ထွန်း



◆ ပလာစာအုပ် တစ်ရွက်မှ ရေစာ

မိတ်ဆွေတစ်ဦး လက်ဆောင်ပေးထားသည့် လက်ရေးမူ မှတ်စုစာအုပ်ကို လှန်လှောကြည့်လိုက်ရာ တိုင်းရင်းဆေးနည်းများနှင့် ဂါထာများဖြစ်သည်ကို တွေ့ရသည်။ ကော်ပီစာအုပ်ကလေးမှာ ဝါကြန့်ကြန့်အရောင်နှင့် အတန်ပင် ဟောင်းနွမ်းနေလေပြီ။ စာအုပ်နောက်ဆုံးတွင်...

'၁၂၈၇ခု တန်ဆောင်မုန်းလဆန်း (၈)ရက်၊ သောကြာနေ့ ညနေ(၃)နာရီအချိန် ဆင်ဆိပ်ကျောင်းသစ် ဘဒ္ဒန္တသောဘဏာစရိယ ဆရာတော်ကြီး ကျမ်းအမျိုးမျိုးမှ ထုတ်နုတ်ရေးသားထားသောကျမ်းကို ရေးကူး၍ ပြီးစီးပါကြောင်း'

ဟူသော စာသားနှင့်အတူ အောက်၌ **ဦးဝိမလ ဆန်း ၈-၈-၈ရ၊ ၂၃-၁၀-၂၅** ဟူသော မြန်မာနှစ်-ခရစ်နှစ် ရက်စွဲများနှင့် လက်မှတ်ထိုးထားလေသည်။

လွန်ခဲ့သော နှစ်ပေါင်း (၈၀)ကျော်၊ အင်္ဂလိပ်အစိုးရ လက်ထက် ရေးကူးသော မှတ်တမ်းဖြစ်ကာ စာရွက်တိုင်းတွင် ရေစာမျဉ်းကြောင်း ပါရှိသည်။ အောက်ခြေတွင် ဟိန္ဒူစာများနှင့် ဘဲဥပုံအပိုင်းအတွင်း၌ လေဘာတီရုပ်တုပုံစံ မိန်းမပျိုရုပ်တို့ ပါဝင်ကြသည်။

အလွန် ရှေးကျသော ဤစာအုပ်တွင်းရှိ ဆေးနည်းဂါထာများအနက် **''အဆိပ်ဟူသရွေ့ နိုင်နှင်းသော ဂါထာကျင့်စဉ်''**ကလေးမှာ ကောင်းမွန်လှသဖြင့် တစ်ဆင့် ပြန်လည် ဒါနပြုပါသည်။

**မြွေမှစ၍ အလုံးစုံသော အဆိပ်နှင့် အဆိပ်ရှိသတ္တဝါတို့အား ဆေးမပါဘဲ နိုင်စေတတ်သော ကျင့်စဉ်''** ကို ရေးသား ပြဆိုပေအံ့။

**တနင်္ဂနွေဆန်း၍ တနင်္ဂနွေပြည့်၊ တနင်္ဂနွေ ကွယ်သောလ၌** လဆန်း (၁)ရက်နေ့ နံနက် အရုဏ်တက်ချိန်မှစ၍ မိမိ၏ အာခံတွင်းကို ဆေးကြောသုတ်သင်ပြီးလျှင် သရဏဂုံ သုံးပါး၊ သီလငါးပါးတို့ကို ခံယူဆောက်တည်ပါ။

ထိုအချိန်မှစ၍ လကွယ်သည့်တိုင်အောင် မိမိခံတွင်းသို့ သွင်းမည့် ရေကအစ စားဖွယ်အားလုံးကို အောက်က ပြထားသော ဂါထာတစ်ခေါက်မန်း၍ စားသောက်ရမည်။ **မည်သည်ကို မမန်းဘဲ ခံတွင်းမသွင်းရ၊ မစား မသောက်ရပါ။**

နံနက် အိပ်ရာထ တစ်ခေါက် အိပ်ရာဝင် တစ်ခေါက် ... လမ်းခရီးသွားလျှင် သွား...ရာအရပ်



www.burmeseclassic.com

www.burmeseclassic.com

ညှိုးညွန့်၍ တစ်ခေါက်ရွှတ်ပြီးမှ ပါ။ လကုန်သည်အထိ မပျက် ပြောက်လျှင် ပထမအကြိမ် အဓိဋ္ဌာန်အောင်၏။

အဓိဋ္ဌာန်အောင် မအောင် သိရန်မှာ က မေ့လျော့၍ မမန်းမမှတ်ဘဲ သောက်မိသည်ရှိလျှင် မြွေစသည် အဆိပ်ရှိ သတ္တဝါကို မြင်တွေ့ရမည်။ သို့တွေ့လျှင် မအောင်မြင်၊ ကျိုးပျက် ဖြင့် တနင်္ဂနွေ ဆန်း၊ ပြည့်၊ ကွယ် လကို စောင့်၍ အဓိဋ္ဌာန် ပြန်စပါ။

**သုံးလ ဆက်တိုက် မကျိုးမပျက် အဓိဋ္ဌာန်အောင်မြင်လျှင်** နေထိုင် သော လုပ်ကိုင်ရာ မည်သည့်နေရာ ဆို အဆိပ်ရှိ သတ္တဝါများ မကိုက် ကိုက်ခဲ၍ အဆိပ်မတက်နိုင်။ ဆိပ်ကြောင့်ဖြစ်သော (အဆိပ်ရှိ သတ္တဝါ ကိုက်ခဲသော) လူနာကိုလည်း ဝါးဖြင့် သပ်ချရုံဖြင့် အဆိပ်ပြယ် ပေါ်။

---

### မန်းရန်ဂါထာ

---

သဗ္ဗာသီဝိသ ဇာတီနံ၊
ဒိဗ္ဗ မန္တာဂဒံ ဝိယ၊
ယံ နာသေတိ ဝိသံ ဃောရံ၊
သေသဉ္စာပိ ပရိဿယံ။
အာဏာခေတ္တမှိ သဗ္ဗတ္ထ၊
သဗ္ဗဒါ သဗ္ဗပါဏီနံ၊
သဗ္ဗသောပိ နိဝါရေတိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။
ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ။
အပါဒကေဟိ မေ မေတ္တံ၊
မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊
မေတ္တံ ဗဟုပ္ပဒေဟိ မေ။
မာ မံ အပါဒကော ဟိံသိ၊
မာ မံ ဟိံသိ ဒွိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိံသိ၊
မာ မံ ဟိံသိ ဗဟုပ္ပဒေါ။
သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကဉ္စိ ပါပ မာဂမာ။
အပ္ပမာဏော ဗုဒ္ဓေါ၊
အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊
ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊
ဥဏ္ဏာနာဘီ သရဗူ မူသိကာ။
ကတာ မေ ရက္ခာ၊
ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ၊
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

**ခန္ဓသုတ်ပရိတ်တော် ဖြစ်သည်။**

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မြွေကိုက်ခံရ၍ ပျံလွန်တော်မူသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤခန္ဓသုတ်ပရိတ်တော်ကို ဟောတော်မူ၏။

ခန္ဓသုတ်ကို ရွတ်ဆိုပွားများခြင်းကြောင့် မြွေဆိပ်ကင်းဆိပ် စသော အဆိပ်ဘေးအမျိုးမျိုးမှ ကင်းလွတ်နိုင်ခြင်း၊ နတ်တိုက်၊ စုန်းတိုက်၊ အင်းတိုက်ခြင်းဘေး၊ လက်နက်ဘေး၊ မြွေ အန္တရာယ်ဘေးတို့မှ ကင်းလွတ်နိုင်ခြင်း အကျိုးများ ရရှိစေသည်ဟု ပါရမီ မဂ္ဂဇင်း စာတည်းအဖွဲ့မှ ထုတ်ဝေသော ပါရမီရှင် ပရိတ်တော် စာအုပ်တွင် ဖော်ပြထားသည်။

အထက်ပါအတိုင်း စနစ်တကျ ကျင့်ကြံနိုင်ပါက ဆိုခဲ့သည့်အတိုင်း အဆိပ် နိုင်နင်းခြင်း အကျိုးကို ခံစားရနိုင်သည်ဟု ယုံကြည်မိသဖြင့် ဒါနပြုခြင်း ဖြစ်ပါသည်။

**ခင်ထွန်း**

### ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| သဗ္ဗာ | = သပ်ဗာ |
| ဒိဗ္ဗ | = ဒိပ်ဗ |
| မန္တာ | = မန်တာ |
| သေသဉ္စာ | = သေသင်စာ |
| ပရိဿယံ | = ပရိတ်သယံ |
| ခေတ္တမှိ | = ခစ်တမ်မှိ |
| သဗ္ဗတ္ထ | = သပ်ဗတ်ထ |
| ပရိတ္တံ | = ပရိတ်တံ |
| ဝိရူပက္ခေဟိ | = ဝိရူပက်ခေဟိ |
| မေတ္တံ | = မစ်တံ |
| ပုတ္တေဟိ | = ပုတ်တေဟိ |
| ဟိံသိ | = ဟိန်သိ |
| စတုပ္ပဒေါ | = စတုပ်,ပဒေါ |
| ဗဟုပ္ပဒေါ | = ဗဟုပ်,ပဒေါ |
| သတ္တာ | = သတ်တာ |
| ဘဒြာနိ | = ဘတ်ဒရာနိ |
| ပဿန္တု | = ပတ်သန်တု |
| ကဉ္စိ | = ကင်စိ |
| အပ္ပ | = အပ်ပ |
| ဝန္တာနိ | = ဝန်တာနိ |
| ဝိစ္ဆိကာ | = ဝိတ်ဆိကာ |
| ဥဏ္ဏနာဘီ | = အုန်ဏနာဘီ |
| ရက္ခာ | = ရက်ခါ |
| ပဋိက္ကမန္တု | = ပတိတ်ကမန်တု |
| သတ္တန္နံ | = သတ်တန်နံ |
| သမ္မာ | = သမ်မာ |
| သမ္ဗုဒ္ဓါနံ | = သမ်ဗုတ်ဓါနံ |



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း ချောင်းဆိုးပျောက် သလိပ်ပျော် ပူရှိန်းငုံဆေးပြား

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၉၅၈၀ လိုင်စင်၇/၂၀၀၈/တဆထ၅(၁၆၂၅)
ကြော်ငြာခွင့်ပြုချက်
တဆဝတ (တနယ်ဖင်း) ၁၆၉/၀၂၁၁၀

လေထန်ကုန်းတွင် ရေးဖော်စာရေး ဆရာများ ဆုံကြသည်။ ကိုဇော်ရဲနိုင်၊ ကိုအောင်မြတ်ဦး၊ ကိုနေမျိုးသီဟတို့ကို တစ်ဝိုင်းတည်းတွင် တွေ့ရသည်။ ဆရာဇော်ရဲနိုင်က "လာထိုင် ကိုယဉ်တင့်… အဟွပ်…အဟွပ်…အဟွပ်"

"ချောင်းဆိုးလှချည်လား…ကိုဇော်ရဲနိုင်"

"ဟုတ်တယ်ဗျာ… ဆေးလိပ် မသောက်၊ ကွမ်းမစားဘဲနဲ့ ဘာကြောင့် များ ဒီလောက်ချောင်းဆိုးမှန်းမသိဘူး"

"ရာသီဥတု အကူးအပြောင်းမှာ ဖြစ်တတ်တဲ့ အာဂန္တုကရောဂါပဲ"

"ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီမို့ ကျွန်တော်တို့ထက် ရောဂါ အကြောင်း ပိုနားလည်မှာပါ ရှင်းပြစမ်း ပါဦး"

"ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်နိုင်ရင် ကျန်းမာနေတာပါပဲ…ဒါပေမဲ့ အာဟာရသမုဋ္ဌာန်နဲ့ ဥတုသမုဋ္ဌာန် လွန်ယုတ်လွဲမှား ပြုဖန်များရင် အာဂန္တုက ချောင်းဆိုးရင်ကျပ်ရောဂါ စလာတာပဲ…ကိုဇော်ရဲနိုင်ကို ကြည့်ရတာ ရေချိုးစောတာမျိုး ရာသီနဲ့ မတည့်တဲ့အစားအစာ ကို စားတာကစပြီး ချောင်းဆိုးရင်ကျပ်စလာတာပါ"

ဆရာနေမျိုးသီဟက ဆက်ပြောသည်၊ "ကျွန်တော်တို့လို ကွမ်းစားတဲ့သူတွေ၊ ဆေးလိပ်သောက်တဲ့သူတွေအတွက် ချောင်းဆိုး ရင်ကျပ်ရောဂါ မကင်းဘူးဗျ…ဒါကြောင့် ဘယ်ဆေးကို ဆောင်ပြီး သုံးစွဲရမယ်ဆိုတာ ပြောပြပေးပါဦး"

"ရာသီမရွေးလဲ စားသုံးနိုင်ပြီး ရာသီအကူးအပြောင်းတွေမှာ ဖြစ်တတ်တဲ့ ချောင်းဆိုးရင်ကျပ် သလိပ်ကပ်ရောဂါကို သက်သာပျောက်ကင်းစေတဲ့ဆေးတစ်မျိုးရှိတယ်ဗျ…ကျွန်တော့်မိတ်ဆွေ **သမားတော် ဦးကိုကိုကြီး**က ရောဂါရှင်များကို လက်တွေ့ကုသပေးခဲ့ပြီး အစွမ်းထက်ထိရောက်မှုကို သိရှိပြီး ဈေးကွက်ထဲမှာ ဖြန့်ချိနေတဲ့ **သားမင်း အမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံ ဆေးပြား**ရှိတယ်။ ကလေး၊ လူကြီးအရွယ်မရွေး သုံးစွဲနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲဗျ"

"အဲဒီ သားမင်းအမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံဆေးပြား ရဲ့ ဆေးအညွှန်းကိုလဲ ပြောပြပေးဦးမှပေါ့"

"ဆရာတို့အားလုံး သုံးစွဲချင်ရင် သုံးစွဲရအောင် ဆေးအညွှန်း ပြောပြပေးပါမယ်။ ဆေးအညွှန်း မပြောမီ ကျွန်တော် လက်ဆောင်ရ တဲ့ဆေးဘူးထဲက သားမင်း သလိပ်ပျော် ပူရှိန်းငုံဆေးပြား (၄)ပြား ဆရာကိုဇော်ရဲနိုင် ရေနွေးနဲ့ အရင်သောက်လိုက်ဦး… ကဲ ပြောတော့ မယ် နားထောင်…သားမင်း အမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံ ဆေးပြားဟာ ရာသီဥတု အကူးအပြောင်းကြောင့် အအေးမိခြင်း၊ နှာစေး ချောင်းဆိုးခြင်း၊ အပူရှပ်ခြင်း၊ အပူချောင်းဆိုးခြင်း၊ ရင်ကျပ်၊ သလိပ်ကပ်၊ ချွဲကျပ်ခြင်း၊ သလိပ်ပုပ်ထခြင်း၊ လည်ချောင်းစပ်ယား၍ ချောင်းဆိုးခြင်း၊ ကျောရင်ခေါင်း၍ အသက်ရှူကျပ်ခြင်းများကို ကွမ်းရွက်စိမ်းရည် (သို့) ရေနွေးနဲ့ သောက်ရင် သက်သာပျောက်ကင်းစေတယ်ဗျ"




သလိပ်ပျော်၊ ရင်ချောင်၊ အစာကြေ၊
ဆီး၊ ဝမ်း၊ သွေးလေညီညွတ်အောင်
**သားမင်း** (အမှတ်တံဆိပ်)
**ချောင်းဆိုးပျောက် သလိပ်ပျော်**
**ပူရှိန်းငုံဆေးပြားကိုဆောင်**

"ကောင်းတယ်ဗျာ… ဆက်ပြောပါဦး"

"အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေထိုး၊ လေအောင့်၊ လေနာရောဂါဖြစ်ခြင်း၊ လေပွခြင်း၊ လေချုပ်၍ မအီမသာဖြစ်ခြင်းများ ကို သက်သာပျောက်ကင်းစေပြီး ဆီး၊ ဝမ်း လေချုပ်ခြင်းများကို မှန်ကန်ညီညွတ်စေတဲ့ဆေး ဖြစ်တယ်ဗျ… ခံတွင်းအနံ့မကောင်းသူများနဲ့ မူးဝေ၊ ပျို့အန်ခြင်းများအတွက် ငုံပေးပါက ခံတွင်းလဲရှင်း၊ မူးဝေခြင်းလဲ ကင်းလျက် ချွဲသလိပ် ပျော်စေပါတယ်။ ကလေး၊ လူကြီး နေ့စဉ် သုံးစွဲရင် အစာကြေ ရင်ချောင်ပြီး အစားအစာ စားချင်စိတ် ဖြစ်ပေါ်စေတယ်တဲ့ဗျ"

ဆေးညွှန်းများ တရစပ်ပြောပြီး လက်ဖက်ရည်သောက်ရင်း စကားဆက်ပြတ်သွားချိန်တွင် ဆရာဇော်ရဲနိုင်က "ဆရာ ကိုယဉ်တင့် တိုက်လိုက်တဲ့ သားမင်းအမှတ်တံဆိပ်သလိပ်ပျော် ငုံဆေးပြားရဲ့ အစွမ်းတော့ပြပြီဗျို့…ဆေးသောက်ပြီး နာရီပိုင်း အတွင်းမှာ ခံတွင်းလဲရှင်း၊ သလိပ်လဲပျော်ပြီး ရင်ချောင်သွား တယ်…**သားမင်းအမှတ်တံဆိပ် သလိပ်ပျော် ပူရှိန်းငုံဆေးပြား** ရဲ့အစွမ်းကို လုံးဝယုံကြည် လိုက်ပြီ…ကျွန်တော်လဲ သုံးစွဲမယ့် အပေါင်းအသင်းတွေသိအောင် ဆေးရဲ့ကောင်းခြင်း ဂုဏ် သတင်းကို တစ်အိမ်တက်တစ်အိမ်ဆင်း သတင်းပေးဦး မယ်ဗျို့…"

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၁၁၃)၊ ဣန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎၀၁-၇၀၃၃၆၄ ... ၅၀ ၉၇၉၇၃



www.burmeseclassic.com

www.burmeseclassic.com



ပြက္ခရွှေတောင် ပြည်လုံးချမ်းသာစေတီတော်

# ပြက္ခရွှေတောင် ရှယ်တော်ရှင် စေတီတော်မြတ်

## နှင့် သာသနာပြု ဆရာတော်ကြီးများ (၃)

မောင်မောင်ကျော်

ယခင်လမှ အဆက်

ဆရာတော်သည် မိမိ တစ်ကြိမ် တစ်ခါမျှ မရောက်ဘူးသေးသော နေရာသစ်၊ ဝန်းကျင်သစ်သို့ ရောက်ရှိ ခြင်းကြောင့် မြင်ကွင်းမှန်သမျှသည် သစ်အဆန်းပင် ဖြစ်နေပေသည်။

အထူးသဖြင့် သစ်ကြီး၊ ဝါးကြီးများ စိမ်းလန်းစိုပြည်လျက်ရှိသော ပြက္ခရွှေတောင်၏ အေးအရိပ်သည် ဆရာတော်အတွက် အမောပြေ အား တစ်ခွက်ပင် ဖြစ်ပေသည်။

ဆုတောင်းပြည့် မောနားကျောင်း တိုက် ပရိဝုဏ်အတွင်းရှိ ရှေးဟောင်း ကျောင်းတိုက်ကြီးများ၊ သာသနိက အဆောက်အအုံများ၊ ဇရပ်၊ တန်ဆောင်း များနှင့် မောနားဆုတောင်းပြည့်စေတီ တော်ကို ဖူးတွေ့လိုက်ရသည့်အချိန် တွင် ပြက္ခရွှေတောင် မောနားအား သာသနာပြုလိုစိတ်များသည် ဆရာ တော်၏ ရင်တွင်းဝယ် တဖွားဖွား ဖြစ်ပေါ်ခဲ့ရပေသည်။


ဆရာတော်သည် ဆုတောင်းပြည့် မောနားကျောင်းတိုက်သို့ ရောက်ရှိပြီး နောက် မောနားဆုတောင်းပြည့်စေတီ တော်နှင့် ဆုတောင်းပြည့် မောနား ကျောင်းတိုက်အား ဘက်စုံပြုပြင် မွမ်းမံရေး စီမံကိန်းကို စတင်ချမှတ် အကောင်အထည် ဖော်ခဲ့ပေသည်။


ဆရာတော် ရောက်စက ပြက္ခရွှေ တောင်ခြေလှည်းခံ (ရွှေညောင်ပင်



www.burmeseclassic.com

www.burmeseclassic.com





◆ မောနာဆုတောင်းပြည့် စေတီတော်အား ဘက်စုံ မြင်ရပြီ တွေ့ရစဉ်

◆ မောနာစေတီတော်(ယွန်းစေတီ)

◆ မောနာကျောင်းသို့ အတက်လမ်းမုခ်ဦး



စခန်း) အနီးတစ်ပိုက်တွင် တဲအိမ်လေးများဖြင့် ဟိုတစ်စု၊ ဒီတစ်စု နေထိုင်ကြသူများနှင့် ယာကွက်များအတွင်း၌ တဲအိမ်ဆောက်ပြီး နေထိုင်ကြသူများသာ ရှိပေသည်။ ရွာဟူ၍ မည်မည်ရရ မရှိခဲ့ပေ။

ထို့ကြောင့် ဆရာတော်သည် တောင်ခြေရင်းရှိ တဲအိမ်လေးများနှင့် ယာကွက်များအတွင်း နေထိုင်ကြသော တဲအိမ်လေးများအား စုပေါင်း၍ "မြသုခ"ဟု အမည်ရသော ရွာလေးတစ်ရွာကို သက်ဆိုင်ရာများနှင့် ညှိနှိုင်းပြီး တည်ထားပေးခဲ့ပေသည်။ မြသုခရွာလေးသည် အိမ်ခြေ(၄၅)အိမ် ရှိပေသည်။

ထိုမြသုခရွာသည်ကား မောနာဆုတောင်းပြည့် စေတီတော်နှင့် ဆုတောင်းပြည့် မောနာကျောင်းတိုက်ရှိ သံဃာတော်များအတွက် ဆွမ်းချက်ရွာကလေးပင် ဖြစ်ပေသည်။

ဗုဒ္ဓဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စတို့ကို မညည်းမညူ ကြည်ဖြူစိတ်ထား သဒ္ဓါပွားကာ အားကြိုးမာန်တက် ဆောင်ရွက် လုပ်ကိုင်ပေးကြသော မြသုခရွာမှ ဒါယကာ၊ ဒါယိကာမများအား တုံ့ပြန်သော စေတနာအရင်းခံဖြင့် ဆရာတော်သည် ပြကွ္ခရွှေအနောက် တောင်ခြေ **'ပေပင်ချောင်'**သဘာဝ ရေထွက်မှ ပေ (၇၀၀၀)ကျော် ဝေးကွာသော မြသုခရွာလယ် အုတ်ကန်ကြီးသို့ (၁½)လက်မ ပီဗွီစီပိုက်များဖြင့် ရေသွယ်တန်း၍ ပေးခဲ့ရာ ကျပ်ငွေ(၂၄)သိန်းကျော် ကုန်ကျခဲ့ပေသည်။

ယခင်က မြသုခရွာမှ ရွာသူရွာသား များသည် သောက်ရေသုံးရေ ရရှိရေး အတွက် မြသုခရွာ၏ အရှေ့ဘက် (၆)ဖာလုံခန့် ကွာဝေးသည့် ရေထွက် များရှိရာ (ဂျွန်ကန်)ကျေးရွာသို့ ရေခပ် သွားခဲ့ရပေသည်။

"ရေကြွယ်တော့တစ်ည၊ ထ ကြွယ်တော့တစ်လ"ဟူသော ရှေး ကြီးများ၏ အဆိုအမိန့်အတိုင်းပင် ရရှိရန်အတွက် နေ့စဉ် ရေခပ်သွားရ

www.burmeseclassic.com



ဘောင်တော်ကျော်စေတီ

သည်။

လှည်း၊နွားရှိကြသူများက လှည်း၊နွားနှင့်၊ စက်ဘီး ရှိကြသူများက စက်ဘီးနှင့်၊ လှည်း၊နွားရော၊ စက်ဘီးပါ မရှိကြသူများကမူ ခြေကျင် သွားကြ၍ ရေခပ်ရပေသည်။

ထို့ကြောင့် ရေခပ်သွားရခြင်းသည် အလုပ်တစ်ခုပမာ ဖြစ်ခဲ့ပေသည်။ ယခုအခါ ဆရာတော်၏ ရေအလှူတော် ပေးမှုကြောင့် မြို့သုခ တစ်ရွာလုံးနှင့်အနီးအနား ယာတဲများက လူနှင့် တိရစ္ဆာန်များအတွက်ပင် ဖူလုံစွာ ရရှိခဲ့ပေသည်။

တစ်ဖန် ဆုတောင်းပြည့် မောနားကျောင်းတိုက်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးဧည့်သည်များ၊ ကျောင်းတိုက်ရှိ သံဃာတော်များ၊ ကိုရင်သာမဏေများ၊ ကျောင်းသားများ၊ နှစ်စဉ်သင်္ကြန်တွင်း၌ ဒုလ္လဘသံဃာတော် အပါး(၁၀၀)ကျော်နှင့် သီတင်းကျွတ် တောင်ကြီးပွဲတော်ရက်များအတွင်း ရေလုံလောက်မှုရှိစေရန် ရည်သန်၍ ဆုတောင်းပြည့် မောနားကျောင်းတိုက်မှ ပေ(၆၀၀၀)ဝေးကွာသော စကြာတောင် သဘာဝ ရေထွက်မှ ရေများကို တစ်လက်မ ပိုက်စီ ရေပိုက်များဖြင့် သွယ်တန်းပေးခဲ့သည်။

ဆရာတော်သည် ကော်ဖီခြံ ကင်းတား လက်ဝဲမြောင်းပေါင်မှ တောင်ခြေလှည်းခံ (ရွှေညောင်ပင်စခန်း)အထိ (၃)မိုင် ခရီးလမ်းကို ဘုရားဖူးများသည် နွေ၊ မိုး၊ ဆောင်း ကာလများတွင် အချိန်မရွေး လွယ်ကူစွာ သွားလာနိုင်ရန် နှစ်စဉ် ပြုပြင်ပေးလျက် ရှိပေသည်။

ဆုတောင်းပြည့် မောနားကျောင်းတိုက်တွင် ၂၀၀၁ ခုနှစ် မဟာသင်္ကြန်မှစတင်၍ နှစ်စဉ် ဒုလ္လဘ ရဟန်းခံပွဲများ ပြုလုပ်ပေးလျက် ရှိပေသည်။ နှစ်စဉ် ဒုလ္လဘသံဃာတော် အပါး (၁၀၀)ကျော် ရှိပေသည်။

ဆုတောင်းပြည့် မောနားကျောင်းတိုက်တွင် ၂၀၀၁ ခုနှစ်၊ မဟာသင်္ကြန်မှစ၍ ယနေ့ထက်တိုင် သတိပဋ္ဌာန် ဝိပဿနာ (၇)ရက်စခန်းကိုလည်း နှစ်စဉ် ပြုလုပ်ခဲ့ပေသည်။ ဝိပဿနာ တရားစခန်းတွင် သံဃာတော်များ၊ ယောဂီများ အပါအဝင် စုစုပေါင်း(၂၅၀) ကျော် ရှိပေသည်။

ဆရာတော်သည် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလတွင် တောင်တက်ကားလမ်း မှန်ဦးနှင့် ဆင်ဖြူတော်နှစ်စီးအား ဆောက်လုပ်တော်မူခဲ့ပေသည်။

ဆရာတော်သည် တောင်ခြေလှည်းခံ(ရွှေညောင်ပင်စခန်း)မှ မောနားဆုတောင်းပြည့်စေတီတော်သို့ နွေမိုးဆောင်း အချိန်မရွေး အခါမရွေး အလွယ်တကူ သွားရောက်ဖူးမြော်နိုင်ရန် လေ့ကားနှင့် စောင်းတန်းများကို ဆောက်လုပ်ပြီး သာသနာပြုရန် ဆုတောင်းပြည့် မောနားကျောင်းတိုက်သို့ ရောက်စ ကနဦးပင် ကြံစည်အားထုတ်တော်မူခဲ့ပါသည်။

သို့နှင့် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ လေ့ကားနှင့် စောင်းတန်းများကို ကိုယ်တော်တိုင် စီစဉ်ကြပ်မတ်ဆောင်ရွက်တော်မူခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အောင်မြင်စွာ ပြီးမြောက်ခဲ့ပေသည်။

ဤသို့ လေ့ကားနှင့် စောင်းတန်းများ အောင်မြင်စွာ ပြီးမြောက်ခဲ့ခြင်းမှာ ဆရာတော်၏ ပြင်းပြသော ဖွဲ့၊ လုံ့လ၊ ဝီရိယ စွမ်းအားတို့ကြောင့်ပင် ဖြစ်ပေသည်။

ယခင် စောင်းတန်းနှင့် လေ့ကားများ မပြုလုပ်မီက တောင်ခြေလှည်းခံ(ရွှေညောင်ပင်စခန်း) မောနားဆုတောင်းပြည့်စေတီတော်အထိ (၄)ဖာလုံခရီးအား တစ်နာရီခန့် တောလမ်းအတိုင်း သွားခဲ့ကြရသည်။

သို့သော် ယခုအခါ ဆရာတော်၏ မဆုတ်မနစ်သော ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ သာသနာပြုစွမ်းအားနှင့် ပဥ္စမစွယ်တော်ရှင် စေတီတော်မြတ်ကြီးအား တောင်ခြေလှည်းခံမှ မောနား ဆုတောင်းပြည့်စေတီတော်အရောက်



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်း(၇၀)ကျော်ခန့်က ပြက္ခရွှေတောင် သာသနာပြု သဲတောကိုးတောင်ပြည့်ဆရာတော် ဦးကောလျာဏ

(၂၇)မိနစ်မျှဖြင့် သက်သောင့်သက်သာ လာရောက် ဖူးမြော်နိုင်ကြပေပြီဖြစ်သည်။

မောနား ဆုတောင်းပြည့်စေတီတော်မှ ပြက္ခရွှေ အရှေ့တောင်စေတီတော်သို့ (၄)နာရီ၊ ပြက္ခရွှေအနောက်တောင် စွယ်တော်ရှင်စေတီတော်သို့ (၂)နာရီကြာ သွားရောက်ဖူးမြော်နိုင်ကြပေပြီ ဖြစ်သည်။

ဆရာတော်သည် ပြက္ခရွှေတောင် သာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တ လာဘာဝတမထေရ်မြတ် (ဘုန်းဘုန်းလေး) စတင် ဖောက်လုပ်ခဲ့သော တောင်ခြေမှ မောနားဆုတောင်းပြည့် စေတီတော်သို့ တောင်တက်ကားလမ်းကိုလည်း ဆက်လက် ဖောက်လုပ်လျက်ရှိပေသည်။

ယင်း တောင်တက်ကားလမ်းသည် (၁)မိုင် (၁)ဖာလုံခန့် အရှည်ရှိပြီး ယခုအခါ (၃)ပုံခန့် ကျောက်ကြမ်းအူလမ်းကြောင်း ဖော်ပြီး၍ ဘောင်းတော်ကျ စေတီတော်အထက်သို့ပင် ရောက်ရှိနေပြီ ဖြစ်ပေသည်။


လမ်းအူကြောင်း ဖော်ပြီးစီးပါက (၂၄)ပေအကျယ် ကွန်ကရစ်လမ်းခင်းမှာ ဖြစ်ပေသည်။ ယင်းတောင်တက်ကားလမ်းအား လမ်းအူကြောင်းဖော်ခြင်း၊ ကွန်ကရစ်ခင်းခြင်း ပြုလုပ်ရာတွင် ကျပ်သိန်းပေါင်း (၂၅၀၀)ခန့် ကုန်ကျမည် ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ကုသိုလ်ရှင်များအနေဖြင့် လှူဒါန်းလိုပါက ပြက္ခရွှေတောင် မောနားဆရာတော် ဦးပညာဝံသ (ဓမ္မာစရိယ၊B.A)ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း သိရပေသည်။

ဆရာတော်သည် ဆရာတော်၏ ဆွမ်းချက်ရွာဖြစ်သော မြသုခရွာသော ရှိ ကလေးသူငယ်များနှင့် ရွာနီးချုပ်စပ် မှ ကလေးသူငယ်များအား ပညာရည် နို့ သောက်စို့နိုင်ရန်လည်း ကြိုးစားအား ထုတ်တော်မူခဲ့ပေသည်။

ပြက္ခရွှေတောင်ခြေရှိ သံချပ် ပြင်ဆင်ရေး ပင်မအလုပ်ရုံတပ် တပ်ဦးကျောင်းဖြစ်သော ဆုတောင်း ပြည့် မောနားကျောင်းတိုက် မောနား ဆုတောင်းပြည့်စေတီတော် တို့အား ထိုတပ်မှပင် စောင့် လှေကားအတိုင်း လျှပ်စစ်မီး သွယ် တန်းလှူဒါန်းထားမှုကြောင့် ညအခါ

www.burmeseclassic.com



◆ ပြကွန်ရွှေတောင် သာသနာပြု မိတ္ထီလာမြို့ အသောကာရုံ ရေလည်ကျောင်းတိုက်ကြီး၏ ပဓာန နာယက နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ လာဘာဝတ

...မောနားသို့ ဘုရားဖူးသွားလာနိုင်ဖြစ်ပေသည်။

### တောင်ကြီးပွဲတော်

အနော်ရထာမင်းကြီးသည် သာ...ကျောင်းတော်နှင့် ပြကွန်ရွှေတောင်တို့...တွင် စေတီများ တည်ပြီးနောက် အဓိဋ္ဌာန်ထားတော်မူခဲ့သည်မှာ...

'ငါ ပြုတော်မူသော ကုသိုလ်တော်စေတီတို့အား တစ်နှစ်တစ်ကြိမ် ဆွမ်းဆက်ကပ်လှူဒါန်းကြစေ။ မပေးမလှူ ဆွမ်းတော်ကြီး ကပ်လှူကြသူတို့သည် စပါးဆန်ရေကောက်ပဲသီးနှံ ဖွံ့ဖြိုးတိုးတက် ချမ်းသာပါစေ။ ပေးလှူမပေးသူတို့သည် ဆန်ရေကာနှင့်ကောက်ဆွသော ကျန်ရှိပါစေ'

ဟု အဓိဋ္ဌာန်ထားတော်မူခဲ့၏။ ထို့အပြင် ရွှေသာလျောင်းစေတီတော်နှင့် ပြကွန်ရွှေတောင် စေတီတော်တို့တွင်လည်း...

'ငါ့အား အမှုအတန်း ပေးတော်ကြသကဲ့သို့ စွယ်တော်မြတ်တင်သော ဆင်ဖြူ(ဆင်မယဉ်သာ)ကိုလည်း ဆင်ဆယ်မျိုးတို့၏ အရုပ်တို့ဖြင့် ဆွမ်းတော်ကြီး ကပ်လှူပွဲတွင် ထည့်ဝင်လှူဒါန်းပြီး ဆင်ဖြူ(ဆင်မယဉ်သာ)ကို အမှုအတန်း ပေးတော်ကြရန်'

ဟု အဓိဋ္ဌာန်ထားတော်မူခဲ့ပေသည်။

ထိုကဲ့သို့ အဓိဋ္ဌာန်တော်မူသည့်အတိုင်း အနော်ရထာမင်းကြီး လက်ထက်မှစ၍ ရွှေသာလျောင်းစေတီတော်မြတ်နှင့် ပြကွန်ရွှေတောင်စေတီတော်မြတ်တို့အား သီတင်းကျွတ်လဆန်း (၁၁)ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဆွမ်းတော်ကြီး ကပ်လှူပွဲများကို ကျင်းပပြုလုပ်ခဲ့ကြပေသည်။

သို့သော် ရှေးအခါက ရှေးရိုးရာအစဉ်အလာအတိုင်း မပျက်မကွက်ကျင်းပပြုလုပ်ခဲ့ကြသော်လည်း ယခုအခါ ပြကွန်ရွှေတောင် စေတီတော်မြတ်တို့အား ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့် ဆင်လှူပွဲများသည် တစ်စတစ်စ တိမ်ကောပျောက်ကွယ်သွားပြီး ပျော်ပွဲရွှင်ပွဲသက်သက်လောက်သာ ကျန်ရှိပေတော့သည်။

ပြကွန်ရွှေတောင် စွယ်တော်ရှင်စေတီတော်မြတ်အား ဆွမ်းတော်ကြီး ကပ်လှူပွဲကို ဒေသခံပြည်သူများက **"တောင်ကြီးပွဲ"** ဟူ၍ ခေါ်ဝေါ်ကြပေသည်။ ယခင်က လှည်းယာဉ်များဖြင့်တစ်ဖုံ၊ စက်ဘီးများဖြင့်တစ်မျိုး၊ ခြေကျင်ဖြင့်တစ်သွယ် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ်များသည် တောင်ကြီးပွဲသို့ အိုးစည်၊ ဒိုးပတ်သံ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် တပျော်တပါး လာရောက်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥဒေါင်းမင်းပလ္လင်စေတီတော်တွင် ဆရာတော် ဦးလာဘဘတ(ဘုန်းဘုန်းလေး)နှင့် ထီးလာဦးဥာဏိသရတို့အား ဖူးမြော်ရစဉ်

ဘုရားဖူးလာ ဧည့်ပရိသတ်များသည် ဆုတောင်းပြည့် မောနားကျောင်းတိုက်ပရိဝုဏ်အတွင်းရှိ မြေကွက်လပ်ကြီးတွင် တပျော်တပါး တီးမှုတ် ကခုန်ကြပေသည်။ တီးမှုတ် ကခုန်ကြရာတွင်လည်း သူ့ရွာနှင့်သူ၊ သူ့ဓလေ့နှင့်သူ၊ သူ့အဖွဲ့နှင့်သူ၊ စည်းကမ်းရှိစွာ ဝိုင်းဖွဲ့ပြီး တီးကြမှုတ်ကြ ဆိုကြ ကကြရပေသည်။

အိုးစည်သံ၊ ဒိုးပတ်သံကြားလျှင်ပင် မကာရ မနေနိုင်အောင် ဖြစ်ကြရပေသည်။ ထို့ကြောင့် အမျိုးသား အမျိုးသမီး ကြီးငယ်မဟူ ပျော်ပျော်ပါးပါး ကခုန်ကြရပေသည်။ နှစ်သက်မြတ်နိုးဖွယ်၊ ပီတိဖြစ်ဖွယ် တောင်ကြီးပွဲ၏ ဓလေ့တစ်ရပ်ပင် ဖြစ်လေသည်။

ဤဓလေ့နှင့် ပတ်သက်၍ စာရေးသူမှ ဒေသခံများအား မေးမြန်းကြည့်ရာ **ပြကွေ့ရွှေတောင်ဗိုင်ရှင် နတ်ဝီဇ္ဇာ နှစ်ပါးဖြစ်သော တောင်ပြုံးအရှင်နှစ်ပါးတို့ ပျော်ရွှင်ဖို့အတွက် ဒိုးတီးပေးရသည့် ပွဲဖြစ်ကြောင်း။ ဒိုးတီးပွဲတော်ဟု ပြောလျှင်လည်းရကြောင်း**ကို ပြောပြပါသည်။

ယခင်က သီတင်းကျွတ်လဆန်း (၈)ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ရက်များအထိ ဒေသခံကျေးရွာများမှ အိုးစည်ဒိုးပတ်များ အပြိုင်အဆိုင် တီးမှုတ်ပြီး ကခုန်ကြသော်လည်း ယခုအခါ ကျောက်ဆည်မြို့ ဆင်ပွဲတော်နှင့် တိုက်ဆိုင်နေသဖြင့် သီတင်းကျွတ်လဆန်း(၁၄)ရက်နေ့ ညဉ့်သန်းခေါင်ကျော်အချိန်ထိသာ ပျော်ပွဲရွှင်ပွဲများ ရှိပေတော့သည်။

ဤ ပြကွေ့ရွှေတောင်ကြီးပွဲတော်၏ ထူးခြားချက်မှာ သီတင်းကျွတ်လဆန်း (၁၄)ရက်နေ့ ညဉ့်သန်းခေါင်ကျော် အချိန်ထိသာ တီးမှုတ်ကခုန်နေကြသော်လည်း သီတင်းကျွတ်လပြည့်နေ့ နံနက်လင်းလျှင် ဆုတောင်းပြည့် မောနားကျောင်းတိုက် ပရိဝုဏ်အတွင်း၌ ဈေးဆိုင်အချို့နှင့် လူအချို့သာ ကျန်ရှိပြီး ကျန်ဘုရားပွဲလာ ပရိသတ်များ တစ်ယောက်မျှ မရှိကြတော့ခြင်း ဖြစ်ပေသည်။

စာရေးသူမှ ဒေသခံဆရာတော်ကြီးများနှင့် သက်ကြီးပုဂ္ဂိုလ်အချို့တို့အား စုံစမ်းမေးမြန်းကြည့်ရာ...

နယ်သူနယ်သားများသည် သီတင်းကျွတ်လပြည့်နေ့တွင် သူတို့၏ ဝိဟာရဘုရားများအား သွားရောက်ဖူးမြော်ကြခြင်းဖြ

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း။ ထို့ကြောင့် သီတင်းကျွတ်လဆန်း (၁၄) ရက်နေ့ ညဉ့်သန်းခေါင်ကျော် အချိန်တွင် တောင်ပေါ်မှ တောင်အောက်သို့ အချိန်မီ ပြန်ဆင်းကြရကြောင်း...

သီတင်းကျွတ်လပြည့် မတိုင်မီ ရက်များအတွင်း၌ ပြကွဲရွှေ တောင် တောင်ကြီးပွဲအား အတီးအမှုတ်များဖြင့် တပျော် တပါး လာရောက်ကြပြီး တောင်ပိုင်ဖြစ်သော တောင်ပြုံး အရှင်နှစ်ပါးအား အတီး အမှုတ် အကအခုန်များဖြင့် ပျော်ဖြေပေးရခြင်း ဖြစ်ကြောင်း...

ထို့နောက် ပြကွဲရွှေတောင် တန်းပေါ်ရှိ စေတီတော်များ အား ဆွမ်းကပ်လှူဒါန်း ကြခြင်းပင် ဖြစ်ကြကြောင်းကို ပြောပြကြပေသည်။

သို့ဖြစ်၍ တောင်ကြီးပွဲ တော် ဟူသည်မှာ အနော်ရထာမင်းကြီး၏ အမိန့်တော်အတိုင်း ဆွမ်းကပ်လှူပွဲ၊ ဆွမ်းလောင်းလှူပွဲများနှင့် ပြကွဲရွှေတောင်ပိုင်ရှင်ဖြစ်သော တောင်ပြုံး အရှင်နှစ်ပါးတို့အား အိုးစည် ဒိုးပတ်တို့ဖြင့် ပျော်တော်ဆက်သည့်ပွဲဟု ဆိုရပေမည် ဖြစ်ပေသည်။

ပြကွဲရွှေ တောင်ကြီးပွဲတော်သည် အိုးစည်သံ၊ ဒိုးပတ်သံတို့ဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက် ရှိသော်လည်း ရှေးရိုးရာ အစဉ်အလာအတိုင်း ပြုလုပ်မြဲဖြစ်သော ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့် ဆွမ်းလောင်းလှူပွဲများမှာ တစ်စတစ်စ တိမ်ကောပျောက်ကွယ်လျက် ရှိပါသည်။



ရွှေယောင်းကျောင်းတိုက်ကြီးနှင့် ဆရာတော် ဦးပညာဝံသ(ဓမ္မာစရိယ၊B.A)၊ စာရေးသူတို့ဇနီးမောင်နှံ(မောနား)

ထို့ကြောင့် ဆုတောင်းပြည့် မောနား ဆရာတော်သည် ရှေးမူမပျက် စွယ်တော်ရှင် စေတီတော်မြတ်ကြီးအား ဆွမ်းကပ်လှူပွဲနှင့် ဆွမ်းလောင်းလှူပွဲကို ၁၃၅၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၄)ရက်နေ့မှစ၍ မြို့နယ်၊ ကျေးရွာများနှင့် ညှိနှိုင်းပြီး ပြန်လည်ဖော်ဆောင်ခဲ့ရာ ယခုနှစ်ဆိုလျှင် တတိယအကြိမ်သို့ပင် တိုင်ခဲ့ပေပြီ ဖြစ်ပေသည်။

ဆွမ်းလောင်းလှူပွဲတွင် ရပ်နီးရပ်ဝေးမှပင် သံဃာ(၅၈)ပါးတို့အား နှစ်စဉ် သီတင်းကျွတ်လဆန်း (၁၄)ရက်နေ့ နံနက်(၉)နာရီတိတိအချိန်၌ ဆွမ်းလောင်းလှူလျက် ရှိပေသည်။

သို့ဖြစ်ပါ၍ ပြကွဲရွှေတောင် ဆုတောင်းပြည့် မောနား ကျောင်းတိုက်၏ ကျောင်းထိုင် ပဓာနနာယက ဆရာတော် ဦးပညာဝံသ (ဓမ္မာစရိယ၊ B.A)သည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာ သုံးရပ်တို့ကို ပြန့်ပွားစေရန် ကြိုးပမ်းအားထုတ်တော် မူပါသည်။

ထို့ပြင် ဗုဒ္ဓသာသနာတော် နေလပမာ ထွန်းတောက်စေရန် ရည်သန်လျက် ပြကွဲရွှေတောင် မောနား ဆုတောင်းပြည့် စေတီတော်နှင့် ဆုတောင်းပြည့် မောနားကျောင်းတိုက်တို့အား ထာဝရ ဖွံ့ဖြိုးစည်ပင် သာယာစေပြီး ဗုဒ္ဓသာသနာတော် နှစ်ငါးထောင်တိုင်တိုင် တည်တံ့ခိုင်မြဲစေရန် အမြဲတမ်း ကြိုးပမ်းလျက် ရှိတော်မူပြီး သာသနာပြုလျက် ရှိနေပါကြောင်း တင်ပြလိုက်ရပေသတည်း။

## မောင်မောင်ကျော်


ကျမ်းကိုး

၁။ မှန်နန်းရာဇဝင်တော်ကြီး၊

၂။ ပန်းလောင်ရွှေရည် မဂ္ဂဇင်း (မြစ်သားမြို့နယ်မဂ္ဂဇင်းကော်မတီ)၊

၃။ ကင်းတားရွှေရည်မဂ္ဂဇင်း (မြစ်သားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့)

www.burmeseclassic.com



၄။ ပြကွဲရွှေတောင် စွယ်တော်ရှင် စေတီတော်သမိုင်း (ဦးပညာဝံသ–ဓမ္မာစရိယ၊ B.A)၊

၅။ မိတ္ထီလာမြို့ အသောကာရုံကျောင်းတိုက်ကြီး၏ ပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ လာဘာဝတ၏ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာပွဲနှင့် သက်တော်(၇၅)နှစ်ပြည့် စိန်ရတု မင်္ဂလာအထိမ်းအမှတ်ပွဲ ဂုဏ်ပြုစာစောင်၊

၆။ ဆရာတော် ဦးပညာဝံသ(ဓမ္မာစရိယ၊B.A)အား လျှောက်ထားမေးမြန်းချက်များ၊

၇။ ကိုယ်တိုင်လေ့လာမှုများ၊



www.burmeseclassic.com

www.burmeseclassic.com

# ပေါင်လောင်ရှင်ကဿပယပယတော့

ဂေါင်းမှုစေတီများ ပူဇော်မှုခရီး

စင်သိုင်း



▲ မင်းရှုံးဦး ရွှေမုဋ္ဌောစေတီ

ယခင်လမှအဆက်

**ဓိုလ်ဝင်ဓောင် မြစ်းဝန်ရွာ၊ ဓင်းစုရွာ ဓင်းဝန်ဘုရား (၃)**

ဟု သူ၏ လူယုံတော်အမတ်ကြီး "ရာဓာဂုတ္တ"ကို မျက်ရည်စက်လက်ဖြင့် မိန့်ကြားကာ ထိုညတွင်းပင် စံလွန်တော်မူသည်။

သေခါနီး မသန့်ရှင်းသော စိတ်ဓာတ်ကြောင့် မြွေဘဝနှင့် သတ္တဝါတစ်ကောင်ကို ဖမ်းဆီးစားမျိုစဉ် သားတော်ရှင်မဟာမဟိန္ဒကြွရောက် တရားဟောသဖြင့် မျိုထားသော သတ္တဝါကို ပြန်အန်သောနေရာတွင် **"မြွေအန်တော်" စေတီ** တည်ထားသည်ကို မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင်းရှိ မြွေအမည်ပါ ရွာကိုးရွာတွင် ဖူးတွေ့နိုင်လေသည်။

သီရိခမ္မာသောက မင်းကြီးသည် နောက်ဆုံးတွင် ကျွတ်တမ်းဝင်သွားကြောင်း ထီးချိုင့်မြို့ တည်တောဆရာတော်က ဇမ္ဗူဒီပသီဟဠကျမ်းအား ကိုးကား၍ ဖြေကြားတော်မူခဲ့သည်။

ထို့ကြောင့် ဤရုပ်ပွားတော်ထံတွင် သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းမှုများလူ့အလို နတ်မလိုက်နိုင်သကဲ့သို့ မြင့်မားကွာလှမ်းသော လိုလားတောင့်တချက်တို့ မပြည့်စုံသေးပါက သီရိခမ္မသောကမင်းဖြစ်စဉ်အား နှလုံးသွင်း ဖြေသိမ့်ရန် သတိပေးသကဲ့သို့ ရှိပေသည်။

ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များ ပြုလုပ်ကာ ပစ္စုပ္ပန်ကံကို ဖြည့်ဆည်းခြင်းဖြင့် ကံအကျိုးပေးချိန်ကို စိတ်ရှည်စွာ စောင့်ဆိုင်းသင့်လေသည်။

## အခြား လှေ့လာကြည့်ညိုဖွယ်များ

နရပတိစည်သူမင်း၏ ဆုတောင်းပြည့် ရုပ်ပွားတော်အား ဦးချကန်တော့ပြီးနောက် ဝန်းကျင်တစ်ခွင် လေ့လာကြည့်ရာ တန်ဆောင်းတစ်ခုအတွင်း ဉာဏ်တော်အမြင့် လေးပေကျော်ခန့်ရှိသာ ကြေးသွန်း တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ ဖူးတွေ့ရသည်။

မင်းဝန်စေတီအနီး ရှေးဟောင်းစေတီတစ်ဆူ ပြိုပျက်ရာမှ တူးဖော်ခြင်းဖြစ်ကာ ရွာအိမ်ခြေနှင့် နီးသော



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသို့ ပင့်ဆောင် ပူဇော်ထားခြင်း ဖြစ်သည်ဆို၏။ သွန်းလုပ်မှု လက်ရာမှာ ကုန်းဘောင်ခေတ် လက်ရာ ဖြစ်လေသည်။

စေတီအနီးဝန်းကျင်၌ကား ဆီမီး ပူဇော်သည့် ကျောက်မီးအိမ်တိုင်၊ ကျောက်သပိတ်၊ ထောင့်စိုက်အရံ စေတီများ အထွတ်တင် ပူဇော်လေ့ရှိသည့် ခရုခွေကျောက်အထွတ် စသည်တို့ မြင်တွေ့ရသည်။ လက်ရာမှာ တလုပ်မြို့ ရွှေမုဋ္ဌောစေတီ(ခေါ်) နရပတိစည်သူကောင်းမှု သုံးပန်လှ မုဋ္ဌောစေတီမှ ကျောက်ဆစ်လက်ရာများနှင့် တူညီလေသည်။

အနီးရှိ ခေါင်းလောင်းတစ်လုံးမှာ ကုန်းဘောင်ခေတ်ဦးကာလတွင် ဤမုဋ္ဌောစေတီအား လှူဒါန်းသော ခေါင်းလောင်းဖြစ်ကြောင်း ကမ္ပည်းစာအရ သိရသည်။ နှစ်ပေါင်း(၂၀၀)ကျော် သက်တမ်းရှိပြီဖြစ်ရာ ကမ္ပည်းစာများကို ကောင်းစွာ ရေးကူး မှတ်တမ်းတင်နိုင်ပါလျှင် သမိုင်းကွက်လပ်တစ်ခုကို ဖြည့်ဆည်းနိုင်မည်ဟု မျှော်လင့်ရသည်။

ဤခေါင်းလောင်းသည်လည်း မင်းဝန်စေတီအနီးသို့ နှစ်အတန်ကြာ ရောက်ရှိနေရာမှ ပြန်လည် ယူဆောင်ထားရှိကြောင်း သိရသည်။ ခေါင်းလောင်းအား ပွတ်တိုက်ခြင်း၊ ရွှေချခြင်း စသည့် စေတနာအမှားကြောင့် စာတမ်းအချို့ ပျောက်ပျက် မှေးမှိန်ခဲ့ရသည်ဟု ရွာသားများက ပြောပြကြသည်။


နှုတ်ဆက်ဂါရဝ

ထို့နောက်တွင် ရွှေမုဋ္ဌောစေတီ

ဝဲလက်တော်အောက်မှ

မြွေပါးစပ်နှင့် အစာလုံး







www.burmeseclassic.com

www.burmeseclassic.com





▲ ထောင့်ရိုက်စေတီအထွတ်
ခရုသတ်တာဆိုရ

◀ ပွတ်စေတီနှင့်
ဝံ့ချွန့်စေတီ

▼ နှစ်(၂၀၀)ခန့်က ခေါင်းလောင်း

◀ ရှေးဟောင်း ဆီမီးအိုးတချို့







www.burmeseclassic.com

www.burmeseclassic.com





◆ မျက်နှာတော် သွန်းလုပ်ဟန်

ပေါ်တော်မူ ရုပ်ပွားတော်ဆု ◆

ကျောင်းပေါ်၌ ဆရာတော်ကို မြင်ရသဖြင့် တက်ရောက် ဖူးမြော်သည်။ သွပ်မိုးကျောင်းဆောင်ဖြစ်ရာ နွေခင်းအခါ ကျောင်းပေါ်၌ သီတင်းမသုံးနိုင်ပါ။ တရားစာအုပ်ယူ၍ ကျောင်းအောက်သို့ ပြန်ဆင်းမည်ဟု မိန့်ကြားသည်။

အညာနွေ နွေခင်းနှင့် သွပ်အမိုးမှာ အမိုးအောက်ရှိသူတို့အတွက် ချွေးတပြိုက်ပြိုက်ကျစေလေသည်။ ဆရာတော်အား နှုတ်ဆက်၍ ပြန်ခဲ့ရာ လမ်းတစ်လျှောက်တွင်ကား မန်ကျည်းပင်ရိပ် အုပ်ဆိုင်း စိတန်းနေသဖြင့် သက်သောင့်သက်သာ ရှိလှပါသည်။

မင်းဝန်စေတီ၊ မုဋ္ဌောစေတီများ ပူဇော်လေ့လာမှုတွင် ခေတ်အဆက်မွမ်းမံပူဇော်မှုများရှိနိုင်သော်လည်း ပုဂံခေတ်လက်ရာနှင့် ကုန်းဘောင်ခေတ်လက်ရာများကိုသာ ထင်ရှားစွာ လေ့လာတွေ့ရှိရသည်။

**အုတ်ပုံ၊ မြေပုံတာဝရောက်နေသော စေတီယောင်းနေရာတို့ကို တူးဖော်၍ စနစ်တကျ ထိန်းသိမ်းနိုင်ပါလျှင် အခြား ခေတ်ကာလ တောင်းမှုများ ပေါ်ထွက်နိုင်မည်ဟု ထင်မြင်မိသည်။**

သီတင်းသုံးခဲ့ကြသော ဆရာတော်တို့၏ အရိုးဂူစေတီများတွင် မြင့်မားထည်ဝါသော တည်ဆောက် ပူဇော်မှုအချို့ကို မြင်တွေ့ရသဖြင့် တစ်ခေတ်တစ်ခါက ဗုဒ္ဓသာသနာ ကောင်းစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သော နေရာဖြစ်သည်ဟု ယူဆဖွယ်ရှိပါသည်။

ပေါင်လောင်ရှင် ကဿပမထေရ်ဦးဆောင်ကာ နရပတိစည်သူမင်းနှင့် အနန္တသူရိယအမတ်တို့ ထောက်ပံ့ကူညီခဲ့သော တောကျောင်းသာသနာ အဓွန့်ရှည်ကြာ တည်တံ့ခဲ့သော ပြယုဂ် ဖြစ်ပေသည်။

ယခုအခါ မင်းစုရွာနှင့် အနီးချုပ်ဝ ရွာများ ရပ်ဝေးဒေသများမှ ကောင်း ရှင်တို့ လှူလကြောင့် စောင့်ရှော သီတင်းသုံးသူ ရဟန်းသံဃာနှင့်တ ပြန်လည် ဖွံ့ဖြိုးစပြုလာပြီဖြစ် သာသနာတော် အဓွန့်ရှည် တည် ရေးအတွက် ဝမ်းမြောက်ဝမ်း အနုမောဒနာ ပြုစုလေသည်။

**ဇင်ညိုငွေ**



www.burmeseclassic.com


www.burmeseclassic.com

အိမ်မဲမြို့ မိုးတုတ်ပိဋကသနာ ဓမ္မဗိုဇ်သာအဖွဲ့ခွဲ အမှတ်(၅၅၇)
သာသနာ့မဋ္ဌူကျောင်း ပဓာန နာယက ဆရာတော်


# အရှင်ဉာဏိန္ဒ

၏ လက္ခဏာပုံရိပ်များ

ဦးသော်ဇင် (ဟသ်ာတ)







◆ အိမ်မဲမြို့ မိုးတုတ်ပိဋကသနာ ဓမ္မဗိုဇ်သာ အဖွဲ့ခွဲ အမှတ်(၅၅၇) သာသနာ့ မဋ္ဌူကျောင်း ပဓာန နာယက ဆရာတော် အရှင်ဉာဏိန္ဒ

## ထေရုပ္ပတ္တိ

အရှင်မြတ်သည် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ဝဲကြီးဝကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာနေ ခမည်းတော် ဦးမြသောင်း၊ မယ်တော် ဒေါ်အေးသွယ်တို့မှ ၁၃၃၃ ခုနှစ်၊ ပြာသိုလဆန်း(၇)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သောသားရတနာ ဖြစ်သည်။

၁၃၄၅ ခုနှစ်၊ တန်ခူးလဆန်း(၉)ရက်နေ့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ကွန်ဒိုင်းကျေးရွာ အုပ်စု ဘုရားကုန်း ကျေးရွာ သာသနာ့ မဋ္ဌူကျောင်း ဆရာတော် ဘဒ္ဒန္တ ကေလာသ မထေရ်ကို ဥပဇ္ဈာယ်ပြုပြီး မိဘ နှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရှင်သာမဏေ

www.burmeseclassic.com

အဖြစ်သို့ ရောက်ရှိတော်မူပါသည်။

၁၃၅၂ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ နံနက်(၉)နာရီ (၂၀)မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ် ဇေတနာရာမကျောင်းတိုက် ခဏ္ဍသိမ်တွင် ဇေတနာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂဝံသမထေရ်ကို ဥပဇ္ဈာယ်ပြုပြီး အလုံမြို့နယ်၊ သစ်တောလမ်းနေ ဦးကျော်ကျော်၊ ဒေါ်ပြုံးပြုံး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။




အရှင်မြတ်သည် ဘုရားကုန်းကျေးရွာ သာသနာ့မဏ္ဍိုင်ကျောင်း ဆရာတော် ဘဒ္ဒန္တကေလာသနှင့် ဝါးခယ်မမြို့နယ် ကံကွင်းကျေးရွာမှ ဘဒ္ဒန္တပဏ္ဍိတတို့၏ အထံတော်၌ အခြေခံ ပရိယတ္တိစာပေများကို သင်ယူတော်မူပါသည်။

ထို့နောက် ညောင်တုန်းမြို့ တောင်ညို ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောမလ၊ ပုသိမ်မြို့ မြောင်းမြ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တပညာသိရီ၊ ရန်ကုန်မြို့ ကျောက်ကုန်းတောရ မေဒိနီ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏဗလ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ နာယကဆရာတော် ဘဒ္ဒန္တသုန္ဒရ စသည့် ဆရာတော်များ ထံပါး၌ ပရိယတ္တိစာပေကို သင်ယူ ဆည်းပူးခဲ့သည်။

၁၃၅၂ ခုနှစ်တွင် ပထမကြီးတန်း အောင်မြင်ခဲ့ပြီး ၁၃၅၉ ခုနှစ်တွင် ဘုရားကုန်းကျေးရွာ သာသနာ့မဏ္ဍိုင်ကျောင်း၌ ရဟန်းသာမဏေတို့အား ပရိယတ္တိ အခြေခံစာပေများကို ပို့ချခဲ့ပါသည်။

ထို့နောက် ၁၃၆၇ ခုနှစ်တွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဥ်နှင့် လုပ်ငန်းစဥ် ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၌ တရားဝင်ရောက် အားထုတ်ပြီး ကမ္မဋ္ဌာနာစရိယ ဆရာတော်များထံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ကမ္မဋ္ဌာန်းနည်းများကို သင်ယူ ခဲ့သည်။

ယခုအခါ အရှင်မြတ်သည် အိမ် မြို့နယ်၊ ကွန်းဒိုင်းကျေးရွာအုပ်စု ဘုရား ကုန်းကျေးရွာ သာသနာ့မဏ္ဍိုင်ကျောင်း ၌ မိုးကုတ်ဝိပဿနာ တရားစဥ် လုပ်ငန်းစဥ်ပြန့်ပွားရေးကို ၁၃၇၁ ခု တော်သလင်းလဆန်း(၂)ရက် မိုး ဝိပဿနာအဖွဲ့ခွဲ အမှတ်(၅၉၀)



www.burmeseclassic.com

www.burmeseclassic.com

တင်ဖွဲ့စည်းပြီး ကျေးဇူးရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တွင်းကာလ၌ တရားပြခြင်း၊ တရား ဟောခြင်း။

ဒါပကာလများ၌ နှစ်စဉ် ပြာသို ဆန်း(၇)ရက်နေ့တွင် ဒုလ္လဘ နာန်းခံနှင့် (၅)ရက် တရားစခန်းပွဲ တစ်ကြိမ်၊ တပို့တွဲလဆန်း(၁)ရက်နေ့ တွင် (၇)ရက် တရားစခန်းတစ်ကြိမ်၊ နှုန်းလဆန်း (၅)ရက်နေ့တွင် ကျောင်းသားကျောင်းသူ လူငယ်များ အား ပဋ္ဌိစ္စသမုပ္ပါဒ် အခြေခံဗုဒ္ဓ ဘဲ့ကျေးမှုသင်တန်းများကို နှစ်စဉ် ကျင်းပပြီး မြို့နယ်အသီးသီးသို့ ကြွ ရောက်ကာ မိုးကုတ်ဝိပဿနာ တရား ခန်းများကို ဖွင့်ကာ တရားဟော ဆရားပြလျက် ရှိပါသည်။

---

ညဝါဒ

---

အစားကောင်း၊ အဝတ်ကောင်း၊ နေကောင်း၊ စီးပွားရေးကောင်းတိုင်း နုံသာတာ မဟုတ်ဘူး။ တဏှာ၊ ဘာ၊ ဒေါသ၊ မာနနည်းရင် နုံသာတာပါပဲ။

**သတ္တဏာတော်လေ့လာချက်**

**ကြာသပတေး ဂြိုဟ်ခုံပေါ်တွင် ဆျဉ်းမတ်(၂)ကြောင်း (က)နဲ့ ကြာသပတေးလက်ချောင်း (လက် ညှိုး)ထိပ်တွင် ခရုပတ်ဗွေပါ တယ်။ (ခ)**

ဒါကတော့ ရည်ရွယ်ချက်ထားရှိတဲ့ ပြီး ပြီးမြောက်စေခြင်း၊ ဦးဆောင်မှု နိုင်ခြင်း၊ အကြီးအကဲဖြစ်စေခြင်း၊ အခွင့်လမ်းကောင်းကြုံခြင်း၊ သာရေးဆိုင်ရာ သာသနာပြုလုပ်ငန်း ၌ အကျိုးပေးခြင်း၊ လမ်းညွှန်ပြသ ခြင်းတို့ ဖြစ်ပါတယ်။

**ကျက်မအားကောင်းပါတယ်။ (ဂ)**

ဒါကတော့ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ စိတ်စွမ်းရည် မြင့်မားစေနိုင်ခြင်းတို့ပါပဲ။

**◎ တနင်္ဂနွေလက်ချောင်း (လက်သူ ကြွယ်)ထိပ်တွင် ခရုပတ်ဗွေ တွေ့ တယ်။ (ဃ)**

ဒါကတော့ ခနဉီစွာပြည့်စုံမှု၊ လူသိ များ ကျော်ကြားစေမှု၊ အောင်မြင်မှုများ ကို ဖြစ်တဲ့ ပြယုဂ်ပါပဲ။

**◎ ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် မျဉ်းမတ်(၃) ကြောင်း (င)နဲ့ လက်သန်းသည် (၃)ဆစ်ညီပြီး ဖြောင့်တန်းပါ တယ်။ (စ)**

ဒါကတော့ ဝတ္တုကြေးငွေ အလှူခံရ လွယ်မှု၊ အာဝဇ္ဇန်းကောင်းမှု၊ တစ်ဖက် သား သိအောင်၊ နားလည်သဘော ပေါက်အောင် ရှင်းလင်းပြသနိုင်မှု၊ သမာသမတ်ကျမှုများရဲ့ပြယုဂ်ပါ။

**◎ နှလုံးလမ်းကြောင်းမှာ မြားမြီး သင်္ကေတပါပြီး (ဆ)၊ အင်္ဂါလမ်း (ဇ)ပါရှိပါတယ်။**

ဒါကတော့ အန္တရာယ်ကင်းခြင်း၊ ကျန်းမာရေးကောင်းစေခြင်း၊ ခြွေရံ ပရိသတ်များစေခြင်း၊ ကြည်ညိုသူများ စေခြင်း၊ ပရိသတ်ခံ့ညားစေခြင်း၊ မကောင်း မကြံစည်နိုင်ခြင်းတို့ရဲ့ ပြယုဂ်ပါ။

**◎ ညာဘက်လက်မရဲ့ထိပ် (ပထမ ဆစ်)တွင် ဒေါင်းမျက်စိပါတယ်။ (ဈ)**

ဒါကတော့ ရိက္ခာပေါစေခြင်း၊ အစား အသောက်ပေါများစေခြင်း၊ ပစ္စည်း လေးပါး ပေါများစေခြင်း၊ လှူမည့်သူ ပေါများစေခြင်းတို့ပါပဲ။

*ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ*

ဦးသော်ခင် (ဟသ်ာတ)

**စာရှုသူ၊ သုတေသီနှင့်**

**စာရေးသူ**

**ဆောင်းပါးရှင်များသို့ . . .**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ မဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါး များမှ သင့်လျော်သည်များကို ရွေးချယ်၍ ဆောင်းပါးပေါင်းချုပ်များ ထုတ်ဝေနေ ပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များ မှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ မဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့် သွင်းမည်ကို သဘောတူညီပြီးဖြစ် သည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များ တွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း သို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန် မေတ္တာရပ်ခံ** အပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါး ပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံ၍ ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ် လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း

စာတည်းချုပ်

## နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

## ပါရမီမဂ္ဂဇင်း

အမှတ် ၂၃၃၊ (၂၉)လမ်း၊

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့၊



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမှန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်


အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)

'ဣတ္ထိယ မိန်းမတို့၏ ဥစ္စာနေကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။

အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန်ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ-၄၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ပြာ နှမ်းခြင်း၊ ကိုယ်ခန္ဓာနုံပြင်းခြင်း ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား ရေနွေးနဲ့သောက်ရင် အသားအရေ စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရုန့်ပြင်းခြင်း[...] ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သား[...] သမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက် မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်[...] (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သော[...] ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြ[...] တွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆ[...] ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်[...] (၃)ရက်ဆက်သောက်လျှင် သားသမီး[...] ပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတ[...] မီးမကင်ဆေးအဖြစ် မီးတွင်းကာလ[...] (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)[...] ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အနီးပုပ်များ [...] စင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီး[...] သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း [...] လိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်၊ အအေးဒဏ် မခံနိုင်[...] သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲ[...] သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆ[...] ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေး[...] ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသ[...] ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာ[...]

ဆရာမ ဒေါ်တင်တင်အောင်
**ဟိုက်ဂျုံးထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရဝိက် (၁)လမ်း၊ ဆရပ်ကွက်[...]
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာ[...]

မေမြတ်နိုးဦး (ပိဋ္ဌာ/ယပ်ပွဲ)

www.burmeseclassic.com

www.burmeseclassic.com




◆ သိမ်တော်များစေတီ

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

ဂျိုးဖြူတောင်တန်းမှ

# သဏ္ဍဝတီ သာသနာပြန့်နှံ့ဆီသို့ (၆)

ယခင်လမှ အဆက်



◆ ဆရာတော်၏ တမ္ဗူဗြာနီဂူ

ထို့ကြောင့် အာဟာရဖြည့်တင်း၍ သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိတို့ကို မျှတစေအံ့ဟုကြံလျက် ဆွမ်းခံဘုဉ်းပေးသည်။ ထိုအခါမှ မဟာပုရိသလက္ခဏာတော်တို့ ပကတိပြန်ပေါ်၍ ဆက်လက် ရှုမှတ်ကျင့်ကြံလေမှ ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ ထို့ကြောင့် ဖူးမြော်ကြည်ညိုရသူ ပရိသတ်တို့လည်း ဤသည်ကို နှလုံးသွင်းဆင်ခြင်၍ လောကီလောကုတ္တရာ လုပ်ငန်းများတွင် ပေါက်မြောက်နိုင်ရန် သတိပေး ပူဇော်



www.burmeseclassic.com

www.burmeseclassic.com

ထားသည့် ရုပ်ပွားတော်ဖြစ်လေသည်။

ထိုမှ လမ်းကွေ့အစွန် အရှေ့တောင်ထောင့် အရပ်တစ်ခွင်တွင် (၃၇)မင်း နတ်နန်းများ၊ ဘုမ္မိယတ် ဗိမာန်ဆောင်များတို့ကို အမည်နာမနှင့်တကွ ထားရှိသည်ကို တွေ့ရသည်။ စုံလင်များပြားလှသည်ဖြစ်ရာ အားလုံးပေါင်းစုကာ အသက်အားဖြင့် ကြီးမြင့်ခြင်း ဝယဝုဍ်အလေးထား၍ ဂါရဝပြု မေတ္တာပို့သ အမျှပေးဝေခဲ့လေသည်။

## အနောက်တောင်ထောင့် အရပ်တစ်ခွင်

ထို့နောက်တွင် ရှင်ဥပဂုတ္တကျောင်းဆောင်တည်ရာ မြကန်သာ၏ မြောက်ဘက်မှ ကွေ့ပတ်ကာ ရွှေတိဂုံပုံစံတူ သားတော်များစေတီ၊ လက်ရှိဆရာတော်ကြီး ကျောင်းဆောင် စသည်တို့အား ကျော်လွန်လျက် လမ်းအတိုင်း လျှောက်ခဲ့ရာ မုခ်ဦးတစ်ခုကို တွေ့ရသည်။ ဗုဒ္ဓဖြစ်တော်ပေါင်းစေတီများဟု ကမ္ပည်းတင်ထားသည်။

မြတ်စွာဘုရားရှင် ပါရမီတော် နုနယ်စဉ်ကာလဖြစ်ခဲ့ရာ ဘဝများတွင် ဘေးရန်အန္တရာယ် ကင်းဝေးခဲ့သည့် ဘဝပေါင်း (၁၃၆)ဘဝ၊ အမျိုးအနွယ်ပေါင်း (၁၆)မျိုးနွယ်ကို ရည်စူးကာ စေတီ(၁၆)ဆူ တည်ထားခြင်းဖြစ်သည်။


မုနိဘုရားရှင် နုစဉ်ကာလ လောင်းဘဝ၌...

'အစကြိုးကြာ(၁၆)ခါတည်း၊ ဟင်္သာ(၉)ဖြစ်၊ (၆)ဖြစ်ကားဆို၊ ကျေးညိုဂ(၃)ခါ၊ သံသာကျူးမိန့် ကရဝိက်(၅)၊ (၄)ပါးကိန္နရာ၊ စာမဂိ(၁၅)၊ မျောက်ကား(၁၀)၊ ဆင်ဝယ်(၁၁)၊ နွားဖြစ်(၁၄)၊ (၁)ဇကာ သိန္ဓဝ၊ ကျွဲအဌနှင့် သံသာမြည်သောင်း ဥဒေါင်း(၂)ခါ၊ သာလိကာသတ္တ၊ ဒွိဒသသ ကြက်၊ ဝက်မှာ(၁၃) ပေါင်းစုရုံးကာ သံသရာဝယ် အန္တရာယ်မရှိ ဘေးမငြိသည် မုနိတွင်တ



▲ ပိဋကစေတီ တန်ဆောင်း

▼ ပိဋကစေတီ စက်တော်ရာ



ထား မြတ်ဘုရားကို အဟံကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ ရှိသေမြတ်နိုးရှိခိုးပါ၏ မြတ်စွာဘုရား'

ဟူ၍ ဘုရားရှိခိုးလင်္ကာ ရှိလေသည်။

မုခ်ဦးမှအတွင်းသို့ ဝင်ရောက်သွားသောအခါ လက်ယာဘက်တွင် စေတီ(၁၆)ဆူ စီတန်း၍ စံပယ်တော်မူသည်ကို ဖူးမြော်ရသည်။ လိုဏ်တစ်ထပ်ပါ ကွမ်းတောင်ပေါက်စေတီများ ဖြစ်ကြ၍ စေတီ၏ အရှေ့ဘက်ကပ်လျက်တွင် ကြိုးကြာမှအစ ဝက်အထိ ရုပ်လုံးမျာ[း]

သွန်းလုပ်ထားသည်။


စေတီလိုဏ်နံရံတွင် ဖြစ်တော်[...] ဘဝအကြိမ်ကို ဆိုင်ရာ ရုပ်လုံးများဖြ[...] သရုပ်ဖော်ထား၏။ ဥပမာ ကြိုးကြာရု[...] (၁၆)ရုပ်၊ ဟင်္သာရုပ်(၉) စသည် သရု[...] ဖော်ထားခြင်းဖြစ်သည်။ စေတီလိုဏ်[...] အနောက်ဘက်တွင် အဝင်တံခါး [...] ဆင်ထား၍ ကမ္ဗဋ္ဌာန်းတိုက်[...] လည်း အသုံးပြု အားထုတ်နိုင်[...] စီမံထားလေသည်။





www.burmeseclassic.com

www.burmeseclassic.com



◆ ဓောင်မြစ်ရှင်ပါးတန်ဆောင်း

◆ ဘုရားရှင် ဓောင်မြစ်ရှင်ပါး ရုပ်လုံးများ



ဖြစ်တော်ပေါင်း စေတီတန်း၏ အနောက်ဘက်ရှိ ဆောက်လက်စ အုတ်တိုက်ကြီးကား မဟာမုနိပုံစံ နှီးဘုရားရုပ်ပွားတော်ကြီးအား ရွှေသက်နှီးဆက်ကပ်ပြီးသောအခါ ထားရှိအပူဇော်ခံမည့် ဂန္ဓကုဋိတိုက် တန်ဆောင်းတော် ဖြစ်လေသည်။

ထိုတန်ဆောင်း၏ တောင်ဘက်တွင် ကမ္မဋ္ဌာန်းကျောင်းဆောင် ရှိသည်။ လက်ရှိဆရာတော်ကြီးက အဘိုး ဆရာတော်၏ မိန့်မှာချက်အတိုင်း သက္ကဝတီ သာသနာမြေတွင် ဝိပဿနာတရားစခန်း ဖွင့်လှစ်နိုင်ရန် ကြိုးစားအားထုတ်ခဲ့ရာ ၁၃၅၃ ခုနှစ် သင်္ကြန်ကာလတွင် ပထမဦးဆုံးအကြိမ်အဖြစ် လယ်တီနိဿယ ဝိပဿနာအလုပ်ပေး တရားစခန်းကို ဖွင့်လှစ်နိုင်ခဲ့သည်။

အမျိုးသမီးယောဂီ(၄၀)၊ အမျိုးသားယောဂီ(ရဟန်းသာမဏေအပါအဝင်) (၄၀)ဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ ယခုတွေ့ရသော ကမ္မဋ္ဌာန်းကျောင်းမှာ အမျိုးသမီးယောဂီများ သီတင်းသုံးနေထိုင်ရာဌာန ဖြစ်လေသည်။

နောင်နှစ်များတွင်လည်း အတာသင်္ကြန်ကာလ၌ ဝိပဿနာတရားစခန်းများကို နှစ်စဉ်မပြတ် ဆက်လက်ဖွင့်လှစ် တရားပြမည်ဖြစ်ရာ အားထုတ်လိုသူ ယောဂီ သူတော်စင်အပေါင်းကို လှိုက်လှဲစွာ ဖိတ်ကြားပါကြောင်း ဆရာ

အခုံတံတိုင်းနံရံတွင် ဖြစ်တော်ပေါင်းအင်းကွက်ကိုလည်း တွေ့ရသည်။ ဖြစ်စဉ်မျိုးနွယ်ကို အက္ခရာဝလီဖြင့် ရေးသားကာ ဖြစ်စဉ် အကြိမ်အရေအတွက်ကို အင်းသင်္ချာဖြင့် ရေးသွင်းထားသည်။ သွားလာဆောင်ရွက်ရသမျှကိစ္စအဖုံဖုံအတွက် ဘေးရန်ကင်းဝေးစေရန် ပူဇော် အဆောင်ပြုနိုင်သော ဗုဒ္ဓဖြစ်စဉ်တော်အင်း ဖြစ်သည်။

ဘေးရန်အန္တရာယ်အသွယ်သွယ်

ကင်းဝေးစေသော

ဗုဒ္ဓဖြစ်တော်ပေါင်းအင်း

* * * ——→

ကိုယ်တွင်ဆောင်၊ ဝန်စည်တွင်ကပ်၊ အိမ်အဝင်ဝတွင် ချိတ်ဆွဲ၊ ယာဉ်ဦးခန်း၌ ပူဇော်လျက် ဖြစ်စဉ်တော်ရှိခိုးလက်ာဖြင့် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းဝေးစေ၏။

| | | | |
|---|---|---|---|
| ကက >6 | ဟသ ၃ | ခ 6 | က ≥ |
| ကရဝ 9 | ကန္တရ 5 | စမရ >9 | မ >0 |
| ဆ >> | န >5 | သိဒ္ဓ > | ကွဲ ^ |
| ဥဒ / | သလက ^ | ကြက် >/ | [illegible] |



www.burmeseclassic.com

www.burmeseclassic.com



◆ ဥက္ကလာမင်းကြီး၏ မူလအောင်မြေနေရာ ဆယ်တောင်ပြည့်စေတီ

တော်ကြီးက မိန့်မြွက်တော်မူခဲ့သည်။

ဖြစ်တော်ပေါင်းစေတီများ၏ အရှေ့ဘက်တွင်ကား သံဝေဇနီယလေးဌာနကို ရုပ်တု ရုပ်ပွားတော်များ သွန်းလုပ်၍ ပူဇော်ထားသည်။ မြောက်ဘက်အစွန်တွင် ဖွားတော်မူခန်း တန်ဆောင်းတော်ရှိသည်။

တန်ဆောင်းအတွင်း မယ်တော်မာယာနှင့် ရံရွေတော်အချို့ ရုပ်တု၊ အလောင်းတော်မင်းသား ဖွားတော်မူပြီးနောက် အရှေ့အရပ်မှ မြောက်အရပ်သို့ လှည့်၍ ခုနစ်ဖဝါး ကြွလှမ်းမတ်တတ်ရပ်ကာ စကားကြီးသုံးခွန်း ကြုံးဝါးတော်မူပုံ သရုပ်ဖော်ထားသည်။ တန်ဆောင်းအကာသံတိုင်တွင် စကားကြီးသုံးခွန်းကို ကမ္ပည်းတင်ထား၏။

◎ အဂ္ဂေါဟ မသ္မိ လောကဿ၊

ငါသည် လူသုံးပါးတွင် အမြတ်ဆုံးဖြစ်၏။

◎ ဇေဋ္ဌောဟ မသ္မိ လောကဿ၊

ငါသည် လူသုံးပါးတွင် အကြီးကဲဆုံးဖြစ်၏။

◎ သေဋ္ဌောဟ မသ္မိ လောကဿ၊

ငါသည် လူသုံးပါးတွင် အချီးမွမ်းအပ်ဆုံး ဖြစ်၏။

ခက်ခဲသော ပါဠိအသံထွက်

**အဂ္ဂေါ** = အက်ဂေါ

**မသ္မိ** = မသမိ

**လောကဿ** = လောကတ်သ

**ဇေဋ္ဌော** = ဇစ်ထော

**သေဋ္ဌော** = သစ်ထော


ထိုမှ အရှေ့တောင်ယွန်းယွန်းတွင် **မုစလိန္ဒကန်တော်**ကို လှမ်းမြင်ရသည်။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သတ္တသတ္တာဟ စံနေတော်မူသောအခါ ဆဋ္ဌသတ္တာဟဖြစ်သည့် မုစလိန္ဒအိုင်အနီး ကျည်းပင်ရင်း၌ သီတင်းသုံးတော်မူရာ အခါမဲ့ မိုးကြီးရွာသဖြင့် မုစလိန္ဒနဂါးမင်းက ခုနစ်ရက်ပတ်လုံး ကိုယ်ကို ပလ္လင်ပြု ပါးပျဉ်းဖြင့် အုပ်မိုးလျက် ကာကွယ် ပူဇော်သည်ကို ရည်ညွှန်းသော နဂါးရုံတင်ပျဉ်ခွေရုပ်ပွားတော်ကိုလည်း ဖူးတွေ့ရသည်။

သတ္တမသတ္တာဟဖြစ်သည့်လင်းလွန်းပင်အောက် စံပယ်တော်မူဟန် ရုပ်ပွားတော်ကိုလည်း မြနန်းဘုံစံကျောင်းတော် အနောက်ဘက်၊ မြကန်သာ၏ တောင်ဘက် ကန်ပေါင်၌ ဖူးမြော်နိုင်လေသည်။


ဖွားတော်မူခန်း တန်ဆောင်း၏ တောင်ဘက်ယွန်းယွန်းတွင် ဘုရားအဖြစ်သို့ရောက်တော်မူခန်းနှင့် ဓမ္မစကြာ တရားဦးဟောတော်မူခန်းတို့ကို

www.burmeseclassic.com




◆ နေ့ချင်ကြီးစေတီ

◆ မြစ်တော်သပိုင်းစေတီများ



◆ မိုးဝင်ဘာဝ ဂုဏ်လုံးနှင့်စေတီ





တန်ဆောင်းအတွင်း ပေါင်း၍ ပူဇော်ထားသည်။

ဗောဓိပင်နှင့် ရွှေပလ္လင်ထက် စံပယ်ကာ ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာ တရားဟောတော်မူပုံ တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ ပူဇော်ထားလျက် ဗောဓိညောင်ကိုင်းများတွင် ဘုရားဖြစ်တော်မူခန်းနှင့် ဓမ္မစကြာ တရားဟောတော်မူခန်း သံပေါက်လက်ရာများကို ချိတ်ဆွဲပူဇော်ထားလေသည်။

ယင်းမှ တောင်ဘက်ကပ်လျက်တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခန်း တန်ဆောင်းကို တွေ့ရလျက် တန်ဆောင်းအပြင် မြင်းမိုရ်ပိတ်တွင်...

ရှေ့လ ဆက်ဖတ်ပါရန်

**ဘုန်းကျော်စွာ**
*(မြိုင်တဏ္ဍသိုလ်)*



www.burmeseclassic.com

www.burmeseclassic.com

ဘေးကင်းရန်ကွာ လာဘ်ဝေဆာစေသည့်

# နေရောင်ကမှုန်းနှင့်

နေ့လနက္ခတ်သားဂါထာတော်

ထက်မြင့်ကျော်စွာ



◆ နေရောင်ကမှုန်း

အရွက်မှာ လက်ချောင်းများ သဏ္ဍာန်၊ သဘော်ရွက်သဏ္ဍာန် အနားတွန့်လေးများဖြင့် ဖွဲ့စည်းထားသော ရွက်လှပင်မျိုးဖြစ်သည်။ အရွက်ကလေးများ စုဝေးနေပုံကို ကြည့်ပါက ဘာဏုရာဇာနေမင်းမှ ဖြိုးဖြိုးဖြက်ဖြက် ရောင်စုံဖြာထွက်နေသကဲ့သို့ အရောင်အသွေးစုံလင်လှသည်ကို တွေ့ရသည်။

၎င်းကမှုန်းပင်၏ ထူးခြားချက်မှာ နေရောင်ကောင်းစွာရရှိသောနေရာတွင် စိုက်ပျိုးထားပါက တောက်ပသော အရောင်အသွေးစုံများရှိ၍ နေရောင်တိုက်ရိုက်ထိတွေ့မှုမရှိသော နေရာ၊ လောင်းရိပ်ရှိသောနေရာများတွင် ဖြစ်ပါက အစိမ်းရောင်လွှမ်းကာ အရောင်မှိန်သွားခြင်း ဖြစ်သည်။

နေရောင်ကမှုန်းပင်မှာ နီဝါညိုခရမ်း အရောင်စုံတောက်ပစွာပွင့်လန်းနေပါက အဆောင်ပြုစိုက်ပျိုးသော နေအိမ်ဂေဟာသည်လည်း ဘေးရန်ကင်းရှင်း၍ လာဘ်လာဘဝေဆာခြင်းအကျိုး ခံစားရစေသည်။

**"လောကီမျက်နှာစာ အသီးသီးတွင် အောင်မြင် ဘေးကင်းမှုအကျိုး ပိုမိုခံစား ပြည့်စုံရလိုပါက နေလနက္ခတ်သားဂါထာများ ပူဇော်ပေးရသည်"** ဟု မုဒ္ဒဒိအထက်ကျောင်း ဆရာတော် ဦးပညာက မိန့်တော်မူသည်။

နံနက်ပိုင်း နေနက္ခတ်သားဂါထာ (၅၀) ကြိမ်၊ ညနေပိုင်း လနက္ခတ်သားဂါထာ (၇၉)ကြိမ် ရွတ်ရ၏။

နေနက္ခတ်သားဂါထာ

တထာဂတံ အရဟန္တံ
သူရိယော သရဏံ ဂတော။
ရာဟု သူရိယံ ပမုဉ္စဿု၊

ဗုဒ္ဓါ လောကာနု ကမ္ပကာ။
ခက်ခဲသောပါဠိအသံထွက်
**အရဟန္တံ** = အရဟန်တံ
**ပမုဉ္စဿု** = ပမုန်စတ်သု



www.burmeseclassic.com

www.burmeseclassic.com

နေမင်းကျောက်ရုပ်ပြသည့်ပဒမာ ◆

ဗုဒ္ဓေါ = ဗုတ်ဓါ

ကမ္ဗုကာ = ကမ်ပကာ

အနက်

**အရဟန္တံ၊** ပူဇော်အထူးကို ခံယူ
တော်မူထိုက်သော။ **တထာဂတံ၊**
မြတ်စွာဘုရားကို။ **သူရိယော၊** နေ
(နတ်သား)သည်။ **သရဏံ၊** ကိုးကွယ်
ခြင်းသို့။ **ဂတော၊** ရောက်၏။ **ရာဟု၊**
ရာဟုအသူရိန်။ **သူရိယံ၊** နေ(နတ်သား)
ကို။ **ပမုဉ္စဿု၊** လွှတ်လိုက်ပါလော့။
**ဗုဒ္ဓါ၊** ဘုရားရှင်တို့သည်။ **လောကာ
နုကမ္ပကာ၊** လောကကို အစဉ်သနား
စောင့်ရှောက်တော်မူကြကုန်၏။

စန္ဒနတ်သားဂါထာ

တထာဂတံ အရဟန္တံ၊
စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊
ဗုဒ္ဓါလောကာနု ကမ္ပကာ။

ဆိုခဲ့သောပါဠိအသံထွက်

စန္ဒိမာ = စန်ဒိမာ


စန္ဒံ = စန်ဒ

ပမုဉ္စဿု = ပမုန်စတ်သု

အနက်


**အရဟန္တံ၊** ပူဇော်အထူးကို ခံယူ
တော်မူထိုက်သော။ **တထာဂတံ၊**
မြတ်စွာဘုရားကို။ **စန္ဒိမာ၊** လ(နတ်သား)
သည်။ **သရဏံ၊** ကိုးကွယ်ခြင်းသို့။
**ဂတော၊** ရောက်၏။ **ရာဟု၊** ရာဟု
အသူရိန်။ **စန္ဒံ၊** လ(နတ်သား)ကို။
**ပမုဉ္စဿု၊** လွှတ်လိုက်ပါလော့။ **ဗုဒ္ဓါ၊**
ဘုရားရှင်တို့သည်။ **လောကာ နုကမ္ပ
ကာ၊** လောကကို အစဉ်သနား စောင့်
ရှောက်တော်မူကြကုန်၏။

နေရောင်အောက်မှုအရွက် ◆






◆ လောင်းကိုင်မှုအရွက်





www.burmeseclassic.com

www.burmeseclassic.com



◀ နေ့အထိမ်းအမှတ် ဒေါင်းရုပ်

***(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းၼ် ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင် (စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)***

အာဒိကပ္ပကျမ်း အလိုအရ နေမင်း အချင်း ယူဇနာ (၅၀)ရှိ၍ လမင်းအချင်း (၄၉)ယူဇနာရှိသည် ဟု ဖွင့်ဆိုထားသဖြင့် ထိုကဲ့သို့ အခေါက်ရေ သတ်မှတ် ပူဇော်ရ ခြင်းဖြစ်သည်ဟုလည်း ကြားနာ ခဲ့ရသည်။

နေရောင်ဂမုန်းကို စိုက်ပျိုးရန် အခက်အခဲရှိပါက နေ့,လ အထိမ်းအမှတ်ဖြစ်သော ဒေါင်းရုပ် ယုန်ရုပ်များကို အဆောင်ပြုကာ ရွတ်ပွားပူဇော်ခြင်းဖြင့် အကျိုး သွားတူညီသည်ဟု မှတ်သားခဲ့ရ လေသည်။


နေရောင်ဂမုန်းကို ပေါင်မြို့ နိဗ္ဗာန်လမ်းနေ ဦးဝင်းမြင့် ဒေါ်ဝင်းမော်တို့၏ နေအိမ် မျက်နှာစာတွင် ပွားစီးလျက် ရှိသည်ကို တွေ့မြင် ရိုက်ကူးတင်ပြ လိုက်ပါသည်။

## ထက်မင်းကျော်စွာ

ကျမ်းကိုး

(၁) နဲယျစမွတ်ဒရီမွန်ပေဓမ္မ

(၂) ဘားအံမြို့နယ်၊ သံလွင် အနောက်ခြမ်း။ မုတ္တဒီကျေး ရွာအထက်ကျောင်းဆရာတော် ဦးပညာ မိန့်ကြား လမ်းညွှန် ချက်များ။



◀ လအထိမ်းအမှတ် ယုန်ရုပ်



www.burmeseclassic.com

www.burmeseclassic.com

အရှင်ဣန္ဒာစက္က (ဝါ) ''ဗု-ဓ-သံ ဝါဒ'' ရသေ့ကြီး ဘိုးတော်စီး၏

ကပ်ကြီး(၃)ပါး ကျော်နင်းနိုင်ရန် အဓိဋ္ဌာန်ပြု ကောလင်း

# လွှယ်မောက်တောင် စေတီတော် (၂)

ဖိုးနောင်
(ကောလင်း)




▲ တောင်ထွတ်နှင့် ဗျာဒိတ်ပေးဘုရား

**ယခင်လမှ အဆက်**

ထူးခြားချက်တစ်ရပ်မှာ ပွဲတော်ရက်များအတွင်း လေထန်မိုးထန်မှု ဖြစ်ခဲ့သည်၏။ ပွဲတော်ဇာတ်ခုံကို တောင်၏ အရှေ့ဘက် နှစ်မိုင်ကျော်ရှိ နတ်ရှင်တောင်ဘက်သို့ မျက်နှာမူ ဆောက်လုပ်ရ၏။

နှစ်တိုင်းလိုပင် ခမောက်တောင် သယ်ကြားလမ်းဘက်မှ အဝင်ဖြစ်သည့် ခြသေ့်ကြီးနှစ်ကောင်၏ မြောက်ဘက်ဆီတွင် ဇာတ်ခုံနှင့် ပွဲခင်းကြီးကို တွေ့မြင်ရ၏။ ဇာတ်စင်ကို ပျဉ်များ၊ သွပ်ပြားများဖြင့် သုံးခန်းပတ်လည် ခိုင်မာစွာ တည်ဆောက်ထား၏။

ပွဲတော်ရက်အတွင်း အထက်အညာ ဒေလေ့ထုံးစံအတိုင်း လှည်းတန်းရှည်ကြီးများသည် ဖုန်တထောင်းထောင်း အအောင် သွားလာလှုပ်ရှားနေကြ၏။ အိမ်မှာ မွေးထားသည့် ခွေးများပင် ပါလာတတ်ကြသေး၏။

ပွဲတော်သို့ လာရောက်ကြသမျှ ဘာဉ်အပေါင်းကို တောင်ခြေရင်းဝယ် ဘစ်စုတစ်ဝေး ရပ်နားထားရှိကြရ၏။

တောင်ပေါ်သို့ ကားငယ်များဖြင့် တက်လိုလျှင် စောင်းတန်းမြောက်ဘက်မှ မြစိမ်းတောင်အတက်လမ်းမှ တက်ပြီး လက်ညှိုးညွှန် ဗျာဒိတ်ပေးဘုရားအထိတစ်မျိုး၊ မြောက်ဘက် သစ်ထုတ်ရေးလမ်းမှ အထက်သို့ တက်သွားရပြီး မြစိမ်းတောင် မင်းကြီးဘုရား နောက်ကျောဘက်ဆီမှသည် ဗျာဒိတ်ပေးဘုရားဘက်သို့ စီးနင်းကြရသည် တစ်ဖုံ လမ်းအသွယ်သွယ် ဖောက်လုပ်ထားပေးသည်။


အခြားဘက်မှ ခြေကျင်တက်လိုသေးလျှင် ဖြူဖွေးသော ကုန်းမို့မို့ကလေးဖြစ်သည့် အနောက်ဘက်တောင်စောင်း သနပ်ခါးတွင်းဘက်ဆီမှလည်း တက်နိုင်သေးသည်။

ကောလင်းနယ်တစ်ဝိုက်တွင် ကျော်ကြားလှသော **'သနပ်ခါးတွင်း'** ဖြစ်ပေ၏။ ယင်းနယ်တွင်းမှ ထွက်သမျှ သနပ်




www.burmeseclassic.com

www.burmeseclassic.com



◆ လွယ်မောက်တောင် နဂါးကြီးလေးကောင်နှင့် ရန်ပြေမာန်ပြေ (ဝါ) ပြည်လုံးကျော်ထီးဘုရား

◆ ရသေ့ကြီး ဘိုးတော်စီ၏ ဆရာတစ်ဆူဖြစ်တော်မူသည့် မန်လည်ဆရာတော်ကြီး၏ ဗျာဒိတ်စာအုပ်တစ်အုပ်၏ မျက်နှာဖုံးနှင့် ကျောဖုံး



ခါးမှုန့်များကို အချို့က လိမ်းကြ၏။ အချို့က စီးပွားဖြစ် ရောင်းချကြသည်။

**နတ်လမ်းညွှန်** ။ ။ အကြင်သူသည် လွယ်မောက်သို့ သွားလိုအံ့။ ထိုသူသည် **ကောလင်းမြို့မှ တောင်စခန်းသို့ တဲကြီးကုန်းရွာ၊ ရွာမရွာ၊ စံတော်သာကုန်း၊ ပန်းတင်ရွာအနီးမှ ဖြတ်ကျော်သွားရ၏။**

ရွာမရွာ အနောက်ဘက်၊ တောင်ဘက်တွင် လှည်းလမ်းရှိ၏။ မြောက်ဘက်၌ ကားလမ်းအသွယ်သွယ်ရှိ၏။ လှည်းလမ်းမှာ မိုးရာသီ စပါးစိုက်ပျိုးချိန်၌ သွားလာ၍ မဖြစ်ပေ။

တောင်၏ အနိမ့်ပိုင်းပတ်လည်တွင် ငှက်ပျောပင်များ၊ နာနတ်ခင်းများ စသည့် ယာခင်းများ စိုက်ပျိုးထားရှိ၏။

တောင်ခြေပိုင်း မကျတကျမှသည် တောင်ခြေဝန်းကျင် နေရာအနှံ့ သန့်စင်ကြည်လင်သော အဝီစိရေတွင်းများ၊ ရေတွင်းရေကန် ကြီးငယ်များ များစွာတူးဖော်ထား၏။ ရေချို ရေသန့် အမြဲရှိ၏။ လျှပ်စစ်မီးများလည်း သွယ်တန်း ရရှိထား၏။

### ကောင်းမှုကုသိုလ်အဖုံဖုံ

မြူခိုးရစ်မှောင် နဂါးရစ်တောင် (ဝါ) လွယ်မောက်တောင်တွင် ရသေ့ကြီး ဘိုးတော်စီ အမိဋ္ဌာန်ပြု တည်ထားခဲ့ပြီးသော စေတီတော်များမှာ တောင်ထိပ်တွင် **ကမ္ဘာ့ရန်ပြေမာန်ပြေစေတီ (ဝါ) ပြည်လုံးကျော်ထီးဘုရား။** တောင်အလယ်ခန့်တွင် ဗျာဒိတ်ပေးရုပ်တော်မူ ရုပ်ပွားတော်ကြီး...

တောင်တစ်ဝိုက် ဝန်းကျင်တွင်ကားစန္ဒမုနိ၊ ဓာတ်ပေါင်းစု၊ စူဠာမုနိ၊ ပြည်တော်ဝင်၊ မင်းတက်ကျောက်ဖျာ၊ မင်းကြို၊ ဘုန်းတော်တိုး၊ ဘုန်းတော်ပွင့်၊ ဗျာဒိတ်ခံ၊ ရွှေကျိုးနား စသည်ဖြင့် စေတီရုပ်ပွား စုစုပေါင်း(၁၃)ဆူ တည်ထားကိုးကွယ်ပြီးဖြစ်၏။

နောက် ထပ်မံတိုးတက်လာသည့် ဘုရားစေတီတို့နှင့် သာသနိကဆိုင်ရာ အဆောက်အအုံတို့မှာ လွယ်မောက်တောင်ပုံတော်ပါအတိုင်းပင် ဖြစ်ပါ၏။ အချို့လည်း ပြန်လည် တည်ဆောက်ရန် ရှိနေပါ၏။

### ရသေ့ကြီး ဘိုးတော်စီ၏

### လက်ရင်းတပည့်

### ဦးညိုမောင်၏စကား

ရသေ့ကြီး ဘုရားတည်စကပင်လည်ဘူးမှ (၁၃)နှစ်သားကပင်



P.14B. April, 2013.

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး (၁၈)နှစ်သားတွင် ဘုရားဘကြီးဖြစ်လာသော ရသေ့ကြီး၏ တက်ရင်းတပည့် ဆေးဆရာကြီး (ရှမ်းတိုင်းရင်းသား) ဦးညိုမောင်ကို စာရေးသူက ဤသို့ မေးမြန်းခဲ့သည်။

မေး ။ ။ 'ရသေ့ကြီးရေးခဲ့တဲ့ ကျမ်းတွေထဲက ဘယ်စာအုပ်ကို ဆရာကြီး ကြိုက်ပါသလဲခင်ဗျာ'

ဖြေ ။ ။ 'အရိယာဝိဇ္ဇာနဲ့ သစ္စာမဏ္ဍိုင်နိဗ္ဗာန်ပေါက်ကျင့်စဉ် စာအုပ်နှစ်အုပ်ကို အကြိုက်ဆုံး ဖြစ်ပါတယ်'

ရှမ်းတိုင်းရင်းသား ဆရာကြီး ဦးညိုမောင်သည် ယခုအခါ (၇၈)နှစ်အရွယ်ရှိပြီ ဖြစ်၏။

## ရသေ့ကြီး၏ နောက်ဆုံးခရီး

မူလသာသနာပြုပုဂ္ဂိုလ် ဆရာရသေ့ကြီးဘိုးတော်စီသည် လွယ်မောက်တောင်တော်ကို သာသနာပြုရင်း ၁၃၃၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂)ရက်နေ့က ကွယ်လွန်တော်မူခဲ့၏။ အများပြည်သူတို့က ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဟု ယုံကြည်လျက်ရှိကြသည်။


## အဆိုပါ စာအုပ်ပါ ရသေ့ကြီး

## ဘိုးတော်စီ၏ စာသားအချို့မှ

## ကောက်နုတ်တင်ပြချက်


ယခုအခါ သာသနာတော်ကြီးအတွင်း၌ ကြုံကြိုက်ကြကုန်သော ဆာန်းရှင်လူတို့မှာ ပြဟ္မစရိယသီလကို ထုံမြဲစေပြီးလျှင် သမာဓိကို ဖြစ်စေလျက် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်၍ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားနှစ်ပါးတို့၌ ဓာတ်ရင်းသဘောရင်းသို့ ဆိုက်၍ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိ (၃)ပါး





◆ ဓာတ်ခန်းရှိ ဘုရားနှင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ

◆ လွယ်မောက်တောင်ကို အလယ်ကျွန်းမှ မြင်ရပုံ






www.burmeseclassic.com

www.burmeseclassic.com



◆ ဘုရားအမှတ်(၃) ခမောက်တောင်

◆ လွှယ်မောက်တောင်ကို ပန်းတင်အနောက်လှည်းလမ်းမှ မြင်ရပုံ



သော နိယာတမိစ္ဆာဒိဋ္ဌိ (၂၅၆)ပါးသော သက္ကာယဒိဋ္ဌိတို့နှင့် ဝိစိကိစ္ဆာ ကင်းကွာ၍ မိမိ၏စိတ်၌ ဉာဏ်၌ ကေဂ္ဂတာကျမှသာ အပါယ်တံခါး လုံးလုံးကြီးပိတ်တော့သည်ဟူ၍ မှတ်ကြ၊ သတိရှိကြစေ။

ဗြဟ္မစရိယသီလသည် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူသော မင်္ဂလသုတ်ပါဠိတော်၌ သတိပြုကြပါလေ။

ရသေ့ကြီး ဘိုးတော်စီ

ရေးသားထုတ်ဝေခဲ့သော

ကျမ်းစာအုပ်များ

၁။ သမထဝိပဿနာကျင့်စဉ်လက်စွဲ၊
၂။ သမထ(၄၀)ကျင့်စဉ်လက်စွဲ၊
၃။ ဒိဋ္ဌိပဟာနကျင့်စဉ်လက်စွဲ၊
၄။ ဘိုးတော်သိကြားမင်း၏ သတိပေးလက်စွဲ၊
၅။ ခန္ဓာအာယတနဓာတ်သစ္စာ၊
၆။ မဂ္ဂင်ရှစ်ပါးဒေသနာ၊
၇။ ပဋ္ဌာန်းအဘိဓမ္မာအလင်းပြ၊
၈။ လွှယ်မောက်တောင် သမိုင်းဖြစ်စဉ်တော်၊
၉။ ဒသမ ထပ်မံသတိပေး နှိုးဆော်ချက်၊
၁၀။ လောကီသိပ္ပဝိဇ္ဇာအလင်းပြ၊
၁၁။ မင်္ဂလာနိယာမဩဝါဒဓမ္မမဏ္ဍိုင်၊
၁၂။ ဓမ္မစကြာနှင့် ပရိတ်တရားတော် ပြန့်ပွားရေး ဝတ်ရွတ်စဉ်(အရိယာဝိဇ္ဇာ၊ သစ္စာမဏ္ဍိုင် နိဗ္ဗာန်ပေါက်၊ ပထမံ ကိုးနဝင်းဝိဇ္ဇာ ဓမ္မနိယာမ ဩဝါဒ သဘာဝလမ်းစဉ်။)

လွှယ်မောက်တောင်တော်တွင် ယနေ့လက်ရှိ သာသနာပြုတော်မူနေသော ဆရာတော် ဘဒ္ဒန္တကောဝိဒအကြောင်း ဆက်လက်တင်ပြပါမည်။

## လွှယ်မောက်တောင်ဆရာတော်

## ဘဒ္ဒန္တ ကောဝိဒ၏

## ကျင့်စဉ်နှင့်ဩဝါဒ(ဗု-ဓ-သံ)

**'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကောလင်းမြို့နယ်၊ ရေကန်သာအုပ်စု၊ ခမောက်တောင် ရှင်ဥပဂုတ်ကျောင်းဆရာတော် ဦးကောဝိဒ၏ သံဝေဂတရားတော်...

အရိယာသူမြတ်တို့ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ချုပ်ငြိမ်းရာ အလွန်ငြိမ်သက်အေးမြလှတဲ့ ပြည်နိဗ္ဗာန်ကို မျက်မှောက်ထင်မြင် သိတဲ့ဉာဏ်၊

ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊



www.burmeseclassic.com

www.burmeseclassic.com

...တောင်း၊ ဦးနှောက်၊ သည်းခြေ၊ ...ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ ...ဆီကြည်၊ တံတွေး၊ နှပ်၊ ... ကျင်ငယ်၊ သူမဟုတ်၊ ...တ်၊ ရုပ်နှင့်နာမ်၊ မမြဲတဲ့သခါရ ...

- ...ခဏ်မှာ၊ တရားရှာ၊ အိုခါသက်သာမည်။
- ...ခဏ်မှာ၊ တရားရှာ၊ နာခါသက်သာမည်။
- ...ခဏ်မှာ၊ တရားရှာ၊ သေခါသက်သာမည်။
- ...ဘေးမရောက်ခင်၊ ကြိုတင်လျှင်၊ အမြဲ ...ပါ။
- ...ဘေးမရောက်ခင်၊ ကြိုတင်လျှင်၊ အမြဲ ...ပါ။
- ...ဘေးမရောက်ခင်၊ ကြိုတင်လျှင်၊ အမြဲ ...ပါ။

အနိစ္စမမြဲ၊ ဒုက္ခဆင်းရဲ၊ အနတ္တ ...မရတဲ့ တရားလက္ခဏာသုံးပါးကို ...မြင်သိအောင် ရှုပွားကြပါစို့ ...သကာ၊ ဒါယိကာမအပေါင်းတို့...

**ဘဒ္ဒန္တ ကောဝိဒ**


**ခမောက်တောင်ကျောင်းဆရာတော်**

***(နေ့စဉ်ရှုပွားရန် ဟောကြားတော်မူသော တရားတော်)***

ဆရာတော် ဦးကောဝိဒသည် ယခုအခါ သက်တော်(၇၁)နှစ်ရှိပြီး ဝါတော်(၁၃)ဝါ ရရှိခဲ့ပြီ ဖြစ်ပါသည်။



ကျောင်းတော်မြို့အနီး ရေတွင်းကြီး



ကျောင်းတော်မြို့မြောက်ဘက် အလယ်ကားလမ်း

## တိုးတက်စည်ပင်

## တောင်တော်တစ်ခွင်

ယခုအခါတွင် လွယ်မောက်တောင် မူလသာသနာပြုပုဂ္ဂိုလ် **'ဗု–ခ–သံ ဝါဒ' သစ္စာဝါဒီ ရသေ့ကြီး ဘိုးတော်စီ၏** လွယ်မောက်တောင်တော် သာသနာသည် ဆရာတော် အစဉ်အဆက်နှင့် ယခုလက်ရှိ ဆရာတော် ဘဒ္ဒန္တကောဝိဒ လက်ထက်ထိ အုပ်ချုပ်စီမံရေး ဘုရား, ကျောင်း,ကန်, စေတီပြုပြင်မွမ်းမံရေး၊ သာသနာတော် ပြန့်ပွားစည်ပင် ထွန်းကားရေး ကိစ္စအဝဝတို့သည် အဆက်မပြတ် တိုးတက်စည်ပင် ဝေဆာလျက် ရှိနေပေသည်။

လွယ်မောက်တောင် ဆရာတော် အစဉ်အဆက်နှင့် ပါရမီရှင်များ ဖြစ်ကြသော တောင်တော်ဂေါပကအဖွဲ့၊ ဗုဒ္ဓဝေယျာဝစ္စကုသိုလ် ပြုကြသူများနှင့် ဒကာ၊ ဒကာမအပေါင်းတို့၏ အစဉ်အဆက် မပျက်မကွက် လက်တွဲညီညာ စည်းလုံးစွာ အားကြိုးမာန်ပါ သာသနာပြု ဆောင်ရွက်ခဲ့ကြ၍သာ တိုးတက်စည်ပင်ဝေဆာခဲ့ခြင်းသာ ဖြစ်ပေသည်။


လွယ်မောက်တောင်တွင် သာသနာပြုခြင်းကိစ္စအဝဝတို့သည် နှစ်ပေါင်း(၆၈)နှစ် ပြည့်တော့မည် ဖြစ်သည်။ အနှစ်(၇၀)၊ (၇၅)နှစ် ဆိုသည်မှာ မြန်မာလို စိန်ရတုသက်တမ်းရှိပြီ။ စိန်ရတုပွဲတော် ကျင်းပလိုလျှင် ကျင်းပဖို့ အချိန်နီးကပ်နေပြီဟု နှိုးဆော်နေဘိသကဲ့သို့ ဖြစ်ပေသည်။


လွယ်မောက်တောင် မူလသာသနာပြုယောဂီ ရသေ့ဆရာကြီး ဘိုးတော်စီသည် ဝေနေယျသတ္တဝါအပေါင်းတို့ ကပ်ကြီး(၃)ပါးမှ ကျော်နင်းနိုင်ကြဖို့



www.burmeseclassic.com

www.burmeseclassic.com





◆ လှယ်မောက်တောင်မုခ်ဦး ကားနှင့် မြင်းလှည်းများ

အမိဋ္ဌာန်ချက်ဖြင့် တည်ထားကိုးကွယ်ခဲ့သည့် **ကမ္ဘာ့ရန်ပြေမာန်ပြေ (ဝါ) ပြည်လုံးကျော်ထီး ဘုရားစေတီတော်ကြီးကို** ၁၉၉၂ ခုနှစ်ကပင် ထီးတော်တင်၍ အောင်မြင်ခဲ့ပြီး ဖြစ်ပေသည်။

ရပ်ဝေးရပ်နီးမှ အများပြည်သူ အရိယာနွယ်ဝင် သူတော်စင်အပေါင်းတို့ကို ဖိတ်ခေါ်လိုက်ပါရစေ။ ကြည်ညိုဖွယ်ရာ၊ ကိုးကွယ်ဖွယ်ရာဖြစ်သော ရန်ပြေမာန်ပြေစေပြီး အမောပြေ ပျောက်ပြီး ကြည်နူးသာယာဖွယ်ရာ အပြည့်ဖြစ်သည့် လှယ်မောက်တောင်တော်သို့ ဘုရားဖူးတစ်ခေါက် ကြွရောက် လာလှည့်ကြစမ်းပါဟု ဖိတ်ခေါ်ကြို လိုက်ရပေသည် စာရှုသူများသို့...

မှတ်ချက် ။ ။ လှယ်မောက်တောင် နှင့်နွယ်သော လိုဏ်ဂူတောင်အကြောင်း ကိုလည်း ဆက်လက်ရေးသားပါဦး မည်။

**[ဆရာတော် ဘဒ္ဒန္တကောဝိ ဓေါ်ပကာအဖွဲ့နှင့် အောက်ဖော်ပြ ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးအထူး တင်ရှိပါသည်။]***(စာရေးသူ)***

တွေ့ဆုံပြောပြ ကူညီကြသူပုဂ္ဂိုလ်များ

၁။ ဆရာတော် ဘဒ္ဒန္တကောဝိ ခမောက်တောင်။

www.burmeseclassic.com

အဒ္ဓနည္ဟတ္ထမရာဇာ – လိုဏ်ဂူတောင်။
ခံဝ်ကြီး ဒေါ်အေးကြည်(၈၄–နှစ်)–တောင်ယာကြီးတောဇာတိ ကောလင်း။
ဦးသိန်းမောင်(၈၅–နှစ်)–ဝါးရုံခုံရွာ။
ဦးခဲ့နီ(၈၅–နှစ်)–ဝါးရုံခုံရွာ။
ဦးညိုမောင်(၇၈–နှစ်)–ဆေးဆရာကြီး ခမောက်တောင်။
ဦးကျော်ပု(၇၀–နှစ်) – ခမောက်တောင်။
ဦးဘမောင်(၇၀–နှစ်) – ခမောက်တောင်။
ဦးတိုးအောင်(၈၀–နှစ်)–ခမောက်တောင်။
ကိုခိုင်ဇော်–ဓာတ်ပုံ၊ မိုးနှောင်–ဓာတ်ပုံ။

## မိုးနှောင် (ကောလင်း)

ကျမ်းကိုး

၁။ အာစရိယတပည့်အပေါင်း–တောင်အင်းကျောင်းကြီး မဟာဝိဟာရထေရုပ္ပတ္တိ။
၂။ ရသေ့ကြီးဘိုးတော်စီ – ပထမံကိုးနဝင်း ဝိဇ္ဇာဓမ္မနိယာမ ဩဝါဒလမ်းစဉ်။
၃။ ရသေ့ကြီး ဘိုးတော်စီ–ဘိုးတော်သိကြားမင်း သတိပေးဓမ္မက္ခန်စီ။
၄။ အရှင်ဥတ္တမသာရ – ရွှေဘိုနယ်ကြားဖြတ်ခရီး(မွေဖျူဟာ ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာ)။
၅။ **ပညာရှိကြီးများ** – မှန်နန်းရာဇဝင်။
၆။ **ဆရာကြီး ဦးဘသန်း(ဘီအေ)**–မြန်မာရာဇဝင်။
၇။ **ဒေါက်တာသန်းထွန်း** (သမိုင်းပါမောက္ခ–ငြိမ်း) – မြန်မာ့သမိုင်းရှာပုံတော်။
၈။ **အဖွဲ့**–စစ်ကိုင်းတိုင်းဒေသကြီးတည်ဆောက်မှုမှတ်တမ်း ၁၉၉၂ ခုနှစ်။
၉။ **လှရွှေ(ဟိုပင်)**–ဆရာကြီး ဗန်းမော်အောင် သာသနာပြုခရီးစဉ်။
၁၀။ **မိုးနှောင်**–မြူခိုးရစ်မှောင်၊ နဂါးရစ်တောင်ဆောင်းပါး (သင့်ဘဝ၊ ၁၉၇၀ ပြည့်နှစ်၊ ဧပြီလ)။
၁၁။ **စံကျော်**– ထူးဆန်းသော ဗုဒ္ဓဝေယျာဝစ္စရွာကလေး (သင့်ဘဝ၊ ၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာလ)။
၁၂။ **ဦးဖိုးလုံး(၄၅–နှစ်)**–မြေဖြူမှတ်စုသရက်ခုံရွာ။

လက်တွေ့

# ကြွက်နို့ပျောက်နည်း



ကျောက်ဆည်မြို့ ဆေးရုံလမ်းရှိ လက္ခဏာဆရာ ဦးညွန့်လွင်အား တွေ့ဆုံမေးမြန်းစဉ် သူက...

'ဆရာ့မှာတော့ ကြွက်နို့မရှိဘူး။ ကြွက်နို့ရှိရင် လက်တွေ့ပျောက်အောင် ကုသပေးနိုင်ပါတယ်'

ဟု ပြောပြသည်။ သူ၏ ကုသနည်းမှာ...

'သရဏဂုံ တည်ပြီးလျှင် ကျွန်ုပ်သည် လူသားအကျိုးအတွက် ခန္ဓာကိုယ်မှ သွေးများဆက်ထုတ်လှူဒါန်းမှုပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ကြွက်နို့ပျောက်ပါစေ'

ဟု သစ္စာဆိုကာ ကြွက်နို့ကို ဖဲ့ထုတ်ပစ်သည်။ နောင် မပေါက်မပြန့်ပွားတော့ဟု ဆိုသည်။

ဤသို့ သစ္စာတိုင်၍ ဆေးစွမ်းထက် စေရန် နံနက် အိပ်ရာမှနိုးသည်နှင့် သရဏဂုံတည်ပြီးမှ မျက်နှာသစ်လေ့ရှိကြောင်း ပြောပြသည်။

**ခင်ထွန်း**

လက္ခဏာဆရာ ဦးညွန့်လွင် ➧



www.burmeseclassic.com

www.burmeseclassic.com

▶ ကြော်ငြာ ဖော်ပြအပ်ပါ ◀

မှတ်ပုံတင် - ၀၁၁၄၄၂၀၁၀၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တအယ်လ်တီး (၁၃၁၂)

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်ဟင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "



" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများ ပြာ နမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားပဲ။ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၁၅၆)သမာဓိလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၈၆၁၂

ကြော်ငြာ အောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com

ငုံကြာခိုင် အတွက်ဆန်းထွင်ပါတဲ့ ရဝ္ပမဟာမြိုင်

# ရက္ခန်းစင် တောင်တော်ဦးဆီသို့ (၁၂)

...ကျော်စွာ (မြိုင်တက္ကသိုလ်)

ယခင်လမှ အဆက်

## ...သပ်ချက်နှင့် အဆုံးသတ်နိဂုံး

...ကြာလားတောင်တန်း (ခေါ်) ...မြိုင် ရက္ခန်းစင်တောင်စဉ် ...လျှောက် ကြည့်ညိုလေ့လာခဲ့ရာ ...ရက္ခန်းစင်တောင်ဆရာတော်နှင့် ...သက်သော ခိုင်မာသည့် ...ဘက်အထား မတွေ့ရှိခဲ့ရပေ။

...တောင်တန်းဖွဲ့တည်ပုံအရ ရက္ခန်း ... လွန်းပမာ တက်ဆင်းသွားရပုံနှင့် ...င်ခြေ ရှေးဟောင်းဒေသတစ်ခု ...သည့် ရက္ခန်းသည်မရွာတို့သာ ... ဆက်စပ် တွေးတောနိုင်ကြ ...သည်။


ဆရာတော်ကြီး ပါရမီကျင့်စဉ် ...ဆည်းအားထုတ်သော နေရာဖြစ် ...ကြောင်း ဖော်ပြသဖြင့် ဝတ်ကြောင် ...မဟုတ်) ရသေ့ဝတ်နှင့်လည်း ဖြစ် ...သည်ဟု ယူဆဖွယ်ရှိလေသည်။ ...ခဲ့ အင်္ဂလိပ်အစိုးရ လက်ထက် ...ကြာလားတောင် တစ်လျှောက်တွင် ...ကျင့်လည်၍ တရားအားထုတ် ပွားများ ...သည်ဆိုကြသော ရသေ့ကြီးလည်း ...နိုင်ခြေရှိသည်ဟု တွေးဆမိသည်။

...သက်တော်ရှည် ကော့ပေါက် ...ဆရာတော်ကြီး မိန့်ကြားချက်အရ ...ကျွန်းစင်တောင် ဆရာတော် ...ဘသည် တိုက္ကလားတောင်



▲ အနောက်ဘက်အခြေမှ လယ်ကွင်းကျယ်နှင့် ပင်လယ်အစပ်

▼ ပစ္စယံခြေမှ ရေကြောင်းကွင်းများ



တန်းတွင် ဖြည့်ကျင့်အားထုတ်ပြီး နောက် မော်လမြိုင် နာဂဝီသတောင် ရိုး၌ နေလဘုရားများ တည်ထား ပူဇော်ခဲ့သည်။

ထိုဘုရားများကို ထိုစဉ်က ကပ်ကျော်ဘဘကြီး ဦးစိုးမင်း(ခေါ်) ရသေ့ကြီး ဦးခန္တီက တာဝန်ယူ တည် လုပ်ပေးရသည်ဆို၏။ ပလ္လင်တံကဲ၏ ဒေါင်းယပ်နေရာတွင် နေ့ကိုယ်စား ဒေါင်းရုပ်၊ လ,ကိုယ်စား ယုန်ရုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



တန်ဆာဆင်ထားသော တင်ပျဉ်ခွေဘူမိဖဿရုပ်ပွားတော် ဖြစ်သည်။

စစ်တောင်းမြစ် အောက်ပိုင်းဒေသတွင် နေလဘုရား (၄၇)ဆူ ပူဇော်ခဲ့ရာ ဦးဖိုနှ ဆံတော်ရှင်စေတီ၏ မြောက်ဘက် တောင်စွယ်ရှိ ပန်းရုံပျံ့ဝတ်တွင်းမှ နေလဘုရားမှာ စဦးစွာ တည်လုပ်သောဘုရား ဖြစ်ကြောင်း သိရသည်။


(၄၇)ဆူ တည်လုပ်ခြင်းမှာ သာသနာတော် နေ့,ပမာ၊ လ,ပမာ ထွန်းလင်းတည်တံ့စေရန် ရည်ရွယ်၍ လ,ဂြိုဟ်သင်္ချာ ဗုဒ္ဓဟူး (၄)၊ နေဂြိုဟ်သင်္ချာ စနေ (၇)တို့ တွဲကပ်ထားခြင်းဖြင့် (၄၇)ဖြစ်ရသည်။

တစ်နည်းအားဖြင့် မြတ်ဗုဒ္ဓ၏ ဗောဓိပက္ခိယတရား (၃၇)ပါးနှင့် ပါရမီဆယ်ပါးတို့ကို ပေါင်းစပ်ကာ ရည်ညွှန်းပူဇော်ခြင်းလည်း ဖြစ်လေသည်။

နောက်ဆုံးကျင့်ကြံခဲ့ရာ တိုက္ကလားတောင်တန်းမှာ အရှေ့အနောက် သွယ်တန်းနေသည်ဖြစ်ရာ "**လောကကြီးတစ်ခုလုံး**"ဟု စည်းသတ်ခေါ်ဆိုရာ၌ "**အရှေ့နေထွက်၊ အနောက်နေဝင်**"ဟူ၍ သတ်မှတ်ပိုင်းခြားသကဲ့သို့ ဗုဒ္ဓသာသနာတော် လောကအနှံ့ ဖြန့်ကြက်ထွန်းလင်းစေရန် ရည်ရွယ်ခြင်းလည်း ဖြစ်သည်။

ဗုဒ္ဓဟူးဂြိုဟ်သက် (၁၇)နှင့် စနေဂြိုဟ်သက် (၁၀)တို့ ပေါင်းလျှင် (၂၇)ရသည်ဖြစ်ရာ "**နေလ**"သည် သောမနဝင်းဖြစ်ကာ လောကတစ်ခွင် အေးငြိမ်းသာ၍ ပူလောင်ဆူပွက်ခြင်း အနိဋ္ဌာရုံများ ကင်းဝေးစေလိမ့်မည် ဟု

အရည်ဝယ် မှန်ဆနိုင်သည့်
ဂမ်ဘုတ် ကြောင်ရုပ်ပုံ








www.burmeseclassic.com

www.burmeseclassic.com



ပန္တယ်တော်လည်မှ ကျားရုပ်များ

ကြားနာခဲ့ရလေသည်။

(ကော့ပေါက် ဆရာတော်ကြီးသည် …ာ်လမြိုင်၊ ဆရာအတတ်သင်သိပ္ပံ (…ခင်နေရာဟောင်း)အနီး တစ်ပါး …ကျောင်းဖြင့် သီတင်းသုံးတော်မူကာ …က်တော်(၁၀၀) ပြည့်သည်အထိ …ပ်ရတ်ပညာနှင့် ကျင့်စဉ်ကို အားပြု ကြိုးပမ်းတော်မူကာ သက်တော် (…၀၀)ပြည့်မြောက်မှ ပရိသတ် …ယကာ အဖူးအမြော်ခံယူလျက် …အပ်သည်များကို မိန့်မြွက်အကြဲ …ကာ သတ္တဝါ ကယ်ဆယ်ရေးများ …ဆောင်ရွက်ခဲ့သည်။

မိမိ ဖူးတွေ့ရချိန်တွင် သက်တော် (…၃)နှစ်ရှိချိန်ဖြစ်၍ မှတ်ဉာဏ် …ထွန်ကောင်းမွန်သည်။ လွန်ခဲ့သော …နှစ်ဆယ်ခန့်က ဖြစ်စဉ်ကိုပင် မမေ့မလျော့ဘဲ ဏ်,သည့်,၍မလွဲ မှတ်မိ၊ ဆိုမိန့်နိုင်လေသည်။

သက်တော် (၁၀၆)နှစ်တွင် ခန္ဓာ ဝန်ချတော်မူခဲ့သည်။ ၂၀၀၄ ခုနှစ် အချိန်ကာလအထိ သတ္တဝါအကျိုး ဆောင်ယူတော်မူခဲ့သော ဆရာတော် ကြီး ဖြစ်လေသည်။

ဆရာတော်ကြီး မှတ်ဉာဏ် အထူး ကောင်းမွန်သည်ကို သာဓကတစ်ရပ် ဖော်ပြပါမည်။ ကျိုက်မရောမြို့နယ်၊ သီဟိုဠ်တောရ ဆရာတော်လေး ဦးကဥ္စနသည် အဂ္ဂိရတ်နှင့်ပတ်သက် ၍ သွားရောက် လျှောက်ထားရာ နည်းနိဿယများ ညွှန်ပြ မိန့်ကြား ပြီးနောက် နှစ်ပေါင်း(၂၀)ကြာလျှင် တစ်ခေါက်ပြန်လာရန် မှာတော်မူ သည်။

ညွှန်ပြသည့်အတိုင်း ဆောင်ရွက် ၍ နှစ်(၂၀)ပြည့်ချိန်တွင် ထပ်မံ သွား ရောက်ရာ ကန်တော့ ဦးချပြီးသည်နှင့် **"အေး ပျားရည်ထဲ စိမ်ထားလိုက်"** ဟု မိန့်ကြားကာ ပြုဖွယ်ရှိသည်တို့ကို ဆက်လက် ဆောင်ရွက်နေသဖြင့် ဝတ်ဖြည့်ပြန်ခဲ့ရသည် ဆို၏။ သီဟိုဠ် စမ်း ဆရာတော်လေးမှာ ယခုသော် သက်တော်(၅၀)ကျော်၊ ဝါတော်(၃၀) ကျော် မထေရ်ကြီးတစ်ပါး ဖြစ်နေလေ ပြီ။

သို့ဖြစ်လေရာ တိုက္ကလားတောင် တန်းမှ ရက္ခန်းစင်တောင်ဆရာတော် နှင့် ပတ်သက်သောနေရာဌာန ဖြစ်စဉ် များအကြောင်း ပိုမိုစွမ်းဆောင်နိုင်သူ သုတေသီများ ဖော်ထုတ်နိုင်ရန် ဝမ်းမြောက်ဖွယ်ရာပင်။



www.burmeseclassic.com

www.burmeseclassic.com

ဤ အကြောင်းကို နောက်တစ်နေ့ မော်လမြိုင်တောင်ရိုးသို့ ရောက်ရှိစဉ် တက္ကသိုလ်တွင် အဆောင်နည်းပြအဖြစ် ဆုံခဲ့ကြသော အငြိမ်းစား တက္ကသိုလ် ဆရာကြီးများနှင့် စကားစပ်မိရာ ဤသို့ ပြောပြကြသည်။

'တိုက္ကလား တောင်တန်းမှာ သောဏ၊ ဥတ္တရမထေရ်ရဲ့ ရဟန္တာတွေ ရောက်ခဲ့၊ သာသနာပြုခဲ့တာ သမိုင်း အနိုင်အမာရှိလို့ ယုံမှားစရာ မရှိပါဘူး။ တခြားပုဂ္ဂိုလ်တွေ ဆိုင်ရာရုပ်တုရုပ်လုံးတွေကော မတွေ့ခဲ့ဘူးလား'

'ဘားမဲ့ ဆရာတော်၊ အဘ ဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင် ရုပ်တုတွေတော့ တွေ့ခဲ့ပါတယ်'

'ဒီပုဂ္ဂိုလ်တွေရဲ့ သမိုင်းဖြစ်စဉ်တွေမှာ တိုက္ကလားတောင်က အဖြစ်အပျက်တွေ ကြားရ၊ တွေ့ရသလား'

'အဲဒီလိုတော့ မတွေ့ရပါဘူး'

'ဒါပဲပေါ့ကွာ၊ သမိုင်းမတင်ပေမယ့် မရောက်ခဲ့၊ မနေခဲ့ကြဘူးလို့ သတ်မှတ်လို့မရဘူးလေ။ ရက္ကန်းစင်တောင် ဆရာတော်နဲ့ ပတ်သက်လို့ မော်လမြိုင်နယ်မှာလဲ ကြွရောက် သာသနာပြုတယ်လို့ ဆိုပေမယ့် တောင်ရိုးတစ်လျှောက် ဆရာတော့်ပုံတော်၊ ဆရာတော် သီတင်းသုံးခဲ့တဲ့ နေရာရယ်လို့ သတ်သတ်မှတ်မှတ် မရှိသေးဘူး။ ဒီတော့ မော်လမြိုင်မရောက်ဘူးလို့ မသတ်မှတ်နိုင်ဘူး။ ဆက်ပြီး လေ့လာဖော်ထုတ်နိုင်ရင်တော့ အကောင်းဆုံးပေါ့'



ကျားတစ်ရာစေတီ ရုပ်ပွားတော်

ဤသို့သော အခြေအနေများကြောင့် တိုက္ကလားတောင်တစ်ခွင် လေ့လာမှုခရီးစဉ်အား မဟာမြိုင် ရက္ကန်းစင်တောင် လေ့လာမှုခရီးအဖြစ် ညွှန်းပြု ပူဇော်ကာ အဆုံးသတ်နိဂုံးအနေဖြင့် နေပြည်တော် လယ်ဝေးမြို့နယ်တွင်ရှိသော အင်ကြင်းမြိုင်၊ ရက္ကန်းစင်တောင်မှ ဆရာတော် ဦးဒါန၏ သုံးသပ်ချက်ကို ဖော်ပြလိုက်ပါသည်။

## မလေး လက်ခတ်သံ

ဆရာတော်ဦးဒါနသည် မူဆယ်မြို့မှ တရုတ်လူမျိုး ကုန်သည်တစ်ဦးအဖြစ် ကျင်လည်နေရာမှ ထူးဆန်းသော အိပ်မက်၊ နိမိတ် အဖြစ်အပျက် များကြောင့် တစ်ကြိမ်တစ်ခါမျှ မ ရောက်ဖူးသည့် စစ်ကိုင် နှင့် ရက္ကန်းစင်တောင်များ သို့ ရောက်ရှိကာ ရဟန် ဘောင်သို့ ကူးပြောင်း အ ထုတ်ခဲ့သည်။

နောက်ဆုံးတွင် အင်ကြင် မြိုင် ရက္ကန်းစင်တောင်တွ အခြေချ သီတင်းသုံးကာ မြ နိဗ္ဗာန်ခရီးလမ်းအတွက် ဂန္ဓာ အကျင့်မြတ်ဆယ်ပါးကို ဖြ ကျင့် ဖြန့်ဝေလျက် သာသန ပြုတော်မူနေပေသည်။

ဆရာတော်သည် မြန်မ ဘာသာစကားကို အတ အသင့် ပြောဆိုနိုင်ပြီ ဖြ သော်လည်း အချို့သေ ဝေါဟာရများအတွက် တရ -မြန်မာ အဘိဓာန်ကြီး နံ့ ချကာ မှိုင်ငြိမ်းနေရဆဲဖြစ်ကြော တွေ့ရသည်။ ထို့ကြောင့် Manda ဘာသာစကားဖြင့် မိတ်ဆက်လျှေ ထားသည်။

'တပည့်တော်က ဖုကျန့်အေ အနွယ် ''ဝူ''မျိုးရိုးပါ။ ''ပါးစ အောက်က ''ကောင်းကင်''ဆို စာလုံးပါဘုရား'

'အေး အေး ဘုန်းကြီးက ''ယ မျိုးရိုး ''နေမင်း''ကိုရေးတဲ့ စာလုံ

သို့ဖြင့် ဆရာတော်က မိန့်ကြ ရာကို တရုတ်၊ မြန်မာ နှစ်ဘာ တွဲဖက်၍ ရှင်းလင်းပြည့်စုံစွာ တော်မူနိုင်ခဲ့သည်။


**ရက္ကန်းစင်တောင် ဆရာတော်၏ ဂန္ဓာရီ အကျင့်မြတ်ဆယ်ပါးမှ**

၁။ ယုတ်မာသူဆိုး မကောင်း




www.burmeseclassic.com

www.burmeseclassic.com



◆ ရဟန္တာတန်ဆောင်း



ကျားရုပ်ခေါင်းဆောင်းရုပ်တု ◆

ကို တစ်ရံတစ်ဆစ်မျှ မပြုလုပ်ကြရန်။

၂။ ဓမ္မိယလဒ္ဓ စင်စစ်ရသည့် ပစ္စည်းကိုပင် မလိုချင်ဘဲ ရှောင်လွှဲကျင့်ရန်။

၃။ အဖော်မမှီး တစ်ကိုယ်တည်းသာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနေရန်။

၄။ ဆရာမိဘ အလိုကျ မိတ္တကလျာ စည်းရုံးနေထိုင်ရန်။

၅။ ကမ္မဋ္ဌာန်းအာရုံ တကယ်ထုံအောင် နေ့စဉ်ပွားများ အားထုတ်ထားရန်။

၆။ ရပြီးကမ္မဋ္ဌာန်း ထို့ထက်ဆန်းအောင် ထပ်ခါထပ်ခါ ရှုမှတ်ပါရန်။

၇။ ဖြူစင်သီလ မြတ်ဓမ္မကို နေ့ညမကွာ စောင့်ထိန်းပါရန်။

၈။ ပညာရှိကို ချစ်ခင်မြတ်နိုး လွန်ရိုကျိုးရန်။

၉။ နိဗ္ဗာန်သည်သာ အားထားရာဟု ဘာဝနာမြတ်လမ်း ကမ္မဋ္ဌာန်းကို ကြိုးစားကာသာနေကြရန်။

၁၀။ ဆရာ့ဆရာ သူတော်စွာတို့ ပြုပြုသမျှ ပဋိပတ္တိဒါနကုသလကို ခံစားလိုဟု တောင်းဆုဆိုရန်။

ဟု သိမှတ်ခဲ့ရသည်။

ဆရာတော် ဦးဒါန အဓိကထား မြွက်ကြားသည်မှာ...

'မြန်မာ့ကျေးလက်တေးတစ်ပိုဒ် ရှိတယ်။ "မလေးလက်ခတ်သံ တည်ညံ့ ပြည်သံမစဲ ပွဲတော်နီးပြန်"တဲ့။ အခုအချိန်ကာလက ကမ္ဘာလောကကြီးမှာ ရန်ဘေး အပြောင်းအလဲတွေ ဖြစ်ပေါ်ကျရောက်နေတယ်။ (၂၀) ရာစုရောက်တဲ့အခါ နေစကြာဝဠာကြီးဟာ နဂါးငွေ့တန်းတစ်ခုထဲကို ဖြတ်သန်းနေရတယ်။

ရာသီဥတုပြောင်းလဲမှုတွေ သဘာဝဘေးအန္တရာယ်တွေ များပြားလာမယ်။ တစ်လောက ဖြစ်ခဲ့တဲ့ ဆူနာမီလို မုန်တိုင်းမျိုးတွေထက် ကြောက်မက်ဖွယ်ကောင်းတဲ့ ဖြစ်ရပ်မျိုးတွေ ပေါ်ပေါက်လာမယ်။ ဒါကို ပွဲတော်နီးပြီလို့ တင်စားပြောတာပါ။

မြတ်စွာဘုရားရဲ့ တရားတော်အတိုင်း လိုက်နာကျင့်ကြံနိုင်မှ ပွဲတော်ကာလ ပျော်ရွှင်နိုင်ကြမယ်။ "မ,လေး"ဆိုတာ နောက်မှာ ကြီးပြင်းလာမယ့် လူငယ်လူရွယ်တွေကို ဆိုလိုတယ်။ မြန်မာဗေဒင်အယူအဆအရ ကြာသပတေးနဲ့ ဗုဒ္ဓဟူး တွဲထားတာ။ အရပ်သုံး ဝေါဟာရဖြစ်တဲ့ "ဘုရား"ကို ရည်ညွှန်းတယ်။

"လက်ခတ်"ဆိုတာက လက်နဲ့ ခတ်ရ၊ ရွှေ့ရတဲ့ "ပုတီး"ကို ပြောပါတယ်။ တည်ညံ့ ပြည်သံမစဲအောင် ကျင့်ကြံနေမှ ပွဲတော်မှာ ပျော်ပျော်ကြီး ဆင်နွှဲနိုင်ကြလိမ့်မယ်။ ဒီရိယ မနိုင်လို့ လက်ခတ်မပိုင်ရင် ပွဲတော်ကျတော့ မှိုင်ငေး ပူဆွေးရတတ်ပါတယ်'

ဟူ၍ ဖြစ်သည်။

သို့ဖြစ်လေရာ ရက္ခန်းသည်မသညာရသည့် မြို့နာဂရတည်ရာ တိုက္ကလားတောင်(ခေါ်) မဟာမြိုင်ရက္ခန်းစင်တောင်တန်းတွင် လက်ခတ်သံ တည်ညံ့ဖြင့် ဘဝင်လျှံကာ ဗုဒ္ဓသာသနာရောင်ဝါ နေလပမာ လင်းဖြာစေကြောင်း ဆုတောင်းလိုက်ရပေသည်။

**ဘုန်းကျော်စွာ**
**(မြိုင်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

# အိမ်မွေးကြောင်များ ဝချင်သလား

စာရေးသူသည် ဆွေမျိုးများနေထိုင်ရာ သရက်ကုန်းရွာလေးသို့ ရောက်သွားခဲ့ပါသည်။ သရက်ကုန်းရွာတွင် အစ်မဝမ်းကွဲတော်စပ်သူ မကြည်ဝင်းနှင့် စကားစမြည်ပြောကြစဉ် သူမွေးထားသော ကြောင်ကြီးကို တွေ့ရပါသည်။

ကြောင်ကြီးမှာ ကျန်းမာဝဖြိုးပြီး စိုစိုပြည်ပြည် အမွေးများနှင့် ကြည့်၍ အလွန်ကောင်းပါသည်။

စာရေးသူက အစ်မကြည်ဝင်း၏ ကြောင်ကြီးကို ကြည့်၍...

'အစ်မကြောင်ကြီးက ဝဖြိုးနေတာပဲနော်။ ဘာတွေကျွေးထားတာလဲ'

ဟု မေးမိပါသည်။ ထိုအခါ သူက...

"ထွေထွေထူးထူး မကျွေးပါဘူးဟယ်။ ကျွေးရိုးကျွေးစဉ်အတိုင်း ကျွေးတာပါပဲ။ ဒါပေမယ့် ငါ့ကြောင်ကြီးက တအားစားတာ အစားကောင်းပြီး ဝ,စေတဲ့နည်း သုံးထားတာ"




ပြောသဖြင့် စာရေးသူလည်း စိတ်ဝင်စားသွားပြီး...

'ဒီလိုဆို နည်းလေးပြောပြပါဦး။ အိမ်မှာမွေးထားတဲ့ ကြောင်က ပိန်လိုက်တာ ဝါးခြမ်းပြားကျနေတာပဲ။ အစာကျွေးလဲ သိပ်မစားချင်ဘူး'

ဟု မေးပြော ပြောရပါသည်။

အစ်မက...

'ဆေးနည်းက လွယ်ပါတယ်ဟယ်။ သံပရာသီးလှီးပြီး ကြောင်ပါးစပ်ထဲဝင်အောင် ညှစ်ထည့်လိုက်၊ ဒီအတိုင်းဆို ကြောင်က သံပရာရည်မသောက်ဘူး။ ကြောင်ကို သေချာချုပ်ကိုင် ပါးစပ်ဖြဲပြီးမှ အရည်ညှစ်ချလိုက်'



ဟု စိတ်ရှည်လက်ရှည် ပြောပြသည်။

'အဲဒီလို သံပရာရည်တိုက်ပြီး မကြာခင်မှာ ကြောင်ပါးစပ်က အမြှုပ်တွေ ထွက်လာလိမ့်မယ် မကြောက်နဲ့၊ ဘာမှ မဖြစ်ဘူး။ သူ့ခန္ဓာကိုယ်ထဲက မကောင်းတဲ့ဓာတ်တွေ ထုတ်ပစ်တာ။ နောက် အစာကောင်းကောင်း စားလာလိမ့်မယ်။ သိသိသာသာလဲ ဝ,လာတာ တွေ့ရမယ်။ အစ်မရဲ့ ကြောင်ကြီးကို မင်းမြင်တဲ့အတိုင်းပဲလေ'

အစ်မကိုယ်တိုင် လက်တွေ့ သုံးစွဲခဲ့သောနည်းဖြစ်၍ စာရေးသူ သေချာစွာ မှတ်သားထားလိုက်ပါသည်။ နက္ခတ်ရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးလည်း မိမိအိမ်တွင် ကြောင်မွေးထားပြီး ပိန်နေပါက ဆေးနည်းကို သိရှိ အသုံးပြုနိုင်ရန် စေတနာဖြင့် တင်ပြလိုက်ပါသည်။

**(ဆေးနည်းကို ပြောပြပေးသော အစ်မ မကြည်ဝင်းကို ကျေးဇူးတင်လျက်...)**

**ညွန့်ဝင်း (ပညာရေး၊ နတ်တလင်း)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမျိုးရေ မမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"သြော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မနည်းခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"



(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁. YR ၀၀၆၀၂၇)



(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၁၁၀၅၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

"သြော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။ ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင်အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၇၂၂၅၄၁



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/ဝ၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ။ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း,နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'သြော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'


**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊ သုဝဏ္ဏမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၈၄၁

**ဦးဇော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ဖီလာစေတီတော်မြတ်ကြီးအား လေးကျွန်းဆီမီးတော်ဆောင်ထိပ်တွင် မှမြင်ရပုံ

အောင်မြွေမြတ်
(စစ်ကိုင်းတောင်)

# စစ်ကိုင်းတောစခွင် သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ (၂)

ယခင်လမှ အဆက်

**တောင်ဖီလာစေတီ**

**နမောတဿ ဘဂဝတော အရဟ တော သမ္မာသမ္ဗုဒ္ဓဿ။ [၃-ကြိမ်ရွတ် ဆို]**

မုနိန္ဒယောသ ထေရေန၊
သေလာတိရိယံ စေတိယံ။
ပေါတ္ထကာနိ နိဓာပေတွာ၊
နိမ္မိတွန့် နမာမဟံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **မုနိန္ဒ** | = | မုနိန်ဒ |
| **ပေါတ္ထ** | = | ပွတ်ထ |
| **နိဓာပေတွာ** | = | နိဓာပစ်တဝါ |
| **နိမ္မိတန့်** | = | နိမ်မိတန်တံ |

မြန်မာပြန်

**မုနိန္ဒယော သ ထေရေန၊** မုနိန္ဒ ဃောသ မဟာထေရ်မြတ်ကြီးသည်။

**ပေါတ္ထကာနိ၊** ကိုယ်တိုင်ရေးသား ခဲ့ရင်တော်မူသော ဝိနည်းငါးကျမ်း ပါဠိ တော်များ၏ အဋ္ဌကထာ နိဿယ ပေစာ တို့ကို။

**နိဓာပေတွာ၊** ထည့်သွင်းဌာပနာ တော်မူလေ၍။

**ယံသေလာ တိရိယ စေတိယံ** အကြင် တောင်ဖီလာ ဘွဲ့အမည်တော်ရှိပါသော တောင်ဖီလာ စေတီတော်မြတ်ကြီးကို။

**နိမ္မိတံ၊** တည်ထားဖန်ဆင်း ကိုး ကွယ်ခြင်း ပြုအပ်ခဲ့ပါပြီ။

**တံ၊** ထိုတောင်ဖီလာစေတီတော် ကြီးကို။

**အဟံ၊** "......"ဟု နာမ သမုတ် အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် မိမိရွတ်မည့်သူ နာမည်ထည့်ရန်]**

**နမာမိ၊** ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

ဘုရားတည်သောနှစ်

သက္ကရာဇ် ၁၀၀၃ ခုနှစ်။





www.burmeseclassic.com

www.burmeseclassic.com

ဘုရားဒါယကာ

သာလွန်မင်းတြားကြီး၏ ဆရာဖြစ်သော တိပိဋက လင်္ကာရ၊ မဟာတိပိဋက လင်္ကာရ ဘွဲ့တော်နှစ်ထပ် လက်ခံရရှိသော တောင်ဖီလာဆရာတော် အရှင်မုနိန္ဒာဃောသမထေရ်။

တည်နေရာ

စစ်ကိုင်းတောင် မြောက်ဖျား လေးကျွန်းဆီမီးတောင်ခေါ် တောင်ဖီလာကုန်း။

ပွဲတော်ရက်

နှစ်စဉ် ဝါဆိုလပြည့်ကျော်(၈)ရက်နေ့။

အောင်မြေနေရာ

စေတီတော်၏ အရှေ့ဘက် ရင်ပြင်တော်။

အစောင့်အရှောက်

ပိဋကတ်တော်စောင့် နတ်သမီး။

ထူးခြားချက်


လေးကျွန်း ဆီမီးတောင်ထက်တွင် စေတီတည်ထားသော်လည်း တောင်တော်၏ မူလအနေအထား တည်ရှိနေပုံမှာ ထူးခြားစွာ ဖီလာကန့်လန့် ဖြစ်တည်နေသောကြောင့် လည်းကောင်း၊ တောင်မှမြောက်ဘက်ဆီသို့ သွယ်တန်းသော စစ်ကိုင်းတောင်တန်းမှ ခွဲထွက်၍ အရှေ့မှအနောက်သို့ ဖီလာဖြစ်နေသော ချောက်ကမ်းပါးတွင် တောင်ဖီလာဆရာတော်ကြီး၏ ကျောင်းတော်ကြီးတည်ရှိသောကြောင့် "**တောင်ဖီလာ**"ဟူ၍သာ ကျော်ကြားရလေ၏။

ဆရာတော်ကြီးမှာ သီလ, သမာဓိ, ပညာ အထူး ပြည့်စုံတော်မူပါ၏။ တောင်ဖီလာဆရာတော်ကြီး ကိုယ်တိုင်ရေးသားသော ဝိနည်းငါးကျမ်းပါဠိတော်နှင့် နိဿယပေစာမူများကို



တောင်ဖီလာဘုရားလိုဏ်ဂူအတွင်းတော်မှ ထူးခြားသော အင်းဝခေတ် ရုပ်ပွားတော်

တောင်ဖီလာဘုရားရင်ပြင်ရှိ ထူးခြား မန်ကျည်းပင်ကြီး





www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ဖီလာဆရာတော်ကြီး ဦးဝိလာသ

ဉာပနာထားပါ၏။

မိမိ၏ သီလ,သမာဓိကို သစ္စာအဓိဋ္ဌာန်ပြု၍ မြနေအောင် သွေးထားသော ထင်းခုတ်ဓားမကြီးကို ရေကန်အတွင်း ပစ်ချသောအခါ သစ္စာပြုသည့်အတိုင်း ဓားမကြီးသည် ရေပြင်ထက်တွင် ငါးတစ်ကောင်အလား ကူးသွားလေ၏။

တောင်ဖီလာ ဆရာတော်ကြီးသည် ထိုအခါမှစ၍ ဓားမကူးဆရာတော်ကြီးဟု ပိုမို ကျော်ကြားသွားလေတော့၏။ ရေကန်တော်သည်လည်း ယနေ့တိုင် "ဓားမကူးကန်" ဟူ၍ တည်ရှိနေလေ၏။

ဆရာတော်ကြီးသည် သက်တော် (၇၃)နှစ်အထိ သာသနာပြုတော်မူခဲ့ပါသည်။

တောင်ဖီလာ စေတီတော်သည်ကား **သစ္စာအဓိက၊ ပညာအဓိက နေရာတော်** ဖြစ်ပါသတည်း။

---

ဇေတဝန်စေတီတော်

---

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ။]*

ဇေတယကွေန ကာရိတံ၊
ဇေတဝန မဟာထူပံ။
ဋ္ဌပေတွာ ဒကာသာဋ္ဌိကံ၊
ဝန္ဒေ တံ သီရသာ မဟံ။

ခက်ခဲသော ပါဠိအသံထွက်

**ဇေတံယကွေန** =ဇေတယက်ခေန
**ဋ္ဌပေတွာ** =ထပယ်တဝါ
**ဒကာသာဋ္ဌိကံ** =ဒကာသာတိကံ
**ဝန္ဒေတံ** =ဝန်ဒေတံ

မြန်မာပြန်

**ဇေတယကွေန၊** ဇေတဘီလူးမင်းသည်။

**ဒကာသာဋ္ဌိကံ၊** မြတ်စွာဘုရားရှင်၏ ရေသနုပ်တော်ကို။

**ဋ္ဌပေတွာ၊** ဌာပနာတော်မူလေ၍။

**ယံဇေတဝန မဟာထူပံ၊** အကြင်ဇေတဝန်စေတီတော်မြတ်ကြီးကို။

**ကာရိတံ၊** တည်ထားကိုးကွယ်အပ်လေပြီ။

**တံ၊** ထိုစေတီတော်မြတ်ကြီးကို။

**အဟံ၊** "......"ဟု နာမ သမုတ်အကျွန်ုပ်သည်။

**သီရသာ၊** ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။

**ဝန္ဒေဝန္ဒာမိ၊** ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

ဘုရားတည်သောနှစ်

ဂေါတမမြတ်စွာဘုရား ဝါတော်(၂၁)ဝါအရတွင် တည်ထားခဲ့ပါသည်။

ဘုရားဒါယကာ

ဇေတဘီလူးမင်း။

တည်နေရာ

စစ်ကိုင်းတောင်၏ အရှေ့ဖျားရှိ ဝတ်ရုံတောင်။

ပွဲတော်ရက်

နှစ်စဉ် ဝါဆိုလကွယ်နေ့။



www.burmeseclassic.com

www.burmeseclassic.com



ဇေတဝန်စေတီတော်မြတ်အား တနင်္ဂနွေထောင့်မှ မှုမြင်ရပုံ

အောင်မြေနေရာ

မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်တော်မူသော တောင်တော်ဖြစ်သောကြောင့် ရင်ပြင်တော်တစ်ခုလုံးသည်လည်း "**မဟာအောင်မြေ**"ဟု သူတော်ကောင်းများမှ ယုံကြည်ကြပါသည်။

အစောင့်အရှောက်

နတ်ဘီလူးကြီး။

ထူးခြားချက်များ

ဂေါတမမြတ်စွာဘုရားရှင် ဝါတော် (၂၁)ဝါအရတွင် စစ်ကိုင်းတောင်သို့ ဒေသစာရီ ကြွရောက်တော်မူခဲ့လေ၏။

ကိုးဆယ့်ကိုးယောက်သော ဘီလူးတို့အား ကြီးမှူးဦးဆောင်သော ဇေတဘီလူးမင်းကြီးသည် မြတ်စွာဘုရားအား ခရီးဦးကြိုဆို၍ သားပွဲမ်းဆွမ်းဖြင့် ဆက်ကပ် လှူဒါန်းကြလေ၏။

မြတ်စွာဘုရားရှင်က ဇေတဘီလူးမင်းနှင့်တကွ ကိုးကျိပ်ကိုးယောက်သော ဘီလူးအပေါင်းတို့အား အနုမောဒနာ ဒေသနာ ဟောကြားတော်မူလေရာ အားလုံးသော ဘီလူးတို့သည် သောတာပန်အရိယာများ ဖြစ်သွားကြလေ၏။

ယင်းအကြောင်းအကြောင့် ယနေ့ထိတိုင်အောင် ထိုအရပ်ကို "**သောတာပန်ရပ်ကွက်**"ဟူ၍ အမည်တွင်နေပါသည်။

ဇေတဘီလူးမင်းက ရှင်တော်မြတ်ဘုရားထံ မြတ်စွာဘုရားကိုယ်စား အမြဲကိုးကွယ်နိုင်ရန် တောင်းပန်ချက်ကြောင့် မြတ်စွာဘုရားရှင်မှ ဝတ်လဲတော်ရေသနုပ်နှင့် ဆံတော်ကို ပေးအပ်ခဲ့လေ၏။

ဇေတဘီလူးမင်းနှင့် အပေါင်းပါတို့သည် ထိုဝတ်ရုံတောင်ထက်ဝယ် ရေသနုပ်တော်နှင့် ဆံတော်များကို ဌာပနာပြု၍ စေတီတည်ထား ကိုးကွယ်ကြလေ၏။

ရှေးအခါကာလများတွင် "**ဝတ်ရုံတောင်ဘုရား**"ဟု ခေါ်တွင်ခဲ့သော်လည်း ဘုရားဒကာ ဇေတဘီလူးမင်း၏ အမည်ဖြင့်သာ "**ဇေတဝန်ဘုရား**"ဟု၍ ယနေ့တိုင် အမည်တွင် နေလေ၏။

မြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ အဦးဆုံး တည်ထားခဲ့သောကြောင့် စစ်ကိုင်းမြို့တွင် သက်တမ်းအရင့်ဆုံး၊ အရှည်ကြာဆုံး စေတီတော်မြတ်ကြီး ဖြစ်လေ၏။

မြတ်စွာဘုရား၏ ဆံတော်အား ဌာပနာထားခြင်း၊ ဘုရားရှင်၏ ရေသနုပ်တော်ကို ဌာပနာထားခဲ့ခြင်းကြောင့် "**ဆံတော်ရှင်ပရိဘောဂစေတီ**" စစ်



www.burmeseclassic.com

www.burmeseclassic.com





● သေတဝန်ရုပ်ပွားတော် [စစ်ကိုင်းတောင်]

ချမ်းသာကြီးချမ်းသာရ ဘုရားနှစ်ဆူ
အနက်မှ ချမ်းသာရစေတီပုံ
[လိုဏ်ဂူအတွင်း၌ ကျောက်ချပ်ဆစ်
ရုပ်ပွားတော်များ တည်ရှိပါသည်] ●

ဝင် ဖြစ်လေတော့၏။

## ချမ်းသာကြီး၊ ချမ်းသာရစေတီ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ *[၃–ကြိမ်ရွတ်ဆို ကန်တော့ပါ။]***

ကြံ့သိုင်းကုတိ နာမကေန၊
မဟာမစ္စေန ကာရိတံ၊
အကိသုခံ လာဘထူပံ၊
ဝန္ဒေ ယန္တံ သုခါဝဟံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ကုတိ** | =အိတိ |
| **မဟာမစ္စေန** | =မဟာမစ်စေန |
| **ဝန္ဒေ** | =ဝန်ဒေ |
| **ယန္တံ** | =ယန်တံ |

မြန်မာပြန်

**ကြံ့သိုင်းကုတိ နာမကေန၊** ပုဂံတိုင်းမှ ကြံ့သိုင်းအမည်ရပါသော။

**မဟာမစ္စေန၊** မင်းတိုင်ပင် ပညာရှင် အမတ်ကြီးသည်။

**သုခါဝဟံ၊** နတ်လူ နိဗ္ဗာန် သုံးတန်သောချမ်းသာကို ဆောင်နိုင်သော။

**ယံအကိသုခ လာဘထူပံ၊** အကြင်ချမ်းသာကြီး၊ ချမ်းသာရ စေတီတော်မြတ်ကို။

**ကာရိတံ၊** တည်ထားသမှု ကိုးကွယ်ခြင်း ပြုအပ်ခဲ့လေပြီ။

**တံ၊** ထိုချမ်းသာကြီး၊ ချမ်းသာရ မြတ်စွာဘုရားကို။

**အဟံ၊** "......"ဟု နာမ သမုတ် အကျွန်ုပ်သည်။

**ဝန္ဒေဝန္ဒာမိ၊** သက်တော်ထင်ရှား မြတ်ဘုရားအား ရှိသေသမျှ အာရုံပြု၍ ရှိခိုးကော်ရော် ဖူးမြော်ကန်တော့ပါ၏ ဘုရား။

ဘုရားတည်သောနှစ်

ကောဇာသက္ကရာဇ် ၄၂၀ ပြည့်နှစ်။


ဘုရားဒါယကာ

စောလူးမင်း၏ ညာလက်ရုံး ပညာရှင်အမတ်ကြီး ကြံ့သိုင်း။




www.burmeseclassic.com

www.burmeseclassic.com



▲ ချမ်းသာကြီးချမ်းသာရ ဘုရားနှစ်ဆူ အနက်မှ ချမ်းသာကြီးဘုရားကို ဖူးမြင်ရပုံ

▼ ချမ်းသာကြီးချမ်းသာရဘုရားမှ ကျောချင်းကပ် ရုပ်ပွားတော် (၂)ဆူ





www.burmeseclassic.com

www.burmeseclassic.com





တည်နေရာ

စစ်ကိုင်းတောင်၏ တောင်ဘက် သောတာပန် ရပ်ကွက်၊ ဟံသာဂီရိ တောင်ကုန်း။

ပွဲတော်ရက်

နှစ်စဉ် ဝါခေါင်လဆန်း (၈)ရက်။

အောင်မြေနေရာ

စေတီတော်ကြီး လိုဏ်အတွင်း ရုပ်ပွားတော် (၂)ဆူ ကျောချင်းကပ် စံပယ်တော်မူလျက်ရှိသော ဝဲယာ နှစ်ဖက်ရင်ပြင်။

အဆောင့်အရှောက်

တောတောင်ဘီလူး။

ထူးခြားချက်များ

မြတ်စွာဘုရားသည် ဇေတဘီလူးမင်းနှင့် အပေါင်းပါများအား တရား ချီးမြှင့်တော်မူပြီးသောအခါ ရေသပ္ပာယ်ရန်အတွက် ဧရာဝတီမြစ်ဆိပ်သို့ သက်တော်မူလျှင် ခနောင်းဝဲကြီးသည် မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် ငြိမ်သက်ခြင်း ပြုလေ၏။

ထိုအခြင်းအရာကြောင့် **"ဘီလူးတို့ ချမ်းသာကြီးပေသည်"**ဟု ဆိုခဲ့သည်ကို အစွဲပြု၍ **ချမ်းသာကြီးဘုရား** ဟု ယနေ့တိုင် ဘွဲ့မည်တွင်လေ၏။

စေတီတော်အတွင်း ကျောချင်းကပ် ရုပ်ပွားတော်များကို ပူဇော်ခြင်းဖြင့် အောက်ပါ အကျိုးတရားများ ပြည့်စုံကြလေ၏။

၁။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာခြင်း။
၂။ စိုးရိမ်ပူပန်သောကများ ကင်းပ ချမ်းသာခြင်း။
၃။ ကိုယ်စိတ်နှလုံး (၃)ပါးလုံး လုံခြုံ ချမ်းသာခြင်း ရရှိစေပါ၏။

**အောင်ရွှေမြတ် *(စစ်ကိုင်းတောင်)***

---

# ကျန်းမာရေး အတွက် ဤသို့ ရေချိုးပါ



ကျွန်ုပ်သည် လက္ခဏာ + ဗေဒင် ဟောပြောခန်းမှ နံနက် (၁၂)နာရီခန့်တွင် အိမ်သို့ပြန်၍ ထမင်းချိုင့်ယူလေ့ရှိသည်။ ထိုအချိန်တွင် တဗွမ်းဗွမ်း ရေချိုးနေလေ့ရှိသော ဦးအောင်ဒင်အား တွေ့လေ့ရှိ၏။

ဦးအောင်ဒင်သည် အငြိမ်းစား ဆရာကြီးတစ်ဦးဖြစ်ပြီး **အသက်အားဖြင့် (၇၀)ကျော်၊** ကျန်းမာရေး ကောင်းတင်းခိုင်မာသူ ဖြစ်၏။

ရေချိုးရာတွင် ခေါင်းပေါ်မှလောင်းပြီး ဝဝချိုးတတ်သူ ဖြစ်၏။ ဆပ်ပြာကိုလည်း တစ်ကိုယ်လုံး ဖွေးနေအောင် တိုက်တတ်၏။

ကျွန်ုပ်က "ဆရာကြီး သတိလဲထားဦးနော်"ဟု သတိပေးရာ...

'ဘာလဲ ဆရာက ကျုပ် ရေချိုးတာ ပြောတာလား။ အဟား... ဟား။ ကျုပ်က ကျန်းမာရေးအတွက် ဒီလို ရေချိုးတာဗျ။

ဒီလိုလေဗျာ ရေမချိုးမီ **ရေတစ်ခွက် ဝအောင်သောက်၊** ပြီးတော့ **ဒူးဆစ်ကို ရေလောင်းပေး။**

ပြီးတော့ **နောက်ကျောအတွက် ရေတစ်ခွက်လောင်း။** ပြီးရင် **ရှေ့ရင်ဘတ်အတွက် ရေတစ်ခွက်လောင်း။** ပြီးပြီလား အဲ... **ဦးခေါင်းပေါ်က ရေတစ်ခွက်** လောင်းချ။ ကာဘော်လစ်ဆပ်ပြာနဲ့ ခေါင်းကိုတိုက်။

အဲ... ဆပ်ပြာမြှုပ်တွေ ထွက်လာရင် အဲဒီ ဆပ်ပြာမြှုပ်နဲ့ ဂျိုင်းကိုတိုက်၊ လက်တွေ့, ကိုယ်တွေကိုတိုက်။ ပြီးမှ မျက်နှာပေါ် တိုက်ရတယ်။

နေ့တိုင်း ခေါင်းလျှော်တော့ ခေါင်းသန့်ရှင်းတယ်။ ခေါင်းပေါ်တိုက်တဲ့ ဆပ်ပြာမြှုပ်ဟာ တစ်ကိုယ်လုံး သုံးရတယ်။ နေရထိုင်ရတာ ကောင်းတယ်။ ကျန်းမာရေး ကောင်းတယ်။ အသားအရေ စိုပြည်တယ်။

ကျုပ်အသက် (၇၅)နှစ် ရှိပြီ။ ဆေးတစ်ပေါက် မထိုးရဘူး ဆရာလေးရဲ့'

'ဟုတ်ကဲ့ ဆရာကြီးနည်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပို့လိုက်မယ်နော်'

'ပို့ပါ... ပို့ပါ။ အများအတွက် အကျိုးရှိရင် ပို့ပါ ခင်ဗျာ'

**ဆရာ ဦးရဲအောင်**
***(သိပ္ပံလက္ခဏာ + နက္ခတ္တဗေဒ + သချာဗေဒ)***



www.burmeseclassic.com

www.burmeseclassic.com

အမှုန်းအာဃာတများ ပျောက်ကွယ်စေသည့်

# မာတင်္ဂ အစီအရင်

**ဆားလင်းကြီးမြို့နယ် ကျောက်မျက်ရွာ ရွှေမြင်တင်စေတီတော်** ပူဇော်ရန်အတွက် ဆယ်သွယ်ကူညီပေးမည့် ကိုမင်းကွမ်း (ကိုမိန်ကွမ်း)အား စောင့်ဆိုင်းနေစဉ် လယ်တီရပ်မှ လက်သမားဆရာကြီး ဦးမြင့်အောင်က **လက်မလက်သည်းခွံခန့် အရွယ်အစားရှိသော ရုပ်တုကလေးတစ်ခု**ကို လက်ဆောင်ပေးလာသည်။

အချိန်အနည်းငယ်ရသဖြင့် ထိုသူနှင့် ဆွေးနွေးပြောဆိုဖြစ်ကြရာ **မာတင်္ဂရုပ် ဖြစ်သည် ဆို၏။**

ဆျှာင်တစောင်း ပုဆိုး တိုကိုပုံနှင့် ဆောင့်ကြောင့်ထိုင်ကာ လက်ဝဲပခုံး၌ လွယ်ထားသော လွယ်အိတ်က မြေသို့ တိုက်နေသည်။

**ပျံလွန်ပြီးသော ပေါက်မြိုင် ဆရာတော်**ထံမှ စွန့်ယူရရှိခဲ့ခြင်း ဖြစ်သည်။ ထန်းသား ထမ်းပိုးကျိုးကို ထုလုပ်ထားသည်။ သိဒ္ဓိတင် သိမ်ဝင်ပြီး ဖြစ်သည်ဆို၏။

**ချစ်မှုရေးရာတွင် မာတင်္ဂထံ နှလုံးမူသည်ဟု တင်စားလေ့ရှိကြသည်။ ချစ်သူထံမှ မေတ္တာကို မရမနေ ခွဲ့ယူနိုင်သော ကောင်းချီးပေးသော မာတင်္ဂသည် အချစ်သူရဲကောင်း ဖြစ်လေသည်။**

ဤရုပ်တုကို အဆောင်ပြုပါက မျက်နှာပွင့်လန်းခြင်း၊ အမုန်းအာဃာတများ ပျောက်ကွယ်၍ ဆွေရင်းသားချင်းပမာ ချစ်ခင်မှုရစေသည်။ ဤအရုပ်ကို ထမ်းပိုးကျိုးဖြင့်သာ ပြုလုပ်ရသည်။

**ထမ်းပိုးကျိုးဟူသည်** ရှေးခေတ်က ဒွန်းစဏ္ဍားတို့ တောင်းရမ်း၍ ရသော ပစ္စည်းဥစ္စာများပြားလှသဖြင့် ထမ်းသော ထမ်းပိုးပင်ကျိုးရသည်။


ထို့ကြောင့်ဤထမ်းပိုးကျိုးကိုလာဘ်ကောင်းသော ပစ္စည်းအဖြစ် အမြတ်တနိုး သိမ်းထားတတ်ကြသည်။

ဤထမ်းပိုးကျိုးကို ငွေကြေး အမြောက်အမြားပေးသော်လည်း ဝယ်၍ မရပါ။ သို့ဖြစ်ရာ မသိအောင် တိတ်တဆိတ် ယူကြရပါသည်။ ခိုးယူမှ အစွမ်းထက်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ မရနိုင်သောကြောင့် ခိုးယူကြရခြင်း ဖြစ်သည်။

ဤအစီအရင်နှင့် ပတ်သက်၍ စစ်ကိုင်းမြို့ နန်းဦးတိုက်မှ အာဂန္တုဆရာတော် **ဦးစက္ကိန္ဒိယ သက်တော်(၇၈)နှစ်**အား လျှောက်ကြည့်သော အခါ...

'ဇာတ်ပွဲတွေမှာ ခံတွင်းတွေ့ကြရတဲ့ မာတင်္ဂ ဇာတ်လမ်းအတိုင်း ငွေနှပဲကြီးတဲ့ ဒွန်းစဏ္ဍား မာတင်္ဂဟာ ရွှေမင်းသမီးရဲ့ အချစ်ကို ရခဲ့တယ်။ ဒါကြောင့် ချစ်မှုရေးရာ နှလုံးသားကိစ္စတွေ အဆင်ပြေအောင် မာတင်္ဂရုပ် ဆောင်ကြတယ်။ သိမ်းဆည်းတဲ့အခါမှာတော့ ထန်းခေါက်ဖာထဲ ထည့်သိမ်းရတယ်။ အလိုရှိတဲ့အခါ အနိမ့်ဂါထာ(၁၇)အုပ်ရွတ်ပြီး ဆောင်ရတယ်။ သိဒ္ဓိတင်ဂါထာလို့လဲ ဆိုတယ်။





◀ မာတင်္ဂအရုပ် သိမ်းဆည်းရာ ထန်းခေါက်ဖာ

◀ မာတင်္ဂအရုပ် လက်သည်းခွံအရွယ်ကို အကြီးချဲ့မြင်ရစဉ်

ဥုံ ဝိယံဒေဝ မနုဿာနံ၊
ဝိယမြဟ္မဏာ ပုဂ္ဂလံ။
ဝိယံ နာဂ သုပဏ္ဏာနံ၊
ဝိယိန္ဒြိယံ နမာမဟံ။ *(ခရီးထွက်နိုး)*

**အနက်**

**ဥုံ**၊ အန္တရာယ်ကင်းစေသတည်း။ **ဒေဝမနုဿာနံ**၊ နတ်၊ လူတို့သည်။ **ဝိယံ**၊ ချစ်အပ်သော။ **ဝိယမြဟ္မဏံ**၊ ပုဏ္ဏားသည် ချစ်အပ်သော။ **နာဂသုပဏ္ဏာနံ**၊ နဂါး ဂဠုန်တို့သည်။ **ဝိယံ**၊ ချစ်အပ်သော။ **ဥတ္တမံ**၊ မြတ်သော။ **ဝိယိန္ဒြိယံ**၊ ချစ်အပ်သော ဣန္ဒြေရှိသော။ (ဗုဒ္ဓ၊ မြတ်စွာဘုရားကို။) **အဟံ**၊ အကျွန်ုပ်သည်။ **နမာမိ**၊ ရှိခိုးပါ၏။

*(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့် (စာတွေ့ကာယကောဝိဒ၊ ဝိနယဓရ၊ မဟာစရိယ)မှ ပါဠိအနက်ပြန်ဆိုပေးပါသည်။)*

**"ပညာရှာပမာ သူဖုန်းစား"** ဆို စကားအရ ပညာရေးမှာလဲ ထက်မြက်စေသလို ရောင်းဝယ်ဖောက်ကားရာမှာလဲ မိမိထံ ဈေးဝယ်ခြမ်းသူ၊ ဖောက်သည်တွေဟာ မိမိရဲ့ ထမင်းရှင်တွေပဲလို့ သူတို့ရဲ့ ကျေးဇူးကို အောက်မေ့ပြီး ဒီအရုပ်ကို အဆောင်ပြုရင် ထက်မြက်အကျိုးရှိတာ တွေ့ရတယ်။

**စီရင်ထားပုံက...**

| မာ | တ | င်္ဂ။ | ထမ်း | ပိုး | ကျိုး။ | ထန်း | ခေါက် | ဖာ။ |
|---|---|---|---|---|---|---|---|---|
| ၅ | ၇ | ၂ | ၇ | ၅ | ၂ | ၇ | ၂ | ၅ |

ကက်ကင်းပြန် အထပ်ပြုထားတာပါ။

အခုခေတ်မှာ သူဖုန်းစားတွေလဲ ထမ်းပိုးမသုံးကြတော့ ထမ်းပိုးကျိုး မရနိုင်တော့ဘူး။ အမုန်တော့ ဒါက တင်စားတာပါ။ သူဖုန်းစားတွေဟာ ပစ္စည်းဥစ္စာ ဘယ်လောက်ကြွယ်ဝ ချမ်းသာသည်ဖြစ်စေ လူသိမခံကြဘူး။ ကြွယ်ဝကြောင်း သိသွားတာနဲ့ သူတို့ရဲ့ စီးပွား ပျက်သုဉ်းပြီပေါ့။ ဒါကြောင့် လူမြင် သူမြင် ထမ်းပိုးလျှိုပြီး ကြွားရ ရွှာထမ်းပိုးလေ မရှိပါဘူး။

ဒီတော့ အကောင်းဆုံး အသင့်ဆုံးအနေနဲ့ **လှည်းထမ်းပိုးအကျိုး**ကို သုံးကြရတယ်။ နွားပခုံးနဲ့ ထမ်းပြီး ရုန်းကန်ရတဲ့ ထမ်းပိုးကျိုးက ပိုပြီး အစွမ်းထက်တယ်။ **နွားပခုံး**- **၇၅၂** ကက်ကင်းမာတ် ပေါင်းစပ်တာ တွေ့ရမယ်။

အထိရောက်ဆုံး အသုံးပြုချင်ရင် ကြာသပတေး အားကောင်းတဲ့ အရပ်ဒေသက နွားထမ်းပိုးကျိုး ရှာသုံးပေါ့။ နွား့စနေကို နဖား့ကြာသပတေး ဆပွတ်နဲ့ ထိန်းတယ်။ လေ့ဗုဒ္ဓဟူးကို ကျောက် တနင်္လာနံ့ ထိန်းတယ်။

မြင်းမှူ ပေါက်မြို့ ပေါင်မြို့ ဖူးပုံ ပင်းတူး ... ဒေသအမည် ကြာသပတေး ဦးစီးတာမို့ စနေ ... ထိန်းနိုင်တယ်။ နွား စနေနံရဲ့ပိုးကျိုး ပါ့အစွမ်း... နိုင်နင်းပြီး သုခကောင်းကျိုးချည်း ကျန်စေတာ... ဟူ၍ သေချာဃတာ ရှင်းပြ... လေသည်။

**နယ်လှည့် ခရီးသည်**



www.burmeseclassic.com

www.burmeseclassic.com



◆ မဟာရင်ဂိုဏ်းချုပ် ဆရာတော်အဆက်ဆက်ပုံများ

သိုးသည့် သုတေသီတစ်ဦး

ဝေဟင်ယံတွင် မှတ်တမ်းပြု ဖူးတွေ့ရသည့်

# ရေတံခွန်တောင်ခြေ မြတ်သဗ္ဗကာ

၏ အောင်ရုပ်ဘွေ မြေမဟီနုန်းဆီသို့ (၂)

**ယခင်လမှ အဆက်**

၁၃၁၈ ခုနှစ်တွင် မဟာရင်ဂိုဏ်းဥ္စမဂိုဏ်းချုပ်ဆရာတော် အရှင်မဟိန္ဒပျံလွန်တော်မူပြီးနောက် မဟာရင်ဂိုဏ်းဆရာတော်အားလုံး အစည်းအဝေးပြုလုပ်ပြီးလျှင် ဝင်းရော်ဆိပ်ကြီး ဆရာတော်ဦးဇောတိပါလကို ရွေးချယ်ကာ ဒွယုတ္တိနိကာယ၏ မဟာရင်ဂိုဏ်းချုပ်ဆဋ္ဌမဆရာတော်အဖြစ် တင်မြှောက်ကြသည်။

ထိုအခါ ပဥ္စမဂိုဏ်းချုပ်ဆရာတော် သီတင်းသုံးခဲ့သည့် ဘီလူးကျွန်း၊ ရွာလွတ်ကျေးရွာ နိဂြောဓာရုံကျောင်း ဒါယကာ၊ ဒါယိကာမများက သူတို့ကျောင်း၌ပင် သီတင်းသုံးပါရန် သံဃာတော်များ၏ ရှေ့မှောက်တွင် ပင့်ဖိတ်ကြပါသည်။

ထိုအခါ အရှင်ဇောတိပါလက တောနေသုတ္တဝါတို့သည် မြို့ရွာများတွင် အဆောက်အအုံ အစားအစာ မည်မျှပေါများပြည့်စုံစေကာမူ တော၌သာ ပျော်မွေ့ကြသကဲ့သို့ ဥပမာပေးကာ ငြင်းပယ်တော်မူခဲ့သည်။

ဆရာတော်သည် ထိုင်းနိုင်ငံသို့ ရောက်ခဲ့စဉ်က ဘန်ကောက်မြို့၊ ဂရင်းပဲလေ့စ်ရှိ မြဘုရားကျောင်းတော်မှ နာမည်ကျော်ကြားသော မြဘုရားကို အနီးကပ် ကြည်ညိုဖူးမြော်ခဲ့သကဲ့သို့ ၁၃၁၉ ခုနှစ်တွင်လည်း အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံများသို့ သုံးလကြာ ကြွရောက်ကာ အရေးကြီးသော ဒဿနီယနှင့် သံဝေဇနီယ လေးဌာနများ၊ သီဟိုဠ်(သီရိလင်္ကာ) ရှေးဟောင်း



www.burmeseclassic.com

www.burmeseclassic.com

မဟာစေတီ၊ ကလျာဏီစေတီ၊ ဒက္ခိဏာသာခါ မဟာဗောဓိနှင့် စွယ်တော်တိုက်များသို့ လှည့်လည် ကြည့်ညိုဖူးမြော်ခဲ့သည်။

ထို့အပြင် ထိုင်းနိုင်ငံနယ်စပ်အနီးတောင်ခုနစ်ထပ်အလယ် တောကြီးမျက်မည်း၌ ကိန်းဝပ်တော်မူသော မွတ်လအိ၊ မွတ်လအတ် ဆံတော်ရှင်စေတီများ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သမိုင်းဝင် နာမည်ကျော် တောင်ကြီးများနှင့် စေတီပုထိုးများကိုလည်း နွေရာသီ စာပြန်ပွဲအပြီး၌ ဘုရားဖူးလေ့လာရေးခရီးများ ကြွရောက်ခဲ့သည်။ ရောက်လေရာဌာနတိုင်း၌ (၇)ရက်အဓိဋ္ဌာန်ဝင် တရားဘာဝနာပွားများအားထုတ်လေ့ ရှိလေသည်။

၁၃၂၇ ခုနှစ်သို့ ရောက်သောအခါ အသက်အရွယ် ကြီးရင့်လာပြီဖြစ်သောကြောင့် ဝင်းရော်ဆိပ်ကြီးကျေးရွာ တောရကျောင်းကို တပည့်ဖြစ်သူ ဦးဉာဏသာမိအား လွှဲအပ်ကာ မုဒုံမြို့နယ်၊ ကော့ခပုံကျေးရွာ အရှေ့ဘက် သုံးမိုင်ခန့်အကွာ ရေတံခွန်တောင်ပေါ် တောရကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးသည်။

အရေးတကြီး ကိစ္စများမှလွဲ၍ အပြင်သို့ မကြွ၊ ဆွမ်းစားပင့် မလိုက်ဘဲ တောရကျောင်းတွင်း မိမိအခန်းကို တံခါးအမြဲပိတ်ကာ တရားရှုမှတ်နေလေ့ရှိသည်။ ဆွမ်းဘုဉ်းချိန်၌သာ အပြင်သို့ ထွက်ကြွ၍ ဆွမ်းဘုဉ်းပြီးချိန်တွင် မိမိထံမှောက် ဆည်းကပ်ရောက်ရှိလာသော ရဟန်းရှင်လူပရိသတ် (ရှိလျှင်) မေးမြန်းသမျှ တိုတိုရှင်းရှင်း လမ်းညွှန်ရှင်းပြကာ အခန်းတွင်းသို့ ပြန်ဝင်သွားတတ်သည်။

စကားများများ မပြော၊ များသောအားဖြင့် အမူအရာဖြင့်သာ ပြလေ့ရှိသည်။ မလိုအပ်လျှင် (သို့မဟုတ်) ဖူးမြော်ရုံသာလာ၍ မေးလျှောက်ခြင်းမရှိလျှင် မိန့်ကြားခြင်း မပြုချေ။

၁၃၄၀ ပြည့်နှစ်နောက်ပိုင်း ကြည်ညိုဖွယ်သတင်းများ ပျံ့နှံ့၍ ဖူးမြော်လိုသူများပြားလာသောအခါတွင်မူ အချိန်ကာလ ပိုင်းခြားက ဖူးမြော်ခွင့် ပြုခဲ့လေသည်။

## ဆရာတော်၏ အလေ့အကျင့်

ဆရာတော် အရှင်ဇောတိပါလသည် အရညကင်ဓုတင်ကို အမြဲတမ်း ကျင့်သုံးဆောက်တည်ကာ အခြားသော ဓုတင်တို့ကိုလည်း ဆောက်တည်ခဲ့သည်။

ဝင်းရော်ဆိပ်ကြီး တောရတွင် သီတင်းသုံးစဉ် ညအခါ ဒါယကာများအား တရားဟောကြားမှုအပြီး ည(၉) နာရီထိုးသည်နှင့် သုသာန်သို့သွားရောက်ကာ သုသာန်ဓုတင် ဆောက်တည်လေ့ ရှိသည်။

ထိုစဉ်က ဆွမ်းစားပင့်ဖိတ်သောအခါ မျက်နှာကြီးငယ်မလိုက်ဘဲ ရှေးဦးစွာ ပင့်ဖိတ်သူ၏အိမ်သို့သာ ကြွရောက်လေ့ ရှိသည်။

မဟာရင်ဂိုဏ်းစည်းကမ်းနှင့် ဝိနည်းသိက္ခာပုဒ်တို့ကို အလွန်လေးစားသည်။ သေးငယ်သော လဟုကအာပတ်ကိုပင် မသင့်အောင် ဂရုစိုက်တော်မူသည်။ မျက်စိ,နားကွယ်ရာတွင် လိမ္မာသော ကျောင်းသားကပ္ပိယမရှိလျှင် မာတုဂါမတို့အား စကားမပြော၊ တရားမဟောချေ။

ဆွမ်းကိစ္စ၊ ဝေယျာဝစ္စကိစ္စ၊ စာပေသင်ယူရန်တို့အတွက် လာရောက်လျှောက်ထားသော ဒါယိကာမ၊ သီလရှင်အား လုံးဝ ခွင့်မပြုချေ။ ဆွမ်းဘောဇဉ်ဘုဉ်းပေးရာတွင် နကဗဇ္ဈာဝဇ္ဇေဒကာသိက္ခာပုဒ်နှင့် စပ်လျဉ်း၍လည်း ငှက်ပျောသီးစသော အသီးမျိုးတို့ကို ကိုက်ဖြတ်၍ စားသုံးဘုဉ်းပေးခြင်းကို အထူးသတိထား၍ ရှောင်ရှားတော်မူသည်။

ရူပိယသိက္ခာပုဒ်လာ ရွှေငွေများကို နဝကမ္မအတွက် မိမိအား ရည်စူး၍ လာရောက် လှူဒါန်းသော် ဝိနည်းဒေသနာတော်အတိုင်း ပယ်ပစ်၍ လိမ္မာသော တပည့်ဒါယကာတစ်ဦးဦးက ဆောင်ရွက် စီမံပေးရသည်။

သက်နီးပရိက္ခရာပစ္စည်းများ ရောင်းဝယ်ခြင်းမပြု၊ တပည့်စသည် သူတစ်ပါးကိုလည်း ခိုင်းစေ တိုက်တွန်းလေ့မရှိပါ။ ရဟန်းသာမဏေတို့ကိုလည်း လေးနက်စွာ ဆုံးမသည်။ သင်္ကန်း,ထီး၊ ဖိနပ် စသည်တို့ကို သိမ်းပိုက်ထားခြင်းမပြုဘဲ အခြားရဟန်းသံဃာများအား စွန့်လှူလေ့ရှိသည်။

ကထိန်ကာလများတွင် ရသမျှတို့ကို ခွဲဝေလှူဒါန်းကာ မိမိအတွက် ကထိန်လျာသင်္ကန်းတစ်စုံသာ ဝတ်ရုံတော်မူသည်။

**ရတနာသုံးပါး ဂုဏ်တော်ပွားများခြင်း အလေ့အထကို အချိန်ကျသည်နှင့် မည်သူ့ အလုပ်များနေစေကာမူ မပျက်မကွက် ပြုလုပ်လေ့ ရှိသည်။ ထို့နောက် မေတ္တာပို့ခြင်း၊ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းခြင်းတို့ ပြုတော်မူသည်။**


ဒါယကာတို့အား တရားဟောသောအခါ ဝဋ္ဋဘဝတိုတိုနှင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်နိုင်သော တရားကိုသာ ဟောကြားတော်မူလေ့ ရှိသည်။ အကျိုးမပြီး အချည်းနှီးသာ အချိန်ကို မကုန်စေ၍ သာသနာနှင့် ကြုံရကျိုးနပ်အောင် သတိဆောင်ကာ နေထိုင်သွားဖို့ တိုက်တွန်းသည်။ မိမိကိုယ်တိုင်လည်း အကျိုးရှိအောင် နေထိုင်ပြတော်မူ





www.burmeseclassic.com

www.burmeseclassic.com



◆ ဆဋ္ဌမပြောက် မဟာရဋ္ဌိကျော်ချွန် ရေတံခွန်တောင်ဆရာတော် ဦးဇောတိပါလ ပန်းချီပုံ

သည်။ ဆရာတော် မိန့်မှာလေ့ရှိသည်မှာ...

'ကောက်စားမလောက်
ဖြောင့်စားမကုန်
အသွားအလာကွန့်မြူနိုပါ
စကားကို နည်းနည်းသာပြော
မနောကြဲတိုင်း ဖွင့်မပြောနဲ့'

ဟူ၍ ဖြစ်သည်။

## ရောဂါပျောက်စေသည့်

## အဓိဋ္ဌာန်ပါရမီ

ဆရာတော်သည် ဝင်းရော်ဆိပ်ကြီးမှ ရေတံခွန်တောင်သို့ ပြောင်းရွှေ့သီတင်းသုံး၍(၁၀)နှစ်ခန့်အကြာ ၁၃၃၈ ခုနှစ်၊ တန်ဆောင်မုန်းလ(၁၁)ရက်နေ့တွင် တောရအတွင်း သံဃာကံပြုနိုင်ရန် သိမ်ဆောက်လုပ်၍ သမုတ်တော်မူသည်။

ထို့နောက် မကြာမီ နတ်မိစ္ဆာများက သူတို့၏နေရာ၌ ဆရာတော်က သိမ်သမုတ်ထားသည်ကို မကျေနပ်သဖြင့် ရုပ်အဆင်း၊ အသံမျိုးစုံဖြင့် ဆရာတော်အား နှောင့်ယှက်ကြသည်။ ကြာသော် ဆရာတော်မှာ ကိုယ်စိတ်ပင်ပန်း၍ မကျန်းမမာဖြစ်ကာ ပြောင်းရွှေ့ပြီး ရောဂါ ကုသကြသည်။

သမားတော် အကျော်အမော်များဖြင့် ကုသသော်လည်း ရောဂါမပျောက်ကင်းလေရာ ရေတံခွန်တောင်သို့ ပြန်ကြွသွားသည်။

ထိုစဉ် "ဝင်းရော်ဆိပ်ကြီး"မှ ဒါယကာများ ရောက်လာ၍ ဝင်းရော်ဆိပ်ကြီးတောရသို့ ပင့်ဆောင်သွားကြသည်။ တပည့်ရဟန်းများ အနီးကပ်ပြုစုကြသော်လည်း ရောဂါအခြေအနေ သက်သာခြင်း မရှိသဖြင့် ဦးဥပါလိက...

'ဆရာတော်ဘုရား... ရောဂါသက်သာ၍ မြန်မြန် ကျန်းမာလာအောင် ခုနစ်ရက်မျှ ဝစီပိတ် အဓိဋ္ဌာန်ပါရမီ ဝင်ကျင့်ကြံလျှင် ကောင်းလိမ့်မည် ထင်ပါကြောင်း'

လျှောက်ထားသည်။ ဆရာတော်က...

'အေး... ကောင်းရင် လုပ်တာပေါ့'

ဟု ဆို၍ ခုနစ်ရက်မျှ စကားမပြောတရားမဟောဘဲ အဓိဋ္ဌာန်ဝင်တော်မူသည်။

အရေးတကြီးကိစ္စရှိက စာရေး၍ သိစေရသည်။ ခုနစ်ရက်ပြည့်၍ အဓိဋ္ဌာန်ပြီးမြောက်သောအခါ ကောင်းစွာ ကျန်းမာလာသည်။ ထိုအခါ တပည့်ရဟန်း၊ ဒါယကာများ တားမြစ်သော်လည်း မရ၊ ရေတံခွန်တောင်သို့သာ ပြန်ကြွလေသည်။

## လူထူးတစ်ဦး

ဆရာတော်သည် ရေတံခွန်တောင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ် တောရကျောင်းမှ မိမိနေသော အခန်းကို အမြဲပိတ်ထားကာ ဆွမ်းဘုဉ်းချိန်တွင်သာ ထွက်၍ ကျန်အချိန်များ၌ အခန်းတွင်း ရှုမှတ်နေလေ့ ရှိသည်။

၁၃၃၉ ခုနှစ်ကာလ တစ်ခုသောနေ့တွင် ဆွမ်းဘုဉ်းပြီး၍ အခန်းတွင် ပြန်ဝင်ကာ တံခါးပိတ်ထားလိုက်သည်။ ခေတ္တထိုင်၍ အပန်းဖြေနေခိုက် သျှောင်တစောင်းထုံး၍ ရဲဝတ်စုံဝတ်ထားသော လူတစ်ယောက် ဘယ်က ဘယ်လို ဝင်လာသည် မသိရဘဲ အခန်းတွင်း ရောက်လာသည်။

'ဆရာတော်ဘုရား... မွေးသက္ကရာဇ်က ဘယ်နှခုနှစ်လဲ၊ မွေးနေ့ကော ဘယ်နေ့လဲ ဘုရား'

'ငါ့မွေးသက္ကရာဇ်က ၁၂၅၀ ပြည့်နှစ်၊ နေ့ကတော့ အင်္ဂါနေ့ပါ ဒကာကြီး'

'ဆရာတော်သက်တော်ရှည်မယ့် ဇာတာလက္ခဏာတော်တွေ တွေ့ပါတယ် ဘုရား။ သက်တော် ၂၅၀အထိ နေရလိမ့်မယ်။ အင်္ဂါနေ့ဆိုတော့ ခြင်္သေ့နံပေါ့။ ခြင်္သေ့ဆိုတာ မျိုးဟာ တောတောင်မှာသာ ပျော်မွေ့လေ့ရှိပါတယ်။ ဒါကြောင့်မို့ ဆရာတော်ဟာ တောတောင်ထဲမှာ အမြဲပျော်နေတာကိုး'

'ဒကာကြီး...ငါ တံခါးတွေကို လုံခြုံအောင် ပိတ်ထားလျက်နဲ့ ဒကာကြီး ဘယ်လိုလုပ်ဝင်လာသလဲ'

'ဆရာတော် ဒီတံခါးပိတ်ထားရုံနဲ့ တပည့်တော်ဝင်ဖို့ မခဲယဉ်းပါဘူး'

ဆရာတော် တစ်ချက် မျက်နှာလွှဲ၍ တံတွေးထွေးနေသည်ခဏမှာပင် ထိုလူပျောက်ကွယ်သွားလေသည်။ **[ဤအဖြစ်အပျက်ကို ဆရာတော်နှင့် အမြဲအတူနေသော တပည့်ဦးဘဟင် (ဗိုလ်ချုပ်လမ်း၊ မုဒုံမြို့)က ပြောပြခြင်းဖြစ်သည်။ ဦးဘဟင်သည် ယခုအခါ အသက်(၉၇)နှစ်ရှိပြီဖြစ်သော်လည်း နား၊ မျက်စိ မှတ်ဉာဏ်များ ကောင်းမွန်၍ ကျန်းမာဖျတ်လတ်စွာဖြင့် မြင်တွေ့ရလေသည်။]**



▲ ယခု မြင်တွေ့ရသော ရှင်ကလာပ်တော်မျက်နှာပိုင်း

### ကျားမကြောက်သဖြင့်

### ရွှေပျောက်ရသူ

ဦးဘဟင်ကဲ့သို့ပင် ဆရာတော်၏ အနီးနေ တပည့်တစ်ဦးဖြစ်သော ဦးမြမင်း၊ တူဖြစ်သူ ဦးရောင်တို့မှာ ယခုအခါ ကွယ်လွန်သွားကြပြီ ဖြစ်သည်၊ သို့သော် **ဦးမြမင်း၏မြေးဖြစ်သူ ဦးညွန့်အောင် (သာသနာ့ဝေပုလ္လာရာမ ကျောင်း အကျိုးတော်ဆောင်)**က အဘိုးနှင့် အတူ ကျောင်းသို့ မကြာခဏ သွားရောက်ဖြစ်သည်မှ ကြားသိရသော အဖြစ်အပျက်အချို့ကို ပြောပြသည်။

ဆရာတော် တောရဆောက်တည်သော ဝင်းရော်ဆိပ်ကြီးတောကျောင်းမှာ ထိုစဉ်က လက်နက်ကိုင်သောင်းကျန်းသူများ ကြီးစိုးသောနေရာဖြစ်ရာ မကြာခဏ တိုက်ပွဲဖြစ်လေ့ရှိသည်။ ထို့ကြောင့် ဆရာတော်၏ တောရကျောင်းကလေးသည် ကျည်ဆန်ပေါက်များ ဖွာဆန်ကြဲလျက် မြင်ခဲ့ရသည် ဆိုသည်။

မည်မျှပင် အန္တရာယ် ပြွမ်းသော်လည်း ဆရာတော်၏ မေတ္တာစွမ်းကြောင့် ကျောင်းနေ ရဟန်းရှင်လူ တစ်ဦးတစ် ယောက်မှ ဘေးဒုက္ခမရောက်ခဲ့ဟု သိ ရသည်။

ရေတံခွန်တောင်သို့ ရောက်ပြီး နောက် အချိန်ပိုင်းခြား၍ အဖူးမြော်ခံ ရာတွင် ဦးညွန့်အောင်၏ အကြီးတော် သူ မော်လမြိုင်မှ ရွှေကုန်သည်သည် လည်း မကြာခဏ လာရောက် ဖူးမြော် တတ်သည်။ တစ်နေ့တွင် ပြန်ရန် အတွက် ရှိခိုးကန်တော့ရာ ဆရာတော် က...

'ဟဲ့... မပြန်နဲ့ဦး၊ လမ်းမှာ ကျား တယ်'

'ကျားလောက်တော့ တပည့်တော် တို့ မကြောက်သေးပါဘူး ဆရာတော် ဘုရား'

ခြွေရံသင်းပင်း များပြားလှသ တောတွင်းမှ ကျားတစ်ကောင်လော ဖြင့် မှုစရာမလိုဟု ယူဆကာ ပြန်လာကြသည်။ ထိုစဉ်က မော်တော် ကားလမ်း မဖောက်ရသေးသဖြင့် တော လမ်း လျှောက်သွားရမည့်လမ်းကလေးအတိုင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်တောဝင် တစ်တောင်ဆင်း လျှောက်ကြရသည်။

အလယ်တောင်အဆင်း လျှို အတွင်း ရောက်သောအခါ လူ(၆)ဦးခန့် လက်နက်များပြကာ ဓားပြတိုက်ခြင်း ခံရသဖြင့် ဝတ်ဆင်ထားသော ရွှေထည် လက်ဝတ်လက်စားကာလ တန်ဖိုး ဆယ်သိန်းခန့်မျှ ပါသွားသည်ဆိုလေသည်။ နောင်တွင် ဆရာတော်ဘာမိန့်မိန့် အသေးစိတ်ကာစ၍ လိုက်နာလေတော့သည်။ ဦးညွန့်အောင်က သူမှတ်မိသမျှ ဤသို့ ဆက်လက် ပြောပြသည်။

'ဝင်းစိန်တောရ ဆရာတော်ဆိုရင် တောင်တွေပတ်ပြီး ဆရာတော်ကြီးဆီခြေကြာမကြာ လာဖူးလေ့ ရှိပါတယ်။ ဆရာတော်ကြီး "**အေး...ကြိုးစားနော် တစ်နေ့မှာ မင်း နာမည်ကျော်ကြားလာလိမ့်မယ်**"လို့ မိန့်တော်မူပါတယ်။

ဆရာတော်က ဘာပစ္စည်းကိုမှ စက်မက်မောမော သိမ်းထားလေ့မရှိဘဲ ခွဲဝေလှူဒါန်းပေမယ့် နို့ဆီကိုတော့ အင်မတန် ကြိုက်နှစ်သက်တာမို့ ဒကာ ဒကာမတွေက "ပါကင်"ဗိုက်သာလှူထားကြတယ်။ ဘယ်လောက်ကြိုက်သလဲဆိုရင် ဒူးရင်းသီးကိုတောင် နို့ဆီနဲ့ တို့စားလေ့ ရှိတယ်။

မနက်အရုဏ်တက်မှာ နို့ဆီတစ်ဘူး ဖောက်ရင် နေ့ဆွမ်း ဘုဉ်းတဲ့အချိန်မှာ နောက်ထပ် ဘူးအသစ်တစ်ဘူး ဖောက်ရတယ်။ မွန်းလွဲရင်တော့ မဘုဉ်းတော့ဘူး။ လက်ဖက်ရည်ကြမ်းတောင် သောက်ဘူး။ ကွမ်းရွက်စိမ်းရည်နဲ့ တော့ ပါးစပ်ဆေး လုတ်ကျင်းတတ်ပါတယ်။

မော်လမြိုင်ကောလိပ်က ဆရာမတစ်ယောက် သူ့မောင်လေး အိမ်ကပျောက်သွားလို့တဲ့ ဆရာတော်ကြီးကို မျက်ရည်စမ်းစမ်းနဲ့ လျှောက်တယ်။ ဆရာတော်က ချက်ချင်း အိမ်ပြန်ခိုင်းတယ်။ အိမ်ပြန်ရောက်တော့ ပြန်ရောက်နှင့်နေတဲ့ သူ့မောင်ငယ်ကို တွေ့ရသတဲ့။

အဲဒီ ဆရာမက ဥပုသ်နေ့တိုင်း ဆွမ်းလာကပ်တယ်။ တစ်နေ့ အိမ်ကထွက်အလာ ဈေးနားရောက်တော့ ဆရာတော်ကြီး ဈေးမှာ ဆွမ်းခံကြွနေတာ တွေ့ရတယ်။

အင်း... ကျောင်းမှာ ထိုင်စောင့်နေ့ရုံပေါ့လို့ စဉ်းစားပြီး ရေတံခွန်ကျောင်းကို ဆက်လာတယ်။ ကျောင်းပေါ်လဲ ရောက်ရော ဆရာတော်ကြီးကို ဖူးတွေ့ရလို့ ဈေးမှာ တွေ့ခဲ့ကြောင်း လျှောက်တယ်။ ဆရာတော်က ဆွမ်းခံမကြွပါ။ ကျောင်းကနေ ဘယ်မှ မကြွကြောင်း မိန့်ကြားပါတယ်။

ထူးခြားတာက ဆရာတော်ကြီး ပျံလွန်တော်မူခါနီးမှာ ကျိုးနေတဲ့သွားတွေ အသစ်ပြန်ပေါက်လာတယ်။ ဖြူနေတဲ့ ဆံပင်တွေလဲ ပြန်မည်းလာပါတယ်။ ဒါကြောင့် အသက်တော်ရာကျော်နေဦးမယ်လို့ ထင်ပြီး ရာပြည့်ပွဲတော်ကျင်းပရင် ဝေဌဖို့ ထေရုပ္ပတ္တိစာအုပ်တွေ ပြင်ဆင်ထားတာ။ တစ်ရာမပြည့်မီ သုံးလအလိုမှာ ပျံတော်မူသွားတာမို့ ဈာပနပွဲတော်လာ ပရိသတ်တွေကိုပဲ ဝေငှပေးရတော့တယ်'

ဦးညွန့်အောင်၏အဘိုး ဦးမြမင်းမှာ ဆရာတော်နှင့် အမြဲ အတူနေကာ ဝေယျာဝစ္စ ဝိုင်းကူညီ လုပ်ပေးရသည့်အပြင် ရေတံခွန်မှ တောင်ကျရေအားကို အသုံးပြုကာ ရေအားလျှပ်စစ်ဖြင့် တောရတွင် လျှပ်စစ်မီး ထွန်းလင်းစေခဲ့သူဖြစ်ကြောင်း သိရသည်။

ဆရာတော် အရှင်ဇောတိပါလ၏ ထေရုပ္ပတ္တိစာအုပ်ငယ်ကို တိုက်အုပ်ဆရာတော်ဦးခေမိန္ဒ စွန့်လှူသဖြင့် လက်ခံရခဲ့ပါသည်။ သို့သော် မွန်ဘာသာဖြင့်သာ ရိုက်နှိပ်ထားသဖြင့် အနည်းငယ် အခက်ကြုံရသည်။

မွန်းတည့်ချိန်ခန့်တွင် ကျောင်းထိုင်ဆရာတော်အရှင်ဥပါလိ ကထိန်ပွဲမှ ပြန်လည်ကြွရောက်လာသဖြင့် သွားရောက် ဖူးမြော်ရာ မြန်မာဘာသာပြန်စာအုပ်ကို ရရှိခဲ့လေသည်။

ထိုစာအုပ်မှာ ဆရာတော် အရှင်ဇောတိပါလ၏ အနီးနေ တပည့်တစ်ဦးဖြစ်သော **အရှင်ကုဓမ္မာဘာသ (ဘီလူးကျွန်း ရွာလွတ်ရွာ သတိပဋ္ဌာန်ကျောင်းဆရာတော်)**က မှတ်သားစုဆောင်းကာ **မုဒုံမြို့နယ်၊ ညောင်ဝိုင်းကျေးရွာ မဟာဗောဓိကျောင်းမှ ဆရာတော်အရှင် ဝေဒဂူ**က ဦးဘဟင်၊ ဦးမြတ်မင်း၊ ဦးရောင်စသည့် ဒကာများ ပြန်လည်ပြောပြချက်များ ပေါင်းစည်း မှတ်တမ်းတင်ထားခြင်းဖြစ်ကြောင်း သိရသည်။

## ဖားပြူဂူတွင်း

ဆရာတော် ဦးဇောတိပါလ စတင်တောထွက်ကာ ဂူအောင်း ကျင့်ကြံစဉ်က ဖားပြူတောင် ကျောက်ဂူတွင်း ဝင်ရောက် အားထုတ်မည်ပြုရာ အနီးရှိ ကရင်တိုင်းရင်းသားများက ပျာပျာသလဲ တားမြစ်ကြသည်။

ထိုလိုဏ်တွင်း၌ လင်းနို့များစွာ ခိုအောင်းနေထိုင်သဖြင့် လူအချို့က လင်းနို့ချေးရောင်းစားရန် ဂူတွင်း ဝင်ရောက် ကျုံးယူကြသည်။ သို့သော် ဝင်သွားသူမှန်သမျှ ယနေ့အထိ တစ်ဦးတစ်ယောက်မျှ ပြန်ထွက်လာခြင်းမရှိသောကြောင့် ဆရာတော်ကိုလည်း အန္တရာယ် မကြုံတွေ့စေရန် တားမြစ်ကြခြင်းဖြစ်သည်။



www.burmeseclassic.com

တားမရသည့်အဆုံးတွင် ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေကြလျက် နောက်တစ်နေ့ နံနက်တွင် ဆွမ်းခံကြွလာသော ဆရာတော်ကို မြင်ရသဖြင့် ဝိုင်းဝန်း မေးလျှောက်ကြသည်။

ဆရာတော် တရားရှုမှတ်နေစဉ် မြွေကြီးတစ်ကောင် ကျောက်ကြားမှ ထွက်လာကာ ပါးပျဉ်းထောင် မာန်ဖီလေတော့သည်။ သပိတ်တစ်လုံး၊ သင်္ကန်း သုံးထည်သာရှိသော ဆရာတော်မှာ မေတ္တာလက်နက်ကိုသာ အားကိုးရတော့သည်။

စိတ်တွင်းမှ လူ့ဒကာများအား တရားဟောသကဲ့သို့ ဝဋ္ဋဝတ်တိုဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောရာ တဖြည်းဖြည်း မာန်ချကာ နောက်ဆုတ် ရှောင်ရှားသွားကြောင်း သိရလေသည်။

ထိုအခါ ကရင်တိုင်းရင်းသား ရွာသားများက လိုဏ်ဂူအနီးတွင် ဆရာတော် ခေတ္တနားနေ သီတင်းသုံးနိုင်ရန် ဝါးကျောင်းတစ်ဆောင် ချက်ချင်း ဆောက်လုပ် လှူဒါန်းကြလေသည်။

## မိပရုံတောင်၌

ဆရာတော်သည် ဝင်းရော်ဆိပ်ကြီး တောရကျောင်းတွင် ဝါဆိုပြီးနောက် မိပရုံတောင်သို့ ကြွကာ ကာယဝိဝေက၊ စိတ္တဝိဝေက ချမ်းသာစေမည့်နေရာ ရှာဖွေရာ လိုဏ်ဂူတစ်ခု တွေ့ရသဖြင့် နေရာခင်းကျင်း ပြင်ဆင်သည်။

ထိုအခါ မြွေရေခွံတစ်ခုကို တွေ့ရသဖြင့် တောင်ဝှေးဖြင့် ထိုးကော်ကာ ဂူဝသို့ ပစ်လိုက်သည်။ ထို့နောက် သပိတ်၊ သင်္ကန်းနှင့် ထန်းရွက်ယပ်တောင်တို့ကို ဂူဝတွင်ချကာ အတွင်းဝင်၍ ရှုမှတ်သည်။

မကြာမီ မြွေတစ်ကောင် ရောက်



အုတ်ဂူထက် ရုပ်ပွားတော်များ

လာကာ ဂူဝမှ သင်္ကန်း၊ သပိတ်၊ ယပ်တောင်များကို ကြေမွပျက်စီးသွားအောင် မှောက်လှန် ဖြန့်ကြဲပြီးနောက် လိုဏ်ဂူအတွင်းသို့ ရှေ့ရှုဝင်လာလေသည်။

ဆရာတော်က မေတ္တာအစွမ်းကုန် အသုံးပြုကာ မြွေကြီးပေါ် ဖြန့်ကြက်ထားလျက် တရားဟောရသည်။ ဆရာတော် ထိုင်နေရာနှင့် ငါးတောင်မျှ အကွာအဝေးထိ ဝင်ရောက်လာကာ လျှာထုတ်လိုက်၊ ပြန်သွင်းလိုက်ဖြင့် အတန်ကြာအောင်နေပြီးမှ လာရာလမ်းအတိုင်း ပြန်ထွက်သွားတော့သည်။

ထိုမြွေကြီး၏ မျက်စိနှစ်လုံးမှာ ကြက်ဥပမာဏခန့်ရှိကာ နီရဲနေကြောင်း ဦးဘဟင်က ဖြည့်စွက် ပြောပြသည်။

## ဝေဟင်မှ မှတ်တမ်းပုံ

၁၃၄၀ ပြည့်နှစ်တွင် လေယာဉ်မှူးများက ကောင်းကင်၌ လေယာဉ်ပျံသန်းစဉ် ဝေဟင်တွင် ဘုန်းကြီးတစ်ပါး မြင်တွေ့ရသဖြင့် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ ထိုဓာတ်ပုံတွင် ဆရာတော် ဦးဇောတိပါလကဲ့သို့ လက်ယာ ဘက်မျက်စိ အပြင်ဘက် နားထင်နား တွင် အမည်းမှတ်ကလေး ပါရှိနေ သည်။

ထို့ကြောင့် ဒါယကာများက ရေတံခွန်ဆရာတော်ပုံဟု ယူဆကာ အပြေးအလွှား လာရောက် ဖူးမြော်ကြ သည်။ ထို့ကြောင့် ဆရာတော်အား လျှောက်ထားသော်လည်း ထူးထူးထွေ ထွေ မိန့်ကြားခြင်းမရှိဘဲ မိမိအလုပ်ကို သာ ကြိုးစား အားထုတ်တော်မူနေသော သည်။

၁၃၄၀ ပြည့်နှစ်၊ တော်သလင်း လဆန်း(၈)ရက်နေ့တွင် ဆရာတော် မွေးနေ့ သံဃာဆွမ်းလှူဒါန်းပွဲ ကျင်းပ အတိုင်း ကျင်းပရာ ရွာလွတ်သုတိပဋ္ဌာန် ကျောင်း ဆရာတော် ဦးဣန္ဒောဘာသ လည်း ဆရာရင်းအား လာရောက် ဖူး မြော်သည်။

## ရွှေလ ဆက်ဖတ်ပါရန်

ခရီးသည်သုတေသီတစ်ဦး

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအဝှပ် ထင်းစေတဲ့

# ခကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ...ယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံ ...ထိုင်နည်းစာမူ ရေးသားနေစဉ် ''ဟာ ...ရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' ...သော အသံရှင်ကြောင့် ရေးလက်စ ...မူကို အသာချထားပြီး ပြန်လည် ခရီးဦး ...ကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ...ယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်း ...စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး ...အခု စာရေးဆရာကြီးကို အကူအညီ ...တောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ ...မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိ ...တို့ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ ...ထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာ ...ခင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်၊ ခေါင်းမကြည် ...ဘူး၊ နောက်ကြောတက်၊ ဖက်ကြောထိုးလာတယ်။ အမြဲ ...လို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ...ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ ...မလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာ ...တောင်းတာ'

'...သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ...လေး သုံးဆောင်ပါဦး'

...ရှုးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး ...ကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဖက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်၊ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဇေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်တွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေက အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်း တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာ ဖယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်း မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့် ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အ ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိ အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအ အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ ကျန်းမာပျော်ရွှင် ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာ မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်

မင်ရင်း–မြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး

သုဓမ္မာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၉၁



www.burmeseclassic.com

www.burmeseclassic.com



▲ တူးဖော်ရရှိသော ရုပ်ပွားတော်များအား အနီးကပ် ရှုတွေ့ရစဉ်

မောင်မောင်ထွန်း (မုံရွာ)

ရေပုတ် ဆုတောင်းပြည့်စေတီအနီးမှ တွေ့ရှိရသော

# ရှေးဟောင်းရုပ်ပွားတော် များ (၂)



▲ တူးဖော်ရရှိသော ရုပ်တုများ အနီးကပ်တွေ့ရစဉ်

ယခင်လမှအဆက်

ထို့ကြောင့် မြေစေတီလေး တွေ့ရှိရသော နေရာတွင် ထပ်မံ၍ ရှာဖွေသည့်အခါ တူးဆွရန်မလိုဘဲ လက်ဖြင့် ယက်ကြည့်လိုက်သည်နှင့် မှိုများ ပေါက်နေသကဲ့သို့ ရှေးဟောင်း ရုပ်ပွားတော်များကို အစုလိုက် အပြုံလိုက် တွေ့ရှိရကြောင်း ပြောပါသည်။

ရုပ်ပွားတော်နှင့် အခြားသော ရုပ်တုတို့ကို မြေဖြင့် ပြုလုပ်ထားပြီး ဓာတ်တော်များ ထည့်ထားသည့် ကြွေအိုးလေးတစ်လုံး၊ ကြေးကမ္ဘဝါကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



တူးဖော်ရရှိသော ရုပ်ပွားတော်၊ နတ်ရုပ်၊ ဘီလူးရုပ်နှင့် ကြေးခွက်

မြေစေတီနှင့် အမျိုးအမည်မသိရသော ပံ့ရှည်။



သော ကြေးပြားတစ်ပြား၊ ကြေးခွက်လေးနှစ်ခွက်၊ ငွေဖြင့်ပြုလုပ်ထားသော လက်စွပ်နှစ်ကွင်းနှင့် ကျောက်သားဖြင့် ပြုလုပ်ထားသည့် ပစ္စည်းသုံးခု အပါအဝင် ပစ္စည်းမျိုးစုံ (၁၄၅)မျိုးကို တွေ့ရှိရကြောင်း ပြောပြပါသည်။

ရုပ်ပွားတော်များနှင့် တခြားသော ရုပ်တုတို့မှာ တစ်ထွာတစ်မိုက်ခန့်သာ ရှိသည်။ ရုပ်ပွားတော်တို့၏ မုဒြာမှာ အမျိုးမျိုးပါရှိသည်။ နဂါးရုံ ရပ်တော်မူ၊ လျောင်းတော်မူနှင့် ထိုင်တော်မူနေသော ပုံဟန်တို့ ဖြစ်ကြပြီး ထိုင်တော်မူနေသည့် ရုပ်ပွားတော်က ပို၍ များပြားလေသည်။

ထို့အပြင် ဦးခေါင်းပြတ်နေသော ရုပ်တုများ၊ ဆင်ရုပ်,မြင်းရုပ်,နဂါးရုပ်, ဘီလူးရုပ်နှင့် အခြားသော အမျိုးအမည် မသိရှိရသည့် ရုပ်တုများလည်း ပါရှိသည်။

ထိုရုပ်ပွားတော်များ ရရှိပြီးသည့်နောက် မည်ကဲ့သို့သော ထူးခြားမှုများ ရှိပါသလဲဟု မေးမြန်းကြည့်ရာ...

'ရုပ်ပွားတော်များ ရရှိပြီးတဲ့နောက်မှာတော့ ထူးခြားမှု မရှိသေးပါဘူး။ ရုပ်ပွားတော်များ တူးဖော်မရခင်က

တော့ ထူးခြားမှုတွေ ရှိခဲ့တယ်။

အဲဒါက ဒီအုတ်တိုက်ကျောင်းကို ဆောက်တော့ ဖျိုးနှစ်ကောင် ရောက်လာတယ်။ လူတွေကို ပလန့်ဘဲ လုပ်အားပေးနေကြတဲ့ ကြားထဲမှာ သွားလာနေတယ်။

www.burmeseclassic.com



◆ ဓာတ်တော်များ ထည့်၍ ပူဇော်ထားသော ကြေအိုး၊ ဦးခေါင်းပြတ်နေသော ရုပ်တုနှင့် နဂါးဦးခေါင်း

◆ ဦးခေါင်းနှင့် ခြေလက်များ ကျိုးပဲ့နေသော မြင်းရုပ်



လောက်အကြာ ကျောင်းဆောင်အုတ်ခုံပြီး စီးလို့ အလုပ်များသိမ်းတဲ့အခါမှာ အဲဒီကျိုင်း နှစ်ကောင်ကို မတွေ့ရတော့ဘူး။

နောက်တစ်မျိုးက ဝါခေါင်လပြည့်နေ့မှာ ထင်းမြွေအကြီးကြီးနှစ်ကောင် ကျောင်းထဲ ကို ဝင်လာတယ်။

နောက်တစ်ခုကတော့ တော်သလင်းလ ဆန်း (၆)ရက် (၃.၉.၂၀၁၁)ရက်နေ့မှာ ဘုရားရဲ့ ထီးတော်အတွင်း အရှေ့ဘက်မှာ ပျားလာပြီး စွဲတာတွေတော့ ထူးခြားတာပဲ' ဟု ပြောပါသည်။

ထို့နောက် ရေပုတ် ဆုတောင်းပြည့် စေတီတော်အတွင်းမှ ရုပ်ပွားတော်များ အား ဖူးမြော်ရန် ပြောသည့်အတွက် ရုပ်ပွားတော်များကို သွားရောက် ဖူးမြော်ပါသည်။

ရုပ်ပွားတော်များမှာ အရှေ့ဘက်သို့ လှည့်ထားသည့် တစ်ခုတည်းသော လိုဏ်ဂူအတွင်းတွင် ပူဇော်ထားရှိခြင်း ဖြစ်ပေသည်။ လိုဏ်ဂူထဲတွင် ရုပ်ပွား တော် အကြီးအသေး (၁၀)ဆူခန့် ရှိ လေရာ အကြီးဆုံး ရုပ်ပွားတော်၏ ဉာဏ်တော်မှာ (၇)တောင်ခန့် ရှိပေ မည်။

ရုပ်ပွားတော်များအား ကြည်ညို ဖူးမြော်ပြီးသည့်နောက် ရုပ်ပွားတော် များနှင့် ရေပုတ် ဆုတောင်းပြည့်စေတီ တော်ကို ဓာတ်ပုံများ ရိုက်ယူခဲ့ပါ သည်။


လိုအပ်မည်ထင်သော ပုံများအား ဓာတ်ပုံရိုက်ယူပြီးသည့်အခါ ရေပုတ်



www.burmeseclassic.com

www.burmeseclassic.com





◆ တူအောက်ရှိသော အမျိုးအမည်မသိရသည့် ရုပ်တုများ

ကျောက်ဖြင့် ပြုလုပ်ထားသော ဝိဇ္ဇာဓိုလ်ဟု ယူဆရသည့် ပန်းပုရုပ် ◆

◆ အမျိုးအမည်မသိရသော ကျောက်ဖြင့် ပြုလုပ်ထားသော ပန်းပုရုပ်

BURMESE CLASSIC .com



ဆုတောင်းပြည့်စေတီတော်၏ သမိုင်းအကျဉ်းကို သိရှိလိုပါကြောင်း ပြောသည့်အခါ ပုံနှိပ်ထားသော ရေပုတ်ဆုတောင်းပြည့်စေတီတော် သမိုင်းအကျဉ်း စာရွက်လေးအား ပြသပါသည်။ သမိုင်းအကျဉ်းမှာ...

## ပထမ ဘုရားဒါယကာ သီရိဓမ္မာ

သာသနာနှစ် ၂၁၈ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးသည် ကိုးတိုင်းကိုးဌာန သာသနာပြုရာ၌ စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ထား ကိုးကွယ်ရာတွင် ရေပုတ် ဆုတောင်းပြည့်စေတီ အပါအဝင် ဖြစ်သည်ဟု ထူပဝင် မဟာဝင်ကမ္ပည်း ကျောက်စာတွင် တွေ့ရှိရသည်။

## ဒုတိယ ဘုရားဒါယကာ အလောင်းစည်သူ

အလောင်းစည်သူ မင်းကြီးသည် သိကြားမင်းဆက်သသော သက်န်းနက် လှေတော်ဖြင့် တိုင်းခန်းလှည့်လည်ရာ ဗဒုံမြို့ (ယခု အလုံတပ်မြို့)အနောက်ဘက် သလ္လာဝတီမြစ် (ယခု ချင်းတွင်း)၏ အနောက်ကမ်းနဖူး အငူစွန်းအရောက် လှေတော်သည် ရပ်တန့်နေသည့်အတွက် ပညာရှိမှူးမတ်များအား မေးမြန်းရာ မှူးမတ်များက ဤအရပ်ဒေသတွင် ဘုရားတည်ထား ကိုးကွယ်စေလိုသောကြောင့် ဖြစ်ကြောင်း လျှောက်တင်ကြသည်။

ထို့ကြောင့် မင်းကြီးသည် လက်ကြပ်ရတနာကို ဌာပနာ၍ ဘုရားတည်ရန် မှူးမတ်များအား ပေးတော်မူသည်။ ထိုအချိန်တွင် ကောင်းကင်ယံမှ ထောက်ရှာငှက် (ခေါက်ရှာငှက်) တစ်ကောင်သည် မှူးမတ်များလက်ထဲမှ လက်ကြပ်ရတနာကို ချီသုတ်၍ ပျံလေသည်။

ထိုထောက်ရှာငှက်နောက်သို့ လိုက်ကြည့်ရာ ယမားချောင်နံဘေးရှိ စေတီ



www.burmeseclassic.com

www.burmeseclassic.com

…တော်၏ ထီးချက်၌ နားနေသည်ကို …တွေ့ရသည့်အတွက် လက်ကြပ် …ရတနာကို ဤစေတီတော်တွင် ဌာပနာ …လိုသောကြောင့် ဖြစ်ကြောင်း …တ်များက လျှောက်ထားရာ …မင်းကြီးလည်း လက်ကြပ်ရတနာကို ဌာပနာလိုသည် မှန်ပါက ရှေ့တော် …နှင့် ဆက်သစေသားဟု ဘုရားတွင် …စွာဆို ဆုတောင်းလေသည်။

သိကြားမင်းမှ ဖန်ဆင်းထားသော …ဆောက်ရှာငှက်သည် လက်ကြပ် ရတနာကို မင်းကြီးအား ဆက်သလေ သည်။ ထို့ကြောင့် မင်းကြီးသည် လက်ကြပ်ရတနာကို ဌာပနာ၍ သံ …တောင် (၄၅)တောင်ရှိသော စေတီ …တော်ကို ပြုပြင် တည်ထားကိုးကွယ် ခဲ့သည်။ မင်းကြီး ဆုတောင်းသည်မှာ ပြည့်သည့်အတွက် **ဆုတောင်းပြည့် စေတီ**ဟု ဘွဲ့တော်ပေးခဲ့လေသည်။

---

တတိယ ဘုရားဒါယကာ

---

မင်းနှစ်ပါး တည်ထားကိုးကွယ်ခဲ့ သော မြေအုတ်စေတီတော်ကြီးသည် ၁၃၀၈ ခုနှစ်၊ တော်သလင်းလပြည့် ကျော် (၂)ရက်၊ ကြာသပတေးနေ့ တွင် ငလျင် ပြင်းစွာလှုပ်သဖြင့် ခေါင်း လောင်းတော်အထက်မှ ပြိုကျတော် မူသည်။

၁၃၀၉ ခုနှစ်တွင် ထန်းတောကြီး ကျေးရွာမှ ဦးတိုးအောင်နှင့် ဖနီး ဒေါ်အေးရတို့သည် ရေကြည်ပင် ကျေးရွာမှ ဆေးဆရာကြီး ဦးထွန်းရ နှင့် တိုင်ပင်ဆွေးနွေးပြီး မြေအုတ် အစား ကျောက်အုတ်တို့ဖြင့် ပြန်လည် ပြုပြင် တည်ဆောက်ခဲ့သည်။

ထီးတော်ကို မြရိပ်ကျေးရွာမှ ဦးကာစိက တင်လှူခဲ့ပြီး နှစ်ပေါင်း (၅၀)နီးပါးခန့် ကြာသောအခါ ထီး တော်မှာ ဟောင်းနွမ်းနေသောကြောင့် ၁၃၆၅ ခုနှစ်၊ တန်ခူးလဆန်း (၁၃) ရက်နေ့တွင် ဇေယျဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာ မှ ဦးအောင်သန်း၊ ဒေါ်ကြွလေး မိသားစုတို့က စတီးထီးတော်အသစ် ကို တင်လှူ ပူဇော်ခဲ့သည်။

စာရေးသူ သိရှိလိုသည်များ သိရှိ ပြီးသောအခါ အားလုံးကို နှုတ်ဆက်၍ ပြန်လာခဲ့ပါတော့သည်။

[စာရေးသူ သိရှိလိုသည်များကို ပြောပြသည့်အတွက် အားလုံးကို အထူး ကျေးဇူးတင်ရှိပါကြောင်း။]

**မောင်မောင်ထွန်း (မုံရွာ)**

---

၂၀၁၃ ခုနှစ်၊ ဧပြီလ



BURMESE CLASSIC .com

အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၃ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါ သည်။

| | |
|---|---|
| **အကြိမ်** | ၂၉၁ |
| **ဧပြီလ** | ၄ |
| **ခုနှစ်** | ၂၀၁၃ |
| | ၂၃၀၈ = ၁၃ = ၄ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၄) ဂဏန်း ရသည်။ သို့ဖြစ်၍ **၃၊ ၄၊ ၈၊ ၉၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။


အထူးသဖြင့် ရှေ့ဂဏန်းများကို **၃၊ ၄၊ ၈၊ ၉** ဂဏန်းများအား ရှေ့ဆုံးမှထား၍ ကံစမ်း နိုင်ကြပါသည်။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၃...၃ | ၄...၃ | ၈...၃ | ၉...၃ |
| ၃...၄ | ၄...၄ | ၈...၄ | ၉...၄ |
| ၃...၈ | ၄...၈ | ၈...၈ | ၉...၈ |
| ၃...၉ | ၄...၉ | ၈...၉ | ၉...၉ |
| ၃...၀ | ၄...၀ | ၈...၀ | ၉...၀ |

မှတ်ချက်။ ။(...)ကွင်းအတွင်း ပြထား သော အလယ်ဂဏန်းများကို **၃၊ ၄၊ ၈** ဂဏန်း များများပါအောင် ရွေးချယ်ပါ။

**အကြိမ်**ဂဏန်း မပါဘဲ "**လ**"ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၄ + ၂ + ၀ + ၁ + ၃) = ၁၀ = ၁ ဂဏန်းရသည်။ သို့ဖြစ်၍ '၁'ဂဏန်းကိုလည်း ပစ်ပယ်၍ မရပါ။ သို့ဖြစ်၍...



| စ... | ဆုံး | | | | | |
|---|---|---|---|---|---|---|
| ၃... | ၁ | ၃ | ၄ | ၈ | ၉ | ၀ |
| ၄... | ၄ | ၈ | ၉ | ၀ | ၁ | ၃ |
| ၈... | ၈ | ၉ | ၀ | ၁ | ၃ | ၄ |
| ၉... | ၉ | ၀ | ၁ | ၃ | ၄ | ၈ |

ဤလတွင် **တနင်္ဂနွေသားသမီးနှင့် ဗုဒ္ဓဟူးသားသမီးများ** ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့အရပ်ဒေသရှိ ရှေးဟောင်း ဘုရားတစ်ဆူဆူတွင် ပေါက်နေသော အပင် များကို သန့်ရှင်းရေး လုပ်ပေးပါ။ အုတ်တံတိုင်း ကို ထုံးသုတ်လှူဒါန်းပေးပါ။

ဘုရားတွင် မိမိ၏ မွေးနံအရပ်ထောင့်တွင် မေတ္တာသုတ်တော်ကြီးကို မိမိသက်စေ့ ရွတ်ပွား ပူဇော်ပေးပါ။ တစ်ရက်သာ ဆောင်ရွက်ပါ။ အထက်ပါအဓိဋ္ဌာန် အောင်မြင်ပါက ကလေး သူငယ် (၅)ဦးအား တတ်နိုင်သမျှ မုန့်ဝယ်ကျွေး ပြီးမှ နီးစပ်ရာဆိုင်တွင် ထီကံစမ်းနိုင်ပါသည်။

အထူးဂဏန်း

✦ ၃၄၄၈၉၉ ✦ ၁၃၄၈၉၀ ✦ ၄၈၉၀၁၃

***ထီကံ ပွင့်ပါစေ။***

***ဆရာရဲထက် (သုတေသီ)***



www.burmeseclassic.com

www.burmeseclassic.com


ထူးထူးခြားခြား

# ဖာတ်တူသားစားတဲ့ဖား

မြဒင် (ဖင်းကျိုက်)

''ထူးဆန်းတွေရာ အဖြာဖြာ''ဆိုသော လူကြီးသူမတို့၏ စကားအတိုင်း ထူးဆန်းသော သဘာဝလွန် ဖြစ်ရပ်ဆန်းများကို ယနေ့ခေတ်ကာလတွင် ပို၍ပို၍ပင် တွေ့ရှိနေရပါသည်။

ငါးငါးချင်းစား၊ မြွေမြွေချင်း မျိုသော ဖြစ်ရပ်များက မထူးဆန်းသော်လည်း ယခုတော့ဖြင့် ဖာတ်တူသားစားသော ဖားတစ်ကောင်၏ အံ့ဩစရာကောင်းသော သဘာဝလွန်ဖြစ်ရပ်ဆန်း သတင်းတစ်ပုဒ်ကို သိလျှင်သိချင်း အခင်းဖြစ်ပွားရာ နေအိမ်သို့ စာရေးသူကိုယ်တိုင် သွားရောက်၍ မှတ်တမ်းတင်ခဲ့ပါသည်။



အစာမျိုနေသော ဖားပြုပ်၏ အနီးကပ်မြင်ကွင်း

BURMESE CLASSIC .com

အမျိုခံရသော ဖားပြုပ်၏ နောက်ဆုံးခြေထောက် တစ်ပိုင်းတစ်စ



နေ့ရက်မှာ **(၆.၁၂.၂၀၁၂)နေ့**ဖြစ်ပြီး အချိန်အားဖြင့် **ည (၇)နာရီ (၁၅)မိနစ်**တွင် ဖြစ်ပွားခဲ့ပါသည်။

စာရေးသူသည် အစ်မတစ်ယောက် အိမ်တွင် ရှိနေခိုက် စာရေးသူ၏ တူဖြစ်သူ ဖိုးထက်သည် စာရေးသူထံသို့ ရေးကြီးသုတ်ပျာဖြင့် ရောက်ရှိလာပါသည်။

'ဦးရေ... ဦး...'

စာရေးသူလည်း ခေါ်သံလာရာဘက်သို့ ကြည့်လိုက်မိသောအခါ စာရေးသူ၏ တူဖြစ်သူ ဖိုးထက် ဖြစ်နေသည်။

'ဟကောင် ဖိုးထက် ဘာဖြစ်လာတာလဲ'

ဖိုးထက်က...

'ဦးရေ အိမ်မှာ ဖားပြုပ်အချင်းချင်း မျိုနေကြတယ် လာကြည့်ပါဦး'

စာရေးသူက...

'ဘယ်လို မျိုနေကြလို့လဲ ဟကောင်ရ'

'မဟုတ်ဘူး ဦးရဲ့ ဖားပြုပ်တစ်ကောင်က ဖားပြုပ်တစ်ကောင်ကို မျိုနေကြတာ တော်တော်တောင် ကြာနေပြီ'

'မင်းကွာ အခုမှပဲလာခေါ်ရတယ်လို့ကွာ၊ ကဲ ဒါဆိုရင် မင်းသွားနှင့်၊ ငါ အိမ်မှာ ကင်မရာ ယူပြီး လိုက်ခဲ့မယ်'

ဟုပြောပြီး စာရေးသူသည် ကပျာကယာ အိမ်သို့သွားပြီး ကင်မရာယူပြီး ဖိုးထက်တို့အိမ်သို့ လိုက်သွားခဲ့လေသည်။

ထိုဖြစ်စဉ်အိမ်၏ တည်နေရာမှာ **ဖင်းကျိုက်ကျေးရွာ၊ ခလောက်အင်းရပ်ကွက်နေ ကိုကျော်မျိုး၊ မမြင့်ကြွေတို့၏** နေအိမ် ခြံဝင်းအတွင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



◆ ဖားပြုပ်၏ အရှေ့တည့်တည့်



◆ မမြင့်ကြွက ဖားပြုပ်နှစ်ကောင် အစမျိုသည့် နေရာကို စာရေးသူအား ပြသနေစဉ်

ဖြစ်ပါသည်။

စာရေးသူတို့ အိမ်သို့ရောက်တော့ အချိန်အားဖြင့် ည (၇)နာရီ (၁၅)မိနစ် ဖြစ်ပြီး ဖားပြုပ်ကြီးတစ်ကောင်က အရွယ်တူ ဖားပြုပ်တစ်ကောင်ကို မျိုနေတာ တွေ့ရှိရပါသည်။

အချိန်ကြာပြီ ဖြစ်သောကြောင့် အမျိုခံရသော ဖားပြုပ်မှာ ခြေထောက် (၂)ချောင်းသာ အပြင်ဘက်တွင် တွေ့ရှိရပါသည်။ လူအများလည်း ဝိုင်းအုံ ကြည့်နေကြသဖြင့် စာရေးသူက...

'ကဲ နည်းနည်းလောက် ဖယ်ပေးကြပါဦး'

ဟု ဆိုပြီး စိတ်ကြိုက် ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

မျိုနေသော ဖားပြုပ်၏ ဝမ်းဗိုက်ထဲမှာ အမျိုခံထားရသော ဖားပြုပ်ခမျာတော့ ဘာမှ မတတ်နိုင်ရှာတော့ပေ။

ထိုဖားပြုပ်နှစ်ကောင်၏ အဖြစ်ကို ကြည့်ပြီး စာရေးသူတော့ သတိသံဝေဂ အများတော့ ရလိုက်မိပါသည်။

စာရေးသူသည် ဓာတ်ပုံများ ရိုက်ယူပြီးသည့်နောက် အိမ်ရှင်လည်းဖြစ်၊ အစ်မလည်းဖြစ်သော မမြကြွအား စာရေးသူ သိလိုသည်များကို မေးမြန်းကြည့်သောအခါမှာတော့ စာရေးသူက...

'အစ်မ ဒီဖားနှစ်ကောင်ကို ဘယ်လို စတွေ့တာလဲ'

မမြင့်ကြွက...

'ငါ ရေချိုးမလို့ ဒီရေကန်ကို ရောက်တော့ ဖားပြုပ်နှစ်ကောင် လုံးထွေးနေကြတာကို တွေ့မိတယ်။ငါလဲအမှတ်တမဲ့တော့ ကြည့်လိုက်မိတယ်။ ပြီးတော့ငါ့ဘာသာငါ ရေပြန်ချိုးလိုက်တယ်။

ရေချိုးပြီး အိမ်ပေါ်ပြန်သွားတော့ ခဏမှာပဲ နင့်တူ ဖိုးထက် ငါ့ကို အော်ခေါ်နေတော့ ငါ သွားကြည့်လိုက်မိတဲ့ အချိန်မှာ အမျိုခံရတဲ့ ဖားပြုပ်ခေါင်းတစ်လုံးလုံးကို မျိုထားပြီးသွားပြီ။ ဒါနဲ့ပဲ နင့်ကို ဖိုးထက်နဲ့ သွားခေါ် ခိုင်းလိုက်တာပါ'

ဟု မမြင့်ကြွက စာရေးသူကို ရှင်းပြသွားပါသည်။

ထိုဖြစ်ရပ်နှင့် ပတ်သက်၍ အမျိုးမျိုး ဝေဖန်ပြောနေကြရာ ဂမ္ဘီရသုတေသီ တစ်ဦးမှ...

'ဒီလိုမျိုး ဇာတ်တူသား စားတာဟာ တိရစ္ဆာန်လောကရဲ့ ထုံးစံမို့ အထူးအဆန်းတော့ မဟုတ်ပါဘူး' တဲ့။ သို့သော် ဂမ္ဘီရ သိပ္ပံ ဝိဇ္ဇာခရ လောကသည် အင်မတန်မှ လျှို့ဝှက်ဆန်းကြယ်လှသဖြင့် သာမန်လူတို့ သိနိုင်ရန် ခဲယဉ်းလှသော အရာလည်း ဖြစ်ပါသည်။

'ကျုပ်တို့ ဗုဒ္ဓဘာသာဝင်အားလုံး အနေနဲ့ ငါးပါးသီလနဲ့တကွ သရဏဂုံ သုံးပါးကိုလဲ မမေ့ဘဲ မြဲအောင် စောင့်ထိန်းကျင့်ကြံပါ။ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ပါလို့ပဲ ကျုပ်ပြောချင်တယ်'

ဟု သူ၏ အမြင်ကို ပြောကြားခဲ့ပါသည်။

ထို့ကြောင့် ငါးငါးချင်းစား၊ ဖားဖားချင်းစားမည်ဟူသော ရှေးတဘောင်မှာ ယခုခေတ်အခါတွင် တိုက်ဆိုင်၍ ဤဖြစ်ရပ်မှန်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရှုသူများ သိရှိတွေ့မြင်စေရန် စေတနာ၊ မေတ္တာဖြင့် ဓာတ်ပုံနှင့်တကွ တင်ပြပေးလိုက်ရပါသည်။

ဗုဒ္ဓဘာသာဝင် လူမျိုးအားလုံး ဒါန အကျိုး၊ သီလအကျိုး၊ ဘာဝနာအကျိုး ဤသုံးကျိုးကို မမေ့မလျော့ဘဲ ကောင်းကျိုးပြုနိုင်ကြပါစေလို့။

**မြဒင် (ဖင်းကျိုက်)**



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ငွေကြေး အခက်အခဲ ဖြစ်မည့်နှစ်

သိလိုလျှင်



'ငွေကြေးနဲ့ ပတ်သက်ပြီး ကိုယ့်မှာ အခက်အခဲဖြစ်မယ့်နှစ်တွေ မသိချင်ဘူးလား ကိုအောင်ဝင်း'

ဟု မထင်မှတ်သော မေးခွန်းအား ဗေဒင်ဆရာကြီး ဦးမင်းဖြူမှ ကျွန်တော့်ကို မေးလာပါသည်။

'သိချင်တာပေါ့ဆရာကြီး။ ဒါပေမယ့် ကျွန်တော်မှ ဗေဒင်ပညာ မတတ်တာ'

'ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူး။ မဟာဘုတ်ခွင် ကိုအောင်ဝင်း ချတတ်တာပဲ။ ဒါဆို တွက်လို့ရတာပဲလေ'

'ကိုယ်ဟာ ဘယ်အသက်ပိုင်းနှစ်မှာ ငွေကြေး အခက်အခဲ ဖြစ်မယ်လို့ကြိုသိထားရင် ကောင်းတာပေါ့'

'ကျွန်တော် နားလည်နိုင်လောက်ရင် ရှင်းပြပေးပါ ဆရာကြီး'

ကျွန်တော့်စကားကို ပြုံးပြီး ခေါင်းညိတ်ကာ ရေနွေးတစ်ခွက် ကောက်သောက်ပြီးနောက် သူ့ရှေ့တွင် အသင့်ရှိနေသော ကြေးကွမ်းအစ်ကြီး ဆွဲယူကွမ်းယာလေသည်။

နေ့စဉ်လိုလို ဆရာကြီးအိမ်တွင် ဗေဒင်လာမေးကြသူ၊ ဗေဒင်ပညာ လာရောက် သင်ယူကြသူများနှင့် ညေ့အမြဲရှုပ်နေလေ့ရှိသည်။ ဒီနေ့မှာတော့ ဆရာကြီးအိမ် လူရှင်းလေသည်။

'ရော့... စာရွက်နဲ့ ဘောပင် သိချင်ရင် မှတ်ပေတော့။ မဟာနက္ခကိန်း မှတ်ရအောင်။ နက္ခမင်းသားဟာ ပထမ သင်္ဘောတည်တယ်။ ပြီးတော့ သင်္ဘောပင်လယ်ပြင်ကို ထွက်တယ်။ နောက် ပင်လယ်ထဲမှာ သင်္ဘောပျက်တယ်။ သင်္ဘောပျက်ကို စွန့်ပြီးတော့ ပင်လယ်ထဲမှာ နေ့မနား၊ ညမနား ရေကူးနေတဲ့ နက္ခမင်းသားကို မဏိမေခလာ နတ်သမီးက ကယ်ပြီးတော့ ကျောက်ဖျာပေါ် ရောက်တယ်။

မင်းလောင်းဖြစ်လို့ ကျောက်ဖျာပေါ်မှာ ထီးဖြူအမိုးခံရတယ်။ နောက် နန်းတော်ကို ရောက်တယ်။ တိုင်းသူပြည်သားတွေနဲ့ မှူးမတ်တွေက တိုင်းပြည်နဲ့ ထီးနန်းကိုအပ်လို့ နန်းစံရတာတွေကို ဗေဒင်ပညာရှင်ကြီးတွေက...

"တည်၊ ထွက်၊ ပျက်၊ ကျောက်၊ ထီး၊ နန်း၊ စံ" ဆိုပြီး သင်္ကေတတွေ ထားတွက်တဲ့နည်းပဲ'

'ကိုယ့်ရဲ့နေ့နံကို တည်က စချပြီး နှစ်ခုစီတိုးသွား။ ကိုယ့်အသက် ရောက်တဲ့အထိပေါ့။ ကျန်တဲ့ နေ့နံတွေလဲ အဲ့ဒီအတိုင်း ချသွားရမယ်'

'ဥပမာ **အသက် (၃၄)နှစ်ရှိတဲ့ တနင်္လာသား တစ်ယောက်ဟာ အဲဒီ (၃၄)နှစ်အတွင်းမှာ ငွေကြေးနဲ့ ပတ်သက်ပြီးတော့ သိချင်ရင် ဖနက္ခကိန်းဖြစ်တဲ့...**

* * *

| တည် | ထွက် | ပျက် | ကျောက် | ထီး | နန်း | စံ |
|---|---|---|---|---|---|---|
| ၂ တနင်္လာ | ၄ | ၆ | ၈ | ၁၀ | ၁၂ | ၁၄ |
| ၁၆ | ၁၈ | ၂၀ | ၂၂ | ၂၄ | ၂၆ | ၂၈ |
| ၃၀ | ၃၂ | ၃၄ | | | | |

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

'မဟာဘုတ်အရ ငွေနံဖြစ်တဲ့ တနင်္လာဟာ မရဏဖြစ် "သေ"နေ တယ်။ ဖနက္ခကိန်းအရ ကြည့်မယ်ဆို ရင်လဲ (၃၄)နှစ်ဟာ "ပျက်"ထဲ ရောက် နေတယ်။ သင်္ဘောပျက်ကိန်း။

ဒီတော့ ဇာတာရှင်ဟာ (၃၄)နှစ် အတွင်းမှာ ငွေကြေးနဲ့ ပတ်သက်ပြီး ရောက်ဆဲ သက်ရောက် မဟာဘုတ် အရရော၊ ဖနက္ခကိန်းအရပါ ဝင်ငွေ ငွေကြေးနဲ့ ပတ်သက်ရင် အခက်အခဲ ဖြစ်မယ့်နှစ်လို့ ကိန်းနှစ်ကိန်း ညီနေ ခြင်းကြောင့် ပြောလို့ရပြီ။ ကျန်တဲ့နေ့ တွေလဲ ဒီအတိုင်းတွက်ကြည့်ရင် သိ နိုင်ပြီပေါ့'


ဟု ငွေကြေးနှင့် ပတ်သက်၍ အခက် အခဲဖြစ်မည့်နှစ် သိနိုင်မည့်နှစ် တွက် နည်းအား ဆရာကြီး ဦးမင်းဖြူမှ ကျွန်တော့်အား သင်ပြပေးလိုက် သည်။

**အေးချမ်းအောင်(ရေညီးသင်း)**



www.burmeseclassic.com

www.burmeseclassic.com



◆ နေမိန္ဒရစေတီ

BURMESE CLASSIC .com

ထက်အောင်ကျော်ဇံ

အောင်အတိတ်ဆောင်

# သိဂ္ဂိုက်တောင်ကြီးဆီမှ

## ပုထိုးစေတီ နေ့ရာထူးများ (၈)

ယခင်လမှအဆက်

'တယ်ဟုတ်ပါလား၊ ဘယ်လို ...ကြက်ယူတာလဲ'

'ဟိုတုန်းကတော့ ငွေတစ်ကျပ်သား ...ဒိုက်ဆံတစ်ဆယ်ကျပ်စျေး ရှိတယ် ... ကုန်ဖိုးက (၁၅)ကျပ်၊ (၁၆)ကျပ် ...ကက်ကျနေရင် တစ်ကျပ်သား ဒင်္ဂါး ...ခု၊ ငါးမူးသားဒင်္ဂါးတစ်ခု ယူ ...က်တာပေါ့။ တခြားဆိုင်တချို့က ...ဂါး ပြန်ရောင်းရတာ အလုပ်ရှုပ်လို့ ...တို့လာရင် မရောင်းချင်ကြဘူး။ အဘိုးကတော့ သနားလို့တဲ့ လိုလို လားလား ရောင်းပေးပါတယ်။ တစ်ခါ တလေကျတော့လဲ ပျားရည်တို့၊ ချေ(ကျီ)သားခြောက်တို့၊ တိရစ္ဆာန် သည်းခြေ စတဲ့ ရှားပါးပစ္စည်းတွေနဲ့ လဲလှယ်ကြတယ်'

'သူတို့က ဘာတွေ ဝယ်တာလဲ'

'အဓိကက ဆားပါ။ ငရုတ်သီး၊ ကြက်သွန်၊ ပဲအမျိုးမျိုးတွေလဲ ယူတတ်တယ်။ ခေတ်သုံးပစ္စည်း မယူဘူး။ ဟိုတုန်းကဆိုရင် ပက်ဆိုဒင် သွားတိုက်ဆေး ဟင်းခတ်မှုန့်၊ ငါးသေတ္တာ၊ မိတ်ကပ်၊ ရေမွှေး အဲဒါတွေ လုံးဝ မတို့မထိဘူး'

'ငွေဒင်္ဂါးတွေက ဘယ်ခေတ်က ဒင်္ဂါးလဲ၊ ခင်ဗျား မှတ်မိသလား'

'ဘယ်ခေတ်ကမှန်းတော့ မသိ တော့ပါဘူး။ ကိုင်ပါများလို့ ပြောင်ချော နေပြီ အရွယ်အစားကြည့်ပြီးတော့သာ မူးစေ့၊ မတ်စေ့၊ ကျပ်စေ့ဆိုပြီး ခွဲခြား ရတယ်။ အဲ ထူးတာတစ်ခု ရှိသေး တယ်။ သူတို့အားလုံး ရုပ်ဆင်တယ်။ ယောကျ်ား၊ မိန်းမ ကွဲပြားတာသာရှိ ပြီး အမြွှာညီအစ်ကို၊ အမြွှာညီအစ်မ






www.burmeseclassic.com

www.burmeseclassic.com



အောင်မြေနှင့် ကျောက်စာများရှိရာ တနင်္ဂနွေထောင့်

နေမိန္ဒာအောင်မြေ






www.burmeseclassic.com

www.burmeseclassic.com





ကုန်းတော်အပြင် အင်္ဂါတော်ရှိ
ရန်ပြေမာန်ပြေစေတီ အဝင်မုခ်
ဦးခန္တီ၏ ၁၂၈၃ ခုနှစ် မွမ်းမံမှုကျောက်စာ

ကျွမ်းကျင်တယ်လို့ ဆိုရမယ်။

'ဒါက လွန်ခဲ့တဲ့ နှစ်ပေါင်းသုံး, လေးဆယ်လောက်ကပေါ့နော်။ အခုကော သူတို့တွေကို တွေ့ရသေးသလား'

'ကျောင်းပြီးတော့ ကျွန်တော် ကုန်တင်ကား ထောင်တယ်။ အခု ကုန်စည်ပို့ဆောင်ရေးဂိတ် ဖွင့်ထားတယ်။ ကုန်စုံဆိုင်လဲ ဆက်မရောင်းဖြစ်တော့ မျက်ခြည်ပြတ်သွားပြီ ဆိုပါတော့ဗျာ'

(ပုဂ္ဂိုလ်ရေးအရ ငဲ့ကွက်သောအားဖြင့် သူ၏အမည်ကို ချန်လှပ်ထားပါသည်။)

ရွှေစေတီကျောင်း ဆရာတော် အရှင်ဝိသုဒ္ဓကလည်း ဤသို့ မိန့်ကြားသည်။

'လာဝတောင် ဟိုဘက်မှာ ကျောက်ဖြူတောင်နဲ့ နောက်ထပ် တစ်တောင်၊ တောင်ထိပ်သုံးခု ဆိုင်နေတယ်။ အဲဒီအလယ်မှာ ရေတံခွန်တွေ ရှိတယ်။ ဦးပဉ္စင်းဒကာတစ်ယောက် တောလည်သွားရင်း မျက်စိလည်ပြီး အဲဒီကို ရောက်သွားတယ်။ ပြန်ဖို့ လမ်းရှာတာ တစ်နေကုန်သွားတယ်။

အဲဒီလိုနဲ့ ရေတံခွန်တစ်ခုနား ရောက်တော့ အထဲမှာ လင်းနေတာ တွေ့ရလို့ ရေငုပ်ကြည့်တယ်။ ရေတံခွန် အောက်မှာ လိုဏ်ဂူတစ်ခုဗျား။ လူသံတော့ မကြားရဘူး။

သူလဲ မဝင်ဝံ့တာနဲ့ ဂူအဝမှာ တွေ့ရတဲ့ မြေဆေးတံအိုးကြီးတစ်လုံးကို ယူလာခဲ့တယ်။ ရှေးဟောင်းပစ္စည်း ဖြစ်နေရင် တန်ဖိုးရှိမှာလို့ မျှော်လင့်ချက်နဲ့ ပေါ့ဗျာ။ အဲဒီ ခုနကလေးတင်မှ ပြန်ဆင်းသွားတာ။ တစ်နာရီလောက် စောရင် ဒကာတို့ မေးစမ်းကြည့်နိုင်တာပေါ့'

'သူကတော့ လမ်းမှတ်မိမယ် ထင်တယ်'

'မထင်နဲ့ ဒကာ၊ ဒီသတင်းကြားလို့ ရှေးဟောင်းသုတေသနဆိုလား လူတစ်စုရောက်လာပြီး လမ်းပြခိုင်းတယ်၊ သူလဲ လိုက်ပြပေးပါတယ်။ ဒါပေမယ့် ရေတံခွန်တွေက အများကြီး။ လာဝတောင်ပေါ်ကနေ ဖါးပါးဆည်ထဲ စီးဝင်ကြတယ်။ ဘယ်ရေတံခွန်မှန်း မမှတ်မိ

...ို့ ထင်ရတယ်'

'သူတို့ ဘယ်ကို ပြန်သွားတယ်ဆို ...ာ လိုက်မကြည့်ဘူးလား'

'ဟာ ကြည့်တာပေါ့။ ဆိုင်အကူ ...လုပ်သမားကလေးကို နောက် ...ောင်ခံလိုက်ခိုင်းတာ မြသပိတ် ...ောင်တက်လမ်းမှာ ပျောက်သွား ...တဲ့။ တောင်ပေါ်တက်တဲ့အခါ တော ...မ်းကနေ တောင်ဆိတ်တွေလိုပဲ လုစ် ...နဲ့ ပြေးတက်ပြီး ပျောက်သွားတတ် ...တယ်။


တစ်ခါတလေ နေမိန္ဒရတောင်ဘက် ...ကနေ သွားတတ်တယ်။ အဲဒီဘက်က ...တောပိုထူတော့ ဘယ်မှာ နောက် ...ယောင်ခံနိုင်တော့မှာလဲ။

ဒါတောင် နောက်ကလိုက်တဲ့ ...ောင်လေးက တောင်ပေါ်တက် ...င်းခွေသွားနေကျ၊ လက်နှစ်ဖက် ...ပွေ့စာ လံပုံထင်း(အရှည် တစ်လံ ...ပေခန့်ရှိသည်။)ကို ထမ်းပြီး ...သွားနိုင်တဲ့သူ။ သူတောင် လိုက်မမီ ...ဆိုတော့ တောတောင် အင်မတန်




www.burmeseclassic.com

www.burmeseclassic.com



◆ ရုပ်တော်မှုတ်ဆူ



ရန်ပြေမာန်ပြေစေတီ ▶

BURMESE CLASSIC .com

ဘဲ ယောင်ဝါးဝါးနဲ့ မိုးချုပ်မှ ပြန်ရောက်လာကြတယ်။ ဘာမှ မတွေ့ခဲ့၊ မရခဲ့ကြပါဘူး'

မကြာသေးသည့် သကြံန်မတိုင်မီ (လွန်ခဲ့သော တစ်လကျော်) ကာလကပင် သထုံမြို့ ရွာဦးရပ်ကွက်မှ ဦးမောကြီး၏ သားနှစ်ဦးဖြစ်သော ဆယ်ကျော်သက်ကလေးနှစ်ဦးသည် ကျောင်းပိတ်ရက်အားတွင် တောလည်ထွက်ကြသည်။

အချိန်အတန်ကြာသော် ရေငတ်လာသဖြင့် ရေရှိရာကို လိုက်ရှာကြသည်။ လျှိုကလေးတစ်ခု ကျော်သောအခါ ရေတသွင်သွင် စီးကျနေသော စမ်းချောင်းတစ်ခု၌ အဝတ်လျှော်ကြသူအချို့ တွေ့ရသဖြင့် ဝမ်းသာအားရဖြစ်ကာ စမ်းချောင်းရှိရာသို့ ဆင်းသွားကြသည်။




မြောက်ဘက်မှ

နတ်မင်းလေးပါးရုပ်တု ▶




www.burmeseclassic.com

www.burmeseclassic.com



◄ ဦးသီလဂူအနီးမှ တောကျောင်း



◄ ကုန်းတော်မြောက်ဘက် တောင်တန်းအနီးမှ ညောင်လွန်နှင့် စွန်းလွန်းဆရာတော်များ စံကျောင်း



ထိုစဉ် သူတို့ဆင်းရာ လမ်းကလေး အတိုင်း ဘုန်းကြီးအိုတစ်ပါး ရေပြည့် သပိတ်ကိုင်ကာ တက်လာသည်ကို မြင်ရသောကြောင့် လမ်းဖယ်ပေးလိုက်ကြသည်။

ဘုန်းတော်ကြီး လွန်သွားသောအခါ နှစ်ဦးသား မတိုင်ပင်ရဘဲ ဘုန်းတော်ကြီးနောက်သို့ ကပ်၍ လိုက်သွားကြသည်။ တောင်ကုန်းတစ်ခုကျော်သောအခါ မြသပိတ်တောင်ခြေ ရောက်နေသည်ကို သတိပြုမိကြလေသည်။

ဦးသီလဂူမှ ဦးပဥ္စင်း ဦးတိသသက ပင် မိန့်ကြားတော်မူခြင်း ဖြစ်သည်။

ဦးပဥ္စင်းတိသသထံတွင် ကျောင်းပြင် ဝေယျာဝစ္စပြုလုပ်၍ ကုသိုလ်ယူနေသော လက်သမားဆရာ ဦးအေးဝေ၏ အတွေ့အကြုံကား ဤသို့ ဖြစ်၏။

'လာဝတောင် သုံးလုံးဆိုင်တဲ့ တောင်ညိုတောင်ပိုင်းနေရာကို **မြို့ရိုးသုံးထပ်လို့** ခေါ်ကြတယ်။ ဘယ်သူမှ မသွားကြဘူး။ အဲဒီနေရာ ရောက်ရင် အရှေ့အနောက် တောင်မြောက် မခွဲတတ်တော့ဘူး။ ဘယ်ကလာလို့ ဘယ်ကိုသွားရမှန်း မသိဘူး။ ရေတံခွန်တွေလဲ အများကြီးရှိတယ်။

တောင်ပေါ် မြေ(ကွက်လပ်)ပြန့်ကလေးတစ်ခုပါ။ ကျွန်တော် သထုံဇာတိပါ။ ကလေးဘဝကတည်းက ဒီတောဒီတောင်တွေကို လှည့်လည်ဖူးတယ်။ အခု ကျွန်တော့်အသက် (၅၄) နှစ်ရှိပြီ။ နှစ်ပေါင်း (၃၀)ကျော်လောက် ကျင်လည်ခဲ့ပေမယ့် တောင်ပိုင်းနေရာကို သုံး,လေးခါပဲ ရောက်ဖူးတယ်။

◄ ဦးသီလဂူရှိရာ ကျောက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

တမင် ရည်ရွယ်ပြီး သွားတာ မဟုတ်ဘူး။ လမ်းမှားပြီး ရောက်သွားတာပါ။ **မြေပြန့်အလယ်မှာ စေတီနိမ့်နိမ့်သုံးဆူ တွေ့ရတယ်'**

'ဘယ်လိုပုံစံလဲ ဒီက စေတီတွေလိုပဲလား'

'ဒီစေတီပုံစံ ကျောက်ထီးနဲ့ပဲ။ ဉာဏ်တော်ကတော့ ဒါရဲ့ ထက်ဝက်လောက်ပဲ ရှိမယ်' **(ဦးသီလလိုဏ်ဂူအထက်မှ ရှေးဟောင်းစေတီငယ်ကို ညွှန်ပြ ပြောဆိုသည်။)**

'လူတွေကော တွေ့ခဲ့ရသလား'

'အသံတွေ ကြားရပေမယ့် လူသူအရိပ်အယောင် မမြင်ခဲ့ဘူး'

'လမ်းမှာ အမှတ်အသား မလုပ်ခဲ့ဘူးလား'

'ဟာ လုပ်ခဲ့တာပေါ့ ဆရာရယ်။ ဒီတောတောင်ထဲမှာ ညဉ့်နက်သန်းခေါင်အချိန်တောင် လမ်း မမှားအောင် သွားလာနိုင်တာ။ ဒီလိုနေရာမျိုးရောက်တော့ သစ်ပင်တွေ ထစ်တာထစ်၊ ခုတ်လှဲတာခုတ်လှဲ၊ ကျောက်တုံးတွေစီပြီး သေသေချာချာ မှတ်သားခဲ့တာပါ။


နောက်တစ်ခေါက် ဒီအမှတ်အသားအတိုင်း သွားပေမယ့် အရင်နေရာ မရောက်တော့ဘူး။ တခြားနေရာသစ်တစ်ခုကို ရောက်သွားတယ်၊ ကျွန်တော်က ဒီနွေမှာတော့ ဝါသနာတူ မိတ်ဆွေတွေ စုပြီး ထပ်သွားမလို့ဟာ၊ မိုးက မပြတ်တော့ နောက်နှစ်နွေမှပဲ ဖြစ်တော့မယ်။ ဆရာလဲ လိုက်ချင်ရင် လာခဲ့ပါလား'

ဦးအေးဝေသည် ဦးပွင့်း၏ တောကျောင်းအဖီကလေးကို သွပ်မိုးကုသိုလ်ရှင်ပေါ်လာသဖြင့် လာရောက်မိုးပေးခြင်းဖြစ်သည်။ သွပ်ပြားတင်၍ သံပင် မစွဲရသေးမီ ကောင်းကင်တစ်ခွင် အုံ့မှိုင်းလာကာ မိုးထစ်ချုန်းရွာသဖြင့်



◆ လိုဏ်ဂူတွင်း (ဦးပွင့်တင်သော ဘုရားဖူးတော်ပြနေစဉ်) မြင်ကွင်း

◆ လိုဏ်ဂူတခု



အမိုးအောက်ဝင်ကာ စကားပြောဖြစ်ကြခြင်းပါ။

လာဝမြို့တော်အကြောင်း သမိုင်းမှတ်တမ်း ရှာဖွေကြည့်သောအခါ **ဦးအောင်မြင့်အောင်၏ ရွှေစာရံစေတီတော်သမိုင်း၊စာအုပ် စာမျက်နှာ (၁၄)**တွင် (၃)ရာစု၌ ယိုးဒယားနိုင်ငံ (ထိုင်းနိုင်ငံ) ဒွါရဝတီနှင့် လောပုရီဒေသတို့မှ မွန်တိုင်းရင်းသားများသည် ဘုရားသုံးဆူ တောင်ကြားလမ်းမှတစ်ဆင့် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ကြရာ ထိုမွန်တိုင်းရင်းသားများ သထုံသို့ ရောက်သော် လောပုရီမွန်၊ လာဝမွန် ဖြစ်လာသည်ဟု သမိုင်းအထောက်အထား အလုံအလောက် ရှိပါသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်ခွာ**



www.burmeseclassic.com

www.burmeseclassic.com

# အကြော နှင့် ဆရာ

ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု

ဦးလှသိမ်း (တံတားဦး၊ အင်းဝ)
အကြောပညာရှင်

## သွေးတိုးမရှိဘဲ မျက်နှာတစ်ခြမ်း လေဖြတ်သွားပြီး ပါးရွဲ့သွားသော်

ကျွန်တော် မန္တလေးမြို့ (၃၈)လမ်း၊ (၈၂)လမ်း×(၈၃)လမ်းကြားတွင် ဆေးခန်းဖွင့်လျက်ရှိရာ ကျွန်တော့်ရဲ့ မိတ်ဆွေ ထီးစင်းရပ်ကွက်မှ ဦးသိန်းနဲ့အတူ အသက်(၅၀)ခန့် အမျိုးသားတစ်ဦး ရောက်ရှိလာပြီး ကျွန်တော့်ရဲ့ မိတ်ဆွေမှ...

'ဆရာ ဒါ ကျွန်တော့်ရဲ့ ယောက်ဖတော်ပါတယ်။ ကျွန်တော့်ယောက်ဖက အသောက်အစားကင်းပြီး ကျန်းမာရေးလဲ လိုက်စားပါတယ်။ ဒါပေမယ့် သွေးတိုးမရှိဘဲ မျက်နှာတစ်ခြမ်း လေဖြတ်သွားပြီး ပါးလဲရွဲ့သွားတယ်။ မျက်စိကလဲ ပိတ်မရ၊ စကားကလဲ မပီ၊ သွားရည်တွေလဲ ကျလာလို့ ဒီပဲယင်းကနေ ဒီကိုခေါ်လာပြီး ဆရာ့ထံ လာပြရခြင်း ဖြစ်ပါတယ်'

လို့ ပြောသဖြင့် ကျွန်တော်မှ အဲဒီဝေဒနာရှင်ကို သေချာကျနစွာ စမ်းသပ်ပြီး ကုသပေးလိုက်ပါတယ်။

ကျွန်တော့်မိတ်ဆွေကို...


'ခင်ဗျားယောက်ဖ ဒီပဲယင်းကို မပြန်ဘဲ ခင်ဗျားဆီမှာ (၅)ရက်လောက်ထားပြီး ကုပါဦး'

လို့ ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။ ထိုဝေဒနာရှင်အား (၅)ရက်ဆက်တိုက် အကြောပြုပြင်ပေးပြီးနောက်...

'ခင်ဗျားရဲ့ မျက်စိ မှိတ်လို့ရပြီလား၊ စကားပြောလို့လဲ ပီရဲ့လား၊ နောက် သွားရည်ရောကျသေးလား'

လို့ မေးတော့...

'ပါးလဲ သိပ်မရွဲ့တော့ဘူး။ မျက်စိလဲ မှိတ်လို့ရပြီ။ သွားရည်မကျတော့ဘူး။ စကားပြောတော့လဲ အဆင်ပြေပါပြီ။ ကျွန်တော် ဒီပဲယင်းကို ပြန်လို့ရပြီလား'



၁။ မျက်နုံကြော
၂။ မျက်မှောင်ကြော
၃။ ပါးအာရုံကြော

လို့ မေးတော့...

'ပြန်လို့ရပါပြီ။ ရှောင်ရန်ကတော့ မျက်နှာကို အအေးခံခြင်း လုံးဝ မပြုလုပ်ရဘူး။ အမြင့်အနိမ့် မညီညွတ်တဲ့ နေရာမှာ မအိပ်ရဘူး။ အလွန်လေးတဲ့ ဝန်ကို ခေါင်းပေါ်ရွက်ခြင်း၊ ထမ်းခြင်း မပြုလုပ်ရဘူး။ မနက်အိပ်ရာထရင် အိပ်ရာထထချင်း ရေအေးအေးနဲ့ မျက်နှာသစ်ခြင်း မပြုရဘူး။ အဲဒီလို အချက်တွေကိုတော့ အထူးသတိထားပြီး ရှောင်ကြဉ်ပါ။

အဲဒီအချက်တွေကို ရှောင်ရင်တော့ ဦးခေါင်း၊ နှာခေါင်း၊ နှုတ်ခမ်း၊ မေး၊ နဖူး၊ မျက်စိတို့ရဲ့ အဆက်အစပ်တို့မှာ တည်တဲ့လေ ပျက်တာကြောင့် နှုတ်ခမ်း ရွဲ့စောင်းခြင်း၊ မျက်စိရွဲ့ခြင်း၊ မျက်စိတစ်ဖက် ကျဉ်းခြင်းတို့ ဖြစ်တယ်။

အဲဒီရောဂါကြောင့် လည်ပင်းက လှည့်မရ၊ နှုတ်ခမ်းက ရွဲ့စောင်းစေတယ်။ ဦးခေါင်းကိုလဲ နာကျင်စေတယ်။ စကားမပြောနိုင်ခြင်းနဲ့အတူ မျက်စိကိုလဲ ဖောက်ပြန်စေပြီး ခံတွင်း၊ သွားများကို နာကျင်စေတယ်။ အဲဒါကြောင့် ကျွန်တော်ပြောတဲ့ ရှောင်ရန်ကိုတော့ အမြဲတစေ မှတ်သားထားပါ'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။

ကျွန်တော်ရဲ့ မိတ်ဆွေက အခုဝေဒနာရှင်ကို (၅)ရက်အတွင်း သက်သာပျောက်ကင်းအောင် ကုသတဲ့ အကြောပြုပြင်နှိပ်ကွက်များကို ဝေဒနာရှင်များ၊ ဝါသနာရှင်များ အသုံးပြုနိုင်ရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရုပ်ပုံကားချပ်နဲ့တကွ တင်ပြလိုက်ပါတယ်။

၁။ ဝေဒနာရှင်ကို တင်ပျဉ်ခွေ ထိုင်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပါ။ မျက်မှောင်ကြောကို ဖိနှိပ်ပြီး ဝေဒနာရှင်ရဲ့ရင်ဘတ်နဲ့ ဦးခေါင်း ထိတဲ့အထိ တွန်းပြီး လက်ခလယ်ဖြင့် အထက်သို့ ဆွဲပေးပါ။
(၁၅–ကြိမ်ခန့်)

၂။ **မျက်ခုံးကြော** ။ ။ ထိုအကြောကို လက်ခလယ်ဖြင့် ဖိထောက်၍ လက်မဖြင့် မျက်ခုံးပေါ်မှ အကြောများကို ဖိ၍တွန်းပါ။(၁၀–မိနစ်ခန့်)

၃။ **ပါးအာရုံကြော** ။ ။ ဝေဒနာရှင်အား ပက်လက်အိပ်စေ၍ ပါးစပ်အတွင်းမှ လျှာကို လက်မက အပေါ်တွင် ထား၍ လက်ညှိုးက အောက်ကထားပြီး ပါးရွဲ့သောဘက်ကို ဆွဲ၍ လှုပ်ခါပေးပါ။ (၁၀–ကြိမ်ခန့်)

၄။ ဝေဒနာရှင်အား ပက်လက်အိပ်စေ၍ မျက်နှာပေါ်ရှိ အကြောများကို ဖိဖိပြီး ဖွဖွပေးပါ။ (၃၀–မိနစ်ခန့်)

**(မှတ်ချက် ။ ။ သွားရည်ကျနေသော ဝေဒနာရှင်အား စပါးကြီးသည်းခြေ (သို့မဟုတ်) လျှာပွတ်ဆေးများဖြင့် ပွတ်၍ပေးပါ။)**

မျက်နှာလေဖြတ်သော ဝေဒနာရှင်များအား ကြပ်ထုပ် (သို့မဟုတ်) ရေနွေးပုလင်းလှိမ့်ပေးပါ။ ထိုနည်းအတိုင်း ကုသရင် မျက်နှာလေဖြတ်သော ရောဂါ ပျောက်ကင်းကြောင်း ဖော်ပြပါတယ်။

မျက်နှာ လေတစ်ခြမ်းဖြတ်သူများအတွက် အကောင်းမွန်ဆုံး လိမ်းဆေးမှာ...

၁။ သက်ရင်းကြီးမြစ် (၂) ကျပ်သား
၂။ တောလျှော်ကြီးမြစ် (၂) ကျပ်သား
၃။ ဥသျှစ်မြစ် (၂) ကျပ်သား
၄။ ဖျောက်ဆိပ်မြစ် (၂) ကျပ်သား
၅။ သနပ်ခါးမြစ် (၂) ကျပ်သား
၆။ နံ့သာဖြူ (၄) ကျပ်သား
၇။ ကရမက် (၄) ကျပ်သား

အဲဒီ (၇)မျိုးကို အမှုန့်ပြုပြီး တစ်နေ့ကို (၃)ကြိမ် လိမ်းပေးရန် ဖြစ်ပါတယ်။

**ဦးလှညီမိန်း** *(ထံတားဦး၊ အင်း၀)*
**အကြောပညာရှင်**

# ဩဇာရွက်

## နှင့် သွေးတိုးရောဂါ

ကျွန်တော်သည် ငါးပိ၊ ငါးခြောက် မပါလျှင် ထမင်းမစားတတ်ပါ။ ငါးပိရည်၊ တို့စရာများကိုလည်း အလွန်ကြိုက်ပါသည်။ မပါလျှင်လည်း ထမင်းစားသောအခါ တစ်ခုခုလိုနေသလို ခံစားရပြီး ထမင်းမဝ ဖြစ်နေတတ်သူပါ။

သို့ပါသော်လည်း ကျွန်တော့်မှာ သွေးတိုးရောဂါ မဖြစ်ခဲ့ပါ။ ဘာကြောင့် မဖြစ်သနည်းဆိုသော် ကျွန်တော်သည် အချဉ်ဓာတ်ပါသော သံပရာသီး၊ ရှောက်သီးများကို ရံဖန်ရံခါ စားလေ့ရှိပါသည်။

အချိုဓာတ်ပါသော အစားအစာများကိုလည်း အသင့်အတင့် စားပါသည်။ အစားအသောက် မှုတမှုကြောင့် သွေးတိုးရောဂါ ဖြစ်မလာဟန် ရှိပါသည်။

နှစ်ပေါင်း အတော်ကြာလာပြီး ယခုအသက် (၅၀)ကျော်လာသောအခါ သွေးတိုးရောဂါ စ,လာပါသည်။ ကျွန်တော်တို့ဒေသမှာလည်း ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဝက်သားများသာ အလွယ်တကူ ဝယ်ယူ စားသောက်၍ ထင်ပါသည်။

တစ်နေ့သောအခါ နံနက်မိုးလင်းအိပ်ရာမှ မထနိုင်အောင် မူးနေပါသည်။ မျက်စိလည်း မဖွင့်နိုင်ဘဲ ခေါင်းမှ အုံခဲပြီး ခေါင်း မကြည်လင်တော့ပါ။

ဆေးခန်းပြ၍ သွေးပေါင်ချိန်တိုင်းသောအခါ သွေးတိုးနေကြောင်း သိရပါသည်။ စားဆေး၊ သောက်ဆေးများ သောက်သော်လည်း သိပ်မသက်သာပါ။

ခေါင်းမှာ နောက်၍ မကြည်လင်သေးပါ။ ထိုအခါ ကျွန်တော့်တပည့်တစ်ယောက်က...

'ဆရာ...ဩဇာရွက်(၅)ရွက်လောက် ဝါးစားပြီး ရေအေးနဲ့ သောက်ကြည့်စမ်းပါ။ ကျွန်တော့်အဘွားတော့ အဲဒီဆေးနည်းနဲ့ သက်သာပျောက်ကင်းသွားတာပဲ'

ဟု ပြောပါသည်။

တစ်ပတ်(၂)ကြိမ် အမြဲစွဲသောက်သောအခါ သွေးတိုး သက်သာသွားကြောင်း ပြောပြပါသည်။

ကျွန်တော်လည်း တပည့်လေးပြောသည့်အတိုင်း ဩဇာရွက်မနုမရင့် (၅) ရွက်ခူးပြီး ဝါးစားကာ ရေနှင့် သောက်ချလိုက်ပါသည်။ မိနစ် (၂၀)လောက် ကြာသောအခါ ထူးထူးခြားခြား ခေါင်းမှာ ပေါ့သွားပြီး ကြည်လင်လာပါသည်။



ဒီဆေးနည်း တော်တော်စွမ်းတာပဲ ဟု မှတ်ချက်ချလိုက်ပြီး တစ်ပတ်(၂)ကြိမ် ဝါးစားပေးသောအခါ သွေးတိုးခြင်း မဖြစ်တော့ပါ။ ထို့ကြောင့် ဤဆေးနည်းအား စာရှုသူမိတ်ဆွေအပေါင်း သိစေကြောင်း တင်ပြလိုက်ရပါသည်။

*မေတ္တာ စေတနာများစွာဖြင့်...*

**မျိုးမောင်မောင်**



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

ကျေးဇူးရှင် ဆရာတော်ကြီးများ



◆ အိမ်မဲမြို့ ဖိုးကုတ်ခမ္မရိပ်သာ (၂၉)
ပဓာန နာယက ကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တမဟိန္ဒ

| အိမ်မဲမြို့ ပြည်ထောင်စုလမ်း |
|---|
| ဖိုးကုတ်ခမ္မရိပ်သာ (၂၉) |
| ပဓာနနာယက ကမ္မဋ္ဌာနာစရိယ |
| ဘဒ္ဒန္တမဟိန္ဒထေရ်အား |
| ပူဇော် ဂါရဝပြုခြင်း |

ဆရာတော်သည် ၁၃၀၉ ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ဖြစ်ရာ မဟာဘုတ်အရဆိုလျှင် ဝ–ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

**လေ့လာကြည့်ပါ။**

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

**ဝ–ကြွင်း မဟာဘုတ်**

မဟာဘုတ်အရကတော့...

သောကြာဂြိုဟ် (၆–ကြာ)သည် ထွန်းအိမ်၌ ရပ်တည်နေတဲ့အတွက် အားကိုးအားထားပြုအပ်သော ကောင်းကျိုးအပြုဆုံးသော ဂြိုဟ်ကောင်းတစ်ခု ဖြစ်ပါတယ်။

**၆–ကြာသည် အသံဂြိုဟ် ဖြစ်ပါတယ်။** ဒါကြောင့်...

- ကောင်းသတင်း ကျော်စောခြင်း၊
- ပြောသမျှ သြဇာတည်စေခြင်း၊
- အသံဖြင့် ဆောင်ရွက်ရသော လုပ်ငန်း အောင်မြင်ခြင်း...

အပြင်...

**သန်းပညာ**

ခရီးကောင်းကြွရခြင်း၊ ရပ်ဝေးဒေသ များနဲ့ အကျိုးပေးခြင်း၊ ကြည်ညိုပေါ်စေခြင်းတို့ ဖြစ်စေပါမယ်။

ဒါပေမယ့် ၆–ကြာနဲ့ ၁–နွေတို့သည် ပက္ခ မိနေတဲ့အတွက် အတွင်းမိတ် ပျက်တဲ့အတွက် အနီးနေနဲ့ အဝေးနေ နှစ်မျိုးမှာ အဝေးနေက ပိုပြီး ကောင်းကျိုး ပြုပါလိမ့်မယ်။

အတွင်းမိတ် ပျက်တဲ့အတွက် ကျောင်းတွင်း ပဋိပက္ခများ၊ ပြဿနာများ၊ ပူပင်စရာများ မကြာခဏ ကြုံရတတ်ပါတယ်။

**ကြာသပတေး**

**ပညာဂြိုဟ်သည် ရာဇအိမ်၌ ရပ်တည်နေတဲ့အတွက်...**

- ပညာရေးတွင် ထွန်းတောက်ခြင်း၊
- အတွေးအခေါ် ထက်မြက်ခြင်း၊
- ဆရာကောင်းများနဲ့ ကြုံရခြင်း၊
- မိတ်ကောင်း ဆွေကောင်းများနဲ့ ကြုံရခြင်း...

တို့ကို ဖြစ်စေပါမယ်။

အထူးကတော့...

**အင်္ဂါဂြိုဟ် (၃–ဂါ)သည် မရဏအိမ်၌ ရပ်တည်နေတဲ့အတွက်...**

- ပဋိပက္ခများ၊ အတိုက်အခံများ ကြုံခြင်း၊
- အခက်အခဲ အကျပ်အတည်းများ ကြုံခြင်း၊
- စိတ်အကျဉ်းအကျပ် တွေ့ရခြင်း၊
- စိတ်ရှုပ်စရာများ တွေ့ရခြင်း...

တို့ ရှိပါမယ်။



နက္ခတ္တဗေဒင်ပြည်မဂ္ဂဇင်း ၁၅၃ (စာမျက်နှာ (၁၅၅) သို့)

www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသော


# သင်္ကေတများ အကြ

အစီပွာယ်ဖွင့်ဆိုချက်


ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

**အသက်(၄၈)နှစ်အရွယ်** အမျိုးသမီးတစ်ဦးရဲ့ ဘယ်လက်ဖဝါးပြင်ပုံစံကို ဖော်ပြပေးလိုက်ပါတယ်။

**"က"အကွက်ရာနဲ့** ညွှန်ပြပေးထားတာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခွင်မှာ **အိမ်မြှောင်ပုံသင်္ကေတ** ရှိခြင်း ဖြစ်ပါတယ်။





* * *




အဲဒီသင်္ကေတပါရှိသူ အမျိုးသမီးများဟာ ဉာဏ်ပညာ ထူးချွန်ထက်မြက်ခြင်း အကြီးအမှူး ဦးစီးခေါင်းဆောင်တို့ရဲ့ ကတော်ဖြစ်ခြင်း ကိုယ်တိုင်လဲ အကြီးအမှူး ဦးစီးခေါင်းဆောင် ဖြစ်ခြင်း စီမံခန့်ခွဲ အုပ်ချုပ်မှု ကျွမ်းကျင်ခြင်း ဆရာသမားလုပ်ငန်း အုပ်ချုပ်မှုလုပ်ငန်းများ ကျွမ်းကျင်ခြင်းဖြစ်တတ်တဲ့ ကံကြမ္မာရှိ တယ်။

**"ခ"အကွက်ရာနဲ့** ညွှန်ပြထား တာဟာ လက်ညှိုးနဲ့ လက်ခလယ်ကြား စနေဂြိုဟ်ခွင်နဲ့ ပိုနီးတဲ့နေရာမှာ **သန်လျက်ပုံ သင်္ကေတ** ထင်ရှားလှပစွာ ရှိခြင်း ဖြစ်ပါတယ်။

* * *







www.burmeseclassic.com

www.burmeseclassic.com

ဒီသင်္ကေတဟာ ဥာဏ်အာဏာရှိခြင်း၊ ဥာဏ်အာဏာရှိသူများနဲ့ ရင်းနှီးချစ်ခင် ကျွမ်းဝင် ပေါင်းသင်းရခြင်းဆိုတဲ့ ရာဇယုဂ်ကို ဖြစ်စေတဲ့ ကံကြမ္မာရှိပါတယ်။

**"ဂ" အကွရာနဲ့** ညွှန်ပြထားတာဟာ လက်ညှိုးထိပ်က လက်သူကြွယ်ထိပ်ထက် အနည်းငယ် ပိုမို ရှည်လျားနေခြင်း ဖြစ်ပါတယ်။

* * *




အဲဒီလက္ခဏာရှင် အမျိုးသမီးဟာ သူတစ်ပါး အပေါ်လွှမ်း၊ အုပ်ချုပ် ဆရာလုပ်ရတတ်တယ်။ ခင်ပွန်းရဲ့ ချစ်ခင် အလိုလိုက် အရေးပေးခြင်း ခံရတတ်တယ်။ သမီးဦး မွေးဖွားရှိခြင်း၊ သမီးမိန်းကလေးများများ မွေးဖွားရှိခြင်း ဖြစ်တတ်တယ်။

**"ဃ" အကွရာနဲ့** ညွှန်ပြထားတာဟာ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ အိမ်ထောင်ရေးလမ်းကြောင်းအများမှာ **ခက်ရင်းခွပုံနဲ့** နှလုံးလမ်းမျဉ်းဘက်ကို ခပ်မှိန်မှိန် ထိုးဆင်းနေခြင်း ဖြစ်တယ်။


* * *




ဒီလိုသင်္ကေတမျိုးက အိမ်ထောင်ရေးမှာ ခင်ပွန်းက စောစွာ ကွယ်လွန်ရပြီး မုဆိုးမဘဝ ရောက်စေတတ်တယ်။

**"င" အကွရာနဲ့** ညွှန်ပြထားတာဟာ နှလုံးလမ်းကြောင်းနဲ့ ဦးခေါင်းလမ်းကြောင်းကြားမှာ **စတုဂံသင်္ကေတများ** ထင်ရှားရှိနေခြင်း ဖြစ်ပါတယ်။

* * *




ဒီသင်္ကေတကတော့ ကိုယ်ပိုင်မြေကွက်များစွာ ပိုင်ဆိုင်နိုင်တဲ့ ကံကြမ္မာဖြစ်ပါတယ်။ အိုးအိမ်တိုက်တာ ယာဉ်ကား ပိုင်ဆိုင်ပြည့်စုံခြင်း၊ ကျောင်းကန်၊ ဇရပ်၊ ဓမ္မာရုံ၊ သိမ်စတဲ့ သာသနိကအဆောက်အအုံများ ဆောက်လုပ် လှူဒါန်းနိုင်ခြင်းတို့ ဖြစ်စေတတ်ပါတယ်။

မှတ်ချက်။ ။ **ယခုလက္ခဏာရှင် အမျိုးသမီးဟာ အစိုးရ အရာရှိကတော်တစ်ဦးဖြစ်သလို မိမိကိုယ်တိုင်လဲအရာရှိကြီးတစ်ဦး ဖြစ်ခဲ့ပါတယ်။ စီးပွားဥစ္စာ ပြည့်စုံခြင်း၊ ဥာဏအာဏာမြင့်မားခြင်းတို့ ရှိပါတယ်။**

**ဒါပေမယ့် သူမ အသက်(၄၄)နှစ်အရွယ်မှာ သူမရဲ့ခင်ပွန်း ရုတ်တရက် ကွယ်လွန်ခဲ့ပြီးနောက် သူမလဲ ဝန်ထမ်းလုပ်ငန်းမှ အနားယူခဲ့တယ်။**

***လက္ခဏာပညာသုတ တိုးပွားကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

ဆရာကြီးဦးအောင်မြိုင်
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ

စာမျက်နှာ (၁၅၃)မှ အဆက်

ပင်ကိုစိတ်က ဒေါသ ဦးဆောင်တတ်ပြီး စိတ်တိုင်းကျခဲ့တဲ့ သဘောကိုပိုင်ဆိုင်ထားတဲ့အတွက် စိတ်အေးချမ်းမှုရအောင် ကျင့်ကြံနေတဲ့ ဆရာတော်တစ်ပါးအနေနဲ့တော့ အထူး ပြဿနာ မရှိနိုင်ပါဘူး။ ပင်ကိုကတော့ ဖွတ်တရွတ်ဆန်ပြီး စိတ်မြန်လက်မြန် ရှိပါမယ်။

ဆရာတော်အတွက် အင်္ဂါဂြိုဟ်ဟာ အဆိုးဌာနဖြစ်တဲ့ မရဏအိမ်မှာ ရပ်တည်နေတဲ့အတွက်ကြောင့်...

- ❖ သွေးရောဂါ ဖြစ်ပွားခြင်း၊
- ❖ မျက်စိဝေဒနာ ခံစားရခြင်း...

တို့ ရှိပါမယ်။

အကြံပြုပါရစေ။

အင်္ဂါရဲ့ အဆိုးသရုပ်ကို ပြေပျောက်စေရန်အတွက်...

- ❖ အားဆေးများ ဆပ်ပြာမှုန့် ဆပ်ပြာခဲများ လှူဒါန်းခြင်း၊
- ❖ အဘယဒါနပြုခြင်း၊
- ❖ စာသင်တိုက်များသို့ ဆား လှူဒါန်းခြင်း...

ကို ဆောင်ရွက်သင့်ပါတယ်။

ယခုလို ဆောင်ရွက်ပေးခြင်းကြောင့် အင်္ဂါဂြိုဟ်ရဲ့ အဆိုးသဘောများဖြစ်တဲ့ စိတ်ဒုက္ခကြုံခြင်း၊ စက်ပစ္စည်းကြောင့် ဥပဒ်ရောက်ရခြင်း၊ အစွယ်ရှိသော သတ္တဝါကြောင့် ဥပဒ်ကြုံရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သွေးထွက်သံယို ဖြစ်ရခြင်း၊ ဆေးမှား အစာမှားခြင်းတို့မှ သက်သာသွားမှာဖြစ်ကြောင်း ရှိသေစွာ လျှောက်ထား ဂါရဝ ပြုလိုက်ရပါတယ်။

***အေးပါစေ၊ အောင်ပါစေ။***

သန့်ပညာ



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိအောင် ဆရာကြီးပွား

# ပြဒါးခတ်လုံးကောင်း

လိုချင်သလား ကာယသိဒ္ဓိဆိုသည်မှာ ပြောဖွယ်ရာမရှိ

**ရှားစောင်းချုံ ဆရာကြီးဦးမင်း ကာယသိဒ္ဓိပြီးပုံမှာ...**

ဆရာကြီးမှာ ထန်းရွက်မိုး တဲတွင် နေထိုင်၍ ခြံဝင်းပတ်ပတ်လည် ရှားစောင်းပင်ကြီးများ၊ ကြက်လျှာပင် ချုံကြီးများ စိုက်ထားပြီး ဝင်ပေါက်တံခါး မထား။ ဆရာကြီးမှတစ်ပါး အခြားလူဝင်မရနိုင်အောင်ပင်ရှိရာ ဓား၊ တုတ်၊ ခြောင့်ဆူး မပေါက်၊ ကာယသိဒ္ဓိပြီးစီး ရှားစောင်းချုံ ဆရာကြီးဦးမင်းဟူ၍ ဂုဏ်သတင်းကြီးလှသည်။

ပြဒါးခတ်လုံး၏ အာနုဘော်မှာ ခတ်သေဖြစ်လျှင် အခြားအကျိုးအာနိသင်နှင့် တန်ခိုးများပါ ရရှိနိုင်ပေရာ ပြဒါးခတ်လုံးကောင်းကောင်း တည်လို့ရလိုသူများအတွက် ဖော်ပြလိုက်ပါအံ့။

ဖျာပုံမြို့၊ ရွာလယ်ကျောင်း ထိုစဉ်က ထိုကျောင်းထိုင်ဆရာတော်ကြီးကား မဟိဒ္ဓိလောကတွင် "**ရတနာပုံဆရာတော်**"ဟု ထင်ရှားသည်။

တစ်နေ့တွင် ဧရာဝတီသဘော်ာ ကိုယ်စားလှယ်ကြီး ဦးချစ် ရောက်လာပြီး ပြဒါးခတ်လုံးကောင်းကောင်း တည်လိုကြောင်း၊ အစမှအဆုံး နိုင်နိုင်မာမာ စနစ်တကျ သိလိုပါကြောင်း လျှောက်ထားရာ ဆရာတော်ကြီးမှ...

'ရှားစောင်းချုံဆရာကြီးဦးမင်း လမ်းကူးယူသွား အကောက်နှင့်အဖြေကို မှတ်သွားဖို့ထိုးနေတာဆိုတော့ လုပ်လို့ရမှာပါ'

ဟု မိန့်ကြားပြီး ထိုးနည်းပါ စာအုပ်ပေး၏။ ဦးပဉ္စင်းနန္ဒိသာရ အနားတွင် ကြည့်လျက်ရှိနေသည်။

မကြာပါ... စာကူးအပြီး ဦးချစ် မေးလျှောက်တော့ပြီ။ (စာဖတ်လျက်မေးသည်။)

(၁) ဘုန်းဘုန်း သေတတ်သည့်ရှောင် ဆေးတဲ့ ငွေပေးလို့ မဝယ်ရဲနှင့်၊ ကွမ်းအစ်ထဲမှ ဆေးနှစ်မည် ဟင်းရွက်သည်က ဆေးနှစ်ခု၊ တရုတ်စုက ဆေးနှစ်တွေ၊ ရောယှက်လို့မွှေ၊ ဖယောင်းသားကျသူ့အနေကို၊ ညက်စွာလေ ကြိတ်ပြား ကြိတ်ပြီးရ ထိုဆေးကို လုံးသေးသေးလုပ်ပါလေ၊ ဖုံးပိတ်နှင့်ပေ၊ ပြဒါးရည် မတ်မသွေကို ထည့်ပါလေ လုံတွင်းသို့လေး။

(၂) ထည့်ပြီးလျှင် ဖုံးပင်အုပ်၊ ဇော်ဂျီထုပ် သေအချာ၊ ဖွဲသုံးဆုပ်ကာနာ မီးဘုတ်တို့ပါ၊ မီးအေးမှ ယူပါလေ၊ ပြဒါးရည်မှာ ပျဉ်းပလေး။

'အဲဒါကို ဘယ်လိုကောက်ထားတာပါလဲ'

'ဒီလို ဦးချစ်ရဲ့... အဲဒီတုန်းက **ကွမ်းအစ်ထဲမှာ** ငွေထုံးဘူး ထားကြလို့။ **ကွမ်းအစ်ထဲ ဆေးနှစ်မည်** ငွေဘော်ကိုကောက်ကာ **ဟင်း** **သည်က ဆေးနှစ်ခုက**– ဟင်း ဟင်းရွက် ရောင်းဝယ်ကြတာမှာ ခ သုံးလို့ ခဲလို့ ကောက်တာ၊ **တရုတ်** **ဆေးနှစ်တွေ**၊ တရုတ်စု–တရုတ် ဆရာကြီးတွေဟာ ဂွတ်ကို ဆေး များလို့ ဂွတ်ကောက်တာ။ ဒီ ဘော် ခဲ့ ဂွတ်(၂)ကျပ်သားစီ ရောကျိုး တော့ အမှုန့်ပြု၊ ညက်ညက်ကြ ပျားရည်နဲ့တေ။ ဆေးလုံးလုပ်၊ ဆေး အဖုံးပါလုပ်။

(၁)ကျပ်သားနှုန်းဖြင့် (၆)ပုံ (၆)လုံးလုပ်။ မြေလုံးမှာတဲ့ ပြဒါး (၁)မတ်သား၊ တစ်လုံး(၁)မတ်သ ထည့်။ ဆေးလုံးဖုံး,ဖုံးပြီး မြေ ဇော်မံ၍ ဖွဲနှစ်ဆုပ် (မြေကျင်းထဲ မဟုတ် မြေဒိုးထဲ ထည့်လည်းရသည်



www.burmeseclassic.com

www.burmeseclassic.com

...နို့၊ ယပ်ခတ် မီးညီမှာ လုံကိုတည်ပြီး ...(၁)ဆုပ်အပေါ်မှာ ဆုပ်တဲ့၊ ယပ် အနည်းငယ် မီးခိုးထွက်ရုံ ယပ်ခတ် ...ဆိုက်ထား၊ မီးအားလုံးအေးပြီး လုံပါ အေးမှ လုံကို ယူဖွင့်၊ ဆေးလုံမှ ပြဒါး ထုတ်ယူ၊ (၆)လုံ ပြဒါး (၆)မတ်ရရော ပြဒါးခဲ အပျဉ်းရမယ်'

ဆရာတော်ကြီး ထိုသို့ မိန့်ကြားချက် အရ ဦးချစ် ပြဒါးဖမ်းရာ အမှန် ပြဒါး အဖြူ အမာခဲ (အပျဉ်း)ရပါသည်။ မီး ထိုးခံပါသည်။

ရတနာပုံဆရာတော်ကြီး၏ နည်း စနစ်အကောက်တို့ကို ရရှိလိုက်သည့် ဦးနန္ဒသာရမှ ဆင်းသက်ချက်ကို မှုရင်း အဆိုနှင့်တကွ ဖော်ပြပါမည်။

(၃) ပြဒါးရည်မာပြင်းကို ခံးလိုက်မည့် တတ်စုန်း ပုလဲဥ မှန်ပုံကို ဆေး၈ ဖုံတေဇော၊ ဆိုက် ရောက်က မှန်မသွေသည်၊ သယံထွေလျှင် ပြဒါးသေ သဘော။

သယံထွေ ထိုပြဒါးကို သိပြားရုံသာ တစ်မူး လောက် ပုလဲညာငယ်၊ နာစပ်စွာ တစ်ကျပ်နှင့် ရောစပ်၍ မွှေပါလေ၊ မီးနာလှစေ၊ နာ(၁)ကျပ် ကုန်ချေလျှင် ပြဒါးသေ (၁)မူးပေါ့လေ။

ထိုပြဒါးလုံးအပျဉ်းကို ဆေး(၈)ဖုံ တေဇောနှင့်ထိုး (အကြိမ်ကြိမ်ထိုး၍ အရေအတွက် မှုသေတွက်မရ၊ သယံ ထွေပြီး ပြဒါးလုံး မီးနေမီးရပ်ဖို့ လိုရင်း ဖြစ်သည်။)

ပြဒါးလုံးကို အကဲခတ်တတ်ဖို့လည်း လိုသည်။ ရုပ်ကို နာမ်ဓာတ်များဖြင့် ပြုပြင်ရာတွင် နာမ်ဓာတ်လွန်လျှင် လည်း ရုပ်ပျက်စီးတတ်သည်။ (သတိ ပြုဖွယ်ရာဖြစ်၏။)

**ဆေး(၈)ဖုံတေဇောမှာ** ဟင်းရိုင်း၊ ကန့်၊ စိန်၊ ဆေးဒန်း၊ ဖဝက်သာ၊ လက်ချား၊ ယမ်း၊ ကျောက်ချဉ် ဖြစ် သည်။

ထိုမီးနေပြဒါးလုံး တစ်မူးသားရှိလျှင် စင်ကြယ်အောင် ထိုးထားသည့် နာ(ခဲ) (၁)ကျပ်သားနှင့်ထိုး၊ မီးလျှံနာနာထိုး (ရောစပ်၍ မွှေပါလေ၊ မီးနာလှစေ) ပြဒါးသေ(၁)မူးသားရမည်။

(၄) ပြဒါးသေ(၁)မူးကို ထူးမြတ် သည့်အရသာ ကျွေးလိုက်ကြပါ။ (ဆီမျိုးစုံလောင်းပါ) ကာယသိဒ္ဓိ ဆိုသည်မှာ ပြောဖွယ်ရာမရှိ။

ကာယကို သူပြီးက ကြီးလိုက်သည့်အကြံ စိတ်ရှိတိုင်း ဉာဏ်ဖန်လျှပ် မလွဲတန်အကြောင်း ကံကောင်းလျှင် လမ်းရည်စွာ၊ တွေ့လိမ့်နော် ဗျာ၊ လမ်းတိုသို့လိုက်ပါမူ ထုံပြာသာ ရိုက်ပါ တော့လေ။

ပြဒါးလုံး တက်လမ်းများစွာရှိရာ နောင် အလျဉ်းသင့်သောအခါ ရေးဖြစ် နိုင်ဖွယ် ရှိပါသည်။

လမ်းတိုလိုက်ပါမူ ထုံပြာရိုက်ရမည် ဆိုရာ အာကာသဖြစ် တေဇောမီး ပေးတတ်ရန် လိုသည်။

ဘော်၊ ငွေ၊ သွပ်၊ ပြဒါးလမ်းမှ ဆေးဒန်း၊ ဒုတ္တာ၊ ဖဝက်သာ၊ ဆပ်ပြာ၊ ယမ်းစိမ်း၊ ဆား(၆)ပါး ဆေးမံ၍ ဖုတ် လျှင်လည်း ရသည်။

(၅) ထုံပြာ(၁)မူးက ကူးလိုက်ပဘော်ငွေ တစ် ကျပ်လောက်ပေ ရောယှက်လို့ အရည်ထွေ လျှင် ဘော်ငွေသေ ထုံဖြစ်သည့်နည်း။

ဘော်ငွေသေ ထိုထုံကို သုံးကြတော့ သက် ဆေ၊ တစ်ဆယ်လောက် ခဲမရည်တွင် ပစ်ပါ လေ နှစ်ရွှေ ခဲဇက ဘော်သာခွာ၊ ဖြစ်ရမှန်စွာ၊ ကြေးထည့်၍ မှုတ်ပါလျှင် တစ်ပွင့်ကြာ သုံးစား ပေတော့လေ။

ဘော်(၁)ကျပ်သားကျို၊ ထုံပြာ(၁) မူးသားပစ် ဘော်ပြာအဓိပ္ပာယ်ပေါ်လွင် ပြီး ဖြစ်သည်။

(၆) တစ်ပွင့်ကြာငွေများကို၊ သုံးစားသည့် မောင်လုလင် စိတ်ကြီးများမထင်နှင့် မကြာခင် ပျက်စီးရဲ့ အပြီးတိုင်မှန်မသွေ၊ မလွဲသင့်ပေ လူသိလျှင် သက်ဆေငယ်၊ ရက်ရှည်ရှည် ကြားပူးပ မင်းမှုးမတ်ကြားလျှင်ငယ်၊ ထောင် ကိုသာမြင်။

လျှို့ဝှက်မှ ဘေးလွတ်စင်မယ်၊ ပညာရှင် ဂုဏ်မယောက်နှင့်လေ။

အဓိပ္ပာယ် သိသာပါ၏။

ယင်းအဆင့်ကား ကာယသိဒ္ဓိ၊ ဓန သိဒ္ဓိ၊ ပီယ၊ အာရောဂျ သိဒ္ဓိပြီးရာ ဘုန်းရှင်ကံရှင်တို့အရာ ဖြစ်သည်။ ကံ အားလျော်စွာ သုံးစွဲတတ်လာရာ၏။ ဘော်ပြာသာမက ရွှေပြာလည်းရ၏။

(၇) ပညာရှင်ဂုဏ်မောက်က သုံးလလောက် မကြာ၊ ပျက်စီးရမည်သာ၊ ဇာတာကို ဆေဒင် မမေးနှင့် အရေးပုံ မဆင်နိုင်လျှင် လွတ်ခွင့် မမြင်၊ ကြံပုံကောင်းမှ မောင်လုလင်ငယ် ပညာရှင်ခံထိုက်ကဲ့လေ။

(၈) ပညာကို ဘယ်အတတ်မှ ပိုင်းဖြတ်၍မဆို ထားကတိယွင်းယိုလျှင်၊ ပုဏ္ဏားအိုသူမိုက် ခိုးသားရိုက် သေသည့်အမှန် ကျမ်းရှိထုံးစံ ပုဏ္ဏားမိုက် သေရဟန်မှာ၊ ဂါထာပြန် ရွတ်မိ လို့လေ။

နက္ခတ်ကိုက်(နေ သိဒ္ဓိ နက္ခတ် မွန်းတည့်)ချိန် ဝေဒဗ္ဗမန္တန်ရွတ်ရာ ကောင်းကင်မှ ရတနာ(၇)ပါး မိုးရွာကျ စေသော ပုဏ္ဏား၊ ခိုးသားဓားပြများ အား မန္တန်ရွတ် အစွမ်းပြမိရာ နောက် တစ်ဖွဲ့ ခိုးသားဓားပြများနှင့် အတွေ့ နက္ခတ်မမိ၍ မန္တန်ရွတ်မရသဖြင့် ရိုက် သတ်ခံရထုံး ရှိသည်။ ဂါထာပြန်ရွတ်မိ သူများ အထူးသတိထားဖွယ်ပင်။

ဘုန်းဘုန်းဘုရား... အင်္ဂရတ် လောကအား ချီးမြှောက်ခြင်းငှာ ဖော် ထုတ်ခွင့်ပြုပါတော့။

**သိဒ္ဓိအောင် ဆရာကြီးမှ**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ခုနှစ်၊ ဧပြီလအတွက်
ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့်
အောင်ဘာလေ



# ထီ ဆုငွေ



ဧပြီလတွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် ပေါ်စရာဆုကြီးများနှင့် ပူးစာဆုံခွင့်ရစေရန် ၂၊ ၆၊ ၃၊ ၁ ဂဏန်းခြေများကို ဦးစားပေးရွေးချယ်ကာ **က၊ မ၊ ပ၊ ဟ** အက္ခရာဝလိများဖြင့် တွဲဖက်ကံစမ်းနိုင်ကြသည်။

မိမိတို့မွေးနှစ်အရ ကံအခွင့်အလမ်းများကို အသုံးပြုလိုပါက အောက်တွင် ကြည့်ပါ။

* * *

| မွေးနှစ် | လာဘ်ပွင့်အရောင် | ကံပွင့်ဂဏန်း | ကံပွင့်အရပ် | စပ်တူထိုးလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | မြေဖြူ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာ |
| နွား၊ ကျား | အနီ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါ |
| ယုန် | အစိမ်းရင့် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေး |
| နဂါး၊ မြွေ | အဖြူ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေ |
| မြင်း | အပြာ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး |
| ဆိတ်၊ မျောက် | စိမ်းနု | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေး |
| ကြက် | အညို | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေ |
| ခွေး၊ ဝက် | ရွှေဝါ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာ |

ဥပမာ၊ **ကြွက်နှစ်ဖွား**တို့သည် မြေဖြူရောင်ကို လာဘ်ပွင့်အရောင်အဖြစ် အဆောင်ပြုနိုင်သည်။ ကံပွင့်ဂဏန်းဖြစ်သော (၂)ဂဏန်းကို ထိပ်စီး (သို့မဟုတ်) နောက်ပိတ်ထားကာ အထက်ဖော်ပြပါ အက္ခရာနှင့် ဂဏန်းများ တွဲဖက်ကံစမ်းသင့်သည်။

**ကံပွင့်အရပ်ဖြစ်သော** အနောက်တောင်ထောင့်အရပ်ရှိ ထီလက်မှတ်အရောင်းဆိုင်တွင် တနင်္လာနေ့၌ ထီထိုးနိုင်သည်။ ပူးတွဲ စပ်တူ ထိုးလိုလျှင် စနေသားသမီးနှင့် ပေါင်းစပ်ပါ။

**ဆိုင်တည်ရာဌာနဗလ အင်အားရယူလိုပါက** ဆိပ်ကမ်း၊ သင်္ဘောဆိပ်၊ လှေဆိပ်၊ ကမ်းနား၊ သဲသောင်ပြင်ပြင် စသည်တို့၌ ဖွင့်လှစ်သောဆိုင်၊ ရေယာဉ်ပေါ် ဖွင့်လှစ်သောဆိုင်၊ ရေတွင်း၊ ရေကန်၊ ရေစက်၊ ရေစင်ကြီးများ အဖျော်ယမကာ ဆိုင်ကြီးများ၊ ဆိုးဆေးအရောင်းဆိုင်များအနီး ဖွင့်လှစ်ရောင်းချသော ထီအရောင်းဆိုင်များတွင် ကံစမ်းပါ။

**ထီကံမြင့် ယတြာပြုလိုပါက...** တနင်္လာနေ့တွင် ဖျော်ရည်(၅)ခွက်ကို ဘုရားရှင်အား ကပ်လှူကာ လိုရာဆုတောင်းနိုင်သည်။ နံနက်ပိုင်းတွင် ပြုလုပ်နိုင်ပါက ပို၍သင့်လျော်ပါသည်။

***ဓာတ်ကြီးငါးပါး စိုးမိုးမှု အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

# ဒါနဟန်ချက် သဒ္ဓါတွက်ချ

သန်းဝေါ်င (ပညာရေး)

ကျင့်နိုင်ကြပါစေ

"ဒါန"ကို ပေးခြင်း၊ လှူခြင်း၊ စွန့်ခြင်းလို့ ပြောရပါမယ်။ ကျွန်ုပ်ရဲ့ အယူအဆကတော့ ရှယ်တူကိုပေးတယ်။ ငယ်သူကို စွန့်တယ်။ ကြီးမြတ်သူကို လှူတယ်လို့ ဆိုချင်ပါတယ်။

တစ်စုံတစ်ဦးကို တစ်စုံတစ်ရာ ပေးလှူရာမှာ "သဒ္ဓါ"ယုံကြည်မှု ရှိနေဖို့ လိုပါမယ်။ သဒ္ဓါဆိုတဲ့ ယုံကြည်မှု မရှိရင် ဒါနဆိုတဲ့ ကုသိုလ်မှုသည် ဖြစ်ပေါ်နိုင်ရာ မလွယ်လှပါဘူး။ ဒါကြောင့် ဒါနဆိုတဲ့ ကောင်းမှုပါရမီ ဟန်ချက်ညီဖို့ သဒ္ဓါဆိုတဲ့ ယုံကြည်မှုနဲ့ တည့်မတ်အောင် ထောက်ကန်ထားရပါမယ်။

ယုံကြည်မှု ဆိုရာတွင် ဘုရား, တရား, သံဃာ ဆိုတဲ့ ရတနာသုံးပါးကို ယုံကြည်ခြင်း၊ ကံ,ကံရဲ့ အကျိုးကို ယုံကြည်ခြင်းတို့ပါပဲ။ ကောင်းမှုကံက ကောင်းကျိုးပေးတယ်။ မကောင်းမှုကံက မကောင်းကျိုးပေးတယ် ဆိုတာကိုပါပဲ။

ဒါနသည် ချမ်းသာတဲ့ အကျိုးကို ပေးတယ်ဆိုတာကို စွဲစွဲမြဲမြဲ ယုံနေကြဖို့ပါပဲ။ ထမင်းရည်ချောင်းစီး ဆောင်းတီးပြီး လှူရမယ်လို့ မဆိုပါဘူး။ ညောင်ခေါက်လောက် လှူသော်ငြားလဲ ညောင်ပင်ကြီးလောက် အကျိုးရတယ်ဆိုတာကိုလဲ ယုံထားဖို့ပါပဲ။

သဒ္ဓါဆိုရာ၌ အာဂမသဒ္ဓါ၊ အဓိဂမသဒ္ဓါမျိုး ထားရမယ်လို့ မဆိုပါ။ ပသာဒသဒ္ဓါနဲ့ ဩကပ္ပနသဒ္ဓါလောက် ထားနိုင်လျှင်ပင် ဒါနဟန်ချက် ညီသွားနိုင်ပါတယ်။

ဆက်ပြီးတော့ ပြောချင်တာကတော့ ဒါနဝတ္ထု ဆယ်ပါးပါပဲ။ ဒါတွေကို သိထားဖို့ လိုပါတယ်။ ပါဠိတော်လေး တစ်ခု ရှိပါတယ်။

အန္န ပါနံ ဃရံ ဝတ္ထံ၊
ယာနံ မာလာ ဝိလေပနံ။
ဂန္ဓော သေယျာ ပဒီပေယျံ၊
ဒါနဝတ္ထူ ဣမေ ဒသ။

**အဓိပ္ပာယ်ကတော့...**

ဒါနဝတ္ထုဆယ်ပါးကတော့ ခဲဖွမ်း၊ အဖျော်၊ ကျောင်း၊ သင်္ကန်း၊ ယာဉ်၊ ပန်း၊ လိမ်းကျံနံ့သာ၊ အမွှေးအကြိုင်နံ့သာ၊ နေရာအိပ်ရာ၊ ဆီမီးလို့ ဆိုလိုပါတယ်။ ကဲ ဒါနအကျိုးသွား ပါဠိလေးကို ပြောပါဦးမယ်။

အဒ္ဓနံ့ဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။

**အဓိပ္ပာယ်ကတော့...**

ဒါနတရားသည် မယဉ်ကျေးသူကို ယဉ်ကျေးစေတယ်။ အလုံးစုံသော လောကီလောကုတ် အကျိုးကို ပြီးစေတယ်။ မချစ်ခင်သူကို ချစ်ခင်မြတ်နိုးစေတယ်လို့ ဆိုပါတယ်။

လှူတဲ့အခါ ယုံယုံကြည်ကြည် လှူပါ။ အဆင်းလှတဲ့ အကျိုးကို ရမယ်။ ရိုရိုသေသေလှူ ဩဇာတိက္ကမ ကြီးမားစေမယ်။ အချိန်အခါနဲ့လှူရင် လိုရင်ရမယ်။ နိဗ္ဗာနတရားနဲ့ လှူရင် ရန်သူမျိုးငါးပါးဘေးက ကင်းဝေးမယ်။ ပြတ်ပြတ်သားသား လှူရင်တော့ ချမ်းသာတဲ့ အကျိုးကို ရစေမယ်။



ကဲ ဒါနနဲ့ ပတ်သက်ပြီးတော့ စုံသလောက် ရှိသွားပါပြီ။ မူလရည်ရွယ်ရင်းလေး မပျောက်ရအောင် လွယ်လဲလွယ်၊ အကျိုးလဲရမယ့် ဒါနပြုနည်းကျင့်စဉ်ကို လောကသားများအတွက် လောကီလမ်းကြောင်းက စရဏများဖြင့် ဟန်ချက်ညီအောင် ညှိကြည့်ဖို့ပါပဲ။

ကဲ ညှိကြည့်ကြရအောင်။

ဤတွင် **အနိဋ္ဌ** နဲ့ **ဣဋ္ဌ** ခွဲကြည့်ဖို့ လိုပါဦးမယ်။ ခုနစ်နေ့သားသမီးများ **မရဏဖွား၊ ဘင်္ဂဖွား၊ ပုတိဖွား**ဖြစ်ရင် **အနိဋ္ဌ**လို့ မှတ်ထားလိုက်ပါ။

**အဓိပတိဖွား၊ အထွန်းဖွား၊ သိုက်ဖွား၊ ရာဇဖွားတို့ကို ဣဋ္ဌဖွားလို့** မှတ်ယူထားရပါမယ်။

နေ့သားအလိုက် လှူရန် ဝတ္ထုပစ္စည်းများ ဖော်ပြပါမယ်။

❖ **တနင်္ဂနွေသားသမီး ဣဋ္ဌဖွားများ**သည် နေ့စဉ် ညတိုင်း အလင်းတိုင် (၆)တိုင်လှူပါ။

**တနင်္ဂနွေသားသမီး အနိဋ္ဌဖွားများ**သည် နေ့စဉ် နံနက်ပိုင်း၌ နံ့သာတိုင်(၆)တိုင် လှူပါ။

❖ **တနင်္လာသားသမီး ဣဋ္ဌဖွားများ**သည် ကြံသကာ(၂)ချပ် လှူပါ။

**အနိဋ္ဌဖွားကတော့** အမြဲရောင်မွှေးသောပန်း (၁၅)ပွင့် လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

❖ **အဂ်ီသားသမီး ဣန္ဒြေဖွားများ** သည် ဆွမ်းဖြူဖြူကို ဆီဆမ်း၍ လှူပါ။

**အနိဋ္ဌဖွားများကတော့** ယာဂု၊ ဆန်ပြုတ် လှူပါ။

❖ **ဗုဒ္ဓဟူးသားသမီး ဣန္ဒြေဖွားများ** ကတော့ ရေသန့်လှူပါ။

**အနိဋ္ဌဖွားများကတော့** အချိုရည် လှူပါ။ ရာဟုသားသမီးကတော့ ယိုတစ်မျိုးမျိုး လှူပါ။

❖ **ကြာသပတေးသားသမီး ဣန္ဒြေဖွားများကတော့** ပန်းများ ဝေဝေဆာဆာ လှူပါ။

**အနိဋ္ဌဖွားများကတော့** ပေါက်ပေါက်ဆုပ် လှူပါ။ ပေါက်ပေါက်ပွင့်လဲ လှူနိုင်ပါတယ်။

❖ **သောကြာသားသမီး ဣန္ဒြေဖွားများကတော့** သစ်သီးကပ်လှူပါ။

**အနိဋ္ဌဖွားများကတော့** ဆွမ်းကို ပျားရည်ဆမ်းပြီး လှူပါ။

❖ **စနေသားသမီး ဣန္ဒြေဖွားများကတော့** နွားနို့လှူပါ။

**အနိဋ္ဌဖွားများကတော့** ထန်းလျက် လှူပါ။

မွေးနေ့တိုင်း လှူပါ။ လှူပြီးရင်…

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ(*ပုတီးတစ်လုံးချ*)

ဓမ္မံ သရဏံ ဂစ္ဆာမိ(*ပုတီးတစ်လုံးချ*)

သံဃံ သရဏံ ဂစ္ဆာမိ(*ပုတီးတစ်လုံးချ*)

(၉)ပတ်စိပ်ပြီး လိုရာဆုတောင်းပါ။


(၃)လခန့် စွဲမြဲစွာ ဆောင်ရွက်သွားရင်ဖြင့် သင်တို့ရဲ့ ကံတရားများ အထူးပွင့်လန်းပြီး လာဘ်လာဘများ ရွှင်လန်းလာပါလိမ့်မယ်။

***အေးမြ ရင်မှာ ရှိပါစေ***

**သန်းခေါင် (*ပညာရေး*)**

# လက်ဖက်စားလို့

## ရင်ပြည့်ရင်ကယ် မဖြစ်ရအောင်



ကျွန်တော်တို့နိုင်ငံရဲ့ ဒေသအတော်များများမှာ လက်ဖက်စားတဲ့ အလေ့ ရှိကြပါတယ်။ တောရွာများမှာ ဧည့်သည်လာရင် လက်ဖက်သုပ်နဲ့ ဧည့်ခံပါတယ်။ အလှူပွဲ၊ မင်္ဂလာပွဲနဲ့ ဘုရားပွဲ၊ ကျောင်းပွဲများမှာလဲ လက်ဖက်ဟာ မပါမဖြစ်ပါ။

လက်ဖက်ဟာ ကျွန်တော်တို့ စားနေကျ ရိုးရာစာ ဖြစ်ပေမယ့် လက်ဖက်စားပြီးရင် ရင်ပြည့်ရင်ကယ် ဖြစ်တတ်ပါတယ်။ ရင်မပြည့်အောင် လက်ဖက်စားတဲ့ နည်းကို ဦးကြီးဆီက ရလိုက်ပါတယ်။

တစ်နေ့ ဦးကြီး ကျွန်တော်တို့အိမ်ကို အလည်လာပါတယ်။ ကျေးရွာထုံးစံအတိုင်း လက်ဖက်သုပ်နဲ့ ဧည့်ခံပါတယ်။ ဦးကြီးက လက်ဖက်စားကာနီးမှာ ကျွန်တော့်အား သဘော်ရွက် အနည်းငယ်ခူးခဲ့ရန် ပြောပါတယ်။ အဲဒီနောက် လက်ဖက်ကို သဘော်ရွက် အနည်းငယ်နဲ့ရောပြီး စားပါတယ်။

'လက်ဖက်ကို သဘော်ရွက်နဲ့ ရောစားရင် ရင်ပြည့်ရင်ကယ် မဖြစ်ဘူး။ သဘော်ရွက်ရဲ့ ခါးတဲ့ အရသာလဲ မခံစားရဘူး'

လို့ ဦးကြီးက ပြောပြပါတယ်။

ဒါကြောင့် လက်ဖက်စားပြီး ရင်ပြည့် ရင်ကယ်မှာ ကြောက်သူများအတွက် လက်ဖက်ကို သဘော်ရွက်နဲ့ ရောစားခြင်းဖြင့် ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း ဘေးကင်းဝေးကြစေဖို့ နည်းလမ်းကောင်းလေးတစ်ခုကို ရေးသား တင်ပြလိုက်ရပါတယ်။

**မောင်ဆန်းလင်း**



www.burmeseclassic.com

www.burmeseclassic.com



နတ်မြောက် လှမြင့် သစ်

# အန္တရာယ်ကင်းပျောက်

## ချမ်းသာရောက် ဂါထာတော်

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဖော်သည် အငြိမ်းစား ကျောင်းအုပ်ဆရာကြီး တစ်ဦး ဖြစ်ပါသည်။ ယခုအသက်(၆၇) နှစ် ရှိခဲ့ပြီ။

သူသည် အနယ်နယ်အရပ်ရပ် တောင်ပေါ်မြေပြန့် မြေလတ်၊ အထက် အညာ၊ အောက်အကြေဆိုသလို၊ ကျောင်းဆရာ ဝန်ထမ်းဘဝတွင် သုံးနှစ်တစ်ကြိမ်ဆိုသလို ဒေသစုံသို့ သွားရောက် တာဝန်ထမ်းဆောင်ခဲ့ရသူ ဖြစ်ပြီး အတွေ့အကြုံများစွာ စုံလင်ခဲ့သူ ဖြစ်ပါသည်။

ဦးဝင်းဖော်သည် ဘုရား၊ တရား၊ သံဃာ အလွန်ကြည်ညို လေးနက်ပွားများသူ ဖြစ်သည့်အပြင် အဓိဋ္ဌာန်ပုတီးလည်း အမြဲစိပ်ပွားသူ ဖြစ်ပါသည်။

ကျွန်ုပ်နှင့်လည်း လွန်ခဲ့သည့် ဆယ်နှစ်ခန့် ဆုတောင်းပြည့် ဘုရားရင်ပြင်တွင် ပုတီးစိပ်ပွားရင်း တွေ့ဆုံ ခင်မင်ရင်းနှီးခဲ့ရခြင်းဖြစ်ပြီး ပုတီးစိပ်ဖက်မိတ်ဆွေရင်းများ ဖြစ်ခဲ့ရပါသည်။

သူသည် ဂါထာ၊ မန္တန်၊ မန္တရားများ များစွာကို သိထား ရွတ်ပွားသော်လည်း သူအနှစ်သက်ဆုံးနှင့် သူ့ဘဝတွင် ယခုအချိန်ထိ ရပ်တည် အသက်ရှင်နေနိုင်သည်မှာ ယခုတင်ပြမည့် အန္တရာယ်ကင်းဂါထာ၏ ကျေးဇူးဂုဏ်တော်ကြောင့်ဟု မကြာခဏ ထုတ်ဖော်ပြောတတ်သဖြင့် ရေးသား တင်ပြအပ်ပါသည်။

ဦးဝင်းဖော်အဖို့ တစ်မြို့မှ တစ်မြို့၊ တစ်နယ်မှ တစ်နယ်၊ ဒေသတစ်ခုမှ ဒေသတစ်ခုသို့ အကြိမ်ကြိမ်အခါခါ ပြောင်းရွှေ့သွားလာ တာဝန်ထမ်းဆောင်ခဲ့ရသူဖြစ်ရာ ရေလမ်း၊ လေလမ်း၊ ကုန်း





www.burmeseclassic.com

www.burmeseclassic.com

လမ်း၊ တောလမ်း၊ တောင်လမ်း လမ်းများစွာ ဖြတ်သန်းခဲ့ရပြီး အန္တရာယ်အသွယ်သွယ်နှင့်လည်း အများနှင့်အတူ ရင်ဆိုင်ကြုံတွေ့ခဲ့ဖူးပြီး အန္တရာယ်ကင်းဂါထာကိုသာ မပြတ် ရွတ်ပွားရင်း အေးချမ်းသာယာ အဆင်ပြေခဲ့ရသည်ဟု ပြောပြဖူးပါသည်။

ကားတိမ်းမှောက်သည်ကို လည်းကောင်း၊ ကားချင်း ပွတ်တိုက်သည်ကို လည်းကောင်း၊ မော်တော်ပဲ့ထောင်, စက်လှေများနှင့် မြစ်ထဲတွင် မုန်တိုင်းမိ၊ လှိုင်းကြီး ရိုက်သည်ကို လည်းကောင်း အကြိမ်ကြိမ် ကြုံခဲ့ရဖူးသော်လည်း ထိခိုက်ပွန်းပဲ့မရှိ မိမွေးတိုင်း,ဖမွေးတိုင်း ကျန်းမာပကတိ ချမ်းသာရှိခဲ့ရသည်ကို ပြောမဆုံးပါပေ။

အထူး ထူးခြားသည်မှာ ၁၉၈၇ ခုနှစ်က တောင်ပေါ်ဒေသတွင် တာဝန်ထမ်းဆောင်စဉ် မြို့မှ လစာငွေများ ထုတ်ပြီး ပြန်လာရာ ထိုလမ်းတွင် အမြဲသွားလာနေသော လိုင်းကားကြီး စီးခဲ့ရသည်။

တောလမ်းတစ်နေရာတွင် လူဆိုးဓားပြတို့က ကားကိုတား၍ ပစ္စည်းလုရန် ကြိုးစားကြသည်။ ဦးဝင်းဇော်မှာ ကားရှေ့ခေါင်းထဲ ဒရိုင်ဘာနှင့်အတူ ကပ်စီးရသူဖြစ်ရာ ရည်ရွယ်ချက် မရှိရဘဲနှင့်…

'ကားကို မရပ်နဲ့ ရပ်မပေးနဲ့၊ လီဘာကုန်နင်းပြီး မောင်း၊ ရပ်မပေးနဲ့။ ဘာမှ မဖြစ်စေရဘူး။ ကျွန်တော် တာဝန်ယူတယ်။ မောင်း…မောင်း'

နှင့် ပြောဆိုမိရာ ကားမောင်းသူကလည်း ကယောင်ကတမ်းနှင့် ကားကို အသားကုန် မောင်းထွက်ခဲ့သည်။ လူဆိုးဓားပြတို့က သေနတ်နှင့် သုံး, လေးချက် ပစ်သော်လည်း ခရီးသည်



တစ်ဦးတစ်ယောက်ကိုမှ ထိမှန်ခြင်းမရှိသည့်အပြင် ကားကိုပင် ထိမှန်ခြင်း လုံးဝမရှိခဲ့ပေ။

လူဆိုးဓားပြတို့အန္တရာယ်မှ ကင်းလွတ်သောနေရာ ရောက်သောအခါ ကားကို ရပ်နားပြီး ကားမောင်းသူက…

'ဒီက ဆရာကြီးမှာ အဆောင်ကောင်း ရှိတယ် ထင်တယ်။ ကြေးမုံကြိုးသွားများ ဆောင်ထား။ ရှိထားသလားဗျာ။ ရှိရင် မြင်ဖူးချင်လို့ ပြစမ်းပါ။ ကြည့်ပါရစေ'

ဟု တောင်းပန် ပြောဆိုလေသည်။ ထိုအခါ ဦးဝင်းဇော်က…

'မရှိပါဘူးဗျာ၊ ဘာ ကြေးမုံကြိုးသွားမှ မရှိပါဘူး။ ကြေးမုံကြိုးသွား ဆိုတာ မြင်တောင် မမြင်ဖူးပါဘူး။ ဘာလို့ မေးတာလဲဗျ'

ဟု ရိုးရိုးကြီး ပြန်ပြောမေးရာ…

'ဟာ…ဒါဆိုရင်တော့ ဒီဆရာကြီးဟာ သိဒ္ဓိတန်ခိုးရှိနေလို့ပဲလို့ ဆိုရမှာပဲ။ ဘာလို့လဲဆိုရင် စောစောက လူဆိုးဓားပြတွေက ဆရာကြီးနဲ့ ကျုပ်ကို ရှေ့တည့်တည့်ကနေ သေနတ်နဲ့ ချိန်ပစ်၊ ဘေးကလဲ ပစ်ကြတယ်လေ။ ဆရာကြီးနဲ့ ကျုပ်ကို ထိမှန်ဖို့ ဝေးလို့ ကားမှန်ကိုတောင် မထိခဲ့ဘူးလေဗျာ။ ကျုပ် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတာပဲဗျ။

ကြေးမုံကြိုးသွား ဆောင်ထားရင် ကျည်ချော်တယ်၊ ကျည်လွဲတယ်၊ ကျည်ကာတယ်၊ မီးမကူးဘူးလို့ ကျုပ်သိထား ,ကြားဖူးထားလို့ မေးရတာပါ။ ကဲပါ…ဆရာကြီးရယ် ကြေးမုံကြိုးသွား ရှိရင်လဲ ရှိတယ် ပြောပါဗျာ'

ဟု ကားမောင်းသူက အံ့သြဘနန်း ဆိုလေသည်။ ထိုအခါမှ ဦးဝင်းဇော်မှာ သဘောပေါက် ပြုံးရယ်လိုက်ပြီး…

'ကျွန်တော့်မှာ အဆောင်ကောင်း ရှိပါတယ်။ ဒါပေမယ့် ဒီက နောင်ကြီး ပြောတဲ့ ကြေးမုံကြိုးသွားတော့ မဟုတ်ပါဘူး။ ကျွန်တော့်အဆောင်က ဒါပါပဲ…'

ဟု ဆိုကာ ကျောင်းတွင် လက်နှိပ်စက်နှင့်ရိုက်၍ ဓမ္မဒါနဖြန့်ဝေသော အန္တရာယ်ကင်းဂါထာစာရွက်ကို အိတ်မှ ထုတ်၍ ကားဒရိုင်ဘာနှင့် ခရီးသည်များကို ဝေငှ ရွတ်ဖတ်စေလေသည်။

ခရီးသည်များလည်း အံ့သြဝမ်းသာစွာဖြင့် ဦးဝင်းဇော်ကို အရိုအသေပေးကြ၊ ရှိခိုးသူ ရှိခိုးကြလေသည်။

ထို အန္တရာယ်ကင်းဂါထာတော်မှာ ခက်ခဲသော ပါဠိများ၊ အသံထွက်များ မပါဝင်ဘဲ လူတိုင်းလူတိုင်း အလွယ်အသာ ရွတ်ပွားနိုင်သော ဂါထာတော် ဖြစ်ပါသည်။ ဂါထာတော်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

### အန္တရာယ်ကင်း ဂါထာတော်

- ❖ ဗုဒ္ဓ ဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိ သဗ္ဗဒါ
- ❖ ဓမ္မ ဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိ သဗ္ဗဒါ
- ❖ သံဃ ဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိ သဗ္ဗဒါ
- ❖ မာတာပိတု ဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိ သဗ္ဗဒါ
- ❖ အာစရိယ ဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိ သဗ္ဗဒါ


အနက်

❂ အဟံ၊ အကျွန်ုပ်သည်။ ဗုဒ္ဓဂုဏံ



မျက်နှာ (၁၈၆) သို့
www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်၊ ဧပြီလအတွင်း
ပုံရိပ်ရှင်တို့၏



ဟူကျင်ဇီ (Hu Jin Zhi)

ကြွေထည်, မြေထည်ပစ္စည်းများကြောင့် ငွေကြေး အကျိုးအမြတ် ခံစားရဖွယ်ရှိသည်။ အမျိုးသမီးများဆိုင်ရာ ရောဂါဝေဒနာများ သက်သာပျောက်ကင်းသွားမည်။

÷ ကြွက်နှစ်ဖွား 

ငွေကြေး အစုအပုံလိုက် ရတတ်သည်။ လာဘ်လာဘရှင်လန်း၍ စီးပွားလုပ်ငန်းများ အဆင်ပြေ အောင်မြင်သောကာလ ဖြစ်သည်။ ကြွေးမြီများသည်း ပြေလည် ရရှိနိုင်ကြသည်။

အမျိုးသား ဇာတာရှင်များမှာ မျက်နှာပွင့်လန်း၍ ချစ်သူ,ဇနီး ရကိန်းရှိသည်။ ယာဉ်ရထား ဝင်နိုင်ပါသည်။

÷ နွားနှစ်ဖွား 

နေရာဒေသအသစ်၊ အတွေ့အကြုံ အသစ်အဆန်းများ ရောက်ရှိ ကြုံတွေ့ရတတ်သည်။ ဉာဏ်ပညာပွင့်လင်း၍ သင်ယူလေ့လာသမျှ မှတ်မိနားလည်မှု လွယ်ကူသောကာလ ဖြစ်သည်။

အထည်အလိပ်များ ဝင်ကိန်းရှိသည်။ ကုဖော်လောင်ဖက် တပည့်တပန်း ရနိုင်သည်၊ အိမ်ရှင်မတို့ သားမှ မြေးဦး ရရှိဖွယ်ရှိသည်။

÷ ကျားနှစ်ဖွား 

အိုးအိမ်၊ ခြံမြေ ဝင်တတ်သည်။ သားအန္တရာယ် ကင်းရှင်း၍ စိတ္တသုခ ပြည့်စုံသောကာလ ဖြစ်သည်။ စားကောင်းသောက်ဖွယ်များ၊ ဟင်းခတ်အမွှေးအကြိုင်ပစ္စည်းများ လက်ဆောင်ရတတ်သည်။

ဉာဏလုပ်သားများ တီထွင်ဖန်တီးမှုအတွက် အကျိုး ခံစားရဖွယ်ရှိသည်။ ကျောက်မျက်နှင့် တွင်းထွက်ပစ္စည်းများ အကျိုးပေးသန်လိမ့်မည်။

÷ ယုန်နှစ်ဖွား 

အကြံအစည် အောင်မြင်မည်။ ကြိုတင်ပြင်ဆင်ထားသော စီမံကိန်းများ၊ လျှာထားချက်များ အကောင်အထည်ဖော်ဖြစ်မည်။ လူငယ်လူရွယ်တို့ ချစ်သူ ဖူးစာဖက်ရတတ်သည်။

÷ နဂါးနှစ်ဖွား 

နေအိမ်ပတ်ဝန်းကျင်နှင့် မိတ်ဆွေသင်္ဂဟများ၏ အရေးကိစ္စအချို့အတွက် အားကိုးတကြီး အကူအညီတောင်းခြင်း ခံရတတ်သည်။ အချိန်, ငွေ, လုပ်အား ပြည့်စုံစွာ ဦးဆောင်လုပ်ကိုင်ပေးရဖွယ် ရှိသည်။

မျက်စိနှင့်ပတ်သက်သော ဝေဒနာအချို့အတွက် စိတ်အေးချမ်းသာရကိန်းရှိသည်။ (ဖခင်ဘက်)အဘိုး၊ ဖိုးလေးတို့ထံမှ ငွေကြေး လက်ဆောင်ရတတ်သည်။

÷ မြွေနှစ်ဖွား 

မိတ်ဆွေကောင်း တိုးပွားသောကာလဖြစ်သည်။ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဒေသများသို့ သွားရောက်ရတတ်သည်။

မိတ်ဆွေသားချင်းများ စုစုရုံးရုံးဖြင့် သာရေးနာရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ရလိမ့်မည်။ မီးဖိုချောင်သုံးပစ္စည်းများ ဝင်ကိန်းရှိသည်။ ယဉ်ကျေးပျူငှာမင်္ဂလာစကားများ ဆိုရတတ်သည်။

÷ မြင်းနှစ်ဖွား 

အိုးအိမ်၊ အလုပ်အကိုင် ပြောင်းရွှေ့ရတတ်သည်။ မတော်တဆဖြစ်မှုများ သတိထားပါ။ မိတ်ဆွေရင်းချာများအတွင်း စကားတင်းဆိုအကောက်ကြံသူ ပေါ်ပေါက်နိုင်သည်။

ပူစပ်သော အစားအစာများကြောင့် ဥပဒ်ရောက်ရဖွယ်ရှိသည်။ အိမ်ထောင်ဦးစီးတို့ ချွေးမအတွက် စိတ်ညစ်ရတတ်၍ အိမ်ရှင်မတို့ ယောက္ခထီးနှင့် သဘောထား ကွဲလွဲနေတတ်သည်။

÷ ဆိတ်နှစ်ဖွား 

မိမိနှင့် မသက်ဆိုင်သော အလုပ်ကိစ္စ ပြဿနာများတွင် ဝင်ရောက် စွက်ဖက်မိသဖြင့် အကျိုးနည်းရတတ်သည်။

စီးပွားရေးတွင် ကုန်စည်၊ စျေးကွက်၊ ဝယ်လက်အသစ်များကြောင့် ငွေကြေး ဆုံးရှုံး နစ်နာရကိန်းရှိသည်။ အရေးကြီးသော စာအုပ်စာတမ်းများ ပျောက်ဆုံးပျက်စီးခြင်းကို ဂရုစိုက်ကာကွယ်ပါ။

÷ မျောက်နှစ်ဖွား 

အလုပ်အကိုင်၊ ရာထူး တိုးမြှင့်ခန့်ထားခြင်း ခံရကိန်းရှိသည်။ ပြောစကား ဆိုစကားအောင်မြင်၍ ဆွေမျိုးမိတ်သင်္ဂဟများ၏ အရေးကိစ္စ ပြဿနာများ၌ ခုံသမာဓိလူကြီးအဖြစ် ဖျန်ဖြေ ဆုံးဖြတ်ပေးရတတ်သည်။

ရေထွက်ပစ္စည်း လက်ဆောင်ရဖွယ်ရှိသည်။ အမျိုးသမီးဇာတာရှင်များမှာ

(စာမျက်နှာ (၁၆၆) သို့)



www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များ အကြောင်း


ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ မြန်မာသက္ကရာဇ် **၁၃၄၂ ခုနှစ်၊ ဝါဆိုလ၊ တနင်္ဂနွေ** သမီး ဖြစ်တယ်။



ရတတ်တယ်။

မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ်၊ ဝုဋ္ဌိတို့ ချကြည့်ရင်…


* * *

တယ်။


"**မေ**"ဆိုတဲ့ စာလုံးက ဘင်္ဂအပျက်ဌာနမှာရှိခြင်း၊ လက်မှတ်ရှင်က အသားလတ်သူဖြစ်ခြင်းတို့ကြောင့် လက်မှတ်ရွေးမထိုးသင့်ဘူး။ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကာမဂုဏ်ရေးတွေမှာ အရှက်တကွဲ ကြုံရတတ်တယ်။

ဒီနာမည်မျိုးမှာ "**ကေရီ**"ကို လက်မှတ်ရွေးထိုးရင် **အနိဋ္ဌ + ဣဋ္ဌ** နာမက္ခရတိုင်စဉ်မှန်၊ ဝုဋ္ဌိမှန် ဖြစ်ပါမယ်။ ပိုကောင်းလာနိုင်တယ်။

* * *



**(လက်မှတ်နမူနာပုံစံ)**




"**ကေရီမေ**" ဆိုတဲ့ နာမည်(၄)လုံးရဲ့ နောက်ဆုံးစာလုံး"**မေ**"ကို အင်္ဂလိပ်လို လက်မှတ်ထိုးထားတာ ဖြစ်တယ်။

လက်မှတ် ပုံသဏ္ဌာန်လှပေမယ့် ကြယ်ပွင့်သင်္ကေတရှိခြင်း၊ အညွှန့်ရှည်လွန်းခြင်းက မကောင်းဘူး။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ အစကောင်း အနှောင်းပျက် ဖြစ်တတ်တယ်။ ကြေကွဲဝမ်းနည်းရခြင်းမျိုးနဲ့ အဆုံးသတ်သွား

တနင်္ဂနွေ မရဏဌာနဖွားဖြစ်တယ်။ **တနင်္ဂနွေအစ၊ ကြာသပတေးအဆုံး** နာမည်ဟာ **မရဏ + ဘင်္ဂ= အနိဋ္ဌ + အနိဋ္ဌ** နာမည်ညံ့ဖြစ်သလို နာမက္ခရတိုင်စဉ်မှား ဝုဋ္ဌိမှား ဖြစ်ပါတယ်။

ဆန်းဝင်တယ်ဆိုပေမယ့် သမှာ အာဇီဝအလုပ်တွေနဲ့ မကြီးပွားတတ်ဘဲ ဥပဒေနဲ့မကင်းတဲ့၊ မသမာတဲ့၊ ဒုစရိုက်အလုပ်မျိုးတွေနဲ့မှ အကျိုးပေးတတ်

လက်မှတ်အောက်က မျဉ်းမသား… ပါ။ အညွှန့်နေရာမှာ ပွင့်ဖတ်(၆)ခုပါတဲ့ ပန်းပွင့်ထည့်ပါ။ လက်မှတ်အောက်ပိုင်း… မှာ ပစ်တိုင်းထောင်ပုံထည့်ပါ။ သမှာ… အာဇီဝလုပ်ငန်းတွေမှာ ယှဉ်ပြိုင်… လုပ်ကိုင် အောင်မြင်လာမယ်။

၂။

* * *





www.burmeseclassic.com

www.burmeseclassic.com

ယခုလအတွက် နံပါတ်(၂)နေရာ
မှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်
ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၃၈ ခုနှစ်၊ တပေါင်းလ၊ တနင်္ဂနွေ
ဖွား** အမျိုးသားတစ်ဦး ဖြစ်ပါတယ်။
အိမ်မမြဲ၊ အလုပ်မမြဲ၊ ငွေမမြဲ၊ စီးပွား
မမြဲ မိသားစုနဲ့ ခွဲခွာလုပ်ကိုင်ရ အယှဉ်
အပြိုင်များ၊ ဘေးဥပဒ်ကြုံဆိုတဲ့ အညွှံ့
အပျက်တွေ ကြုံနေရတယ်လို့ ပြောပြ
တယ်။ လက်မှတ်ပုံသဏ္ဍာန်က အဲဒီလို
ဖြစ်တတ်တဲ့ သင်္ကေတပါပဲ။

"**အောင်ကျော်စိန်း**"ဆိုတဲ့ နာမည်
ရဲ့ ထိပ်ဆုံး(၂)လုံး "**အောင်ကျော်**"ကို
မြန်မာအက္ခရာနဲ့ လက်မှတ်ရေးထိုးထား
တယ်၊ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရ
တိုင်စဉ် ချကြည့်ရင်…

* * *

| နံပါတ်-၂ | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ * | ၂ |

မူလမဟာဘုတ်ခွင်


| | |
|---|---|
| ၀ | |
| ၆ | ၅ |
| ၄ | ၃ |
| ၂ | ၁ |

နာမက္ခရတိုင်စဉ်

တနင်္ဂနွေ(ဘင်္ဂဌာန)ဖွား ဖြစ်တယ်။
**တနင်္ဂနွေအစ၊ အင်္ဂါအဆုံး** နာမည်က
**ဘင်္ဂ + သိုက် = အနိဋ္ဌ + ဣဋ္ဌ** နာမည်
နာမက္ခရတိုင်စဉ်မှန်တယ်။ နာမည်ပေး
သိပ်မညံ့ပါဘူး။ ဒါပေမယ့်…

"**အောင်ကျော်**"ဆိုတဲ့ လက်မှတ်
ကတော့ တနင်္ဂနွေ+တနင်္လာမွေးနံကို
အညွှန့်အုပ် (အကောင်း)ဆိုပေမယ့်
**ဘင်္ဂ + ပုတိ = အနိဋ္ဌ + အနိဋ္ဌ** ဖြစ်လို့
လက်မှတ်ရေးထိုးရန် မသင့်တော်ဘူး။
"ကျော်စိန်း"(၂)လုံးတွဲက လက်မှတ်
ရေးထိုးရန် ပိုကောင်းတယ်။

* * *




**(လက်မှတ်နမူနာပုံစံ)**

လက်မှတ်အောက်မှာ ပစ်တိုင်းထောင်
သင်္ကေတ တည့်တည့်ကြီးကြီးဆွဲပါ၊
အောက်က မျဉ်းမသားနဲ့။

၃။

* * *



ယခုလအတွက် နံပါတ်(၃)နေရာ
တွင် ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်
မှတ်ပိုင်ရှင်ကတော့ မြန်မာသက္ကရာဇ်
၁၃၅၅ ခုနှစ်၊ သီတင်းကျွတ်လ၊ အင်္ဂါ
နေ့ဖွား အမျိုးသမီးငယ်တစ်ဦး ဖြစ်ပါ
တယ်။

"**စုမာလာ**" ဆိုတဲ့ သူမရဲ့နာမည်
(၃)လုံးတွဲကို အင်္ဂလိပ်အက္ခရာနဲ့ လက်
မှတ်ရေးထိုးထားခြင်း ဖြစ်တယ်။ မူလ
မဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ် ချ
ကြည့်ရင်…

* * * ⟶

အင်္ဂါ(အထွန်းဌာန)ဖွား ဖြစ်သူကို
အင်္ဂါအစ၊ ဗုဒ္ဓဟူးအဆုံး နာမည်ပေး
ထားတာ မွေးနံပေါ် အညွှန့်အုပ် နာမည်
ပေးနည်းနဲ့ ညီညွတ်ပေမယ့် **အထွန်း
\+ ဘင်္ဂ = ဣဋ္ဌ + အနိဋ္ဌ** နာမည်၊
နာမက္ခရာတိုင်စဉ်မှားဖြစ်လို့ နာမည်ပေး
ညံ့ပါတယ်။

ဒီနာမည်မျိုးကို သုံးလုံးတွဲ၊ နှစ်လုံး
တွဲ လက်မှတ်ရေးထိုးဖို့ မသင့်ပါဘူး။
အထွန်းဌာနက နာမည်ထိပ်ဆုံးစာလုံး
"စု"ကိုသာ လက်မှတ်ထိုးသင့်တယ်။

* * *



**(မြန်မာလို)**



**(အင်္ဂလိပ်လို)**

| နံပါတ်-၃ | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၁ | |
| * ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

မူလမဟာဘုတ်ခွင်

| | |
|---|---|
| ၃ | |
| ၂ | ၁ |
| ၀ | ၆ |
| ၅ | ၄ |

နာမက္ခရတိုင်စဉ်



www.burmeseclassic.com

www.burmeseclassic.com

၄။

* * *



ယခုလအတွက် နံပါတ်(၄)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ မြန်မာသက္ကရာဇ် **၁၃၄၆ ခုနှစ်၊ ဝါခေါင်လ၊ သောကြာနေ့ဖွား** အမျိုးသားတစ်ဦး ဖြစ်ပါတယ်။

''ဘိုသိန်း''ဆိုတဲ့ နာမည်နှစ်လုံးတွဲကို ထိုးမြဲလက်မှတ်ထိုးထားတယ်။ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ် ချကြည့်ရင်...

* * * ⟶


သောကြာ အဓိပတိဖွားဖြစ်သူကို ကြာသပတေးအစ၊ သောကြာအဆုံး **မရဏ + အဓိပတိ** နာမည်ပေးထားတာ ပက္ခမိနေတယ်။ **အနိဋ္ဌ+ဣဋ္ဌ** နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန်ဖြစ်တယ်။

သင်္ချာဗေဒင်ပညာအရ **ဘို** = ၉၊ **သိန်း** = ၂၀ စုစုပေါင်း(၂၉)ဂဏန်းတွဲရတယ်။

**လက်မှတ်ပုံသဏ္ဌာန်က** အိမ်ထောင်ရေးရှုပ်ထွေးမှု၊ ကွဲကွာမှု၊ အိမ်ထောင်ဆက်ဖြစ်မှုတွေ ကြုံရတတ်တဲ့ နိမိတ်ဖြစ်သလို နာမည်ဂဏန်းပေါင်းလဒ်(၂၉)ကလဲ အိမ်ထောင်ရေး ဖောက်ပြန်ရှုပ်ထွေးမှု တွေကြုံတတ်တဲ့ နိမိတ်ဖြစ်တယ်။

ဒါကြောင့် ဒီနာမည်မျိုးမှာ နာမည်နောက်ဆုံးစာလုံး ''**သိန်း**''ကို ရွေးပြီး လက်မှတ်ထိုးရင် ပိုကောင်းမယ်။

* * *




**(မြန်မာလို) (အင်္ဂလိပ်လို)**

***(ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေ)***

**ဆရာကြီး ဦးအောင်မြိုင်**

***(ဥပဒေဘွဲ့)***

**လက္ခဏာဗေဒင်ပညာသုတေသီ**




စာမျက်နှာ (၁၆၃)မှ အဆက်

အားကိုးအားထားပြုဖွယ် ခင်ပွန်းကောင်း ရနိုင်သည်။

✣ ကြက်နှစ်ဖွား



လုပ်ငန်းစီးပွား အခက်အခဲများ ပြေလည်သွားမည်။ အမွေအနှစ်ရကိန်း ရှိသည်။ နေအိမ်ဂေဟာသို့ ဧည့်ကောင်းစောင်ကောင်း ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ ကြွရောက်လာတတ်သည်။

ဖိမ်ခံပစ္စည်း ဝင်နိုင်သည်။ ပြည်ပ ရပ်ဝေးအဆက်အသွယ် တိုးပွားရရှိ နိုင်သည်။ လူနေမှုအဆင့်အတန်း မြင့်မားလာမည်။

✣ ခွေးနှစ်ဖွား



စာပေပညာနှင့်ပတ်သက်၍ နှိမ့်ချ ပြောဆိုပြုမူခြင်း ခံရတတ်သည်။ ဘဝအတွက် သင်ခန်းစာယူဖွယ် အမှားအယွင်းများ ကျူးလွန်မိနိုင်သဖြင့် သတိထား ရှောင်လွှဲပါ။

သစ်ချွန်၊ ဓါးချွန်အစအနများ စူးရှထိခိုက်မှုကြောင့် သွေးသံထွက်ယိုဖွယ် ရှိသည်။ အခြွေအရံ လက်အောက်ငယ်သား တော်လှန်ဒုက္ခပေးတတ်သည်။

✣ ဝက်နှစ်ဖွား



ရင်ဆိုင်နေရသော ငွေကြေး အကျပ်အတည်း ပြဿနာများ ပြေလည်၍ အသက်ရှူချောင်ခွင့်ရသောကာလ ဖြစ်သည်။

ဖခင် ဆွေမျိုးသားချင်းများအတွင်း သုမင်္ဂလ သာရေးကိစ္စ ပေါ်ပေါက်ကာ အားကြိုးမာန်တက် ကူညီပေးရဖွယ်ရှိသည်။ ဆန်စပါး စားနပ်ရိက္ခာ ဖူလုံလောက်ငနိုင်သည်။

**ဤလတွင် ကံဇာတာနိမ့်ပါးနေသူ ပုံရိပ်ရှင်တို့သည်** စံပယ်ပန်း(၉)ပွင့်ကို ကြာသပတေးနေ့နံနက် အရုဏ်တက်ချိန်တွင် ဘုရားကပ်လှူကာ အဆိုးတရားများ ပျောက်ကွယ်လျော့ပါးစေရန် ဆုတောင်းနိုင်ကြပေသည်။

***ကြံဆောင်သမျှ အောင်မြင်ကြပါစေ။***

**ဟူဂျင်းဇီ** ***(Hu Jin Zhi)***



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဧပြီလ

# ကျန်းမာရေး အတွက် အကြံပေးချက်များ

| နှစ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ | အာရုံ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | သရက်ရွက် | မြေဖြူ | ၂ | ကောက်ညှင်း | အနောက်တောင် | မျောက်, နဂါး, ကြွက် | စနေသားသမီး | တနင်္လာနေ့ | ရသာရုံ |
| နွား | နှလုံး | အနီ | ၉ | ပြောင်း | တောင် | မြင်း, ကျား, ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| ကျား | အူသိမ် | အနီ | ၉ | ပြောင်း | တောင် | မြင်း, ကျား, ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| ယုန် | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | မြွေ, ကြက်, နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | ဂန္ဓာရုံ |
| နဂါး | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ခွေး, ကျား, မြင်း | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| မြွေ | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | မြွေ, ကြက်, နွား | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| မြင်း | သီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| ဆိတ် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | ဂန္ဓာရုံ |
| မျောက် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | ဂန္ဓာရုံ |
| ကြက် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | နွား, မြွေ, ကြက် | တနင်္လာသားသမီး | စနေနေ့ | ရသာရုံ |
| ခွေး | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| ဝက် | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |

* * *

၂၀၁၃ ခုနှစ်၊ ဧပြီလတွင် **မြင်းနှစ်ဖွား၊ ဆိတ်နှစ်ဖွားနှင့် ခွေးနှစ်ဖွား** ဇာတာရှင်တို့မှာ ကျန်းမာရေး ချူချာနေတတ်ပါသည်။ ဤလအတွက် အကြံပေးချက်ဇယားကို ခွေးနှစ်ဖွားဇာတာရှင်တို့အတွက် စံပြု ရှင်းပြပါမည်။

**ခွေးနှစ်ဖွားတို့သည်** အူမဆိုင်ရာ ရောဂါဝေဒနာများ အထူးသတိထားသင့်သည်။ ရွှေဝါရောင်၊ (၇)ဂဏန်းတို့ အကျိုးသက်ကောင်းစေသည်။ ဆန်နှင့်ပြုလုပ်သော စားဖွယ်များက ကျန်းမာရေး အထောက်အကူပေးနိုင်သည်။ အနောက်အရပ်သို့ သွားရောက်၍ အနားယူခြင်း၊ ဆေးဝါးကုသခြင်းဖြင့် ခံစားနေရသော ရောဂါဝေဒနာများ သက်သာ ပျောက်ကင်းနိုင်ခြေရှိသည်။ **ကြွက်နှစ်ဖွား၊ နွားနှစ်ဖွား၊ မြွေနှစ်ဖွားတို့မှာ** မိတ်ဖက်များ ဖြစ်ကြ၍ အရေးကိစ္စရှိပါက ကြာသပတေးသားသမီးက အကူအညီပေးလာတတ်သည်။ ဂန္ဓာရုံကို အားပြု၍ ကျန်းမာရေး ထူထောင်ပါ။

**ကျန်နှစ်ဖွားများ အထက်ပါအတိုင်း ကောက်ချက်ချနိုင်ကြပါသည်။**



**အာရောဂျဆုလာဘ်နှင့် ပြည့်ဝကြပါစေ။**

**ဟူကျင်းဇီ**

***(Hu Jin Zhi)***



www.burmeseclassic.com

www.burmeseclassic.com

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်

# စမ္မခဏ်ဂါထာ နှင့်

## အပြောင်းအရွှေ့ယတြာ



ပုံပြင် မဟုတ်ပါ။ ဖြစ်ရပ်မှန်တစ်ခုကို တင်ပြချင်ပါသည်။ စာရေးသူသည် အလည်ဆိပ် အ.မ.ကတွင် လ/ထ မူလတန်းပြ တာဝန်ဖြင့် (၄)နှစ်ကျော် ထမ်းဆောင်ပြီး အင်းတော် အ.ထ.က သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက်တွင် ထမ်းဆောင်ခဲ့ရပြီး (၁၃-၇-၁၉၈၆)တွင် ရာထူးတိုးဖြင့် အလည်ဆိပ်သို့ ပြန်ပြောင်းရွှေ့သွားခဲ့ရပြန်ပါသည်။

တစ်နေရာတည်းတွင် နှစ်ခါပြန် ထမ်းဆောင်ရသဖြင့် စိတ်ထဲတွင် ကသိကအောက် ဖြစ်မိခဲ့သည်က အမှန်ပါ။ အမိန့်စာအရ ပြန်သွားခဲ့ရပါသည်။

နားနောင်ဆရာတော် ဦးကလျာဏ၏ မိန့်မှာချက်အရ ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် စမ္မခဏ်ဂါထာကို ရွတ်ရန် တိုက်တွန်းသဖြင့် စာရေးသူ အလည်ဆိပ်သို့ ရောက်သည့်နေ့မှစပြီး (၃၇)ခေါက် ရွတ်ဆိုခဲ့ပါသည်။

ပြောင်းရွှေ့ ကက်ကင်းအရ ယင်းပြားရှက်ကို အိပ်ရာအောက်တွင်ခင်းပြီး အိပ်ပါသည်။ မွေးနေ့တိုင်းတွင် သက်စေ့မီးထွန်းပြီး ကျန်နေ့များတွင် သက်စေ့မီး မဟုတ်သော်လည်း နေ့စဉ် ဆီမီး (၅)တိုင် ဘုရားမှာ ပူဇော်ပါသည်။

တနင်္လာသား ဖြစ်သဖြင့် အရှေ့အရပ်က ဘုရားမှာ သပြေပန်း လှူပါသည်။ ဓာတ်ဖက်အရ လှူဒါန်းပါသည်။ ခုနစ်ရက်သားသမီးများ၏ ဓာတ်ဖက်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

(၁) **တနင်္ဂနွေ၊ စနေဆိုလျှင်** အဗ္ဗောဓာတ်။

တနင်္ဂနွေသားဆိုလျှင် **ဒန်းညွန့်**၊ စနေသားဆိုလျှင် **အုန်းညွန့်**။

(၂) **တနင်္လာ၊ ကြာသပတေးဆိုလျှင်** ဂမ္ဘောဓာတ်။

တနင်္လာသားဆိုလျှင် **သပြေ**၊ ကြာသပတေးသား ဆိုပါက **ကံ့ကော်**။

(၃) **အင်္ဂါ၊ ရာဟုဆိုလျှင်** စရေဓာတ်။

အင်္ဂါဆိုပါက **ရှောက်ညွန့်**၊ ရာဟုဆိုပါက **ဇီး(ဆီး)ညွန့်**။

(၄) **ဗုဒ္ဓဟူး၊ သောကြာဆိုလျှင်** ဝံသေဓာတ်။

ဗုဒ္ဓဟူးဆိုပါက **သီးညွန့်**၊ သောကြာဆိုပါက **ဝါးညွန့်**။

လှူဒါန်းရမည်။

**တနင်္ဂနွေသား** – အရှေ့မြောက်
**တနင်္လာသား** – အရှေ့အရပ်
**အင်္ဂါသား** – အရှေ့တောင်
**ဗုဒ္ဓဟူးသား** – တောင်အရပ်
**ကြာသပတေး** – အနောက်အရပ်
**သောကြာ** – မြောက်အရပ်
**စနေ** – အနောက်တောင်
**ရာဟု** – အနောက်မြောက်

ဖြစ်ပါသည်။

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် စမ္မခဏ်ဂါထာကို အောက်ပါအတိုင်း ခုနစ်ရက်သားသမီးများအဖို့ ရွတ်ဆိုရန် ရေးသားတင်ပြလိုက်ပါသည်။

စာဖတ်ပရိသတ်ကို တစ်ဆင့် ပြန်တင်ပြလိုသည်မှာ မီးဘေး၊ ရေဘေး လေဘေးမှအစ ရန်သူမျိုးငါးပါးနှင့် ပတ်သက်၍ လည်းကောင်း၊ အမှုအခင်း အဖြစ်အပျက် ပြဿနာများအတွက် လည်းကောင်း စီရင်ဆောင်ရွက်နိုင်ပါသည်။ ပွဲပေးပြီး ဆောင်ရွက်လျှင်လည်း ကောင်းမွန်ပါသည်။

ဣတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တာ
သတ္တဗောဇ္ဈင်္ဂေါ အဋ္ဌင်္ဂိကော မဂ္ဂေါ စ
သတိပဋ္ဌာနံ သမ္ဗုဒ္ဓသက္ကနွှော သဟာ
သုရိယော ဇြောင်း နမော မေတ္တာ
ရာဇဘာယံ စောရာဘာယံ ဥဒကာဘာယံ အ
ဘယံ သတ္တုဘာယံ သဗ္ဗဘာယံ ဇေယျော
ဇယတု မင်္ဂလံ အနိစ္စံ သဗ်တံ ပဋိစ္စသမုပ္ပါ
ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓ
ဓမ္မတိ။

စာရေးသူအနေဖြင့် တစ်လအတွင်း အင်းတော် အ.ထ.ကသို့ ပြန်လည် ပြောင်းရွှေ့ခဲ့ရပါသည်။

*အာယု ဝဏ္ဏော သုခံ ဗလံ*

**မောင်ဗဟိန်း (အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com

# အမေးရှိ

အဖြေရှိခဲ့ရပါသည်

ဆရာ မိုးသင်းမြောင်လင်း
(B.Sc–ရှေ့ဘို)
(လက္ခဏာမဟာဘုတ်သုတေသီ)


**လက္ခဏာရှင်က မေးခဲ့ပါသည်။**

၁။ လုပ်ငန်း အသက်ရှင်လောက်မှာ အောင်မြင်မှု ရနိုင်သလဲ။

၂။ ဘယ်လိုလုပ်ငန်း ပိုပြီး အကျိုးဖြစ်ထွန်းနိုင်သလဲ။

ထိုမေးခွန်း(၂)ခုကို လက္ခဏာရှင်ရဲ့ လက်ဝါးပြင်ကို ကြည့်ပြီးတော့ အဖြေပေးလိုက်မိပါတယ်။

ပထမဦးဆုံးမေးတဲ့ မေးခွန်းကတော့ အလုပ်ရဲ့အောင်မြင်မှု အသက်အပိုင်းအခြားကို မေးတဲ့အတွက် ကံလမ်းကိုပဲ ဦးစားပေးပြီး ကြည့်ဖြစ်ခဲ့ပါတယ်။




ကံလမ်းသည် (၃၁–၃၃)နှစ်ဝန်းကျင်မှ စတင်ထားပြီး အားကောင်းနေတာကို တွေ့ရပါတယ်။ တစ်ဖန် ကြာသပတေးတောင်ခုံတွင် မျဉ်းမတ် (ဗေယျထီးရိုး)၊ ဆော်လမွန်ကွင်းများကို တွေ့ရသဖြင့် ကြာသပတေးတောင်ခုံ အားကောင်းတာကို တွေ့လိုက်ရပါတယ်။



နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၁၆၉ စာမျက်နှာ (၁၄၂) သို့

www.burmeseclassic.com

www.burmeseclassic.com

# နှာညှမညှာသော နှာကျွမ်းပိဇ္ဇာယျကြောင့်

အောင်မြင်ခဲ့




တစ်နေ့သ၌...

ကျွန်ုပ်သည် နေ့ခင်းပိုင်း စာရေးသားနေစဉ်မှာ ထုံထိုင်းသလို ဖြစ်လာပြီး အိပ်ငိုက်ချင်သလို ဖြစ်လာသဖြင့် ကျွန်ုပ်၏နေအိမ်နှင့် တစ်ဖာလုံလောက်အဝေးတွင်ရှိနေသော ''ကောင်းထက်''ဟု အမည်ရသည့် လက်ဖက်ရည်ဆိုင်သို့ နေ့လယ်ခင်း လက်ဖက်ရည်သောက်ရန်အတွက် ထွက်လာခဲ့ပါသည်။

ကျွန်ုပ်သည် ဆိုင်အဆောက်အအုံထဲ မဝင်ဘဲ ဆိုင်ရှေ့ဥပစာတွင်ရှိသော မဲဇလီပင်အရိပ်တွင် ခင်းကျင်းထားသော စားပွဲမှာပင် ဝင်ရောက်ထိုင်လိုက်ပါသည်။ ကျွန်ုပ် ရောက်သွားသည်နှင့် စားပွဲထိုးကလေးများက ''ကျဆိမ့်ဟတ်မယ်''ဟု အော်ပြောလိုက်ပါတော့သည်။

ထိုစဉ် ကျွန်ုပ်ထိုင်နေသည့် စားပွဲ၏ အရှေ့တောင်ဘက်နားမှာရှိသော စားပွဲမှ လူရွယ်တစ်ဦးက လေးလေးစားစား ကျွန်ုပ်ကို နှုတ်ဆက်ပြီး သူ့စားပွဲမှာပင် လာရောက်ထိုင်ပါရန် ဖိတ်ခေါ်ပါတော့သည်။

ကျွန်ုပ်မှာလည်း ကိုယ့်အတွေးနှင့် ကိုယ်ဖြစ်နေ၍ ကျွန်ုပ်ကို ဖိတ်သူကို သတိပင် မထားမိခဲ့ပါ။ လူရွယ်မှ ဖိတ်ခေါ်ကာမှပင် မည်သူမည်ဝါဆိုသည်ကို သိရလေ၏။

ကျွန်ုပ်တို့သည် လက်ဖက်ရည်သောက်ရင်း ရှေးကြောင်း, နောက်ကြောင်းတို့ကို အားပါးတရ ပြောဖြစ်ခဲ့တော့သည်။ ကျွန်ုပ်နှင့် လွန်စွာ ရင်းနှီးပြီး တူလို့,ညီလို ခင်မင်ခဲ့ရသော လူရွယ် ဖြစ်ပါသည်။ ယခု ပညာရေးဌာနတွင် အမှုထမ်းနေပါပြီ။

ကျွန်ုပ်မှ ထိုလူရွယ်၏ မိသားစု ကျန်းမာရေး၊ စီးပွားရေးတို့ကို မေးမြန်းခဲ့ပြီးနောက် အသက်အရွယ်နှင့် ရာထူးအလိုက် ဘာသာရေးကို အထူး ဂရုတစိုက်လုပ်ရန် ပြောပြရလေသည်။ ကျွန်ုပ်၏ ပြောပြချက်ကို လက်ခံသည့်အပြင် သူ၏ ကိုယ်တွေ့ ကြုံခဲ့ရသည့် အဖြစ်အပျက်တစ်ခုကိုပင် ပြန်လည် ပြောပြလေတော့၏။

'ကျွန်တော်အနေနဲ့ ဦးအောင် ပြောတဲ့ အတိုင်းအတာအထိ မလုပ်နိုင်သေးပါဘူး ခင်ဗျာ။ ဒါပေမယ့်လို့ လုပ်နိုင်သလောက်ကိုတော့ နေ့စဉ် ဝတ်မပျက် လုပ်ခဲ့တာ နှစ်ပေါင်း(၂၀)လောက် ရောက်နေပြီ ဖြစ်ပါတယ်။

ကျွန်တော် မနက်အိပ်ရာက လိုက်ပြီး မျက်နှာသစ်တဲ့အချိန် ရောက်တာနဲ့ တန်းပြီး တစ်ခါတည်း မျက်နှာမသစ်ပါဘူး ခင်ဗျာ။ မျက် သစ်ဖို့ ခပ်ယူလိုက်တဲ့ ရေခွက် လက်နှစ်ဖက်နဲ့ ကိုင်ထားပြီး အောက်ပါအတိုင်း ရွတ်ဖတ်ပါတယ်

❖ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
❖ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယမ္ပိ ဖယ့္ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
✤ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

အဲဒီလို သရဏဂုံကို (၃)ကြိမ်ရွတ်ဆိုပြီးတော့ ဒုတိယအနေနဲ့ကတော့ ဒီပါတပတိဂါထာတော်ကို တစ်ခေါက် ရွတ်လိုက်ပါတယ်။ ဒီပါတပတိဂါထာတော် ရွတ်ပြီးတာနဲ့ မေတ္တသုတ်တော်မှာပါတဲ့ မေတ္တာပို့ အပုဒ်တစ်ပုဒ်ကို ကျွန်တော်အနေနဲ့ (၉)ခေါက်တိတိ ရွတ်လိုက်ပါတယ်။ ကျွန်တော်ရွတ်တဲ့ အပုဒ်ကတော့...

ဗျာရောသနာ ပဋိဃ သညာ၊
နာညမညဿ ဒုက္ခ မိစ္ဆေယျ။


အနက်

**ဗျာရောသနာ ဗျာရောသနာယ၊** ကိုယ်နှုတ်တို့ဖြင့် စော်ကားထိပါး နှိပ်စက်ခြင်းဖြင့် လည်းကောင်း။ **ပဋိဃ သညာ ပဋိဃသညာယ၊** ဒေါသစိတ်ဖြင့် လည်းကောင်း။ **အညမညဿ၊** အချင်းချင်း (တစ်ယောက်သည် တစ်ယောက်)၏။ **ဒုက္ခံ၊** ဆင်းရဲခြင်းကို။ **နဣစ္ဆေယျ။** အလိုမရှိရာ။ (အလိုမရှိပါစေလင့်)

ကို ရွတ်လိုက်ပြီးမှ ကျွန်တော် မျက်နှာသစ်ပါတယ်။ မျက်နှာသစ်ပြီးတဲ့အခါမှာ အလေ့အကျင့်က ရေသောက်လေ့ ရှိပါတယ်။ ရေသောက်တဲ့အချိန်ကျတော့လဲ ရေသောက်ရန် ရေခွက်နဲ့ ရေခပ်ပြီးတာနဲ့ တစ်ခါတည်း သောက်သေးပါဘူး ခင်ဗျာ။

ရေခွက်ကို လက်နဲ့ကိုင်ထားပြီး အောက်ပါအတိုင်း (၃)ကြိမ်ပြည့်အောင် ရွတ်ဆိုပါသေးတယ်။

● အရဟံ၊



● အရ ဟံ၊
● အ ရဟံ

လို့ သုံးကြိမ်ဆိုပြီးမှ ရေသောက်တာပါ။ အထက်ကပြောခဲ့အတိုင်း လုပ်ပြီးမှ အခြားလုပ်ငန်းကိုင်ငန်း အားလုံး လုပ်ကိုင်ခဲ့ပါတယ် ခင်ဗျား"

ဟု ပြောပြပြီး ခေတ္တနားကာ လက်ဖက်ရည်အချိုကို သောက်လေ၏။

နောက် သူကိုယ်တိုင် တွေ့ကြုံပြီး အောင်မြင်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုကိုလည်း စိတ်ဝင်တစား ပြောပြလေတော့သည်။

'ပြီးခဲ့တဲ့ (၃)နှစ်လောက် အဖြစ်အပျက်တစ်ခုကို ကျွန်တော် ပြောပြချင်ပါသေးတယ် ခင်ဗျာ။ အထက်မှ ညွှန်ကြားတဲ့အတွက် တိုင်းမြို့မှာ ပြခန်းတစ်ခုကို ကျွန်တော်တာဝန်ခံပြီး သွားရောက် ပြသရပါတယ်။

တိုင်းကို သွားရမှာ ဖြစ်တဲ့အတွက် ပြခန်းအဆင့်အတန်း မြင့်မားအောင် ကိုယ့်ဌာနမှာ မရှိတဲ့ပစ္စည်းများကို ဘေးမှ ငှားရပါတယ်။ ဒီလိုနဲ့ ပြခန်းကို တိုင်းမှာ အောင်မြင်စွာပဲ ပြသနိုင်ခဲ့ပါတယ်။ ပြခန်းတာဝန် ပြီးဆုံးတဲ့ရက်မှာ ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းရပါတော့တယ်။

ဂရုတစိုက် သိမ်းဆည်းနေတဲ့အထဲမှာပင် ကွန်ပျူတာသုံး အပြားလေးတစ်ချပ်မှာ နှုတ်ခမ်းနား အနည်းငယ် ပဲ့သွားခဲ့ပါတယ်။ အသုံးချလို့ မဖြစ်တာတော့ မဟုတ်ပါဘူး။ ပဲ့သွားခဲ့တဲ့အတွက် အမြင်မကောင်းတာပေါ့။ ဒီလိုနဲ့ပဲ မိမိမြို့ကို ပြန်ရောက်လာပြီး ငှားရမ်းထားတဲ့ပစ္စည်းများကို ပြန်လည်ပေးပို့ရပါတယ်။

ပြန်ပို့တဲ့အထဲမှာ အထက်က ပြောခဲ့တဲ့ ကွန်ပျူတာသုံး အပြားလေး ပါမသွားခဲ့ပါဘူး။ ဒီပစ္စည်းက မူလကလို အကောင်းမဟုတ်တော့တဲ့အတွက်၊ ဘယ်သူမှ ပြန်မပို့လိုကြတဲ့အတွက် ကျန်နေခဲ့တာပါ။

ဒီလိုနဲ့ ပစ္စည်းပိုင်ရှင်ဌာနက အကြိမ်ကြိမ်ပင် တောင်းခေါ်စာတွေ လာနေပါပြီ။ တောင်းခေါ်စာ အကြိမ်ကြိမ်နဲ့ တောင်းတာလဲ အဆိုးမဟုတ်ပါဘူး။ (၆)လ၊ (၇)လ မကတော့ဘူးဆိုတော့ စာနဲ့ပေနဲ့ တောင်းကြတာပေါ့။

ဒါနဲ့ပဲ နောက်ဆုံး ကျွန်တော် ကိုယ်တိုင် ထိုပစ္စည်းလေးကို ယူပြီး တာဝန်ရှိသူထံမှာ အပ်နှံခဲ့ပါတယ်။ ပစ္စည်းပြန်လည်ပေးအပ်ဖို့ ထွက်ကတည်းကပင် ကျွန်တော်အထက်က ပြောပြခဲ့တဲ့ မေတ္တသုတ်မှ တစ်ပုဒ်ကို မနားမနေ ရွတ်ဆိုလိုက်တာပါပဲဗျာ။

သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူထံကို ပစ္စည်းကို လက်ရောက် ပေးအပ်ပြီး ဖြစ်စဉ်များ အားလုံးကို မခြွင်းမချန် အမှန်အတိုင်း ဖွင့်ပြောပြလိုက်ပါတယ်။ လိုအပ်လာလို့ တာဝန်ယူရမယ်ဆိုရင်လဲ တာဝန်ယူပါမည်ဟု ဆွေးနွေးပြီး ပေးခဲ့ပါတယ်။

အဆင့်ဆင့် တင်ပြပြီး အကြောင်းပြန်ကြားပါမည်ဟု ပြောလိုက်ပါတယ်။ မှာကြားလိုက်တဲ့ရက် ကျော်လွန်သွားတဲ့တိုင်အောင် ပစ္စည်းနဲ့ပတ်သက်ပြီး ပစ္စည်းအစားပေးရခြင်း၊ ပြည်ပသို့ မှာယူပြီး ကုန်ကျငွေ ပေးချေရခြင်း စသည် မရှိဘဲ အေးအေးဆေးဆေးပင် ထို



www.burmeseclassic.com

www.burmeseclassic.com

ပြသသနာ ပြီးမြောက်သွားခဲ့ပါတယ်။

ကျွန်တော်ဖြင့် ကိုယ်တွေ့လဲ ဖြစ်နေတာဆိုတော့ ဝမ်းသာလိုက်တာ အတိုင်းအတာ မရှိပါဘူး။ နောက် ကျွန်တော်တို့ရဲ့ ဘုန်းတော်ကြောက်စုံ တန်ခိုးဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်ကို ပိုပြီး ပိုပြီး ကြည်ညိုလာခဲ့ရပါတယ်။ ပိုပြီးလဲ အားကိုးအားထား ဖြစ်လာပါတယ် ခင်ဗျား'

ဟု ရှည်လျားစွာပင် ပြောပြပါလေတော့သည်။

ကျွန်ုပ်တို့ လူချင်းခွဲပြီး အိမ်သို့ပြန်လာခဲ့ပါပြီ။ ကျွန်ုပ်၏ စိတ်အစဉ်တို့မှာ မရပ်မနား အတွေးပေါင်းများစွာဖြင့် ဗိစီးမှု ခံနေရလေသည်။ နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါသည်။ ကျွန်ုပ်သည် ထိုအကြောင်းကို ဆောင်းပါးရေးမည်။ မေတ္တာသုတ်လာ ဂါထာတော်ကို ဖော်ပြမည်။

**ပါဠိတော်မှာ...**

ဗျာရောသနာ ပဋိဃ သညာ၊
နာညမညဿ ဒုက္ခ မိစ္ဆေယျ။

မြန်မာပြန်တစ်မျိုးကို ဖော်ပြပါမည်။

"ချင်းချင်းလူဗိုလ်၊ ဆင်းရဲကိုး အလိုမရှိကြပါစေ"။

**(ယခု မေတ္တာပို့ မြန်မာပြန်သည် မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ မေတ္တာဘာဝနာ ပွားနည်းမှ မူရင်းအတိုင်း ကူးယူရေးသား ဖော်ပြခြင်း ဖြစ်ပါသည်။)**

ယခု ကျွန်ုပ် ရေးသားပြီး ဖော်[...] လိုက်သော မေတ္တာပို့အပုဒ်ကို[...] တကယ် စွဲစွဲမြဲမြဲ မေတ္တာပို့သကြည့်[...] ဤ လောကကြီးထဲမှာရှိသော လူ[...] စေ၊ နတ်ဖြစ်စေ၊ နောက်ဆုံး တိရစ္ဆာ[...] ပင်ဖြစ်စေ မေတ္တာ၏ တန်ခိုးတော်[...] အာနုဘော်ကြောင့် နှလုံးစိတ်ဝမ်း အေ[...] ချမ်းသွားမည်မှာ မုချဖြစ်ပါသည်။

***ကောင်းမှုကိစ္စမှန်သမျှ ထိုထော[...] တောင့်တတိုင်း ရရှိ ပြည့်စုံကြပါစေ***

**အောင် *(သိဒ္ဓိရာဇ)***
**နဝင်းမြို့တော်**

**စာမျက်နှာ (၁၆၉)မှ အဆက်**

ကာယကံရှင်သည် (၉)ရက်မွေး ဖြစ်တဲ့အတွက် **၃, ၆, ၉** ဂဏန်းများအကျိုးပေးပါတယ်။ ကြာသပတေးဂြိုဟ်ခံ အားကောင်းခြင်းကလဲ ၃,၆,၉ ရက်စွဲတွေ အကျိုးပေးကြောင်း ထင်ရှားစေပါတယ်။

ဒါကြောင့် (၃၃)နှစ်က စတင်ပြီး ထူးထူးခြားခြား အောင်မြင်မှုရမယ်လို့ အဖြေပေးလိုက်ပါတယ်။

**ဒုတိယအမေးကိုတော့** ပညာရေး ဆိုင်ရာလုပ်ငန်း၊ စာသင်ကြားမှုဆိုင်ရာ ဆရာလုပ်ငန်းနဲ့ အကျိုးပေးကြောင်း ပြောလိုက်ပါတယ်။

အသက်လမ်းကြောင်းပေါ်တွင် တိုးတက်လမ်းများပါရှိခြင်းက တိုးတက်ကြီးပွားအောင်မြင်မှုကို ဖြစ်စေပါတယ်။

ကြာသပတေးဂြိုဟ်ခံ အားကောင်းတဲ့အတွက် ပညာရေးဆိုင်ရာလုပ်ငန်း(ဂုဏ်သိက္ခာကို အလေးထားရသော လုပ်ငန်းမျိုး) အကျိုးပေးပါတယ်။

တစ်ဖန် အဂ်ီလမ်းပါတဲ့အတွက် တည်ကြည်ခံ့ညားတဲ့ အလုပ်မျိုးနဲ့ ပိုပြီးအကျိုးပေးပါတယ်။

တစ်ဖန် ကံသစ်ပင်နဲ့ **ဂမ္ဘီရကြက်ခြေ** အောင်မြင်ရေးလမ်းများကို တွေ့ရသဖြင့် ခြုံငုံပြီး သုံးသပ်ကြည့်ပြီး အဖြေထုတ်လိုက်ခြင်းပါပဲ။

ယခုလည်း ပညာရေးဝန်ဆောင်မှု လုပ်ငန်းဖြင့် အောင်မြင်စ, ပြုနေပါပြီ။

***သင်၏ဘဝ ချမ်းမြေ့သာယာရှိပါစေ***

**ဆရာ ဦးခင်မောင်လင်း**
*(B.Sc–ရှေ့ဘို)*
**(လက္ခဏာမဟာဘုတ်သုတေသီ)**

**စာ**

**က...**

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂ[...]
အမှတ် ၂၃၃၊ (၂၉)လမ်း[...]
ပန်းဘဲတန်းမြို့နယ်[...]
ရန်ကုန်မြို့
ဖုန်း–၀၁–၂၄၂၂၈၄



www.burmeseclassic.com

www.burmeseclassic.com

မဟာဘုတ်ချိန်ခွင်နှင့်

# ဘေးကင်း ရန်ကွာ ကျင့်စဉ်




(၆-ကြွင်း မဟာဘုတ်ပိုင်ရှင်
တနင်္ဂနွေသားသမီး
သိုက်ဖွားများအတွက်)

ကျင့်စဉ်ကို ဘေးကင်းရန်ကွာ ကျင့်စဉ်လို့ အမည်ပေးထားပါတယ်။ ဘာကြောင့်လဲဆိုတာကို ရှင်းမပြမီ ပြောချင်တာက **(၆)ကြွင်း မဟာဘုတ်ပိုင်ရှင် သိုက်ဖွားများ**အတွက် ရည်ရွယ်ထားတာ ဖြစ်ပါတယ်။

(၆)ကြွင်း မဟာဘုတ်ကို ကြည့်လိုက်ပါဦး။

* * *

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ဝ |

ရှင်းသွားပြီ။ (၆)ကြွင်း မဟာဘုတ်ပိုင်ရှင် သိုက်ဖွားသည် တနင်္ဂနွေသားသမီးဖြစ်ကြောင်းကိုပါပဲ။ (၆)ကြွင်းမဟာဘုတ် တနင်္ဂနွေသားသမီးက အညံ့ဆုံးလို့ ဆိုပါရစေ။

ရှင်းပါဦးအံ့။

ကြည့်ပါဦး။

(၆)ကြွင်းမဟာဘုတ်တွင် တနင်္ဂနွေသားသမီးရဲ့ အမြစ်ဂြိုဟ်ဖြစ်သော စနေ(ဝ-နေ)ဂြိုဟ်သည် ပုတိ(အပုပ်)အိမ်မှာရှိနေတယ်။ အညွန့်ဂြိုဟ်ဖြစ်တဲ့ တနင်္လာ(၂-လာ)က မရဏအိမ်မှာ ရှိနေတယ်။ ဒီတော့ အမြစ်က (ပုပ်) အညွန့်က(သေ)ဆိုတော့ ပင်စည်(၁-နွေ)ကရော ကောင်းနိုင်ပါ့မလား။

တစ်ဖန်...

တနင်္ဂနွေ(မူလဂြိုဟ်–သိုက်ဂြိုဟ်)က ရာဇအိမ်က ဗုဒ္ဓဟူးဂြိုဟ်နှင့် ပက္ခမိပါတယ်။ အိမ်ထောင်ရန်ဘက်(အင်းဝ) ကျနေတယ်။ ဒီတော့ လုပ်ငန်းတွင် ပဋိပက္ခကြုံခြင်း၊ အမှုအခင်းဖြစ်ရခြင်း၊ အလုပ်ထိခိုက်ခြင်း၊ အိမ်တွင်း မသာယာခြင်း၊ အိမ်ထောင်ပြိုကွဲခြင်း တို့ ဖြစ်စေတတ်ပါတယ်။

တစ်ဖန်...

စနေ**(အမြစ်ဂြိုဟ်–ပုတိဂြိုဟ်)**က တနင်္ဂနွေရဲ့ အပြင်မိတ်ဖြစ်တဲ့ ကြာသပတေးဂြိုဟ်နဲ့ ပက္ခမိပြီး ရန်ဓာတ် (ဓမ္မာ)ကျနေပြန်တယ်။ ဒီတော့ ရန်များခြင်း၊ ပူပင်သောက များရခြင်း၊ စိတ်အေးချမ်းမှု မရနိုင်ခြင်းတို့ ဖြစ်တော့တာပါပဲ။

တစ်ဖန်...

စီးပွားရေးဂြိုဟ်ဖြစ်တဲ့ အညွန့်ဂြိုဟ် (၂–လာ–မရဏ)သည် တနင်္ဂနွေရဲ့ ရန်ဂြိုဟ်ဖြစ်တဲ့ အင်္ဂါဂြိုဟ်(အဓိပတိဂြိုဟ်နဲ့) ပက္ခမိပြန်ပါတယ်။ ဒီတော့...

* ငွေကြေးအတွက် ပူပန်ရခြင်း။
* ငွေကြေးခက်ခဲမှု ကြုံခြင်း။
* အချစ်ရေး ကံမကောင်းနိုင်ခြင်း။
* ငွေကြေးကြောင့် ပြဿနာကြုံခြင်း

တို့ ဖြစ်စေပါမယ်။


တစ်ဖန်...

တနင်္ဂနွေသားသမီးများရဲ့ အိမ်ထောင်မိတ်ဖြစ်တဲ့ သောကြာဂြိုဟ်သည် ဘင်္ဂ(အပျက်)အိမ် ရပ်တည်နေတဲ့အတွက် အတွင်းမိတ် ပျက်တဲ့အတွက်...

❆ အိမ်ထောင်ရေး မသာယာခြင်း။
❆ အိမ်ထောင်ဆက် များစေခြင်း။
❆ အိမ်ထောင် မမြဲခြင်း။
❆ မယားကံ မကောင်းခြင်း။
❆ အိမ်ထောင် ပြိုကွဲခြင်း။

တို့ ဖြစ်စေတတ်ပါတယ်။ ဒါတွေကြောင့် ဘေးကင်းရန်ကွာရအောင်လို့ လမ်းပြလိုက်ပါတယ်။

* * *




ကြည့်ပါ။

**တနင်္ဂနွေနေ့တိုင်း တနင်္ဂနွေထောင့်၌**...

◌ ရေအိုးတစ်လုံးတွင် ရေသန့်သန့် ကြည့်ကြည်ထည့်ပါ။

◌ စက္ကူပန်းထည့်ပါ။ (ဝါ) ကန်စွန်းဥပြုတ် လှူပါ။ (ဝါ) ကြာဇံကြော် လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ရေအိုး | = | ၄-၁ | (အင်းဝခေတ်ကို ရည်ညွှန်းခြင်း) |
| စဏ္ဍုပန်း | = | ၃-၂ | (ခေတ်တူနှုတ်) |
| ကန်စွန်းဥ | = | ၂-၃ | (ကုန်းဘောင် |
| ကြာဖူးကြော် | = | ၂-၃ | စံကူးခေတ်ကိုရည်ညွှန်းခြင်း) |
| ဝိတောက် | = | ၅-၇ | (မြန်မာခေတ်ကို ရည်ညွှန်း |
| ဗုဒ္ဓါ | = | ၅-၇ | ထားခြင်း။ |
| ပဒုမ္မာ | = | ၅-၇ | ရန်ပျက်လျှင် |
| မေတ္တာ | = | ၅-၇ | မိတ်ဖြစ်မှုအရ) |

❂ ပြီးလျှင် ဘုရားရှင်ကို ရည်မှန်း၍ လှူပါ။
❂ ပြီးလျှင် ဝိတောက်သားပုတီးဖြင့် "ဗုဒ္ဓါ" ဂုဏ်တော် (၆)ပတ်စိပ်ပါ။
❂ ပြီးလျှင် ပဒ္မာန်းရွတ်ပါ။ (ဝါ) မေတ္တာသုတ်ရွတ်ပါ။ (ဝါ) ပုဗ္ဗဏှသုတ်ရွတ်ပါ။

ဤကဲ့သို့ မှန်မှန်မပြတ် ဆောင်ရွက်ခဲ့လျှင်ဖြင့် **တခုဂ်ဓေ့သားသမီး သိုက်ဖွားများသည်** ဘေးကင်းရန်ကွာ စိတ်ချမ်းသာ လာမှာဖြစ်ပါတယ်။

**ဘေးကင်းရန်ကွာ ကျင့်စဉ်ကို ဂမ္ဘီရသဘောဖြင့် ကြည့်လျှင်**...

* * *

စေတနာဖြင့် လမ်းညွှန်ပြီးပါပြီ။

***အေးပါစေ အောင်ပါစေ။***

သန်းပညာ

# ဘော်ဝါတးလမ်း

နဂ္ဂတ္တာရောင်ခြည် မဂ္ဂဇင်းသို့ ဆောင်းပါးများ ရေးသား မပေးပို့နိုင်သည်မှာ ကြာပြီ ဖြစ်ပါသည်။ ထို အတွင်း စာရေးသူမှာ အင်္ဂလိပ် ဝါရင့်ဆရာတော်ကြီးများ၊ အင်္ဂလိပ် ကျွမ်းကျင်သော ဆရာကြီးများထံတွင် လက်တွေ့ကွင်းဆင်း၍ ပညာရပ်များ လေ့လာ သင်ယူနေခဲ့ပါသည်။

စာရေးသူမှာ အင်္ဂလိပ် ဝါရင့် ပုဂ္ဂိုလ်တစ်ဦး မဟုတ်သည့်အတွက် အချိန်ရလျှင် ရသလို အင်္ဂလိပ်ကျမ်းများကို ရှာဖွေဖတ်ရှုလေ့လာခြင်းနှင့် ဝါရင့် ဆရာတော်ကြီးများထံ အင်္ဂလိပ် ပညာရပ်များကို လေ့လာ သင်ယူခဲ့ပါသည်။

နှမ်းတစ်စေ့လောက်သော ပညာရပ်ဖြင့် လူတတ်ကြီးလုပ်ပြီး ရေးသားနေသည်ဟု မထင်စေလိုပါ။ အင်္ဂလိပ် ဝါရင့် ဆရာဆရာများ အစဉ် လေးစား ကြည်ညိုပြီး ဖြစ်ပါသည်။

မိမိ ရေးသားနေခြင်းမှာ မျိုးဆက်သစ် အင်္ဂလိပ်ဝါသနာရှင်များ စမ်းတဝါးဝါးဖြင့် စခန်းမသွားရအောင် စိတ်ရင်းစေတနာအမှန်ဖြင့် တင်ပြနေခြင်းသာ ဖြစ်ပါသည်။

ယခုလည်း မိမိ သုတေသန ပြုလုပ်နေသည့် အထဲမှ အောင်မြင်သည့် ဘော်ဝါလမ်းစဉ်ကို ရေးသားတင်ပြမည် ဖြစ်ပါသည်။

**လိုအပ်သော ပစ္စည်းများမှာ...**

၁။ ပြဒါး (၁) ကျပ်သား
၂။ သွပ် (၁) ကျပ်သား
၃။ ဒုတ္တာ (၂)ကျပ် (၈)ပဲသား (နှစ်ကျပ် ရှစ်ပဲသား) ဖြစ်ပါသည်။

သွပ်နှင့် ပြဒါးကို သန့်ရှင်းအောင် အရင်သန့်စင်ပါ။ သွပ်နှင့်ပြဒါး သန့်စင်ပုံကို သိရှိပြီးဖြစ်မည် ထင်ပါ၍ အကျယ်တဝင့် မရေးသားတော့ပါ။

လုံကာစ်လုံတွင် သွပ်နှင့် ပြဒါးကို တွဲပါ။ သွပ်နှင့်ပြဒါးတွဲပြီး အမှုန့်ဖြစ်အောင် ထောင်းပါ။ ဒုတ္တာကို အမှုန့်ဖြစ်အောင် ထောင်းပါ။ သွပ်, ပြဒါးတွဲ အမှုန့်နှင့် ဒုတ္တာအမှုန့်များရောနှောပြီး အဝတ်စဖြင့် သေချာထုပ်ပါ။

မြေအိုးတစ်လုံးထဲသို့ ကင်ပွန်းချဉ် အရွက်တော်တော်များများ ထည့်ပါ။ ရေအလောတော်ထည့်ပြီး ထောင်းထားသောအမှုန့် အဝတ်ထုပ်ကို မှန်ထုပ်ဆွဲပြီး ထည့်ပါ။ ထို့နောက် သုံးရေချန် ပြုတ်ပါ။ သုံးရေချန်ပြုတ်ပြီး ဆေးများကို အခြောက်ခံရပါသည်။

ဆေးများ ခြောက်သွေ့လျှင် လုံတစ်လုံးထဲတွင် ဘော်တစ်ကျပ်သား, ဆေးနှစ်ကျပ်သား အထက်အောက်နှိုး၍ လုံတစ်ခိုင်ထိုးပါ။ တစ်လုံ, နှစ်လုံ ထိုးပြီးလျှင် ခွဲကြည့်ပါက ဝါဝင်းနေသော ဘော်ဝါခတ်များကို တွေ့မြင်ရမည် ဖြစ်ပါသည်။



ထိုဘော်ဝါခတ်သားကို မိမိတို့ ဉာဏ်ရှိသလို ဆက်လက်ဆောင်ရွက်နိုင်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

***မေတ္တာဖြင့် သစ္စ မင်္ဂလာ***

ဦးမောင်(ရွှေအောင်)



www.burmeseclassic.com

www.burmeseclassic.com

# ငွေရကံ ပွင့်စေ မြင့်စေဖို့



ယတြာ

ငွေရကံပွင့်စေ,မြင့်စေသည့် ယတြာကို နတ်မောက်မြို့နယ်၊ ဒဟတ်တန်းကျေးရွာမှ ရေးမြန်မာ မဟာဘုတ်ဗေဒင်ဆရာကြီးဦးအုန်းဆောင်မှ ပြောပြပေးသဖြင့် ရေးသားတင်ပြနိုင်ရခြင်း ဖြစ်ပါသည်။

**တနင်္လာနေ့ နံနက်(၉း၄၅)နာရီမကျော်လွန်မီ အပြီးဆောင်ရွက်ရပါမည်။** ထိုတနင်္လာနေ့သည် ပြဿဒါးမကျစေရပါ။ ရက်ရာဇာကျလျှင် ပိုကောင်းသည်။ အဓိကမှာ ပြဿဒါးရက်မဟုတ်လျှင် ဖြစ်ပါသည်။

သကြိန်ကြိုသည့် အတာကြို မြေအိုးငယ်ကို ဈေးမဆစ်ဘဲ ဝယ်ပြီး ငွေမင်ဖြူဖြူဖွေးဖွေး သုတ်လိမ်းပါ။ ငွေမင်အခက်အခဲရှိလျှင် ထုံးဖြူသုတ်ပါ။

အထက်ပါအတိုင်း ပြုလုပ်ပြီးသော အိုးထဲသို့ လန်းဆန်းသန့်စွမ်းသော **ကန်စွန်းညွန့်(၉)ညွန့်ထိုးစိုက်ပျိုး၊** မိမိအရပ်အမောင်းထက် လက်တစ်လှမ်းမြင့်သော အမြင့်တွင် တင်ထားပါ။

ထို့နောက် အောက်ပါဂါထာ (၉) ခေါက်ရွတ်ပါ။

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိံ ဟာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟော ရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **အာဒိစ္စော** | = | အာဒိတ်စော |
| **ရတ္တိမာ** | = | ရတ်တိမာ |
| **စန္ဒိမာ** | = | စန်ဒိမာ |
| **သန္နဒ္ဓေါ** | = | သန်နတ်ဓော |
| **ခတ္တိယော** | = | ခတ်တိယော |
| **ဗြာဟ္မဏော** | = | ဗြန်မဏော |
| **သဗ္ဗ** | = | သပ်ဗ |
| **ရတ္တိံ** | = | ရတ်တိန် |
| **ဗုဒ္ဓေါ** | = | ဗုတ်ဓော |
| **သမ္ပန္နံ** | = | သမ်ပန်နံ |
| **ဗုဒ္ဓံ** | = | ဗုတ်ဓံ |
| **ဝန္ဒာမိ** | = | ဝန်ဒါမိ |
| **နမက္ကာရ** | = | နမက်ကာရ |
| **သဗ္ဗေ** | = | သပ်ဗေ |
| **ပူရေန္တု** | = | ပူရင်တု |
| **သင်္ကပ္ပာ** | = | သင်ကပ်ပါ |

အနက်

**အာဒိစ္စော၊** နေမင်းသည်။ **ဒိဝါ၊** နေ့အခါ၌။ **တပတိ၊** ထွန်းလင်းတောက်ပ၏။ **စန္ဒိမာ၊** လသည်။ **ရတ္တိံ၊** ညဉ့်အခါ၌။ **အာဘာတိ၊** ထွန်းလင်းတောက်ပ၏။ **ခတ္တိယော၊** ရှင်ဘုရင်သည်။ **သန္နဒ္ဓေါ၊** ချပ်ဝတ်တန်ဆာဆင်ပါမှသာလျှင်။ **တပတိ၊** ထွန်းလင်းတောက်ပ၏။ **ဗြာဟ္မဏော၊** ရဟန္တာသည်။ **ဈာယီ၊** ဈာန်ဝင်စားမှသာလျှင်။ **တပတိ၊** ထွန်းလင်းတောက်ပ၏။

**အထ၊** ထို နေ,လ,ရှင်ဘုရင်,ရဟန္တာတို့ထက်။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **သဗ္ဗမဟောရတ္တိံ၊** အလုံးစုံသော နေ့ညဉ့်ပတ်လုံး။ **တေဇသာ၊** တန်ခိုးတော်ဖြင့်။ **တပတိ၊** ထွန်းလင်းတောက်ပတော်မူပါပေ၏။ **တာဒိသံ၊** ထိုကဲ့သို့သော။ **တေဇ သမ္ပန္နံ၊** တန်ခိုးတော်နှင့်ပြည့်စုံတော်မူသော။

**ဗုဒ္ဓံ၊** မြတ်စွာဘုရားကို။ **အာဒရံ၊** ရိုသေစွာ။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

**နမက္ကာရ နဘာဝေန၊** ရှိခိုးခြင်းကိုပြုရသော အာနုဘော်ကြောင့်။ **သဗ္ဗေ၊** အားလုံးကုန်သော။ **သင်္ကပ္ပာ၊** အကြံအစည်တို့သည်။ **ပူရေန္တု၊** ပြည့်ပါစေကုန်သတည်း။

*(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင် (စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)*

ကန်စွန်းညွန့်များကို **ခုနစ်ရက် တစ်ကြိမ် အသစ်လဲ**ပေးပါ။ သုံးကြိမ်လဲပေးပြီးလျှင် သိသာစွာ ငွေကံပွင့်၊ ငွေကံမြင့်လာပါလိမ့်မည်။

အပန်းမကြီးဘဲ နေအိမ်တွင် ကိုယ်တိုင်ပြုလုပ်နိုင်သော ယတြာဖြစ်၍ လူတိုင်း အလွယ်တကူ ဆောင်ရွက်လုပ်ကိုင်စေရန် တစ်ဆင့်ကြားနာ ပညာယူ ရေးသားတင်ပြလိုက်ပါသည်။

**နတ်မောက် ကောင်းမြတ်မြင့်**



www.burmeseclassic.com

www.burmeseclassic.com

မွေးလူနာအတွက်
အဆောင်တစ်လက်

မိမိဝန်းကျင်ရှိ

# အနိုင်ဓာတ်များ



ညက တံစက်မြိတ်ရေကျ မိုးလေး တစ်ပြိုက် ရွာထားပါသဖြင့် နံနက်မိုး သောက်ချိန်တွင် အဘစံ၏ ခြံအတွင်းရှိ တောစံပယ်ပင်၏အောက်တွင် ထိုး ထားသော ဆင့်လေးပေါ်တွင် တော စံပယ်အပွင့်သေးကလေးများ ဖွေးဖွေး လှုပ် ကြွေကျနေပါပြီ။

ရွာအရှေ့ပိုင်းနေ ပရိဘောဂ အချော ထည် လက်သမားဆရာ ကိုရဲမောင်၊ မဝင်းဝင်းတို့၏ ဖိတ်ကြားချက်အရ အဘစံ၊ ဗေဒင်ဆရာဦးမြင့်လှိုင်နှင့် ကျွန်တော်သည် နံနက်မိုးလင်းချိန်တွင် ယင်းဆင့်ကလေးအပေါ်သို့ ရောက်ရှိ၍ ရေနွေးကြမ်းကို သောက်လျက် ညက မိုးရွာသည်မှာ မိုးနည်းသည့်အကြောင်း ကို ပြောနေကြပါသည်။

ထို့နောက် ကိုရဲမောင်၊ မဝင်းဝင်း တို့မှ ကျွန်တော်တို့သုံးဦးအား မုန့်ဟင်းခါး၊ အီကြာကွေး၊ အိုဗာတင်း၊ လက်ဖက်အကြော်စုံတို့ဖြင့် အာဟာရ ဒါပြုပါ၏။

ထို့နောက် မဝင်းဝင်းမှ ကျွန်တော်တို့ အား ကန်တော့လျက်...

'ဘစံတို့၊ ဘသန်းတို့၊ ဆရာဦးမြင့် လှိုင်တို့ရေ... မရှိသေလို့ မဟုတ်ပါ၊ နားနဲ့မနာ ဖဝါးနဲ့ နာပါ။ ကျွန်မ ကိုယ်ဝန်မှ ချမ်းသာစွာ ထမ်းဖို့အတွက် အင်္ဂုလိမာလ သုတ်တော်ကို ရွတ်ပြီး မေတ္တာပို့ ဆု တောင်းပေးပါ'

ဟု အကူအညီတောင်းပါလေတော့ သည်။

ထိုအခါ အိမ်ထောင်သားမွေးကိစ္စ များကို လုံးဝမသိ၊ မသိကျိုးကျွံ ကျွန်တော်မှ...

'စိတ်ချ... လောကချမ်းသာခြင်း၏ အကြောင်းသည် ဖြစ်ရစေမည်။ ဘဝတု သဗ္ဗမင်္ဂလံ'

ဟု နှုတ်ကတိပေးလိုက်ပါ၏။ ကိုရဲ မောင်နှင့် မဝင်းဝင်းတို့ ပြန်သွားကြ သောအခါ ကျွန်တော်မှ...

'ကဲ...ဘစံတို့၊ ဆရာဦးမြင့်လှိုင်တို့ ရေ... သူတို့ အာဟာရဒါနပြုတဲ့ မုန့်ဟင်းခါး၊ အိုဗာတင်းကိုလဲ စားပြီး သောက်ပြီးပြီ။ ကျွန်တော်က အင်္ဂုလိ မာလသုတ်ကိုသာ ရွတ်တတ်တာ။ အဆောင်ကောင်းကလေးရှိရင် မိန့် ကြားပါဦး'

ဟု အကူအညီတောင်းရပါတော့ သည်။

ထိုအခါ အဘစံမှ...

'စားပြီးတဲ့အစာ မကြေညက်အောင် နှလုံး စိတ်ဝမ်း ပူမနေပါနဲ့၊ ကျုပ်မှာ သစ်ကျွတ်ရှိပါ တယ်။ သစ်ကျွတ်ဆိုတာ ရွာဦးကျောင်း ဆောက်တုန်း ပျဉ်လိုလို ကျောင်းတောင်ဘက် က ကုက္ကိုပင်ကြီးကို ခုတ်လှဲရာက ပင်စည် အတိုင်က ကျွတ်ကျန်ခဲ့တဲ့သစ်စကို သစ်ကျွတ် လို့ ခေါ်တယ်။

သစ်ကျွတ်က အပင်တိုင်း ခုတ်လို့ မရတာ ပါဘူး။ နောက် ကျိုးမနား ထန်းရွက်ပေါ်မှာ ဠ...ဠ...ဠ ဗျည်းအက္ခရာသုံးလုံးရေးပြီး သစ်ကျွတ်စကို ပတ်ပြီးတော့ မွေးလူနာရဲ့ ဦးခေါင်းအောက်မှာ ထားလိုက်ပေါ့။ ကလေး အချင်းကျန်ရင်တောင် ကျွတ်ကျပါတယ်'

ဟု ပြောလေလျှင် ကျွန်တော်မှ ဗေဒင်ဆရာဦးမြင့်လှိုင်အား...

'သစ်ကျွတ်အဆောင်ရဲ့ ဓာတ်သက် ရောက်ပုံကို ရှင်းပါဦးဆရာ'

ဟု ပြောသောအခါ ဗေဒင်ဆရာ ဦးမြင့်လှိုင်မှ...

'ကလေးအချင်း မဟုတ်ပါဘူး။ သားသန္ဓေ ကို ဆက်သွယ်ပေးတဲ့ သားချင်းပါ။ သစ်ကျွတ် က သားချင်းကို ဓာတ်တူနာမ်တူ ဆေးဖက် ယူတဲ့ ပညာသဘောကို ဆောင်ပါတယ်။

ကျိုးမနားထန်းရွက်ကတော့ ထက်မြက်တဲ့ သဘောရှိပါတယ်။ ထန်းပင်ဆိုတာ အသက် ရှည်တဲ့ အပင်မျိုးလေး။ ထန်းပင်အဖိုအမကို ထန်းပင်အသက် နှစ်(၃၀)ရှိမှ ကွဲပြားလာပါ တယ်။

ကလေးအသက်ရှည်အောင် ပညာယူတာ ပါ။ (ဠ)ဗျည်းအက္ခရာက အပေါ်ဒိုးဆောင် ဓာတ်ဖြစ်တဲ့အတွက် ကျွတ်စေ၊လွတ်စေ၊ ထွက်စေဆိုတဲ့ ဓာတ်သဘော သက်ရောက် တာပေါ့'

ဟု ရှင်းပြကာ စကားဝိုင်းကို သိမ်း လိုက်ပါသည်။ ကျွန်တော်လည်း မဝင်းဝင်းအတွက် နှလုံးစိတ်ဝမ်း အေးချမ်း သွားပါ၏။

နောင်သောအခါ ကိုရဲမောင်၏ဇနီး မဝင်းဝင်းမှ သားယောက်ျားလေး ဖွား မြင်၍ ကိုယ်ဝန်မှ ချမ်းသာစွာ ထမြောက် ခဲ့ရသည်ဟု ကြားသိရပါကြောင်း။

**အောင်လှသန်း (ဓနုဘျူ)**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကျန်းမာပါစေတိုင်းရင်းဆေးခန်း

# ဆရာ ဦးသီဟ

(တဆ-၀၃၉၈၀)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

မြောင်မြ မောင်ယဉ်တင့်

# လိပ်ခေါင်းရောဂါ

သိကောင်းစရာများနှင့်ကုထုံး


လိပ်ခေါင်းရောဂါဟာ အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ ဖြစ်တတ်တဲ့ ရောဂါဖြစ်ပါတယ်။ အမျိုးသားများ (၃၀)ရာခိုင်နှုန်းနဲ့ အမျိုးသမီးများ (၅၀) ရာခိုင်နှုန်း ဖြစ်ပွားလျက်ရှိတဲ့ ရောဂါ ဖြစ်ပါတယ်။

လိပ်ခေါင်းရောဂါကို အချိန်မီ မကုသခဲ့ရင် အစာမကြေရောဂါ၊ အကြောဘက်ရောဂါ၊ မကြာခဏ ဖျားခြင်းရောဂါ၊ အာရုံကြောရောဂါ၊ အမျိုးသား အမျိုးသမီး ဆန္ဒအားနည်းရောဂါတွေ ဆင့်ပွား ဖြစ်တတ်ပါတယ်။

အဲဒီလိပ်ခေါင်းရောဂါနဲ့ ကုထုံးကို ဆွေးနွေးဖို့ တောင်ဥက္ကလာပမြို့နယ်ကို ရောက်တဲ့အခါ **တိုင်းရင်းဆေးဆရာကြီး ဦးဝင်းလေးနဲ့ တိုင်းရင်းဆေးဆရာမကြီး ဒေါ်လှသိန်းတို့ရဲ့သား ဆရာ ဦးသီဟနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။**

ဆေးကုသသက် (၁၂)နှစ်ခန့် ရှိနေပြီဖြစ်တဲ့ ဆရာဦးသီဟနဲ့ တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

▲'ဆရာနဲ့ ဒီတစ်ပတ် ဆွေးနွေးချင်တာကတော့ လိပ်ခေါင်းရောဂါ သိကောင်းစရာများနဲ့ ကုထုံးကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဦးစွာ လိပ်ခေါင်းရောဂါရဲ့ ဖြစ်စဉ်များကို ပြောပြပေးပါဆရာ'



◆ ဆရာဦးသီဟ(တဆ-၀၃၉၈၀)

○'လိပ်ခေါင်းရောဂါကို အခေါ်အဝေါ် အမျိုးပေါင်း (၂၀)ကျော်ခန့် ရှိပါတယ်။ ရှေးသမားဆရာများ၊ ရှေးစာတတ်ကျမ်းများအဆိုအရ လိပ်ခေါင်းရောဂါကို **"ဝစ္စမင်္ဂရောဂါ"**၊ အချို့ ရှေးဟောင်းဆေးကျမ်းများတွင် ရှေးသမားတော်ကြီးများက လိပ်ခေါင်းရောဂါကို **"အဿရောဂါ"** ခေါ် မြင်းသရိုက်နာ၊ ကလေး၊ လူငယ်အရွယ် ဖြစ်တတ်သော မြင်းသရိုက်နာ ခေါ် လိပ်ခေါင်းရောဂါ(မွေးကင်းစမှ လူပျို၊ အပျိုတို့၌ အဖြစ်များ၏။)

ယောက်ျား၊ မိန်းမ၊ လူငယ်၊ လူကြီးနဲ့ လူလတ်ပိုင်းတို့၌ ဖြစ်တတ်သော **အရိသရောဂါ** ခေါ် အပြင်လိပ်ခေါင်းရောဂါ စအိုမှ အမြဲယိုစီးကျခြင်း **မသထူကရောဂါ၊** စအိုအတွင်းမှ အပြင်သို့ အသားပိုစ၊ အသားစိုင်ခဲများ ထွက်ခြင်း၊ အပြင်လိပ်ခေါင်းရောဂါ စသော အခေါ်အဝေါ်တွေ အများကြီး ရှိပါတယ်'

▲'ဝစ္စမင်္ဂလိပ်ခေါင်းရောဂါရဲ့ ...'



www.burmeseclassic.com

www.burmeseclassic.com

ကို သေချာပြီး ပြောပြပေးပါဦး ဆရာ'

○ 'ဝစ္စမဂ်ရောဂါဆိုတာကတော့ အူမကြီးရဲ့ထိပ်ပိုင်း စအိုဝမှာရှိတဲ့ လိပ်ခေါင်းကလေးလို ထွက်ပေါ်လာခြင်းကို လိပ်ခေါင်းရောဂါလို့ ခေါ်ဝေါ်ကြပါတယ်။

ဝစ္စမဂ်လိပ်ခေါင်းမှာ ဝါရှာပုံသဏ္ဍာန် အရစ်(၃)ခု ပါရှိပါတယ်။ အဓိကအားဖြင့် အတွင်းလိပ်ခေါင်းရောဂါနဲ့ အပြင်လိပ်ခေါင်းဟူသော ရောဂါဝေဒနာတွေ အဖြစ်များပါတယ်'

▲ 'အတွင်းလိပ်ခေါင်း အပြင်လိပ်ခေါင်း ရောဂါတွေ ဖြစ်ရတဲ့အကြောင်းအရင်းများကို သိပါရစေ ဆရာ'

○ 'ဒီရောဂါတွေ ဘာကြောင့်ဖြစ်သလဲ ဆိုရင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ သမုဋ္ဌာန်လေးပါးကို ညီညွတ်မျှတအောင် နေထိုင်မှုမရှိခြင်း၊ ချို့၊ ဆိမ့်၊ဖန်သော အစားအစာများကို အလွန်အကျွံ စားမိခြင်း၊ အဆီ၊အဆိမ့်၊ အစေးများသော အစားအစာများ၊ အပူအစပ်အစားအစာများ လွန်ကျူးစွာ စားသောက်ခြင်း၊ လက်ဖက်ရည် ဖန်ကျကျတို့ လွန်စွာစားသောက်ခြင်း...

ကွမ်းယာများများစားခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ အညောင်းထိုင်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်း၊ ရေချိုးမမှန်ခြင်း၊ အပူအအေး မျှတစွာ မနေထိုင်ခြင်း၊ ရသာ(၆)ပါးကို ညီညွတ်မျှတစွာ မစားသုံးခြင်း၊ ဒေသရယ်၊ ဥတုရယ်၊ ရာသီရယ် ဆိုတဲ့သဘော (၃)ပါးကို သတိထား၍ မနေထိုင်ခြင်း၊ စားသောက်ခြင်းတို့ကြောင့် လိပ်ခေါင်းရောဂါကို ဖြစ်စေပါတယ်'

▲ 'အတွင်း လိပ်ခေါင်းရောဂါရဲ့ လက္ခဏာများကို သေချာပြီးပြောပြပေးပါဦးဆရာ'

○ 'အတွင်း လိပ်ခေါင်းရောဂါဟာ **ပါစကတေဇောလို့ခေါ်တဲ့ ဝမ်းမီး**



ညံ့ကာ ဓာတ်ဝမ်းချုပ်ခြင်း၊ လေချုပ်ခြင်း၊ အူမ၊အူသိမ်တို့ရဲ့ အတွင်း၌တည်သော ကောဋ္ဌာသေယျဝါယောဓာတ်၊ ဝမ်းခေါင်း၌တည်သော ကုစ္ဆိဋ္ဌဝါယောဓာတ် ဖောက်ပြန်ခြင်းတို့ကြောင့် လေအောင့်ခြင်း၊ အကြောတက်ခြင်း၊ ဦးခေါင်းကိုက်ခဲခြင်း၊ လျှာချေးထူခြင်း၊ အာပုပ်စော်နံခြင်း၊ ခေါင်းအုံတက်ခြင်း၊ ဝမ်းမအီမသာဖြစ်ခြင်း၊ ကိုယ်သားကိုယ်ရည်ပူခြင်း၊ ကိုယ်လက် ထိုင်းမှိုင်းခြင်း၊ မျက်ရိုးကိုက်ခဲခြင်း၊ မျက်ကွင်းညိုခြင်း၊ ကိုယ်သားကိုယ်ရေခြောက်ခြင်း၊

ဝက်ခြံများပေါက်ခြင်း၊ အရေပြားမကြာခဏယားယံခြင်း၊ အစာအာဟာရများ စားသော်လဲ ခန္ဓာကိုယ် ဝဖြိုးမှုမရှိခြင်း၊ ပါစကတေဇောဓာတ်လွန်၊ အတွင်း အဖျတ္တ ဝမ်းမီးညံ့ခြင်း စတဲ့ အတွင်းလိပ်ခေါင်းရောဂါ လက္ခဏာများ ဖြစ်စေပါတယ်'

▲ 'အပြင်လိပ်ခေါင်းရဲ့ သဘောသဘာဝများကို သေချာပြီး ပြောပြပေးပါဦးဆရာ'

○ 'အပြင်လိပ်ခေါင်းရောဂါကြီး ဝေဒနာရှင်များဟာ ဝမ်းချုပ်လွန်၍ ခန္ဓာကိုယ်ကို နှိပ်စက်တတ်တဲ့ ဥဏှတေဇောဓာတ် အပူလွန်ကဲခြင်းကြောင့် အူမကြီး၏ထိပ်ပိုင်း လိပ်ဦးခေါင်းပုံသဏ္ဍာန် (ဝစ္စမဂ်) လိပ်ခေါင်းဟာ အဖျတ္တအတွင်း သဏ္ဍာန်က တေဇော၊ ဝါယော အားပြိုင်ကာ ဝစ္စမဂ်အရစ်များ အပြင်သို့ ထွက်ကျခြင်း၊ ကျွံခြင်း၊ မသထူကရောဂါ ခေါ် စအိုအတွင်းမှ အပြင်သို့ ထွက်ကျခြင်းကို အပြင်လိပ်ခေါင်းရောဂါလို့ ခေါ်ဝေါ်ကြပါတယ်'

▲ 'အပြင်လိပ်ခေါင်းရောဂါ ဖြစ်ရတဲ့ အကြောင်းရင်းများကိုလဲ သေချာပြီး ပြောပြပေးပါဦး'

○ 'အပြင်လိပ်ခေါင်းရောဂါ ဘာကြောင့်ဖြစ်လဲဆိုတော့ အဓိကတော့ ဝမ်းချုပ်ခြင်းက စ,ပါတယ်။ ဝမ်းမာမာသွား၍ ဝမ်းချုပ်ဖန်များလာရင် ခန္ဓာကိုယ်ရဲ့ အတွင်း အဖျတ္တအတွင်းသဏ္ဍာန် ပါစကတေဇောဟုခေါ်သော ဝမ်းမီးညံ့ကာ ဝမ်းချုပ်ခြင်း၊ လေချုပ်ခြင်းတို့ကို ဖြစ်စေတယ်။

နေ့စဉ် မှန်မှန် စားသုံးသော အစာသစ်များဟာ အစာဟောင်းအိမ်၌ ကိန်းအောင်းမှုတို့ကြောင့် အညစ်အကြေးများ စွန့်ထုတ်ခြင်း မပြုလုပ်၍ ဝမ်းထဲ၌ အစာဟောင်းများ အောင်းနေခြင်း၊ ဝမ်းအတွင်း အစာဟောင်းအိမ်တို့၌ အပူအပုပ်များပြီး စမြင်းခံခြင်းတို့ကြောင့် ဝမ်းချုပ်ရာမှ ညှစ်ရဖန်များတဲ့အခါ စအိုဝမှာရှိတဲ့ ဝစ္စမဂ်ဟာ အပြင်လိပ်ခေါင်း ဖြစ်လာပါတယ်။

အပြင်လိပ်ခေါင်းရောဂါဟာ စအိုဝမှာ အမြဲတစေ ငန်းမန်းအရည်ချွဲများကျခြင်း၊ အသားတစ် အသားစိုင်တုံးများကဲ့သို့ ထွက်ခြင်း၊ အသားပိုကြွက်သားကတော့ထွက်ခြင်း၊ သွေးမကြာခဏထွက်ခြင်း၊ သွေးပန်းထွက်ခြင်းစတဲ့ ဝေဒနာကို ခံစားကြရပါတယ်'

▲ 'အပြင်လိပ်ခေါင်း ရောဂါရှင်များ အဓိကသတိပြုရမယ့် အချက်အလက် များကို သေချာပြီး ပြောပြပေးပါဦး ဆရာ'

○ 'အပြင် လိပ်ခေါင်းရောဂါရှင်များ အဓိက သတိပြုရမှာကတော့ ဓာတ်ဝမ်းမချုပ်စေရန်နဲ့ လေမချုပ်စေရန် အရေးကြီးပါတယ်။

ပါစကတေဇောလို့ ခေါ်တဲ့ ဝမ်းမီးမညံ့စေရန် ဝမ်းကို ပုံမှန်သွားစေခြင်း **ဝမ်းသက်စေသော အစားအစာတို့ကို သုံးဆောင်ခြင်း** ဥပမာ–သဘော်





www.burmeseclassic.com

www.burmeseclassic.com

သီး၊ ရှောက်သီး၊ လိမ္မော်သီး၊ ကန်စွန်း ရွက်ချဉ်ရည်ဟင်း)စတဲ့ ဝမ်းပျော့စေတဲ့ အရည်ရွှမ်းရွှမ်းနဲ့ အသီးအရွက်ချဉ်ဟင်း ဟင်းလျာများကို စားသုံးရပါမယ်။

အစားအစာကို အချိန်မှန်မှန် စားသုံးခြင်း၊ အစားအစာကို လုံလောက်မျှတစွာ စားသောက်ခြင်း၊ အလျင်စလိုမစားသုံးခြင်း၊ စိတ်ပူပန်မှုမရှိခြင်း၊ ဝမ်းချုပ်မှုကို ဂရုတစိုက်ပြုမှ ပါစကဝမ်းမီးကောင်းစေမှာ ဖြစ်ပါတယ်။

ဝမ်းချုပ်ခြင်း မဖြစ်ရအောင် ကိုယ်လက် လှုပ်ရှားမှု များများလုပ်ပါ။ လမ်းများများလျှောက်ပါ။ လေကို ဝဝရှူပါ။ ဝမ်းသွားပြီးသောအခါ၌ အညစ်အကြေးသန့်စင်ရာတွင် မာသောစက္ကူ၊ တုတ်ခနောင်းများ၊ မာကြောသော အရာဝတ္ထုများကို မသုံးစွဲဘဲ သတိထားရှောင်ကြဉ်ပြီး ဝမ်းသွားပြီးတဲ့အခါ ရေ (သန့်ရှင်းသောရေ) စက္ကူပျော့ပျော့၊ ဆပ်ပြာတို့ကို သန့်ရှင်း စင်ကြယ်စွာ အသုံးပြုရမှာ ဖြစ်ပါတယ်'

▲'လိပ်ခေါင်းရောဂါရဲ့ ကုထုံးနဲ့ ဆေးချက်များကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'

○'လိပ်ခေါင်းရောဂါ ဝေဒနာဟာ ပါစကတေဇော ဝမ်းမီးညံ့ကာ ဝမ်းချုပ်ခြင်း၊ လေချုပ်ခြင်းများကြောင့် ဖြစ်ရတဲ့ အတွက် အပြင်လိပ်ခေါင်း၊ အတွင်း လိပ်ခေါင်းရောဂါရှင်များအတွက်...

**နေ့ဆေးအဖြစ်...**

တိုင်းရင်းဆေးအမှတ်(၁၅) သည်းခြေဆေးနဲ့ ဆေးအမှတ်(၁၆)အပူငြိမ်းဆေးတို့ကို ဆတူရောစပ်ပြီး မနက်(၈)နာရီခန့်မှာ ဆေးလက်ဖက်ရည်ဇွန်း(၂)ဇွန်းခန့် ရေအေးနဲ့ တိုက်ရပါမယ်။

**ညနေ(၅)နာရီခန့်မှာ** အဲဒီဆေးကိုပဲ လက်ဖက်ရည်ဇွန်း(၂)ဇွန်းခန့် ရေအေးနဲ့ တိုက်ရပါမယ်။

ဝမ်းမီးကောင်းပြီး ဝမ်းချုပ်ခြင်း၊ လေချုပ်ခြင်းများ သက်သာပျောက်ကင်းစေဖို့ ဆေးအမှတ်(၉)ဆီးဒူလာဆေးနဲ့ ဆေးအမှတ်(၁၀) ဆီးရွှင်ဝမ်းနုတ်ဆေးကို ဆတူရောစပ်ပြီး ဆေးလက်ဖက်ရည်ဇွန်း(၂)ဇွန်းခန့် အိပ်ရာဝင်ချိန်မှာ ရေအေးနဲ့ တိုက်ရပါမယ်။

အဲဒီလို နေ့ဆေး၊ ညဆေးနဲ့ တွဲဖက်ကုသရင်း အတွင်းလိပ်ခေါင်းရောဂါနဲ့ အပြင်လိပ်ခေါင်း ရောဂါဝေဒနာတို့ကို သက်သာ ပျောက်ကင်းစေပါတယ်။

အပြင်လိပ်ခေါင်း ရောဂါဝေဒနာရှင်များအတွက် စအိုဝမှာ အမြဲတစေ ငန်းမန်းအရည်ချွဲများ ကျခြင်း၊ အသားတစ်,အသားစိုင်ကဲ့သို့ ထွက်ခြင်း၊ သွေးပန်းထွက်ခြင်း စတဲ့ ဝေဒနာများ သက်သာပျောက်ကင်းစေဖို့အတွက် ဆား(၁၀)ကျပ်သား၊ ဘူးရွက်(၅)ကျပ်သား၊ ကွမ်းရွက်(၅)ကျပ်သားတို့ကို ရောစပ်ပြီး မြေအိုးနဲ့ ရေအနည်းငယ် ထည့်ပြုတ်ပြီး ဖန်ရည်စိမ်ပေးခြင်း၊ ဆေးအမှတ်(၄၃) အကင်းဆယ်ပါးဆေးကို ပျားရည်၊ ထောပတ်တို့နဲ့ ရောစပ်လိမ်းပေးခြင်းဖြင့် အပြင်လိပ်ခေါင်းရောဂါ ဝေဒနာကို သက်သာပျောက်ကင်းစေပါတယ်'

▲'လိပ်ခေါင်းရောဂါ ဝေဒနာရှင်များအတွက် ဆေးနည်းတစ်ခု ပညာဒါနပြုပေးပါဦး ဆရာ'

○'လိပ်ခေါင်းရောဂါနဲ့ ဆီးဝမ်းလေချုပ် ရောဂါဝေဒနာရှင်များအတွက် ဆေးနည်းတစ်ခု ပြောပြပေးပါမယ်။

လိပ်ခေါင်းရောဂါ

ဆီးဝမ်းလေချုပ်ရောဂါသောက်ဆေး

| | |
|---|---|
| ၁။ ကြုစု | ၂ ကျပ်သား |
| ၂။ ကြေးယုပ် | ၂ ကျပ်သား |
| ၃။ လိပ်ကျောက်ဆူး | ၂ ကျပ်သား |
| ၄။ အလိုက္ခူ | ၂ ကျပ်သား |
| ၅။ ဆားပုပ် | ၂ ကျပ်သား |
| ၆။ နွယ်ချို | ၅ ကျပ်သား |
| ၇။ ဇလကဲ့သား | ၅ ကျပ်သား |
| ၈။ သိန္ဓော | ၅ ကျပ်သား |
| ၉။ ပွေးကိုင်းမှုန့်ပြီးသင်း | ၁၀ ကျပ်သား |
| ၁၀။ သဘော်သပဲလီရွက်ခြောက် | ၁၀ ကျပ်သား |

*[ဆေး(၁၀)မျိုး ဆေးချိန်(၄၅)ကျပ်သားတိတိ]*

အထက်ပါဆေးများ အမှုန့်ပြုလုပ်ပြီး သမအောင် ရောစပ်ကာ လေလုံဖန်ပုလင်းနဲ့ထားပါ။ ညအိပ်ရာဝင်ချိန်မှာ **ဆေးလက်ဖက်ရည်ဇွန်း(၂)ဇွန်းခန့် ရေအေးနဲ့ သောက်ပါ။**

လိပ်ခေါင်းရောဂါ၊ စမြင်းခံရောဂါ၊ ဆီး,ဝမ်း,လေချုပ်ရောဂါ၊ အကြောတက်ရောဂါ၊ ညောင်းကိုက်ရောဂါ၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ အသားအရေ ခြောက်ခန်းခြင်း၊ တင်းတိပ်, ဝက်ခြံထွက်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်'

▲'အခုလို လိပ်ခေါင်းရောဂါ သိကောင်းစရာများနဲ့ ကုထုံးဆေးချက်များကို လိုရင်းတိုရှင်း ပြောပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ'

ဆရာ ဦးသီဟနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...


ဆရာ ဦးသီဟ
ကျန်းမာပါစေတိုင်းရင်းဆေးခန်း
အမှတ်(၈၂)၊ လေးယူလမ်း (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၀၆၆၃၉၉၊ ၀၉-၇၃၀၈၅၄၄၀
၀၉-၅၁၅၉၇၇၁

ပြောင်းမြ မောင်ယဉ်ငြိမ့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင် ခင်မောင်ကြည်

# အကျိုးရတဲ့ မီးအတတ်နဲ့

## ကိတ်စာတ်မြတ်မဟာ (၁)

၁၉၉၈ ခုနှစ်၊ မတ်လ (၁၈)ရက် တနင်္ဂနွေနေ့။

နေမင်းက ပူပြင်းလှပါဘိ။ ဝက်ထီးကန်ကနေ ပြည်မြို့ကို စက်ဘီးနဲ့ လာခဲ့တဲ့ မောင်ဖိုးဟန် မဟန်နိုင်တော့ဘူး။ ပြည်မြို့ရောက်ဖို့က (၁၆)မိုင်ခရီး နီးမှ မနီးဘဲ၊ ဝေးသကို။

နွေနေဆိုတာ ထွက်စကတည်းက ပူတာပဲ။ မနက်(၇)နာရီသာသာပဲ ရှိသေး ပူလှပြီ။ ဝက်ထီးကန်က ထွက်လာလိုက်တာ တီတွတ်ရောက်တဲ့အထိ ကွင်းပြင်။ ကွန်ကရစ်လမ်း။ သစ်တစ်ပင် အရိပ်ဆိုတာက ခပ်ရှားရှား။ ရှားရှားပါးပါး ဟိုတစ်ပင်ဒီတစ်ပင်…

လမ်းက ရွာတွေကို ဖြတ်ထွက်လိုက်ရင်တော့ အပူနည်းနည်း သက်သာပါရဲ့။ သစ်ပင်တွေရဲ့အရိပ်က ချွေးတိတ်စေသလိုလို တစ်ရေးလောက် အိပ်ပြီးတော့တောင် နားချင်သလိုလို။

တီတွတ်ကနေ ပြည်မြို့အရောက် လမ်းတစ်လျှောက် ဘေးဝဲယာစိုက်ထားလိုက်တဲ့ သစ်ပင်တွေ။ နေရောင်ခြည်ကာဆီး အရိပ်ကြီးများ ထိုးထိုးကျလျက် အာဝါသ။ သာစွလေ။

ခရီးက ခရီးသွားဟန်လွှဲ သာမန်ခရီး မဟုတ်ဘူး။ ကျောင်းပိတ်ရက်မို့ နားနားနေနေရှိတဲ့အချိန် အားလပ်ချိန်၊ အဲဒီအချိန်မှာ ကုသိုလ်ကောင်းမှုတစ်ခု ပြုမှာ။

ရွှေဆံတော်စေတီတော် မြောက်ဘက်စောင်းတန်းခြေရင်းက ထီးတိုင်ကို ရောက်တော့ လက်ဝဲဘက်ကပ်ပြီး ဓာတ်လှေကားဆီ ဖြတ်ဝင်လိုက်တယ်။ စက်ဘီးကိုအပ်နှံ၊ အမွှေးနံ့သာ ပန်းမန်တွေဝယ်လို့၊ တစ်ပွေ့တစ်ပိုက်နဲ့ ဓာတ်လှေကားဆီ ရောက်သွားပြီ။ နီးနီးလေး။

မကြာလှဘူး။ ခဏနဲ့ ဓာတ်လှကား စီးရပြန်ပြီ၊ ဓာတ်လှေကားက အထွက် စင်္ကြံလျှောက်လမ်းအတိုင်း လျှောက်အလာ အနောက်တောင်ထောင့်က တန့်ကြည့်တောင်၊ အနောက်မြောက်ထောင့်အရပ်က ဖိုဦးတောင် ကိုးကွယ်တည်ထား မြတ်ဘုရားစေတီတော်တို့ကို လှမ်းမြော်လို့ ဖူးရ။ ဖူးလို့ကမဝ၊ ပီတိတွေခ၊ ကြည်နူးမှုက အနိုင်းအဆမရှိ။

တနင်္ဂနွေထောင့်မှာ နေရာယူလို့ ရွှေဆံတော် စေတီတော်မြတ်ကြီးကို ရှိခိုးပူဇော် ဖူးမြော်ကန်တော့ခွင့်ရပြီ။ ဩကာသနဲ့ ငါးပါးသီလခံယူ။

အမွှေးတိုင်ပူဇော်၊ ပန်းမန်တွေကို ကပ်လှူ၊ တောင်းဆုတွေခြွေကာယူလို့၊ ဝမ်းသာကြည်နူးမှု အရှိန်အဟုန်က ရင်ထဲမှာ တုန်တုန်ပြီး တရိပ်ရိပ်တက် အထက်ဘဝဂ်လေလား…

အပါယ်လေးဘုံ လူ့ဘုံတလီ နတ်

ပြည်ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်ကို
အသယ်အဝယ် အချိုအချဉ် အမှုအတ
တွေဝေပြီး ရွှေဆံတော် စေတီတော်
မြတ်ကို လက်ယာရစ် (၃)ပတ်ပတ်
လှည့်ပတ်ပြီး ကြည်ညို ပရိတ်တော်
ကို ရွတ်ဖတ်လို့။

ဘုရားဖူးတွေ တော်တော်များကြ
ရှောင်လိုက်, တိမ်းလိုက်, ကွေ့လိုက်
ဝိုက်လိုက်။ လူ့သက်တမ်း အရွယ်မျိုး
လူမျိုးစုံ ကြိတ်ကြိတ်တိုး ရင်ပြင်တော်
တစ်ခုလုံး ပြည့်ကျပ်။ နေရာလပ်
အဆမတန်။

မနက် (၉)နာရီကျော်ကျော်မှာ
တော်ပေါ်က ပြန်ဆင်းခဲ့တယ်။

ရွှေဆံတော် စေတီတော်မြတ်
အဂ္ဂါထောင့်မလှမ်းမကမ်း၊ န
လမ်းမကြီးရဲ့ အနောက်ဘ
လျက်မှာ ရတနာသီရိကျောင်း ရှိတ
ဖိုးဟန် အဲဒီကျောင်းကို စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com

သွား...

စေတီတော်ကြီးရဲ့ မြောက်ဘက် ဆောင်းတန်းအစပ် ဗိုလ်ချုပ်လမ်း အတိုင်း စက်ဘီးကိုနင်း၊ ဆယ်ထပ်ကြီး ဘုရားရဲ့ နောက်ကျောဘက်ကနေ တောင်အတက်ကို ပတ်တက်ပြီး ဒေးလမ်းက ရတနာသီရိကျောင်း ဆီကို ရှေးရှုပြီ။

ကျောင်းကိုရောက်တော့ ဝင်းတံခါး ကို ဖွင့်၊ စက်ဘီးကိုသွင်း၊ သော့ခတ်၊ နပ်ကို ကယ်ရီယာမှာ ညှပ် မြောက် ဘက်လှေကားကနေ ကျောင်းပေါ်ကို တစ်ကွေ့ပတ်ပြီး တက်လိုက်တယ်၊ ရွှေခနဲ။

ဆရာတော်ကို ဖူးတွေ့ရပါပြီ။ ကြွေလျှောက်နေတယ်။ ကျောင်းရှေ့ က သွပ်အမိုးအောက် သမံတလင်း ခင်း။ ကျောင်း(၂)ကျောင်း ပေါင်းကူး ထားတဲ့ လမ်းကလေးမှာ ခေါက်တုံ့ ခေါက်ပြန် မ,ကြွ,ချ,နင်း,ဖိ အမှတ် လိုက်နေသလို။

ဝတ်ဖြည့် ကန်တော့လိုက်တော့ ကျောင်းဆီကို လက်ညှိုးညွှန်တယ်။ မြတ်ဗုဒ္ဓရဲ့ တပည့်သာဝက ဆရာတော် ဦးသုဇာတ။ ကိုယ်ဟန်တော်အနေ အထားက ပိန်ပိန်ပါးပါး၊ အသားက ဆံဖြူဖြူ။ အရပ်က မနိမ့်မမြင့်၊ မျက်နှာ တော်က ပြုံးလို့ ကြည်ညိုဖွယ်ဟန် အပြည့်၊ စိတ်ချမ်းမြေ့စရာ။

ကျောင်းမကြီးထဲ ရောက်တော့ မောင်ဖိုးဟန် ထပ်မံလို့ ဝတ်ဖြည့်ပြန် တယ်၊ ရှိခိုးဦးနှိမ် (၃)ကြိမ်အပြီးမှာ...

'ဆရာတော် ဖိုခွင်ဝင်သေးသလား ဘုရား'

'နှစ်ကူးမယ့် တာသင်္ကြန် အခါရက် အကြို နွေရာသီအပူကိုကလဲ ပြင်းလွန်း လို့ ခေတ္တခဏ နားထားတယ်'

'နွေခေါင်ခေါင် ဓာတ်ကစားရင် တော့ လူမသက်သာဘူး ဘုရား'

'မောင်ဖိုးဟန် အခု ဘာတွေကစား သလဲ'

'ခြသံဘုရား'

'အစစ်လား'

'ကန်စွန်းဥသား သက်တံရောင် ဟိတ် နေပူပူကိုထုတ်လှန်း (၃)နာရီ ကျော်ကျော်ထား ကောက်ကိုင်ပြီး လက်နဲ့ဆုပ်ရင် မပူရဘူး။ အေးစိမ့်နေ တာပဲ၊ ထောင်းလိုက်တော့ လေးစိတ် လေးမြွာကွဲပြီးတော့ မှုန့်သွားတယ်'

'အဲဒါသူ့သတ္တိပဲ နောက်ရော...'

'လက်ဖက်ရည်ပန်းကန်ထဲကို ခြသံ ထည့်၊ ပန်းကန်နှုတ်ခမ်းနားအထိ ရေ အပြည့်စိမ်၊ အပလေနဲ့ လေသလပ်ခံ။ ရေအကုန် ခန်းသွားတဲ့အခါ လက်ဖက် ရည်ပန်းကန်အတွင်းဘက် အဖြူသား မှာ သက်တံရောင် စွဲနေတယ်။ ရောင် စဉ်(၇)ပါး တဖိတ်ဖိတ်နဲ့ အလျှံတက်ပြီး ရောယှက်လို့'

ဆရာတော်ဦးသုဇာတ ခေါင်း တညိတ်ညိတ်နဲ့ စဉ်းစားတွေးခေါ်နေပုံ ပေါ်တယ်။

'အဲဒီတော့...'

'စွဲချက်က သာမန်နဲ့ ဖျက်လို့ မရ ဘူးဘုရား'

'နေရောင်မှာ ထောင်ကြည့်တော့...'

'အရောင်စုံဟိတ်က တဖိတ်ဖိတ်နဲ့'

'အချုပ်အသတ်ကရော...'

'ခြသံကို ဆေးဒန်းပေါက်ပြီး အရည် ဖျော်တယ်'

'ဓာတ်ပြုသွားတော့...'

'လက်ချားနဲ့ ထိုးတာပဲဘုရား'

'လမ်းမှန်လိုက်လေ မောင်ဖိုးဟန်'

'ရွှေတောင်မြို့နယ်၊ တရုတ်မော်ရွာ ဥသျှစ်ပင်ကျောင်း ဆရာတော် ဦးကလျာဏရဲ့ လမ်းညွှန် မိန့်ကြားချက် အတိုင်းပဲ တပည့်တော်ထိုးတာ'

'ဥသျှစ်ပင်ကျောင်း ဆရာတော်ကြီး က ဘယ်လို မိန့်ကြားသလဲ ဆိုပါဦး ဟ... ဖိုးဟန်ရဲ့'

'ဖိုးဟန်... ခြသံကို ဘယ်သူတွေ ဘယ်လိုပြောပြော၊ ဘာတွေပြောပြော ဘယ်ဆေးဘယ်ဝါးတွေနဲ့မှ မပစ် မပေါက်လေနဲ့တဲ့ဘုရား... မှားတတ် သတဲ့'

'ဒီလိုဆို...'

'သံရဲ့ သေမင်းက လက်ချားတဲ့ဘုရား'

'ဟေ... အေး မှန်လိုက်လေကွာ ဟုတ်လိုက်တာ'

'......'

'ဓာတ်တူနံ့တူလို့ ကက်ကင်းတို့၊ မြွေလေးစင်း မင်းလေးပါးတို့၊ ဆပွတ် တို့၊ ဘုမ္မိတို့ဆိုတာက သက်ဆိုင်ရာ ဓာတ်တွေရဲ့ သေမင်းတွေပဲ'

'လက်ချားနဲ့သာ ဆက်တိုက်ထိုး သွား လုံ(၅၀)မရောက်မီ လုံချောင်မယ် တဲ့ဘုရား။ လုံချောင်ရင် လုံခြောက် တစ်လုံးထိုး၊ နောက် လက်ချားချော်နဲ့ တစ်လုံးထိုး၊ လုံခြောက်တစ်လုံး ချော် တစ်လုံး ဆူလည်လိုက်ပြီး ထိုးသွားရင် လုံခွင်ကျွတ်လာမယ်လို့ မိန့်ကြားတယ် ဘုရား'

'အခု မင့်ဓာတ်...'

'လုံခြောက်ထိုးနေပြီဘုရား'

ဆရာတော်ဦးသုဇာတ ခဏ လောက် ငြိမ်သွားတယ်။ ဓာတ်လုံး အခြေအနေနဲ့ ပေါက်ရောက်တဲ့အဆင့် ချင့်ချိန်နေပုံပဲ။

'ထူးခြားချက်က'

'နီ၊ စိမ်း,ဝါ,ပြာ,မှောင် အရောင် ထွက်နေပြီ၊ ကြိုးတွေလဲ ယှက်နေပြီ'

'အင်း... အတော်ခရီးရောက်နေ ပြီပဲ။ ဓာတ်သားအရောင်ကရော'

'အတွင်းသားရောယှက် အနီရောင် ဖက်နေပြီဘုရား'



www.burmeseclassic.com

www.burmeseclassic.com

'မောင်ဖိုးဟန် သံသေတော့ ဒန့်တဲ့ ကြားဖူးမဟုတ်လား ခေါက်ကိုပြုပြင် လူဆင်ခြင်တော့'

'မှန်ပါ့ဘုရား'

'ဆိုလိုရင်း သိတယ်မဟုတ်လား'

'သိပါတယ် ဘုရား'

'မကြာခင်မှာ ဒန်ရောင် ပေါက်လို့ သိဒ္ဓိ မြောက်လာလိမ့်မယ်'

'ဆက်မိန့်ပါဦး ဘုရား'

'ခေါက်လုံးကိုမပြောနဲ့ လုံခွံကနေ ချော်အဆုံး ရေလဲနဲ့ သုံးလို့ ရတော့မယ်။ လုံခွံကို ရေစိမ်သောက်၊ ရောဂါ ပျောက်တဲ့အဆင့်အထိ ရောက်တော့မယ်'

'မှန်ပါ့... ဘုရား'

'ဒါပေမယ့် သံလုံးဆိုတာ ထွက်ရပ်မှန်းတဲ့ ခေါက်လုံး။ ပြီးတော့ ခြသံအစစ်၊ ခေါက်ကြီး၊ ဆေးကုခေါက်လုံး မဟုတ်ဘူး။ ဆေးမကုလေနဲ့။ ဆေးကုမိရင်တော့ ဖိုခွင်မှာ မီးတင်လိုက်တာနဲ့ ပျောက်သွားမယ်'

'......'

'လုံခွံနဲ့ ချော်က ကာယသိဒ္ဓိ ပြီးနေပြီ။ သံလုံးကို အပစ်အခတ်တွေနဲ့ မဟုတ်မဟပ် မကြဲလေနဲ့ ထွက်သွားမယ်'

'ဆရာတော် မိန့်ကြားချက် ဦးထိပ်ရွက် လိုက်နာပါ့မယ်ဘုရား'

ဆရာတော်ရဲ့ အဆုံးအမ လမ်းညွှန်မိန့်ကြားချက်တွေကို နာခံမှတ်သားနေတုန်း သီလရှင်ဆရာကြီး ဒေါ်သုဓမ္မ ရောက်လာတယ်။ ညာလက်က ဗန်းကလေးကို ကိုင်လို့။

ဗန်းထဲမှာက လက်ဖက်၊ မြေပဲကြော်နဲ့ မြပန်းခွေမုန့်တွေ ပါလာတယ်။ ဘယ်လက်ကတော့ ရေနွေးခေါက်ဘူးတစ်လုံးကို ဆွဲလို့။ ဖြည်းဖြည်းလေး



လှမ်းအလာ...

'ဟဲ... မောင်ဖိုးဟန် ဆရာတော့်ရဲ့ လမ်းညွှန်မိန့်ကြားချက်တွေကို နာခံမှတ်သားရင်း လက်ဖက်ကလေးလဲ စား၊ မြေပဲကြော်လေးလဲ ဝါး၊ ရေနွေးလဲသောက်၊ မြပန်းခွေမုန့်ကြော်လေး ကလဲ ကောင်းမှကောင်း၊ ချိုအီပြီး ဆိမ့်လို့'

ပြုံးပျော်ရယ်မောပြောရင်းဆိုရင်း ဆရာကြီးဒေါ်သုဓမ္မ သူ့ဇရပ်ဆီ ပြန်ကြွသွားပြီ၊ သဒ္ဓါတရား နည်း,များမဆို သူ့ကုသိုလ်က မင်္ဂလိနိဗ္ဗာန် ရည်သန်တောင့်တ၊

ဆရာတော်က ညာလက်တော် မြှောက်ပြီး ရေနွေးဗန်းဆီ ညွှန်လို့၊ သောက်လိုက်လေ၊ စားလိုက်စမ်း အားမနာနဲ့ ဆိုတဲ့သဘော။ ဖိုးဟန် နောကျေအောင် သိတာပေ့ါ။ သံဃာတော် အရှင်မြတ် ဆည်းကပ်လာတာ ကြာပြီပဲ။ ကျောင်းနေစဉ် ကလေးဘဝ၊

ဆရာတော်ရဲ့ ရဟန်းဒကာ ကျောင်းဒကာ ပြည်မြို့ တပ်လမ်းက ဦးအုံးနဲ့ဒေါ်စု။ ဒေါ်စုက ဖိုးဟန်ရဲ့ အဒေါ်အရင်း။ ဖိုးဟန်အမေရဲ့ ညီမ၊ ဖိုးဟန် ကျောင်းနေခဲ့ရတာက အဲဒီအိမ်၊ နည်းတာမှတ်လို့ (၉)နှစ်ကျော်ကျော် (၁၀)နှစ်အတွင်း နင်းလို့။

ကျောင်းပိတ်ရက် စနေ,တနင်္ဂနွေ တပ်လမ်းအိမ်က ဆွမ်းချိုင့်ကျောင်းကို ပို့ရတာက မောင်ဖိုးဟန်။ ရံဖန်ရံခါ မဟုတ် သွားတိုင်းသွားတိုင်း ဖူးမြော်ကန်တော့နေကျ ဆရာတော်။ ဘယ်အားနာနေလိမ့်မလဲ။ စားလိုက်စမ်း မောင်ဖိုးဟန် ပါးဖြိုနားဖြို မစားရတာ ကြာပြီပဲ။

ဖိုးဟန် လက်ထဲမှာတော့ ဘာလှူဖွယ်ပစ္စည်းမှ ပါမလာဘူး၊ လက်အုပ်ချီမိုး ရှိခိုးကန်တော့ရရုံသာ။ လက်ချည်းဗလာ ဘာမှမပါ။ နတ္ထိ။ တကယ်တော့ ကိုယ်က လှူရမှာ။ တိမ်ဖုံးပါလို့ လ... မသာ မတတ်သာတဲ့ ဘဝ လူ့ဘုံကြီးက...

ဘဝဇာတ်ခုံက နိမ့်တုံမြင့်တုံ။ ဆင်း... တစ်ခါ ချမ်းသာတစ်လှည့်။ လှူစရာ... ငွေမရှိ။ စားစရာက သားငါးဟင်း... မြင်ရသည်မရှိ၊ မိသားစုကတော့(၃)... ယောက်တည်းသာရှိ။ မချိတ... စီးပွားပျက်လို့ ဆင်းရဲတွင်း နက်နေ... အချိန်။

ဖိုးဟန် စားသောက်နေတာ... ကြည့်ပြီး စေတနာတွေ ရေစီးကမ်း... လိုက်နေတဲ့ ဆရာတော်ဦးသုဇာ... ထိုင်ရာက ထပြီး...

'ခေါက်ထိုးတော့ မီးသွေးဖိုး၊ လုံ... လက်ချားဖိုး ဘယ်ကရသလဲ'

'ဆေးလိပ်ဖြတ်လိုက်တယ် ဘုရား'

'အဲဒီလောက်ပဲလား တစ်လိပ်... တစ်လိပ် လက်ကမချတမ်း မီးဆက်... သောက်တဲ့လူက...'

'ရွှေထီးဆောင်းတဲ့အချိန် စီးက... ကို (၅၀)လိပ်ဝင် သံဘူးနဲ့ သော... တာ။ အခုတော့ ကတ္တီပါဖိနပ်လဲ ... နိုင်တော့ပါဘူး။ အကန့်အသတ်... ဖြစ်သွားပါပြီ'

'အဲဒီတော့ အဆင်ပြေရဲ့...'

'ဟိုတုန်းက လုံခိုင်ခိုင် မ... တစ်လုံ တစ်မီးပဲ၊ လုံ... ခွဲလိုက်တာ...



www.burmeseclassic.com

www.burmeseclassic.com

တော့ လုံတစ်လုံးကို အနည်းဆုံး ရက် ထိုးရတယ်။ လုံမနာဘူး။ မီး ရော မလိုဘူး။ ဟိုတုန်းက (၃)လုံး။ က (၁)လုံပဲကုန်တော့ လုံဖိုးလဲ သာ၊ မီးလဲနာ အသပြာက မီး ဖိုးပဲ'

'အေးလေ... အင်္ဂရိတ်ထိုးတယ်ဆို လွယ်မှတ်လို့'

'အမိန့်ရှိပါ ဘုရား'

'ဓာတ်တွေ၊ လုံတွေ၊ မီးသွေးတွေ ယ်ဖို့ ငွေရှိရမယ်။ ဓာတ်ထိုးတဲ့ မီးပူ ခံနိုင်ဖို့ ကျန်းမာရေးကောင်းရမယ်။ တစ်ပေါက် ကောက်ရိုးမီးနဲ့ မရဘူး။ လဝီရိယ ကြီးရမယ်။

မီးပညာ၊ နည်းပညာတွေကို းကုတ်ကျားခဲ လေ့လာဆည်းပူး ယ်။ ဓာတ်ထိုးဖို့ အချိန်ပေးနိုင်ရမယ်။ စုဉ်ငါးပါးသီလဲမြဲ။ ဥပုသ်နေ့တွေမှာ ပါး,ကိုးပါး,ဆယ်ပါး သီလတွေကို ာက်တည်။

သမာဓိကို ထူထောင်၊ ပညာဉာဏ် င် ထွန်းလင်းပြောင်အောင်လုပ်။ နအမှု နေ့တိုင်းပြု ကုသိုလ်စိတ်ကို ။ မကောင်းမှုတွေကိုရှောင် ကောင်း တွေကို ဆောင်။ စိတ်ကို ဖြူအောင် ။ နတ်များ,ဝိဇ္ဇာများ ကူညီညာဝိုင်း င်းမကြလိမ့်မယ်ဗျား'

ဆရာတော်ဦးသုဇာတ မောသွား န်နဲ့ ပြန်ထိုင်တော်မူတယ်။ ဖိုးဟန် တော့ မေးပြီ။

'ဆရာတော် အခု မီးကစားနေတာ လုံးလား ဘုရား'

'ဖိုးဟန်ရေ... ခြသံရဖို့ဆိုတာ လွယ်ဘူး။ ခက်ခဲလှပါဘိ။ ရတဲ့သံ တွေကလဲ ခြသံမစစ်ဘူး'

'ဒီတော့ ဘာဓာတ်ထိုးသလဲ ဘုရား'

'အခေါက်ရွှေ'

'ရွှေကို ထိုးလို့ရသလား'



'ရွှေဆိုတာ နိဗ္ဗိန္ဒဓာတ်ခရီး တစ်ဝက်ရောက်ထားပြီ။ နောက်ဖာစ်ဝက် ဆက်ကြဲဖို့ပဲ လိုတော့တယ်'

အခေါက်ရွှေ နောက်တစ်ဝက် ဆက်ပြီးတော့ ကြဲပုံကို ကိုဖိုးဟန် မေးရပြန်ဦးမယ်၊ ရေရေလည်လည် အပ်ကျမပ်ကျ၊ မပြောမပြီး မတီးမပြည်ဆို မဟုတ်လား မေးမှမေးမှ မေးပါများစကားရ ပညာပြည့်ဝနှလုံးလှ။

'ဓာတ်ကစားပုံလေး အမိန့်ရှိတော်မူပါဘုရား'

'ခုနက ပြောသွားတဲ့ အထဲမှာ မြေလေးစင်း မင်းလေးပါး မှတ်မိလား'

'တင်ပါ့... စိန် ဆေး ကန့် ဟင်း မြေလေးစင်း မင်းလေးပါးလဲခေါ် မဟုတ်လား ဘုရား'

'အဲဒီ စိန်၊ ဆေးဒန်း၊ ကန့် ဟင်းရိုင်းနီ ဓာတ်လေးပါးကို တစ်ပါးတစ်ပါးကို တစ်ကျပ်သားစီ မှုန့်ညက်နေအောင် ကြိတ် ထောင်း၊ နောက် ဓာတ်(၄)မျိုးကို ရောပြီး ပေါင်းလိုက်၊ သမလိုက်'

'ဒါနဲ့ မေးပါရစေ ဘုရား...စိန်ဆိုတာက'

ဆရာတော်ဦးသုဇာတ ထိုင်ရာက ထပြန်ပြီ၊ မောင်ဖိုးဟန်ကို ကြည့်တယ်။

'ဖိုးဟန် မင်းက စိန်ဆိုရင် စိန်နီမှ ဓာတ်ထိုးလို့ ရတယ် ထင်သလား'

'စိန်နီဆိုရင် တတ်နိုင်မယ် မထင်ဘူး ဘုရား... ဈေးက ခေါင်ခိုက်နေတာ'

'အခုခေတ်မှ စိန်နီက ရှားသွားတာ။ ရှေးခေတ်ကတော့ စိန်နီဆိုတာ ပေါလွန်းလို့ စိန်နီနဲ့ ထိုးကြတာတဲ့။ ဒါကြောင့် စိန်နီကို ညွှန်းကြတာလို့ ဟာသာတမြို့ ခြသေ့်ဦးကျောင်း ဆရာတော်ကြီး မိန့်ကြားတော်မူဖူးတယ်။

**ကျီးဖြူ ကျီးမည်း တစ်ကောင်တည်းဆိုတာ ကြားဖူးတယ် မဟုတ်လား။** စိန်ဖြူ စိန်နီ တစ်ကောင်စီလို့ မထင်နဲ့။ စိန်နီ စိန်ဖြူ အတူတူလို့ မှတ်ထား။ ဓာတ်အနုအရင့်က အင်္ဂရိတ်သမားရဲ့ လက်ဖျားပေါ်မှာ တည်တယ်။ ဓာတ်အဖမ်းအချုပ်က အင်္ဂရိတ်သမ္မာပေါ်မှာ တည်တယ်'

ဆရာတော်ရဲ့ မိန့်ကြားချက်က ဖိုးဟန်ကို သက်ဝင်မိန်းမော အံ့သြရပြီ။ စိန်နီ စိန်ဖြူ အတူတူဆိုပါလား။ သတ္တိ ရောက်ပုံချင်း တူကြတယ်ဆိုရင် သိဒ္ဓိ မြောက်မှုကလဲ တူကြမှာပဲ။ သိဒ္ဓိ မြောက်ရင်တော့ လိုရာခရီး ပေါက်ပြီ။

သိဒ္ဓိပြီးမြောက် ခရီးရောက်ဖို့ မောင်ဖိုးဟန် မေးပြန်ပါပြီ။

'အရှင်ဘုရား ဓာတ်လေးပါးကို ရောမွှေသမပြီးတော့...'

'အခေါက်ရွှေ တစ်ကျပ်သားကို မင်းလေးပါးနဲ့ အုပ်ပြီး ထိုးရမယ်'

'လုံဖွင့်လား၊ လုံပိတ်လားဘုရား'

'မောင်ဖိုးဟန် ဓာတ်သတ်တယ်ဆိုတာ ဘယ်တော့မှ လုံဖွင့်ပြီး မသတ်ရဘူး။ လုံပိတ် ဖော်မံပြီ ထိုးရတယ်။ သတ်ရင် သေမှ၊ မသေမရှင်ဖြစ်ပြီး မြောနေရင် ဒုက္ခလှလှပေးပြီဆိုတာ မှတ်'

---

ရွှေလ ဆက်ဖတ်ပါရန်

---

**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

www.burmeseclassic.com

### ဖွတ်နှင့်ယုန် ပေါင်းဆုံရန်ပွဲ

တောတွင်း အတွေ့အကြုံများ ခေါင်းစဉ်ဖြင့် အတွေ့အကြုံ ဆောင်းပါးများ ရေးသားခဲ့သည်မှာ ခေါင်းစဉ်အနေဖြင့် ရိုးနေသော်လည်း အကြောင်းအရာမှာ မထပ်သေးပါ။

ယခုလည်း တောတွင်း တိရစ္ဆာန်များ၏ သဘာဝ အတွေ့အကြုံကို ဆက်လက် ရေးသားလိုက်ပါသည်။

### ဆင်တဲစခန်း

တည်းခိုနေထိုင်ခဲ့သော စခန်းမှာလည်း ဖော်ပြရတာ များနေသဖြင့် ရိုးနေပါပြီ။ စခန်းကလည်း ပတ်လည် ကြီး ဆင်တဲစခန်းပေါ့။ နေရာကလည်း နေပြည်တော် ပျဉ်းမနား အရှေ့ပိုင်း သစ်ထုတ်ရေးခရိုင် ရေနီကြိုးဝိုင်းကွင်း အမှတ်(၄၉)ပါပဲ။

လုပ်ငန်းတာဝန် အတူထမ်းဆောင်ခဲ့ရသူကတော့ ချောင်းအုပ်ကြီး ဦးထွန်းမောင်၊ နောက်လိုက်စားဖိုမှူး ကိုညာဏ်မောင်လေးနှင့် အခင်မင်ရဆုံး ဆင်ဦးစီး ကိုရွှေတို့ပဲပေါ့။ သို့သော် အလုပ်နှင့် အချိန်ရာသီကတော့ ချားရဟတ်ကဲ့သို့ လှည့်လည်လျက်ရှိပါသည်။



ဦးသန်းစိုး (ချောင်းနက်)

ကျွန်တော်၏

# တောတွင်းအတွေ့အကြုံများ

ဖြစ်ရပ်မှန် (၈၈)

### အလုပ်တာဝန်

တောတွင်းအလုပ်ကလည်း ရာသီစက်ဝန်းအချိန်နှင့် တပြေးညီ ပြောင်းလဲလျက် ရှိနေပါသည်။ ရာသီကတော့ ''နွေမိန်တပေါင်း နေရှိန်ပြောင်း ရွက်ဟောင်းကြွေကျ မြေခခဲ့ပြီကွယ်'' ဆိုသော တေးသွားကဲ့သို့ပင် နှင်းပျောက်တဲ့နွေ ဖြစ်နေပါပြီ။ ဆောင်းအကုန်နွေအကူးမို့ သစ်ရွက်တွေ စတင်၍ ကြွေနေပါပြီ။

ပေါက်၊ လဲ၊ လက်ပံများ ... ပွင့်လို့ ဆက်ရက်ငှက်တွေလ... အော်မြည်နေပါပြီ။ နေရှိန်ပြင်း...



စာမျက်နှာ (၁၉၉) သို့


www.burmeseclassic.com

www.burmeseclassic.com

# ပညာရေးနှင့်

## အလုပ်အကိုင်ဆိုင်ရာ သင်္ကေတအချို့


ဆရာကြီး ဦးအောင်မြင့်
(ဥပဒေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခု ဖော်ပြပေးလိုက်သော ဘယ်လက်ဖဝါးပုံစံပိုင်ရှင်မှာ အသက်(၃၀) ဝန်းကျင် အမျိုးသမီးတစ်ဦးဖြစ်ပြီး ကျွန်ုပ်နှင့်တွေ့ဆုံစဉ်က (မဟာသိပ္ပံတွဲ့ရ)ဖြစ်သည်။ ယခုလောက်ဆိုလျှင်တော့ ပါရဂူဘွဲ့ပင် ရရှိနေလိမ့်မည်ထင်သည်။

သူမ၏ လက်ဖဝါးပြင်တွင် "က" **အက္ခရာနှင့်** ညွှန်ပြထားသော နေရာမှာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံသို့ ထောင်တက်နေသည့် **ရည်မှန်းချက်လမ်းကြောင်း** ဖြစ်သည်။ ကန့်လန့်မျဉ်းတို့ တချို့လည်း ဖြတ်ထားသည်။

* * *




ထိုသင်္ကေတကြောင့် ပညာရေးတွင်ရည်မှန်းချက် မြင့်မားသူဖြစ်သည်။ အခက်အခဲအနှောင့်အယှက်များ အကြိမ်ကြိမ် ကြုံတွေ့ရသော်လည်း ငြိမ်လျှော့ဘဲ ကြိုးစားပြီး အောင်မြင်နိုင်မည့်သူ ဖြစ်သည်။

**"ခ" အက္ခရာနှင့်** ညွှန်ပြထားသည့် နေရာမှာ ဦးခေါင်းလမ်းပေါ်၌ **တြိဂံသင်္ကေတများ** ထင်ရှားရှိနေခြင်း ဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com

ကျက်ညာဏ်မှတ်ညာဏ် ကောင်းခြင်း ပညာရေး ရည်မှန်းချက်အတွက် စိတ်ဓာတ် ခိုင်မာစွာ မဆုတ်မနစ် ကြိုးစားတတ်ခြင်းတို့ကို ဖြစ်စေသည်။

**"ဃ"အက္ခရာနှင့်** ညွှန်ပြထားသည့် နေရာမှာ ဦးခေါင်းလမ်းအဆုံးပိုင်းမှာ **ကြာဖူးသင်္ကေတ** ရှိခြင်းဖြစ်သည်။


* * *




ဤသင်္ကေတမှာ အတွေးအခေါ်ကောင်းခြင်း စိတ်ကူးစိတ်သန်းကောင်းခြင်း တီထွင်ဖန်တီးညာဏ်ရှိခြင်းတို့ကို ဖြစ်စေသည်။

**"ဂ"အက္ခရာနှင့်** ညွှန်ပြထားသည့်နေရာမှာ လက်သန်းနှင့် လက်သူကြွယ်ကြား **အောင်မြင်ရေးလမ်းအများတွင် ကြာဖူးသင်္ကေတ** ထင်ရှားရှိနေခြင်း ဖြစ်သည်။

* * *





ထိုသင်္ကေတမှာ အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားခြင်းကို ဖြစ်စေသည်။ ကျူရှင်၊ ဘော်ဒါ၊ ပုဂ္ဂလိကပညာရေးကျောင်း စသည်တို့ တည်ထောင်သင်ကြား အောင်မြင်သော ဆရာ၊ဆရာမများတွင် မကြာခဏ တွေ့ရှိရတတ်သည်။

ဤကြာဖူးသင်္ကေတ ရှိသူမှာ မည်သည့် အလုပ်ကိုပဲလုပ်လုပ် နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြားခြင်း မလွဲမသွေ ဖြစ်ရမည်။

**"င"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ အသက်လမ်းကြောင်းအရင်းပိုင်း၌ **ငါးကြင်းမြီးသင်္ကေတ** ရှိခြင်း ဖြစ်သည်။

* * *




ဤသင်္ကေတမှာ မြို့ကြီးပြကြီးတွင် နေထိုင်လုပ်ကိုင်ခြင်း အိုဇာတာကောင်းခြင်းတို့ ကို ဖြစ်စေတတ်သည်။

အထက်ဖော်ပြပါ **သင်္ကေတ(၅)ခုနှင့် နီးစပ်တူညီသူများမှာ ပညာရေးတွင် ဘွဲ့တစ်ခုမက ရနိုင်သည်။** ပညာရေးရည်မှန်းချက်များ ပြီးဆုံးအောင်မြင်နိုင်သည်။

မြို့ကြီးပြကြီးများမှာ ပညာရေးနှင့် ပတ်သက်သော ဆရာလုပ်ငန်းများ လုပ်ကိုင်လျှင် ပိုပြီးအကျိုးပေး၊ စီးပွားဖြစ် အောင်မြင်တိုးတက်နိုင်ပါသည်။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားကြပါစေ။***

**ဆရာကြီး ဦးအောင်မြင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

---

စာမျက်နှာ (၁၆၂)မှ အဆက်

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကို။ **သက္ကစ္စံ၊** ရိုသေစွာ။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

❂ **အဟံ၊** အကျွန်ုပ်သည်။ **ဓမ္မဂုဏံ၊** တရားတော်၏ ဂုဏ်ကျေးဇူးတော်ကို။ **သက္ကစ္စံ၊** ရိုသေစွာ။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

❂ **အဟံ၊** အကျွန်ုပ်သည်။ **သံဃဂုဏံ၊** သံဃာတော်၏ ဂုဏ်ကျေးဇူးတော်ကို။ **သက္ကစ္စံ၊** ရိုသေစွာ။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

❂ **အဟံ၊** အကျွန်ုပ်သည်။ **မာတာပိတုဂုဏံ၊** အမိအဖတို့၏ ဂုဏ်ကျေးဇူးတော်ကို။ **သက္ကစ္စံ၊** ရိုသေစွာ။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

❂ **အဟံ၊** အကျွန်ုပ်သည်။ **အာစရိယဂုဏံ၊** ဆရာ၏ ဂုဏ်ကျေးဇူးတော်ကို။ **သက္ကစ္စံ၊** ရိုသေစွာ။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

ငါးခေါက်မျှ ကြည့်ရွတ်လျှင် အလွယ်တကူ အလွတ် ရွတ်ဆိုနိုင်ပါသည်။ နံနက်(၉)ခေါက်၊ နေ့လယ်(၉)ခေါက်၊ ညနေ(၉)ခေါက် မပျက် ရွတ်ပွားသွားပါက အမှန်ပင် အန္တရာယ်ကင်း ပျောက်ချမ်းသာရောက်စေပါသည်။

ကျရောက်လာမည့် အန္တရာယ်များပင် ဝေးစွာ ရှောင်ရှားစေပါသည်။ မိတ်ဆွေဦးဝင်းဖော်မှာ အချိန်ရတိုင်း အမှတ်ရတိုင်း ကား၊ရထားပေါ်မှာပင် အမြဲရွတ်ပွားပြီး အထုံရနေပြီ ဖြစ်ပါသည်။ ဓမ္မဒါနအဖြစ်လည်း ရိုက်နှိပ်ဝေငှနေပါသည်။

**ရွတ်ပွား အကျိုးများကြပါစေ။**

**နတ်မောက် ထွန်းမြင့်သစ်**





www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏသိရိ(မတ္တရာ)

# လောဘ်တွေ မှုန့်အောင် သွပ်ကိုအောင်

ကိုယ်တွေ့စီရင်နည်း

နှင်းကွဲစ သာယာသော နံနက်ခင်းတစ်ခုတွင် ကျွန်ုပ်နေထိုင်ရာ မန္တလေး–မိုးကုတ် ကားလမ်းဘေး ရွှေသစ္စာယျာဉမိုင်းဝင် ဘုရားအနီး ဥယျာဉ်ခြံအတွင်းသို့...

'ဆရာကြီး ဝင်ခွင့်ပြုပါ'

ဟု ခွင့်တောင်းရင်း ကျွန်ုပ်၏ တပည့်များ ဖြစ်ကြသော ရွှေဆိုင်ပိုင်ရှင် မောင်ကျော်ဝင်းတို့ လင်မယားစုံတွဲမှာ တစ်ခါတည်း တန်းဝင်လာတော့၏။

ထိုအချိန် ကျွန်ုပ်မှာ ကွမ်းသီးသား ကွပ်ပျစ်ပေါ် ထိုင်ရင်း နံနက်စာအတွက် ထောပတ်၊ ပဲပြုတ်နှင့် ရေနွေးကြမ်းကို စားရင်း မေတ္တာပွားများနေခိုက် ဖြစ်လေ၏။

ကျွန်ုပ်လည်း ထိုစုံတွဲကို မြင်သည်နှင့်...

'အေး ထိုင်ကြကွာ၊ ဘာအကြောင်း ထူးရှိလို့တုံး'

ဟု နှုတ်ဆက်မေး မေးလိုက်ရာ...

'အထွေအထူးတော့ မရှိပါဘူး။ မန်းလေး(မန္တလေး)သွားရင်း ဆရာကြီးကို ဝင်ကန်တော့တာပါ'

ဟု ထိုလင်မယားစုံတွဲက ပြန်ဖြေရင်း မထိုင်သေးဘဲ ပါလာသော ပစ္စည်းအချို့နှင့် ထိုင်ကန်တော့ကြလေ၏။

'အေး အေး ကျန်းမာပါစေ၊ ချမ်းသာကြပါစေ'

ဟု ကျွန်ုပ်က ဆုများပေးရင်း...

'အပေါ်တက်ထိုင်ကြဟေ့၊ အောက်က အေးတယ်။ အဆင်ပြေကြလား'

ဟု ကျွန်ုပ်မှ နေရာပေးရင်း မေးလိုက်ရာ မောင်ကျော်ဝင်းတို့စုံတွဲလည်း...

'ဟုတ်ကဲ့ အဆင်ပြေပါတယ် ဆရာကြီး'

ဟု ဆိုကာ ကွပ်ပျစ်ပေါ် တက်ထိုင်ကြလေ၏။

'အေး... မင်းတို့ကို ကြည့်ရတာ တစ်ခုခု ပြောစရာရှိပုံပဲ။ တလောက ဝယ်ထားတဲ့ကားက အဆင်မပြေလို့လား'

ဟု ကျွန်ုပ်က သူတို့စုံတွဲ၏ အရိပ်အကဲကိုကြည့်၍ လမ်းဖွင့်ပေးလိုက်ရာ...

'ကားက အဆင်ပြေပါတယ် ဆရာကြီးရယ်၊ ဒါပေမယ့် ဆိုင်က နည်းနည်း အရောင်းအဝယ် အေးသလားလို့ဆိုပြီး ဆရာကြီးသမီးက လောဘတက်နေလို့ပါ'

ဟု မောင်ကျော်ဝင်းက ပြန်ဖြေလေ၏။ ထိုအခါ မောင်ကျော်ဝင်း၏ ဇနီးမှ...

'လောဘကြီးတာ မဟုတ်ဘူး ဆရာကြီးရှင့်။ ဆရာကြီးဆီမှာ အရောင်းအဝယ်ကောင်း လာဘ်ပွင့်တဲ့အဆောင်



www.burmeseclassic.com

www.burmeseclassic.com

လေးဘာလေး မစပါလို့ ပြောချင်လို့ပါ။ ကျွန်မတို့ဆိုင်ဘေးက လက်ဖက်ရည်ဆိုင် ဖွင့်တာမှ ဘာကြာသေးလို့လဲ ရောင်းရတာ ဝက်ဝက်ကွဲပဲ။ သူတို့မှာ ကြက်ဥလုံးသာသာ ရွှံ့လုံးတစ်လုံး အဆောင်ဆိုပြီး ယူလာတာ အဖန်ရည် နပ်တဲ့ မီးဖိုထဲ အမြဲထည့်ထားတာ တွေ့တယ်။ ကျွန်မလဲ အဲလို လာဘ်ပွင့်တဲ့ အဆောင်ကောင်းလေး လိုချင်လို့ပါ'

ဟု ရှည်လျားစွာ သူ၏ဆန္ဒကို ပြောလေတော့၏။

ထိုစကားကို ကြားတော့ ကျွန်ုပ်မှာ သွပ်ဓာတ်ဖမ်းထားကြောင်း ချက်ချင်း နားလည်လိုက်၏။ ကျွန်ုပ် ငယ်စဉ်က ငယ်ဆရာ ဘုန်းကြီးလည်း ဓာတ်လုံး ထိုးခြင်း မဟုတ်ဘဲ သွပ်လုံးကို လုံ အတွင်းထည့်ထားကာ ဖိုအတွင်း မီးအပူနှင့် အမြဲတမ်းထားသည်ကို တွေ့ခဲ့ရ၏။

သွပ်မှာ အပွင့်ဓာတ်ဖြစ်၏။ စုတ်ရောလာဘ်ပါ ဝင်တတ်ပေ၏။ ဖိုအတွင်းမှ သွပ်ပူလေ အကျိုးပေးလေ ဖြစ်ကြောင်း ဆရာဘုန်းကြီးကလည်း ပြောခဲ့ဖူး၏။

ကျွန်ုပ်ကိုယ်တိုင်လည်း သွပ်သေအောင် ဓာတ်ထိုးဖူး၏။ ဆရာ ဘုန်းကြီး၏ သွပ်သေဓာတ်လုံးလေးကိုလည်း ဆောင်ထားဆဲဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်လက်တွင် စွပ်ထားသော ငွေနှင့် ကွင်းထားသော သွပ်သေဓာတ်လုံး လက်စွပ်ကို ပွတ်ကြည့်ရင်း...

'အေးလေ လိုချင်တော့လဲ လုပ်ပေးရတာပေါ့။ အကျိုးအပြစ်တွေတော့ ပြောထားရဦးမယ်။ အဲဒီအဆောင် လုပ်ရတာ လွယ်ပါတယ်။

အဲဒါ သွပ်ကို ဓာတ်ဖမ်းထားတာဟ၊ သွပ်ဆိုတာ အင်မတန် လာဘ်ပွင့်တာ။



လာဘ်ပွင့်သလောက်လဲ စန်းပွင့်တယ်။ တကယ်လို့ နင့်ယောက်ျား မစောင့်ထိန်းနိုင်ဘဲ နောက်မိန်းမတွေ့မှ ရှိသမျှ စီးပွားပါ ပျက်နေဦးမယ်။ သေချာစဉ်းစားနော်'

ကျွန်ုပ်မှ ခပ်ဆဆလေး ပြောလိုက်ရ၏။

ထို့နောက်...

'ဓာတ်ထဲမှာတော့ သွပ်နဲ့ ဆေးဒန်းက ဓာတ်မသေလဲ အကျိုးပေးတာပဲ။ ဆေးဒန်းဆိုရင် ဓာတ်သေအောင် မထိုးလဲ ရိုးရိုးဆေးဒန်းဆိုလဲ အဆိပ်နိုင်တယ်ဗျ၊ အဆိပ်မရှိတဲ့ အကောင်တွေ မလာစေချင်ရင် ဆေးဒန်းအရည်ဖျော်ပြီး လျှောက်ပက်ထားရတယ်။

အဲ နတ်စင်ကိုတော့ မထိစေနဲ့ဗျ၊ နာနာဘာဝတို့၊ နတ်တို့လဲ ဆေးဒန်းကို အင်မတန်ကြောက်တာဗျ။ သွပ်ကလဲ အဲလိုပဲ။ သွပ်ကို ဓာတ်ထိုးလို့ သေသွားရင် ဖန်တာနဲ့ ငန်တာဆိုပြီး ဝါသေနဲ့ နီသေ အရောင်ကွဲတတ်တယ်ဗျ။

ဒါကတော့ နည်းနည်းကွာလို့ပါ။ နောက်တစ်ခုက သွပ် သေ,မသေ ကြည့်ချင်ရင် သွပ်လုံးကို ကိုက်ကြည့်ရတယ်။ စစ်စစ် စစ်စစ်နဲ့ အသံကြား ရရင် ဓာတ်မသေသေးဘူးဗျ။ မကြား ရင်တော့ ဓာတ်သေပြီဗျ။

ဒါကတော့ သွပ်ကို ဓာတ်ထိုး(ဖိုထိုး) ပြီး သုံးတာ ဗဟုသုတပေါ့။ အခု နင် တို့ပြောတဲ့ဟာက သွပ် သေစရာမလို ဘူး။ သွပ်ဆိုရင်ရပြီ။ အေး အေး ငါ လုပ်ပေးတာပေါ့။ မင်းတို့ မန်းလေး (မန္တလေး)က ပြန်လာရင် ဓာတ်ခဲတစ် လုံး ဝယ်ခဲ့ကွာ။ ငါ တစ်ခါတည်း လုပ်ပေးလိုက်မယ်'

ဟု ကျွန်ုပ်လည်း ရှည်လျားစွာ ရှင်းပြလိုက်ပြီး ရေနွေးကြမ်းတစ်ခွက် မော့သောက်လိုက်၏။

ကျွန်ုပ်၏စကားကို ကြားရ၍ မောင်ကျော်ဝင်းတို့ လင်မယားစုံတွဲမှာ ဝမ်းသာကြလေ၏။ ထို့နောက်...

'ဆရာကြီး ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး။ ကျွန်တော်တို့ အပြန်ဓာတ်ခဲ ဝယ်ခဲ့ပါ့မယ်'

ဟု နှုတ်ဆက်၍ ထွက်သွားကြလေ၏။ သူတို့ပြန်သွားကြလေသော် ကျွန်ုပ်လည်း ကျွန်ုပ်၏တပည့် မောင်ဖိုးလှိုင်ကို ခေါ်ယူ၍...

'ကဲ ဖိုးလှိုင် မင်း ရွာထဲသွားကွာ၊ ကြက်မဝပ်လို့ မပေါက်တဲ့ ကြက်ဥ အချဉ်တစ်လုံး ရအောင်ရှာခဲ့ကွာ၊ ပြီးရင် ရွှံ့သွားခူးခဲ့(ယူခဲ့) သေချာလဲ (စေးနေအောင်) ထုထားလိုက်ကွာ၊ ညနေ မောင်ကျော်ဝင်းတို့ လင်မယား လာတော့ လာဘ်ပွင့်တဲ့၊ အရောင်း အဝယ်ကောင်းတဲ့ အဆောင်လေး လုပ်ပေးမလို့ကွ။ မင်းလဲ မှတ်ထား'

ဟု မှာကြားပြီး ကျွန်ုပ်၏ အမိဋ္ဌာန် လုပ်ငန်းများလုပ်ရန် ကျွန်ုပ်၏ ထန်းလက်တဲအတွင်းသို့ ဝင်ခဲ့လေ တော့၏။

ကျွန်ုပ်၏တပည့် မောင်ဖိုးလှိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ကွပ်ပျစ်ပေါ်မှ ပန်းကန်နှင့် ရေနွေးကရားကို သိမ်းဆည်းပြီး တိတ်ဆိတ်စွာပင် ရွာထဲသို့ ကြက်ဥချဉ် ရှာပုံတော်ဖွင့်ရန် ထွက်သွားလေတော့၏။

ဆောင်းဦး၏ နေမကျမီအချိန် ညနေပိုင်းလောက်တွင် ကျွန်ုပ်မှာ ကျွန်ုပ်၏တဲရှေ့ ကွပ်ပျစ်ပေါ်ထိုင်ရင်း ထန်းလျက်ခဲနှင့် ရေနွေးကြမ်း မြည်းလျက်ရှိစဉ် မောင်ကျော်ဝင်းတို့စုံတွဲမှာ အရီးတောင်းလက်ဖက်ဘူးများ ကိုင်ရင်း ဝင်လာကြတော့၏။ ပြီးလျှင် တစ်ဆက်တည်း...

'ဆရာကြီး ဒီမှာခတ်ခဲတစ်လုံး ဝယ်လာတယ်။ ဆရာကြီးက ခတ်ခဲကို ဘယ်လိုလုပ်မလို့တုံး'

'ခတ်ခဲက ဈေးရောင်းကောင်းလား'

ဟု မောင်ကျော်ဝင်း၏ဇနီးက စောဒကတက်လေ၏။

'အေး တို့မျှားက သွပ်ခတ်ဖမ်းမှာလေ။ သွပ်နဲ့ စီရင်မှာ၊ အဲဒီသွပ်အစစ်ရဖို့က ခတ်ခဲမှာ ပါတဲ့ သွပ်ခွက်က အစစ်ပဲ၊ ခတ်ခဲဟာ သွပ်မစစ်ရင် အားမထွက်ဘူး။ မှတ်ထား။ ဒါကြောင့် ခတ်ခဲကို သုံးတာ'

ဟု ကျွန်ုပ်မှ ရှင်းပြရလေ၏။ ထို့နောက် ကျွန်ုပ်၏တပည့်အား...

'ဖိုးလှိုင်ရေ မင်း ရှာထားတဲ့ ပစ္စည်းတွေ ယူခဲ့ကွာ'

ဟု ဆိုလိုက်ရာ မောင်ဖိုးလှိုင်က သူ ရှာထားသော ကြက်ဥချဉ်တစ်လုံးနှင့် ရွှံ့စေးတစ်တုံးကို ထုတ်ယူလာလေ၏။

ကျွန်ုပ်လည်း မောင်ဖိုးလှိုင် ယူလာသော ကြက်ဥချဉ်၏ ထိပ်အား မြေဖြူလုံးခန့် အပေါက်လေးတစ်ပေါက် ဖောက်လိုက်၏။ ထို့နောက် ခတ်ခဲအား တူနှင့်ထုခွဲကာ သွပ်ခွက်ကို ယူလိုက်၏။



ထိုသွပ်ခွက် အပြားလေးအား မြေဖြူလုံးခန့်ရအောင် လိပ်ကာ ကြက်ဥချဉ်ထိပ်ဝ အပေါက်က ထည့်လိုက်၏။ သွပ်ထည့်ထားသော ကြက်ဥချဉ်ကို ရွှံ့စေးတို့ဖြင့် မံ၍ အလုံးလေးဖြစ်အောင် လုပ်လိုက်၏။ မောင်ကျော်ဝင်း လင်မယားလည်း ကျွန်ုပ် လုပ်သမျှ တစ်ခွန်းမပြောဘဲ ထိုင်ကြည့်နေလေ၏။

ထိုကိစ္စများ ပြီးသွားလျှင် ကျွန်ုပ်မှ...

'ကဲ မင်းတို့ ဒါလေးယူသွား၊ မင်းတို့ ရွှေလျော်၊ ရွှေချွတ်တဲ့ မီးဖိုထဲ အမြဲထည့်ထားကွာ။ ဒါလေး ပူလာလေ မင်းတို့ အရောင်းအဝယ် ကောင်းလေပဲ၊ ရွှံ့တွေကွဲကုန်ရင် အသစ်ပြန်မံကွာ။

အထူး မှာချင်တာက မောင်ကျော်ဝင်းကတော့ မိန်းမကိစ္စကို အထူးရှောင်ကွာ။ မရှောင်နိုင်ရင် စီးပွားပျက်တဲ့ အဆင့်ထိ ရောက်နိုင်တယ်။ အထူးသတိထားပါ။

ကဲ သွားကြ၊ သွားကြ မင်းတို့ ရွှေတောထဲ ပြန်ကြရမှာ။ နေအတော်ကျသွားပြီ၊ ကားလဲ ဖြည်းဖြည်းမောင်းကွာ'

ဟု ရှည်လျားစွာ မှာကြား၍ ပြန်လွှတ်လိုက်လျှင် ကျွန်ုပ်အား ဦးသုံးကြိမ်ချကာ ပြန်သွားကြလေ၏။

မောင်ကျော်ဝင်း၏ ဇနီးမှာလည်း လိုချင်တာရ၍ အတော်ပျော်သွားပုံရလေ၏။ သူတို့စုံတွဲ ပြန်သွားလေသော် ကျွန်ုပ်မှ...

'ကဲ ဖိုးလှိုင် လုပ်စရာရှိတာ လုပ်တော့ကွာ။ အခုလုပ်တဲ့နည်းကို မှတ်မိလား၊ လူတိုင်းတော့ လုပ်ပေးလို့ မရဘူးကွ။ စီးပွားပျက်တတ်တယ်။ စောင့်ထိန်းနိုင်မှ ကောင်းတာ။ အေး... အေး... ငါလဲ အဓိဋ္ဌာန်လုပ်ငန်းတွေ ဝင်တော့မယ်'

ဟု မှာကြားကာ ကျွန်ုပ်၏ ထန်းလက်တဲအတွင်း ဝင်ခဲ့လေ၏။

ကျွန်ုပ်လည်း ကျွန်ုပ်၏ အဓိဋ္ဌာန်လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေရာ မောင်ကျော်ဝင်းတို့ လင်မယားအား မေ့မေ့ပျောက်ပျောက် ရှိနေခဲ့လေ၏။

တစ်နေ့သော ဆောင်းနှင်းမြူများ ပိတ်နေသည့် နံနက်ခင်းတစ်ခုတွင် ကျွန်ုပ်၏တဲရှေ့၌ ဧည့်သည်များ ရောက်ရှိနေသံကို ကျွန်ုပ် အဓိဋ္ဌာန်ဝင်ရာ တဲအတွင်းမှ ကြားလိုက်ရ၏။

ကျွန်ုပ်လည်း အဓိဋ္ဌာန်လုပ်ငန်းများ ပြီးစီးအောင် အာရုံယူ၍ လုပ်ဆောင်ခဲ့ပြီး တဲအပြင်သို့ ထွက်လိုက်လေရာ မောင်ကျော်ဝင်းတို့ လင်မယားစုံတွဲအား ပစ္စည်းတချို့နှင့်အတူ တွေ့ရလေ၏။

'ဟေး လာကြပြန်ပြီလား၊ ဒီတစ်ခါ ဘာလုပ်ပေးရမလဲ'

ဟု နှုတ်ဆက်မေး မေးလိုက်လေရာ မောင်ကျော်ဝင်း၏ ဇနီးမှ...

'ဘာမှ မလုပ်ခိုင်းတော့ပါဘူး ဆရာကြီးရယ်၊ စီးပွားရေးလဲ အဆင်ပြေပါတယ်။ အရောင်းအဝယ်လဲ အရမ်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းပါတယ် ဆရာကြီးရယ်၊ ဒါကြောင့် ဆရာကြီးကို လာကန်တော့ရင်း ဒီလာဘ်ပွင့်တဲ့ အစီအရင် အဆောင်ကို ပြန်လာပေးတာပါ'

ဟု ပြန်ဖြေရင်း ထိုင်၍ ဦးချကြလေ၏။

ကျွန်ုပ်မှ...

'ဟာ အရောင်းအဝယ် ကောင်းနေတာကို ဘာလို့ လာပြန်ပေးတုံး'

ဟု ပြန်မေးလိုက်ရာ...

'ဆရာကြီး ပြောတဲ့အတိုင်းပဲ ဆရာကြီးရယ်။ စုတ်ရောလာဘ်ရော အရမ်းပွင့်ပါတယ်။ လက်တွေ့ပါ။ ကျွန်မတို့ ဘေးက ကျွန်မပြောတဲ့ လက်ဖက်ရည်ဆိုင်လေ အခု စီးပွားပျက်ပြီး သူများကို ရောင်းလိုက်ရပြီ။

အဲဒီ ဆိုင်ပိုင်ရှင်ရဲ့ ယောကျ်ားက နောက်မိန်းမရပြီး လင်မယား ကွဲကြ၊ ပစ္စည်းခွဲကြနဲ့ အခုတော့ ပျက်စီးကုန်ပြီ ဆရာကြီးရယ်။

ကျွန်မတို့လဲ ဒီအဆောင်လေး ယူသွားတဲ့ ဒီတစ်လ၊ နှစ်လအတွင်း အရောင်းအဝယ် အရမ်းကောင်းပါတယ်။ ဒါပေမယ့် ဆရာကြီးရယ် ကိုကျော်ဝင်း ရန်ကုန်ကို ကားသွားဝယ်ရင်းနဲ့ သိလာတဲ့ ကောင်မလေး ငယ်ငယ်လေးက တောက်လျှောက်ဖုန်းဆက်နေတော့တာ။ မဖြစ်တော့ဘူးဆိုပြီး ဆရာကြီးဆီ ပြန်လာအပ်တာပါ'

ဟု ရှည်လျားစွာ ရှင်းပြပြီး ကျွန်ုပ်စီရင်ပေးလိုက်သော ရွှံ့လုံးအား ကျွန်ုပ်ထံသို့ အပ်နှံလေရာ...

'အေးလေ ငါပြောသားပဲ။ နင့်ယောကျ်ားက စောင့်ထိန်းဖို့ လိုတယ်လို့။ ဒါက အပွင့်ခါတ်ဆိုတော့ အကုန်ပွင့်တာပဲဟ။ ကဲ ကဲ ဖိုးလှိုင်ရေ ဟိုရေတွင်းစပ်နားကို ချထားလိုက်ကွာ'



ဟု ပြောလိုက်ပြီး ဖိုးလှိုင်ကို ပေးလိုက်ရာ ဖိုးလှိုင်က ရေတွင်းစပ်အနီး ကန်ငယ်လေးအတွင်း အအေးခါတ်ဖြင့် စိမ်ထားလိုက်၏။

'အေး... အေး... ကဲ ဒီနေ့ကစပြီး နင့်ယောကျ်ားအတွက် စိတ်အေးလိုက်တော့။ နင်က သူများကိုကြည့်ပြီး အားကျတာကိုးဟ၊ လောဘဆိုတာ ထော်လောဘပဲကောင်းတယ်။ လာဘ်ပွင့်အောင် သီလမြဲအောင်လုပ်၊ သရဏဂုံတည်၊ နမောတဿ ရွတ်၊ မေတ္တာပွားပေါ့။ ရော့ ရော့ ဒါလေး ယူသွား'

ဟု ဆိုကာ ကျွန်ုပ်ကိုယ်တိုင် ဖိုထိုးထားသော သွပ်ဝါသေခါတ်လုံးလေး တစ်လုံးကို ထုတ်ပေးလိုက်လေ၏။ ပြီးနောက်...

'ဒါကို ဟိုရောက်ရင် ရွှေနဲ့ကွင်းကွင်း၊ ငွေနဲ့ကွင်းကွင်း ကြိုက်တာနဲ့ ကွင်းပြီး ဝတ်ပေါ့။ အရောင်းအဝယ် ကောင်းပါလိမ့်မယ်'

ဟု ဆိုကာ မောင်ကျော်ဝင်း၏ဇနီးအား ပေးလိုက်လေ၏။

မောင်ကျော်ဝင်း၏ဇနီးမှာ ရွှေရောင်ကဲ့သို့ အဝါရောင် တောက်ပ... သော သွပ်သေခါတ်လုံးလေး... လှမ်းယူရင်း ဝမ်းသာပီတိဖြစ်လျ... ရှိလေ၏။

ကျွန်ုပ်အား ယောဂီပိတ်စ၊ ပုဆိုး... ဖြင့် ကန်တော့ကြလေရာ ကျွန်ုပ်... ကျန်းမာချမ်းသာစေကြောင်း ဆုမ... ပေးလိုက်လေရာ သာဓုခေါ်၍ ပြန်သွ... ကြလေ၏။

သူတို့စုံတွဲ ပြန်သွားပြီးနောက်... ကျွန်ုပ်၏အဘိုးဆရာ မှာခဲ့သော... စကားများကို ပြန်ကြားမိလေ၏။

'မင်းက လက်တွေ့သမား၊ သိ... သမား လျှောက်မစမ်းနဲ့'

ဟု မှာသော်လည်း ကျွန်ုပ်အသက်... အလတ်အရွယ်တွင် စမ်းသပ်၍ နည်း... ပေးလိုက်ရာ ထိုကဲ့သို့ပင် စုတ်ရော... လာဘ်ပါ အကျိုးပေးလွန်းလှကြောင်း... လက်တွေ့သိရ၏။ လင်သားဖြစ်သူ... စည်းဖောက်၍ စီးပွားပျက်ရလေ၏။

ထို့ကြောင့်ပင် ကျွန်ုပ်မှ ဤနည်း... အား မည်သူ့မျှ မပေးဘဲ ထားခဲ့သည်... မှာ ကြာချေပြီ။ ယခုလည်း ကျွန်ုပ်... မေတ္တာများ လှမ်းခြုံ၍ လူငယ်စုံတွဲ... အား ပေးလိုက်ခြင်း ဖြစ်လေရာ လွန်... အကျိုးပေးကြောင်း လက်တွေ့သိ... လေ၏။

ကျွန်ုပ်၏ မေတ္တာခါတ်ကြောင်... သူတို့စုံတွဲ စီးပွားမပျက်ဘဲ ထိန်းသိ... နိုင်ခဲ့လေ၏။ သို့ဖြစ်လေရာ အရောင်... အဝယ် ကောင်းလိုသူများ စမ်းသပ်... က စမ်းသပ်နိုင်ပြီး စုတ်ရောလာဘ်... ပွင့်တတ်ကြောင်းကိုမူ ကျွန်ုပ်... ကြိုတင် သတိပေးစကားထား... ရေးသားလိုက်ရပါသည်။

ဝဏ္ဏသီရိ (မထွေး...)



www.burmeseclassic.com

www.burmeseclassic.com

ဥပ္ပါတသန္တိကျမ်းလာ

# မေတ္တေယျ ဘုရားရှိခိုး



ဥပ္ပါတသန္တိဟူသည်မှာ ဓားလုံအစရှိသော လက်နက်တို့ကြောင့် သေကျေပျက်စီးရသော သတ္ထန္တရကပ်ဘေး၊ အနာရောဂါကြောင့် သေကျေပျက်စီးရသော ရောဂန္တရကပ်ဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းကြောင့် သေကျေပျက်စီးရသော ဒုဗ္ဘိက္ခန္တရကပ်ဘေးဟု ဆိုအပ်သော ကပ်ကြီးသုံးပါး၊ ဘေးကြီးသုံးရပ်တို့မှ လွတ်ငြိမ်းခွင့်ရသောကျမ်းဟု အဓိပ္ပာယ်ရသည်။

ထိုကျမ်းကို သက္ကရာဇ် ၇၆၇ (အေဒီ-၁၄၀၅)ခုနှစ်တွင် ဇင်းမယ်ပြည်၌ သီတင်းသုံးသော အရှင်သီလဝံသ ဘွဲ့မည်ရှိသော မထေရ်တစ်ပါး ရေးသားခဲ့ပြီး သက္ကရာဇ် ၈၄၂ (အေဒီ ၁၄၈၀)ခုနှစ် အင်းဝ ဒုတိယမင်းခေါင် (အေဒီ ၁၄၈၁-၁၅၀၂) လက်ထက်၌ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်ဟု အဆိုရှိခဲ့သည်။

ဇင်းမယ်ပြည်ကို မြန်မာတို့က ယွန်းပြည်၊ ထိုင်းတို့က လန်နာ(Lan Na)ဟု ခေါ်သည်။ ဇင်းမယ်သည် ထိုင်းနိုင်ငံ၏ မြောက်ပိုင်း၌ တည်ရှိသည်။ ယခုချင်းမိုင် (Chiang Mai)ဟု အမည်တွင်ခဲ့သည်။

ထိုမြို့ကို (အေဒီ ၁၂၉၆)ခုနှစ်တွင် ညားစောမိုင်းရဲဆိုသူက တည်ဆောက်ခဲ့သည်။

(အေဒီ ၁၅၆၃)ခုနှစ်၌ ဘုရင့်နောင်ဆင်ဖြူရှင် မင်းတရား(အေဒီ ၁၅၅၁-၁၅၈၁)ယိုးဒယား(ထိုင်း)သို့ ချီတက်ပြီး ဇင်းမယ်မြို့ကို ချီတက် သိမ်းပိုက်ယူခဲ့သည်။ ထို့နောက် (အေဒီ ၁၅၇၈)ခုနှစ် ဘုရင့်နောင်မင်းကြီး၏ သားတော် နော်ရထာစော အုပ်ချုပ်ခဲ့သည်။

ထိုမင်းလက်ထက်၌ ပုန်ကန်ထကြွမှုများနှင့် တိုင်းရေးပြည်ရေး မငြိမ်မသက်ရှိသည့်အတွက် ဥပ္ပါတသန္တိကျမ်းကို ဇင်းမယ်တစ်နိုင်ငံလုံး ရွတ်ဆိုနာယူကြ၍ ဘေးရန်အမျိုးမျိုးတို့မှ ကင်းဝေးငြိမ်းအေးခဲ့သည်ဟု ကျမ်းဂန်ထဲတွင် ပါရှိသည်။

ထိုဥပ္ပါတသန္တိကျမ်းသည် အင်းဝခေတ်ကပင် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး (အေဒီ ၁၈၃၆)ခုနှစ်တွင် ညောင်ကန်ဆရာတော် ဦးဗုဓ် (အေဒီ ၁၇၈၇-၁၈၄၂)၌ ထိုကျမ်းကို ပုဒ်၊ ပါဌ်၌ အက္ခရာများ ပြင်ဆင်တည်းဖြတ်၍ မြန်မာနိဿယမူကိုပါ ပြုစုရေးသားတော်မူခဲ့သည်။

ထိုကျမ်းကြီးကို ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက် စစ်တလင်းဖြစ်ခဲ့ရသော မြန်မာနိုင်ငံတော်ကို ဘေးရန်အန္တရာယ်အသွယ်သွယ်တို့မှ ငြိမ်းအေးစေရန်အတွက် ပထမကျော် ဆရာကြီးဦးကြီးဖေ ဦးဆောင်သော ဝတ်အဖွဲ့ဝင်များက တစ်နိုင်ငံလုံးသို့ လှည့်လည်ကာ ရွတ်ဆိုပူဇော်ခဲ့ကြ၏။

ထိုပထမကျော် ဆရာကြီးဦးကြီးဖေသည် ဥပ္ပါတသန္တိကျမ်းကို မြန်မာဘာသာသို့လည်း ပြန်ဆိုခဲ့သည်။ ထိုကျမ်း၌ ဖော်ပြပါရှိသော မေတ္တေယျဘုရားရှိခိုး ဆုတောင်းဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

> အနာဂ တေ စ သမ္ဗုဒ္ဓါ
> မေတ္တေယျော ဒေဝပူဇိတော၊
> မဟိဒ္ဓိကော မဟာဒေဝေါ
> မဟာသန္တိံ ကရောတု မေ။

**ခက်ခဲသော ပါဠိအသံထွက်**

**သမ္ဗုဒ္ဓေါ** = သမ်ဗုတ်ဓေါ

**မေတ္တေယျော** = မစ်တေယော

**မဟိဒ္ဓိကော** = မဟိတ်ဓိကော

**မဟာသန္တိံ** = မဟာသန်တိန်

**အနက်**

**အနာဂတေစ၊** နောင်လာလတ္တံ့သောအခါ၌ကား။ **ဒေဝပူဇိတော၊** နတ်ပြဟ္မာတို့သည် ပူဇော်အပ်သော။ **မဟိဒ္ဓိကော၊** တန်ခိုးကြီးသော။ **မဟာဒေဝေါ၊** သမ္မုတိနတ်၊ ဥပပတ္တိနတ်တို့ထက်မြတ်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော။ **မေတ္တေယျော၊** မေတ္တေယျ အမည်တော်ရှိသော။ **သမ္ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **မေ၊** အကျွန်ုပ်အား။ **မဟာသန္တိံ၊** ကြီးစွာသော ငြိမ်းအေးခြင်းကို။ **ကရောတု၊** ပြုပါစေသတည်း။

***(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့် (စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)***

ယခုအခါ နေပြည်တော် ပျဉ်းမနား၌ ဥပ္ပါတသန္တိဘွဲ့တော်ရှိသော စေတီတော်ကြီးတစ်ဆူ တည်ထားပြီးခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံသူနိုင်ငံသားတို့သည် ကပ်ကြီးသုံးပါးမှ ကျော်နင်းနိုင်ရန် ဥပ္ပါတသန္တိကျမ်းတော်လာ မေတ္တေယျဘုရားရှိခိုးခြင်းဖြင့် ဘေးအန္တရာယ်ဟူသမျှ ကင်းစင်လွင့်ပျောက် မကျရောက်နိုင်ကြောင်းရေးသားဖော်ပြအပ်ပါသည်။

**မှီငြမ်းဖော်ပြ။ ။ ပွင့်တော်မူမည့် မြတ်စွာဗုဒ္ဓမေတ္တေယျ [ဦးအောင်မွန် (မြတ်ဆုမွန်)]**

**// ရဲရဲထွန်း (ဗဟိုသုတ) //**



www.burmeseclassic.com

www.burmeseclassic.com



# ရှက်လှပန်းပင် စိုက်မည်ဆိုလျှင်

ဆောင်းလရာသီ တစ်နေ့သော နံနက်ခင်းတွင် အိမ်ရှေ့ရှိ ကွပ်ပျစ်ကလေးပေါ်တွင်ထိုင်လျက် နေပူဆာလှုံနေခိုက် ကျွန်တော်တို့ လမ်းထဲတွင်နေသော ရင်းနှီးသည့် မိတ်ဆွေဖြစ်သူ ကိုကျော်ငွေတစ်ယောက် အိမ်ခြံဝင်းထဲသို့ ဝင်လာပြီး ကျွန်တော်ထိုင်နေသော ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်လိုက်ပါသည်။

ကိုကျော်ငွေက ကျွန်တော်၏ အိမ်ခြံဝင်းထောင့်ရှိ အပွင့်တွေဝေနေသော ယုဇနပန်းပင်ကို လှမ်းကြည့်ပြီး...

'ခင်ဗျား စိုက်ထားတဲ့ ယုဇနပန်းပင်က ကိုင်းတက်ချိုးပြီး စိုက်တာလား၊ ကိုင်းကူးထားပြီး စိုက်တာလား'

သူက မေးလာ၍ ကျွန်တော်က...

'ယုဇနပန်းပင်က သီးတဲ့အသီးကို ခူးပြီးစိုက်တာပါ'

သူက အံ့ဩဟန်ဖြင့်...

'ဟုတ်လား၊ ခင်ဗျားပြောမှပဲ ယုဇနပင်က အသီးရှိတယ်ဆိုတာ သိရတယ်'

'ကျွန်တော်လဲ ကိုကျော်ငွေလိုပဲ အစက မသိခဲ့တူး။ အပင်မှာ ကိုင်းကူးထားပြီး စိုက်ရင် ကြာလို့ ကိုင်းတက်ကို ချိုးစိုက်ကြည့်တာ မရဘူးဗျ။

ကျွန်တော့်အသိတစ်ယောက်က သူ့အိမ်ခြံဝင်းထဲမှာ စိုက်ထားတဲ့ ယုဇနပန်းပင်က ရင့်မှည့်နေတဲ့ အသီးလေးတွေ ခူးပြီး ပေးလိုက်လို့ အဲဒီအသီးကို စိုက်တော့မှပဲ အသီးမျိုးစေ့ကနေပေါက်ပြီး အပင်ဖြစ်လာတယ်ဆိုပါတော့'

'အေးဗျာ ယုဇနပင်လို ရှက်လှပန်းပင်တွေမှာလဲ အသီးရှိရင် သိပ်ကောင်းမှာပဲ။ ရှက်လှပန်းကိုင်းတွေကို သူများဆီက တောင်းပြီး စိုက်ကြည့်တာ မရဘူးဗျ'

'ရှက်လှပန်းကိုင်းက စိုက်လို့ရပါတယ်'

'ကျွန်တော် စိုက်တာတော့ အဆင်မပြေဘူးဗျာ၊ သူများတွေက ပန်းကိုင်းမျိုးစုံ ပေးကြပါတယ်။ စိုက်လို့မဖြစ်ဘူးဖြစ်နေတယ်၊ စိုက်နည်းစိုက်ဟန် သိရင် ပြောပြပါဦး'

ကိုကျော်ငွေက တောင်းဆိုလာသဖြင့်...

'ဒီလိုဗျ ရှက်လှပန်းပင်က ကိုင်းကိုချိုးပြီး စိုက်မယ်ဆိုရင် ကိုင်းတက်ရဲ့ လုံးတံသာသာရှိတဲ့ တုတ်တစ်ချောင်းနဲ့ မြေအစိုဓာတ်ရှိတဲ့ စိုက်မယ့်နေရာကို ထိုးဖောက်ပေးလိုက်၊ ကျင်းဖောက်တဲ့သဘောပေါ့။

ထိုးဖောက်တဲ့ မြေကြီးအတိမ်အနက်ကိုတော့ ကိုယ်စိုက်မယ့်ကိုင်းရဲ့ အတိုအရှည် အနေအထားကို ကြည့်ပြီး သင့်တော်သလို ထိုးဖောက်ပေါ့။

တုတ်တံနဲ့ ဖောက်ပြီးရင် အဲဒီကျင်းပေါက်ထဲကို ရှက်လှကိုင်းထည့်စိုက်ပေတော့။ စိုက်ပြီးရင် ကျင်းပေါက် ပြန်ပိတ်ထားပေါ့ဗျာ။

ကျင်းမဖောက်ပေးဘဲနဲ့ ရှက်လှကိုင်းကို မြေကြီးထဲ တစ်ခါတည်း ထိုးစိုက်ရင် အပင်[illegible] ကိုင်းရဲ့ အပွေးအခေါက်တွေလဲ ပွန်းပဲ့[illegible] သွားတတ်တယ်။ နောက်ပြီး ထိုးစိုက်လိုက်[illegible] တဲ့ကိုင်းက မြေကြီးနဲ့ ကျပ်နေတော့ အ[illegible] မထွက်နိုင်ဘဲ အပင် မရှင်နိုင်ဘူးပေါ့ဗျာ'

ကျွန်တော်က စိုက်ပုံစိုက်နည်း[illegible] ပြောပြလိုက်ရာ ကိုကျော်ငွေက...

'ဟုတ်ပြီဗျို့၊ ခင်ဗျား ပြောပြမှ[illegible] သဘောနားလည်တော့တယ်၊ ကျွန်တော်[illegible] က ရှက်လှကိုင်းကို တစ်ခါတည်း မြေ[illegible] ကြီးထဲ ထိုးစိုက်တာ ဖြစ်နေတော့ အ[illegible] ပြန်မရှင်နိုင်တာ ဖြစ်တာပေါ့'

ကိုကျော်ငွေမှာ ကျွန်တော့်ကို ကျေး[illegible] တင်သွားပုံရသည်။ သူ ပြန်သွားချိန်[illegible] ရှက်လှပန်းပင် ကိုင်းထိုးစိုက်နည်း[illegible] မိမိ အတွေ့အကြုံအရ ပြောပြလိုက်[illegible] ကျေနပ်နေမိပါတော့သည်။


**ကိုမောင်ကျော်မှိုင်**
**(မအူ[illegible])**



www.burmeseclassic.com

www.burmeseclassic.com

# သက်ရောက် ထိ ကံကြမ္မာ



ကျော်ဦးလွင်
(ဝါးခယ်မ)

ဗေဒင်မေးသူများ အထူးသိလိုကြသောအချက်မှာ **"ဒီနှစ် ထီပေါက်မလား"** ဟူသော အမေး၏ အဖြေပင်ဖြစ်တော့သည်။

ကျွန်ုပ်သည် ဗေဒင်ပညာကို စိတ်ဝင်စားစွာ လေ့လာနေသူ ဖြစ်ပါသည်။

သို့ဖြစ်၍ **စလင်းဆရာတော်၏ ထီနှင့်ပတ်သက်သော လင်္ကာလေး**ကို ဦးစွာ တွေ့ရှိလိုက်ရပါသည်။

'ငါးကျောက်ဖိ ရေထိမှပေါ် ဥညဆို ထီတော်ကြီး ထိုးတော့အပြီး'

ပထမနည်း

* * * *(ပထမနည်း)*

ရောက်ဆဲအသက်ကိုတည် မွေးနံဂြိုဟ်သက်နှင့်ပေါင်း၊ (၈)နှင့်စား။ (၁)ကြွင်းလျှင် (ထီ)ပေါက်တတ်သည်ဟု ဆိုပါသည်။

ကျွန်ုပ်သည် အသက်(၃၈နှစ်)ရှိ ကြာသပတေးသားတစ်ဦးကို တွက်ကြည့်လိုက်သောအခါ (၁)ကြွင်းသည်ကို တွေ့လိုက်ရပါတော့သည်။

ဒုတိယနည်း

ရောက်ဆဲသက္ကရာဇ်နှင့် မွေးသက္ကရာဇ်ပေါင်း ရောက်သက်နှင့်စား အကြွင်းကို ထီထိုးမည့်လနှင့်ပေါင်း (၇)နှင့်စား (၆),(၀)ကြွင်းလျှင် ထီပေါက်နိုင်ပါသည်။

**ဥပမာ ၁၃၃၆ ခုနှစ်ဖွား ကြာသပ**

**ပထမနည်း**

ရောက်သက် အသက် ➪ ၃၈

ကြာသပတေးဂြိုဟ် ➪ ၁၉

၈ | ၅၇ | ၇

၅၆

၁ ကြွင်း

၁ ကြွင်း၍ ထီပေါက်တတ်သည်

**ဒုတိယနည်း**

+ ၁၃၇၄

၁၃၃၆

၃၈ *[ရောက်သက်]* | ၂၇၁၀ | ၇၁

၂၆၆

၅၀

၃၈

၁၂

\+ ၉ **ထီထိုးမည့်လ(နတ်တော်)[တန်ခူးလမှစ၍ ရေတွက်]**

၇ | ၂၁ | ၃

၂၁

၀ ကြွင်း **(ထီပေါက်နိုင်သည်)**

**တေးသား...**

ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နတ်တော်လ ထီထိုးမည်ဆိုလျှင်...

* * * *(ဒုတိယနည်း)*

တတိယနည်း...

မွေးသက္ကရာဇ်တည် မွေးနံဂြိုဟ်သက်နှင့်ပေါင်း (၃၂)နှင့်စား အသက်နှင့်ပေါင်း (၇)နှင့်စား။

(၆၅၀)ကြွင်းလျှင် တစ်ဦးတည်းထိုးပါ။ (၁၂၃၄၇)ကြွင်းလျှင် စပ်တူထိုးပါ။

**ဥပမာ ၁၃၃၆ ခုနှစ်ဖွား ကြာသပတေးသား...**

* * * *(တတိယနည်း)*

သိလိုသူ ကြာသပတေးသား (တိ... စပ်တူထိုးရမည်။

ဂြိုဟ်သက်များ...



[illegible] ရောင်ခြည်မဂ္ဂဇင်း ၁၉၄၃ စာမျက်နှာ (၁၉၈) သို့

www.burmeseclassic.com

ကျွန်တော်၏အဖေသည် ရဟန်းဝတ်ပြီး (၂)ဝါရမှ လူထွက်ခဲ့ပါသည်။ ရဟန်းလူထွက်ဟု ခေါ်ရပါသည်။ အမည်မှာ ဦးဖိုးလုဖြစ်ပါသည်။ အများအားဖြင့် ဆရာလုဟု ခေါ်ကြပါသည်။

ကျွန်တော့်အဖေသည် စာပေ အလွန်ဝါသနာပါ,ပါသည်။ လုပ်ငန်း အားလပ်သောအချိန်တွင် စာဖတ်နေတတ်ပါသည်။ အဖေက ပြောပါသည်။

'လူကလေး... စာဖတ်ခြင်းဟာ အသိကို တိုးစေတတ်တယ်။ မှားသောအစွဲအလမ်းများကိုလဲ ပျောက်စေတယ်။ အဖေက လက်ယာတော်ရဲ့ ရှင်သာရိပုတ္တရာလို ဆုတောင်းထားတာ၊ လက်ယာတော်ရဲ့ ရဟန္တာဆိုတာ ပညာထေအ်ရတယ်။ ဒါကြောင့် ဘဝတိုင်း ဘဝတိုင်း ပညာပါရမီဖြည့်ရမယ်'

ဟု ပြောပါသည်။

ကျွန်တော့် အမေအမည်မှာ ဒေါ်သန်းမေ ဖြစ်ပါသည်။ အဖေဟာ အမေနှင့် အိမ်ထောင်ကျပြီး နောက်ပိုင်းတွင် မန်ကျည်းပင်ပုရွာနှင့် မန်ကျည်းကုန်းရွာများမှ ကလေးငယ်များကို စာသင်ပေးပါသည်။ အခမဲ့ပါ။

သင်ပုန်းကြီး၊ ဘုရားရှိခိုး၊ လောကနီတိနှင့် ပရိတ်ကြီးတို့ကို သင်ကြားပေးပါသည်။ ကလေးများ အတွက်အချက်တတ်မြောက်စေရန် ဂဏန်းသင်္ချာ အခြေခံတွက်နည်းများကိုလည်း သင်ကြားပေးပါသည်။



စလင်း ဦးကျော်

ကျွန်တော်နှင့်

# သမ္ဗုဒ္ဓေဂါထာတော်ကြီး

သူတစ်ပါး မသိ,မတတ်တာကို သွန်သင်ပြသလိုသောဆန္ဒများ အဖေ့တွင် အမြဲတမ်း ရှိနေပါသည်။ ဘာသာရေးနှင့်ဆိုင်သော စာပေများကို အမြဲ လေ့လာနေပါသည်။ ကျက်မှတ်သော စာများကို အာရုံဆောင်သည်က များပါသည်။ လုပ်ငန်းက မိရိုးဖလာ တောင်သူအလုပ်ကို အဓိကထား လုပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာကို ဆရာကြီး ဦးသောင်းစိန်ထံ လက်တွေ့ သင်ကြားပါသည်။ သင်ကြားတတ်မြောက်ပြီးနောက် ရပ်ဝေးရပ်နီးကျေးရွာများမှ မကျန်းမမာသူများအတွက် ဆေးရာလာ ပင့်လျှင် လိုက်လံ ကုသပေးပါသည်။





www.burmeseclassic.com

www.burmeseclassic.com

လူမမာကို ဆေးကုသရာတွင် ငွေ ဘယ်ရွေ့ဘယ်မျှပေးရမည်ဟု ဘယ်တော့မှ မပြောပါ။ လူမမာရောဂါ ပျောက်ကင်းသွားလျှင် အဖေ ဝမ်းသာပါသည်။

လူမမာရှင်က ဆေးဝါးအတွက် ကန်တော့လျှင် ယူပါသည်။ ဆင်းရဲနွမ်းပါးသူများဖြစ်ပါက လုံးဝမယူပါ။ ထို့ကြောင့် အဖေ ကုသခဲ့သူများသည် အဖေ့ကို ချစ်ကြောက် ရိုသေကြပါသည်။

အဖေ ဆေးကုသ၍ ကျန်းမာလာသူများသည် ပဲ၊ ပဲဆန်၊ ခရမ်းချဉ်သီး၊ ခရမ်းခေါင်းသီး၊ ငရုတ်သီး၊ ဘူးသီး၊ ဟင်းသီးဟင်းရွက်များကို အိတ်ကလေးထဲ ထည့်ပြီး ကန်တော့ကြပါသည်။

ဤသို့ မီးဖိုချောင်သုံး ဟင်းချက်စရာများ ကန်တော့လိုက်လျှင် အဖေ့မျက်နှာ ပြုံးရွှင်လျက်ပါ။ တစ်ဖက်မှလည်း ဘုရားကိုးဆူ ဆွမ်းကပ်ဆရာ လုပ်ပါသည်။ ဘုရားဆွမ်းကပ် ဘယ်ရွေ့ဘယ်မျှ မပြောပါ။ ပေးသလောက် လက်ခံပါသည်။

မင်္ဂလာဆောင်များတွင်လည်း မင်္ဂလာဘိသိက်ဆရာ လုပ်ပါသေးသည်။ မင်္ဂလာအခမ်းအနား၌ မင်္ဂလာစကား ပြောကြားပေးသည်။ ဘိသိက်ဖျန်းပေးပါသည်။ အဖိုးအခမယူပါ။ ကန်တော့ပွဲ တစ်ပွဲနှင့်ပင် ကျေနပ်ပါသည်။

မင်္ဂလာဆောင်သို့ မင်္ဂလာစကား ပြောရန် ဖိနပ်အသစ် စီးသွားသော်လည်း အိမ်အပြန်တွင် ဖိနပ်အစုတ်ကလေးကို စီးလာရသည်မှာလည်း မကြာခဏပါ။

အသွား ထီးပါသွားသော်လည်း အပြန် ထီးပါမလာတတ်သည့် မင်္ဂလာပွဲတွေလည်း ရှိပါသည်။ အဖေကတော့ စိတ်မပျက်ပါ။ ပညာပါရမီဖြည့်တာပါ



တဲ့။

ကျွန်တော့်အမေသည် ငယ်စဉ်က အလွန်ဆင်းရဲခဲ့ပါသည်။ သူ၏မိခင်ကြီးနှင့် မောင်လေး၊ ညီမလေးတွေကို ဆန်ဖွပ်မောင်းထောင်း ကျွေးရပါသည်။ မန်ကျည်းပင်ပုကျေးရွာမှ (၆)မိုင်ခန့်ဝေးသော ဖောင်းလင်းရွာသို့ သွားပြီး ဖွပ်ဆန်များကို ရောင်းကျွေးရပါသည်။

ထို့ကြောင့် စာပေ မသင်ကြားခဲ့ရပါ။ စာမသင်ခဲ့ရသော (စာမတတ်သော) အမေနှင့် ပညာပါရမီဖြည့်လိုသော အဖေတို့ အိမ်ထောင်ကျကြပါသည်။

အဖေသည် ဘုရားရှိခိုး၊ ရေချမ်းကပ်၊ ဆီမီးကပ်၊ ဆွမ်းကပ်၊ ပန်းကပ် သမ္ဗုဒ္ဓေဂါထာ ပါဠိအနက်နှင့် အနန္တ(၅)ပါး ဘုရားရှိခိုးတို့ကို အမေ့အား နှုတ်တိုက်သင်ပေးပါသည်။ အမေသည် ဉာဏ်ကောင်းသူဖြစ်၍ အထက်ပါ ဘာသာရေးစာများကို အာဂုံဆောင် နိုင်ပါသည်။

အဖေသည် အမေ့အား သင်ပေးသော အထက်ပါစာများကို ကျွန်တော် ငယ်ရွယ်စဉ်ကပင် သင်ပေးပြန်ပါသည်။ နှုတ်တိုက် အလွတ်ပြန်ခိုင်းပါသည်။

ထို့ကြောင့် ကျွန်တော်နှင့် သမ္ဗုဒ္ဓေဂါထာတော်ကြီး ငယ်စဉ်ကပင် ရင်းနှီးခဲ့ပါသည်။ အဖေနှင့်အမေသည် ကျွန်တော်၏ လက်ဦးဆရာများ ဖြစ်ပါသည်။ **(လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗစရိယမိနှင့်ဖ။)**

အဖေက...

'သား... သမ္ဗုဒ္ဓေဂါထာတော်ကြီးကို နေ့စဉ်ရွတ်နော်။ ဘေးဥပဒ်အန္တရာယ် ကင်းတယ်။ အခက်အခဲ အကျပ်အတည်းက လွတ်ကင်းတယ်။ ကျော်စော ထင်ရှားတယ်။ ဘယ်တော့မှ မမေ့နဲ့'

ဟု အမြဲ ပြောပါသည်။

**"မိဘစကား နားထောင်ပြီး သံပြားကျောက်ဆောင် ကျွဲသော် ပြောင်းတဲ့"** ဆိုသောစကားအရ အဖေ့စကားကို ယနေ့အထိ မမေ့နိုင်ပါ။ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အမြဲရွတ်ပါသည်။

မှတ်မှတ်ရရ **၁၉၉၈ ခုနှစ်က** အတွေ့အကြုံလေးကို တင်ပြလိုပါသည်။

ညလူခြေတိတ် (ဆိတ်ငြိမ်သော အချိန်)ချိန်ရောက်လျှင် ကျွန်တော် ရေချမ်းကပ်၊ ငါးပါးသီလခံ အနန္တ(၅)ပါးကို ရှိခိုးပါသည်။ မေတ္တာပို့ အမျှပေးဝေပါသည်။

ပြီးလျှင် သမ္ဗုဒ္ဓေဂါထာတော် တစ်ခေါက်လျှင် ပုတီးတစ်လုံးချနှင့် ပုတီးတစ်ပတ် စိပ်ပါသည်။ ဤကဲ့သို့ ပုံမှန် ရက်မပျက် ပုတီးစိပ်မိ၍ ရက်အနည်းငယ်ကြာလာသောအခါ...

တစ်နေ့ ပုတီးစိပ်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားပါသည်။ ကျွန်တော့်ရွာ လယ် ဝတ်ဇရုပ် တောင်ဘက်ရွာသို့ ရောက်လျှင် လွန်ခဲ့သော (၅)နှစ်ခန့်က



www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်သွားသော ဘကြီးညိုလှနှင့် တွေ့ပါသည်။

ဘကြီးသည် သူဝတ်နေကျ ဖျင်အင်္ကျီကို ဝတ်ထားသည်။ အဖြူအနက်ရောသော ပုဆိုးကွက်စိပ်ကို ဝတ်ထားသည်။ ဖျင်ခေါင်းပေါင်းအဖြူကို ပေါင်းထားပါသည်။ ကျွန်တော်နှင့်သူ မျက်နှာချင်းဆိုင်မိသောအခါ...

'ဟော့...ငါ့တူမောင်ကျော်'

ကျွန်တော်က...

'ခင်ဗျာ'

'မင်းပြုသမျှကုသိုလ် အမျှဝေပါဦးကွာ'

'ဟင်...ဘကြီး မကျွတ်သေးဘူးလား'

'အေး...ဟုတ်တယ်၊ ဘကြီးကို အမျှဝေပါဦးနော်'

ဟု ပြောပြောဆိုဆို ကျွန်တော့်ကို ဖက်လဲတကင်း ပြုပါသည်။ ကျွန်တော် စိတ်မကောင်း ဖြစ်မိပါသည်။

'ဟုတ်ကဲ့... ကျွန်တော် အမျှပေးဝေပါမယ်'

နံနက်မိုးလင်းမှ ဘကြီးညိုလှနှင့် တွေ့ရသည်မှာ အိပ်မက်,မက်ခြင်း ဖြစ်ကြောင်း သိရပါသည်။ ကျွန်တော့်ဇနီးကို အိပ်မက်အကြောင်း ပြောပြသည်။

ဇနီးက...

'ရှင်...ညည သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ပုတီးစိပ်တယ်လေ။ အဲဒီကုသိုလ်တွေကို အမျှပေးဝေဖို့ ပြောတာနေမှာပေါ့'

ဇနီးပြောပြမှ ကျွန်တော် သတိထားမိပါသည်။

ကျွန်တော် ပုတီးစိပ်ပြီးတိုင်း ဘကြီးညိုလှနှင့် သုံးဆယ့်တစ်ဘုံသားများ အားလုံးကို အမျှပေးဝေပါသည်၊ ဘကြီးညိုလှကို နာမည်ခေါ်၍ အမျှပေးဝေပါသည်။



တစ်လခန့်အကြာ...

ကျွန်တော့်သား နေ့လယ်ပိုင်းတွင် အိပ်ပျော်သွားသည်။ အိပ်ရာမှ နိုးလျှင် သားက...

'အဖေ... အိပ်မက်ထဲမှာ ဆံပင်ဖားလျားချထားတဲ့ မိန်းမကြီးတစ်ယောက် ကျွန်တော့်နောက်က လိုက်လာတယ်။ ဝတ်ထားတဲ့ ထဘီ၊ အင်္ကျီတွေကလဲ စုတ်ပြဲနေတာပဲ။ သူ့ပါးစပ်မှာလဲ အစွယ်တွေ ထွက်နေတယ်။ ကျွန်တော် အိပ်ရာက လန့်နိုးပြီး အခု ပြောပြတာပါ'

ဟု သားက ပြောပါသည်။

ဇနီးသည်က...

'ကိုကျော်... ဘကြီးညိုလှမိန်းမ ဒေါ်ထားတင် ဖြစ်နိုင်တယ်။ **(ဘကြီးညိုလှနှင့် ဒေါ်ထားတင်တို့ ဇနီးမောင်နှံသည် ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားခဲ့ကြပါသည်။)** ဘကြီးညိုလှလို အမျှဝေစေချင်လို့ နောက်က လိုက်လာတာနေမှာပေါ့'

ကျွန်တော်က...

'သားလူလေး... ဒေါ်ထားတင်ကို မင်း မှတ်မိလား'

'မှတ်မိပါတယ်'

'မှတ်မိရင် မင်းနောက်က လိုက်လာတဲ့ မိန်းမကြီးကို စိတ်ထဲက အစွယ်တွေကို ဖယ်ကြည့်လိုက်စမ်း'

'အဲ...ဟုတ်ပြီ အမေကြီးဒေါ်ထားတင်'

'ကျွန်မပြောတာ မဟုတ်ဘူးလား။ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဆိုပုတီးစိပ်လို့ ရရှိတဲ့ ကုသိုလ်ကောင်းမှုကို အမျှဝေစေချင်လို့ နောက်က လိုက်တာ'

ကျွန်တော်သည် ကုသိုလ်ကောင်းမှုများကို ဒေါ်ထားတင်အား နာမည်ခေါ်၍ အမျှပေးဝေလိုက်ပါသည်။

ကျွန်တော့်တွင် ညီအစ်ကိုတမျှ ရင်းနှီးခဲ့ရသော မိတ်ဆွေတစ်ယောက် ရှိခဲ့ဖူးပါသည်။ သူ့နာမည်က ကိုသန်းတင်ပါ။ အစပိုင်းတွင် ကိုသန်းတင်သည် အရက်ကို ကျန်းမာရေးကောင်းရန် လောက်သာ ဆေးဖြစ်ဝါးဖြစ် သောက်ပါသည်။

နောက်ပိုင်း အပေါင်းအသင်းများနှင့် ဝိုင်းဖွဲ့ကာ သောက်လာသည်။ အများနှင့်ဆိုတော့ ဆေးဝါးဖြစ်မဟုတ်တော့ဘဲ အရက်ကို လွန်ကဲစွာ သောက်လာသည်။ ရက်,လ,နှစ်ကြာလာတော့ အသံနှင့်ပတ်သက်သော အာရုံကြောတို့ကို ထိခိုက်လာသည်။

ပထမ လည်ချောင်းတွေ နာလာသည်။ အသံတွေ နာလာသည်။ အစားအစာများ မျိုချသောအခါ လည်ချောင်းနာသည်။ တဖြည်းဖြည်း အသံမပီသတော့ပါ။ အပါးပါး...အပါးပါးနှင့် လက်ဟန်ခြေဟန် ပြနေရသည်။

တိုင်းဆေးရုံသို့ ပြသသောအခါ လွန်နေပြီဖြစ်ကြောင်း အဖြေထွက်သည်၊ ဆေးရုံမှ ဆင်းခဲ့ရသည်၊ နောက်ဆုံး ဤရောဂါနှင့် ကွယ်လွန်သွားရပါသည်။

ကိုသန်းတင် ကွယ်လွန်ပြီး(၃)လလောက်အကြာ တစ်နေ့သော နေ့လယ်ခင်း ကျွန်တော်တို့မိသားစု အိပ်ကြပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ အိပ်ရာမှ နိုးကြလျှင် ဇနီးက...

'ကိုကျော်...အိမ်မက်ထဲမှာ ကိုသန်းတင်... တို့ အိမ်ဝိုင်းထဲကို စက်ဘီးစီးဝင်လာတယ်။ မိန်းမစီး စက်ဘီးအနီလေးကို စီးလာတာပါ။ **(ကိုသန်းတင်သည် အသက်ရှင်စဉ်က မိန်းမစီး စက်ဘီးအနီကလေးကို အမြဲစီးပါသည်။)**

အိမ်ရှေ့ရောက်တော့ စက်ဘီးဟမ်းဘရိတ် ဆွဲလိုက်တယ်။ စွီ...ဆိုသော ဘရိတ်အုပ်တဲ့ အသံရှည်ကြီးထွက်လာတယ်။ အသံလာရာကို ကြည့်လိုက်တာ ကိုသန်းတင် ဖြစ်နေတယ်။

ကျွန်မက..."ကိုသန်းတင် လာလေလို့ ခေါ်လိုက်တယ်"ပါးစပ်မှ အပါးပါဟုဆိုကာ လက်ဟန်ပြပြီး စက်ဘီးစီးပြန်ထွက်သွားတယ်။ ကျွန်မ လန့်နိုးတော့ အိပ်မက်ဖြစ်နေတာ သိရတယ်။ သူလဲ သမ္ဗုဒ္ဓေဂါထာတော်ကြီး ရွတ်ဆိုပွားများတဲ့ကုသိုလ်ကို အမျှတောင်းတာပါ။ အမျှပေးဝေလိုက်ပါဦး'

ဟု ပြောပြပါသည်။

ကျွန်တော်သည် ယခင် ပုဂ္ဂိုလ်များကဲ့သို့ နာမည်ခေါ်၍ အမျှအတန်းပေးဝေလိုက်ပါသည်။

ကျွန်တော်သည် မိမိ ဗေဒင်ပညာနှင့် လက္ခဏာပညာတတ်ကြောင်းကို ပြည်သူ့ကိုမျှ မကြေညာပါ။ သို့သော် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ပုတီးစိပ်ချိန်၌ ရပ်ဝေးမှ၊ ရပ်နီးမှ ဗေဒင်လက္ခဏာလာမေးကြပါသည်။

သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဆိုပွားများရင်း လူသိများလာပါသည်။ ဂုဏ်ဝန်းကျင်ပုဂ္ဂိုလ်တို့၏ လေးစားခြင်းကို လက်တွေ့ခံစားရသည်။ နာမည်ရှေ့က "ဆရာ"စကားလုံး တတ်ခေါ်လာကြပါသည်။



သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဆိုပူဇော်ခြင်းသည် ဂင်္ဂါဝါလု သဲစုမကသော ဘုရားရှင်များ၊ ငါးသိန်းတစ်သောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်များ ထိုဘုရားရှင်တို့၏ တရားတော်များနှင့် တပည့်သားသံဃာတော်အရှင်မြတ်အပေါင်းတို့ကို ရှိခိုးခြင်း ဖြစ်ပါသည်။ ထိုကြောင့် မရေမတွက်နိုင်သော ကုသိုလ်ကောင်းမှု အကျိုးတရားများကို ရပါသည်။

မကျွတ်မလွတ်သူများအား အမျှပေးဝေလိုသူများ၊ ဗေဒင်လက္ခဏာ ဟောပြောရာ၌ အကျိုးပေးသန်လိုသူများ၊ ခေါင်းဆောင်(ဆရာ)အဖြစ် ကျော်ကြားလိုသူများ၊ အရောင်းအဝယ် ကြီးပွားလိုသူများ ဩဇာအာဏာ ထက်မြက်လိုသူများ ပွားများကြပါကုန်။

ဗုဒ္ဓဘာသာဝင်တိုင်း လေးစားယုံကြည်ပွားများသော ဂါထာတော်ကြီး ဖြစ်ပါသည်။ လူတိုင်းလူတိုင်း ရွတ်ဆို ပွားများစေလိုပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် သမ္ဗုဒ္ဓေဂါထာတော်ကြီးဆောင်းပါးကို (လက်တွေ့ဖြစ်ရပ်မှန်ကို) ရေးသား တင်ပြလိုက်ပါသည်။

အောက်တွင် ကျွန်တော် ရွတ်ဆိုပွားများသော သမ္ဗုဒ္ဓေဂါထာတော်ကြီးနှင့် အညွှန်းကို ဖော်ပြလိုက်ပါသည်။

---

## သမ္ဗုဒ္ဓေဂါထာတော်ကြီး

---

'သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ၊

ပဉ္စသတ သဟဿာနိ နမာမိ သိရသာ မဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ အာဒရေန နမာမဟံ၊

နမက္ကာရ နုဘာဝေန ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊

အနေကာ အန္တရာယာပိ ဝိနဿန္တု အ,သေသတော။

**သမ္ဗုဒ္ဓေဂါထာတော်ကြီး အညွှန်းလင်္ကာ...**

မြတ်သမ္ဗုဒ္ဓေ၊ ဆုဝေကျော်ကြား၊ နိဒါန်းအားဖြင့်၊ ကွမ်းစားသတ္တော်၊ ခေါင်းလျှော်ဒသ၊ ဘတ္တတြိန်း၊ ဆီလိမ်းပဉ္စ၊ စီးထလေ့မှာ၊ ရှစ်ကြိမ်သာတည့်။

နံ့သာပန်းမျိုး၊ ကိုးကြိမ်နိုးလော့၊ ချုပ်မိုးညဉ့်ခါ၊ အိပ်ရာဝင်မူ ကိုးကြိမ်ဟူ၏။ ရန်သူတွေမြောက်၊ ဆယ့်တစ်ခေါက်တည့်။

စစ်ထိုးသောခါ၊ ရွတ်ပါကိုးကြိမ်၊ စံအိမ်သန္ဓေ၊ မဖွားနေမူ၊ ရေမှာ ကိုးခေါက်၊ မန်း၍သောက်က၊ ဖွားမြောက်ခဏ၊ ချမ်းသာရ၏။

ခေတ္တနှောင်သွင်း၊ သံခြေချင်းနှင့်၊ အပြင်းတိုက်လှောင်၊ တစ်ထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏။

ပန်းမွှေးနှစ်ခေါက်၊ ခရီးလျှောက်မူ၊ ခေါင်းမှာတင်စိုက်၊ ရန်ဘေး၌လည်း၊ မြူဆိုက်မလိမ်း၊ ကင်းလွတ်ငြိမ်း၏။ ခပ်သိမ်းရောဂါ၊ ဗျာပါလည်းကင်း၊ သောကရှင်း၍၊ မင်းမင်းတကာ ကြည်



www.burmeseclassic.com

www.burmeseclassic.com

စွာမြတ်နိုး၊ ရေပြည့်အိုးသို့ မညိုးပန်းသွင် နေတိုင်းပင်တည့်။

ထွက်ဝင်ရဲရဲ လူခပဲတို့ အံ့အဲစလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရှာ၍ စန္ဒာလမင်း၊ ကောင်းကင်ချဉ်းသို့၊ ကောင်းခြင်းထွေထွေ၊ ကောင်းကျိုးဝေသည်၊ သမ္မုဒ္ဒေ၏ တည်နိုးတည်း။

## သမ္မုဒ္ဒေဂါထာတော်ကြီး

## အညွှန်းလင်္ကာအဓိပ္ပာယ်

၁။ ကွမ်းယာ စားခါနီးတွင် (၇)ကြိမ် ရွတ်ပါ။

၂။ ဦးခေါင်း ဆေးလျှော်ခါနီးတွင် (၁၀)ကြိမ် ရွတ်ပါ။

၃။ ထမင်းစားခါနီး (၃)ကြိမ်ရွတ်ပါ။

၄။ ဆီလိမ်းခါနီး (၅)ကြိမ်ရွတ်ပါ။

၅။ လှေ,သင်္ဘော (ရေလမ်းခရီးသွားလျှင်)စီးလျှင် (၈)ကြိမ်ရွတ်ပါ။

၆။ အမွှေးနံ့သာတို့ကို လိမ်းကျံလျှင် (၉)ကြိမ်ရွတ်ပါ။

၇။ ညအိပ်ရာဝင်လျှင် (၉)ကြိမ် ရွတ်ပါ။

၈။ ရန်သူနှင့် ရင်ဆိုင်တွေ့နေပါက (၁၁)ခေါက်ရွတ်ပါ။

၉။ စစ်ထွက် (စစ်တိုက်)သောအခါ (၉)ကြိမ်ရွတ်ပါ။

၁၀။ ကိုယ်ဝန်ဆောင် မိခင်လောင်းများ ဝမ်းနာပြီး မီးမဖွားနိုင်ပါက ရေကို (၉)ခေါက်မန်းပြီး ယင်းအမျိုးသမီးကို တိုက်ပါ။ လွယ်ကူစွာ ဖွားမြင်ပါလိမ့်မည်။

၁၁။ ကပ်လှောင်,ကပ်ဖိ၊ ထိတ်တုံးခတ်ခံရခြင်း သံခြေချင်းခတ်ခံရခြင်း အချုပ်,ထောင်ကျနေပါက အကြိမ် (၁၀၀၀)ရွတ်ပါ။

၁၂။ ခရီးသွားပါက မွှေးကြိုင်သော ပန်းကို (၂)ကြိမ်ဆို၍ ဦးခေါင်းတွင် ထိုးစိုက်သွားပါ။

ရောဂါဝေဒနာ သောကဗျာပါ[…] ကင်းဝေးပါမည်။ အထက်အရာ[…] မင်းစိုးရာဇာတို့၏ ချစ်ခင်လေးစာ[…] အရေးပေးမှုကို ခံရပါမည်။ ရေပြ[…] သောအိုးကဲ့သို့ အရာရာပြည့်စုံပါမည်[…]

နေ့စဉ်နေ့တိုင်း လန်းဆန်းသော ပ[…] လေးကဲ့သို့ ကိုယ်စိတ်ပျော်ရွှင်နေမည်[…] အခြွေအရံပေါများကာ ကောင်းကင်[…] မှ ငွေစန္ဒာလမင်းကြီးလို ဝင်းပကြ[…] လင်းနေမည် စသည့် ကောင်းကျိ[…] ချမ်းသာတို့ကို ခံစားရပါလိမ့်မည်။

**ဖခင်ကြီးဦးဖိုးလုနှင့် မိခင်ကြ[…] ဒေါ်သန်းမေကို ဂါရဝပြုပါ၏။**

**စလင်း ဦးကျော်**

စာမျက်နှာ (၁၉၃)မှ အဆက်

**တတိယနည်း**

**မွေးဖွားသက္ကရာဇ်** ၁၃၃၆
**ကြာသပတေး** + ၁၉ (ဂြိုဟ်သက်)

၃၂ | ၁၃၅၅ | ၄၂
၁၂၈
၇၅
၆၄
၁၁
\+ ၃၈ (ရောက်သက်) ***[တွက်သည့်ခုနှစ် ၁၃၇၄ ခုနှစ်]***

၇ | ၄၉ | ၇
၄၉
၀ ကြွင်း **(တစ်ဦးတည်းထိုးပါ)**

(၁) တနင်္ဂနွေဂြိုဟ်သက် (၆)နှစ်
(၂) တနင်္လာဂြိုဟ်သက် (၁၅)နှစ်
(၃) အင်္ဂါဂြိုဟ်သက် (၈)နှစ်
(၄) ဗုဒ္ဓဟူးဂြိုဟ်သက် (၁၇)နှစ်
(၀) စနေဂြိုဟ်သက် (၁၀)နှစ်
(၅) ကြာသပတေးဂြိုဟ်သက် (၁၉)နှစ်
(၈) ရာဟုဂြိုဟ်သက် (၁၂)နှစ်
(၆) သောကြာဂြိုဟ်သက် (၂၁)နှစ်

***(ထီပေါက်နိုင်ကြပါစေ)***

**ကျော်မိုးလွင်** *(ဝါးခယ်မ)*



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၁၉၄)မှ အဆက်

သည်နှင့်အမျှ နွေခင်းအခါတွင် ပူအိုက်နေပါပြီ။

နွေဦး၏ တေးလက်ဆောင် ဥသြငှက်နှင့် ဖိုးခေါင်ငှက်တို့ကလည်း အော်မြည်နေကြပါပြီ။ စာရေးသူတို့မှာ တောတွင်းအနေကြာခဲ့ပြီ ဖြစ်သော်လည်း တောတောင်ရေမြေ၏ နွေဦးသဘာဝကြောင့် မွေးရပ်မြေနှင့် အိမ်သူဇနီး သားသမီးများကို လွမ်းနေပါပြီ။

## တောတွင်းအလုပ်

နွေဦးရာသီ၏ ချောင်းခေါင်း ချောင်းအုပ်တို့၏ အလုပ်ကတော့ ပြောရမှာပင် ရှက်ပါသေးရဲ့။ အဲဒီ ၁၉၆၈ ခုနှစ်ခန့်ကပြောတာပါ။

ဒီနောက်ပိုင်း သစ်တိုက်ကားများနှင့် သစ်တွေ တိုက်တော့ နွေရာသီမှာ အတော်အလုပ်ရှုပ်ပြီပေါ့။ အဲဒီ ၁၉၆၈ ခုနှစ်ခန့်က စာရေးသူတို့ ကွင်းဘက်မှ သစ်ကား မတိုက်သေးပါ။ ကျွန်းသစ်ခြောက်များကို မျှောချတုန်းပါ။

အဲဒါကြောင့် နွေရာသီမှာ ဘာမှ အလုပ် မည်မည်ရရ မရှိပါ။ အပျင်းပြေတောလည် လှော်ဆုတ်၊ ကင်ပွန်းသီး ကောက်၊ ဟင်းသီးဟင်းရွက်ခူး အလုပ်များသာ ဖြစ်ပါသည်။

အဓိကအလုပ်ကတော့ **"မီးစောင့်"** အလုပ် ဖြစ်ပါသည်။ မီးစောင့်အလုပ်ဆိုတာက သင်းသတ်ပြီး ကျွန်းခြောက်များ ထုတ်ယူရာတွင် ကျွန်းပင် မသေဘဲ ကျွန်းအစိုအတိုင်း ရှိနေသော ကျွန်းသစ်များ ကျန်တတ်ပါသည်။

ထုံးစံအတိုင်း အပင်လှဲ ဖြတ်ပိုင်းပေးဖြတ်ပြီးသော်လည်း ဆင်သမားများက "ကျွန်းစိုသစ်=GT" ဖြစ်၍ ချန်ထားသည်။ သို့သော် ကွင်းသိမ်းပြီးစတွင် ထိုသစ်စိုများကို ကွင်းအတွင်း နီးရာစပ်ရာအားဖြင့် သစ်ပုံများ ပုံထားရပါသည်။

သစ်စိုလုံးများ အောက်မှ အုံးတုံးခံ၍ သေသေချာချာ စီပုံရပါသည်။ ကွင်းတစ်ကွင်းတွင် (၂)ပုံ,(၃)ပုံမျှ ရှိတတ်ပါသည်။ ထိုသစ်များကလည်း စုပုံထားရင်း ခြောက်လာပါသည်။

နွေရာသီတွင် တောမီးလောင်သောအခါ သစ်လုံးများ မီးမလောင်ရအောင် မီးတားထားရပါသည်။ မီးတားပုံမှာ သစ်ပုံ၏ ပတ်လည်တွင် သစ်ရွက်ခြောက်၊ မြက်ခြောက် စသည့် မီးလောင်လွယ်သော အရာများကို ဘေးဖယ် စုပုံမီးရှို့ပစ်ကြရပါသည်။

ထိုသို့ ရှင်းထားမှ တောမီးက သစ်ပုံကို မကူးစက်နိုင်တော့ပါ။ ယင်းအလုပ်ကို မီးစောင့်ငှားထားသော အလုပ်သမားက လုပ်ရပါသည်။

ယင်းသို့ မီးတားပြီး နွေရာသီတွင် မီးစောင့်က မီးစောင့်ရပါသည်။ စာရေးသူတို့က ရံဖန်ရံခါအားဖြင့် မီးစောင့်များ စောင့်,မစောင့်၊ မီးလောင်စာ ရှင်း,မရှင်းကို လိုက်လံစစ်ဆေးရပါသည်။

သစ်လုပ်သားများအဖို့လည်း နွေရာသီ အလုပ်မရှိကြသဖြင့် ကွင်းထဲတွင် သစ်ပုံမီးစောင့်ရင်း တောလည်ကြ၊ ဖွတ်၊ ပုတတ်ထောင်ကြ၊ လှော်ဆုတ်ကြဖြင့် အလုပ်ဖြစ်နေကြပါသည်။

ဒူးလေး ပြုလုပ်၊ မြားချွန်ဒူးလေးပစ်လေ့ကျင့်၊ ညကျတော့ ကြက်အိပ်တန်းလှည့်ပစ်၊ သီးစားပင်တွင် တောကြောင်၊ ရှူးပျံလိုက်နှင့် ပျော်စရာကောင်းလှပါသည်။

ထို မီးစောင့်များမှာတော့ ဟင်းကောင်းဟင်းမွန် မပြတ်လှပါ။ တစ်ခါတစ်ရံ စာရေးသူတို့ကိုလည်း ပေးစားကြရပါသည်။ စာရေးသူတို့၏ နွေရာသီအလုပ်က ဒါပဲဆိုတော့ ပြောရတာ ခပ်ရှက်ရှက်ပါဗျား။

## ဖွတ်နှင့် လင်းယုန်တွေ့ပြီ

ယနေ့ မတ်လ(၃)ရက်နေ့တွင် စာရေးသူနှင့် ကိုဉာဏ်မောင်လေးတို့ (၃၅၊၃၆)ကွင်းတွင် မီးစောင့်စစ်ရပါသည်။ နံနက်စောစော ထမင်းကြော်နှင့် ရေနွေးကြမ်း အဝစားသောက်ကြပြီး လေးခွနှင့် လောက်စာလုံးများ ယူကာ ထွက်ခဲ့ကြပါသည်။

စာရေးသူက ခါးပတ်တွင် သစ်ထုတ်ရေး ဓားတစ်ချောင်း ယူဆောင်ခဲ့ပါသည်။ (၃၆)ကွင်းထဲတွင် လွန်ခဲ့သောရက်က မီးရှို့ချထားခဲ့သော ကင်ပွန်းသီးများလည်း ကောက်ရန် ပလိုင်းတစ်လုံးစီ ယူခဲ့ပါသည်။

ကင်ပွန်းချုံပင်များမှာ နွယ်ပင်၊ ချုံပင်ဖြစ်၍ တခြားအပင်ကြီးများကို မှီခိုကာ တက်၍ ရှင်သန်နေကြပါသည်။ ယခုအချိန်တွင် အရွက်များကြွေ၍ အသီးချည်း ကျန်ရှိနေပါသည်။

ကင်ပွန်းချုံပင်မှာ ဆူးများရှိသဖြင့် လူတက်၍ အသီးမခူးနိုင်ပါ။ အသီးပေါများသော အပင်တွေ့ပါက ချောင်းအုပ်ကြီး သင်ပေးထားသည့်အတိုင်း အပင်ခြေပတ်လည်တွင် အမှိုက်သရိုက် သစ်ရွက်ခြောက်များ စု၍ မီးရှို့ရပါသည်။

မီးရှို့ပြီး ညမှာပင် အသီးအားလုံး တစ်တောင့်မကျန် ကြွေကျနေပါသည်။ ထိုအသီးများကိုကောက်ယူရုံဖြစ်ပါသည်။

(၃၅)ကွင်းတွင် သစ်ပုံ (၃)ပုံ ရှိပါသည်။ သစ်လုံးရေ (၂၂)လုံး ရှိပါသည်။ မီးစောင့်မှာ မိန်းရေးရွာမှ ဦးလေးငယ် ဖြစ်ပါသည်။

ဦးလေးငယ်ကို အသင့်တွေ့ရပြီး ဦးလေးငယ် တိုက်ကျွေးသော ဖွတ်သားကြော်နှင့် ရေနွေးသောက်ကြပါသည်။ သစ်ပုံများတွင် အမှိုက်ရှင်းထားသည်



www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့ရပါသည်။

ထိုမှတစ်ဆင့် (၃၈)ကွင်းသို့ ကူးခဲ့ပါသည်။ သစ်ပုံစောင့်နှင့်တွေ့၊ သစ်ပုံများ စစ်ဆေးပြီး နေလည်း အတော်မြင့်ပြီဖြစ်၍ ကင်ပွန်းသီးကောက်ရန် သွားကြပါသည်။

ကင်ပွန်းသီးများ ကြွေကျနေသည့်ကို ကောက်ကြပါသည်။ ပလိုင်းတစ်လုံးစီ ပြည့်လုနီးပါး ရကြပါသည်။ အချိန်မှာ နေမွန်းလွဲပါပြီ။ သစ်ရွက်များကြွေကာ ကျိုးတိုးကျဲတဲမို့ နေပူလှပါပြီ။

စာရေးသူတို့ နေရိပ်ခိုကာ တဲစခန်းဘက် ပြန်လှည့်ခဲ့ကြပါပြီ။ တောင်ဆင်ခြေလျှောနှင့် လျှိုထဲရှိ ဝါးရုံပင်ကြီးများက အရွက်မကြွေကြသေးပါ။ စိမ်းစိုနေတုန်း ရှိပါသည်။

နေပူလွန်း၍ အရိပ်ကောင်းသော ဝါးတစ်ရုံတွင် နားနေကြပါသည်။ ယင်းသို့ နားနေစဉ် စာရေးသူတို့နှင့် ခပ်လှမ်းလှမ်း ကိုက်(၂၀)ခန့်ဆီမှ ''ဝေါ... ဝေါ... ဗြီး... ဗြီး... ဗြီး...''နှင့် အသံကြားရပါသည်။ နှစ်ယောက်သား လက်တို့ကာ ထိုအသံလာရာသို့ သွားကြပါသည်။

အနီးသို့ရောက်သောအခါ ဝါးရုံပင်ကြီးတစ်ရုံတွင် ဖွတ်က ပတ်ပြေးနေသည်ကို လင်းယုန်ကြီးက လိုက်ကုပ်နေပါသည်။

ဖွတ်ကလည်း မြန်လှပါသည်။ လင်းယုန်ကြီးကလည်း အမြန်လိုက်ကုပ်ပါသည်။ လင်းယုန် တောင်ပံခတ်တာနှင့် ဖွတ်ပြေးတာကြောင့် သစ်ရွက်နှင့် အမှိုက်များ လွင့်စဉ်ပျံတက်ကာ ဝေါ...ဝေါ...ဝေါ...ဝေါ...နှင့် မြည်နေခြင်းပါ။

လင်းယုန်ကြီးမှာ တောဘုရင်ပါ။ နီညိုနက်အမွေး အဖြူစက်နှင့် လှပပါ



သည်။ မျက်လုံးကောင်း၍ အမြင်အားကောင်းပါသည်။ နှုတ်သီးကောက်ချွန်၍ ခြေထောက်များ သန်မာထွားကျိုင်းကာ ခြေသည်းများက ကောက်၍ ချွန်ထက်လှပါသည်။

လင်းယုန် ကုပ်မိပြီဆိုလျှင် မလွတ်တော့ပါ။ ယုန်၊ ကြောင်၊ ရှဉ့်များကိုပင် ကုပ်ယူဖမ်းစားပါသည်။

ဖွတ်ကောင်မှာလည်း ခြေသည်းလက်သည်း သန်မာ၍ ကုပ်အားကောင်းပါသည်။ သစ်ပင်ပေါ် ကုပ်တက်သော ဖွတ်ကို အမြီးမှ လူတစ်ယောက် တွဲခို၍ပင် ပြုတ်မကျပါ။

ဖွတ်က အမြီးသန်၍ အမြီးနှင့် ခွေးများကို ရိုက်တတ်ပါသည်။ ''ဗြီး ဗြီး ဗြီး''နှင့် ရိုက်ရာ ခွေး၏ နားရွက်ကို ထိပါက အမြီးဒဏ်ကြောင့် နားရွက်ပြတ်ထွက်တတ်ပါသည်။

ယခုလည်း ဖွတ်က လင်းယုန်ကြီး မမီနိုင်အောင် ပြေးရင်း ဝါးရုံပင်ထဲဝင်ရန် အပေါက်ရှာနေရပါသည်။ စာရေးသူတို့ ကြည့်နေစဉ်မှာပင် ဝါးရုံကို (၄ ,၅)ပတ် ရနေပါပြီ။ စာရေးသူတို့လည်း ''ယာလည်းညက် ကြက်လည်းပန်း''ဆိုသော စကားအတိုင်း တုတ်ကိုင်ကာ စောင့်နေကြပါသည်။

ဖွတ်ကပြေး လင်းယုန်က လိုက်ဖြင့် ဝါးရုံကြီးကို (၄,၅)ပတ် ပတ်မိသောအခါ ဖွတ်ကြီးမှာ ကံအားလျော်စွာ ဝါးရုံပင်ကြားကို တိုးဝင်၍ ရသွားပါသည်။ လင်းယုန်ကြီးလည်း ဖွတ်ဝင်သွားသော အပေါက် ဝါးရုံပင်ကြားသို့ ခေါင်းဝင်လိုက်၍ ဆိတ်ပါသေးသည်။

ထိုအခိုက် စာရေးသူတို့က တုတ်ကိုယ်စီဖြင့် လင်းယုန်ကြီးဆီ အရောက် ပြေးသွားကြပါသည်။ သို့သော် လင်းယုန်ကြီးက အလျင် အပျံဦးသွားပါသည်။ စာရေးသူတို့မှာ ငေးကျန်ခဲ့ပါသည်။ ကိုဉာဏ်မောင်လေးကလည်း တောက်တခေါက်ခေါက်နှင့် ဖြစ်နေပါသည်။

စာရေးသူတို့မှာ ဖွတ်ကြီးကို လင်းယုန် အမိအရအကုပ်ကို စောင့်ခဲ့ပါသည်။ သို့သော် လင်းယုန်ကြီးလည်း ဖွတ်ကို မရလိုက်ပါ။ စာရေးသူတို့လည်း ဘာမှမရလိုက်သဖြင့် ''ယာမညက် ကြက်မပန်း'' ဖြစ်ရပါတော့သည်။ ထို့ကြောင့် ကင်ပွန်းသီးခြင်းကို ကောက်လွယ်ကာ စခန်းဆီသို့ မြန်းခဲ့ရပါတော့သည်။

ဤစာစုဖြင့် ချောင်းအုပ်ကြီးနှင့် ကိုဉာဏ်မောင်လေးတို့ကို သတိရ လွမ်းဆွတ်မိပါသည်။ ချောင်းအုပ်ကြီးကတော့ မရှိတော့ပါ။ ကိုဉာဏ်မောင်လေးကတော့ ယခုအထိ ရွာမှာ ဇနီးမယား၊ သမီးသား မြေးများနှင့် အသက်ရှည်ပျော်ရွှင်လျက်ပါ ခင်ဗျား။

***အားလုံး ကျန်းမာ ချမ်းသာကြပါစေ***

**ဦးသန်းစိုး (ချောင်းနက်)**



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်ကင်း

# မီးထွန်းအင်း

ဗိုဓိသိကျော်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား ဖတ်ရှုနေကြသော စာဖတ်ပရိသတ်များစွာ အနက်မှ မြန်မာ့အင်းပညာကို ဝါသနာပါ၍ လေ့လာနေကြသူများအတွက် ကျွန်ုပ်အနေနှင့် မီးထွန်းအင်း အစီအရင် တစ်ခုကို ဗဟုသုတဖြစ်ဖွယ် တင်ပြပေးလိုက်ပါသည်။

ဤမီးထွန်းအင်း အစီအရင်သည် ကျွန်ုပ် အင်းပညာ သင်ယူလိုက်စားစဉ် အခါက ကိုယ်တိုင် စီရင် အသုံးပြုခဲ့ဖူးသော နည်းများအနက်မှ တစ်ခုဖြစ်ပါသည်။

ဤမီးထွန်းအင်းသည် သူတစ်ပါးအား ထိခိုက်နစ်နာစေတတ်သော အတိုက်အခိုက် အင်းအမျိုးအစား မဟုတ်၍လည်း စာဖတ်သူများထံသို့ တင်ပြ ရေးသားခြင်း ဖြစ်ပါသည်။

မည်သည့်ကျမ်းစာအုပ်မှ ကူးယူရေးသားထားခြင်းကိုမူ ထိုစဉ်က အမှတ်အသား ရေးမထားမိ၍ မူရင်းကျမ်းပြုသူ ဆရာနာမည်နှင့် ကျမ်းစာအုပ်အမည်ကို မဖော်ပြနိုင်ခြင်းကိုမူ ကျွန်ုပ်အား နားလည် ခွင့်လွှတ်ပေးစေချင်ပါသည်။

အင်းအစီအရင်များနှင့် သက်ဆိုင်သော ဥပဒေသများဖြစ်သည့် အင်းကျိုးခြင်း၊ အင်းကန်းခြင်း၊ အင်းပေါက်ခြင်း စသော ဂရုစိုက်ရမည့် အချက်များကို ဆရာတော်တော်များများမှ ဗဟုသုတဖြစ်ဖွယ် တင်ပြရေးသားထားပြီးဖြစ်၍ မဖော်ပြတော့ပါ။

ကျွန်ုပ် တင်ပြချင်သော အချက်တစ်ခု ရှိပါသည်။ ယင်းမှာ အင်းစီရင်ညို့သူသည် မည်သည့် အင်းအစီအရင်မျိုးကိုမဆို "**အင်းဆန်နှင့် အင်းအသွား**"ကို အလွတ်ရနေရမည့်အချက် ဖြစ်ပါသည်။


အင်းအသွားကို အလွတ်မရ၍ အင်းဆန်ထည့်ရန် အင်းအသွားကို စာအုပ်ထဲ ကြည့်လိုက်၊ ထည့်လိုက် လုပ်၍ မရပါ။ မိမိ စီရင်သည့် အင်းအပေါ် စူးစူးစိုက်စိုက် အာရုံ မပျံ့လွင့်စေဘဲနှင့် ရှိနေစေရန်မှာ ကနဦး ကျွန်ုပ် တင်ပြထားသလို "အင်းဆန်နှင့် အင်းအသွား" အလွတ်ရနေမှသာ ဖြစ်ပေမည်။

ပြီးမှ တစ်ဖန် မိမိစီရင်သော အစီအရင်အင်းသည် မည်သည့်အင်းအမျိုးအစားလဲ၊ "ဝီယ"လား၊ "ကာယ"လား၊ အတိုက်အခိုက် တန်ပြန်တွေလား သိဖို့လိုပါသည်။

ဝီယသိဒ္ဓိအင်းမျိုးအား ကာယသိဒ္ဓိ နက္ခတ်ယှဉ်နေသောအခါ၌ စီရင်၍ မရပါ စသည်ဖြင့် ကဏ္ဍပေါင်းများစွာ ရှိပါသည်။ သို့မို့ကြောင့် အင်းကောင်းတစ်ကွက်ရရန် မလွယ်ကူပါ။

သိဒ္ဓိမဟိဒ္ဓိလမ်းစဉ်များ ဖြစ်သောကြောင့် အကျင့်သီလပိုင်းဆိုင်ရာ စင်ကြယ်ရန် အထူးလိုအပ်ပါကြောင်းနှင့် မည်သည့်အင်းမျိုးမဆို မိတ္တူကူး၍ ဆောင်ခြင်း၊ ပြုဖွယ်ကိစ္စများ ဆောင်ရွက်လုပ်ကိုင်ခြင်း အကျိုးမများစေပါဟု တင်ပြရေးသားရင်း ကျွန်ုပ် ရေးသားဖော်ပြမည့် မီးထွန်းအင်းမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

နောင် အလျဉ်းသင့်ပါက အင်းများနှင့် ပတ်သက်သော ဗဟုသုတဖြစ်ဖွယ်များကို ရေးသားတင်ပြပေးပါဦးမည်။



* * *

ဒေတု

| | | |
|---|---|---|
| | ဒိ ၂ | |
| ပု ၁ | | အာ ၃ |
| ယံ ၇ | နံ ၈ | ဏ္ဍိ ၉ |
| ဘ ၆ | ပု ၁ | ဒိ ၂ |
| ဏံ ၅ | ရ ၄ | သ ၃ |
| ယံ ၇ | နံ ၈ | ဏ္ဍိ ၉ |
| ဘ ၆ | ဓ ၁ | မံ ၂ |
| ဏံ ၅ | ရ ၄ | သ ၃ |
| ယံ ၇ | နံ ၈ | ဏ္ဍိ ၉ |
| ဘ ၆ | သံ ၁ | ဃံ ၂ |
| ဏံ ၅ | ရ ၄ | သ ၃ |
| ယံ ၇ | နံ ၈ | ဏ္ဍိ ၉ |
| ဘ ၆ | မာ ၁ | တာ ၂ |
| ဏံ ၅ | ရ ၄ | သ ၃ |
| ယံ ၇ | နံ ၈ | ဏ္ဍိ ၉ |
| ဘ ၆ | ဝိ ၁ | တာ ၂ |
| ဏံ ၅ | ရ ၄ | သ ၃ |


စာမျက်နှာ (၂၀၃) သို့
www.burmeseclassic.com

www.burmeseclassic.com

# ၁၃၇၅ ခုနှစ်မှာ

## ဒုနှစ်ရက်သားသမီးများအတွက် ကောင်းကျိုးပေးပြာ ရကြစေဖို့

ဦးသန်းမြင့် (တက်္ကတ)



တစ်နေ့သောအခါ...

စာရေးသူသည် ရန်လင်းရပ်ရှိ ဝိဇ္ဇာတာရုံကျောင်းတိုက်တွင် ကျင်းပမည့် ကထိန်အလှူတော်အတွက် အလှူခံဌာနတွင် နိဗ္ဗာန်ဆော်အဖြစ် ကုသိုလ်ယူနေစဉ် ကျောင်းပေါ်သို့ မိတ်ဆွေဖြစ်သူ ဦးသန်းညွန့်နှင့်အတူ စာရေးသူ မသိသော လူနှစ်ယောက် ရောက်ရှိလာပါသည်။

အဆိုပါ မျက်နှာစိမ်း လူနှစ်ယောက်မှ ကထိန်အတွက် အလှူငွေများကို လှူဒါန်း၍ စာရေးသူမှ ဆုတောင်းမေတ္တာများ ပို့သပေးခဲ့ပါသည်။ ထို့နောက် ရေနွေးကြမ်းနှင့် မုန့်များကို စားသောက်ကြရင်း ဦးသန်းညွန့်မှ စတင်၍ စာရေးသူအား ပြောပါတော့သည်။

'ကဲ စာရေးဆရာ နိဗ္ဗာန်ဆော်ကြီးရေ ဒီကပုဂ္ဂိုလ်နှစ်ဦးနဲ့ မိတ်ဆက်ပေးရဦးမယ်။ သူက ဦးမြခဲပါ။ ဟိုဘက်ကတော့ ဦးလှဝင်း ဆိုပါတော့'

ဟု မိတ်ဆက်ပေးပါသည်။

'ဟုတ်ကဲ့ ခုလို သိကျွမ်းခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော့်ကိုလဲ ဦးသန်းညွန့်လိုပဲ ခင်မင်ပါဗျာ'

ဟု စာရေးသူမှ ပြောလိုက်မိပါသည်။

'ဒါနဲ့ ပြောရဦးမယ် စာရေးဆရာရေ...'

ဟု ဦးသန်းညွန့်မှ ပြောရာ စာရေးသူမှ...

'ပြောလေ'

ဟု ပြန်ပြောလိုက်ပါသည်။

'ဒီလိုဗျ ဒီက ကျွန်တော့်မိတ်ဆွေနှစ်ဦးက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းရဲ့ ပရိသတ်တွေလေ။ လစဉ် အမြဲဖတ်ကြတဲ့ သူတွေပေါ့'

'ဒီတော့...'

'တခြားမဟုတ်ပါဘူး။ တစ်နှစ်အတွင်း ရွှတ်ဆိုပွားများ အားထုတ်ရမယ့်ဂါထာ ပုတီးစိပ်ရမယ့်အရာတွေကို သိချင်လို့ပါ။ အဲဒီကြောင့် ခင်ဗျားနဲ့ တွေ့ရအောင် ကျွန်တော်ခေါ်လာခဲ့တာပါ'

ဟု ဦးသန်းညွန့်မှ ပြောပြပါသည်။

'ဟုတ်ပါတယ်ဗျာ၊ ဆရာ့အနေနဲ့ **၁၃၇၄ ခုနှစ်မှာ ဝစကြာဂါထာကို** ရွတ်ဆိုဖို့၊ ပုတီးစိပ်ဖို့ဆိုတာ ရေးထားတာ ဖတ်ရတော့ အဲဒီအတိုင်း တစ်နှစ်တာ အဓိဋ္ဌာန်ဝင် ပုတီးစိပ်နေတာလေ သိပ်ထူးခြားတယ်ဗျာ။

အခက်အခဲ မုန်သမျှ ပြေလည်တာချည်းပဲ။ စိတ်ရောကိုယ်ပါ ချမ်းသာရပါတယ်။ ခုလဲ လာမယ့် **၁၃၇၅ ခုနှစ်မှာ** ဘာတွေ ပွားများကျင့်ကြံရမယ်ဆိုတာ သိချင်လို့ပါ'

ဟု ဦးမြခဲဆိုသူမှ ပြောပါသည်။

'ကုသိုလ်ကောင်းမှု ရစေမယ့် အလုပ်ဆိုတာ အကျိုးပေးတတ်ပါတယ်။ ဒါပေမယ့် ခုနှစ်ရက်သားသမီးများအတွက် ကောင်းကျိုးတွေ ရစေတတ်တဲ့အတွက် ရေးရတာပေါ့'

'ဟုတ်ပါတယ် ဆရာ ဒါကြောင့်လဲ လာမေးရတာပါ'

ဟု ဦးလှဝင်းတို့နှစ်ဦးမှ ပြန်ပြောကြပါသည်။

'ဒီတော့ကာ လာမယ့် ၁၃၇၅ ခုနှစ်ရဲ့ မဟာဘုတ်ရဲ့ သိုက်ဌာနမှာရှိတဲ့ နေ့နံကို အဓိကထားပြီး ပြောတာပါ။ လာမယ့် **၁၃၇၅ ခုနှစ်ဆိုရင် သိုက်ဌာနမှာ ကြာသပတေးနံ** ရှိတယ်လေ'

'ဒီတော့ ကြာသပတေးနံ စတဲ့ ပထမံဂါထာကို (၁၀၈)လုံးပုတီးနဲ့ အနည်းဆုံး (၁)ပတ်တော့ ပုတီးစိပ်ပေးရမယ်။ ရွတ်ဆိုပွားများပေးရမယ်။ မပျက်ကွက်ရအောင် အဓိဋ္ဌာန်ထားပြီး ပွားများပေးရမယ်'

ဟု စာရေးသူမှ ပြောပြလိုက်ပါသည်။

'ဟုတ်ကဲ့ ဒါဆိုရင် လုပ်ပါ့မယ်'

ဟု ဦးမြခဲတို့မှ ဝမ်းသာအားရ ပြောလိုက်ရာ စာရေးသူမှ...

'ဒါပေမယ့် တစ်ခု ရှိသေးတယ်'

ဟု ပြောလိုက်ပါသည်။

'တခြားမဟုတ်ပါဘူး။ **မှန်လေးမှန်** ဖြစ်နိုင်ရင် ပိုကောင်းတယ်'

'မှန်လေးမှန် ဟုတ်လား။ ကျွန်တော်တို့ကို ပြောပြပါဦး'

ဟု ဦးလှဝင်းတို့မှ တောင်းဆိုပါတော့သည်။

'မှန်လေးမှန်ဆိုတာ ဒီလိုဗျ...

၁။ အချိန်မှန်ရမယ်။

၂။ နေရာမှန်ရမယ်။





www.burmeseclassic.com

www.burmeseclassic.com

၃။ အဓိဋ္ဌာန်မှန်ရမယ်။
၄။ ဆုတောင်းမှန်ရမယ်။

ဆိုတာတွေပေါ့ဗျာ၊ ရှင်းပြစရာတော့ လိုမယ် မထင်ပါဘူး။ အဓိပ္ပာယ်က ရှင်းပါတယ်နော်'

ဟု စာရေးသူမှ ပြောလိုက်ပါသည်။

'တစ်ခုတော့ရှိတယ်နော်၊ ဆုတောင်းတဲ့အခါ ဖြစ်နိုင်ခြေရှိတာကို ဆုတောင်းပါ။ သမ္မာဆန္ဒနဲ့ပေါ့ဗျာ။ တစ်ခုတည်းကိုပဲ စွဲစွဲမြဲမြဲ တောင်းစေချင်တယ်။ အဲဒီလို မှန်လေးမှန်နဲ့အညီ ဆောင်ရွက်မယ်ဆိုရင် နှစ်မကုန်ပါဘူး အကျိုးထူးတွေ ရလာမှာ မလွဲပါဘူးဗျာ။ ခင်ဗျားတို့လဲ လုပ်နေကြတာပဲ ဟုတ်တယ်နော်'

ဟု ပြောလိုက်ပါသည်။

'ဒါဖြင့်ရင် **၁၃၇၅ ခုနှစ်၊ နှစ်ဆန်း (၁)ရက်နေ့ကစပြီး လာမယ့် သင်္ကြန်အတက်နေ့အထိ အဓိဋ္ဌာန်ပြု ဆောင်ရွက်သွားရမှာပဲ**နော်'

ဟု ဦးမြခဲမှ မေးသောအခါ...

'ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားက ကိုယ်တိုင်ကြုံတွေ့ရတဲ့ သူဆိုတော့ အထူးပြောစရာမလိုပါဘူး။ တစ်နှစ်ပတ်လုံး မပျက်မကွက် ဆောင်ရွက်သွားဖို့က အဓိကပါပဲဗျာ'

ဟု ပြောလိုက်ပါသည်။

'လုပ်ရမှာပေါ့ဗျာ၊ ကောင်းတဲ့အလုပ်ပဲ'

'ကြားရတာ ဝမ်းသာပါတယ်ဗျာ။ ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ အားထုတ်ကြပါ။ **၁၃၇၅ ခုနှစ်ထဲမှာ ခုနှစ်ရက်သားသမီးတွေအဖို့ ကောင်းကျိုးဝေဖြာရကြမှာ မလွဲပါဘူး**ဗျာ'

ဟု စာရေးသူမှ ပြောလိုက်ပါတော့သည်။

---

## အခက်အခဲမှန်သမျှ ကင်းဝေးစေသော
## ပဌာမံဂါထာတော်

ပဌမံ သကလက္ခဏာ ဧကပဒံ
ဒုတိယာဒိ ပဒဿ နိဒဿနတော။
သ.မ.နိ ဒု.နိ.မာ သ.မ.ဒု သ.နိ.ဒု
ကမတော ဝိဘဇေ ပဌမေ န ဝိနာ။

**အနက်**

**ပဌမံ၊** ရှေးဦးစွာသော။ **ဧကပဒံ၊** တစ်ခုသော အနက်အဖို့သည်။ **သကလက္ခဏံ၊** မိမိ၏ သဘော အနက်သည်။ **ဟောတိ၊** ဖြစ်၏။ **ဒုတိယာဒိပဒဿ၊** ဒုတိယ အစရှိသော အနက်အဖို့ကို။ **သ.မ.နိ၊** သမုဒယ, မဂ္ဂ, နိရောဓသစ္စာကို လည်းကောင်း။ **ဒု.နိ.မာ၊** ဒုက္ခ, နိရောဓ, မဂ္ဂသစ္စာကို လည်းကောင်း။ **သ.မ.ဒု၊** သမုဒယ, မဂ္ဂ, ဒုက္ခသစ္စာကို လည်းကောင်း။ **သ.နိ.ဒု၊** သမုဒယ, နိရောဓ, ဒုက္ခ သစ္စာကို လည်းကောင်း။ **နိဒဿနတော၊** ထောက်ထား၍ မြင်အပ်သောကြောင့်။ **ပဌမေန၊** ပဌမအနက်နှင့်။ **ဝိနာ၊** ကင်း၍။ **ကမတော၊** အစဉ်အတိုင်း။ **ဝိဘဇေ၊** ဝေဖန်ရာ၏။

*(ဤပဌာမံဂါထာတော် ပါဠိ အနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့် (မွှာစရိယ၊ ဝိနယဓရ၊ တေ့နိကာယ ကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)*

**မှတ်ချက်** ။ ။ သစ္စာအနက် တစ်ဆယ့်ခြောက်ဂါထာဟုလည်း ခေါ်ကြပါသည်။

*ကောင်းကျိုးဝေဖြာ ရကြပါစေ။*

*သင်ဆရာ မြင်ဆရာတို့အား ဦးခိုက်ကန်တော့လျက်...*

ဦးအုန်းမြင့် *(ဟသ်ာတ)*

---

စာမျက်နှာ (၂၀၁)မှ အဆက်

**အင်းဆန်းမှာ...**

(၁) ပု–ဒိ–အာ
(၂) ဗုဒ္ဓံ သရဏံ ဘယံ နတ္ထိ
(၃) ဓမ္မံ သရဏံ ဘယံ နတ္ထိ
(၄) သံဃံ သရဏံ ဘယံ နတ္ထိ
(၅) မာတာ သရဏံ ဘယံ နတ္ထိ
(၆) ပိတာ သရဏံ ဘယံ နတ္ထိ

**မှတ်ချက်။** ။ အင်းသွားကို ဂဏန်းများဖြင့် ပြထားပါသည်။

* အစုတ်ဂါထာဖြင့် အင်းကို ပုံတွင် ပြထားသည့်အတိုင်း ရုံပါ။

ဒီအတိုင်း ကောင်းမွန်ရှိသေစွာ လုပ်ပြီးမှ အရုံဂါထာနှင့် (၃၇)အုပ်စုတ်။ ခပ်သိမ်းသော ဆန္ဒရှိရာကို ဆုတောင်း ပတ္ထနာပြု၍ ထွန်းလေ၊ အကျော်ပွဲတွေ။

ယင်းဖယောင်းတိုင်ကို ထွန်းရလျှင် (၉၆)ပါးသော ရောဂါလွတ်၏၊ အတိတ် နိမိတ်တဘောင်၊ တစ္ဆေ၊ မြေဖုတ်၊ ပြိတ္တာ၊ မကောင်းသောသူ၊ မကောင်းသော နတ်ဘီလူး၊ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူကို ထွန်းလေ၊ ပိတ်ပင်တားဆီးကုန်၏။

ထွန်းသောသူ၏ သက်စေ့ ချည်မျှင်ထည့်၊ (၃၇)မျှင် အပြင်ကရစ်၊ ဖယောင်းကို သုံးခါစစ်၍ ကောင်းမွန်စွာလုပ်လေ ခြာမှာတည်း...

**အစုတ်ဂါထာ...**

ဥုံ ဗုဒ္ဓံ သရဏံ မယုံ အော့၊ ဓမ္မံ သရဏံ မယုံ အော့၊ သံဃ သရဏံ မယုံ အော့၊ မာတာ သရဏံ မယုံ အော့၊ ပိတာ သရဏံ မယုံ အော့၊ *[(၃၇)ခုစ်]*

လွတ်နေသော အပေါ်ကွက်တွင် မိမိနာမည်ထည့်ပါ။ (သို့မဟုတ်) ထွန်းလိုသူ၏ "နံ"။

**ဦးသိဏ်း**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဧပြီလ (၁)ရက်မှ (၃၀)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်မြည်

## တနင်္ဂနွေ

**စီးပွားရေး။** ■ လုပ်ငန်းများ အောင်မြင်မည်။ ငွေကြေးဝင်မည်။ စက်မှုဆိုင်ရာလုပ်ငန်း၊ စက်ပစ္စည်းများ၊ စက်ပြင်လုပ်ငန်းများ အဆင်မပြေဖြစ်တတ်၍ အလုပ်ရှင်၊ အလုပ်သမား အပေးအယူမျှအောင် ဆောင်ရွက်ပါ။ ဆုငွေများပေး၍ နှစ်သိမ့်ပေးပါ။

**ဝန်ထမ်းရေးရာ။** ■ ပေးအပ်ထားသော တာဝန်များ၊ လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်လိမ့်မည်။ စာရင်းဇယားများကြောင့် ပြဿနာပေါ်တတ်သည်။

**အိမ်တွင်းရေး။** ■ အိမ်တွင်းရေး သာယာမည်။ ငွေကြေးလည်း အဆင်ပြေ၍ တိုးလို့သာ ပျော်ရမည်။ သားသမီးထဲမှ နိုင်ငံခြားခရီး စီစဉ်ထားလျှင် မသွားဖြစ်သေး။

**အချစ်ရေး။** ■ အချစ်ရေး အဆင်ပြေမည်။ ချစ်သူဘဝမှ အိမ်ထောင်သည်ဘဝသို့ ကူးပြောင်းသွားနိုင်သောကာလ ဖြစ်သည်။ သင်္ကြန်ရေစိုစို၌ သည့် မင်္ဂလာပွဲလေး ကျင်းပနိုင်ပါသည်။

**ပညာရေး။** ■ ပညာရေး ကံကောင်းသောကာလ ဖြစ်သည်။ ပညာရေးဆိုင်ရာဘွဲ့များ နိုင်ငံခြားထိ သွားရောက် သင်ယူခွင့်ရမည်။

**ကျန်းမာရေး။** ■ ကိုယ်ခန္ဓာဆိုင်ရာ ကျန်းမာကြံ့ခိုင်သော်လည်း စိတ်သောကရောက်စရာများကြောင့် စိတ်ထိခိုက်ရတတ်သည်။ ကိုယ်ရောစိတ်ပါ အနားယူပေးပါ။ စိတ်ချမ်းသာအောင်နေပါ။

**ဆောင်ရန်ရက်များ။** ■ ၁၊ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ။** ■ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ။** ■ ၃၊ ၆၊ ၈၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။** ■ ၃၊ ၆၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်အသြား။** ■ ဂေါတမဗုဒ္ဓဘုရားရှင်၏ ရုပ်ပွားတော်ရှေ့တွင် ကုံကော်ပန်း (၁၁)ပွင့်၊ ဖယောင်းတိုင်(၆)တိုင်၊ အမွှေးတိုင်(၆)တိုင် ကပ်လှူ ထွန်းညှိပူဇော်ပါ။

## တနင်္လာ

**စီးပွားရေး။** ■ လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေး၊ ပလတ်စတစ်ပစ္စည်း ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ လုပ်ငန်းတိုးချဲ့လိုက တိုးချဲ့နိုင်သောကာလဖြစ်သည်။ ငွေရနှောင့်နှေးတတ်သည်။

**ဝန်ထမ်းရေးရာ။** ■ မိမိ အထက်လူကြီးများက မိမိ၏ သဘောဆန္ဒများကို မကျေမနပ်နှင့် ခွင့်ပြုနေရသည်။ မိမိဘက်ကလည်း အမှားအယွင်းမရှိပါစေနှင့်။ မိမိတင်ပြ တောင်းခံထားသော လုပ်ငန်းဆိုင်ရာ ငွေကြေးများ ဖြတ်တောက်ခံရမည်။

**အိမ်တွင်းရေး။** ■ အိမ်တွင်းရေးတွင် ပြဿနာကြီးကြီးကျယ်ကျယ် မရှိသော်လည်း ငွေကြေးပြဿနာ သို့မဟုတ် ရစရာရှိသော ငွေကြေးများ နှောင့်နှေးကြန့်ကြာနေ၍ အခက်အခဲဖြစ်မည်။

**အချစ်ရေး။** ■ အချစ်ရေးတွင် အထစ်အငေါ့ ဖြစ်တတ်သည်။ မင်္ဂလာပွဲအတွက် ငွေကြေးအခက်အခဲပေါ်နေ၍ အဆင်မပြေ ဖြစ်ရတတ်သည်။

**ပညာရေး။** ■ ပညာရေးဆိုင်ရာ ခရီးထွက်ရခြင်း၊ နိုင်ငံရပ်ခြားတွင် ပညာသင်ရန် ဆန္ဒရှိသော်လည်း ယခုကာလတွင် ငွေကြေးမလုံလောက်၍ မသွားနိုင်။ အခါကောင်းကို စောင့်ပါ။

**ကျန်းမာရေး။** ■ ကျန်းမာရေး အနည်းငယ်ညံ့တတ်သည်။ အကြောတတ်ခြင်း၊ အကြောနာခြင်း၊ ခြေထောက်နာခြင်းတို့ ဖြစ်တတ်၍ သွားသတိ၊ စားသိရှိပါစေ။

**ဆောင်ရန်ရက်များ။** ■ ၁၊ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ။** ■ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ။** ■ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ■ ၁၊ ၃၊ ၆၊ ၇ ဂဏန်းများများ ပါအောင်











ရွေးချယ်ပါ။

**အဆောင်အသြား။** ■ သိပ်ဂိုဏ်သီးအစေ့ (အဆန်)(၂၁)ဆန်၊ ထန်းလျက်(၁၀)ကျပ်သားကို ဘုန်းတော်ကြီးတစ်ပါးပါးကို လှူပါ။ ကိုစွ ဆောင်ရွက်ရန်ရှိက သိပ်ဂိုဏ်သန့်သို့မဟုတ် ထန်းလျက် စားသွားပါ။

## အင်္ဂါ

**စီးပွားရေး။** ■ အဝတ်အထည်များ၊ အလုကုန်များ၊ အမျိုးသမီးအသုံး အဆောင်ပစ္စည်းများ၊ ဖိမ်ခံပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ အမြတ်အစွန်းများမည်။ ယာဉ်ကားအရောင်းအဝယ် အမြတ်ရမည်။ စက်ပစ္စည်းများ၊ ဆေးဝါးထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများအကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ■ မိမိတာဝန်ယူထားသော လုပ်ငန်းများ အချိန်မီ မပြီးစီးနိုင်။ မိမိရသင့်သော ငွေကြေးများ နှောင့်နှေးကြန့်ကြာနေမည်။

**အိမ်တွင်းရေး။** ■ အိမ်ထောင်ရေး မသာမယာဖြစ်မည်။ ငွေကြေးပြဿနာကြောင့် ဖြစ်မည်။ သားသမီးထဲမှ ခရီးထွက်သွားရခြင်း သို့မဟုတ် အိမ်မှ ထွက်သွားခြင်း ဖြစ်တတ်သည်။

**အချစ်ရေး။** ■ အချစ်ရေးတွင် အောင်မြင်နေမည်။ အချစ်စစ်အချစ်မှန်ဖြစ်မည်။ သို့သော် မိဘနှစ်ပါး(အထူးသဖြင့်ဖခင်)က လုံးဝ သဘောမတူပါ။ မင်္ဂလာကိစ္စကို စိတ်မကူးပါနှင့်ဦး။

**ပညာရေး။** ■ ပညာသင်နေစဉ်တွင် အချစ်ရေးကို ဦးစားမပေးပါနှင့်။ ပညာသာလျှင် မိမိဘဝကို မြှင့်တင်ပေးနိုင်သည်။

**ကျန်းမာရေး။** ■ ဦးခေါင်းကိုက်ခဲခြင်း၊ မူးဝေခြင်း ဖြစ်တတ်သည်။ သွေးရောဂါဖြစ်တတ်၍ ရေခဲရေကို မသောက်ပါနှင့်ဦး။ ရေနွေးကြမ်းကို သောက်ပေးပါ။

**ဆောင်ရန်ရက်များ။** ■ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ရှောင်ရန်ရက်များ။** ■ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ။** ■ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။** ■ ၂၊ ၄၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်အသြား။** ■ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်ထွန်းဝင်စေရန် ကလေးများ(အနည်းဆုံးငါးဦး)ကို အုန်းနို့ နွားနို့ထမင်း အထိုက်ကျွေးပါ။ ကျန်သေးလျှင် ခွေးများကို ကျွေးပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး။** ■ အီလက်ထရောနစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ အမြတ်များမည်။ အဆိုပါပစ္စည်းထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများတိုးချဲ့နိုင်သည်။

**ဝန်ထမ်းရေးရာ။** ■ မိမိနှင့် လုပ်ဖော်ကိုင်ဖက်များကလည်းကူညီ၊ အထက်လူကြီးများကလည်း ဆောင်ရွက်ခွင့်၊ လုပ်ပိုင်ခွင့်များ ပေး၍ လုပ်ငန်းတွင် အဆင်ပြေ အောင်မြင်မည်။

**အိမ်တွင်းရေး။** ■ အိမ်တွင်းရေးတွင် ပြဿနာအကြီးအကျယ် မရှိသော်လည်း ဆွေမျိုးများအတွက် ငွေရှာပေးရန်ကိစ္စပေါ်လာမည်။ ဆွေမျိုးသားချင်းထဲမှ ရောဂါကုသရန် (ဆေးရုံတက်ရန်)ရောဂါ လာကိန်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

**အချစ်ရေး။** ။ ချစ်သူဘဝမှ အိမ်ထောင်သည်ဘဝသို့ ပြောင်းရကိန်းရှိနေသော်လည်း မင်္ဂလာဂြိုဟ်ပျက်နေသောကြောင့် မင်္ဂလာကိစ္စလုပ်ပါက ပြဿနာပေါ်မည်။







**ပညာရေး။** ။ ပညာရေးအတွက် နိမ့်သောကျောင်းသင်တန်းတွင် မတက်ရဘဲ ဝေးသောကျောင်းသင်တန်းတွင် တက်ရကိန်းရှိနေသည်။ ငွေရေးကြေးရေး အခက်အခဲနှင့် တွေ့ရမည်။

**ကျန်းမာရေး။** ။ အကြောဘက်၊ အကြောနာဝေဒနာ ခံစားရတတ်သည်။ ချော်လဲတတ်သည်။ သတိထားသွားလာပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၃၊ ၁၆၊ ၂၀၊ ၂၃၊ ၂၆၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၁၁၊ ၁၄၊ ၁၇၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၅၊ ၈၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။** ။ **၅၊ ၈၊ ၉၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဗိုဟ်နှစ်ပါးအပါအဝင် ဆွေမျိုးများထဲမှ သက်ကြီးဝါကြီး (၆)ယောက် သို့မဟုတ်(၄)ယောက်ကို ဆိတ်သားခဲ့ပတ် ကျွေးမွေးဒါနပြုပါ။ အုန်းနှင့် ဆန်ပြုတ်တိုက်ပါ။

## ကြာသပတေး

**စီးပွားရေး။** ။ အလုပ်အကိုင်များ ကောင်းမည်။ ငွေအဝင်များမည်။ မြေကိစ္စ၊ အမွေကိစ္စများရှိပါက မိမိကအောင်မြင်မည်။ ငွေကြေးလဲလှယ်သည့်လုပ်ငန်း၊ ငွေကြေးရောင်းဝယ်သည့်လုပ်ငန်းများ အကျိုးအမြတ်များမည်။ ဆေးပန်းထိမ်များ အမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းများ အဆင်ပြေမည်။ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်၍ တာဝန်သစ်၊ လုပ်ငန်းသစ်များ ထပ်မံချပေးလိမ့်မည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ ပြဿနာမရှိ၊ ငွေကြေးလည်း ဝင်နေ၍ ပို၍ အဆင်ပြေမည်။

**အချစ်ရေး။** ။ အချစ်ရေးကတော့ အဆင်ပြေနေပါသည်။ ချစ်သူနှင့် ခရီးထွက်ရခြင်း သို့မဟုတ် သကြန်ရေ အပက်ခံထွက်ရလိမ့်မည်။

**ပညာရေး။** ။ ပညာရေးကံကောင်းသောကာလ ဖြစ်သည်။ ကျောင်းပညာရေး အလွတ်ပညာရေး ကြိုက်တာကိုသင် အားလုံး အဆင်ပြေ အောင်မြင်မည်။

**ကျန်းမာရေး။** ။ ဆီးအောင့်ဆီးကျဉ် ဖြစ်တတ်သည်။ မျက်စိနာခြင်း ဖြစ်တတ်သည်။ ဆီးချုပ်မည့်အစားအစာ အထူးသဖြင့် အဖန်အခါးတို့ကို ရှောင်ပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၇၊ ၁၀၊ ၁၃၊ ၁၇၊ ၂၀၊ ၂၃၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၈၊ ၁၁၊ ၁၄၊ ၁၈၊ ၂၁၊ ၂၄၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၅၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ **၃၊ ၅၊ ၆၊ ၇** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ မိမိအရပ်နှင့်အမျှ ဝါးလုံးတစ်လုံးကို ဝါးတုတ်ချောင်းလေးများ ခွဲစိတ်ပါ။ အရှည် မိမိအရပ်၊ အနံ(၁၉)လက်မရှိသော ဝါးကပ်လေးတစ်ခု ယက်ပါ။ ထိုဝါးကပ်လေးကို လူသွားလမ်း ရွှံ့ကွက်ထဲတွင် ခင်းပေးပါ။

## သောကြာ

**စီးပွားရေး။** ။ ငွေကြေးရောင်းဝယ်ရေး၊ ငွေကြေးလဲလှယ်ရေး (Money Changer)များ တွက်ခြေကိုက်မည့်ကာလ ဖြစ်သည်။ အသင့်ချုပ်ပြီးသား အထည်များ၊ အမျိုးသမီးဝတ်စုံများ၊ အသုံးအဆောင်များ၊ ဆေးကုန်များ အရောင်းအဝယ်ကောင်းမည့်ကာလ ဖြစ်သည်။

**ဝန်ထမ်းရေးရာ။** ။ ဝန်ထမ်းများ ငွေပိုငွေလျှံရသော်လည်း မနိုင်ဝန်ကို ထမ်းနေရမည်။

**အိမ်တွင်းရေး။** ။ သားသမီးကိစ္စကြောင့် အိမ်ထောင်ဖက်နှင့် စကားပြော အဆင်မပြေဖြစ်မည်။ သားသမီး စီးပွားရေးကျဆင်းသလို ကျန်းမာရေး တော်တော်ညံ့မည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေ သာယာမည်။ မင်္ဂလာဂြိုဟ်ကောင်းသောကာလဖြစ်၍ မင်္ဂလာကိစ္စများ ဆောင်ရွက်က အောင်မြင်မည်။

**ပညာရေး။** ။ ပညာရေးတွင် အချစ်ရေး ဝင်နှောင့်တတ်သည်။ ဘဝ၏ တစ်သက်တာအရေးဖြစ်၍ ပညာရေးကို အပျက်မခံပါနှင့်။

**ကျန်းမာရေး။** ။ လေထိုးလေအောင့်ရောဂါများ ဖြစ်တတ်၍ အစားအသောက် သတိထားပါ။ လေမျိုးရှစ်ဆယ်လျက်ဆားကို ရှောက်ရည်ဖြင့် လျက်ပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၃၊ ၁၆၊ ၂၀၊ ၂၃၊ ၂၆၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၁၁၊ ၁၄၊ ၁၇၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၁၉၊ ၂၂၊ ၂၅၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ **၂၊ ၅၊ ၈၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ မွေးနေ့တစ်ရက်ရက် နံနက်(၉)နာရီ (၁၅)မိနစ်အချိန်မှစ၍ ပဋ္ဌာန်းတရားတော်အကျယ်ကို (၆)ခေါက် ရွတ်ပွားပူဇော်ပါ။ လိုရာဆန္ဒများ ပြည့်စုံပါလိမ့်မည်။

## စနေ

**စီးပွားရေး။** ။ လုပ်ငန်းများ တိုးချဲ့လိုက တိုးချဲ့နိုင်သောကာလ ဖြစ်သည်။ ငွေရေးကြေးရေး အဆင်ပြေမည်။ မြေယာအရောင်းအဝယ်လုပ်ငန်း အမြတ်များမည်။ ငွေကြေးလုပ်ငန်း တိုးတက်အောင်မြင်မည်။ ငွေထည်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ တာဝန်ယူထားသော လုပ်ငန်းများ အောင်မြင်စွာပြီးမြောက်မည်။ ဆုငွေရရှိမည်။ သို့မဟုတ် လစာအပြင် အပိုကြေးရရှိမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ ငွေကြေးလည်း ဝင်မည်။ အမွေနှင့်ပတ်သက်၍ အိမ် သို့မဟုတ် မြေဝင်ကိန်းရှိသည်။ သားသမီးအတွက် စိတ်ပူပန်ရကိန်းရှိသည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေသည်။ မင်္ဂလာကိစ္စ ဆောင်ရွက်လိုက ဆောင်ရွက်နိုင်သောကာလဖြစ်သော်လည်း အနီးတွင် မဟုတ်ဘဲ အဝေးတွင် မင်္ဂလာဆောင်ရကိန်းရှိနေသည်။

**ပညာရေး။** ။ ပညာရေးကံကောင်းသောကာလ ဖြစ်သည်။ အင်္ဂလိပ်စာ၊ အဆောက်အအုံပညာ၊ အင်ဂျင်နီယာပညာ၊ စီးပွားရေးဆိုင်ရာပညာရပ်တို့ကို လေ့လာသင်ယူမည်ဆိုလျှင် အောင်မြင်တိုးတက်လိမ့်မည်။

**ကျန်းမာရေး။** ။ လူကျန်းမာသော်လည်း စိတ်ညစ်စရာစိတ်ရှုပ်စရာများ ကြုံတွေ့ရမည်။ စိတ်အေးချမ်းသာယာအောင် အပန်းဖြေပါ။ အနားယူပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၃၊ ၅၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၆၊ ၉၊ ၁၁၊ ၁၃၊ ၁၆၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၇၊ ၁၈၊ ၁၉၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ **၁၊ ၃၊ ၅၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ အခက်အခဲများကို အောင်မြင်ကျော်လွှား၍ လာဘ်ပွင့်ရန် ရှင်သီဝလိဆယ်ဂါထာကို ယခုလမွေးနေ့တိုင်း နံနက်(၉း၁၅)နာရီတွင် (၇)ခေါက် ရွတ်ပွားပူဇော်ပေးပါ။

***ကျန်းမာ ချမ်းသာကြပါစေ။***

**ဆရာ ရောင်ခြည်**




www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ကြီးလေးပါးအသုဉ်း

## တွက်နည်းနှင့် ယတြာ

ကောင်းခန့်
(သခွတ်မြေ) ဝက်လက်



ယခုလတွင် ရှေးဓာတ်ဗိန္ဒောဆရာကြီးများ အသုံးပြုခဲ့သော လူနာအတွက် ဓာတ်ကြီးလေးပါး အသုဉ်းတွက်နည်းကို ပညာဗဟုသုတအလို့ငှာ ရေးသားပါဦးမည်။

ကျွန်ုပ် ယခု တင်ပြသောနည်းသည် လွယ်ကူသော နည်းဖြစ်ပြီး ဆေးပညာ၊ ဗေဒင်ပညာ မတတ်သော်လည်း ပေါင်း၊ နုတ်၊ မြှောက်၊ စား သချ်ာ အနည်းငယ်တတ်ရုံနှင့် တွက်ချက်ပြီး ယတြာချေကာ လူနာအား မည်သို့မျှ မထိခိုက်နိုင်ဘဲ သက်သာရာရကြောင်း အကူအညီပေးနိုင်သော နည်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း(၉၀)ကျော်က ဆေးအတတ်နှင့် ဗေဒင်ပညာတတ် တပည့်ပေါင်းများစွာ မွေးထုတ်ပေးခဲ့သော **စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၊ သခွတ္တောကျေးရွာ ဥဩရာ–ရာမကျောင်း ဆရာတော်**၏ လက်ရေးမူမှတ်စုစာအုပ်ထဲမှ **ဓာတ်ကြီးလေးပါးအသုဉ်း တွက်နည်းနှင့် ယတြာလင်္ကာ**ကို ထုတ်ယူရေးသားလိုက်ရပါသည်။

---

### တွက်နည်းလင်္ကာ

---

အသက်တည်ပါ၊ နှစ်ဆယ်သာ၊ နှောကာ
လေးခုစား၊ သုဉ်းလျှင်မြေဓာတ်၊ ပျက်စီးလပ်
နာတတ်ဦးခေါင်းများ ဆယ့်နှစ်နှောကာ
လေးခုသာ စားရန့်မှန်မှား သုဉ်းလျှင်ကားရေ
ပျက်စီးပေ ရာတွေလည်ချောင်းယား...
လေးနှောလေးစား သုဉ်းလေငြား ပျက်ပြား
တေဇောဓာတ်၊ ဘယရောဂါ ဖြစ်တတ်စွာ
ရင်နာမလွဲမှတ်...
နှောခြောက်ခုပင် လေစားချင် သုဉ်းလျှင်
လေပျက်ဓာတ် ဝမ်းပြည့်ဝမ်းနာ ဖြစ်ပြီးကာ
ရောဂါစွဲလို့ကပ်...
ထိုဓာတ်လေးပါး ပျက်ပြီငြား ပြုထားယတြာ
သက်ရောက်နာမ်ထင် ဘုရားတွင် ဖူးမြင်
လျှုဒါန်းရာ သဲ-ရေ-မီး-ယပ် ထိုသည်ဓာတ်
ယူမှတ်စဉ်တိုင်းသာ ကပ်လေလှူလေ ပူဇော်
လေ ဒုက္ခဘေးကင်းကွာ။

**လင်္ကာ၏ အဓိပ္ပာယ်မှာ**

**လူနာ၌ မြေဓာတ်ပျက်၊မပျက် သိလိုလျှင်** အသက်ကိုတည်၍ (၂၀)နှင့်ပေါင်းပါ။ ပေါင်းပြီးလျှင် (၄)နှင့်စားပါ။ (၀)သုည ကြွင်းလျှင် မြေဓာတ်ပျက်၏။

**မြေဓာတ်ပျက်လျှင်** ခေါင်းကိုက် ခေါင်းနာ ဦးခေါင်းမှာ ဥပဒ်ပေးတတ်၏။

**လူနာ၏ ရောက်သက်ကိုတည်၍** (၁၂)နှင့်ပေါင်းပြီး (၄)နှင့်စားပါ။ (၀) သုညကြွင်းလျှင် ရေဓာတ်ပျက်၏။

**ရေဓာတ်ပျက်သော လူနာကား** လည်ချောင်းနာခြင်း၊ လည်ချောင်း ယားယံခြင်း လည်ချောင်းကို ဥပဒ်ပေးတတ်၏။

**လူနာ၏ ရောက်သက်ကိုတည်ပြီး** (၄)နှင့်ပေါင်း၍ (၄)နှင့်စားပါ။ (၀)သုည ကြွင်းလျှင် တေဇောဓာတ်ပျက်၏။

**တေဇောဓာတ်ပျက်လျှင်** ရင်၌ နာတတ်ခြင်း၊ ရင်ဘတ်ကို ဥပဒ်ပေးတတ်ခြင်း...

**လူနာ၏ အသက်ကိုတည်ပြီး** (၆)နှင့်ပေါင်း၍ (၄)နှင့်စားပါ။ (၀)သု[...] ကြွင်းလျှင် ဝါယော လေဓာတ် ပျက်[...]

**ဝါယောဓာတ်ပျက်လျှင်** ဝမ်းပြ[...] ဝမ်းနာ ဝမ်းဗိုက်တွင် ဥပဒ်ပေးတတ်[...]

အထက်ပါ ဓာတ်လေးပါးတွ[...] ဓာတ်တစ်ပါးပါး ပျက်၍ ယတြာချေ[...] လျှင်...

- ◆ မြေဓာတ်ပျက်လျှင် →သဲလှူရမည်။
- ◆ ရေဓာတ်ပျက်လျှင် →ရေလှူရမည်။
- ◆ မီးဓာတ်ပျက်လျှင် →အလင်းတိုင် အမွှ[...] လှူရမည်။
- ◆ လေဓာတ်ပျက်လျှင်→ယပ်တောင် လှူ[...] ဖြစ်၍...

**"သက်ရောက်နာမ်ထင် ဘုရ[...] တွင် ဖူးမြင်လှူဒါန်းရာ"** ဆိုသေ[...] လင်္ကာအတိုင်း မိမိလူနာ၏ ရော[...] သက်နာမ်ဘုရားတွင် လှူရမည်[...] ဆိုထားပါသည်။

ဒီနေရာမှာ သက်ရောက်[...] လို၏။ သက်ရောက်[...]နည်[...] လူနာ၏ ရောက်သ[...]ကို တည်[...]



www.burmeseclassic.com

www.burmeseclassic.com

(၈)နှင့်စားပါ။ အကြွင်းအတိုင်း အဌလက်အိမ် မိမိမွေးနံ့မှ စားကြွင်းအတိုင်း လက်ယာရစ်ထောက်ပါ။ ရောက်ရာ အဌလက်အိမ်သည် လူနာ၏ သက်ရောက်ဖြစ်၏။

အောက်တွင် ဖော်ပြထားသော အဌလက်အိမ် ရှုကြည့်ပါ။ အထက်မွေးနံ့ ဂြိုဟ်နေ အောက်ဂြိုဟ်သက်တို့ ဖြစ်ပါသည်။

* * *

| | | |
|---|---|---|
| ၁ / ၆ | ၂ / ၁၅ | ၃ / ၈ |
| ၆ / ၂၀ | | ၄ / ၁၇ |
| ၈ / ၁၂ | ၅ / ၁၉ | ၀ / ၁၀ |

အဌလက်အိမ်

ရှင်းလင်းစွာသိရန် ဥပမာနမူနာအဖြစ် ၂–လ်သား အသက် (၃၆)နှစ်ရှိသူကို တွက်ပြပါမည်။

**အသက် (၃၆)နှစ်ရှိသူကို တွက်ကြည့်ရာ...**

**မြဲခါတ် ပျက်,မပျက်တွက်ရာ** ၃၆
**နေ့ခါကိန်း** + ၂၀
**စားကိန်း** ၄ ÷ ၅၆ = ၁၄
၄
၁၆
၁၆
၀

**သုညကြွင်းသောကြောင့်**
ထေဝီဓာတ် (ခေါ်)မြေဓာတ် ပျက်နေ၏။

**ရေဓာတ် ပျက်,မပျက် တွက်ကြည့်ရာ...**



**မီးဓာတ် ပျက်,မပျက် တွက်ကြည့်ရာ...**

**ရောက်သက်** ၃၆
**နေ့ခါကိန်း** + ၄
**စားကိန်း** ၄ ÷ ၄၀ = ၁၀
၄၀
၀

**သုညကြွင်းသောကြောင့်**
တေဇောဓာတ် (ခေါ်) မီးဓာတ်လည်း ပျက်နေ၏။

**လေဓာတ် ပျက်,မပျက် တွက်ကြည့်ရာ...**

**ရောက်သက်** ၃၆
**နေ့ခါကိန်း** + ၆
**စားကိန်း** ၄ ÷ ၄၂ = ၁၀
၄
၂
၀
၂

**စားကြွင်း ကျန်နေသောကြောင့်**
လေဓာတ် မပျက်ပါ။

**ရောက်သက်** ၃၆
**နေ့ခါကိန်း** + ၁၂
**စားကိန်း** ၄ ÷ ၄၈ = ၁၂
၄
၈
၈
၀

**သုညကြွင်းသောကြောင့်**
အာပေါဓာတ် (ခေါ်) ရေဓာတ်လည်း ပျက်နေ၏။

ထိုသူ၏ သက်ရောက်ဂြိုဟ်ကို ဆက်လက်၍ တွက်ကြည့်ကြပါစို့။

စားကိန်း ၈ ÷ ၃၆ = ၄
၃၂
၄

အသက်တည်၍ (၈)နှင့်စားရာ (၄)ခုကြွင်းသဖြင့် မွေးနံ့(၂)လ်ာမှ လေးခွင်ထောက်ရာ စနေတွင် သက်ရောက်နေသည်ကို တွေ့ရမည် ဖြစ်၏။ အောက်အဌလက်အိမ်ကို ကြည့်ပါ။

| | | |
|---|---|---|
| ၁ | ၂* | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ * |

**(၀)သည် စနေဂြိုဟ် ဖြစ်ပါသည်။**

ထို့ကြောင့် အသက် (၃၆)နှစ်ရှိ ၂–လ်ာသားကို ယတြာပေးမည်ဆိုလျှင်...

**မြေဓာတ်ပျက်သည့်**အတွက် သဲ (၇)ဆုပ်၊

**ရေဓာတ်ပျက်သည့်**အတွက် ရေ (၇)ခွက်၊

**မီးဓာတ်ပျက်သည့်**အတွက် အလင်းတိုင်(၇)တိုင် **စနေနံ့ဘုရားတွင်** လှူပါ။

***သုနက္ခတ္တံ ကောင်းသောနက္ခတ်နှင့်ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။***

**ကောင်းခန့် (သခွတ်မြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်တူနာမ်တူ ဆေးဖက်ယူ

ခင်ပွန်းဖြစ်သူ နှာခေါင်းရောဂါဖြစ်စဥ်က ဖြစ်ပါသည်။ နှာရည်ယိုခြင်း၊ နှာအမြှေးစေး၍ အမြဲ တရှုပ်ရှုပ်ဖြစ်သည်။ ရေချိုးတာကလည်း ညနေစောင်း၊ ညဘက်ဆိုတော့ ပိုဆိုးသည်။ လက်ကိုင်ပဝါတစ်ထည်နှင့် နှပ်အမြဲ ရွှဲနေသည်။

တိုင်းရင်းဆေးဖြင့်လည်း မရ၊ အနောက်တိုင်းဆေးနှင့်လည်း မရ၊ ဘုရားရှိခိုးတိုင်း "အနာနဲ့ဆေး တွေ့ပါစေဘုရား"ဟု ဆုတောင်းသည်။

"ဒီလိုလုပ်ပါလား ယောက်ျားရယ် နှာခေါင်းဆိုတော့ **(စနေ+တနင်္လာ)** နာမ်မဟုတ်လား။ **(ထွေး+ခံ)**ထွေးခံ လှူကြည့်ပါလား။ ကြာသပတေးသားဆိုတော့ ပလတ်စတစ်နဲ့လုပ်တဲ့ ထွေးခံ လှူပါလား"ဟု အကြံပေးခဲ့သည်။

ထို့နောက် တစ်ပတ်တစ်ခါ ထွေးခံလေးတွေ ဘုန်းကြီးကျောင်းကို လှူခဲ့သည် (အခြားငွေကြေး/ခဲ့ဖွယ်ဘောဇဉ်လဲ ပါတာပေါ့လေ။

မိတ်ဆွေတစ်ယောက်ကလည်း နား, နှာခေါင်း,လည်ချောင်း သမားတော်တစ်ဦးကို ညွှန်လာရာက၊ ပြဖြစ်ခဲ့ရာမှ အနာနှင့်ဆေး အဆင်ပြေသွားသည်။ ထွေးခံ(၈)လုံး၊ (၁၀)လုံး လှူပြီးစဥ်မှာ အရှင်းပျောက်သွားသည်။ နှစ်လ၊ သုံးလ စိတ်ညစ်ခဲ့ရသော နှာခေါင်းရောဂါမှာ ဓာတ်တူနာမ်တူ ဆေးဖက်ယူ ထွေးခံလှူမှု ပျောက်ခဲ့ရသည်။

ကျွန်မ၏ဆရာရင်း ကျော်ကျော်လင်းက ပြောခဲ့ဖူးသည်။ "ကိုယ်ရောင်ရင်ငါးရံ့လွှတ်၊ မျက်စိရောဂါဖြစ်ရင် စမုန်စပါးလှူ စသည်ဖြင့် တကယ်လဲ



ပျောက်ကင်းခဲ့ပါသတဲ့"။

ခြေထောက်ရောဂါ၊ ခါးနာရောဂါသည် (၂+၇) တနင်္လာနှင့်စနေတွဲ ဖြစ်သော ခြင်ထောင် လှူဒါန်းပေးပါ။ ခတ္တာပန်းဘုရားလှူပါ။ ကာယကံ ကုသိုလ်အဖြ[...] ကုဋ္ဌိဆေးပေးပါ။ ဆယ်ခါမက လှူပြီးလျှင် အနာနှင့်ဆေး တွေ့ပါလိမ့်မည်။

မိမိမွေးနံ နဝင်းပေါ်ချိန်လှူက ပိုအကျိုးရှိပါသည်။ တတ်နိုင်သော သူဌေးမျာ[...] ကုဋ္ဌိဆောက်လှူဒါန်းပါ။

* * *

| နေ့သား/သမီး | လှူရန်နေ့ | လှူရန်အခါ |
|---|---|---|
| တနင်္ဂနွေ | အင်္ဂါနေ့ | နံနက်(၁၀)ခွဲမှ (၁၂)နာရီအတွင်း |
| တနင်္လာ | ဗုဒ္ဓဟူးနေ့ | နံနက်(၁၀)ခွဲမှ (၁၂)နာရီအတွင်း |
| အင်္ဂါ | ကြာသပတေးနေ့ | နံနက်(၁၀)ခွဲမှ (၁၂)နာရီအတွင်း |
| ဗုဒ္ဓဟူး | သောကြာနေ့ | နံနက်(၁၀)ခွဲမှ (၁၂)နာရီအတွင်း |
| ကြာသပတေး | စနေနေ့ | နံနက်(၁၀)ခွဲမှ (၁၂)နာရီအတွင်း |
| သောကြာ | တနင်္ဂနွေနေ့ | နံနက်(၁၀)ခွဲမှ (၁၂)နာရီအတွင်း |
| စနေ | တနင်္လာနေ့ | နံနက်(၁၀)ခွဲမှ (၁၂)နာရီအတွင်း |

အခြားရောဂါများအတွက် နာမ်တူ စဥ်းစား လှူဒါန်းနိုင်ပါသည်။ **လှူဒါန်[...] စဥ် မိမိရောဂါကို အာရုံပြု ပျောက်ပါစေ ဆုတောင်းလှူဒါန်းပါ။**

***ကျန်းမာ၍ ချမ်းသာကြပါစေ။***

**ဒေါက်တာ ခိုင်စံဝေ(ဝေဒပညာ)**



www.burmeseclassic.com

www.burmeseclassic.com

အလှဆင်

ထက်မြင့်ကျော်စွာ

# ဘော်ကြယ် သီကုံးနည်းပညာ (၃)

ယခင်လမှ အဆက်


## အခြေခံသီကုံးနည်း(၃)

## 六边形串

လျို့ပြန်းယှိုင်ချွမ်(Liù Biān Xing Chuàn)

### ဆဋ္ဌဂံပုံ သီကုံးခြင်း

ဘော်ကြယ်(၆)လုံး စတင် သီကုံးကာ ဗဟိုပြု၍ အရံ(၆)လုံးတွဲ (၆) ကွက်ပတ်လည် သီကုံးထားခြင်းဖြစ်သည်။ ကမ္ဘာလုံးခြမ်း သီကုံးစဉ်ကဲ့သို့ သဘောချင်း တူညီသည်။ (၅)လုံးတွဲ အစား (၆)လုံးတွဲ အကွက်များဖြစ်အောင် သီကုံးရသည်။ (၆)လုံးတွဲ



◆ (နည်း-၃) (၆)လုံးတွဲအစ


◆ (နည်း-၃) (၆)လုံးတွဲ (၂)ကွက်






www.burmeseclassic.com

www.burmeseclassic.com



(နည်း-၃) (၆)ကွက်တွဲ (၃)ကွက်

(နည်း-၃) (၆)ကွက်တွဲ (၄)ကွက်



သီခြင်းမှစကာ အဆင့်ဆင့်ကို မှတ်တမ်းပြု ဖော်ပြထားပါသည်။

အရံ(၆)လုံးတွဲ (၆)ကွက်(ပတ်ရာည်) ပြည့်သွားသောအခါ ကမ္ဘာလုံးအခြမ်းကဲ့သို့ ခွက်ခုံး၍ မနေပါ။ ပြန့်ပြူးနေပါမည်။

(၆)လုံးတန်း(၆)ကွက် ဝန်းရံကာ ဆဋ္ဌဂံပုံပြုလုပ်ထားသဖြင့် (၆)နှင့် (၆) ပေါင်းသော် မဆင်းရဲပြီဟူသော ဂဏိတအဆိုအတိုင်း ငွေကြေးဥစ္စာ လာဘ်လာဘ ကြွယ်ဝရှင်လန်းခြင်း အဆောင် ဖြစ်သည်။

ညှော်ကောင်း စောင်ကောင်းများအား ကျွေးမွေးညှော်ခံရာ၌ လည်းကောင်း၊ ဘုရားဆွမ်းတော်ကပ်ခြင်း၊ သိဒ္ဓိရှင်၊ တန်ခိုးရှင်၊ နတ်ဒေဝတာများအား ကပ်လှူရသော ပူဇော်ခြင်းတို့၌ လည်းကောင်း အောက်ခံပြုခြင်းဖြင့် ဥစ္စာစည်းစိမ် ကုံလုံကြွယ်ဝခြင်းနိမိတ် ဆောင် ဆုတောင်းပြည့်ဝနိုင်ကြသည်။

ရပ်ဝေးမြေခြားသို့ သွားရောက်ကာ စီးပွားရှာဖွေလုပ်ကိုင်နေသူထံမှ ဤဆဋ္ဌဂံအဆင်တန်ဆာကို ပေးပို့လက်ခံရရှိပါက ငွေကြေးဥစ္စာ ပြည့်စုံစွာဖြင့် နေရပ်ပြည်တော် ပြန်ရောက်တော့မည်ဟု ကြိုတင်အသိပေး ဝမ်းမြောက်စေခြင်းဖြစ်သည်။

ငွေကြေးအခက်အခဲ ပြဿနာများ ပြေလည်ခြင်း၊ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေဖအောင်မြင်ခြင်း၊ ငွေကြေး အမြတ်အစွန်းများစွာ ရရှိခြင်း၊ ထီ ပေါက်ခြင်း၊ ငွေအစုအပုံလိုက် ရရှိ ခြင်း၊ ကုန်စည်ပစ္စည်းရောင်းချမှု ပြီးမြောက် ခြင်း၊ ဆုငွေ၊ လှူငွေ ထုတ်ယူလက်ခံ ရရှိခြင်း စသည်တို့ကိုလည်း ကိုယ်စား ပြုသည့် အဆင်တန်ဆာဖြစ်သည်။


(၆)နား(၆)ဖက် ပေါင်းစည်းထား






www.burmeseclassic.com

www.burmeseclassic.com



• (နည်း-၃) (၆)ကွက်တွဲ (၅)ကွက်

• (နည်း-၃) ဆဋ္ဌဂံပုံ



သော ပုံစံဖြစ်ရာ လက်(၆)ဖက် လူ (၃)ဦး ပေါင်းစည်း၍ အကျိုးဖြစ်ထွန်းသော ကိစ္စများကိုလည်း ရည်ညွှန်းသည်။ ဥပမာ မိခင်၊ ဖခင်နှင့် ရင်သွေး၊ ကျောင်းသား၊ မိဘနှင့် ဆရာ စသည်တို့ သုံးဦးပေါင်းစည်းခြင်းအတွက်လည်း အောင်နိမိတ်ဆောင်လေသည်။

ထက်မင်းကျော်စွာ


www.burmeseclassic.com


မြောက်ဦး တူးဖော်ရေးတုန်း အမှတ်(၂)မှ တူးဖော်တွေ့ရှိသည့်

# ယဉ်ကျေးမှု ရှေးလက်ရာများ (၁၃)

ဖုန်းခို ထူးလှ
(ရှေးဟောင်းသုတေသန)

ယခင်လမှအဆက်




*** ပုံ (၈)

လေးထောင့် မြေမီးဖုတ် စဉ့်ကြွမ်းခင်းပြား လက်ရာတစ်ခု ဖြစ်သည်ဟု ယူဆရပါသည်။ A7ကျင်း အနောက်ဘက် ကျင်းပေါင်မှ (၂ ၁/၂)ပေခန့်အကွာ ကျင်းအနက် (၂)ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် စဉ့်ပြားလက်ရာကို ပုံ(၈) ဒီဖိုင်းလက်ရာတွင် ရေးဆွဲ ဖော်ပြထားပါသည်။

တူးဖော်တွေ့ရှိရသော မူလ မြေမီးဖုတ် စဉ့်ပြားလက်ရာ အမြင့် (၇ ၁/၂) စင်တီမီတာခန့်၊ အကျယ် (၇ ၁/၂)စင်တီမီတာခန့်နှင့် အထူ (၂)စင်တီမီတာခန့် ရှိပါသည်။ ပုံ (၈)တွင် လက်ဝဲ၊ လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

လက်ဝဲဘက် ဒီဖိုင်းလက်ရာမှာ မြေမီးဖုတ် စဉ့်ကြွမ်းခင်းပြား၏ ကျောဘက်မျက်နှာကို ရေးဆွဲ ဖော်ပြထားသော လက်ရာပင် ဖြစ်ပါသည်။ ၎င်းမျက်နှာပြင်တွင် အလယ်၌ စဉ့်အဖြူရောင် တွေ့ရှိရပြီး အနားပတ်ပတ်လည်တွင် စဉ့်အစိမ်းရောင်ဖြင့် အနားကွပ်ထားသည်ကို တွေ့ရှိရပါသည်။

လက်ယာဘက် ဒီဖိုင်းလက်ရာမှာ မြေမီးဖုတ်စဉ့်ပြား၏ အတွင်း မျက်နှာပြင်ကို ရေးဆွဲ ကူးယူထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။

၎င်းမျက်နှာပြင်တွင် အချင်း (၄ ၁/၂) စင်တီမီတာခန့်နှင့် တွင်းအနက် (၁ ၁/၂) စင်တီမီတာခန့်ရှိသော ပွင့်ဖတ် လေးဖတ်ပါရှိသော ပန်းပွင့်တစ်ပွင့်နှင့် တစ်ခြမ်း ပါရှိသည်ကို တွေ့ရှိရပါသည်။

၎င်းမျက်နှာပြင်တွင် စဉ့်ရောင် မတွေ့ရှိရဘဲ မြေမီးဖုတ်ရောင်သာ တွေ့ရှိရပါသည်။

*** ပုံ (၉)

ပုံ (၉) ဒီဖိုင်းလက်ရာမှာ A5ကျင်း တောင်ဘက်နံရံမှ (၂)ပေခန့်အကွာ ကျင်းအနက် (၂)ပေခန့်မှ တူးဖော်တွေ့ရှိရသော စဉ့်လင်ပန်း အနားအပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ တူးဖော်တွေ့ရှိရသော မူလ စဉ့်လင်ပန်း အပဲ့အစ အမြင့် (၄ ၁/၂) စင်တီမီတာခန့်၊ အကျယ် (၆ ၁/၂) စင်တီမီတာခန့်နှင့် အထူ (၃/၄)စင်တီမီတာခန့် ရှိပါသည်။


ပုံ (၉) ဒီဖိုင်းလက်ရာကို လက်ဝဲ၊ လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ လက်ဝဲဘက် ဒီဖိုင်းလက်ရာမှာ စဉ့်လင်ပန်းအနား၏ အတွင်းဘက် မျက်နှာပြင်ကို ရေးဆွဲဖော်ပြထားသော ဒီဖိုင်းလက်ရာဖြစ်ပြီး လက်ယာဘက် ဒီဖိုင်းလက်ရာမှာ စဉ့်လင်ပန်းအနား၏ အပြင်ဘက်လက်ရာကို ရေးဆွဲ ဖော်ပြထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။


လက်ယာဘက် ဒီဖိုင်းလက်ရာ



www.burmeseclassic.com

www.burmeseclassic.com




လက်ယာဘက်တွင် လင်ပန်းအနား၏ အထူပမာဏကို လိုင်းအနက်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

စဥ့်လင်ပန်းအနား အတွင်း, အပြင်နှစ်မျက်နှာစလုံးတွင် စဥ့်အစိမ်းနဖျော့အောက်ခံရောင်တွင် စဥ့်အစိမ်းရင့်ဖြင့် ဒီဇိုင်း ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။

* * * ပုံ (၁၀)

မြေမီးဖုတ် ပန်းကန်ပြား အပိုင်းအစတစ်ခု ဖြစ်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ ပန်းကန်ပြား အပိုင်းအစကို အပေါ်ပုံ, အောက်ပုံ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ D7ကျင်း အနောက်မြောက်ထောင့် ကျင်းပေါင်မှ (၄)ပေခန့်အကွာ ကျင်းအနက် (၄) ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် ပန်းကန်ပြား အပိုင်းအစကလေး တစ်ခုကို ရေးဆွဲ ဖော်ပြထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

မူလ မြေမီးဖုတ်ပန်းကန်ပြား ထိပ်ဝအချင်း (၂၂)စင်တီမီတာခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရပြီး အမြင့် (၃ ၁/၂) စင်တီမီတာခန့်နှင့် အောက်ခြေ အချင်း (၁၃)စင်တီမီတာခန့် ရှိပါသည်။ ပန်းကန်ပြားအထူလည်း (၁/၄)စင်တီမီတာခန့် ရှိပါသည်။ ပန်းကန်ပြား၏ ထိပ်ဝအနားတွင် (၂)စင်တီမီတာခန့် အပြားယူပြီး ထိုအပြားပေါ်တွင် အစင်းကြောင်းကလေးများဖြင့် ပတ်၍ တန်ဆာဆင်ထားပါသည်။

အောက်ဘက်တွင်လည်း ဖောင်းလုံးကလေးတစ်ဆင့်ကို အနား ခပ်ခုံးခုံးနှင့် အောက်ခြေကြားတွင် ဖော်ထားပါသည်။ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် ပန်းကန်ပြား အပဲ့အစကလေးမှာလည်း သပ်သပ်ရပ်ရပ်နှင့် ကျစ်လျစ်မာကျောပြီး လက်ရာ မြောက်လှပါသည်။

အပေါ် ဒီဇိုင်းလက်ရာမှာ မြေမီးဖုတ် ပန်းကန်ပြား၏ ဘေးအမြင်နှင့် အထူပုံစံကို ရေးဆွဲ ဖော်ပြထားသော ဒီဇိုင်းလက်ရာဖြစ်ပြီး၊ အောက်ပုံစံမှာ ပန်းကန်ပြားကို လှန်၍ အပေါ်စီးမှ မြင်ရသည့် အနေအထားကို ရေးဆွဲ ဖော်ပြထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

ကျိုးပဲ့ပျက်စီးသွားသော အစိတ်အပိုင်းများကိုလည်း အစက်ကလေးများဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

* * * ပုံ (၁၁)

ပုံ (၁၁) ဒီဇိုင်းလက်ရာမှာ B7ကျင်း မြောက်ဘက်ကျင်းပေါင်မှ (၃) ပေခန့်အကွာ ကျင်းအနက် (၂)ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် ပန်းကန်လုံး အပဲ့အစကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူလ မြေမီးဖုတ် ပန်းကန်လုံး အပဲ့အစ အကျယ် (၁၀)စင်တီမီတာခန့်၊ အမြင့် (၄)စင်တီမီတာခန့်နှင့် အထူ (၁/၄)စင်တီမီတာခန့် ရှိပါသည်။ အနားလိပ်အထူ (၁/၄)စင်တီမီတာခန့် ရှိပါသည်။ ဖော်ပြပါ မြေမီးဖုတ် ပန်းကန်လုံးအပဲ့ကို ဆက်စပ်ကြည့်လိုက်သော အခါ ထိပ်ဝအချင်း (၂၀)စင်တီမီတာခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။


ဤပုံ(၁၁) ဒီဇိုင်းလက်ရာကို အပေါ်ပုံ, အောက်ပုံ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ အပေါ်ပုံမှာ မြေမီးဖုတ် ပန်းကန်လုံး၏ ဘေးအမြင်နှင့် အထူပမာဏကို ရေးဆွဲထားသော လက်ရာဖြစ်ပြီး၊ အောက်ပုံမှာ တူးဖော်တွေ့ရှိရသည့် မြေမီးဖုတ် အပဲ့အစကို ရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

ပုံ-၁၂



ပုံ-၁၃



မူလ မြေမီးဖုတ် အပိုင်းအစလက်ရာမှာ မြေမီးဖုတ်ရောင် တောက်ပစွာ တွေ့ရှိရပါသည်။

*** ပုံ (၁၂)

မြေမီးဖုတ် စဥ့်ကြမ်းခင်းပြားလက်ရာ တစ်ခု ဖြစ်ပါသည်။ လက်ဝဲ, လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ လက်ဝဲ, လက်ယာ ပုံစံနှစ်ကြားတွင် မြေမီးဖုတ် စဥ့်ကြမ်းခင်းပြား အထူပမာဏကို လိုင်းအနက်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

**ပုံ (၁၂)** မူလ မြေမီးဖုတ် စဥ့်ကြမ်းခင်းပြားလက်ရာကို C l ကျင်း အရှေ့တောင်ထောင့် ကျင်းပေါင်မှ (၃)ပေ အကွာ ကျင်းအနက် (၂)ပေခန့်မှ တူးဖော် တွေ့ရှိရပါသည်။ အကျယ် (၄)လက်မခန့်၊ အမြင့် (၃)လက်မခန့်နှင့် အထူ (၁)လက်မနီးပါးခန့် ရှိပါသည်။

ထိုမြေမီးဖုတ် စဥ့်ကြမ်းခင်းပြားကို ကူးယူ၍ ပုံ (၁၂) ဒီဇိုင်းလက်ရာကို ရေးဆွဲ ဖော်ပြထားခြင်း ဖြစ်ပါသည်။

လက်ဝဲဘက် ဒီဇိုင်းလက်ရာမှာ မြေမီးဖုတ် စဥ့်ကြမ်းခင်းပြား၏ ကျောဘက် မျက်နှာပြင်ကို ကူးယူ ရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ စဥ့်အဖြူရောင်ပေါ်တွင် စဥ့်အပြာ အနုအရင့် လိုင်းတွန့်များဖြင့် တန်ဆာဆင်ထားပါသည်။ ထောင့်စွန်း တစ်ဖက် ကျိုးပဲ့သွားပေပြီ။

လက်ယာဘက် ဒီဇိုင်းလက်ရာမှာ မြေမီးဖုတ် စဥ့်ကြမ်းခင်းပြား၏ အတွင်းဘက် မျက်နှာပြင်ကို ရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

အတွင်းဘက် မျက်နှာမှာ မြေနီရောင် တောက်ပစွာ တွေ့ရှိပြီး အချင်း (၁ ၃/၄)လက်မနှင့် တွင်းအနက် (၁/၂) လက်မနီးပါးရှိသော တွင်းကလေး နှစ်တွင်း ပါရှိသည်ကို တွေ့ရှိရပါသည်။

*** ပုံ (၁၃)

**ပုံ (၁၃)** ဒီဇိုင်းလက်ရာမှာ C l ကျင်း အရှေ့ဘက်ကျင်းပေါင်မှ ကပ်လျက် ကျင်းအနက် (၂)ပေနီးပါးခန့်မှ တူးဖော် တွေ့ရှိရသော ခြောက်နားညီ မြေမီးဖုတ် စဥ့်ရည်သုတ် ကြမ်းခင်းပြားတစ်ခုကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာ တစ်ခုပင် ဖြစ်ပါသည်။

မူလ မြေမီးဖုတ် စဥ့်ကြမ်းခင်းပြား အမြင့် (၃ ၁/၂)လက်မခန့်၊ အကျယ် (၃)လက်မခန့်၊ အနားတစ်ဖက် (၂) လက်မခန့်နှင့် အထူ (၅/၈)လက်မခန့် ရှိပါသည်။ လက်ဝဲ, လက်ယာ ပုံစံနှစ်မျိုး ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

လက်ဝဲ, လက်ယာ ပုံစံနှစ်မျိုးကြားတွင် မြေမီးဖုတ် စဥ့်ပြား၏ အထူပမာဏကို လိုင်းအနက်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။ လက်ဝဲဘက် ဒီဇိုင်းလက်ရာမှာ ခြောက်နားညီ မြေမီးဖုတ် စဥ့်ပြား၏ ကျောဘက် မျက်နှာပြင်ကို ရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

မူလ မျက်နှာပြင်တွင် စဥ့်အဝါရောင် တစ်ပြင်လုံး တွေ့ရှိရပါသည်။ လက်ယာဘက် ဒီဇိုင်းလက်ရာမှာ ခြောက်နားညီ မြေမီးဖုတ် စဥ့်ကြမ်းခင်းပြား၏ အတွင်းဘက်မျက်နှာကို ရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

၎င်းမျက်နှာပြင်တွင် မြေမီးဖုတ်ရောင် တောက်ပစွာ တွေ့ရှိပြီး အချင်း (၁ ၁/၂) လက်မခန့်နှင့် အနက် (၈/၃)လက်မခန့် ရှိသော တွင်းကလေးတစ်ခု ပါရှိသည်ကို တွေ့ရှိရပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်


**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**



www.burmeseclassic.com

www.burmeseclassic.com

ဆောက်လုပ်နေထိုင်အပ်သည့် အိမ်ပုံသဏ္ဌာန်နှင့် ဆောက်လုပ်မနေထိုင်ကောင်း မနေအပ်သည့် ပုံသဏ္ဌာန်




# အိမ်ကတုံး ကုန်းရှာ

နေအောင်လင်း (စလေ)

လူနေအိမ် အဆောက်အအုံတို့အားလုံး ပုံသဏ္ဌာန်အမျိုးမျိုးနှင့် အဆန်းတကြယ် ဆောက်လုပ်နေထိုင်သည်ကို တွေ့ရသည်။ လေးပင်အိမ်၊ ငါးပင်အိမ်၊ သုံးပင်အိမ်နှင့် ဆောက်လုပ်နေထိုင်သူတို့၏ အလုပ်အကိုင် စီးပွားရေးအပေါ် မူတည်ကာတွေ့ရသည်။

ငွေကြေး တတ်နိုင်သူတို့က လေးပင်အိမ်၊ ငါးပင်အိမ်၊ ပျဉ်ထောင်သွပ်မိုးကြီးနှင့် ဟည်းနေအောင် ဆောက်လုပ်နေထိုင်တာ ရှိသလို အတန်အသင့် စီးပွားရေးနှင့် စားနိုင်သောက်နိုင်သူတို့အဖို့ လေးပင်ရိုးရိုး၊ သုံးပင်အိမ်နှင့် နေထိုင်သူတွေလည်းအများပင်ဖြစ်သည်။

ဆောက်လုပ်ကြသည့် အိမ်ပုံသဏ္ဌာန်တို့တွင် လေးပင်အိမ် သွပ်တန်းချ သွပ်စမျဉ်း၊ သုံးပင်အိမ် သွပ်စမျဉ်း အဖီချ၊ ငါးပင်အိမ် ရှေ့က အဆောင်နှင့် ဆောက်လုပ်သည့်နေအိမ် အိမ်တော်ပုံဟုခေါ်သည့် အိမ်များလည်းရှိသည်။

အချို့က လေးပင်အိမ်တွင် ရှေ့က အဆောင်အိမ်မကြီးနှင့်ယှဉ်လျက် ရှေ့ခန်းမှလည်း ခေါင်နှင့် အဆောင်သဖွယ် ပြုလုပ်ကာ ဆောက်လုပ်ထားသည့် အိမ်များ မြင်တွေ့ရဖူးသည်။

နှစ်ဆောင်ပြိုင်အိမ်ဟု ခေါ်ဆိုကာ ထိုနေအိမ်မျိုး ဆောက်လုပ်မနေကောင်းဟု လူကြီးသူမတို့က ပြောဆိုကြသည်။

စူးထိုးအိမ် ထိုနေအိမ်မျိုးလည်း ဆောက်လုပ်နေထိုင်တာ နည်းသည်ကို တွေ့ရသည်။ တည်ဆောက်ပုံသဏ္ဌာန်မှာ လေးပင်ပတ်လည်အိမ်ဖြစ်စေ၊ ငါးပင်ပတ်လည်အိမ်ဖြစ်စေ အိမ်ခေါင်မှာ အိမ်၏ အလယ်ဗဟိုတည့်တည့် နေရာတွင် ခေါင်စု၍ တံစူးသဖွယ် အထက်သို့ ခေါင်ချွန်း၍ ဆောက်လုပ်ထားသည့် နေအိမ်အား ဆိုလိုပါသည်။

ထိုနေအိမ်ပုံသဏ္ဌာန်များ ချောက်မြို့တွင် ယခင် ရေနံဝန်ထမ်းများ၏ လိုင်းခန်းများတွင် မြင်တွေ့နိုင်သည်။ သို့သော် ထိုနေအိမ်ပုံသဏ္ဌာန်တို့အား ဆောက်လုပ်နေထိုင်သည်မှာ အတော်ပင် တွေ့ရခဲသည်။

စူးထိုးသဏ္ဌာန် အဆောက်အအုံတို့အား အစိုးရ ဆေးရုံ၊ ဝန်ထမ်းအိမ်ရာ၊ အချုပ်ဆောင်တို့တွင်သာ အသုံးပြုလေ့ရှိပြီး နယ်ချဲ့အင်္ဂလိပ်အစိုးရလက်ထက် ဆောက်လုပ်ခဲ့သည့် အစိုးရလိုင်း အဆောက်အအုံတို့တွင် မြင်တွေ့နိုင်သည်။

ထိုကဲ့သို့ စူးထိုးနေအိမ်တို့အားလည်း သာမန် ကျေးလက်မြို့ရွာတို့တွင် အလွန်ပင် ဆောက်လုပ်နေထိုင်သည်ကို တွေ့ရခဲလှသည်ဟု ဆိုရမည်။

လူနေအိမ်တို့အား ပုံသဏ္ဌာန် အမျိုးမျိုး ဆောက်လုပ်နေထိုင်ကြသော်လည်း လေးပင်အိမ်ဖြစ်စေ၊ သုံးပင်အိမ်ဖြစ်စေ နေအိမ်များ လုံးချင်း ဆောက်၍ နေထိုင်သည်ကို တွေ့ရနည်းသည်။

အနည်းဆုံး အိမ်မကြီးရှေ့မှ သွပ်တန်းချ၊ သွပ်စမျဉ်းတော့ အိမ်တိုင်းလိုပါတာ တွေ့ရသည်။ သုံးပင်သွပ်တန်းချ၊ လေးပင်သွပ်တန်းချအိမ်ဟု ခေါ်ဆိုတတ်ကြသည်။

အချို့က သွပ်တန်းဘေး တစ်ဖက်တစ်ချက် နောက်ဖေးပါ အဖီတွဲ၍ ဆောက်လုပ်ထားသည့် အိမ်ပုံသဏ္ဌာန်များအဖို့ ရှေ့နောက်ဘေးဝဲယာ၌ အဖီအမိတ်တွေပါ ရှိနေသဖြင့် ထိုအိမ်



www.burmeseclassic.com

www.burmeseclassic.com

ပုံသဏ္ဌာန်အား အိမ်ပျံဟု ခေါ်ဆိုကြပြန်သည်။

ဘေးနှစ်ဖက်အရပ်တို့မှာ အတောင်သဖွယ်ဖြစ်၍၊ နောက်အစွယ်မှာ အမြီးသဖွယ် ဖြစ်၍နေသောကြောင့် ငှက်တစ်ကောင် ထပျံမည့်သဏ္ဌာန်ဖြစ်၍ အိမ်ပျံဟုခေါ်ဆိုခြင်း ဖြစ်သည်။

ထိုနေအိမ်တို့အားလည်း ဆောက်လုပ်၍ မနေအပ်ပေ။ အိမ်ပျံဆောက်လုပ်နေထိုင်သူအဖို့ ငှက်တစ်ကောင်ကဲ့သို့ပင် မရပ်မနား ပျံသန်းပြေးလွှားရှာဖွေစားသောက်ရတတ်သည်။

စီးပွားဥစ္စာ ရှာဖွေစုဆောင်း၍ မမြဲဟု ရှေးလူကြီးသူမတို့က အမှာထားရှိခဲ့သည်။ အိမ်ပျံလည်း ဆောက်လုပ်မနေထိုင်ကောင်းဟု မှတ်သားသိရှိရသည်။

နေအိမ် ဆောက်လုပ်သည့်အခါ လေးပင်အိမ်၊ သုံးပင်အိမ်တို့ ဆောက်လျှင်လည်း အိမ်ရှေ့မှအဖီ သွပ်စမျဉ်းသွပ်တန်း၍ ဆောက်လုပ်နေထိုင်ကြလေ့ ရှိကြသည်။

ထိုသို့မဟုတ် လေးပင်အိမ်လုံးချင်း၊ သုံးပင်အိမ်လုံးချင်း တည်ဆောက်လျှင် ထိုနေအိမ်အား အိမ်ကတုံးဟု ခေါ်ဆိုလေ့ရှိကြသည်။ အိမ်ကတုံးအား အဝေးကမြင်ရလျှင်ပင် အလွန်အကြည့်ရအရုပ်ဆိုးတာ တွေ့ရသည်။

အိမ်ကတုံးမှာ လူတို့တွင် မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ ဦးခေါင်းမှဆံပင်တို့အား ဘိုကေ၊ ဆံထုံး ထုံးဖွဲ့မထားဘဲ ဦးပြည်ခေါင်းတုံးထားသကဲ့သို့ မြင်တွေ့ရသဖြင့် အိမ်ကတုံးဟုခေါ်ဆိုခြင်း ဖြစ်သည်။

အိမ်ကတုံးလည်း ဆောက်လုပ်မနေထိုင်အပ်၊ မနေထိုင်ကောင်းဟု ရှေးလူကြီးသူမတို့က ဆိုရိုးစကား ရှိခဲ့သည်။

အိမ်ကတုံး ဆောက်လုပ်နေထိုင်သူတို့မှာ စီးပွားဥစ္စာ ရှာဖွေရသော်ငြားလည်း ရရစားစား ဝါးဝါးမျိုမျို အိတ်ပေါက်နှင့် ဖားကောက် ဆိုသကဲ့သို့ ရှေ့ကဝင် နောက်ကထွက် ဝင်ငွေထွက်ငွေ မမျှတဘဲ ရှိတတ်သည်။

အလုပ်အကိုင် ဘယ်လောက်ကောင်းကောင်း၊ ဝင်ငွေ ဘယ်လောက်ရရ ငွေကြေးပိုလျှံအောင် မစုဆောင်းမိဘဲ ရှိကာနေတတ်သည်။

## အိမ်ကတုံး ကုန်းရှာ

**"အိမ်ကတုံး ကုန်းရှာ"** ဆိုသည့်စကားမှာ အိမ်ကတုံးဆောက်လုပ်နေထိုင်သူများအဖို့ ငွေကြေးဥစ္စာ မမြဲဘဲကုန်းရုန်းလုပ်ကိုင်ကာ အမြဲလိုကြုံတွေ့တတ်၍ "အိမ်ကတုံး ကုန်းရှာ" ပုံနှိုင်းထားခြင်း ဖြစ်သည်။

အိမ်ကတုံး ဆောက်လုပ်နေထိုင်သူများ မြို့ပေါ်ရပ်ကွက်များလည်း ရှိသည်။ ကျေးလက်တောရွာမှာလည်း မြင်တွေ့ရသည်။ အိမ်ကတုံး ဆောက်လုပ်နေထိုင်သည့် အိမ်အတော်များများပင် မြင်တွေ့ရဖူးသည်။

ထိုအိမ်များထဲက အိမ်ကတုံးဆောက်လုပ်ကာ နေထိုင်သည့် မိသားစုတစ်စုအကြောင်း စာရေးသူ မြင်တွေ့ရဖူးသည်။ ဆောက်ထားသည့် အိမ်ကသုံးပင်အိမ်ကတုံး...

မိသားစု အသက်မွေးဝမ်းကျောင်းအလုပ်မှာ ဝါးနှီးတို့ဖြင့် နှီး၊ သက်ငယ်၊ ဝါးထရံ၊ မျိုးစပါးပုတ်၊ ပဲပုတ်၊ နွားစာစဉ်းပုတ်အမျိုးမျိုး ရက်လုပ်ကာအသက်မွေးသူ ဖြစ်သည်။

မိသားစု လေး,ငါးယောက်အားယောကျ်ားတစ်ဦးတည်းကပင် ထိုလုပ်ငန်းဖြင့် ဒိုင်ခံလုပ်ကိုင်ကျွေးသည်။ ဝါးထရံ၊ ပုတ်အမျိုးမျိုး ရက်လုပ်ကာအခစား လုပ်ကိုင်သော်လည်း ထိုသူ၏ဝင်ငွေက မသေး။ ငါးဆယ်ဝင် ပုတ်တစ်လုံးအား နှစ်ရက်တည်းနှင့် အပြီးရက်နိုင်သူ ဖြစ်သည်။

ဝါးဖိုး သူ့ဘာသာစိုက်ဝယ်၍ ငါးဆယ်ဝင်ပုတ်တစ်လုံး ငွေမှာ တစ်သောင်းခွဲရသည်။ ဝါးဖိုးနှုတ်၊ လက်ခသူအတွက် တစ်နေ့ (၂၅၀၀)ကျပ်လောက် ဝင်ငွေရှိသည်။ ယာကူလီထွက်သော်မှ တစ်မနက်စာ (၇၀၀)ကျပ် ရနေချိန် သူ့လုပ်ငန်းက တစ်နေ့ (၂၅၀၀)ကျပ်။ ထွန်ဦးစီးသုံးနပ်စာ ရသည်။

ဤမျှပင် ဝင်ငွေကောင်းသည့်အလုပ်ကလည်း ဝါးထရံ ပုတ် လက်ခရက်ပေးရသည့်မှာလည်း လက်မလည်ရ။ အလုပ်နှင့်လက်နှင့် မပြတ် အလုပ်နားရက်ဆို၍ ဝါးကုန်သည့်ရက်မှာသာနားသည်ကို တွေ့ရသည်။

ဤမျှ ဝင်ငွေကောင်းသည့် သူ့မိသားစု၊ ငွေပိုငွေလျှံ ရှိသလားမေးလျှင်မရှိ၊ တစ်ခါတစ်ရံ အရင်းအနှီး ဝါးဖိုးပင် ငွေအလျဉ်မမီသည့်အခါ မမီဘဲနားရတာတွေ ရှိသည်။

> 'အဲဒီအိမ် ဝင်ငွေထွက်ငွေ မမျှမလောက်တာလဲ မပြောနဲ့၊ အိမ်ဆောက်ထားတာကြည့်ပါလား အိမ်ကတုံး... "အိမ်ကတုံးကုန်းရှာ"တဲ့၊ ရှေးလူကြီးသူမတွေက မဟုတ်ဘဲနဲ့ မပြောဘူး'

ဟူ၍ ပြောဆိုတာ ရှိနေပါတော့သည်။

အိမ်ကတုံး တည်ဆောက်နေထိုင်သူတို့မှာ အထက်တွင် ရေးခဲ့သလိုစီးပွားဥစ္စာ ရှာဖွေစုဆောင်း၍ မရတတ်ငွေကြေး လက်ထဲ မမြဲတတ်၍ ထိုကဲ့သို့ နေအိမ်ကတုံးတွင်လည်း ဆောက်လုပ်မနေထိုင်သင့်ကြောင်း ဗဟုသုတအဖြစ်ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

**နေအောင်လင်း (မလေ)**



www.burmeseclassic.com


www.burmeseclassic.com



(ပုံ-၁) မော်ရှည်ပန်းကြိုးထုံးခြင်း စပါ



(ပုံ-၂)အတိုင်း ဆင့်ကာ ထပ်ကာထုံးပါ



(ပုံ-၃) အပြီးသတ်လှ ဆံညှပ်ကြိုးထုံး

ယခင်လမှ အဆက်

# ဟာရှတ် ကြိုးထုံးပညာ (၄၄)

ဟူကွမ်ဇီ

### အခြေခံ ကြိုးထုံးနည်း(၇၇)

### 发夹

### Fà Jiā

### ဖှာ့(ကျီးယား)

ဆံညှပ်ပုံကြိုးထုံး ဖြစ်သည်။ **'ကျီး'** နှင့်**'ယား'**ကို တစ်သံတည်းနီးပါး ထပ်သွားအောင် လျင်မြန်စွာ ဆက်၍ ဆိုရသည်။ **ဖှာ့**=ဆံပင်ဖြစ်၍ **ကျီးယား**=ညှပ်ကလစ်ဖြစ်သည်။ အမျိုးသမီးများကို အထူးပြုသည့် အလှဆင်ကိရိယာဖြစ်သည်။

စစ်ထွက်မည့် လုလင်အား ချစ်သူသုံမေက သူမ၏ ဆံညှပ်ကလေးကို ကိုယ်စားလက်ဆောင်ပေးကာ အပါးနေ၍ အားပေးနေကြောင်း ချစ်ခြင်းမေတ္တာဇာတ်သင်္ကေတ ပြုလုပ်လေ့ရှိကြသကဲ့သို့ မိခင်က သားသမီးတို့အားလည်း အထိမ်းအမှတ်ပွဲနေ့အမှတ်တရ အမွေခံပစ္စည်း စသည်အဖြစ် ပေးအပ်လေ့ ရှိကြသည်။


လောကအလယ် ဆွေမဲ့မျိုးမဲ့ဖြင့် တစ်ဦးတည်း အထီးကျန်နေသော လုလင်(လုံမ)တစ်ဦးသည် မိခင်ကြီးအမွေချန်ရစ်သော ကျောက်စိမ်းဆံညှပ်အကျိုးအပဲ့တစ်စကို အမှီပြုကာ မိခင်၏ မျိုးနွယ်ဆက် ဆွေမျိုးများ ရှာဖွေတွေ့ရှိပုံကို ပုံပြင်၊ ဇာတ်လမ်း အတန်များများ၌ ရေးဖွဲ့လေ့ ရှိကြလေသည်။

ဆံညှပ်ကြိုးထုံးကို ဝိသေသ အထူးပြု သုံးနည်းတစ်ခုကား အမျက်မာန်ဒေါသ အငြိုးအတေးများ ပြေပျောက်ခြင်း၊ ပြေဖျောက်တိုးလျှိုးခြင်း အထိမ်းအမှတ်အဖြစ်လည်း သုံးတတ်ကြပါသည်။

(发指)Fà Zhǐ **ဖှာ့ကျီးရ်** ဟူသောဝေါဟာရသည် တစ်လုံးချင်းဆိုပါက **ဖှာ့**=ဆံပင်၊ **ကျီးရ်**=လက်ချောင်း၊ ခြေချောင်းဟူ၍ ဖြစ်သော်လည်း နှစ်လုံးပေါင်း၏ အဓိပ္ပာယ်မှာ အမျက်ဒေါသကို ဆိုလိုပါသည်။

ထို့ကြောင့် အမျက်ဒေါသမည်သော (ဆံပင်၏ လက်ချောင်းခြေချောင်း)များကို ဆံညှပ် လက်ဆောင်ပေးခြင်းဖြင့် သိမ်းညှပ်သိုဝှက်ပါ။ ဒေါသအမျက်မာန် အငြိုးအတေးတို့ ပြေပျောက်ပါဟု

www.burmeseclassic.com



● (ပုံ-၄) ဘော်ကြယ်စုံ ကလစ်ကပ်ပြီးသော ဆံညှပ်ကြိုးထုံးများ

ထုံးနှောင်ရပါမည်။

ပုံ(၁)တွင် ကြိုးထုံးအစ ချည်နှောင်ခြင်း အခြေအနေကို ပြထားသည်။

ပုံ(၂)အရ ဆင့်ကာထပ်ကာ ချည်နှောင်ပါ။

ပုံ(၃)တွင် အပြီးသတ် လုံးဆံညှပ် ထုံးနှောင်မှုကို တွေ့ပါမည်။

အထုံးကလေးများ ကြားတွင်Fancyခေါ် ဘော်ကြယ် ကော်စေ့လုံး ကလေးများ တစ်လုံးစီ ထည့်သွင်းပေးပါ။ (၆)လုံးမျှ စီတန်းမိလျှင် သင့်တော်ပါသည်။

ယင်း ကြိုးထုံးကို ဆံညှပ်ကလစ် တစ်ခုတွင် ကလစ်ကော်ကပ်ဖြင့် ကပ်ပေးခြင်းဖြင့် ဆံညှပ်ကြိုးထုံးကို ရရှိပါပြီ။

အမိပ္ပာယ်ဆောင်ခြင်း ဖြစ်သည်။

စိတ်ကောက်၊ ဒေါသဖြစ်နေသော ချစ်သူထံမှ ဆံညှပ်ကြိုးကလေး လက်ဆောင်ရပါက ဒေါသအမျက်ပြေပြီ၊ ပန်းပေးပြီဟု ယူဆနိုင်လေသည်။

ဤကြိုးထုံးကို သာမန်အိမ်ခန်း အလှဆင်၊ လက်ဆောင်အဖြစ်သာမက အငြိုးအတေး အမျက်ဒေါသ ပျက်ပြယ်ခြင်း အထိမ်းအမှတ်လက်ဆောင် လိုရာသုံးနိုင်စေရန်အတွက် တရုတ်ကြိုးထုံး ပညာ အမှတ်(ရဖ)တွင် ဖော်ပြပြီးသော **'မော်ချဉ်ပန်း'**ကြိုးထုံးနည်းဖြင့်

**ဟူဂျင်းဖီ**

# ငှက်ဖျားရောဂါ အတွက်

**ဆေးစွမ်းတစ်ခွက်**

ငှက်ဖျားရောဂါ မကြာခဏ ပြန်ဖျားနေသူများအတွက် အရှင်း ပျောက်ကင်းစေသောဆေးနည်းကို မိတ်ဆွေတစ်ဦးမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ထည့်ရေးပေးဖို့ မေတ္တာရပ်ခံပါတယ်။

ကိုယ်တွေ့ပျောက်ကင်းသော ဆေးနည်းဖြစ်၍ ငှက်ဖျားရောဂါ ဖြစ်နေသူများကိုလဲ မိမိကဲ့သို့ ပျောက်ကင်းစေလိုသော စေတနာကို စာရေးသူမှ မုဒိတာပွားလျက် ဇီဝိတဒါန ပြုလိုက်ပါတယ်။

**ဆေးနည်းက...**

ပရဆေးဆိုင်တွင် အလွယ် ဝယ်၍ရသော မုတ်ချိုး (၅)ကျပ်သားနဲ့ ရှိန်းခိုး (၃)ကျပ်သားကိုနေပူလှန်းပြီး ထောင်းရပါမယ်။

ထို့နောက် ကြက်သွန်ဖြူဥတစ်လုံး (၁၀)လုံးကို အခွံနွှာပြီး ထည့်ထောင်း၍ ရွှေးကြီးခန့် အလုံးလေးများကို လုံးကာ သောက်ရမည်။

ဆေးလုံးများကို ခြောက်သွေ့၍ လေလုံသောပုလင်းတွင်ထည့်ကာ တစ်ခါသောက်လျှင် (၃)လုံးခန့် တစ်နေ့ (၃)ကြိမ် သောက်ရမည် ဖြစ်ပါသည်။



(ဆေးနည်းပြောပြသူ ဒေါ်တင်မြ အား ကျေးဇူးတင်ပါသည်။)

**ခင်သန်းဝင်း(ပဲခူးယိုကန်း)**



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရက်ကြီး ဦးအောင်မြင့် (ဥပဒေသွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ


ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပိုင်ရှင်မှာ **အသက် ငါးဆယ်ဝန်းကျင် အမျိုးသားတစ်ဦး** ဖြစ်ပါတယ်။ လက်ဖဝါးပုံစံကို သေချာစွာ ကြည့်ရှုစစ်ဆေးလေ့လာပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ ပြည်ပနိုင်ငံရပ်ခြားနဲ့ ဆက်သွယ်ပေါင်းစပ် လုပ်ကိုင်ရနိုင်တဲ့ကံမျိုး ရှိသလား။ ဘာကြောင့်လဲ။

၂။ သားသမီးအကျိုးပေး ကောင်းမွန်နိုင်မလား။ ဘာကြောင့်လဲ။

၃။ အရောင်းအဝယ်လုပ်ငန်းနဲ့ အကျိုးပေး စီးပွားဖြစ်နိုင်လား။ ဘာကြောင့်လဲ။

၄။ အိမ်ထောင်ရေး သာယာပျော်ရွှင်ခိုင်မြဲနိုင်လား။ ဘာကြောင့်လဲ။




မိမိတို့ရဲ့ အဖြေများကို သီးခြား စာရွက်လွတ်မှာ ရေးမှတ်ပြီးမှ လက္ခဏာ ပဟေဠိ အဖြေများနဲ့ ညှိနှိုင်းတိုက်ဆိုင်ကြည့်မယ်ဆိုရင် လက္ခဏာ ပညာသုတ ပိုမိုတိုးပွား ရရှိနိုင်ပါမယ်။

ပဟေဠိ အဖြေများကို
စာမျက်နှာ(၂၂၂)တွင်
ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

◎ ခရီးသွားရသည်ဟု မြင်မက်လျှင် အခြေအနေ တစ်ရပ်ရပ် အပြောင်းအလဲဖြစ်မည့်နိမိတ် ဖြစ်သည်။

**✤ ပေါ့ပါးနိုင်နင်းသော ခရီးဆောင် ဝန်စည်သယ်ဆောင်၍ ခရီးသွားရသည်ဟု အိမ်ထောင်ရှင် အမျိုးသားက မြင်မက်လျှင်...**

ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲ ပြဿနာများ ပြေလည်သွားမည်။

**✤ အိမ်ရှင်မ ဇနီးသည်က မြင်မက်လျှင်...**

အိမ်တွင်းရေး အခက်အခဲများ လျော့နည်းကာ အေးချမ်းသာယာမှု ရှိမည်။

**✤ အိမ်ထောင် မရှိသေးသော အမျိုးသားက မြင်မက်လျှင်...**

ချစ်မှုရေးရာ နှလုံးသားကိစ္စ အခက်အခဲများ ပပျောက်သွားတတ်သည်။

**✤ အိမ်ထောင်မရှိသေးသူ အမျိုးသမီးက မြင်မက်လျှင်...**

မကြာမီ အားကိုးအားထားပြုရမည့် ချစ်သူ၊ အိမ်ထောင်ဖက် တွေ့ရှိနိုင်သည်။

**✤ ကုန်သည်၊ ရောင်းဝယ်ဖောက်ကားသူက မြင်မက်လျှင်...**

ကုန်စည်အသစ်များ ဖောက်သည်၊ ဈေးကွက်သစ်များနှင့် ရောင်းဝယ်ဆက်ဆံဖြစ်မည်။

**✤ တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံဖျက် ပိုးမွှားရောဂါများကို နှိမ်နင်းနိုင်၍ အကျိုးရှိမည်။

**✤ ကျောင်းသူကျောင်းသား၊ စာသင်သားက မြင်မက်လျှင်...**

ဘာသာရပ်အသစ်၊ ပညာရပ်အသစ်များ ထပ်မံ သင်ကြားခွင့်ရမည်။

**✤ နာမကျန်းဖြစ်နေသူ နာတာရှည် ဝေဒနာရှင်က မြင်မက်လျှင်...**

လူတိုင်းအတွက် ထရှုတ်ရိုးရာ

# အိပ်မက်ကျွင်းတမ်း (၆ရ)

တက်မင်းကျော်စွာ



ရောဂါများ တစ်စတစ်စ ပြန်လည် သက်သာ ကောင်းမွန်လာမည်။

**✤ အိမ်ထောင်ကွဲနေသူ အမျိုးသား တစ်ခုလပ်က မြင်မက်လျှင်...**

နောက်တစ်ပင် ထူထောင်ဖြစ်မည်။ အခြားမိန်းမ တစ်ယောက်နှင့် လက်ထပ်ဖြစ်မည်။

**✤ အိမ်ထောင်ကွဲနေသူ တစ်ခုလပ် အမျိုးသမီးက မြင်မက်လျှင်...**

ခင်ပွန်းသည်က ဖျောင်းဖျခေါ်ယူသဖြင့် ပြန်လည် ပေါင်းထုပ်ဖြစ်မည်။

**✤ အိမ်ဝေးနယ်ဝေး၊ ခရီးသွားလာနေရသူက မြင်မက်လျှင်...**

မကြာမီ အားထားခိုလှုံစရာ လူပုဂ္ဂိုလ်၊ နေရာ အဆောက်အအုံ ရရှိမည်။

**✤ အနာသည်းသူ၊ ရောဂါကျွမ်းနေသူက မြင်မက်လျှင်...**

အနောက်ဘက်ကောင်းကင်သို့ ပြန်သွားရမည်။ *(တမလွန်နိုင်ငံကို သွားရမည်ဟု ဆိုလိုသည်။)*

◎ ဇနီးမောင်နှံ အတူတကွ ခရီးသွားရသည်ဟု...

**✤ ခင်ပွန်းက မြင်မက်ပါက...**



အိုးအိမ်နေရာ ပြောင်းရွှေ့ရတတ်သည်။

**✤ ဇနီးက မြင်မက်ပါက...**

ရှောင်တခင် ခရီးထွက်ခွာရကိန်း ရှိသည်။

◎ ခရီးဆောင် ဝန်စည်စလယ်များပြားစွာ မနိုင်မနင်း သယ်ဆောင်ကာ ပင်ပန်းခက်ခဲသော ခရီးကြမ်းသွားရသည်ဟု...

**✤ အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ဘေးဒုက္ခပြဿနာ များပြားစွာ ရင်ဆိုင်ရကာ ခက်ခဲပင်ပန်းသောဘဝကို ရင်ဆိုင် ဖြတ်သန်းရတတ်သည်။

**✤ ဇနီးသည်က မြင်မက်လျှင်...**

အိမ်ထောင် အသုံးစရိတ် မြင့်မား၍ အခက်အခဲ အကျပ်အတည်း ရင်ဆိုင်ရကာ မရှုနိုင်မကယ်နိုင် ဖြစ်ရဖွယ် ရှိသည်။

**✤ ကျောင်းသူကျောင်းသားက မြင်မက်ပါက...**

သင်ခန်းစာများတွင် အခက်အခဲတွေ့ကာ ဖြေဆိုရမည့် စာမေးပွဲများတွင် မရှုမလှ ကျရှုံးနိုင်သည်။

**✤ အိမ်ထောင်မရှိသူ မိန်းမပျိုက မြင်မက်ပါက...**

ကျန်းမာရေး ညံ့ဖျင်းချူချာသည့် ခင်ပွန်းသည် လူနာနှင့် လက်ဆက်ရကိန်း ရှိသည်။

**✤ ယောက်ျားပျိုက မြင်မက်လျှင်...**



www.burmeseclassic.com

www.burmeseclassic.com

ကာလသားရောဂါ၊ လိင်နှင့်ပတ်သက်သော ရောဂါဝေဒနာများ ခံစားရကိန်း ရှိသည်။

✤ **နေထိုင်မကောင်းဖြစ်သူက မြင်မက်လျှင်...**

အနာရောဂါ တိုးပွားနိုင်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

စရိတ်စကနှင့် အထွေထွေ ယိုဖိတ်မှုများပြား၍ ကုန်ရှုံးတတ်သည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံရောဂါပိုးမွှား အဖျက်အဆီးများပြား၍ လယ်ယာမြေကိစ္စ အငြင်းပွားရဖွယ်ရှိသည်။

✤ **ခရီးသွားနေစဉ် မြင်မက်ပါက...**

ကျန်းမာရေးချို့ယွင်း၍ ခရီးမဆုံးမီ လှည့်ပြန်လာရတတ်သည်။

✤ **ရှေ့နေက မြင်မက်လျှင်...**

ရင်ဆိုင်ဖြေရှင်းနေရသော အမှုသွားအမှုလာ၊ အခြေအနေပြောင်းလဲကာ မထင်မှတ်ထားသည်တို့ ဖြစ်ပေါ်လာနိုင်သည်။

✤ **တစ်ခုလပ်ယောကျာ်းက မြင်မက်လျှင်...**

စာရိတ္တပျက်ယွင်းသော မိန်းမနှင့် ငြိစွန်း လက်ထပ်ရတတ်သည်။

✤ **တစ်ခုလပ် အမျိုးသမီးက မြင်မက်လျှင်...**

ကာမပိုင်ရှိသူ အိမ်ထောင်ရှင် အမျိုးသားနှင့် ရှုပ်ထွေးမှုကြောင့် အရှက်တကွဲ အကျိုးနည်းရကိန်း ရှိသည်။

✤ **အချုပ်အကျဉ်းကျနေသူက မြင်မက်လျှင်...**

လွတ်လမ်းမမြင်၊ အပြစ်ကြီးလေးတတ်သည်။

✤ **ရောဂါကျွမ်းနေသူ နာတာရှည် ဝေဒနာရှင်က မြင်မက်လျှင်...**

ဤဝဋ်ဒုက္ခမှ ကျွတ်လွတ်၍ ဘဝ



တစ်ပါးသို့ ကူးပြောင်းရမည်။

✪ ခရီးဆောင်ဝန်စည်စလယ်များ ထုပ်ပိုးစည်းနှောင် ပြင်ဆင်ရသည်ဟု မြင်မက်ပါက အိမ်ရာဇာတိမြေနှင့် ဝေးလံသောနေရာအေသို့ သွားရောက်ရတတ်သည်း

✤ **အမျိုးသား၊ အမျိုးသမီး လူငယ် လူလတ်ပိုင်းက မြင်မက်လျှင်...**

နိုင်ငံရပ်ခြားသို့ သွားရောက်၍ အလုပ် လုပ်ကိုင်ရဖွယ်ရှိသည်။

✤ **သက်ကြီးရွယ်အို အမျိုးသားက မြင်မက်လျှင်...**

ရပ်ဝေး ဆွေမျိုးသားချင်းများထံသို့ အလည်အပတ် ရောက်ရှိသွားတတ်သည်။

✤ **သက်ကြီးရွယ်အို အမျိုးသမီးက မြင်မက်လျှင်...**

ရပ်ဝေးဘုရားဖူး အလည်အပတ် ခရီး ထွက်ခွာရကိန်းရှိသည်။

✤ **ကုန်သည် ရောင်းဝယ်သူက မြင်မက်ပါက...**

နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေး ဖြစ်ထွန်း အောင်မြင်မည်။

✤ **တောင်သူလယ်သမားက မြင်မက်ပါက...**

ရပ်ခြားမြေခြား သီးနှံမျိုးစေ့များ စိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် စီးပွား ဖြစ်ထွန်းမည်။ စိုက်ပျိုးရေးနည်းပညာသစ်၊ ကိရိယာအသစ် ရရှိမည်။

✤ **ဝန်ထမ်း လုပ်သားက မြင်မက်လျှင်...**

ဌာနပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရတတ်သည်။

✤ **ဝန်ထမ်း အရာရှိ၊ အရာခံက မြင်မက်လျှင်...**

ဝန်ထမ်း၊ လက်အောက်ငယ်သား အသစ်ရရှိမည်။ အကူအညီ လက်ထောက် ရရှိမည်။

✤ **ဆေးသမား ဆရာဝန်က မြင်မက်လျှင်...**

ရာသီပေါ်ရောဂါ၊ ကူးစက်ရောဂါများကို တိုက်ဖျက်နိုင်လိမ့်မည်။

✤ **ခရီးသွားလာစဉ် မြင်မက်ပါက...**

မူလခရီးစဉ် ပြောင်းလဲရကိန်းရှိသည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

သင်ရိုးညွှန်းတမ်း အပြောင်းအလဲကြုံနိုင်သည်။

✪ ခရီးဆောင်ဝန်စည်ပစ္စည်းများ သယ်ပိုးထမ်းပိုးနေသည့် အလုပ်သမားအဖြစ် လုပ်ကိုင်ရသည်ဟု မြင်မက်လျှင် ငွေကြေး ကျပ်တည်းမည့်လက္ခဏာ ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ငွေကြေးအကျပ်အတည်း ကြီးမားသော အချိန်ကာလကို ကျော်ဖြတ်ရလိမ့်မည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ငွေကုန်ကြေးကျ များပြား၍



www.burmeseclassic.com

www.burmeseclassic.com

ငွေကြေးသောက ကြီးမားမည်။

✤ **လူပျိုက မြင်မက်လျှင်...**

ချစ်မှုရေးရာအတွက် ငွေကြေး သုံးဖြုန်းမှု များပြား၍ ဒုက္ခကြုံရမည်။

✤ **နာမကျန်းဖြစ်သူက မြင်မက်လျှင်...**

အနာရောဂါ တာရှည်မည်။

✤ **မိန်းမပျိုက မြင်မက်လျှင်...**

ငွေကြေး အခက်အခဲကြောင့် ကာယိန္ဒြေ ထိခိုက်နစ်နာရတတ်၏။

✤ **လယ်ယာစိုက်ပျိုးသူက မြင်မက်လျှင်...**

ရာသီဥတု ဖျက်၍ သီးနှံပျက်စီးမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ငွေကြေးအခက်အခဲကြောင့် ပညာရေး တစ်ပိုင်းတစ်စ ဖြစ်သွားနိုင် သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ရေလိုက်လွဲသဖြင့် ကုန်အကြီးအကျယ် ဆုံးရှုံးမည်။

❂ အိမ်ထောင်ရှင်အမျိုးသမီးက ခင်ပွန်းအား ဝန်စည်စလယ်များ သယ်ခိုင်းရသည်ဟု မြင်မက်ပါက အနာရောဂါ ဖိစီးနှိပ်စက်ခြင်း ခံရကိန်းရှိသည်။

✤ **အိမ်ထောင်ရှင် အမျိုးသားက ဇနီးအား ဝန်စည်စလယ်များ သယ်ဆောင်စေသည်ဟု မြင်မက်ပါလျှင်...**

အိမ်တွင်းရေးပြဿနာ ကြီးမားစွာ ပေါ်ပေါက်တတ်သည်။

✤ **ရထားဘူတာရုံတွင် ဝန်စည်များ အပ်နှံရသည်ဟု မြင်မက်လျှင်...**

အသုံးစရိတ် ကုန်ကျငွေများ တိုးတက် များပြားလာမည့်နိမိတ်ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

နေအိမ်နှင့် ပြင်ပစရိတ်စက ထု ထောင်းခြင်း ခံရမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

စားသောက်မှုစရိတ် တိုးမြင့်၍ ကျပ်တည်းနိုင်သည်။

**ထက်မင်းကျော်စွာ**

စာမျက်နှာ (၂၁၉)မှ အဆက်


**လက္ခဏာပဓာနဋ္ဌ အခြေများ**

**၁။ ပြည်ပနိုင်ငံရပ်ခြားနဲ့ ဆက်သွယ် ပေါင်းစပ် လုပ်ကိုင်ရမယ့် ကံမျိုး ရှိတယ်။**

ဘာကြောင့်လဲဆိုရင်...

အသက်လမ်းကြောင်းမှ ဗုဒ္ဓဟူးဂြိုဟ်ခုံဘက်ကို ခွဲတက်တဲ့ **ပြည်ပဆက်သွယ်ရေးလမ်း (သံတမန်လမ်း)** ထင်ရှားအားကောင်းစွာ ရှိနေတယ်။ **နိုင်ငံခြားသွားလမ်းလဲရှိတယ်။**

* * *





**၂။ သားသမီးအကျိုးပေး ကောင်းမွန်နိုင်တယ်။**

ဘာကြောင့်လဲဆိုရင်...

လက်သန်းအောက် အိမ်ထောင်ရေးလမ်းအပေါ်မှာ ကပ်လျက် သားသမီးလမ်းတွေ ထင်ရှားအားကောင်းပြီး အဖျက်ကင်းတယ်။

* * *




**၃။ အရောင်းအဝယ် လုပ်ငန်းနဲ့ အကျိုးပေး စီးပွားဖြစ်နိုင်တယ်။**

ဘာကြောင့်လဲဆိုရင်...

လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ **ဒေါင်လိုက်မျဉ်းမတ်တွေရှိခြင်း** (အရောင်းအဝယ်ကျွမ်းကျင်)၊ **လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်းနဲ့ အောင်မြင်ရေးဗေ့တွေရှိ**တယ်။


* * *

**၄။ အိမ်ထောင်ရေး သာယာပျော်ရွှင် ခိုင်မြဲနိုင်တယ်။**

ဘာကြောင့်လဲဆိုရင်...

လက်ညှိုးနဲ့ လက်ခလယ်ကြားမှာ **နှလုံးလမ်းအဖျားက အဖူးအငုံ ကြာဖူးပုံသင်္ကေတ** ဖြစ်ပေါ်နေတယ်။

* * *




*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

သရာကြီး ဦးအောင်မြိုင်

*(ဥမဒေဘွဲ့)*

လက္ခဏာဗေဒင်ပညာသုတေသီ






www.burmeseclassic.com

www.burmeseclassic.com

# ယာခင်းထဲက

## ဆေးစွမ်းတစ်လက်

နယ်လှည့်သုတေသီတာစိုး

### ကြက်သွန်နီ မြစ်ချင်းပြီး ဆေးနည်းများ

ယင်းမာပင်မြို့နယ် ရေပုတ်ရွာအနီး ရှိ ပေါင်လောင်ရှင်ကဿပထေရ် ကောင်းမှုစေတီများအား သွားရောက်ပူဇော်ရာတွင် ထန်းတောကြီး၊ ရေကြည်ပင်၊ မြရိပ် စသည့် ဝန်းကျင်ကျေးရွာများမှ ဒေသခံများ ရေပုတ်ဘုန်းတော်ကြီးကျောင်းသို့ ရောက်လာခိုက် တွေ့ဆုံ သိရှိခဲ့ရသော **ကြက်သွန်နီ မြစ်ချင်းပြီး ဆေးနည်းများ** ဖြစ်သည်။

'အောက်နယ်မှာ ဒီအချိန်ဆိုရင် လယ်ကွင်းပြင်ထဲသွားရင် ရိုးမြက်တွေပဲ မြင်ရတော့တယ်။ ဒီမှာတော့ သီးပင်မပြတ် ရှိတယ်နော်'

'အဲဒါ ကြက်သွန်ခင်းလေ။ ရက်ပေါင်း (၉၀)နီးပါးရှိလို့ နုတ်လို့ ရခါနီးပါပြီ။ ဟိုးအရင်က ရွှေဂါးမျိုးဆိုတာ ရက် (၉၀)နဲ့ နုတ်ရောင်းနိုင်တယ်။ ဒါတွေက မျိုးစေ့သစ်တွေ၊ ရက်(၁၀၀)ပြည့်မှ နုတ်လို့ရမယ်'

ရွာသားတစ်ဦးက ကြက်သွန်နှစ်ပင်ခန့် နုတ်ယူပြပေးသည်။

'ဒါကို အမြိတ်(၁)လက်မလောက် ချန်ပြီး ဖြတ်ပစ်ရတယ်။ အမြစ်တွေကတော့ ထားရင်း ခြောက်သွားမယ်။ အမြိတ်ကို (၁)လက်မထက် လျှော့ပြီး ချန်ရင် ခေါင်းပိုးဝင်ပြီး ပုပ်တတ်တယ်'

ဤကဲ့သို့ လတ်လတ်ဆတ်ဆတ် နုတ်ယူရရှိသော ကြက်သွန်နီအရည်ကို အရေပြားယားယံခြင်း၊ အနာကြောင့် ရောင်တင်းခြင်းများအတွက် လိမ်းကျံပါက သက်သာပျောက်ကင်းစေသည် ဆို၏။

### နားရောဂါ

နားအူ၊ နားကိုက်၊ နားပြည်ယိုခြင်းတို့အတွက် ကြက်သွန်နီ မီးအုံးကာ အရည်ကို နားတွင်း ထည့်ပေးရသည်။

နားပြည်ယိုခြင်း ကာလရှည်ကြာ ခံစားနေရပါက ကြက်သွန်နီ လတ်လတ်ဆတ်ဆတ် အရည်ကို တစ်နေ့ လေးကြိမ်မျှ နားတွင်း ထည့်ပေးပါက ပြည်များ ရပ်တန့် ပျောက်ကင်းစေသည်။

### ကြက်မျက်သင့်ရောဂါ


ညနေဝင်ချိန်တွင် မျက်စိ အမြင် မှုန်ဝါးသော ကြက်မျက်သင့် ရောဂါအတွက် ကြက်သွန်နီ အရည်တွင် ဆားအနည်းငယ် စွက်ကာ မျက်စဉ်းခတ် ပေးရသည်။

### အဖုအကျိတ်

ကြက်သွန်နီကို မီးအုံး၍ ထက်ခြမ်းခွဲကာ အနာပေါ်အုပ် ပတ်တီးစည်းထားပေးပါက အဖုအကျိတ်၊ သက်တန့်စသည်တို့ နုလျှင် ပျောက်၍ ရင့်လျှင် မှည့်ကာ ပြည်ပေါက်သွားပါမည်။

### ရာသီကျန်

အမျိုးသမီးတို့ ဓမ္မတာမလာမီ (၂) ရက်ခန့် ကြိုတင်၍ ကြက်သွန်နီ အနေတော်ဥ သုံးဥခန့် တို့မြှုပ်စားပေးခြင်းဖြင့် ထိမ်ခြင်း၊ ကျန်ခြင်း မဖြစ်ဘဲ စင်ကြယ်စေသည်။



● ရေပုတ်ရွာ ယာခင်းမှ ကြက်သွန်နီ

ကြက်သွန်နီဥအစား စိုက်ပျိုးရန် ထားသော ကြက်သွန်နီစေ့ကိုလည်း စားနိုင်သည်။ သို့သော် အလွန်ပူသည်ဟု ယူဆကြသဖြင့် အုန်းရည်နှင့်တွဲ၍ သောက်ရသည်။ တစ်ခါသောက် တစ်မတ်သား တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် အထိ သောက်ပေးရ၏။

ကြက်သွန်နီစေ့ကို စားသုံးခြင်းသည် အမျိုးသမီး၊ အမျိုးသား မခွဲခြားဘဲ ဆီးရောဂါများကိုပါ သက်သာပျောက်ကင်းစေသည်ဆို၏။ ဆီးပူ၊ ဆီးကျင်၊ ဆီးကြောင့် ခါးကိုက်ခြင်း၊ ကျောက်တည်ခြင်း၊ ပြည်တည်သောရောနာများကို သက်သာစေ၏။



www.burmeseclassic.com

www.burmeseclassic.com

### လေးဖက်နာ

အဆစ်အမျက်ရောင် ကိုက်သော လေးဖက်နာအတွက် ကြက်သွန်နီ ရည်ကို မုန်ညင်းဆီ သို့မဟုတ် နှမ်းဆီ ဆတူရော၍ ကိုက်ခဲရာ၌ လိမ်းနယ်ပေး ရသည်။

### နေပူလောင်ခြင်း

ပူပြင်းသော နေရောင်ကြောင့် အရေပြား ညိုခြင်း၊ ကွက်ခြင်း၊ ခြောက် ခြင်းများဖြစ်လျှင် ကြက်သွန်နီရည်ကို လိမ်းကျံပေးရသည်။

### ဆီးရောဂါ

ဆီးတစ်စက်စက်ကျသော ရောဂါ အတွက် ကြက်သွန်နီကို ရေဖြင့် သုံး ခွက် တစ်ခွက်တင် ပြုတ်ကာ သောက် ပေးရသည်။

ကလေးများ ဆီးချုပ်လျှင် ကြက်သွန်နီ မီးအုံး၍ ထက်ခြမ်းခွဲကာ ဆီးအိမ်ပေါ် ကပ်ပေးရသည်။

### လိပ်ခေါင်း

အတွင်းလိပ်၊ အပြင်လိပ်နှင့် စအိုမှ သွေးယိုခြင်းရောဂါများအတွက် လတ် ဆတ်သော ကြက်သွန်နီအရည် တစ် ကျပ်သားတွင် သကြားတစ်မတ်သား ရောကာ တစ်နေ့ တစ်ကြိမ် နေ့လယ် အချိန်၌ သောက်ပေးရသည်။ သွေး ဝမ်းသွားခြင်း(ဝမ်းသွားလျှင် သွေးများ ပါခြင်း)အတွက် အလွန်ကောင်းသော ဆေးဖြစ်သည် ဆို၏။

### ခေါင်းကိုက်ခြင်း

နေပူတွင်းမှ ပြန်လာစဉ် ဖြစ်စေ၊ အိပ်ရေးမဝ အနားယူခြင်း မလုံလောက် ၍ ဖြစ်စေ ခေါင်းတဆစ်ဆစ် ကိုက်ခဲ နေပါက ကြက်သွန်နီ ထက်ခြမ်းခွဲကာ နားထင်တွင် ကပ်ပေးရသည်။

တစ်နည်း ကြက်သွန်နီကို ထုထောင်း ကာ ထိုအဖတ်များကို နားထင်တွင် ပလတ်စတာ၊ ပတ်တီးတစ်ခုဖြင့် စည်း ပေး,ထိန်းပေးနိုင်သည်။

### နှုတ်မြိန်ဆေး


ခရီးပန်း၍ ဖြစ်စေ၊ အလုပ်ပင်ပန်း၍ ဖြစ်စေ သို့တည်းမဟုတ် ယမကာ ကြောင့် ဖြစ်စေ အစာစားလိုစိတ် မရှိ ဖြစ်နေပါက ကြက်သွန်နီဥကြီးတစ်ဥကို ခုတ်စဉ်း ကြိတ်ခြေကာ ရေဖြင့် သောက်ပေးရသည်။ မကြာမီ အစာ စားနိုင်ပါလိမ့်မည်။

**နယ်လှည့်သုတေသီတစ်ဦး**


၂၀၁၃ ခုနှစ်၊ ဧပြီလအတွင်း

**လာဘ်လာဘ**

ရှင်လန်းစေဖို့



ဧပြီလတွင် ငွေကြေးကိစ္စ အားလုံး အဆင်ပြေ၍ လာဘ်လာဘ ရွှင်လန်း ဝေဆာစေရန်အတွက် လုံးဝန်းသော ပစ္စည်းတစ်မျိုးမျိုးကို ရွေးချယ်ကာ အောက်ပါ အစီအစဉ်အတိုင်း လှူဒါန်းပါ။

* * *

| မွေးနှစ် | ခုရေ | အရုပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာ |
| နွား၊ ကျား | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါ |
| ယုန် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေး |
| နဂါး၊ မြွေ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေ |
| မြင်း | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး |
| ဆိတ်၊ မျောက် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေး |
| ကြက် | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေ |
| ခွေး၊ ဝက် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာ |

**ဥပမာ။ ။ နဂါး နှစ်ဖွားတို့သည်** ပန်းသီး (၆) လုံးကို အနောက်မြောက် ထောင့်အရပ်ရှိ ကြာသပတေး သား သမီးတစ်ယောက်အား တနင်္ဂနွေနေ့၌ ပေးလှူကာ စီးပွားလာဘ်လာဘ ရွှင် လန်း၍ ငွေကြေးဆိုင်ရာ အခက်အခဲ များ ပြေလည်သွားစေရန် သမ္မာဒေဝ များထံ တိုင်တည် ဆုတောင်းရန် ဖြစ်ပါ သည်။

*လာဘ်လာဘ ရွှင်လန်းကြပါစေ*

ထက်မင်းကျော်စွာ




www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

သိုင်းပညာရှင်

# ဆရာကြီး မင်းယက္ခ

## ၏ ဘဝအတွေ့အကြုံများ ( ၁၅ )

ယခင်လမှ အဆက်

ဆုရသည့် အဖွဲ့သားများကတော့ ပျော်တပြုံးပြုံးနှင့် မော်မဆုံးဖြစ်နေချိန် တပည့်များကို တပင်တပန်း သင်ကြား လေ့ကျင့်ပေးပြီး ထိုပြိုင်ပွဲကြီးတွင် ပထမဆုရမည်ဟု အမျှော်လင့်ကြီး မျှော်လင့်ထားသော သိုင်းအဖွဲ့အစည်းများကလည်း ပထမဆုရမည်ဟု တစ်ပေးခြင်းခံရသော **ဆရာဦးတင်ကြီး (နဂါးမောက် ရှမ်းကြီးသိုင်းအဖွဲ့)** ကတော့ မကျေနပ်၊ လုံးဝကို မကျေနပ်။

ပထမရသွားသော ဆရာကြီး ဇန်းမော်သိန်းအောင် (မြန်မာ့ဂုဏ်ရောင် သိုင်းအဖွဲ့)အား မကျေနပ်သည်မဟုတ်။ ငွေကုန်၊ အချိန်ကုန်ခံကာ လနှင့်ချီ၍ တပင်တပန်း သင်ကြား လေ့ကျင့်ပေးထားသော သူ၏ တပည့်များကို ဘယ်ပုံကိုင်ပုံ ပြသပုံတို့ကို မကျေနပ်ခြင်း ဖြစ်သည်။

သူ၏ ကြီးမားသော မျှော်လင့်ချက်၊ ရည်ရွယ်ချက် ပြိုကွဲပျက်စီးသွား၍ မကျေမနပ်ဖြစ်ကာ အကြီးအကျယ် ဒေါသူပုန်ထနေခြင်းပင် ဖြစ်ပါသည်။ ဆရာကြီး၏ ဆူသံငေါက်သံကြောင့် တပည့်များမှာ နေစရာမရှိလောက်အောင် ကြောက်ရွံ့လျက် ရှိကြပါသည်။

ဆရာကို ချစ်ကြောက်ရိုသေ လေးစားသော တပည့်များဖြစ်၍ ဆရာ၏ အဆူအပူ၊ အကြိမ်းအမောင်းကို ခွန်းတုံ့မပြန်ဘဲ ခေါင်းငုံ့ခံနေကြခြင်းသာ ဖြစ်ပါသည်။ **(ယခုကာလ တပည့်များနှင့်တော့ အတော်ပင် ကွာပါသည်။ ဒီလောက်ပဲ ပြောပါရစေတော့...)**

ဒီလောက် အပင်ပန်းခံ လေ့ကျင့်ထားသော တပည့်များမှာ ပြိုင်ပွဲနေ့ကျမှ ဘယ်လိုဖြစ်သည်မသိ။ ဓားလွတ်ကျသူက လွတ်ကျ၊ လှံဖြင့် ထိုးမိသူက ထိုးမိ၊ ဟန်ချက်ပျက်သူက ပျက်၊ စည်းဝါးမကိုက်သူက မကိုက်ဖြင့် ပြကွက်များ မသပ်မရပ်၊ မလှမပဖြစ်သွားခဲ့သောကြောင့် သိုင်းပြိုင်ပွဲကြီးတွင် ပညာကောင်းပါလျက် ပထမဆုကြီးနှင့် ဝေးခဲ့ရပြီး ဒုတိယဆုနှင့်သာ ကျေနပ်ခဲ့ရပါသည်။

ပြိုင်ပွဲဝင် ယှဉ်ပြိုင်ပြသရာ၌ လှလှပပ၊ သေသေသပ်သပ်၊ တိတိကျကျ စည်းဝိုက်ဝါးကိုက်ဖြင့် ပြသနိုင်ခဲ့သော ဆရာကြီး ဇန်းမော်သိန်းအောင်၏ "မြန်မာ့ဂုဏ်ရောင်သိုင်းအဖွဲ့"က ပထမဆု ရရှိသွားခဲ့ခြင်းမှာ ဘာမျှ မဆန်းပါပေ။

ဆရာကြီး ဇန်းမော်သိန်းအောင် ကိုယ်တိုင် ဝင်ရောက်ပြသသော ဇန်းမော်လက်ကွက်နှင့် ဓားမြှောင် သမားနှစ်ဦးကို ခုခံကာကွယ်သော





www.burmeseclassic.com

www.burmeseclassic.com

အကွက်တို့ကို ယနေ့ထက်တိုင် မျက်စိထဲတွင် မြင်ယောင်နေမိပါသည်။

သိုင်းအဖွဲ့များမှာ သူ့ပညာနှင့်သူ တော်ကြ၊ ကောင်းကြသူချည်းပင် ဖြစ်ပါသည်။ သို့သော် နည်းပညာရပ်များကို ပြသကြရာတွင် သေသပ်ခြင်း၊ လှပခြင်း၊ သဘာဝကျခြင်း၊ လျှင်မြန်ခြင်း၊ တိကျခြင်း၊ ဌာန်ကရိုဏ်းကျခြင်း၊ စည်းကိုက်ဝါးကိုက် ဖြစ်ခြင်းတို့အပေါ်တွင် ဟန်ပန်အမူအရာ ကောင်းခြင်း၊ အဝတ်အစား(ယူနီဖောင်း) သေသပ်လှပခြင်း၊ လှုပ်ရှားမှုတွင် ညက်ညောခြင်းတို့ ထပ်ဆောင်း၍ ပေးထားသော အချိန်နာရီအတွင်း စံချိန်ကိုက် ပြသနိုင်ခြင်းတို့တွင် ကွာခြားသွားကြပါသည်။

ထိုနေ့က၊ ဆုပေးပွဲနေ့က စာရေးသူ (ဆရာမင်းယက္ခ)သည် အန္တေဝါသိက ဆရာကြီးများဖြစ်ကြသော **ဆရာကြီးပေါင်းတည်ဦးသန်းတင်** (မြန်မာ့ရိုးရာသိုင်းအဖွဲ့၊ ပင်မဦးသျှောင် ဆရာကြီး) နှင့် **ဆရာကြီးဦးလှမောင်**(ရန်တိုင်းအောင်သိုင်းအဖွဲ့ ပင်မဦးသျှောင် ဆရာကြီး)တို့နှင့်အတူ တောဖိန္နာရာမကျောင်းတိုက် သိုင်းတက္ကသိုလ်ကြီး၏ သိုင်းပြိုင်ပွဲ၊ ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြပါသည်။

ပထမဆုရ ဆရာကြီး ဗန်းမော်သိန်းအောင်နှင့်အဖွဲ့က သိုင်းပညာတစ်ကိုယ်တော် ကစားကွက်များ၊ အုပ်စုလိုက် ကစားကွက်များ၊ အတွဲအတိုက် ကစားကွက်ကို လှလှပပ သေသေသပ်သပ် ကစားပြပြီး ပြန်လည် ညှိခံပါသည်။ ကြည့်ရှုကြသော ပရိသတ်များကလည်း လက်ခုပ်သံမစဲဘဲ အားပေးခဲ့ကြပါသည်။

အခမ်းအနားကို အောင်မြင်ပျော်ရွှင်စွာနှင့် ပြီးဆုံးသွားသော်လည်း မပျော်ရွှင်နိုင်၊ မပြီးဆုံးနိုင် ဖြစ်နေသူကတော့



ဆရာကြီး နဂါးမောက် ဦးတင်ကြီးပင် ဖြစ်ပါသည်။

ပထမဆုရရန် မျှော်လင့်ချက်ကြီးမားစွာဖြင့် ကြိုးကြိုးစားစား ပြိုင်ပွဲဝင်ခဲ့သော်လည်း ဒုတိယဆုနှင့်သာ ကျေနပ်ခဲ့ရသောကြောင့် မကျေနိုင် မချမ်းနိုင် ဖြစ်နေရရှာပါသည်။

ဆရာကြီးမှာ ခေါင်းမှ ဆံပင်က ဖွေးဖွေး၊ သျှောင်ထုံးသေးသေးလေးနှင့်။ မုတ်ဆိတ်မွေးတွေကလည်း ငွေရောင်တောက်ပြီး လေမှာ တလွင့်လွင့်၊

ခေါင်းပေါင်း ပန်းဆီရောင်ကို ပတ်ပေါင်း,ပေါင်းထားပြီး ရှမ်းဘောင်းဘီနှင့် ရှမ်းတိုက်ပုံ အနီရောင်ကို အပေါ်အောက် ဆင်တူ ဝတ်ဆင်ထားသောကြောင့် တရုတ်သိုင်းကားများထဲက တရုတ်သိုင်း အကျော်အမော် ဆရာကြီးများနှင့် တူနေပါတော့သည်။

ဆရာကြီးဦးသန်းတင်၊ ဆရာကြီးဦးလှမောင်နှင့် စာရေးသူ(ဆရာမင်းယက္ခ)တို့မှာ ဒုတိယဆု ရရှိသွားသော ဆရာကြီးဦးတင်ကြီးအား နှုတ်ဆက်ရင်း ဆရာကြီးဦးသန်းတင်က ဂုဏ်ပြုစကား ပြောကြားလိုက်ပါသည်။

ထိုသို့ ဂုဏ်ပြုစကား ပြောလိုက်ခြင်းပင်လျှင် ဆရာကြီး၏ ဒေါသကို ပို၍ဆွပေးသလို ဖြစ်သွားပါတော့သည်။ ငိုချင်လျက် လက်တို့ပဲ ဖြစ်လေသလား မီးလောင်ရာ လေပင့်ပဲ ဖြစ်လေသလားတော့မသိ။ ဆရာကြီး ဦးတင်ကြီးသည် သူ၏ ခေါင်းပေါင်းကို ဖြေလိုက်၍ လည်ပင်းကို ခွပြီး ပခုံးရှေ့သို့ ချလိုက်ရင်းသူ့တပည့်များအား ဆူပူကြိမ်းမောင်းရင်း အနီးရှိတပည့်တစ်ယောက်အား...

'ဟေ့ကောင်...ဓားသွားယူစမ်း၊ ငါ့ကို ခုတ်စမ်း၊ ဘယ်လိုရှောင်ရတယ်၊ ဘယ်လိုတိမ်းတယ် ဆိုတာကို ပြမယ်'

ဟု ဒေါသတကြီး လှမ်းအော်လိုက်ရာမှ ဆရာကြီးဦးသန်းတင်ဘက်သို့ မျက်နှာလှည့်ကာ...

'ကြည့်စမ်းပါဦး ဆရာကြီးရယ်၊ ဒီကောင်တွေကို သင်ရတာ သင်ရကျိုး မနပ်လိုက်တာ၊ ကျွန်တော့်မှာတော့ နေ့မအားညမနား သင်ပေး လေ့ကျင့်ပေးခဲ့ရတယ်။ ဒီရောက်တော့ ဓားလွတ်ကျတဲ့ကောင်နဲ့၊ လှံနဲ့ ထိုးမိတဲ့ကောင်နဲ့၊ စီးကိုက်ဝါးကိုက် မလုပ်နိုင်တဲ့ကောင်နဲ့ ဖြစ်ချင်တိုင်းကို ဖြစ်နေတော့တာပဲ။ လှံက သစ်သားလှံ အတုမို့လို့ တော်သေးတာပေါ့။ ဒါပေမယ့် အရှက်ကတော့ လုံးလုံးကို ကွဲတာပဲ'

ဟု ဒေါသတကြီး ပြောဆိုရင်းက သစ်သားဓားဖြင့် ခုတ်မည့် တပည့်ဘက်သို့ လှည့်လိုက်ရာ ဆရာကြီး၏ ဒေါသတကြီး ဆူပူမှုကြောင့် ထိတ်လန့်ကြောက်ရွံ့နေသော တပည့်ဖြစ်သူက (ဆရာကြီး မျက်နှာလှည့်လိုက်သည်နှင့်) အယောင်ယောင်အမှားမှား ဖြင့် မပြောမဆို ဖျတ်ခနဲ ခုတ်ချလိုက်ရာ သစ်သားဓားမှာ ဆရာကြီး၏ နဖူးစောင်းသို့ ခွပ်ခနဲ ထိသွားပြီး သွေးများ ထွက်ကျလာပါသည်။

တပည့်မလိမ္မာ၍ ဆရာမှာ အာ...





www.burmeseclassic.com

www.burmeseclassic.com

သင့်ရချေပြီ။ ဆရာကြီးသည် ရှက်ကလည်း ရှက်၊ ဒေါသကလည်းထွက်ထွက်ဖြင့် သူ၏ ဘယ်နဖူးစောင်းသို့ လက်ဝါးဖြင့် အုပ်ဖိ၍ ကြည့်လိုက်ရာ လက်ဝါးတွင် သွေးများကို မြင်လိုက်ရ၍ ပို၍ အရှက်ကြီး ဒေါသကြီးသွားကာ...

'ကြည့်စမ်း... မပြောမဆိုနဲ့ သောက်ရမ်းခုတ်တယ်။ သွေးတွေ ထွက်လာပြီ။ လူအလှည့်ကို နေရာရောက်အောင် စောင့်ပါဦးတော့လား အကောင်ရဲ့။ ခုတော့ မဆင်မခြင် ခုတ်တယ်။ ငါ့ကို အရှက်ခွဲတဲ့အကောင် သွား...အိမ်ကျမှ သိမယ်'

ဟု ပါးစပ်ကလည်း ငေါက်ငမ်းပြောဆိုရင်းက သူ့တပည့်ကို ခြေထောက်ဖြင့် ဆောင့်ကန်ထုတ်လိုက်ရာ ဓားဖြင့် ခုတ်ပေးသူ တပည့်မှာ ကန့်လန့်ကန့်လန့်နှင့် လွင့်ထွက်သွားပါတော့သည်။

ကျွန်တော်တို့ သုံးယောက်သားမှာ ဆရာကြီး၏ ဒေါသကြီးနေမှုကြောင့် မရယ်နိုင်ဘဲ မသိချင့်မမြင်ချင်ယောင်ဆောင်၍ နေလိုက်ကြပါသည်။ ထိုမျှနှင့် ပြီးမသွားသေးပါ။ ဆရာကြီးက သူနှင့် ခပ်လှမ်းလှမ်းအကွာမှ (ဆရာကြီး၏ အရိပ်အကဲကို ကြည့်နေရှာသော) တပည့်တစ်ဦးအား လှမ်း၍...

'ဟိုကောင် လုံ့တွေ ယူခဲ့စမ်း'

ဟု ငေါက်ငမ်း၍ ဒေါသတကြီးပြောလိုက်ရာ ဆရာကို အလွန်ချစ်ကြောက်ရိုသေသော တပည့်များ ဖြစ်သည့်အလျောက် အခိုင်းခံရသော တပည့်ကလည်း ဆရာကြီး စကားသံဆုံးသည်နှင့်...

'ဟုတ်ကဲ့ ဆရာကြီး'

ဟု အော်ပြောကာ အနားတွင် ဆောင်ထားသော လုံ့များကို သိမ်းကျုံးပွေ့ပိုက်၍ ဆရာကြီးရှိရာသို့ ကတိုက်ကရိုက် ပြေးလာပါတော့သည်။



လုံ့သွားများမှာလည်း တိုးတိုးထောင်ထောင်နှင့် ဖရိုဖရဲ ပါလာပါတော့သည်။ ဆရာဦးတင်ကြီးမှာ သူ့နဖူး ကွဲသွားသောကြောင့် ဒေါသများ ထွက်သထက် ထွက်လာရင်းက ဆရာကြီးဦးသန်းတင်တို့ဘက်သို့ လှည့်ကာ...

'ကြည့်စမ်းပါဦး ဆရာကြီးရယ်၊ ဒီကောင်တွေလုပ်ပုံ သောက်သုံးမကျလိုက်ပုံက ကျွန်တော်ဖြင့် ဆရာကြီးတို့ မျက်နှာတောင် မပြဝံ့တော့ပါဘူး။ သူတို့ကို သင်ရတာ သင်ရကျိုးမနပ်လိုက်တာ။ လုံ့ထိုးဆိုရင်လဲ အဖြောင့်ထိုး၊ ပေါက်ထိုး၊ ဝိုက်ထိုး၊ ကော်ထိုး၊ ရိုက်ထိုး ဘယ်လိုပဲထိုးထိုး ရှောင်ပုံရှောင်နည်း အမျိုးမျိုးကို သင်ပေးထားတယ်။ တကယ့်ပြိုင်ပွဲကျမှ သောက်တလွဲတွေ လုပ်တယ်။ တော်တော် အသုံးမကျတဲ့ ကောင်တွေ'

ဟု ပြောရင်း လုံ့ယူလာမည့် တပည့်ရှိရာဘက်သို့ လှည့်လိုက်ရာ လုံ့များကို ရင်ဘတ်ဖြင့် ပွေ့ပိုက်၍ ကမန်းကတန်း သယ်လာရသောကြောင့် လုံ့သွားများမှာ မညီမညာဖြင့် တိုးတိုးထောင်ထောင် ပြန့်ကားနေပါတော့သည်။

ထိုတပည့်က လုံ့များကို အပေး၊ ဆရာကြီးက ထိုတပည့်ဘက်သို့ အလှည့် တစ်ပြိုင်နက်တည်းလိုလို ဖြစ်သွားသောကြောင့် လုံ့သွားများမှာ ဆရာဦးတင်ကြီး၏ မျက်နှာရှေ့တွင် တိုးတိုးထောင်ထောင်ဖြင့် ထိုးတော့မယောင်ယောင်၊ ထိတော့မယောင်ယောင် ရစ်ဝဲနေသောကြောင့် ဆရာကြီးက လက်ဝါးနှစ်ဖက်ဖြင့် လုံ့သွားများကို ပုတ်ဖယ်ရင်းက...

'ဟာ... ဒီကောင် လုပ်လိုက်ရင် သောက်ရမ်းချည်းပဲ။ လုံ့သွားတွေနဲ့ ငါ့မျက်နှာကို ထိုးမိပါဦးမယ်ဟ။ သွားစမ်းကွာ... မင်းလဲ အိမ်ကျမှ သိမယ်'

ဟု အော်ငေါက်ရင်း ထိုတပည့်ကို ခြေဖြင့် ဆောင့်ကန်ထုတ်လိုက်ရာ လုံ့များကို မနိုင်မနင်းဖြင့် ဖရိုဖရဲ ပွေ့ပိုက်ထားရင်းက အဝေးသို့ ခါးကော့၍ လွင့်ထွက်သွားပါတော့သည်။

ထို့ကြောင့် ကျွန်တော်တို့ ဆရာတပည့်သုံးဦးသားမှာ မသိချင်ယောင်၊ မမြင်ချင်ယောင်ဆောင်၍ ထွက်လာခဲ့ကြပါတော့သည်။ ထိုနေ့ ထိုရက်မှစ၍ ကိစ္စတစ်ခုဖြစ်တိုင်း၊ အဆင်မပြေဖြစ်တိုင်း၊ အပြောရ၊ အဆိုရခက်သည့်ကောင်ကို တွေ့တိုင်း "မင်းလဲ အိမ်ကျမှ သိမယ်"ဟု ခပ်မြူးမြူးလေး ကြိမ်းဝါးလေ့ ရှိပါသည်။

ထိုစကား၏ အဓိပ္ပာယ်ကိုတော့ ကျွန်တော်တို့ အချင်းချင်းသာ သိကြပါသည်။ အခုလောက်ဆိုလျှင် အဆွေစာဖတ်သူကော ဒီစကား၏ အဓိပ္ပာယ်ကို သိလောက်ပြီဟု ယုံကြည်မိပါသည်။

**[နဂါးမောက် ရှမ်းကြီးသိုင်းအဖွဲ့မှ ဆရာဦးတင်ကြီး" သုဂတိဘုံသို့ ရောက်ပါစေ။ နဂါးမောက်ရှမ်းကြီးသိုင်းအနွယ်ဝင်များအား ဂါရဝပြုလျက်...]**

**ရွှေလ ဆက်ဖတ်ပါရန်**

**ဆရာကြီး မင်းယက္ခ**
***(တိုက်ပွဲဝင်)***



www.burmeseclassic.com

www.burmeseclassic.com





ဟူကွင်းစီ

# သင်္ကေတများ၏

## ဘာသာစကား (၂၂)

လူ့သမိုင်းတွင် အတွင်ကျယ်ဆုံး အရှည်ကြာဆုံးဖြစ်ခဲ့သော သင်္ကေတ တစ်ခုဖြစ်သည်။ ရှေးဟောင်း အီဂျစ် လူနေမှုစနစ်များတွင်လည်း အလံများ အသုံးပြုခဲ့သည့် အထောက်အထား များ တွေ့ရသကဲ့သို့ ကမ္ဘာအရပ်ရပ်ရှိ ရှေးဟောင်းလူမျိုးစုများ အခြေချ နေထိုင်ခဲ့သည့် မြို့ပြနိုင်ငံအသီးသီးတွင် လည်း တွေ့ရှိနိုင်သည်။

ပါရှန်းလူမျိုးစုများက တောင်ပံဖြန့် ကားထားသော ရွှေလင်းယုန်၊ မီဒီ လူမျိုးစုများက သရဖူသုံးလုံး၊ ဖာသိ ယမ်လူမျိုးများက ဓားရှည်တစ်လက် စသည်ဖြင့် အသီးသီး ကိုယ်ပိုင်အမှတ် အသားများ ရေးခြယ် ဖော်ပြထားသော အလံကို တိုင်ထိပ် သို့မဟုတ် မြင့်မား သောအဆောက်အအုံ ကျောက်ဆောင် များ အထွတ်တွင် တလူလူ လွှင့်ခဲ့ကြ သည်။

တရုတ်လူမျိုးများက မြို့ပြနိုင်ငံ အုပ်ချုပ်မှု အဖွဲ့အစည်းများတွင် သာမက အခြားသော ကွန်ဖူး(သိုင်း) အဖွဲ့အစည်းများ၊ ဘာသာရေး အသင်း အဖွဲ့များ၊ လူသားချင်းစာနာမှုဆိုင်ရာ အသင်းအဖွဲ့များ၊ မျိုးနွယ်ဆက် စုစည်း ကိုးကွယ်မှုဆိုင်ရာ အသင်းအဖွဲ့များ တွင်လည်း အလံကို ကျယ်ပြန့်စွာ အသုံးပြုကြသည်။

အများစုနှင့်သက်ဆိုင်သော ရိုးရာ ဓလေ့ ပွဲလမ်းသဘင်များ၌ အဝါ၊ အနီ၊ အစိမ်း၊ အဖြူနှင့် အပြာ သို့မဟုတ် အနက်ရောင်အလံများကို အစီအစဉ် တကျ စီတန်းလွှင့်တူခြင်း၊ ကိုင်ဆောင် လှည့်လည်ခြင်းတို့ ပြုလုပ်လေ့ ရှိကြ သည်။

အဝါရောင်သည် ကျက်သရေရှိ ခြင်း၊ မြင့်မြတ်ခြင်း၊ တော်ဝင်ခြင်း၊ ဝပြောဝေဆာခြင်း အဓိပ္ပာယ်ဆောင်၍ ရှေ့ဆုံး သို့မဟုတ် လက်ယာဘက် အစွန်ဆုံးတွင် လွှင့်ထူထားရှိကြသည်။

မြို့ပြအိမ်ခြေများအတွင်း စီတန်း လှည့်လည်ရာ ရှေ့ဆုံး၌ ထား၍ ဘုံ ဘုရားကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ စေတီပုထိုး၊ အရုံတံတိုင်း မျက်နှာစာ စသည်တို့၌ စိုက်ထူခြင်းဖြစ်ပါက ကြည့်မြင်ရသူ၏ လက်ယာဘက် **(ဘုရားကျောင်း စသည် အဆောက် အအုံအတွင်းမှ အပြင်သို့ မျက်နှာမူ ပါက လက်ဝဲဘက်)**၌ ထားရှိရလေ သည်။

ထို့နောက် အနီ၊ အစိမ်း၊ အဖြူ၊ အပြာ သို့မဟုတ် အနက်ရောင်ကို ဆက်လက်ထားရှိရသည်။ အနီရောင် မှာ လာဘ်လာဘရွှင်လန်းခြင်း၊ ရဲရင့် ခြင်း၊ တက်ကြွခြင်း၊ ထက်မြက်ခြင်း၊ မင်္ဂလာရှိခြင်း၊ သစ္စာရှိခြင်းတို့၏ အမှတ် အသား ဖြစ်သည်။

အစိမ်းရောင်ကား စိမ်းလန်းခြင်း၊ သွက်လက်ခြင်း၊ တန်ခိုးရှင်နတ် ဒေဝတာများနှင့် သာမန်လူသားတို့ အကြား သံတမန်အဖြစ် ဆက်သွယ် ပေးခြင်း၊ မင်္ဂလာနှင့် အမင်္ဂလာ၊ ဇာတိနှင့်မရဏ၊ ယင်းနှင့်ယန်၊ ဖိုနှင့်မ ဆန့်ကျင်ဘက်များ၏အကြား သန္ဓိနယ် မြေအဖြစ်လည်း ရပ်တည်ခြင်းသဘော ဆောင်သည်။

အဖြူရောင်မှာ လေဟာနယ်ဖြစ် ခြင်း၊ ကင်းမဲ့ခြင်း၊ ငိုကြွေးခြင်း၊ ဆုံး ခြင်း၊ အချည်းနှီးဖြစ်ခြင်း၊ အဖော်မဲ့ခြင်း ရှင်းလင်းခြင်း အဓိပ္ပာယ်များရှိသည်။ **ဥပမာ** Bái Shuō **ပိုင်ရွှေ့ဟု** ဟူသည် တိုက်ရိုက်အားဖြင့် "**အဖြူရောင် အပြော**"ဟု အနက်ရှိ၍ ဆိုလိုရင်းမှာ ပြောသမျှ အရာမထင်၊ ခဲလေသမျ သဲရေကျရသည်ဟု ရည်ညွှန်းသည်။

သင်္ကေတနယ်ပယ်တွင်မူ နေအိမ် တစ်အိမ်၏ မျက်နှာစာ တံခါးဝတွင် အဖြူရောင် မီးပုံးချိတ်ဆွဲထားခြင်း အဖြူရောင်အဝတ် သို့မဟုတ် စက္ကူ တစ်ရွက် ကပ်ထား၊ ဆွဲထားခြင်း ဖြစ် သည်။

ဤအိမ်ဝေဟာ၌ ဒုမင်္ဂလာနာရေး ကိစ္စ ပေါ်ပေါက်၍ ကျန်ရစ်သူ အိမ်သား များ ငိုကြွေး ကြေကွဲနေကြသည် ကြေညာခြင်း ဖြစ်သည်။

အပြာနှင့် အနက်ရောင်မှာ သေဆုံး ခြင်း မရဏ၊ ဆုံးရှုံးလက်လွှတ်ရခြင်း အတိဒုက္ခ၊ အတာပွန မှော်ကဝေ များနှင့် ဆက်နွယ်ခြင်း၊ မျှော်လင့်ချက် ကင်းမဲ့ခြင်း၊ လွှင့်ပါးပျက်ပြယ် မှောင်မိုက်ခြင်း၊ စွန်းထင်းခြင်း ဘောင်မဝင်ခြင်း၊ ရက်စက်လျှ ခြင်းသဘောများ ဆောင်သည်။

www.burmeseclassic.com

www.burmeseclassic.com

**ဥပမာ** ဟေးတျဲန့် Hēi Diǎn **(အမည်းရောင်ဆိုင်)**= တည်းခို စားသောက်သူများကို လုပ်ကြံ၍ ပစ္စည်းယူသော တည်းခိုခန်း။ ဟေးဟု Hēi Hù (အိမ်ထောင်စုအမည်)= သန်းခေါင်စာရင်းမရှိသောမိသားစု စသည်ဖြင့် တင်စားသုံးနှုန်းသကဲ့သို့ တစ်စုံတစ်ယောက် အနိစ္စရောက်သောအခါ ကျွန်ရစ်သူမိသားစုက အနက်ရောင် ဝတ်စုံ ဆင်မြန်းကာ ဝမ်းနည်းကြောင်း ဖော်ပြကြသည်။ ယင်းကို ဒုမင်္ဂလာ ဝတ်စုံ၊ အသုဘဝတ်စုံဟု ခေါ်ကြသည်။

ထိုဝတ်စုံ ဝတ်ဆင်ထားသော ကာလတွင် အခြားသော နေအိမ်၊ ဆိုင်ခန်း၊ ခြံဝန်း စသည်များသို့ ဝင်ရောက်ခြင်း မပြုရချေ။ မိဘကွယ်လွန်၍ ရာပနအခမ်းအနား တက်ရောက်သောအမျိုးသမီးသည် ထိုဝတ်စုံကို ချွတ်၍ **ခင်ပွန်း**(ယောက္ခမ) နေအိမ်သို့ ပြန်လာသောအခါ အနီရောင်ပန်းကို ပန်၍ တက်ရလေသည်။

အပြာရောင်ထက် အနက်ရောင်က ပို၍ နက်နဲပြင်းထန်သောသဘောရှိသည်။ ဥပမာ သေဆုံးသူအား ဝတ်ပြုကန်တော့ရာတွင် ကျွန်ရစ်သူသားသမီးတို့က အနက်ရောင်ဝတ်စုံ ဝတ်ဆင်ရကာ မြေးမြစ်များက အပြာရောင် ဝတ်ဆင်ရလေသည်။

အချို့ကား သား၏ သားသမီးများကို မြေးပင်ဖြစ်လင့်ကစား (ဖခင်မျိုးရိုးလိုက်၍အတွင်းလူ၊ မိသားစုဝင်အဖြစ် သဘောပိုက်ကာ အနက်ရောင်ကိုပင် ဝတ်ဆင်ကြလေသည်။

အလံကို ထိုကဲ့သို့ အရောင်ခွဲရုံမက သက်ဆိုင်ရာအဖွဲ့အစည်း၊ ဆိုင်ရာ သင်္ကေတစာလုံးများ၊ ရုပ်ပုံများလည်း ခြယ်သလေ့ ရှိကြသည်။

တရုတ်ဓလေ့ကို စံပြု ဖော်ပြထားခြင်းဖြစ်ကာ အခြားသော နယ်ပယ်မြို့ရွာ နိုင်ငံတို့တွင်လည်း သက်ဆိုင်ရာ ဓလေ့သင်္ကေတများ၊ စာလုံးများကို အလံတွင် တန်ဆာဆင်လေ့ ရှိကြပါသည်။ စွမ်းအင်ထူးများ ပိုင်ဆိုင်သည်ဟု ယူဆသော တိရစ္ဆာန်ရုပ်ပုံများလည်း ထည့်သွင်းတတ်ကြ၏။

အချုပ်အားဖြင့် အလံသည် အောင်မြင်မှုနှင့် သက်ဆိုင်ရာ အဖွဲ့အစည်း၊ တိုင်းနိုင်ငံ၏ ကိုယ်ရေးဆိုင်ရာ အမွှမ်းတင် ဝင့်ကြွားမှု သင်္ကေတတစ်ခု ဖြစ်လေသည်။

## ဂေါ်ဂွန်(Gorgon)



အကြည့်ခံရသူအား ကျောက်ဖြစ်သွားစေသည့် မြွေဆံပင်ပေါက်သော ဂရိဒဏ္ဍာရီလာညီအစ်မသုံးဖော်အနက် တစ်ဦး၏အမည် ဖြစ်သည်။

သင်္ကေတနယ်ပယ်တွင် **"ဂေါ်ဂွန်"** ကို ဆန့်ကျင်ဘက်၊ ကွဲပြားခြားနားသည့်အရာနှစ်ခုအား ဆက်စပ်ရောနှော ပေးသည့်အနက်ဖြင့် သုံးနှုန်းကြသည်။ ခြင်္သေ့နှင့် လင်းယုန်၊ ငှက်နှင့် စားဖဲ့င့် မြွေ (Serpent)၊ ရွှေ့ပြောင်းနိုင်ခြင်းနှင့် မရွှေ့မပြောင်းနိုင်ခြင်း။ (**ဥပမာ** သွာသတိက Swastika စကြာ။)

**သွာသတိက စကြာ**သည် နေမင်းကို ကိုယ်စားပြု ပုံဖော်ထားခြင်းဖြစ်၍ နာဇီဝါဒီများ Nazismတို့က တောက်ပကောင်းမွန်သည့် အနာဂတ်ကို ဆောင်ကြဉ်းပေးနိုင်သည်ဟု ယုံကြည်ကြသည်။

ပုံသဏ္ဌာန်မှာ( 卐 ) ဖြစ်သည်။ ထိုစကြာကို တရုတ်တို့က နှစ်မျိုးနှစ်စား ခွဲခြားကာ အဓိပ္ပာယ်ဖော်ထားသည်။ လက်ဝဲရစ်စကြာ( 卐 )နှင့် လက်ယာရစ်စကြာ( 卍 )ဟူ၍ ဖြစ်သည်။ **ဝမ့်ဇိန်** Wàng Zì ဟု ခေါ်တွင်သည်။

**လက်ဝဲရစ်စကြာ**မှာ လောကီနှင့် သက်ဆိုင်၍ လက်ယာရစ်စကြာမှာ လောကုတ္တရာနှင့် သက်ဆိုင်သည်။ တရုတ်ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှု အရ လက်ယာရစ်စကြာကို Shì Jiā Mù Ní **ရှီကျားမုနီ**ဟု ခေါ်သော သကျမုနိမြတ်စွာဘုရား ရုပ်ပွားတော်၏ ရင်ညွန့်တွင် တန်ဆာဆင် ပူဇော်လေ့ ရှိကြသည်။

မြတ်စွာဘုရားရှင်၏ တရားတော်များသည် မပျောက်မပျက်နိုင်၊ ထာဝရ တည်တံ့နေသကဲ့သို့ လောကအနှံ့ ပျံ့နှံ့ ဝင်ရောက်ခြင်းလည်း ရှိတော်မူသဖြင့် တည်ငြိမ်ခြင်းနှင့်လှုပ်ရှားခြင်း၊ မပြောင်းမရွှေ့နိုင်ခြင်းနှင့် ရွှေ့ပြောင်းနိုင်ခြင်း မတူခြားနားသည့် သဘောနှစ်ခု ပေါင်းစပ်နေကြောင်း ရည်ညွှန်း၍ စကြာကို ရင်ညွန့်တော်၌ ထားရှိ ပူဇော်ခြင်း ဖြစ်သည်။

တရုတ်အယူအဆတွင် စကြာကို ထိုထက်မက ကျယ်ဝန်းစွာ အဓိပ္ပာယ် ကောက်ယူကြပါသေးသည်။) လှပခြင်းနှင့် အကျည်းတန်ခြင်း၊ အလင်းနှင့် အမှောင်၊ နေနှင့် ညဉ့် (ဥပမာ မိုးသောက်ယံနှင့် ဆည်းဆာ) စသည်ဖြင့် မတူခြားနားမှုများ၊ ဆန့်ကျင်ဘက်များကို ရောနှော ဆက်စပ်ပေးသည်။

တစ်နည်းအားဖြင့် "ဂေါ်ဂွန်"သည် သိသာထင်ရှားသော အတိုင်းအဆမဲ့ ဖန်တီးနိုင်ခြင်း၏ သင်္ကေတလည်း ဖြစ်လေသည်။


## နှလုံး

လူသား၏ ကိုယ်ခန္ဓာတွင် ထောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်အစီအစဉ်အားဖြင့် စိတ်ဖြာ ကြည့်ပါက အဓိက ဆုံချက်သုံးခု တွေ့ရှိပါမည်။

ဦးနှောက်၊ နှလုံးနှင့် မျိုးပွားအင်္ဂါတို့ဖြစ်ကြသည်။ နှလုံးသည် အလယ်ဆုံချက်ဖြစ်၍ ကျန်ဆုံချက်နှစ်ခုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက် အချို့နှင့်လည်း အကျိုးအကြောင်း အားလျော်စွာ ပါဝင်ဆက်စပ်မှုရှိပါသည်။

မံမီရုပ်အလောင်းများ ပြုလုပ်ထားရှိကြသော ရှေးအီဂျစ် ဓလေ့အယူအဆအရ နှလုံးသည် လူသား၏ ကိုယ်ခန္ဓာအတွင်း အလယ်ဗဟိုချက်တွင် တည်ရှိကာ အမြဲထာဝရ လှုပ်ရှားလည်ပတ်နေရသော ဝမ်းတွင်းအင်္ဂါ ကလီစာတစ်ခုသာ ဖြစ်သည်။

လူသား၏ အသိဉာဏ် အခြေခံတည်ရှိရာ အဓိကနေရာဖြစ်ကာ ဦးနှောက်သည် ဟန်ပြသက်သက်သာ တည်ရှိသော အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း တွေးဆခဲ့ကြသည်။


ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှားလုပ်ကိုင်နေနိုင်ရန်အတွက် အမြဲမပြောင်းမလဲ ရပ်တည်လျက် ပြောင်းလဲပေးနေရသော လူ့ဗဟိုချက်သည် နှလုံးဖြစ်သည် ဆို၏။

ထိုမှ အနည်းငယ်နောက်ကျသော အယူအဆအရ ဦးနှောက်သည် နေမင်း၊ ဖိုသဘာဝဆိုင်ရာ အစွမ်းသတ္တိဆက်သွယ်ချက်များ လက်ခံ သိမ်းဆည်းရာ နေရာဌာနဖြစ်ကာ နှလုံးသည် လမင်း၊ မ,သဘာဝဆိုင်ရာ စွမ်းအင်သတ္တိ၊ ဆက်သွယ်ချက်များကို လက်ခံသိမ်းဆည်းရာဌာန ဖြစ်သည်ဟု ယူဆလာကြသည်။

ထိုထိုစွမ်းအင်များ ဆက်သွယ်ချက်များတို့သည် နောက်ဆုံးတွင် "နှလုံး" ဆီသို့ လာရောက်စုဝေးကာ အရာအားလုံးအား လုံခြုံစွာ သိမ်းဆည်းပေးသည့် ရတနာကြုတ် ဘဏ္ဍာတိုက်ပမာ ဖြစ်သည်ဟု ဆိုလေသည်။

ဒီဘက်ခေတ်ကာလတွင်မူ နှလုံးသည် ချစ်မေတ္တာ၏ ကိုယ်စားဖြစ်ကာ နှလုံး၏ပုံရိပ်ကို မြေပြင်နှင့်ထိစပ်နေသော ထွက်ဝင်စ, နေလုံးနှင့် ထင်ဟပ်ကြလေသည်။

* * *



နှလုံးသားပုံသဏ္ဍာန် ကွင်းဆက်နှစ်ခုကာ ရှေ့လက်တွဲ မြဲမြဲကြသော မောင်နှံနှစ်ဦး၏ ချစ်ခြင်းမေတ္တာ သင်္ကေတဖြစ်သည်။ ခိုင်မြဲသော မေတ္တာ၊ သံယောဇဉ်နှောင်ဖွဲ့ခြင်း ဖြစ်သည် ဆို၏။

ထို့အပြင်လည်း နှလုံးသင်္ကေတသည် ပျော်ရွှင်ချမ်းမြေ့ခြင်း၊ အကြင်နာ၊ ဉာဏ်ကောင်း ကွန်မြူးခြင်း၏ ဗဟိုချက်ဖြစ်ကြောင်း ဖွင့်ဆိုကြသည်။

နှလုံးသား ပုံသဏ္ဍာန်ချည်းသာမက မီးတောက်ပုံ၊ ကြက်ခြေခတ်ပုံ၊ သရဖူပုံ စသည့် အခြားသော ပုံသဏ္ဍာန်များနှင့် တွဲဖက်ကာ အဓိပ္ပာယ်ပိုမို ပြည့်စုံကျယ်ဝန်းစေသော သင်္ကေတအဖြစ် သတ်မှတ် အသုံးပြုလာကြလေသည်။

**ဟူကျင်းဇီ**

## စာရှုသူ၊ သုတေသီနှင့် စာရေးသူ ဆောင်းပါးရှင်များသို့ . . .

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်**များ ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း

စာတည်းချုပ်

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ပါရမီမဂ္ဂဇင်း**

အမှတ် ၂၃၃၊ (၂၉)လမ်း၊

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ရှေ့မှ ရေတွင်းအတွက်

## အခိုက်ပျက်ပြယ်စေရန်

နေအိမ်၏ အဓိက ဝင်ပေါက်အနီး အိမ်ရှေ့မျက်နှာစာတွင် ရေတွင်း၊ ရေကန်၊ ရေစည်ကြီးများ တည်ရှိနေခြင်းကို **ရေခိုက်သည်**ဟု ခေါ်ကြသည်။

ရေအခိုက် ပျက်ပြယ်စေရန် ရေတွင်းကို ကျောက်ခဲ၊ မြေသားများဖြင့် ဖို့သိပ် ဖျောက်ဖျက်ရန်လည်း မသင့်ပါ။ ရေသည် ငွေကြေးစီးပွားကို ညွှန်းသဖြင့် ရေထွက်နေသော ရေတွင်းကို မဖို့မဖျက်သင့်ချေ။


အိမ် အဓိကဝင်ပေါက် တံခါးမကြီးသည် ငွေကြေးစီးပွားကို ကိုယ်စားပြုသောကြောင့် ရေဓာတ်လွန်ကဲနေခြင်းသည် နေအိမ်၏ နောက်ပိုင်းရှိ စားဖိုဆောင်၏ မီးဓာတ်ကို အန်တုလွှမ်းမိုးခြင်းဖြစ်သည်။

ထိုအခါ စားဖွယ်ရိက္ခာတို့ အဆင်ပြေပြေ ဝင်ရောက်နိုင်ရေးကို ဟန့်တားတော့သည်။ ထိုသို့ကြုံနေရပါက ဧည့်ခန်းမ၏ အပြင်ဘက်လှည့်သော နံရံ၌ **"ရှန်းရွှေ့"**(Shāng Shŵ)ဟု ခေါ်သော **တောတောင်ရေမြေ ပန်းချီကားကို** ချိတ်ဆွဲပေးရသည်။

တောင်များကြားမှ ရေတံခွန်စီးကျနေပုံ၊ တောင်များကြားမှ မြစ်ချောင်းစီးဆင်းနေပုံစသည့် ပန်းချီကားများ ချိတ်ဆွဲနိုင်သည်။

ထိုပန်းချီပုံများတွင် ရေသည် မြေဓာတ်၏ ထိန်းချုပ်ခြင်းခံရသော(Kè) **"ခဲ့ယှင်း"** ဆက်သွယ်မှုကို ဖော်ပြထားသည်။

ထို့ကြောင့် လွန်ကဲသော ရေဓာတ်ကို အောင်နိုင်စွာ ထိန်းချုပ်ကာ မီးဓာတ် အားလျော့ခြင်းဟူသော ဓာတ်ကြီးငါးပါး ဆက်သွယ်မှု ဆိုးကျိုးကို ပယ်ဖျက်ပေးနိုင်လေသည်။



▲ အိမ်ရှေ့မှရေတွင်း

▼ ရေတံခွန် ပန်းချီကား




ဝူယျင်းဓာတ်များ အကူအညီဖြင့် သုခပြည့်ဝကြပါစေ။

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၃၉)မှ အဆက်

**ထား၍ မရဟု ထင်ပါသည်။)**

စာရေးသူမှာတော့ **'ငါ ဒီနှစ် စာမေးပွဲ အောင်ကို အောင်ရမယ်။ အားလုံးထဲမှာ အလိမ္မာဆုံးသမီး ဖြစ်ရလိမ့်မယ်'** ဆိုတဲ့ အတိတ်ကောင်း နိမိတ်ကောင်းဟု ယူဆပြီး ဖွဲသတ္တိနှင့် ခွန်အားတွေ ဖြစ်လာပါသည်။

နံနက် မိုးလင်းတော့လည်း ထပ်ကာ ထပ်ကာ တွန်ကျူးပါသည်။ ထိုအခါ အမေက...

'တွန်းအေး ဒီကြက်မ,တွန်နေတာ မထား ကောင်းဘူး။ ဈေးထဲမှာ သွားရောင်းလိုက် တော့'

ဟု ပြောပါသည်။

စာရေးသူက...

'အမေ ကြက်မ,တွန်တော့ ဘာဖြစ် တတ်သလဲ'

'ကြက်မတွန်လို့ မိုးမလင်း တဲ့။ ရှေးလူကြီး တွေ ပြောခဲ့တာပဲ။ ရှေးထုံးလဲမပယ်နဲ့၊ ဈေးသုံးလဲ မလွယ်နဲ့ဆိုတာလေ ငါ့သမီး သိတယ် မဟုတ်လား'

'ဟုတ်ပါပြီ အမေရယ်၊ ရှေးထုံးပယ် တော့ လွဲတတ်တယ်။ ဈေးသုံးလွယ် တော့ မွဲတတ်တယ်။ ဈေးသုံး မလွယ် တာကတော့ ကောင်းပါတယ်၊ ရှေးထုံး တွေကတော့ လွန်လွန်းပါတယ် အမေ ရာ'

အမေက ဘာမှ ပြန်မပြောသဖြင့် စာရေးသူက...

'အမေ ကျွန်မ တစ်ခုစဉ်းစားမိ တယ် သိလား၊ ကြက်ဖကြီးက တွန် တယ်၊ ကြက်မကလဲ တွန်တယ်။ အဲဒီ တော့ အမျိုးသားတွေနဲ့ အမျိုးသမီး တွေဟာ ရင်ပေါင်တန်းပြီး အလုပ်,လုပ် နိုင်တဲ့ အခြေအနေတွေ၊ အခွင့်အရေး တွေ ရှိလာတော့မယ်။ အမျိုးသမီးတွေ ဟာ ခေတ်ဟောင်းကလို အနှိမ်ခံ၊ အပယ်ခံ မီးဖိုးချောင်ဝင်ရတဲ့ ဘဝမျိုး မဟုတ်တော့ဘူးဆိုတဲ့ အတိတ် တဘောင် ဖြစ်ရမယ်နော် အမေ'

'အေးပါ... အေးပါ ကဲ ကဲ ငါ့သမီး ကျောင်းသွားတော့'

အဲဒီ **၁၉၈၃ ခုနှစ်က တက္ကသိုလ် ဝင်တန်းကို** အမှတ်ပေါင်း (၄၃၈) မှတ်ဖြင့် အောင်မြင်ခဲ့ပြီး (၁-၄-၈၄) နေ့မှာ အစိုးရဌာနမှာ ဝန်ထမ်းဖြစ်ခဲ့ သည်။ မိဘကို လုပ်ကျွေးခွင့် ရခဲ့သည့် အပြင် တက္ကသိုလ်စာပေးစာယူ နောက် ဆုံးနှစ်၌ ဂုဏ်ထူး(၄)ဘာသာနှင့် အထူးအောင်ပြီး ဘွဲ့တစ်ခုကို ရယူနိုင်ခဲ့ ပါသည်။

ကြွားဝါလိုခြင်း အလျဉ်းမရှိပါ။ မိမိ၏ အနန္တငါးပါး ရိုသေကိုင်းရှိုင်းမှု၊ ကြိုးစား အားထုတ်မှု၊ မြိုးခြံချွေတာတတ်မှုနှင့် တတ်သိလိမ္မာမှုများကြောင့် မိမိ၏ လူနေမှုဘဝကို ရှုံ့နှံ့မှ ရုန်းထွက်သလို အဆင့်ဆင့် တိုးတက်ခဲ့ပုံများအား လူငယ်လေးများ အတုယူစေလိုသော ဆန္ဒများဖြင့် ရေးသားတင်ပြခြင်းကို နားလည်မှုများစွာဖြင့် ခွင့်လွှတ်စေလို ပါကြောင်းနှင့် စာချစ်သူ သုတေသီ ဆရာ့သမားများအနေဖြင့်...

'အိမ်မွေးကြက်မ တွန်လျှင် ဘာဖြစ်တတ် သနည်း'

ဟူသော **မေးခွန်း၏ အဖြေအား သိရှိသူများသည် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် ဖြေကြားပေးစေ လိုပါကြောင်း** မေတ္တာရပ်ခံ ပန်ကြား ရင်း နိဂုံးချုပ်အပ်ပါသတည်း။

***ကောင်းမှုမြတ်နိုး ကောင်းအောင် ကြိုး၍ ကောင်းကျိုးအထူး ရှိနိုင်ကြ ပါစေ။***

မြမြဝင်း *(တောင်ငူ)*

စာရှုသူ သုတေသီနှင့်

ဝါသနာရှင်များသို့ . . .

**မိမိတို့ဒေသရှိ**

**ဆရာတော်ကြီးများ**

**ပုဂ္ဂိုလ်ထူးကြီးများ၏**

**မိမိတို့သာသိပြီး**

**သမိုင်းမဝင်သော**

**ဖြစ်ရပ်များကို**

**ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့**

**ရေးသားပေးပို့ခြင်းဖြင့်**

**ကွက်လပ်ဖြစ်နေသော၊**

**အများမသိသော**

**ဖြစ်ရပ်များကို**

**မှတ်တမ်းတင်ပြီး**

**ဖြစ်သွားပါမည်။**

**ဤကုသိုလ်ထူးကြီးကို**

**ပါဝင်**

**မှတ်တမ်းတင်ကြပါရန်**

**မေတ္တာရပ်ခံအပ်ပါသည်။**

***လေးစားစွာဖြင့် . . .***

ဦးကျော်မိုး[illegible]

စာတည်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



မောင်မြဲအေး(ဥ)
(စီးပွားရေး)

# ကံအစွမ်းနှင့် ဖြစ်ရပ်ဆန်း (၂)

ယခင်လမှ အဆက်

'မှန်ပါ့၊ ဒါကြောင့် ဆရာတော်ကို လာဖူးရင်း လျှောက်ထားစရာလေးလဲ ရှိနေလို့ ရောက်လာတာပါဘုရား'

'ရေနွေးကြမ်းသောက်ရင်း ခဏ စောင့်လိုက်ပေါ့။ ဆရာတော်တရား ထိုင်နေတယ် ပြီးတော့မှာပါ'

ဦးပဥ္စင်း ပြန်ကြွသွားသည်။ ကျော်တင်က...

'ညှော်သည် ရှင်းနေလို့ တော်သေးတယ်အဖေ'

ဟု ပြောသည်။

ရေနွေးကြမ်း တစ်ခွက်စီ ငှဲ့သောက်ကာ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြစဉ် ကျက်သရေခန်းတံခါး ပွင့်လာကာ အတွင်းမှ ဆရာတော် ထွက်ကြွလာသည်။ ဆရာတော်ကို မြင်လိုက်သည်နှင့် "ဒါ ဗမ္မာအေးဆရာတော်ပဲ" ဟု ဦးစိန်ဝင်းက သိလိုက်သည်။

အကြောင်းမှာ သူ့အိပ်မက်ထဲတွင် ဖူးတွေ့ရသော ဆရာတော်နှင့် တထေရာတည်း တူနေသောကြောင့် ဖြစ်သည်။ ဤသို့ တိုက်ဆိုင်မှုအတွက် စိတ်ထဲတွင် အံ့ဩမိရခြင်းနှင့်အတူ ဝမ်းသာမှုကိုလည်း ခံစားနေရသည်။

ဦးစိန်ဝင်းက ဆရာတော်ကို ဝတ်ဖြည့်လိုက်သည်။ ကျော်တင်ကလည်း ဦးချကန်တော့သည်။ ဆရာတော်မှာ အသက် (၄၅)နှစ်ခန့်ဖြစ်သည်။ အရပ်မနိမ့်မမြင့် မျက်လုံးမျက်ခုံးကောင်းပြီး အကြည့်က စူးရှသည်။ မပိန်မဝ အသားဖြူဖြူနှင့် တည်ငြိမ်သောက္ခန္ဓာရှိသည်။ နေရာထိုင်ပေါ်တွင် ဖြည်းဖြည်းညင်သာ ထိုင်လိုက်ပြီး ပဋိသန္ထာရပြုသည်။

'ဘယ်က လာတာလဲ၊ မိုးကုတ်က တော့ ဟုတ်ဟန်မတူဘူး'

'တပည့်တော် ရန်ကုန်ကပါ ဘုရား။ ရန်ကုန်မှာ စီးပွားရေး အဆင်မပြေ ဖြစ်နေတုန်း သူငယ်ချင်းက ခေါ်လို့ ဒီမှာ ကျောက်လာတူးနေတာပါဘုရား'

'နို့ ဒီမှာရော အဆင်ပြေရဲ့လား'

'အဆင်ပြေလှတယ် မဟုတ်ပါဘုရား။ ရရစားစား ဆိုရုံလောက်ပဲ ရှိပါတယ်။ မနေ့တစ်နေ့က လူးတွင်းထဲမှာ အဖြစ်ဆန်းတစ်ခုကြုံရလို့ဆရာတော်ကို အားကိုးပြီး လာလျှောက်တာ

www.burmeseclassic.com

ပါဘုရား'

'အင်း အင်း ပြောပါဦး'

ဦးစိန်ဝင်းက ကျော်တင်ကို လှည့်ကြည့်လိုက်သည်။ "မင်းလျှောက်လိုက်"ဟူသည့် သဘောပင် ဖြစ်သည်။ ကျော်တင်က လူးတွင်းထဲတွင် ခွေးအူသံကြားရခြင်း၊ ရေပုံးလဲနေရာမှ သူ့အလိုလို ပြန်ထောင်လာခြင်းများကို လျှောက်လိုက်သည်။

လျှောက်ထားသမျှကို ဆရာတော်က ငြိမ်သက်စွာနားထောင်နေသည်။ လျှောက်ထားပြီးချိန်တွင် ဆရာတော်က ခေါင်းတစ်ချက် ဆတ်လိုက်ပြီး ပြောသည်။

'သူတို့က မပေးချင်လို့ပါ'

'ဆရာတော် ကူညီနိုင်ရင် ကူညီပေးပါဘုရား'

ဦးစိန်ဝင်းက အားကိုးတကြီး လျှောက်ထားသည်။

'အေးလေ ဘုန်းကြီး တတ်နိုင်သလောက်တော့ သတ္တဝါတွေကို ကယ်တင်ရမှာပေါ့'

ဆရာတော်က နေရာမှထကာ ကျောင်းဆောင်ထဲ ဝင်သွားသည်။ ခဏအကြာတွင် ဝါဆိုဖယောင်းတိုင်ကြီးနှစ်တိုင်ကို ကိုင်၍ ပြန်ထွက်လာသည်။ နေရာတွင် ပြန်ထိုင်လိုက်ပြီး...

'ကဲ ရော့ မင်းတို့ဆင်းခဲ့တဲ့ လူးတွင်းဆီပြန်သွား၊ လူးတွင်းထဲမဆင်းခင် အဝမှာ ဒီဖယောင်းတိုင်တစ်တိုင်ထွန်း၊ ပြီးရင် ထက်ဝန်းကျင် မြင်အပ်မမြင်အပ် သတ္တဝါတွေကို မေတ္တာပို့၊ အမျှအတန်းဝေ၊ လူးထဲမှာ ညမအိပ်နဲ့ ကြားလား၊ နှစ်ရက်ထက် မပိုပါဘူး၊ မင်းတို့ ရမှာပါ'

ဆရာတော့်စကားကြောင့် ဦးစိန်ဝင်းတို့သားအဖ ဝမ်းသာသွားကြသည်။ ယူဆောင်လာသော ဖယောင်းတိုင်၊ မုန့်ပုံး၊ ဝတ္ထုငွေများကို ဆရာတော့်အား



ကပ်လှူသည်။ ဆရာတော်က နှုတ်မှ တရွရွရွတ်နေသည်။ ဦးစိန်ဝင်းတို့သားအဖက "ခွင့်ပြုပါဘုရား"ဟု နှုတ်ဆက်ကန်တော့ကာ အိမ်ပြန်ခဲ့ကြသည်။

နောက်တစ်နေ့ မနက်စောစောတွင် တွင်းဆရာ ကိုပြုံး ဦးဆောင်၍ သူတို့ဆင်းခဲ့သော လူးတွင်းဆီ ပြန်သွားကြသည်။ ဆရာတော်မိန့်ကြားချက်ကို အားလုံးသိရှိပြီးဖြစ်၍ တက်ကြွလန်းဆန်းနေကြသည်။

လူးတွင်းသို့ ရောက်သောအခါ တွင်းဝတွင် ဝါဆိုဖယောင်းတိုင်တစ်တိုင်ကို ထွန်းကြသည်။ လေတိုက်ပြီး မီးမငြိမ်းစေရန် အကာအကွယ်လုပ်ကြသည်။ ပြီးလျှင် ဆရာတော်ရှိရာဘက်သို့ မျက်နှာမူကာ လက်အုပ်ချီ ရှိခိုးတိုင်တည်ကြသည်။ မြင်အပ်မမြင်အပ် သတ္တဝါအားလုံးကို အမျှဝေ၊ မေတ္တာပို့ကြပြီးနောက် လူးတွင်းထဲ ဆင်းခဲ့ကြသည်။ ယခင်စုရပ်နေရာကိုပင် စုရပ်အဖြစ် သတ်မှတ်ကာ လိုဏ်ခေါင်းတစ်ခုအတွင်း ဝင်ခဲ့ကြသည်။ တစ်နေသာ ကုန်သွားသည် ထောင်ကျောက်လေး ၃,၄ လုံးဖြင့် စခန်းသိမ်းကာ လူးတွင်းထဲမှ ပြန်တက်ခဲ့ကြရသည်။

နောက်တစ်နေ့ မနက်တွင်လည်း ပြုဖွယ်ကိစ္စများကို ယမန်နေ့ကအတိုင်း ပြုကာ တွင်းထဲ ဆင်းခဲ့ကြသည်။ အခြားသော လိုဏ်ခေါင်းတစ်ခုအတွင်း ဝင်ကာ ဖြုန်းများကို ရှာကြသည်။

ညနေ (၄း၀၀) နာရီခန့်တွင် စုရပ်သို့ ပြန်ရောက်ကြသည်။ မောမောပန်းပန်းဖြင့် ခြေပစ်လက်ပစ် နားကြရသည်။ စကားပင် မပြောနိုင်ကြ၊ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။

ထိုစဉ် ဂူနံရံနှင့်ကပ်လျက် လဲကျနေသော ရေပုံးသည် တဖြည်းဖြည်းချင်း ပြန်ထောင်လာနေသည်ကို ကျော်တင်မြင်ရသည်။

'ဟော ဟော'

ဟု ကျော်တင်က အံ့သြတကြီးဖြင့် လက်ညှိုးထိုးပြသည်။ ကျန်လူများကလည်း အလန့်တကြား မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြည့်ကြသည်၊ ရေပုံးသည် ပြန်ထောင်လာပြီးနောက် နတ်ဝင်သလို တဆတ်ဆတ်ဖြင့်လှုပ်နေပြီးနောက် ငြိမ်သက်သွားခဲ့သည်။

သူတို့အားလုံး မှင်တက်မိကာ ရေပုံးကို ငေးစိုက်ကြည့်နေကြဆဲ စတင်လှုပ်ရှားသူက ကိုပြုံး ဖြစ်သည်။ သူက ဘာကို ဘယ်လိုသဘောပေါက်သွားသည် မသိ။ စိတ်ကူးတည့်ရာကိုပဲ လုပ်လိုက်ခြင်းပေလား မပြောတတ်။ သံတူးရွင်းကို ဆတ်ခနဲလှမ်းယူသည်။

ရေပုံးကို ဖယ်ရှားလိုက်ပြီးနောက် နံရံနှင့်ကပ်လျက် အောက်ခြေကို စတင်တူးဆွနေတော့သည်။ အနက်တစ်တောင်ကျော်လောက် ရောက်သောအခါ ဖြုန်းများထွက်လာသည်။

'ကဲ အိုက်စံနဲ့ အိုက်မောင် ဖြုန်းတွေကျုံးကွာ'

အိုက်စံတို့နှစ်ယောက်က ဖြုန်းတွေကို ကျုံးကာ မြွေရေခွံအိတ်ထဲ ထည့်သည်။ နှစ်အိတ်ရသည်။ စိုင်းလိတ်က ဆက်တူးပြန်သည်။ မြွေရေခွံတစ်အိတ်ထပ်ရသည်။





www.burmeseclassic.com

www.burmeseclassic.com

ကိုပြုံးက လက်မှနာရီကို ကြည့်လိုက်သည်။ (၄း၃၀)နာရီရှိပြီ။

'ကဲ အချိန်မီသေးတယ်။ ဆန်ခါသွားလှည့်ကြမယ်၊ မိုးမချုပ်မီ ပြီးမှာပါ။ မြန်မြန်လုပ်ဟေ့'

ဖမ္မူအေးဆရာတော်မှာကြားလိုက်သည့် ''လူးတွင်းထဲ ညမအိပ်နဲ့''ဟူသော စကားကို ကိုပြုံးက သတိရကာ လောဆော်လိုက်ခြင်းပင် ဖြစ်သည်။

သူတို့အားလုံး ဖြုန်းအိတ်သုံးလုံးကို သယ်ပိုးကာ ရေရှိရာသို့ အသော့နှင်ကြတော့သည်။ ဆန်ခါလှည့်ကာ ဖုပုဆစ်များကြားမှ ပတ္တမြားနှင့်နီလာတို့ကို ရွေးချယ်ယူကြသည်။

လူးတွင်းပေါ်သို့ သူတို့အားလုံး ပြန်ရောက်ချိန်တွင်ကား ညနေ နေဝင်ရီတရောဖြစ်၍ အမှောင်ထုပင်စတင် လွှမ်းမိုးလာနေပြီ ဖြစ်ပေသည်။

* * *

စာရေးသူက စိန်ဝင်းကို မေးလိုက်သည်။

'ဒါနဲ့ မင်းတို့ ကျောက်ကော ရခဲ့ရဲ့လား'

စိန်ဝင်းက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး...

'ရတော့ ရပါတယ်ကွာ၊ ဒါပေမယ့် မျှော်လင့်သလို တန်ဖိုးကြီးကြီးတော့ မဟုတ်ဘူးကွ'

'ဘယ်လောက်တန်လောက် ရခဲ့တာလဲ'

'ငါးသိန်းစွန်းစွန်း လောက်ပါပဲကွာ'

'ဟ အဲဒီအချိန်တုန်းက ငါးသိန်းဆိုလဲ ဘယ်နည်းမလဲကွ'

'အေး မနည်းဘူးဆိုပေမယ့် ဒီတစ်ကြိမ်ပဲ ရခဲ့တာကိုး။ ဒီအရင် လူးတွင်းတွေတုန်းက ဟုတ်တိပတ်တိ ရခဲ့တာမရှိတော့ စရိတ်စက အကုန်



အကျတွေက နည်းတာမဟုတ်ဘူး လေ၊

ပြီးတော့ အချိန်ကလဲ သုံးနှစ်လောက် ကုန်သွားတယ်။ နောက်ထပ်ရတာလဲ သောင်းကျောက်လောက်ပဲ ဆိုတော့ စာရင်းချုပ်လိုက်ရင် ရှုံးတာပါပဲကွာ'

'ဒါနဲ့ပဲ မင်းလဲ မိုးကုတ်ကနေ ရန်ကုန် ပြန်ဆင်းလာပြန်ရော ဆိုပါတော့'

စိန်ဝင်းက ပြုံးလိုက်သည်။ သူ့အပြုံးက မပီပြင်လှ။ မချိပြုံးဟု စာရေးသူထင်မိသည်။ သူက ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်လိုက်ရင်းမှ...

'အရှုံးထဲက အမြတ်လို့ ဆိုရမလား ပဲကွာ၊ မိုးကုတ်မှာ ကျောက်လုပ်ရင်း လက်ဖက်ခြောက် အဆက်အသွယ်ရပြီး ရန်ကုန်မှာ လက်ဖက်ခြောက်ဖြန့်ဖြူးဖြစ်သွားတယ်လေ'

'ဒါလဲ မဆိုးပါဘူးကွ၊ တစ်ခုမဟုတ် တစ်ခု ဖြစ်သွားတော့ ကောင်းတာပဲပေါ့'

စိန်ဝင်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

'မင်းက စာရေးဆရာဆိုတော့ ကျောက်တူးတဲ့ အတွေ့အကြုံတစ်ခု ဆက်ပြောလိုက်ဦးမယ်။ စိတ်ဝင်စားဖို့ ကောင်းပါတယ်'

'လုပ်စမ်းပါဦး'

## ဖြစ်ရပ်ဆန်း (၂)

သိန်းကျောက် ရပြီးနောက် ဦးစိန်ဝင်းတို့ သားအဖသည် ဖမ္မူအေး ဆရာတော်အား မကြာခဏ သွားရောက်ကန်တော့ကြသည်။ တစ်နေ့ ဆရာတော့် ကျောင်းပေါ်ရောက်သောအခါ ယောက်ျား လေးယောက်နှင့် ဆရာတော် စကား ပြောနေသည်ကို ကြုံရသည်။

သို့ဖြစ်ရာ ဦးစိန်ဝင်းတို့က ဘုရားကန်တော့ပြီး ဆရာတော်ကို ကန်တော့ကာ ထိုသူများ၏နောက်နားတွင်ထိုင်ကာ သူတို့ပြောသည်ကို နားထောင်ခဲ့ကြသည်။

အသက် (၄၀)ခန့် တွင်းဆရာဖြစ်ဟန်ရှိသူက လျှောက်ထားသည်။

'တပည့်တော်တို့လေးယောက် လူးတွင်းထဲဆင်းပြီး ဖြုန်းတွေအတော်ရလို့ ဆန်ခါလှည့်နေကြတုန်း ခြေချင်းဝတ်သာသာလောက်ရှိတဲ့ရေဟာ တဖြည်းဖြည်း မြင့်တက်လာပါတယ်ဘုရား။ စ,စချင်းတုန်းက တပည့်တော်တို့ သတိမထားမိဘူး။ ဆန်ခါလှည့်ရင်းကနေ ရေဟာ တစ်တောင်လောက်ရောက်လာပါတယ်၊

သိပ်မကြာခင် ရေဟာ ပေါင်လယ်လောက်ဖြစ်လာပါတယ်၊ ဒါပေမယ့် ရေစီးရှိန်မှုမလာပြီး တပည့်တော်တို့နေရာမှာ လာအိုင်နေတာလို့ပဲ ထင်မိပါတယ်၊

ဒါနဲ့ တပည့်တော်တို့လဲ နောက်တက်ကို ဆုတ်ပြီး ဆန်ခါဆက်လှည့်နေပါတယ်၊ ဒါပေမယ့် ရေဟာ ပြန်ကျမသွားဘဲ ကြည့်ရင်းကြည့်ရင်းနဲ့ကို မြင့်မြင့်တက်လာတော့တာပဲ ဘုရား။ တပည့်တော်စိတ်ထဲမှာ ရေဟာ



www.burmeseclassic.com

www.burmeseclassic.com

စီးဆင်းသွားတာတောင် မဟုတ်ဘဲ ခုံးကြွပြီး မောက်တက်လာသလိုတောင် ထင်ရပါတယ်။ ရေကြောင်းဟာလဲ အေးဘက်ကို ပိုပိုပြီးကျယ်ပြန့်လာပါတယ်။

စိတ်ထဲ သက်ာမကင်းဖြစ်လာပြီး မရိုးဘူးထင်လာတာမို့ ပစ္စည်းတွေ အမြန်သိမ်းပြီး အတင်းပြန်ပြေးရတော့တာပါပဲဘုရား။ ဒါတောင် ရေစီးနေတဲ့ ချောင်းလေးဟာ ကျဉ်းကျဉ်းလေး ရှိရာကနေ တဖြည်းဖြည်းချင်း ကျယ်ကျယ်လာပြန်၊ ရေကလဲ မြင့်သထက် မြင့်မြင့်လာနေလို့ ရေထဲကဖြတ်ပြီး လှူးထဲက မနည်းတက်ခဲ့ရပါတယ်ဘုရား။ တပည့်တော်တစ်သက်မှာ ဒီလိုမျိုးလဲ တစ်ခါမှ မကြုံဖူးခဲ့ပါဘုရား'

ထိုဒကာ လျှောက်ထားနေသည်ကို ဆရာတော်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေခဲ့သည်။ လျှောက်ထားမှုဆုံးသောအခါမှ...

'ဒကာတို့လေးယောက်ထဲမှာ တစ်ယောက်ယောက်က အမှားအယွင်းလုပ်မိလို့ ဖြစ်လိမ့်မယ်'

ဟု မိန့်ကြားလေတော့သည်။ ဆရာတော့်စကားအဆုံးတွင် ထိုသူလေးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ငြိမ်သက်နေခဲ့ကြသည်။ တွင်းဆရာက...

'ဟေ့ကောင်တွေ မင်းတို့ ငြိမ်မနေကြနဲ့၊ ဘယ်သူ ဘာလုပ်မိသလဲ ပြန်စဉ်းစားပြီး ပြောစမ်း'

ဟု ငေါက်ငမ်းလိုက်သည်။

ခဏအကြာတွင် အသက် (၃၀)ခန့်ရှိ သူတစ်ဦးက အထစ်ထစ်အငေါ့ငေါ့ဖြင့်...

'ကျွန် ကျွန်တော် ဆန်ခါလှည့်နေရင်း ဆီးအောင့်လာလို့ အဲဒီနေရာမှာပဲ ဆီးသွားခဲ့မိတယ်'



တွင်းဆရာက သူ့နဖူးကိုသူ လက်ဝါးနှင့် ဖြန်းခနဲရိုက်လိုက်ကာ...

'သေပါတော့ ငတုံးရာ။ အဲဒီလို လုပ်စရာလားဟ'

ဆရာတော်က မိန့်ကြားသည်။

'အဲဒီလူးတွင်းက အစောင့်အရှောက်ကြီးတယ်ဒကာ။ သူတို့ပစ္စည်းကို မပေးချင်ရတဲ့အထဲ သူတို့မကြိုက်တာကို လုပ်လို့ ခုလို ဖြစ်ရတာပဲ'

'မှန်ပါ့ဘုရား။ အဲဒီလူးတွင်းမှာ ဖြူန်းအတွက် တော်တော်ကောင်းတယ်ဘုရား။ တပည့်တော်လဲ အားရဝမ်းသာဖြစ်နေတာ ကျောက်ကြီးကြီး အောင်နိုင်မယ်လို့ မျှော်လင့်ခဲ့မိတာဘုရား'

ဟု လျှောက်ထားရင်း သူ့တပည့်ဘက်သို့လှည့်ပြီး ကြိတ်မနိုင်ခဲမရလေသံဖြင့် တောက်ခေါက်ကာ ကြိမ်းလိုက်တော့သည်။

'မင်းတော့ကွာ တောက်'

'ကဲကဲ ဒကာ။ ပြီးတာလဲပြီးပြီ။ ဒေါသလဲ ထွက်မနေပါနဲ့တော့ ဘဝနဲ့ယှဉ်ပြီးရတဲ့ အတွေ့အကြုံတစ်ခု သင်ခန်းစာတစ်ခုလို့သာ သဘောထားပေတော့။ နောက်ဆို ဒီလို အမှားအယွင်းမျိုး မဖြစ်အောင်သာ သတိထားပြီး ဆင်ဆင်ခြင်ခြင် လုပ်သွားပေါ့။ ဟုတ်လား'

'မှန်ပါ့ဘုရား။ ဦးတင်ပါတယ်ဘုရား'

* * *

'အေးကွာ။ မင်းပြောတာလဲ အံ့ဩစရာပဲ။ လူးတွင်းတွေမှာ အစောင့်အရှောက်တွေ ရှိကြတာ မင်းပြောမှပဲ ကြားဖူးတော့တယ်'

စာရေးသူက ပြောလိုက်ရာ စိန်ဝင်းက...

'ဟုတ်တယ်ကွ။ အင်း ဆက်ပြောလိုက်ဦးမယ်။ အဲဒီတွင်းဆရာပြောတာကို ကြားပြီး ငါလဲ အဲဒီလူးတွင်းကို စိတ်ဝင်စားသွားမိတယ်။ ကျောက်တွေက ဖြူန်းထဲမှာပဲ ရောပြီး ရှိတတ်တာကိုးကွ။ ဖြူန်းမတွေ့ရင် ကျောက်ရဖို့အကြောင်း မရှိလှဘူး။

ပြီးတော့ ဒီတွင်းက ဘယ်သူမှ မတွေ့၊ မဆင်းရသေးတဲ့တွင်း ဖြစ်ပုံရတယ်။ ငါလဲ အဲဒီလူကို အသေအချာမှတ်ထားလိုက်တယ်။ ဒီတွင်းဆရာနဲ့ ဆက်သွယ်နိုင်ရင် အဲဒီလူးတွင်းဆီကို သွားနိုင်မယ်ပေါ့။

အကြောင်း တိုက်ဆိုင်တယ်ပဲ ပြောရမလား မသိဘူး။ နှစ်လလောက်ကြာပြီးလို့ ဈေးထဲက လက်ဖက်ရည်ဆိုင်မှာ ငါ လက်ဖက်ရည်ထိုင်သောက်နေတုန်း အဲဒီလူက ငါ့စားပွဲမှာ လာထိုင်ပြီး လက်ဖက်ရည် မှာပါလေရော။

ဒါနဲ့ ငါလဲ စကားရောဖောရောလုပ်ပြီး ကပ်ရတာပေါ့ကွာ။ နောက်တော့ သူ့သူဌေးနဲ့ ခွာပြသွားပြီဆိုတာ သိရတယ်။ ဒါနဲ့ ငါနဲ့ပူးပေါင်းဖို့ပြောတော့ သူကလဲ သဘောတူတယ်လေ။

ငါကတော့ အချိန်အားဖြင့် နှစ်လကျော်လောက်ရှိပြီဆိုတော့ ရေလဲပြန်ကျလောက်ပြီ ရေကျရင် လူးတွင်းထဲ ဆင်းမယ်ဆိုတဲ့ အကြံအစည်နဲ့ မျှော်နေတာပေါ့။ သူကလဲ သူကိုယ်တွေ့ ဖြူန်းအတွက် ကောင်းတယ်ဆိုတော့ ဟန်ကျလောက်ရဲ့လို့ ထင်တာပေါ့ကွာ။

ဒါနဲ့ တစ်နေ့တော့ သူနဲ့ချိန်းပြီး



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလှူးတွင်းကို သွားကြည့်ကြတယ်။ အံ့သြစရာပဲ အေးကြူရေ အဲဒီလှူးတွင်း တစ်ခုလုံး ရွှံ့ဗွက်တွေနဲ့ပြည့်နေလေရဲ့။

နောက် တစ်လ, နှစ်လလောက်နေလို့ သွားကြည့်တော့လဲ ရွှံ့ဗွက်တွေနဲ့ ပြည့်နေတုန်းပဲ။ ဒီလိုနဲ့ သုံး, လေးကြိမ် သွားကြည့်ခဲ့တာ ထူးမလာတာနဲ့ နောက်ဆုံး လက်လျှော့လိုက်ရတော့တယ်။ ဒါတောင် ငါ့မှာ စိတ်မကုန်နိုင်လွန်းလို့ ရန်ကုန်မပြန်ခင် တစ်ခေါက် ရောက်ခဲ့ပါသေးရဲ့။ ရွှံ့ဗွက်တွေနဲ့ ပြည့်နေဆဲပါပဲကွာ'

စိန်ဝင်းက နှမြောတသစွာ စကားကို အဆုံးသတ်လိုက်သည်။

စိန်ဝင်းပြောသမျှကို စိတ်ဝင်တစား နားထောင်နေရင်းမှ စာရေးသူကိုယ်တိုင်ပင် သက်ပြင်းမောတစ်လုံးကို လေးတွဲ့စွာ ချမိသွားရတော့သည်။

'ဘယ့်နှယ်လဲ သူငယ်ချင်း နားထောင်ရင်း ရင်မောသွားပြီလား။ ဟင်း ဟင်း ဟင်း'

စိန်ဝင်းက သူ့စကားကို သူ သဘောကျစွာ ရယ်မောလိုက်သည်။ ပြီးမှ ဆက်ပြောလာသည်။

'ဒါက ငါ့ကိုယ်တွေ့ ကျောက်မအောင်တဲ့ အတွေ့အကြုံပေါ့ကွာ။ ကျောက်အောင်တဲ့ အတွေ့အကြုံကို ကြားလိုက်ရင်တော့ မင်းလဲ ချက်ချင်းကို ကျောက်တူးချင်စိတ် ပေါက်လာမလား မသိဘူး'

သူက စာရေးသူကို စေ့စေ့ကြည့်ကာ ပြုံးထေ့ထေ့ လုပ်နေသည်။ စာရေးသူက...

'ကဲပါကွာ ဈေးကိုင်မနေစမ်းပါနဲ့။ ဝမ်းသာစရာရှိရင်လဲ ဝမ်းသာပြီး မုဒိတာပွားရအောင် ပြောစမ်းပါဦး'

'ကြည့်မြင်တိုင် ညဈေးက ကော်ရည်ခေါက်ဆွဲကောင်းတယ်ကွ'

'ဟော့ကောင် စကားခေါ်မနေနဲ့။ စာမူခရရင် အဝကျွေးမယ်'

'အမယ်လေး မင်းစာမူခ ရမှ စားရမှာဆိုရင်တော့ ငါ့လည်ပင်း ကိုးတောင်ပြည့်လိမ့်မယ် ထင်တယ်'

'မကြာပါဘူးကွ အလွန်ဆုံးကြာလှ တစ်နှစ်ပေါ့။ အပယ်မခံရရင်လေ'

စကားအဆုံးတွင် နှစ်ဦးသား သဘောကျစွာ ရယ်မောမိကြသည်။ ပြီးမှပင် စိန်ဝင်းက...

'ကဲ ပြောပါမယ်ကွာ။ ကျောက်အောင်သူတစ်ယောက် အကြောင်းဆိုတဲ့ ခေါင်းစဉ်နဲ့ပေါ့နော်။ ခုန ပြောခဲ့တာတွေက ကျောက်အနည်းငယ်အောင်သူနဲ့ ကျောက်မအောင်သူအကြောင်းပေါ့ ဟုတ်လား'

စာရေးသူက သူ့စကားကို တုံ့ပြန်လိုက်သည်။

'ရက်ဆား'

## ဖြစ်ရပ်ဆန်း[၃]

'အမျိုးသားနာမည် ကိုလှရွှေ၊ သူ့ဇနီးသည်ရဲ့ နာမည်က မလှမြင့်လို့ ဆိုပါတော့။ သူတို့က မန္တလေးမှာနေတာ ချမ်းသာသူတွေပဲ ဆိုပါတော့။ ဗုဒ္ဓဘာသာဝင်တွေတော့ မဟုတ်ကြဘူး။ ဘာသာခြားတွေပဲ။ သူတို့ဇနီးမောင်နှံ မိုးကုတ်ကို တက်လာပြီး ကျောက်လာတူးကြတာ။

စကားစပ်လို့ ပြောရဦးမယ်။ ကျောက်တူးတဲ့ လှူးတွင်းဆိုရာမှာ နှစ်မျိုးရှိတယ်၊ တစ်မျိုးက သဘာဝလှူးတွင်းလို့ပြောရမယ်။ အဲဒီလှူးတွင်းတွေကတော့ မိုးကုတ်မြို့နယ်ထဲမှာ နေရာအနှံ့ပဲ။

ပြောရရင်တော့ သဘာဝအလျောက်ဖြစ်ပေါ်နေတဲ့တွင်းတွေ။ အထဲမှာတော့ လိုဏ်ခေါင်းတွေပေါ့။ ဟိုးတစ်ချိန်တုန်းကတော့ ကြိုက်တဲ့တွင်းထဲဆင်း ဖြုန်းရှာ ဆန်ခါလှည့် ကံထိုက်သလို ရမယ်ပေါ့။

နောက်တစ်မျိုးကတော့ လူလုပ်တဲ့ လှူးတွင်းလို့ ဆိုရမယ်။ အဲဒါကတော့ တွင်းဆရာရဲ့ အဆုံးအဖြတ်နဲ့ ကိုယ်တိုင် မြေကိုတူးပြီး ဖြုန်းကိုရှာတာ။

ဥပမာပြောရရင် များသောအားဖြင့် သုံးပေပတ်လည်လောက် လူတစ်ကိုယ်ဝင်သာရုံလောက် မြေကိုတူး၊ မြေစာတွေထုတ် မြေအောက်ကို ငါးပေတစ်ဆက်လောက်ထိတူး။ ပြီးရင်ဘယ်ဘက်ကို ဆက်တူးရမယ်ဆိုတာကို တွင်းဆရာက ဆုံးဖြတ် ဆက်တူးပေါ့။

အပေါ်က မြေမပြိုအောင်တော့ တကူးထောက်တွေထည့်၊ ဘေးနံရံကိုလဲ လိုအပ်သလို ထောက်ထား။ အဲဒီလိုမျိုးတစ်ခါ အောက်ကို ငါးပေတစ်ဆက်လောက် ဆက်တူး။

ဒီလိုနဲ့ မြေအောက်ကို ဆက်တူးသွားတာ။ ဒါလဲ ကြွက်တွင်းလိုပါပဲ။ မြေအောက်မှာ မြွေလိမ်မြွေကောက်ပဲ၊ ဖြုန်းရှိနိုင်မယ့်နေရာကို လိုက်တူးသွားရတာကိုး။ ငွေကုန်ကြေးကျ အလွန်များတဲ့အလုပ်ပါပဲ။

ကိုလှရွှေက ငွေကြေးတတ်နိုင်တော့ အဲဒီလို လူတူးတဲ့ လှူးတွင်းတူးတာ တခြားအကြောင်းတွေလဲ အများကြီးပေါ့ကွာ။ ဒါပေမယ့် လှူးတွင်းကသာ တစ်ဆက်နဲ့တစ်ဆက် နက်သထက်နက်သွားတယ်။ ကျောက်ကတော့ မျှော်မှန်းထားသလောက် တန်ဖိုးကြီးကြီးမရဘူး ဖြစ်နေခဲ့တယ်။

ရက်တွေ ကြာလာသလောက်၊



www.burmeseclassic.com

www.burmeseclassic.com



တွင်းက နက်လာသလောက် အရင်းအနှီးကများပြီး ကြာတော့ "ပြာ"လာတော့တာပေါ့။ လူးတွင်းကိုလဲ ဆက်တောင်မတူးနိုင်တဲ့ အခြေအနေထိ ရောက်လာတယ်။ ဆက်တူးဖို့ ငွေကြေးအင်အားက မရှိတော့လို့ ရပ်ကို ရပ်ထားလိုက်ရတော့တယ်။

အဲဒီလို ဘာဆက်လုပ်ရမှန်း မသိလောက်အောင်ဖြစ်နေတုန်း သူ့မိတ်ဆွေတစ်ယောက်က ဗမ္မာအေး ဆရာတော်ဆီသွားဖို့ တိုက်တွန်းတယ်။

ပထမတော့ သူတို့က ဘုန်းကြီးဆီ ဘယ်သွားချင်ပါ့မလဲ။ ဒါပေမယ့် သူလဲ သိနေတယ်။ ဆရာတော် ကယ်မ,ပေးလိုက်လို့ အနည်းနဲ့အများ အဆင်ပြေသွားကြတယ် ဆိုတာတွေကိုလေ။ ကြံရာမရတဲ့အဆုံး သူတို့ ဆရာတော်ဆီ ရောက်သွားကြတယ် ဆိုပါတော့။

ဆရာတော်က မေးတယ်။

'ဘာကိစ္စရှိလို့လဲ ဒကာ'

'တပည့်တော်က မန္တလေးကပါဘုရား။ ကျောက်လာတူးတာ အဆင်မပြေဘူး ဘုရား။ ရှိသမျှလဲ ကုန်ပါပြီ။ အဲဒါကြောင့် ဆရာတော့်ဆီ အားကိုးတကြီး လာခဲ့ရတာပါဘုရား'

ဆရာတော်က ပြန်မေးတယ်။

'ဒကာက ဗုဒ္ဓဘာသာဝင် မဟုတ်ဘူး မဟုတ်လား'

'မှန်လှပါ တပည့်တော် ဗုဒ္ဓဘာသာဝင် မဟုတ်ပါဘုရား'

'ဒါဆိုရင်တော့ ဘုန်းကြီး ဒကာ့ကို ဘာမှ မကူညီနိုင်ပါဘူး။ ပြန်ကြပါ'

ဆရာတော်က စကားလဲဆုံးရော နေရာက ထသွားပါလေရော၊ ကိုလှရွှေတို့လဲ ပါးစပ်အဟောင်းသားနဲ့ ကျန်ခဲ့တော့တာပေါ့။

နောက်တစ်ပတ်လောက် ကြာတော့ သူ့မိတ်ဆွေတွေရဲ့ တိုက်တွန်းချက်အရ ဆရာတော့်ဆီ လှူဖွယ်ဝတ္ထုတွေနဲ့ ရောက်သွားပြန်ရော။ ဒါပေမယ့် ဆရာတော်ကလဲ ပြတ်ပြတ်သားသားပဲ ငြင်းလွှတ်လိုက်တယ်။ သူတို့လဲ စိတ်ပျက်လက်ပျက်နဲ့ ပြန်ခဲ့ရပြန်တာပေါ့။

ဒါပေမယ့် ကိုလှရွှေကလဲ ဖွဲမလျှော့ဘူး။ ဆရာတော့်ဆီ ထပ်ကာထပ်ကာ သွားတယ်။ သူ့အတွက်က ကောက်ရိုးတစ်မျှင်ပဲလေ။ တခြားအားကိုးစရာမှ မရှိတော့တာ။ နောက်ဆုံး ဆရာတော်ကို ခြေသလုံးဖက်ပြီး တောင်းပန်တယ်။ ဆရာတော်ကလဲ သူတို့ကို ကရုဏာ သက်သွားတယ် ထင်ပါတယ်။

'ကဲ ကောင်းပြီ။ ဘုန်းကြီး တတ်နိုင်လောက် ကူညီမယ်။ ဒါပေမယ့် ဘုန်းကြီးကို ကတိတစ်ခု ပေးရမယ်။ တကယ်လို့ ကျောက်အောင်ရင် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူပါ့မယ်ဆိုတဲ့ ကတိပဲ။ အဲဒီကတိကို ပေးနိုင်မလား'

ကိုလှရွှေတို့လဲ ဒီစကားကြားတော့ အတော်လန့်သွားကြတာပေါ့။

'တပည့်တော်တို့ကို တစ်ပတ်လောက် စဉ်းစားခွင့်ပေးပါဘုရား'

လို့ ခွင့်တောင်းပြီး ပြန်ခဲ့ကြတယ်။ သူတို့လင်မယား အကြိမ်ကြိမ် တိုင်ပင်ကြတာပေါ့။ ဘာသာပြောင်းရင် သူတို့ အသိုင်းအဝိုင်းရဲ့ အကြည့်ခံရမယ့်အရေးက အခိုးဆုံးပေါ့။ ဒါပေမယ့် နောက်ဆုံးမှာ ဆုံးဖြတ်ချက်ချခဲ့ကြတယ်။ သူတို့မှာ စီးပွားပျက်သလောက် အခြေအနေကို ရောက်နေပြီကိုး။ ဆရာတော့်ဆီသွားပြီး...

'တပည့်တော်တို့ ကတိပေးပါတယ်ဘုရား'

လို့ လျှောက်ထားလိုက်တယ်။ ဆရာတော်က ဖယောင်းတိုင် ပေးလိုက်တယ်။ တွင်းဝမှာ အုန်းငှက်ပျောပွဲပေးပြီး တစ်တိုင်ထွန်းပြီးရင် လူးတွင်းထဲ တစ်တိုင်ယူသွားပြီး ထွန်းလို့မှာတယ်။

"မနက်ဖြန်ခါ နေ့လယ်(၁၂)နာရီ မကျော်ဘူး။ စအိုမှာ ရလိမ့်မယ်"တဲ့။

ဒါနဲ့ ကိုလှရွှေတို့လင်မယားလဲ အားရဝမ်းသာ ပြန်ခဲ့ကြတယ်'

စာရေးသူက စိန်ဝင်းစကားကို ဖြတ်မေးမိသည်။

'နေပါဦး မသိလို့ မေးစမ်းပါရစေဦး။ မင်းပြောတဲ့ စအိုမှာ ရလိမ့်မယ်ဆိုတော့ စအိုဆိုတာက ဘာလဲ'

'ဩော် မင်းကလဲ ဒါက ကျောက်သမားတွေရဲ့စကား။ **စအိုဆိုတာက လူးတွင်းရဲ့ အလယ်တည့်တည့် အောက်ခြေ**လို့ ဆိုတာကွ။ ကဲ ရှင်းပြီလား'

'ဩော် အေးအေး ဟုတ်ပါပြီ။ ဆက်ပြောပါဦး'



www.burmeseclassic.com

www.burmeseclassic.com

'ဒါနဲ့ နောက်နေ့မနက်ကျတော့ ဆရာတော်ပြောတဲ့အတိုင်း သူ့အချိန်ကိုက် ပွဲပေး၊ ဖယောင်းတိုင်ထွန်းပြီး လူးတွင်းကို ဆက်တူးကြတယ်။ တကယ်ပဲကွာ နေ့လယ်(၁၂)နာရီ မထိုးခင် မိနစ်ပိုင်းလောက် အလိုမှာပဲ ကျောက်ကြီးတစ်လုံး ရတယ်။ တကယ့်ကို အောင်သွားတာမောင်။ ဘယ်လောက်တန်မယ် ထင်သလဲ'

စိန်ဝင်းက စာရေးသူကို အကဲစမ်းသလို မေးလာသည်။

'အင်း မင်းပြောတဲ့စကား အသွားအလာအရ တော်တော်တန်ဖိုးကြီးလိမ့်မယ်ထင်ပါရဲ့'

'အေး မင်းသိရင် သွားရည်ကျလိမ့်မယ်။ ဟား ဟား ဟား ဟား'

'ပြောစမ်းပါဦး ဘယ်လောက်တန်သလဲ'

'သိန်းသုံးထောင် ကျော်တယ်ကွ။ ဟိုးခေတ်ကဆိုတော့ မင်း စဉ်းစားကြည့်ပေါ့။ နေ့ချင်းညချင်းကို ချမ်းသာသွားတော့တာပေါ့'

'ဒါနဲ့ သူတို့လင်မယားရော ဗုဒ္ဓဘာသာဝင်တွေ ဖြစ်သွားကြလား'

'အို ဖြစ်တာပေါ့ကွာ။ ဆရာတော့်ဆီသွား၊ လှူလိုက်တာတွေ ဆိုတာလဲ သူတို့နာမည် ကမ္ပည်းတွေနဲ့ အများကြီးပါပဲ။ ဆရာတော့် ဒကာရင်းတွေ ဖြစ်သွားတာပေါ့'

'ခု အဲဒီဆရာတော် ရှိသေးလား'

'ရှိပါ့မောင် ရှိပါ့ရှိပါ့။ ဒါပေမယ့် ဆရာတော့်ကျောင်းက ရိပ်သာကြီး ဖြစ်သွားပြီကွ။ မင်းသွားလို့ မရတော့ဘူး။ တရားအားထုတ်ချင်ရင်တော့ သွားပေါ့ ဟား ဟား ဟား'

'အေးပါ ထားပါတော့'

စာရေးသူက စဉ်းစားရင်း ပြောမိ



သည်။

'တို့ အစက စကားကို ပြန်ကောက်ရရင်တော့ ဒါဟာ အတိတ်ကံ ပါလာလို့ပဲကွ နော်'

'မိတ်ဆွေကောင်း ရှိခြင်းဆိုတာကိုလဲ ဒီကိစ္စမှာ မေ့လို့မရဘူးနော်'

'မြတ်စွာဘုရားက ကြီးပွားချမ်းသာကြောင်း ဟောခဲ့ရာမှာ အရှင်အာနန္ဒာကို **"အာနန္ဒာ လောကမှာ မိတ်ကောင်းဆွေကောင်းသာ မှန်မှန်ကန်ကန် ရရှိမယ်ဆိုရင် ကောင်းသောအရာမှန်သမျှ ဘယ်အရာမဆို ပြီးပြည့်စုံနိုင်တယ်"**လို့ ကလျာဏမိတ္တသုတ်မှာ မိန့်ကြားခဲ့တယ် မဟုတ်လား။

ဒီနေရာမှာ မိတ်ကောင်းဆွေကောင်း ဆိုတဲ့စကားနဲ့ မှန်မှန်ကန်ကန် ရရှိမယ်ဆိုရင်ဆိုတဲ့ စကားတွေဟာ အတော့်ကို ကျယ်ဝန်းနက်နဲတယ်လို့ ငါထင်တယ်၊ ခုလဲ ကြည့်လေ ဖမ္ဘူအေးဆရာတော်ဟာ ကိုလှရွှေအတွက်တော့ တကယ့်ကိုပဲ မိတ်ကောင်းဆွေကောင်းကို မှန်မှန်ကန်ကန် ရရှိခြင်းပဲ မဟုတ်လား'

'နို့ မင်းလဲ ဆရာတော့်ဆီ ရောက်တာပဲ မဟုတ်လား၊ မင်းကတော့ သူ့လို မကြီးပွားပါလား စိန်ဝင်းရ၊ အင်း မတုပအပ်ရာ(၄)ပါးဆိုတဲ့ အသံ ရယ်၊ ဉာဏ်ရယ်၊ ကံရယ်၊ ဆံ (ဆံပင်) ရယ်လို့ ရှိရာမှာ မင်းရဲ့ကံက အဲဒီ ကိုလှရွှေရဲ့ကံကို မမီဘူးထင်ပါရဲ့နော်'

'ငါတင်မကပါဘူး၊ တခြားသူတွေလဲ ဆရာတော့်ဆီ ရောက်ကြတာပါပဲ၊ အားလုံးတော့ ကိုလှရွှေလို ချမ်းသာမသွားကြပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ ငါလဲ ဆရာတော်နဲ့တွေ့လို့ ထိုက်သလောက်တော့ ရခဲ့တာပဲမဟုတ်လား။ ဒါလဲ ကလျာဏမိတ္တသမ္ပဒါလို့ပဲ ဆိုရမှာပေါ့'

'အေးကွာ ငါ့ကောက်ချက်ကတော့ စက်လေးပါးထဲမှာပါတဲ့ ပုဗ္ဗေစကတပုညတာဆိုတဲ့ အတိတ်က ကောင်းမှုကုသိုလ်ရှိခြင်းဆိုတာဟာ ဘဝမှာအတော့်ကို အရေးပါတယ်လို့ ထင်တာပါပဲ။

ဘာဖြစ်လို့လဲ မေးရင် မကြံဘဲနဲ့လဲ ဖြစ်တတ်သလို ကြံလျက်နဲ့လဲ ပျက်တတ်တယ်လို့ ဆိုတာကိုးကွ။ အဲဒါကိုက ကံကိုညွှန်းသလို ဖြစ်နေတယ်လေ။ ကဲ အချိန်လဲ အတော်လင့်သွားပြီ ပြန်လိုက်ဦးမယ် သူငယ်ချင်းရေ'

စာရေးသူက ထိုင်ရာမှ ထလိုက်သည်။ စိန်ဝင်းက...

'တို့ ကြုံတဲ့အခါ ဆက်ဆွေးနွေးကြသေးတာပေါ့ကွာ။ ဒါထက် မင်း စာမူခရရင် ငါ့ကို လာကျွေးဖို့တော့ မမေ့နဲ့နော် ဟား ဟား ဟား'

**(အမည်နာမများကို လွှဲပြောင်းရေးသားထားပါသည်။ ဤဇာတ်လမ်းအား ပြောပြပေးခဲ့သော ငယ်သူငယ်ချင်း ဝင်းစိန်တို့မိသားစုအား အထူးကျေးဇူးတင်လျက်)**

**မောင်အေးကြူ (*စီးပွားရေး*)**



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါများ

# အသက်ကယ်ပင်



ေလာက်သေပင်

စာရေးသူအနေနဲ့ အဲဒီလို နာမည်ပေးရခြင်းမှာ သတ္တဝါများကို မေတ္တာရှေ့ထား ကယ်ချင်သောကြောင့် ဖြစ်ပါတယ်။ စာရေးသူကိုယ်တိုင် သုံးစွဲဖူးသော ဆေးပင်လဲဖြစ်၊ စာရေးသူတို့ အလယ်ပိုင်းဒေသများတွင် ပေါက်သော အပင်ဖြစ်ပြီး အလွယ်တကူလဲ တွေ့ရှိနိုင်တယ်။

ပထမဦးစွာ အကျိုးပြု ပြောချင်တာကတော့ စာရေးသူမိတမှာ သွားရောဂါ ဖြစ်ပါတယ်။ သွားရောဂါဖြစ်သော သွားများနာပြီး၊ ပါးစပ်အတွင်းမှအနံ့ဆိုးများထွက်သော် စာရေးသူအနေ အလယ်ပိုင်းဒေသ (နဖုံးဆေးပင် (ခေါ်) လောက်သေပင်အရွက်)ကို (၃)ခွက်၊ (၁)ခွက် ကျိုပြီး ရေအနွေးလေးကို ပါးစပ်ထဲငုံပြီး (၂)မိနစ်၊ (၃)မိနစ်ခန့် ထားပြီး ထွေးပစ်ပါ။ ထိုအခါ သွားကိုက်ခြင်း၊ ပါးစပ်နံခြင်းများ ပျောက်ပါတယ်။

ဈေးသည်များအနေနဲ့လဲ မိုးဦးကာလမှာ ငါးပိဆိုင်များမှာ "ငါးပိနဲ့လောက်"၊ "ရွှေနဲ့ကျောက်" ဆိုသကဲ့သို့ လောက်တွယ်ခြင်းမှ ကာကွယ်ရန် အရွက်များကို ငါးပိအိုးများနဲ့ အိတ်များအပေါ်တွင်ထားခြင်းဖြင့် လောက်တွယ်ခြင်းမှ ကာကွယ်နိုင်ပါတယ်။

တိရစ္ဆာန်များမှာလဲ နွား၊ ဆိတ်၊ ကျွဲများမှာ ဖြစ်တတ်သော ခွာနာများကို ခွာအတွင်းရှိ လောက်များ သေစေရန် လောက်သေရွက် (ခေါ်) နဖုံးဆေးပင်၏ အရွက်များကို ထောင်းထုပြီး၊ အရည်များကို ခွာနာများအတွင်းသို့ အထပ်ထပ် နာရီခြား ညှစ်ထည့်ခြင်းဖြင့် လောက်များကို သေစေပြီး သက်သာပျောက်ကင်းစေပါတယ်။

စာရေးသူအနေနဲ့ စာရေးသူ၏ ဇာတိမြို့တွင်းရှိ လမ်းတွင် တစ်ခါတလေ မြို့ထဲမှ အချို့သော ခွေးများမှာ ပိုင်ရှင်များ ဆေးနည်းမသိတာလား၊ ဒါမှမဟုတ် မကုတတ်တာလား မသိပါ။ ခွေးများ နားများမှာ အပုပ်လိုက်ကာ လောက်များ တဖွားဖွား မြေပြင်သို့ ကျရောက်ကာ ခွေးများမှာ မခံရပ်နိုင်အောင် ခံစားရပါတယ်။

စာရေးသူအနေနဲ့ တိရစ္ဆာန် ချစ်တတ်တဲ့သူထဲမှ တစ်ယောက် အပါအဝင် ဖြစ်သောကြောင့် ခွေးပိုင်ရှင်များကို ပြောချင်တာကတော့ အဲဒီလိုဖြစ်တဲ့ ခွေးများကို စာရေးသူပြောတဲ့ **နဖုံးပင် (ခေါ်) လောက်သေရွက်ပင်မှ အရွက်ကိုထောင်းပြီး၊ ယင်းဖြစ်နေသော ခွေးများ၏ နားထဲ၊ ခြေခွကြားထဲရှိ အနာခေါင်းများထဲသို့ ညှစ်ပေးခြင်းဖြင့် တစ်နေ့ (၃)ကြိမ်လုပ်ပေးခြင်းဖြင့်၊ (၇)ရက်အတွင်း ခွေးများ၏ အသက်ကို ကာကွယ်နိုင်ပါတယ်**။

ဤသို့ဖြင့် သတ္တဝါများ၏ အသက်ကို တစ်ပင်လုံး အသုံးပြုနိုင်သောကြောင့် သတ္တဝါများ အသက်ကယ်အပင်ဟု စာရေးသူအနေနဲ့ တင်စားအမည်ပေးခြင်း ဖြစ်ပါတယ်။

**ငှခါး(အောင်လံ)**



# သွားဖုံး

## အဖုအကျိတ်

## သက်သာပျောက်ကင်းဆေးနည်း

အာခံတွင်းရောဂါ စွဲကပ်သူတွေ များပြားလှပါတယ်။ သွားနာ၊ သွားကိုက်၊ သွားဖုံးရောင်နေသူတွေဟာ နေဝင်မိုးချုပ် အပုပ်ချိန်မှာ ပြင်းထန်စွာ အော်ဟစ်ခံစားနေရတယ်။

ရွာရိပ်ဝန်းကျင်၊ လယ်ယာ ခြံစည်းရိုးမှာ အလေ့ကျ ရှင်သန်ကြီးထွားတဲ့ **သပွတ်ခါးသီး အစိုအား ကျောက်ပျဉ်မှာ အနှစ်ရအောင်သွေးပါ။** မနက်တစ်ကြိမ်၊ အိပ်ရာဝင်တစ်ကြိမ် အာခံတွင်း အနှံ့အပြား ပွတ်တိုက်ပေးရမယ်။

သွားဖုံးအဖုအကျိတ် ဖြစ်ပွားရာ အဓိကထား ပယ်ပယ်နယ်နယ် သိပ်ရမှာပါ။ အချိန်တိုရက်ပိုင်းအတွင်း သက်သာ ပျောက်ကင်းသွားလိမ့်မယ်။ **သပွတ်ခါးသီးအစို မရရင် အခြောက်ကို ရေနဲ့စိမ်ပြီး အနှစ်ရအောင် ပြုရမှာပါ။**

သပွတ်ခါးသီးအမှုန့်အနှစ် ခန္ဓာကိုယ်အတွင်း ဝင်သွားလို့ ဘေးဥပဒ်အန္တရာယ် မဖြစ်ပွားတာ အမှန်ပါ။ နေ့စဉ် သွားတိုက်ဆေးအဖြစ် အသုံးပြုကြည့်ပါ။ နာကျင်ကိုက်ခဲမှု သိသာထင်ရှား ကင်းစင်သွားပါလိမ့်မယ်။


**လွင်လွင်မော်(စက)**



www.burmeseclassic.com

www.burmeseclassic.com





◄ ဆိုင်အဝင်မှ သစ်တံခါးမှာလဲ တစ်မျိုး ထူးခြားနေပါတယ်

◄ ဆိုင်အတွင်း ရှေးချထားတဲ့ သစ်တံခါး

## အန္တရာယ်ကင်း လာဘ်ရွှင်စေသော

# သစ်တံခါးများ

ကျွန်မတို့ ကရင်ပြည်နယ်ဘက်မှာတော့ မြန်မာလို **'သစ်တံခါး'**၊ ကရင်တိုင်းရင်းသား ဘာသာစကားနဲ့တော့ **'သိန်းတလောင့်'**လို့ ခေါ်ဆိုကြပါတယ်။

ကျွန်မတို့ အဖော်တစ်စု ဘုရားဖူးအပြန်မှာ မြိုင်ကလေး ဖိုးရှိုးမှာရှိတဲ့ လက်မှာစားသောက်ဆိုင်မှာ ဝင်ရောက်ပြီး ထမင်းကြော် ဝင်စားကြပါတယ်။ ထမင်းကြော် စားကြရင်း ဆိုင်ရဲ့အတွင်းခန်းကို ကြည့်လိုက်တော့ ရှေ့ချထားတဲ့ သစ်တံခါးကြီးတစ်ခုကို တွေ့ရပါတယ်။

အဲဒီပစ္စည်းမျိုးကိုတော့ တချို့အိမ်များ ဈေးဆိုင်များတွင် တွေ့မြင်ရတတ်ပါတယ်။

'ဘယ်လိုကောင်းပါသလဲ'

လို့ ဆိုင်ရှင်ကို မေးကြည့်တော့...

'ဒီလို ဆရာမတို့ရဲ့... သစ်တံခါးက သစ်ပင်တစ်ပင်မှာ တံခါးကြီးတစ်ခုလို ဝိုင်းဝိုင်းမျိုး ရှိတတ်သလို ပုံစံအမျိုးမျိုးနဲ့လဲ သဘာဝအတိုင်း ဖြစ်ပေါ်နေတတ်ပါတယ်။ သိဒ္ဓိအချို့ ရှိနေတယ်လို့ ရှေးလူကြီးသူမတွေ ပြောကြပါတယ်'

'ဘယ်လိုသိဒ္ဓိမျိုးလဲ၊ ဘယ်လိုကောင်းတာလဲဆိုတာ ဗဟုသုတအဖြစ် ပြောပေးပါဦး'

'သစ်တံခါးရဲ့ အစွမ်းက ကိုယ့်ကို သူများတွေ မကောင်းကြံစည်လို့ မရဘူး။ စုန်းတိုက်၊ နတ်တိုက် ဘယ်လိုအင်းတိုက်တွေနဲ့မှလဲ ကြံစည်လို့မှ မရပါဘူး။ လာဘ်ရွှင်တယ်ဆိုတာတော့ ဦး ယုံကြည်ပါတယ်။

ဒီရှေ့ချထားတဲ့ သစ်တံခါးကြီး ရပြီးတဲ့နောက်ပိုင်းမှာ ထီပေါက်တာ နှစ်ခါ ရှိပါပြီ။ တိုက်ဆိုင်တယ်လို့ပဲ ဆိုရမလားဘဲ။ ဦးလေးတို့ ဒီဆိုင်ကလေးက မြိုင်ကလေး–ဘားအံ သွားတဲ့ ကားလမ်းဘေးမှာ ရှိပေမယ့် နားအေးပါးအေး လာစားသောက်ကြတဲ့သူတွေ များပါတယ်။ ဆရာမတို့ ဝင်လာတဲ့ တံခါးဝ အပေါ်မှာလဲ သစ်တံခါးလေးတစ်ခုရှိပါတယ်'

လို့ ပြောရင်း ပြသပေးပါတယ်။

သဘာဝသစ် သစ်တံခါးများကား ကျွန်မတို့ ကရင်ပြည်နယ်အနှံ့ အိမ်ဆိုင်များတွင် ချိတ်ဆွဲထားတာကို တွေ့မြင်ရပါတယ်။ သစ်တံခါးအကြောင်းကိုတော့ သိသူများ ရှိသလို မသိသူတွေလဲ ရှိပေမယ်။ သို့ပါ၍ ဗဟုသုတအဖြစ် ရေးသားတင်ပြလိုက်ပါတယ်။

အနန္တမေတ္တာများဖြင့်...


**အင်ကြင်းမေ**
**(ပညာရေး ဘာသာ)**





www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင် ကြည်မောင်မြင့်

# မယ်ဒွိုင်း သည်ဒွိုင်း . . ကို (၂)

**ယခင်လမှ အဆက်**

ကျမ်းစာ (၂)စောင်စလုံး ဖိုမီးခလို့ ပြာကျသွားတော့ ဦးစန္ဒောဘာသ စိတ်သက်သာရာ ရသွားပုံပေါ်တယ်။ ဘယ်ညာ လက်နှစ်ဖက်ကို လက်ဝါးချင်း ပွတ်တယ်။ မီးရဲနေတဲ့ ဖိုခွင်ကိုလဲ ကေသီနဲ့ ဖုန်းခနဲ ဖုန်းခနဲ ခါတယ်။ ပြာတွေက လွင့်ပျံ့သွားပြန်တယ်။ ဒေါသတကြီးနဲ့ ဖိုရုံကို တံခါးပိတ်ပြီး ကျောင်းပေါ်ကို တက်သွားတယ်။

ကျမ်းစာ မီးခလို့ ရလာတဲ့ပြာတွေက ဆရာတော့် ရှေ့နောက်ဝဲယာ ခြံရံပြီး လိုက်သွားတယ်။

အဲဒီလို ကိစ္စဝိစ္စတွေ ပြီးသွားလို့ (၇)ရက်လောက်အကြာမှာ ဆရာတော် ဦးစန္ဒောဘာသရဲ့ကျောင်းကို အသက် (၈၀)ကျော်၊ (၉၀)နီးနီး အဘိုးကြီးတစ်ယောက် ရောက်လာတယ်။

အဘိုးကြီးက ဆရာတော့်ကို ရှိခိုး ဦးချ ဝတ်ဖြည့်ပြီးတော့ ဆရာတော့်ကျောင်းမှာ ခေတ္တခဏ တည်းခိုပါရစေ။ ရှေ့ခရီး မဆက်ခင်လေးတင်ပါ မကြာပါဘူးဘုရားလို့လဲ ထပ်လျှောက်ပြန်တယ်။

ဆရာတော်က ဘုန်းကြီးကျောင်းသားတွေ အိပ်တဲ့ ဇရပ်တစ်ဆောင်မှာ နေရာချထားလိုက်တယ်။

အဘိုးကြီးက ကျောင်းသားတွေနဲ့ ရောရောနှောနှော နေတတ်၊ ထိုင်တတ်တယ်။ လိုက်လိုက်လျောလျောနေတယ်။ ညမှာတော့ အဘိုးကြီးက ကျောင်းသားတွေကို ပုံပြောတယ်။

ဘိုးဘိုးအောင်အကြောင်း၊ စကြာမင်းလေးအကြောင်း၊ ပုဂံပြည်က ရှင်အဖွဲ့ဂေါဏ ဆရာတော်အကြောင်း၊ ကောင်းကင်ပျံတဲ့အကြောင်း၊ မြေလျှိုးတဲ့အကြောင်း၊ ထမင်းမဆာ အာဟာရ သိဒ္ဓိပြီးတဲ့အကြောင်း၊ တုတ်၊ ဓား၊ သေနတ် ပြီးတဲ့အကြောင်း စတာတွေပဲ။

ကျောင်းသားတွေက အဘိုးကြီးကို သဘောကျကြတယ်။ အဘိုးကြီးကို "အဘိုး"လို့ ခေါ်ကြတယ်။ ပုဆိုးကို ဒူးပေါ်ပေါင်ပေါ် တင်ထားပြီး ထိုင်နေတဲ့ အဘိုးကြီးဘေးမှာ ကျောင်းသားတွေ ဝိုင်းနေကြတယ်။

ဆရာတော် ဦးစန္ဒောဘာသ





www.burmeseclassic.com

www.burmeseclassic.com


သီတင်းသုံးတဲ့ ကျောင်းမကြီးရဲ့ အပေါ်ထပ် ပြတင်းပေါက်ကို ဖွင့်ပြီးကြည့်လိုက်တော့ ကြည်နူးဖွယ်မြင်ကွင်းကို ထင်းခနဲ မြင်လိုက်ရတယ်။ အဘိုးကြီးက အလာကြီးပဲလို့ မှတ်ချက်ချမိတယ်။

အဲဒီအချိန်မှာ အဘိုးကြီးက "**ဆရာကောင်းထံ နည်းမခံ ဂုဏ်မာန်တကြွားကြွား**"လို့ တိုင်ပေးတယ်။ ကျောင်းသားတွေကလဲ သံပြိုင် လိုက်ဆိုကြတယ်။ ထပ်ကာထပ်ကာ တိုင်တယ်။ အားရပါးရ ဆိုကြပြီးတဲ့နောက် အိပ်ကြတော့တယ်။

အဘိုးကြီးကတော့ဖြင့် မအိပ်ဘူး။ ဇရပ်အပြင်ကို ထွက်ထိုင်နေတယ်။ တစ်ညလုံး ထိုင်နေတယ်။ အအေးမမိဘူး။ မဖျားဘူး။ နောက်နေ့မှာ အကောင်းပကတိ ကျန်းကျန်းမာမာ နှာစေး ချောင်းဆိုးတောင် မရှိဘူး။

နောက်နေ့ အရုဏ်ဆွမ်း စားနေတုန်း ဒီအဘိုးကြီးဟာ ဒူးပေါ်ပေါင်ပေါ်ထိုင်တယ်။ တစ်ညလုံးလဲ မအိပ်ဘူး။ အသက်ကလဲ (၈၀)ကျော် (၉၀) နားနီးနီး။ ဇရာက ပြတာလား။ သူငယ်ပြန်တာလား၊ နဂိုနေတတ်တဲ့ အကျင့်လား၊ မေ့မေ့လျော့လျော့ကြီးလား၊ ခရီးပန်းလာလို့လားနဲ့ လား လားတွေ အများကြီးကို ဆရာတော်တွေးတယ်။ ခဏပါပဲ။ မေ့မေ့ပျောက်ပျောက် ဖြစ်သွားတယ်။ ဆွမ်းဘုဉ်းပေးပြီးတော့ အဘိုးကြီးကို သွားခေါ်ခိုင်းတယ်။

ဆွမ်းဝိုင်းကိုချ ကျောင်းသားတွေ စားဖို့ ထမင်းဝိုင်းပြင်တယ်။ အဘိုးကြီးကိုလဲ တစ်ခါတည်း ဝင်စားခိုင်းတယ်။ ကျောင်းသားတွေက ဆွမ်းဟင်းခွက်တွေ ထိုးထိုးပေးတော့ ဆွမ်းဟင်းခွက်တိုင်းကို မယူဘူး။ ဟင်းတိုင်းမစားဘူး။ ထမင်းလဲ သိပ်များများ မစားဘူး။



ဆရာတော် လှမ်းကြည့်တော့ တစ်ပန်းကန်ပဲ။ ဒါတောင်မှ လျော့လျော့လေး။ အသက်ကြီးလို့ အစားဆုတ်တယ် ထင်ပါရဲ့လို့ တွေးတယ်။

အရုဏ်ဆွမ်းစားအပြီး တစ်နာရီလောက်အကြာမှာ ဆရာတော် စာဝါချတယ်။ ဦးပဉ္စင်းတွေ၊ ကိုရင်တွေ၊ ကျောင်းသားတွေ ရွတ်သံဖတ်သံ၊ စာအံသံတွေ ညံသွားတယ်။ အဘိုးကြီးက ဇရပ်ဘေးပတ်ပတ်လည်က မြက်တွေကို နုတ်နေတယ်။

စာဝါချအပြီး ကျောင်းသားတွေ၊ ကိုရင်တွေ၊ ဦးပဉ္စင်းတွေ နေ့ဆွမ်းအတွက် ဆွမ်းခံထွက်ကြတော့ အဘိုးကြီးက ဆရာတော် သီတင်းသုံးတဲ့ ကျောင်းမကြီးဘေးက မြက်တွေကို နုတ်နေတယ်။ ပါးစပ်ကလဲ ပွစိပွစိနဲ့ ရွတ်နေသံကို ဆရာတော် ကြားရတယ်။ အကြိမ်ကြိမ်အဖန်ဖန် ရွတ်နေတာ။ သေသေချာချာ နားစိုက်ပြီး ထောင်လိုက်တော့ "**ဆရာကောင်းထံ နည်းမခံ ဂုဏ်မာန်တကြွားကြွား**"

အဘိုးကြီးက ဆရာတော်ကို ရိပ်ကာသီကာ လျှောက်နေတာ။ စောင်းပါးရိပ်ခြည် လျှောက်နေတာ။ ရိပ်ဖမ်းသံဖမ်းပြောရင် ရိပ်မိလောက်မယ် ထင်တယ်နဲ့ တူပါရဲ့။

ဆရာတော် နေ့ဆွမ်းဘုဉ်းပေးပြီးတော့ ကျောင်းသားတွေ ဇရပ်မှာ ပြန်ပြီး ခဏအိပ်ကြရတယ်။ အဘိုးကြီးလဲ ဇရပ်မှာ အိပ်နေတယ်။ ကျောင်းသားတွေ အိပ်ရာကနိုးလို့ စာတွေ အံကြတော့ စာတွေပြန်ကြတော့ အဘိုးကြီးက အိပ်တုန်းပဲ။

နေ့ စာဝါချပြီးတော့ ညနေ (၃)နာရီ ထိုးပြီ။ ကျောင်းသားတွေ ရေတွင်းမှာ ရေခပ်ကြရတယ်။ ရေတွင်းကြီးက တိမ်ပေမယ့် စက်သီးတပ်ပြီးတော့ အုန်းဆံကြိုး တုတ်ကြိုးနဲ့ ဆွဲကြရတာ။ တုတ်ကြိုးကြီး ဟိုဘက်ဒီဘက်မှာ ကျောင်းသားတွေ နေရာယူကြတယ်။ ဆွဲကြတယ်။

ဆရာတော်က ကျောင်းသားတွေ ရေဆွဲနေတာကို ကြည့်နေတုန်း အဘိုးကြီး ကျောင်းသားတွေဆီကို ရောက်လာတယ်။ သူလဲ ဆွဲမယ်တဲ့။ ပုဆိုးတိုတို ဝတ်ထားတယ်။ ဆွဲတယ်၊ ဆွဲတယ်။ နောက်တော့ ကျောင်းသားတွေကို ဖယ်ခိုင်းတယ်။ သူတစ်ယောက်တည်း ဆွဲမယ်တဲ့။

ပြေး ပြေးပြီးဆွဲလိုက်တာ တစ်ပုံးပြီး တစ်ပုံးပဲ။ ခဏနဲ့ အုတ်ကန်တစ်လုံး ပြည့်သွားတယ်။ ကျောင်းထဲ၊ ဇရပ်ထဲ ကုဋီထဲမှာ ရေတွေပြည့်သွားတယ်။ မီးဖိုချောင်တောင် မကျန်ဘူး။ ကျောင်းသား (၂)ယောက်စီ၊ (၂)ယောက်စီ ရေအိုးတစ်လုံးဆီကို တစ်ယောက် လက်တစ်ဖက်စီဆွဲလို့... အဘိုးကြီးကလဲ တစ်ယောက်တည်း ဆွဲလို့... ဆွဲတဲ့ ရေပုံးကြီးက အကြီးကြီး။

မောပုံမပေါ်ဘူး။ ရေတွင်းအဖုံးပေါ်မှာထိုင်ပြီး ရေပုံးထိန်းပေးတဲ့ ကျောင်းသား စက်သီးကြားမှာ လက်ညပ်ပါမသွားတာ တော်ပါသေးရဲ့။ အဲဒီညနေ ကျောင်းသားတွေ ရေကောင်းကောင်း မဆွဲလိုက်ကြရဘူး။

တစ်နေ့တော့ ဆရာတော် ရှင်ပြု အလှူတစ်ခုကို ကြွရတယ်။ အလှူက



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော့်ကျောင်းမှာ လုပ်တာပါ။ ကျောင်းသားကလဲ ဆရာတော့်တပည့်ပေါ့။


အလှူရှင်က ပိုက်ဆံချမ်းသာတော့ အိမ်မှာ မဏ္ဍပ်ထိုးတယ်။ နာမည်ကျော် ဆိုင်းကို ငှားတယ်။ ကျောင်းရှိ သံဃာ ကုန်ပင့်တယ်။ အဲဒီအပြင် အလှူရှင် သက်စေ့ သံဃာတော်များကိုပင့်တယ်။ အလှူနေ့ အရုဏ်ဆွမ်းကို ကျောင်းမှာ လာကပ်တယ်။

နေ့ဆွမ်းဘုဉ်းပေးဖို့နဲ့ အလှူရေစက် ချ တရားဟောဖို့ အလှူအိမ်ကို ဆရာတော် ကြွရတယ်။ ဦးပဥ္စင်းတွေရော၊ ကိုရင်တွေရော ဆရာတော်နဲ့ ပါသွားတယ်။ ကျောင်းသား (၅)ယောက်လဲ လိုက်သွားရတယ်။ ကျန်တဲ့ ကျောင်းသားတွေက ကျောင်းမှာ အဘိုးကြီးနဲ့ ကျန်ခဲ့တယ်။

အလှူရေစက်ချတရား ဟောကြားချီးမြှင့်ပြီး သာဓုအနုမောဒနာ အသံတွေ ဘဝင်ညံသွားတယ်။ အချိန်ကလဲ ညနေ (၃)နာရီထိုးပြီ။ အလှူအိမ်ကနေ ကျောင်းကို ဆရာတော် ပြန်ကြွပြီ။

ကျောင်းအဝင်မှာ ကျောင်းဝင်းထဲက ဆူညံအော်ဟစ်သံတွေ ကြားရတယ်။ ကျောင်းရှေ့က ရေတွင်းနားက အသံတွေပဲ။ မြင်တော့ မမြင်ရသေးဘူး။ ကွယ်နေတယ်။ ကျောင်းထဲကို အဝင်မှာ တောင်ကုန်းဆန်ဆန် အတက်ကလေးတစ်ခုရှိတယ်။ မော့တက်ကလေး၊ တက်သယောင်ယောင်လေးပါ။ အဲဒီကုန်းအတက်ထိပ်မှာ ဇရပ်တစ်ဆောင်က မြင်ကွင်းကို ကွယ်နေတယ်၊ အသံသာကြားရတယ်။ ဟိုဘက်ကလဲ မမြင်ရဘူး။ ဒီဘက်ကလဲ မမြင်ရဘူး။

ဇရပ် တံစက်မြိတ်အရောက်မှာ ဆရာတော်က လက်ပြပြီး အရပ်ခိုင်း



တယ်၊ ဇရပ်ကိုကွယ်ပြီး ကြည့်လိုက်ပါချေတော့... အဘိုးကြီးက ကျောင်းသားတွေနဲ့ ကျည်းသားရိုက်နေတာပါလား။ အဘိုးကြီးက ဖမ်းတဲ့အလှည့်။ ဆရာတော်က ရှေ့ဆက်မလှမ်းဘဲ ကြည့်နေလေတော့ ဦးပဥ္စင်းတွေ၊ ကိုရင်တွေ၊ ကျောင်းသားတွေ ရပ်ကြည့်နေကြရတယ်၊

ကျည်းသားရိုက်မယ့်သူက ဖိုးသိန်း၊ ကျောင်းသား... ဘုန်းကြီးကျောင်းသား ဆိုပေမယ့် အသက်က (၁၇)နှစ်ကျော်ပြီ။ ရှင်လူထွက်တာ ဘာကြာသေးတုန်း။ ရဟန်းဘောင် တက်မလို့ အားယူနေတာ။ ကြည့်နေကြတဲ့ မြင်ကွင်းမှာ ဖိုးသိန်းက စကြာရိုက်မယ့်ဟန်ကို တွေ့ရတယ်။ ဟုတ်တယ်။ စကြာရိုက်လိုက်တယ်။

ဖိုးသိန်းက စကြာအရိုက် ပုဆိုးကွက်ထောက်ကို ခါးတောင်းကျိုက်ထားတဲ့ အဘိုးကြီးကလဲ အခုန်၊ အရိုက်နဲ့အခုန်။ တော်တော်မြင့်တာပဲ။ အဘိုးကြီးက အာကာပျံဝဲ လေထုထဲမှာ ကျည်းသားကို ဖမ်းတယ်။ မိတယ်ဗျာ။ အံ့ဖွယ်မြင်ကွင်း။

အဘိုးကြီး ခုန်ရာက ပြန်အကျ လက်ထဲက ကျည်းသားကို လွှတ်လိုက်တယ်။ ကွက်တိပဲ။ ဒုံတိုင်ကို ထိသွားပြီ။ ဖိုးသိန်းရှုံးပြီ။

အဘိုးကြီးရိုက်တဲ့အလှည့်... ကျည်းသားကို ရိုက်ကွက်အစဉ် ခြေမ၊ ဆင်စွယ်၊ ဖယ်လယ်၊ အဖျင်း၊ ထမင်းဆုပ် စတာတွေ မရိုက်ဘူး၊ နောက်ဆုံး ရိုက်ကွက် စကြာကိုပဲ ရိုက်ကွက်ကျတယ်၊ အတော့တောင် မရိုက်ဘူး။ စကြာမှစကြာ။

ကျည်းသားလေးကို ဘယ်လက်နဲ့ကိုင် ညာလက်က ကိုင်ထားတဲ့ ကျည်းသားရိုက်တုတ်ပေါ်တင်ပြီး ထိထားတယ်။ ကျည်းသားကို မြှောက်ပြီး ကျည်းသားရိုက်တံနဲ့ လှည့်တယ်။ စကြာလှည့်တယ်။

တစ်ကြိမ်လှည့်တယ်၊ နှစ်ကြိမ်လှည့်တယ်၊ သုံးကြိမ်၊ လေးကြိမ်၊ ငါးကြိမ် အထိလှည့်ပြီး ကျည်းသားကို ကျည်းသားရိုက်တံနဲ့တွဲပြီး ခေါ်သွားတယ်။ ကျည်းသားကလဲ ကပ်ပါသွားတယ်။ မြေမကျဘူး။ (၅)ကြိမ်လောက် လှည့်အပြီးမှာတော့ ကျည်းသားကို မြှောက်ပြီး ရိုက်လိုက်တယ်။

လေထုကို ဖောက်ထွင်းပြီး ဝှီးခနဲ မြည်ပြီးထွက်သွားတယ်။ ဘယ်ကျောင်းသားမှ မဖမ်းနိုင်ဘူး။ ဘယ်ရောက်သွားလဲ မသိကြဘူး။ အံ့ဩစရာ လက်တွေ့၊ မျက်တွေ့မြင်ရတဲ့ အဖြစ်ဆန်း။

ဆရာတော် ခြေစလို့ လှမ်းပြီ။ တပည့်တွေလဲ နောက်တော်ပါးက ထပ်ကြပ်မကွာ ဖဝါးထပ်မျှ လိုက်ကြရပြီ။ ကျည်းသားရိုက်တဲ့ ကွင်းကို ရောက်တော့ အဘိုးကြီးက ဆရာတော်ကို လက်အုပ်ချီမိုး ရှိခိုးကန်တော့တယ်။

ခါးတောင်းကျိုက်ကြီး တကျားကျားနဲ့ ပေါင်နှစ်ဖက်က ထိုးကွင်းတွေဆိုတာ ပြောင်လို့၊ မျက်နှာကြီးက ပြုံးတုံ့တုံ့ကြီး။ ဘယ့်နှယ်လဲ မြင်တယ်မဟုတ်လား ဆိုတဲ့သဘော။

ဥပုသ်နေ့ဆိုတော့ စာဝါချ[illegible]တယ်။ နားတယ်။ အဖိတ်[illegible] နေ့ တစ်ဝက် နေ့ခင်းပိုင်း စာ[illegible]နားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဝင်းထဲက သရက်ပင်တွေမှာ ရင့်နေတဲ့ သရက်သီးတွေကို ခူးကြတယ်။ ဦးပဉ္စင်းတွေ၊ ကိုရင်တွေ၊ ကျောင်းသားတွေ အဖွဲ့ အဖွဲ့တွေ ခွဲပြီး ခူးကြတယ်။

အောက်ကနေ တံချူနဲ့ခူးကြ၊ အပင်ပေါ် တက်ပြီးတော့ ခူးကြနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး။ အလုပ်လုပ်ရင်း ပျော်နေကြတယ်။ သရက်သီးခူးတဲ့ နေရာကို အဘိုးကြီး မယောင်မလည်နဲ့ ရောက်လာတယ်၊ သူလဲ ခူးမယ်ပေါ့။ ကျောင်းသားတွေက ပျော်ကြတယ်။ အဘိုးကြီးကို ချစ်လဲချစ်ကြတယ်။ ကူပြီး ခူးပေးတော့မယ်ဆိုတာ သိနေကြသလိုပဲ။

ဆိုကောင်းမြည်ကောင်းပဲ။ ခါချဉ်ရှိတဲ့ သရက်ပင်ကြီး တစ်ပင်ကို ခူးကြတဲ့ ကိုရင်တွေ၊ ကျောင်းသားတွေ သရက်ပင်ပေါ် မတက်နိုင်ကြဘူး။ တက်ဖို့ဝေးစွ အောက်ကနေပြီး တံချူနဲ့ ခူးတာတောင် ခါချဉ်က ကိုက်တယ်။ ဘယ်လိုမှ နှိမ်နင်းလို့ မရဘူး။ လက်မှိုင်ချရပြီ။

အဲဒီသရက်ပင်နားကို အဘိုးကြီး ရောက်လာတယ်။ သူ တက်မယ်တဲ့။ ကျောင်သားတွေ၊ ကိုရင်တွေက လက်ခုပ်လက်ဝါးတီးလို့ အားပေးကြတယ်။ တစ်ချိန်တည်းမှာပဲ အဘိုးကြီးတော့ ခါချဉ်တွေ သီးနေအောင် ကိုက်တော့မှာပဲလို့လဲ တွေးနေကြတယ်။

သရက်ပင် အခြေလုံးပတ်က ကြီးတယ်။ အဘိုးကြီး သရက်ပင်ခြေရင်း ရောက်တဲ့အခါ ခါးတောင်းမြှောင်အောင် ကျိုက်တယ်။ ကြိုးတစ်ချောင်းကို ခါးမှာချိတ် နောက် သရက်သီးထည့်မယ့်အိတ်ကိုယူ သရက်ပင်ကို ခုန်ပြီးဖက်လိုက်တယ်။



ကွာမကျဘူး။ တောက်တဲ့တစ်ကောင် ကပ်နေတဲ့အတိုင်းပဲ။ ပေါင်တံ ထိုးပြီး တက်တယ်။ ပေါင်တံ ထိုး, ထိုးပြီး တက်သွားလိုက်တာ ရှဉ့်ကလေး တစ်ကောင် တက်သွားတဲ့ အတိုင်းပဲ… မြန်ဆန်လိုက်တာ လိုက်မမီနိုင်ဘူး ကြည့်စမ်း။

သရက်ပင်ပေါ်ကို အဘိုးကြီး ရောက်သွားတော့ တစ်ကိုင်းက တစ်ကိုင်းကို အကူး သရက်သီးတွေ ခူးပုံက မျောက်တောင် ခေါင်းမူးပြီး ရှုံးလောက်တယ်။ ကြိုးကို သရက်ကိုင်းကြီးတစ်ကိုင်းအပေါ်ကိုတင်၊ ကြိုးတစ်စကို တခြားအကိုင်းမှာ ယာယီချည်၊ နောက်တစ်စကို သရက်သီးထည့်မယ့် အိတ်ကို ချည်တယ်။

ခူးလို့ရတဲ့ သရက်သီးတွေကို အိတ်ထဲထည့်ပြီး ကြိုးကို လျှော့လျှော့ ချပေးတယ်။ အောက်က သိမ်းတဲ့သူတွေ မနိုင်ဘူး။ ခါချဉ်တွေကလဲ မကိုက်ကြဘူး။ ခါချဉ်အုံတောင် မပျက်ဘူး၊ ကျောင်းသားနဲ့ ကိုရင်တွေသာဆိုရင်…

ဆရာတော် မြရွာ အလှူကနေ ပြန်ကြွလာတဲ့နေ့။ ကျောင်းဝရောက်တယ်ဆိုရင်ပဲ အော်သံ၊ ဟစ်သံတွေ ညံနေအောင် ကြားရတယ်။ အကျယ်ကြီးမှ အကျယ်ကြီး။ အသံကြီးက ဟိန်း ဟိန်းထွက်လာတယ်။ ဟေးခနဲ လက်ခေါက်မှုတ်သံ၊ လက်ခုပ်တီးသံတွေ ကြားရတယ်။ ကြည့်လိုက်လေတော့…

အပြေးပြိုင်ပွဲကြီး ကျင်းပတော့မလို့ပါလား။ အဘိုးကြီးက ကလေးတွေနဲ့ ပြိုင်မှာ အသင့်အနေအထား။

ကျောင်းသားတွေက အားအင်တွေ တိုးပြီး ဖွံ့ဖြိုးနေကြတဲ့ တက်သစ်စ အရွယ်၊ နုပျိုဆန်းသစ်စ ကိုယ်ခန္ဓာ စည်ပင်ဖွံ့ဖြိုးနေတဲ့အချိန်။ အဘိုးကြီးက အဲဒီကျောင်းသားတွေနဲ့ အပြေးပြိုင်မယ်ဆိုတော့ နိုင်မလား။ ဝေးစွ ရှုံးမယ် … လက်ရှောင်။

ခုခေတ်လိုဆို ဒိုင်ချုပ်နဲ့ ဒိုင်နဲ့ လက်ထောက်ဒိုင်နဲ့ အမှတ်ပေးဒိုင်နဲ့လို့ ပြောရမယ်ထင်တယ်။ စည်းတွေလဲ တားလို့။ ပြေးလမ်းတစ်လျှောက်က ဖြောင့်ဖြောင့်ကြီး။ ပန်းအဝင်မှာတော့ နွယ်ကြိုးကို ဟိုဘက်ကတစ်ယောက်၊ ဒီဘက်ကတစ်ယောက် ကျောင်းသား (၂)ယောက်က ကိုင်ထားကြတယ်။

စပြေးမယ့် နေရာမှာ စောင့်တဲ့သူကလဲ ဟိုဘက်တစ်ယောက်၊ ဒီဘက်တစ်ယောက်။ ပန်းအဝင်နွယ်ကြိုးထိပ်မှာ တာဖမ်းမယ့်သူက ဟိုဘက်တစ်ယောက် ဒီဘက်တစ်ယောက်။ ဟိုဘက်ဒီဘက် တစ်ယောက်စီ၊ တစ်ယောက်စီ၊ ပြေးလမ်းထဲကို တချို့ကျောင်းသားငယ်တွေ ဝင်မလာနိုင်အောင် ကာကွယ်တားဆီးကြမယ့် ကျောင်းသားကြီးတွေက ပြေးလမ်းဘေး တစ်ဖက်တစ်ချက်မှာ နေရာယူထားကြတယ်။

---

ရှေ့လ ဆက်ဖတ်ပါရန်

---

ရွှေတောင် ကြည်မောင်ဆွေး




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရ ရထားနှင့်

ဝိညာဉ်နွား

ရောမြေ ကျော်ဝေ



(၁၉၆၀-၁၉၇၅)ခုနှစ်အတွင်းက ရေနွေးငွေ့စက်ခေါင်း YB-YC အမျိုးအစားများ

'တူ…တူ…တူ…တူ'

ဟူသော နားဝင်ချိုသော ရေနွေးငွေ့ စက်ခေါင်းလေးက တူသံပေသံများ ကြားရသည့် စက်ရုံကြီးထဲမှ ထွက်ခွာလာခဲ့ပါပြီ။

ရထား စက်ခေါင်းပေါ်မှာကတော့ တာဝန်ရှိသူ ဝန်ထမ်းသုံးယောက်က ရထားတွဲနောက်ဆုံး ရထားထိန်း၏ ခရာတွတ်သံနှင့် အလံစိမ်းကို မျှော်လင့်စောင့်စားရင်းနှင့် ရထားနောက်ပိုင်းကို မကြာခဏ တစ်ယောက်တစ်လှည့်စီ ကြည့်နေကြရတာပေါ့။

ရထားမထွက်မီမှာ မီးထိုးတာဝန်ကို ယူထားသူ မောင်သောင်းကလည်း မီးပေါင်, ရေပေါင် မကျအောင် ကျောက်မီးသွေးနှင့် ထင်းများကို အချိုးကျ ထိုးနေသလို ဆီလောင်းတာဝန် ယူထားသူ မောင်ထွေးကလည်း လိုအပ်သလို ဆီလိုက်၊ ကျောက်မီးသွေး ထုနေသလို တာဝန်ခံ စက်ခေါင်းမောင်း စက်ဗိုလ် ကိုကြာရွှေကလည်း မီးဂိတ်, ရေဂိတ် မှန်,မမှန် စစ်ဆေးကြည့်ရှုပြီး အရန်သင့်ပင် ဖြစ်နေပြီ။

ထိုအချိန်က ရထားလမ်းပိုင်းများ ကောင်းမွန်ရခြင်းမှာ ရာသီဥတုနှင့် သဘာဝဘေးဆိုးကြီးများ မရှိခြင်း ကြောင့်ပင် ဖြစ်ပါသည်။ သတ်မှတ်ထားသော မိုင်နှုန်းထက် ပိုမောင်းခြင်း မရှိကြသော်လည်း ဘူတာအဝင်အထွက် တော့ အချိန်မှန်ပါသည်။

ဟသ်ာတ၊ ပုသိမ်၊ ကြံခင်းဟူသော ရထားလမ်းပိုင်းများတွင် ထိုစဉ်အချိန် အခါက ဒီဇယ်ရထားစက်ခေါင်းများ ပြေးဆွဲခြင်း မရှိသေးပါ။ ဟသ်ာတ၊ ပုသိမ်၊ ကြံခင်း အစုန်အဆန်ရထား (၄)စီးမှာ လူစီးလော်ကယ်ရထားများ ဖြစ်ကြသလို ကုန်ရထားကတော့ ပုသိမ်နှင့် ကြံခင်းအတွက် အဝင်ရှိပြီး အထွက်မရှိသလိုအထွက်ရှိပြီးအဝင်မရှိသောတစ်ရက်ခြား ဆန်နှင့်စပါးရထားများသာ ပြေးဆွဲခြင်းသာဖြစ်ပါသည်။

အပိုစက်ခေါင်းအတွက် ရှန်တိန် (ခေါ်) တွဲရွှေ့စက်ခေါင်း တစ်ခေါင်းသာလျှင် စက်ရုံတွင် မြဲမြဲစွဲစွဲရှိပါသည်။ စက်ဗိုလ်၊ မီးထိုး၊ ဆီလောင်းတို့ကို အတွဲလိုက် အလှည့်ကျစနစ်ဖြင့် ဖွဲ့စည်း၍ ပေးထားပါသည်။

လွတ်လပ်ရေးအောင်ပွဲ၊ ပြည်ထောင်စုပွဲနှင့် မေဒေးနေ့ အလုပ်သမားပွဲတော်နေ့များတွင်လည်း စက်ခေါင်းများကို ပြိုင်ပွဲအဖြစ် ဆုပေးရာတွင် သန့်ရှင်းသေသပ်လှပမှုကို ပထမ၊ ဒုတိယ၊ တတိယနှင့် ဖွဲ့ဆုအဖြစ် ဌာနဆိုင်ရာ လူကြီးများက ပေးကြပါသည်။

ထိုပြိုင်ပွဲတွင် စက်ခေါင်းမောင်း ဦးကြာရွှေတို့ ဆရာတပည့်သုံးဦးက ပထမဆုကို နှစ်စဉ် ရရှိကြပါသည်။ လမ်းပိုင်းများတွင် အပျက်အစီး စက်ချို့ယွင်းမှုများ မရှိသဖြင့်ဦးကြာရွှေက…

'ငါ့စက်ခေါင်းလေးက ဂမ္ဘီရ ရထားလေးပါကွာ'

ဟု မကြာခဏ ဆိုသလို သူ့တပည့်တွေကို ပြောပြလေ့ ရှိပါသည်။

တစ်နေ့တွင် ဦးကြာရွှေတို့ ဆရာတပည့်သုံးဦး မောင်းနှင်လာသော ရထားလေးသည် ပုသိမ်မှ ထွက်လာရာတွင် အချိန်မှန်ပါသော်လည်း လူစီးတွဲတစ်တွဲ ဘီးပူသဖြင့် ရေကြည်ဘူတာတွင် ဖြုတ်ထားပြီး ခရီးသည်များကို ကျန်ရထားတွဲများပေါ်သို့ ပြောင်းရွှေ့နေရာယူစေပြီးမှ ဆက်မောင်းခဲ့ရသဖြင့် ခမောက်စုဘူတာသို့ ရောက်ချိန်တွင် ညနေ(၅)နာရီထိုးပြီး ဖြစ်သလို ရထားစက်ခေါင်းကလည်း ရှေ့ကို မောင်း၍ မသွား နောက်ဘက်ကို ဆုတ်ပြန်တော့ ရှောရှောရှူရှူပင်။

'မီးပေါင်အပြည့်၊ ရေပေါင်အပြည့် အားလုံး ဖူးပါပဲ'

www.burmeseclassic.com

ဟု မီးထိုး ကိုမောင်သောင်းက ပြောသော်လည်း စက်ဗိုလ် ကိုကြာရွှေက စိတ်ပျက်စွာဖြင့် ''တောက်''ဟု တက်ခေါက်ပြီး...

'မောင်ထွေး... စက်ခေါင်းဘီးတွေနဲ့ ဆက်သွယ်ထားတဲ့ ရထားမောင်းတံတွေကိုသေချာအောင်စစ်ဆေးစမ်းကွာ'

ဟု ပြောဆိုပြီး သူကိုယ်တိုင်လည်း လိုက်ကြည့်ပါသည်။ သို့သော် ဘာမျှမတွေ့ အားလုံး ကောင်းမွန်ပါသည်။

သူက မကျေနပ်၊ ရှေ့ ယုံသလင်းဘူတာဘက်ကို မောင်းလျှင် လုံးဝမသွား၊ နောက်ဘက် ဒိုက်ပျက်ဘက်သို့ မောင်းလျှင် စက်ခေါင်းက ခပ်သာသာ နောက်ပြန်သွား၏။ သူ ဘဝင်မကျနှင့် မတင်မကျ ဖြစ်နေမိသည်။

'ခက်တာပဲကွာ... စက်ခေါင်းက ဒီနေ့ကျမှ ဘယ်လိုဖြစ်ပါလိမ့်'

ဟုပြောဆိုပြီး စိတ်ပျက်ပျက်ဖြင့် ဘူတာထဲမှ ခုံတန်းလျားပေါ်တွင် ပက်လက်လန်၍ စဉ်းစားနေပေတော့သည်။

ဘူတာ တာဝန်ကျရုံပိုင်က...

'ဘယ်လိုလဲ စက်ဗိုလ်ကြီး... ဟသ်ာတကို အကူစက်ခေါင်း တောင်းလိုက်ရမလား'

ဟု ဆိုသောအခါ ဦးကြာရွှေက...

'နေပါဦး ရုံပိုင်ကြီးရယ်၊ ကျုပ်တို့ ကြိုးစားကြည့်ပါဦးမယ်'

ဟု ပြောဆိုပြီး စက်ခေါင်းကို ဖြုတ်ပြီး၊ တွဲဆိုင်းနောက်မှ ချိတ်ပြီး တွန်းကြည့်ရာတွင် ဘူတာရပ်ဝန်းမှ အလံအချက်ပြတိုင်ရှေ့ အရောက်တွင် ရထားတွဲဆိုင်းက ဆက်လက်မသွားတော့ဘဲ တုံ့ခနဲ ရပ်၍သွားလေသည်။

အဘယ်ကြောင့်ဆိုသော် နွားဖြူကြီးတစ်ကောင်သည် သံလမ်းအလယ်တွင် ရပ်ပြီး ရထားတွဲကို ခြေစုံပစ်ပြီး ဇော့လိုက်သဖြင့် ထို ဖြူသောနွားကြီးလည်း ဖင်ထိုင် လဲကျသွားပြီး ထိုနေရာမှာပင် ပျောက်သွားလေတော့သည်။

ရထားတွဲပေါ်မှ ခရီးသည်တချို့က ထိုနွားကြီး ပျောက်သွားပုံကို မယုံကြ။ တွဲအောက်ပိုင်းများသို့ လက်နှိပ်ဓာတ်မီးများဖြင့် ထိုးကြည့်ပြီး ရှာကြပါသော်လည်း ထိုနွားကြီး၏ အစအနကိုပင် မတွေ့ကြရပါ။

ထိုအချိန်တွင် ည(၇) နာရီ မှောင်စပျိုးနေပြီ ဖြစ်သည်။ တွဲဆိုင်းကို ဘူတာရုံထဲသို့ ပြန်ဆွဲပြီး စက်ခေါင်းကို ဖြုတ်ပြီး ယုံသလင်းဘူတာဘက်သို့ ဦးတည်၍ ချိတ်ဆွဲပြီး မောင်းနှင်သွားသောအခါ ရှောရှောရှူရှူပင် မောင်း၍ ရခဲ့လေသည်။ ပရလောကမှ နွားဖြူကြီး၏ ဝိညာဉ်သည် တိရစ္ဆာန်ဘဝမှာ ရထားက တိုက်၍ သေဆုံးသွားခဲ့ခြင်းပင် ဖြစ်သော်လည်း အစွဲဝိညာဉ်နှင့် ကံစီမံရာ၏ စေခိုင်းချက်ဖြင့် မကျွတ်မလွတ်ဘဲ ခြောက်လှန့်၍ နေခဲ့သည်မှာ ကြာလှပေပြီ။

ထိုနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဦးကြာရွှေတို့ ဆရာတပည့်သုံးဦးက ရေကြည်ဘူတာတွင် အရက်သောက်မိကြသည်။ ရထားတာဝန် ထမ်းဆောင်သည့်အခါတိုင်းတွင် အရက်သောက်ခြင်းမှ ရှောင်ကြသော ဆရာတပည့်များအတွက် အရက်သောက်ခြင်းကို မကြိုက်သော ဂမ္ဘီရ ရထားစက်ခေါင်းကပင် ပညာပေးလေရော့သလား သို့တည်းမဟုတ် ဝိညာဉ်နွားဖြူကြီးကပင် သတိပေးလေရော့သလား၊ လားပေါင်းများစွာဖြင့် ဦးကြာရွှေနှင့် ဆရာတပည့်များ အတွေးကိုယ်စီဖြင့် ရထားကြီးကို မောင်းနှင်ခဲ့ရသည်။

ဤ ဂမ္ဘီရဆန်သော ရထားကလေးနှင့် ဝိညာဉ်နွားဖြူကြီးကလည်း **(၁၉၆၀ပြည့်နှစ်နှင့် ၁၉၇၀ပြည့်နှစ်၏ ကြားကာလက ဖြစ်ရပ်မှန်တစ်ခုပင် ဖြစ်ပါသည်။)** ဤဖြစ်ရပ်မှန်ကို ပြောပြပေးသူမှာ စာရေးသူ၏ ဖခင်ကြီး ရွှေမိနောက်မီ ဦးအုံးမောင် (စက်ပြင်ဆရာကြီး)ပင် ဖြစ်ပါသည်။

ယခု ဖခင်ကြီးက ကွယ်လွန်သွားခဲ့သည်မှာ သုံးနှစ်ပင် ရှိခဲ့သလို တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစား ယူသွားကြသော ဆောင်းပါးအမည်ပါသူများ ဖြစ်ကြသည့် **(၁)စက်ဗိုလ်ကြီး ဦးကြာရွှေ၊ (၂)မီးထိုးကြီး ဦးသောင်း။ (၃) ဆီလောင်းကြီး ဦးထွေးတို့သည်လည်း** ဆင့်ကဲဆင့်ကဲ ရာထူးများတက်ပြီး ယခင်စက်ဗိုလ်၊ ယခု စက်ခေါင်းမောင်း (ခေါ်) စက်ခေါင်းမှူးဘဝများနှင့်ပင် ကွယ်လွန်သွားခဲ့ကြသည်မှာ ကြာပေပြီ၊

သူတို့ အသက်ရှင်သန်လျက် ရှိနေဦးမည် ဆိုပါလျှင် အသက်(၉၀နှင့်၉၅) ဝန်းကျင်ပင် ဖြစ်နိုင်မည်ဟု ထင်မှတ်ရပါသည်။

ထိုသူတို့ လှုပ်ရှား ရုန်းကန်နေသော (၁၉၆၀-၆၂) အချိန်ကာလများတွင် စာရေးသူက အသက်(၁၂)နှစ်အရွယ် အလယ်တန်းကျောင်းသား (၆)တန်းပင် ရှိနေပေပြီ။ ယခု စာရေးသူ အငြိမ်းစားယူပြီး၍ အသက်(၆၀)ပင် ကျော်ခဲ့လေပြီ။

ရှေးဖြစ်နောက်ဟောင်း ဂမ္ဘီရဆန်သော ရထားအကြောင်းကို တွေးတောမိသဖြင့် ဤကဲ့သို့ ဂမ္ဘီရ ရထားနှင့် ဝိညာဉ်နွားဟူသော ဖြစ်ရပ်မှန်ကို အမည်နာမများ မပြောင်းလဲဘဲ ရေးသားလိုက်ရပါတော့သည်။

***ရှင်လန်း ချမ်းမြေ့ကြပါစေ။***

**ရောမြေ ကျော်ဝေ**



www.burmeseclassic.com

www.burmeseclassic.com

# ဆေးပင်အောက်မှာ

ဆေးပျောက်နေသူ

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့က စာရေးသူသည် ဗာဒံပင် သုံးပင်ကို နေအိမ်ရှေ့တွင် မှတ်မှတ်ရရ စိုက်ပျိုးခဲ့ပါသည်။

ဗာဒံပင် ဆိုသည်မှာ အရိပ်အာဝါသ ရသည်၊ အပင်မှ အကိုင်းထွက်ပုံက ပဒေသာပင်ပုံနှင့် တူ၍ လှပသည်။ ဗာဒံစေ့ကို စားလို့ရသည်။ အိမ်ရှေ့တွင် စိုက်ထားပါက မင်္ဂလာရှိသည် ဆိုတာလောက်ပဲ သိခဲ့ပါသည်။

ဗာဒံပင်နှင့် ပတ်သက်ပြီး အကျိုးထူးသည့် အသိတစ်ခု ရခဲ့တာကတော့ ယခုနှစ် ဖွန်လထဲကပါ။ စာရေးသူ၏ ဖနီး မနီနီဝင်းမှာ သွေးတိုးရောဂါ ရှိသူတစ်ဦးပါ။

လွန်ခဲ့သော ဆယ်နှစ်ကျော်လောက်ကစလို့ သွေး မကြာခဏ တိုး၍ ဆရာဝန်အား ပြသကာ ဆရာဝန်၏ ညွှန်ကြားချက်အရ သွေးညှိဆေးကို နေ့စဉ် နံနက် တစ်လုံး၊ ညနေ တစ်လုံး သောက်နေရသူ ဖြစ်ပါသည်။

အစားအသောက်လည်း ဆင်ခြင်ရပါသည်။ သို့သော် ဖွန်လထဲက နေ့တစ်နေ့မှာ ရုတ်တရက် သွေးတိုးလာ၍ ခေါင်းမူးပြီး အိပ်ရာထဲတွင် လှဲနေပါသည်။

ထိုအချိန် စိုင်ပြင်ကြီးရွာမှ တူမတော်သူ ခင်စန်းမြွေသည် ဒီပဲယင်းကို ရုံးကိစ္စတစ်ခုနှင့် လာရင်း နေအိမ်သို့ ဝင်လာပါသည်။ ခင်စန်းမြွေက သူမအဒေါ် သွေးတိုး၍ အိပ်ရာထဲအထိ ဝင်ရောက်ကြည့်ရှုကာ…

'သွေးတိုးတာ သက်သာ ပျောက်ကင်းတဲ့ဆေး ရှိပါတယ်။ အခု ကုပေးမယ်'

ပြော၍ ဗာဒံရွက် နုနု တစ်ရွက် ရှာနိုင်းပါသည်။



အနီးတွင် ရှိနေသော သမီးကြီး ကြူကြူဇော်က အိမ်ရှေ့ရှိ ဗာဒံပင်မှ လက်တစ်ဝါးခန့်ရှိ ရွက်နုလတ်လတ် ဆတ်ဆတ် တစ်ရွက်ကို ခူးကာ ခင်စန်းမြွေအား ပေးပါသည်။

ခင်စန်းမြွေက ကတ်ကြေးတစ်လက် ယူကာ ဗာဒံရွက်ကို ကန့်လန့်ဖြတ် ဆယ်ခုစာလောက်ရအောင်ဖြတ်၍ ရေနွေးပူပူ တောင်းပြန်သဖြင့် သမီးငယ်ထွေးနုနုဝင်းက ဓာတ်ဘူးထဲတွင် အသင့်ရှိနေသော (လက်ဖက်ခြောက်မပါ) ရေနွေးနှင့် သောက်ရေခွက်တစ်လုံးကို ပေးပါသည်။

ခင်စန်းမြွေက ဖြတ်ညှပ်ထားသော ဗာဒံရွက် အပိုင်းအစလေးများကို ရေခွက်ထဲထည့်၍ ရေနွေးပူပူ အပြည့်လောင်းထည့်ပြီး အပေါ်မှ အဖုံးတစ်ခုဖြင့် ဖုံးအုပ်ထားလိုက်ပါသည်။

ဆယ်မိနစ်ခန့်ကြာမှ ခွက်ထဲက ဗာဒံရွက်ပြုတ်ရည် (အရွက်အဖတ်မပါ) ကို သူမအဒေါ်အား သောက်စေပါသည်။

ကျွန်တော့်ဇနီးမှာ ဗာဒံရွက် ပြုတ်ရည်သောက်ပြီး နာရီဝက်ခန့် အကြာတွင် "**ခေါင်းမမူးတော့ဘူး။ သက်သာသွားပြီ**"ဟု ပြောကာ ထထိုင်တော့သဖြင့် ဝမ်းသာရပါသည်။

ခင်စန်းမြွေက သွေးတိုးလာလျှင် တစ်နေ့သုံးကြိမ် သောက်ရန်နှင့် တစ်လဆက်သောက်လျှင် သွေးတိုး မဖြစ်တော့ဘဲ သက်သာ ပျောက်ကင်းကြောင်း ပြောကာ စိုင်ပြင်ကြီးရွာသို့ ပြန်ပါတော့သည်။

စာရေးသူက ခင်စန်းမြွေအား အိမ်ရှေ့အထိ လိုက်ပို့ရင်း ဗာဒံပင်သုံးပင်ကို မော့ကြည့်ကာ "တို့က ဆေးပင်အောက်မှာ နေပြီး ဆေးပျောက်နေသူတွေပါလား"ဟု တွေးကာ ပြုံးမိပါတော့သည်။

**သွေးတိုး ရှိသူများအတွက် ခင်စန်းမြွေ၏ ဗာဒံရွက် ပြုတ်ရည်ဖြင့် ပျောက်ကင်းပုံကို ဖြန့်ဝေလိုက်ပါသည်။**

**ဇော်ဝင်း(ဒီပဲယင်း)**



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းအောင်
(ရမည်းသင်း)

# ကားစက်နှိုးသော ဝိညာဉ်

ခြောက်သွေ့အောင်
လုပ်သား တစ်ရာကျော်ဖြင့်
စနစ်တကျ
လုန်းကြရသည်။

၁၉၉၆ ခုနှစ်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက် ဖြစ်ပါသည်။ သစ်တော ထွက်ပစ္စည်းများ ထုတ်လုပ်သော ကုမ္ပဏီကြီးတွင် ကျွန်တော် လုပ်ကိုင်ခဲ့စဉ်က ထူးဆန်းစွာ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက် ဖြစ်ပါသည်။

တောင်ပေါ်မှ ကုန်ကြမ်း ထုတ်လုပ်ပေးသော လုပ်သား (၄၀၀)ကျော် အတွက် စားနပ်ရိက္ခာတို့အား ကုန်ချော ထုတ်လုပ်ပေးသည့် ကျွန်တော့်စခန်းမှ ကားဖြင့် နေ့စဉ် သယ်ယူသွားရပြီး ကားပြန်ဆင်းလာလျှင် တစ်နေ့တာ ရရှိသည့် ဝါးရွက် ပိဿာတစ်ထောင်ကျော်အား ကျွန်တော် တာဝန်ယူရသည့် စခန်းကိုပင် အမြဲသယ်ပို့ပေးလေသည်။

ရောက်ရှိလာသည့် ဝါးရွက် ပိဿာ တစ်ထောင်ကျော်အား (၃)ဧကခန့် ကျယ်ဝန်းသော ကွင်းပြင်ထဲ၌ ဝါးရွက်များဖြန့်ခင်းကာ နေလှန်းရလေသည်။ တစ်နေ့ ရောက်ရှိလာသည့် ဝါးရွက်များကို တစ်နေ့တည်းနှင့် အားလုံး စားပွဲတွင် ကျွန်တော်ထိုင်နေ၍ မရပါ။ ကိုယ်တိုင် အသေးစိတ် လိုက်လံကြည့်ရှုရသည်။ ကွင်းထဲ၌ ဝါးရွက်များ လှန်းပြီးလျှင် မခင်နေ့က ခြောက်နေသော ဝါးရွက်များကို သတ်မှတ်ပေးထားသည့် ပုံစံအတိုင်း စီ၍ အဆင့်ဆင့် စစ်ဆေးပြီးမှ ပါကင်ထုပ်ရလေသည်။

ဝါးရွက် ထုပ်လုပ်သော လုပ်ငန်းသည် အလေအလွင့်များစွာ ရှိသဖြင့် ဝန်ဆောင်စရိတ်ကြီးလှသည်။ ဝါးရွက်တွင် အကွဲ၊ အနာ၊ ဆိုက်မပြီ ဝါးရွက်





www.burmeseclassic.com

www.burmeseclassic.com

များနှင့် လုပ်ကိုင်ရင်းက ထိခိုက်မိ၍ အနာအဆာ ဖြစ်သွားပါက လုံးဝ သုံးမရ တော့ပေ။

သတ်မှတ်ထားသော ဆိုက်သည် အနည်းဆုံး အလျား (၁၆)လက်မ၊ အနံ (၄)လက်မ ရှိနေရမည် ဖြစ်လေသည်။ နိုင်ငံခြား ပို့ကုန်ဖြစ်ခြင်းကြောင့် အမှားအယွင်း ကင်းစေရန် အထူး ဂရုစိုက် သတိထားလုပ်ကိုင်ရသည်။

ကျွန်တော်တို့ ထုတ်လုပ်သော ဝါးရွက်များကို တရုတ်(တိုင်ပေ)သို့ တင်ပို့ပေးရသည်။ ထိုနိုင်ငံတွင် ဝါးရွက်ကို ကောက်ညှင်းထုပ်အဖြစ် အထူး တလည် ထုပ်စားကြသည်။

ယင်းတို့နိုင်ငံ အခါကြီးရက်ကြီးများတွင် ဝါးရွက်နှင့် ပြုလုပ်သော မုန့်ထုပ်အား လူတိုင်း လုပ်စားကြသည်ဟု သိရလေသည်။

ကျွန်တော်တို့နိုင်ငံမှာတော့ အမှိုက်အဖြစ်နှင့်သာ ရှိနေကြသော ဝါးရွက်တို့သည် နိုင်ငံတော်အတွက် ဒေါ်လာငွေများ ရရှိသကဲ့သို့ ကျွန်တော်တို့ ဒေသတွင် နေထိုင်ကြသူများ အလုပ်ရကြ၍ စားဝတ်နေရေး အဆင်ပြေကြလေသည်။

ဗီယက်နမ်နိုင်ငံမှ ဝါးရွက်သည် အလျား (၁၆)လက်မကျော်ကျော် လွန်စွာ ရှည်လျားပြီး အနံကတော့ (၄½)လက်မသာ ရှိသည်။ ထိုဝါးရွက်မျိုးဆိုလျှင် မကြိုက်ပါဟု သူတို့ ယူလာသည့် ဗီယက်နမ်နိုင်ငံမှ ဝါးရွက်ကို ပြသည်။

ကျွန်တော်တို့နိုင်ငံရှိ ဝါးရွက်တို့သည် သူတို့အကြိုက် ဝါးရွက်များ ဖြစ်ကြသည်မို့ တန်ချိန်များစွာ စာချုပ် ချုပ်လေသည်။

ထိုဝါးရွက်ကို ကျွန်တော်တို့ကတော့ ဝါးသပွတ်ဝါးရွက်ဟုခေါ်၍ ဒေသအလိုက် အခေါ်အဝေါ် အမျိုးမျိုး ရှိနိုင်ပါသည်။ တောတောင်တိုင်းတော့ ထိုဝါးပင် ပေါက်ရောက်မှု သိပ်မရှိလှသော်လည်း ဆံတော်ရှင် ကျိုက်ထီးရိုးတောင်တော်တွင်မူ ထိုဝါးပင်များစွာ ပေါက်ရောက်၍ ကျွန်တော်တို့ အဝယ် ဒိုင်ဖွင့်ခဲ့ဖူးပါသည်။



ဘုရားဖူးတွေ တောင်ပေါ်တက်ရာတွင် ယင်းဝါးပင်မှ ဝါးကို တောင်ဝှေးအဖြစ် အသုံးပြုရန်အတွက် ဈေးဆိုင်များမှ ရောင်းချကြပြီး ကလေးကစားစရာ ဝါးသေနတ်များ ပြုလုပ်ရောင်းချကြလေသည်။

ဝါးပင်မှာ ပျော့ပျောင်းခြင်းကြောင့် ပင်ကြီးမျိုးမဟုတ်။ အဆစ်ရှည်၍ နီးအဖြစ် အသုံးပြုကြသည်။ မည်သည့် ဝါးနီးနှင့်မျှမတူ။ ချည်နှောင်ရာတွင် ခိုင်ခံ့၍ နူးညံ့ပျော့ပျောင်းလေသည်။

* * *

ကိုမြင့်သောင်းက ကရင်ပြည်နယ်မှာ နေထိုင်သည်။ ကုမ္ပဏီက ဝ,ဥတွေ ဝယ်ယူစဉ်က ဒိုင်ခံဝယ်ယူပေးသလို ကရင်ပြည်နယ်မှ ထွက်ရှိသည့် ဝါးရွက်များကိုလည်း ဝယ်ယူပေးသူဖြစ်၍ ကုမ္ပဏီက အားကိုးအားထားပြုရသည့် သူတစ်ယောက်ဖြစ်လေသည်။ ကုမ္ပဏီ ဝန်ထမ်းတော့ မဟုတ်ပေ။

မကြာခဏဆိုသလို ကိုမြင့်သောင်းက ကျွန်တော်တို့စခန်းကို ကားဖြင့် လိုက်လာလေ့ရှိသည်။ သူ လိုက်ပါလာသည့်ကား စခန်းထဲ ဝင်လာပြီဆိုကတည်းက ကားဟွန်းကို အဆက်မပြတ် ပေးဝင်လာလေ့ရှိသည်။ ကားလည်း သူက မောင်းတတ်သူဖြစ်သည်။ အကြောင်းမှာ စခန်းက ကောင်လေးတွေကို သူ လာပြီဆိုသည်ကို ကြိုအသိပေးခြင်း ဖြစ်လေသည်။

စခန်းမှ ကောင်လေးတိုင်းက ကိုမြင့်သောင်းကို ခင်မင်ကြသည်။ ခင်မင်ရသည့်အကြောင်းမှာ ကိုမြင့်သောင်းက ပျော်ပျော်နေတတ်သူ ဖြစ်သလို ရယ်မောစရာတွေကို လူရွှင်တော်တွေထက်ပင် ဟာသဉာဏ်ရှိသူပီပီ ဟာသများ ပြော၍ လူတိုင်းကို ဖော်ရွေစွာ ပြောတတ်ခြင်းကြောင့် လူတိုင်းက ချစ်ခင်ကြသည်။

သူပြန်လျှင် လက်ဆောင်အမျိုးမျိုး ပေးလေ့ရှိကြသလို မကြာမကြာ လာဖို့လည်း အမြဲပြောလေ့ရှိကြသည်။

* * *

တစ်ရက်သော ည(၂)နာရီလောက်တွင် စခန်းလိုင်းရှေ့ ရပ်ထားသော ကားစက်နိုးသံနှင့်အတူ ကားဟွန်းသံပါ အဆက်မပြတ် မြည်နေလေသည်။

အိပ်ပျော်နေရာမှ ကျွန်တော် နိုးလာကာ ဝါးရွက်ထုပ်များ သင်္ဘောတင်ရက်ဖြစ်၍ ရန်ကုန်က ကားလွှတ်လိုက်သည်ထင်၍ အခန်းတံခါးဖွင့်ကြည့်လိုက်တော့ ဝါးရွက်တွေ ချပြီး လိုင်းရှေ့ရပ်ထားသည့် ကားမှ စက်သံဖြစ်နေသည်။ ကားရှေ့မီးကြီးတွေလည်း လင်းနေလေသည်။

လုပ်ငန်းပြီး၍ တောင်ပေါ်မှ ကားစခန်း ပြန်ရောက်လျှင် ကားသော့ ကျွန်တော့်ထံ ပြန်အပ်လေ့ရှိသည်။

(စာမျက်နှာ (၂၅၃) သို့)



www.burmeseclassic.com

www.burmeseclassic.com



ဘာဘုံ (ဖျာပုံ)

# အဖြေမသိသော ပဟေဠိ

ကြယ်စုံဝင်း၍ လမင်းသာသော တစ်ညမှာ ကျွန်တော်သည် မဟာဗုဒ္ဓဝင်အား ဖတ်ရှုပူဇော်နေမိသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ရန် မာရ်နတ် မလျှောက်ထားမီ မြတ်စွာဘုရားသည် ညီတော် အာနန္ဒာအား...

'ချစ်သားအာနန္ဒာ
ဝေသာလီပြည်သည်
မွေ့လျော်ဖွယ်ရှိပေ၏။
စာပါလစေတီသည်
မွေ့လျော်ဖွယ် ရှိပေ၏။
ချစ်သားအာနန္ဒာ
အမှတ်မထင်
အကြင် တစ်စုံ
တစ်ယောက်သော
သူသည် ပြီးမြောက်ခြင်း၏
အခြေခံ ဣဒ္ဓိပါဒ်တရား
လေးပါးတို့ကို ပွားများထား၏၊
လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့
ပြုထား၏၊ တည်ရာကဲ့သို့ ပြုထား၏၊
ကောင်းစွာ ဆည်းပူး ကောင်းစွာ အားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော်
အာယုကပ်ပတ်လုံး ဖြစ်စေ၊ အာယုကပ်ထက်
ပိုလွန်၍ဖြစ်စေ တည်နေနိုင်၏၊ ချစ်သား'
ဟု မြွက်ကြားခဲ့သည်။

ညီတော်အာနန္ဒာက မြတ်စွာဘုရားအား ''နတ်လူအများ၏ စီးပွားချမ်းသာ အလို့ငှာ အာယုကပ်ပတ်လုံး တည်တော်မူပါဘုရား''ဟု လျှောက်တင်ခြင်း မပြုချေ။

မြတ်စွာဘုရားသည် (၁၅)နေရာ၊ (၁၅)ဌာန၊ (၁၅)ကြိမ်တိတိ ညီတော် အာနန္ဒာအား "ထင်ရှားသောနိမိတ်၊ အရိပ်အယောင်တို့ဖြင့် ပြခဲ့ပြောခဲ့သော်လည်း မာရ်နတ်၏ နှောင့်ယှက်မှုကြောင့် ညီတော်အာနန္ဒာကား တုဏှိဘာဝေ ဆိတ်ဆိတ်ပင်နေလေသည်။ သဘော မပေါက်၊ ရိပ်မိခြင်းမရှိ၊ တားမြစ်ခြင်း မပြု။ ထို့ကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူရလေခြင်း ဖြစ်သည်။

ထိုဝတ္ထုကြောင်းကို ဖတ်ရသည်နှင့် ကျွန်တော်တို့မိသားစုဘဝကို ပြန်ပြောင်း တသ သတိရမိပါတော့သည်။

* * *

သစ်ရွက်သစ်ခက်များ အကြားမှ ငွေလရောင်သည် မြေပြင်သို့ ဖိတ်စဉ်ကျနေသည်။ ကောင်းကင်ပြာပြာတွင် ကြယ်ပွင့်ကလေးများ လင်းလက်နေသည်။ လေပြည်သည် ညင်းညင်းသွဲ့သွဲ့လေး တိုးဝှေ့နေသည်။ ပုရစ်ကလေးများက တကျည်ကျည် အော်မြည်နေကြသည်။ ဂျိုဝါကျောင်းစုရှာလေးသည်ကား နှင်းပဝါပါးကို ခြုံ၍ ငြိမ်

www.burmeseclassic.com

သက်စွာ အိပ်မောကျနေပြီ။

ဤသို့သော ကြည်နူး ဆွတ်ပျံ့ဖွယ် ကောင်းသည့် နတ်တော်လ၏ ညတစ်ညမှာ ကျွန်တော်နှင့် မဆွေတို့ နှစ်ဦး မိဘရင်ခွင်မှ ပြေးထွက်ပြီး ဘဝသစ်တစ်ခု တည်ဆောက်ခဲ့ကြသည်။

သို့ဖြင့် သူ့အကြိုက် ကိုယ်လိုက်၊ ကိုယ့်အကြိုက် သူဆောင်ကာ အေးအတူပူအမျှ အပေးအယူတူခဲ့ကြစွာ နေလာရင်း မောင်တင်ထွန်းအောင်ဆိုသည့် လမင်းကလေးတစ်စင်း ထွန်းလင်းခဲ့လေသည်။

တစ်ညမှာ ကျွန်တော် အိပ်မက် မက်ပါသည်။ အိပ်မက်ထဲ၌ ခရီးရှည်တစ်ခုမှ ကျွန်တော် အိမ်ပြန်ရောက်သည့်အခါ အိမ်တွင် လူသေအလောင်းတစ်လောင်းအား လူတစ်ယောက်မှ မနိုင်မနင်း မ,၍ ခေါင်းတလားအတွင်းသို့ ထည့်သွင်းနေသည်ကို မြင်သည်။ မည်သည့်အလောင်းဟူ၍ မသိသလို၊ ထည့်သွင်းနေသူကိုလည်း မမြင်ဖူးချေ။ အိပ်မက်မှ လန့်နိုးချိန်တွင် ရင်မှာ တဒိတ်ဒိတ် ခုန်နေသည်။ အတော်နှင့် ပြန်အိပ်၍မရ။ အိပ်ပျော်သွားသည်နှင့် အိပ်မက်ဆိုးတစ်ခုက မက်ပြန်သည်။

အိမ်နှင့် မလှမ်းမကမ်းသို့ ကျွန်တော် ရောက်ရှိနေသည်။ ထိုအချိန်တွင် ကောင်းကင်မှ ကြောက်မက်ဖွယ် မြည်ဟည်းသံကြီး ကြားရသည်။ မော့ကြည့်လိုက်ရာ လေဆင်နှာမောင်းတစ်ခုက အရှိန်အဟုန်ကြီးမားစွာဖြင့် မြေပြင်သို့ ဆင်းသက်လာနေသည်ကို တွေ့ရသည်။

အုန်းပင်များသည်လည်း အပိုင်းပိုင်း ကျိုးပြတ်ပြီး ကျွန်တော့် အိမ်ပေါ်သို့ ကျရောက်နေသည်၊ သားလေးမောင်တင်ထွန်းအောင်နှင့် ဇနီးသည် မဆွေတို့၏ အော်သံတို့သည်လည်း ဘဝင်ညံနေ



သည်။

အိပ်မက်မှ ကျွန်တော် လန့်နိုးသွားသည်။ ကြောက်စိတ်များသည်ကား အထွတ်အထိပ်သို့ ရောက်ရှိလာတော့သည်၊ ဒီအိပ်မက်သည်ကား ကျွန်တော်တို့ မိသားစုကမ္ဘာလေး ပျက်စီးမည့် ရှေ့ပြေးနိမိတ်လေးလားရယ်ဟု တွေးပြီး တဒိတ်ဒိတ်ဖြင့် အိပ်မပျော်တော့ချေ။

လင်းကြက်တွန်သံ ကြားသည်နှင့် အိပ်ရာမှ ထ၍ ကိုယ်လက်သန့်စင်ပြီး ဘုရားရှိခိုး ပုတီးစိပ် တရားထိုင်တော့သည်။ ကျွန်တော် တရားထိုင်ပြီးချိန်၌ အရုဏ်ကျင်း အလင်းရောက်၍ နေမင်းပင် ထွက်ပြူစပြုနေပြီ။

'ငါး…ပါတယ်…ငါး'

ဆွဲဆွဲငင်ငင် အော်လိုက်သည့် မကျင်သိန်း၏အသံက ကျွန်တော့်အိမ်အတွင်းသို့ အပြေးလေး ဝင်ရောက်လာသည်။

'မကျင်သိန်းရေ… ဘာ ငါးလဲဟေ့'

ဇနီးသည် မဆွေ၏ မေးသံသည် နောက်ဖေးမီးဖိုအတွင်းမှ ပေါ်ထွက်လာလေသည်။

'ငါးပုတ်သင် အစ်မရေ ယူဦးမလား'

'အေး အေး ဝင်ခဲ့ကွယ်'

ဟု မဆွေ၏ ခေါ်သံကြားလိုက်ရသည့် ကျွန်တော်အဖို့ လွန်စွာ အံ့ဩမိလေသည်။

ဟိုအရင်က မဆွေသည် ငါးပုတ်သင်အား လုံးဝမစား။ မစားသည့် အကြောင်းမှာ ခိုင်လုံပါသည်။ မဆွေ (၇)နှစ်သမီး အရွယ်တွင် သူ၏မေမေ ကွယ်လွန်ခဲ့သည်။ သူ့မေမေ ကွယ်လွန်သည့်နေ့တွင် ငါးပုတ်သင်ဟင်း ချက်နေသောနေ့ ဖြစ်သည်။

သူ၏မေမေ ကွယ်လွန်၍ သုံးနှစ်ခန့် အကြာတွင် သူ့ဖေဖေ ဦးခင်မောင်သည် မြင်းကကုန်းသူ ဒေါ်အုန်းကြည်နှင့် နောက်အိမ်ထောင်ပြုသည်။ မကြာလိုက်ပါ။ သဘောထားချင်း မတိုက်ဆိုင်ကြသဖြင့် ဦးခင်မောင်နှင့် ဒေါ်အုန်းကြည်တို့ ကွာရှင်းကြသည်။ ထိုနေ့သည် ငါးပုတ်သင်ဟင်း ချက်သောနေ့ ဖြစ်သည်။

ဒေါ်အုန်းကြည်နှင့် ကွာရှင်းပြီး သုံးလေးနှစ်အကြာတွင် ဦးခင်မောင်သည် ဖျာပုံမြို့၊ ဂျိုဝါဆန်စက်မှ ဒေါ်တင်မေနှင့် နောက်အိမ်ထောင် ပြုပြန်သည်။ နှစ်အတော်ကြာ ပေါင်းသင်းပြီးနောက် ဒေါ်တင်မေ ကွယ်လွန်ခဲ့သည်။ ထိုနေ့တွင် ငါးပုတ်သင်ဟင်း ချက်သောနေ့ ဖြစ်သည်။

သို့ဖြင့် ဦးခင်မောင် အသက်(၇၀)တွင် ကွယ်လွန်ခဲ့သည်။ ထိုနေ့တွင်လည်း ငါးပုတ်သင်ဟင်း ချက်မိသောနေ့ ဖြစ်ပြန်သည်။

သို့ကြောင့်လည်း ငါးပုတ်သင်ငါးသည် မိသားစုဘဝကို ပြိုပျက်စေသည့် ငါးဟု မဆွေက တစ်ယူသန် ယုံကြည်စွဲလမ်းခဲ့သည်။

ငါးပုတ်သင်ချက်သည့် နေ့တိုင်းမှာ ကွဲကွာခြင်း၊ ဝမ်းနည်းခြင်း၊ ခွဲခွာခြင်း၊ ကြေကွဲခြင်းများစွာနှင့် ကြုံဆုံခဲ့ရသည်



www.burmeseclassic.com

www.burmeseclassic.com

မဆွေ။

ငါးပုတ်သင်ကို အမုန်းကြီး မုန်းခဲ့သည့် မဆွေ။

ငါးပုတ်သင်ကို နာကြည်းခဲ့သည့် မဆွေ။

ငါးပုတ်သင်ကို ရှောင်ကြဉ်ခဲ့သော မဆွေ။

ဒီကနေ့ အဘယ်ကြောင့် ချက်ပြုတ်စားသောက်ရန် ဝယ်ယူလေသနည်း။ အတိတ်ဖြစ်ရပ်များကို မေ့ချပြင်နေလေရော့သလား။ ဤသည်လည်း မဖြစ်နိုင်၊ ဤသို့ဆိုလျှင်...

ကျွန်တော် ညာဏ်မမီတော့၊ တားဆီးသတိပေးရန်လည်း ကျွန်တော် မစဉ်းစားမိ၊ တားဆီးခြင်းလည်း မပြု၊ အကျိုးအကြောင်းလည်း မပြောဖြစ်၊ တုဏှိဘာဝေ ဆိတ်ဆိတ်ပင်နေမိသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ရန်နှင့် ပတ်သက်၍ တားဆီးရန် ညီတော်အာနန္ဒာ မေ့လျော့နေသကဲ့သို့ ကျွန်တော် မေ့နေသည်လား မသိပါ။

ထိုနေ့ နေ့လယ် (၂)နာရီ(၄၅)မိနစ်မှာ ကျွန်တော်နှင့် သားလေးမောင်တင်ထွန်းအောင်တို့နှစ်ယောက်အား ထား၍ မဆွေသည် လူ့ဘဝမှ ထွက်ခွာသွားလေသည်။ ထိုနေ့သည်ကား ၁၀-၇-၀၆ တနင်္လာနေ့ ဖြစ်သည်။

မဆွေနှင့် ငါးပုတ်သင် မည်သို့မည်ပုံဆက်နွယ်ခဲ့လေသနည်း။ အကြောင်းတစ်စုံတစ်ရာရှိနေမည်ဟု ထင်ပါသည်။ တိုက်ဆိုင်ခြင်းတော့ မဖြစ်နိုင်။ ဂမ္ဘီရဆန်နေသည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

'အောက် အီး အီး အွတ်'

ဟိုအဝေးဆီမှ သက်ကြီးခေါင်းချကြက်တွန်သံကြောင့် အတွေးအိပ်မက်မှ ကျွန်တော် လန့်နိုးခဲ့ပါသည်။

**ရှင်လန်းချမ်းမြေ့ပါစေ။**

**ဘဘမှုံ (ဈာပုံ)**

စာမျက်နှာ (၂၅၀)မှ အဆက်

အခန်းထဲမှ တိုင်တွင်ချိတ်ထားသော ကားသော့ ရှိ မရှိ ကျွန်တော် မာတ်မီးနှင့်ထိုးကြည့်တော့ ရှိနေပါသည်။

ကားပေါ်တွင် ပါလာသည့် ငါးရှက်ထုပ်တွေချပြီး အိပ်နေကြသည့် ကောင်လေးတွေ ကားစက်သံကြောင့် နိုးလာကြသည်။ ကားသမားနှစ်ယောက်က ကားဆီပြေးသွားကြသည်။

'ကား ဘယ်သူ နှိုးတာလဲ'

ဟု ကားတံခါးဖွင့်ရန် ကြိုးစားနေသည့်ဒရိုင်ဘာကိုမေးတော့ခေါင်းယမ်းပြရင်း...

'ဘယ်သူနှိုးတာလဲ မသိဘူး။ ကားတံခါး လော့ချထားတယ်။ ကားတံခါးလဲဖွင့်မရဘူး'ဟု ပြောလာပါသည်။

အသင့်ပါလာသော ကားသော့ကို ကျွန်တော် ပေးလိုက်တော့မှ တံခါးဖွင့်ကားစက်ရပ်ရသည်။

ညကြီးအချိန်မတော် ဘာကြောင့် သူ့အလိုလို ကားကနှိုးပြီး ဟွန်းသံတွေပါ ဘယ်လိုကြောင့် မြည်နေသည်ဆိုတာကို ဘယ်သူမှ အဖြေရှာ တွေးမရပေ။

သဘာဝ မဟုတ်သော ကားစက်က မည်သို့နှိုးရသည်လဲ၊ တစ်ခုခုကြောင့်ပဲဟု နားမလည်နိုင်သော အတွေးကိုယ်စီနှင့် အဖြေရှာမရသည့် စကားများဖြင့်သာ မိုးလင်းခဲ့ရလေသည်။

နောက်နေ့ညနေတွင် စိတ်မကောင်းစရာသတင်း ကြားလိုက်သည်။ ကိုမြင့်သောင်းတစ်ယောက် ဆိုင်ကယ်အက်စီးဒင့်ဖြစ်၍ ပြီးခဲ့သည့်ညက. ဆုံးသွားပြီဆိုသော သတင်းပင်။

ကားဟွန်းသံတွေ အဆက်မပြတ်မြည်နေကတည်းက ကျွန်တော်တို့ဖွင့်မပြောခဲ့ကြသော်လည်း အားလုံးစိတ်မှာ ကိုမြင့်သောင်းကို သတိရကြသည်။

သူလာလျှင် သူ့အကျင့်အတိုင်း ကားဟွန်းတီးလေ့ ရှိသည်ဖြစ်၍ ယခုလည်း သူလာပြီဆိုသည်ကို ဝိညာဉ်မှတစ်ဆင့် အားလုံးကို အသိပေးခြင်း ဖြစ်သည်လား။ မတူတော့သည့်ဘဝ တွေ ဖြစ်သွားကြပြီဖြစ်၍ နှုတ်ဆက် ပြောလေသည်လားဆိုသည်ကို ကိုမြင့်သောင်းမှလွဲ၍...

**အေးချမ်းအောင် (ရမည်းသင်း)**

**စာမူပို့လိုက..**

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁ ၂၄၂၂၈၄



www.burmeseclassic.com

www.burmeseclassic.com



# လူခြောက်ကလေးရဲ့ မင်္ဂလာဆောင်

ပေရှင်း သွန့်မြိုင်
(B.Sc-Maths)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာရှုသူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့တော်မူကြပါစေ။

စာရှုသူများကို စိတ်ဝင်စားဖွယ်ကောင်းတဲ့ လူခြောက်ကလေးတစ်ဦးရဲ့ အကြောင်းကို ကျွန်တော် တင်ပြလိုပါတယ်။ အဲဒီ လူခြောက်ကလေးဟာ တခြား မဟုတ်ပါ။ ကျွန်တော့်ရဲ့ အစ်ကိုဝမ်းကွဲ တော်ပါတယ်။ ကျွန်တော့်အမေ ၏မောင် (ကျွန်တော့်ဦးလေး)ရဲ့ သားပါ။

ကျွန်တော့်ဦးလေးရဲ့ မိန်းမဟာ အဲဒီ လူခြောက်ကလေး မမွေးဖွားမီက အိပ်မက်, မက်ပါတယ်။ တစ်ညမှာ လူခြောက်ကလေးက အဒေါ့်ဆီမှာ နေလိုကြောင်း အိပ်မက်ထဲမှာ ပြောပါတယ်။ အဒေါ်ကလည်း သားကောင်း၊ သမီးကောင်းပဲ လိုချင်တာဆိုတော့ လက်မခံခဲ့ပါဘူး။ နောက်တစ်ညမှာလည်း လူခြောက်ကလေးက ဆက်ပြီး အဒေါ့်ဝမ်းထဲ ဝင်စားလိုကြောင်း ပြောပါတယ်။ အဲဒီ အခါကျတော့ အဒေါ်က လူခြောက်ကလေးရဲ့ မျက်နှာလေးကို မြင်ရပြီး သနားလာတာနဲ့ လက်ခံလိုက်ပါသတဲ့။

ဒီလိုနဲ့ပဲ အဲဒီနေ့ကစပြီး အဒေါ့်မှာ ကိုယ်ဝန် စ,ရှိလာပါတယ်။ ဒါပေမယ့် ကိုယ်ဝန်ဟာ ငါးလကျော်အထိ ဘယ်လိုမှ မထင်ပေါ်ဘဲနဲ့ ဗိုက်ကလဲ ခပ်ချပ်ချပ်လေး ဖြစ်နေပါတယ်။ အဲဒီတုန်းကတော့ အခုခေတ်လို ဓာတ်မှန်တွေ ဘာတွေလည်း ရိုက်လေ့ရိုက်ထ မရှိ၊ အဒေါ်တို့နေတာကလည်း မြို့နဲ့ ဝေးတဲ့ ကျေးတောရွာမှာဆိုတော့ ဒီ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်းပဲ နေလိုက်ပါတယ်။

ခြောက်လလောက်ကျတော့ အဒေါ်ဟာ အရပ်လက်သည် အကူအညီနဲ့ လူခြောက်ယောက်ပြားလေးကို မွေးဖွားခဲ့ပါတယ်။ အဒေါ်တစ်ယောက် လူခြောက်ကလေး မွေးဖွားကြောင်း တစ်ရွာလုံး သိကြတော့ လာ,လာ ကြည့်ကြတာပေါ့။ တစ်သက်မှ တစ်ခါ တွေ့ဖူးကြတာဆိုတော့ ထူးဆန်းနေကြတာပေါ့။

ကျွန်တော့်မိဘများလည်း သူတို့ရဲ့ တူတော်တဲ့ လူခြောက်ကလေးကို သွား,သွားကြည့်ကြပါသတဲ့။ အဲဒီ လူခြောက်ကလေး မွေးဖွားပြီး ငါးနှစ်လောက်ကြာမှ အမေဟာ ကျွန်တော့်ကို မွေးဖွားပါတယ်။

လူခြောက်ကလေး မမွေးဖွားမီက ဦးလေးတို့ဟာ ဆင်းရဲတယ်လို့ ကျွန်တော့်အမေများက ပြောပြပါတယ်။ နေရတာဟာ တဲပုတ်ကလေးသာ ဖြစ်တယ်လို့ သိရပါတယ်။

လူခြောက်ကလေး မွေးဖွားပြီးနောက်ပိုင်းမှာ ဦးလေးတို့ရဲ့ စီးပွားရေးဟာ တရိပ်ရိပ် တက်လာတယ်လို့ အမေက ပြောပါတယ်။ ဦးလေးတို့ အလုပ်အကိုင် အဆင်ပြေစေရန် လူခြောက်ကလေးက အိပ်မက်ပေး,ပေးပြီး ပြောပြပါတယ်တဲ့။

ဥပမာ ဦးလေးတို့က တောင်သူဆိုတော့ ဘယ်ယာခင်းမှာ ဒီနှစ် ဘယ်သီးနှံစိုက်ပါ၊ ဘယ်အချိန်မှာ စိုက်ပါဆိုပြီး အိပ်မက်ပေးပါသတဲ့။

တစ်ခါမှာလည်း ဦးလေးနဲ့အဒေါ်တို့ဟာ မြို့ကို ကုလားပဲအိတ်များ သွားရောင်းဖို့ စီစဉ်ပါတယ်။ သူတို့ရွာကနေ ကုန်တင်ကားတစ်စီး မြို့ကို နေ့စဉ်ထွက်ပါတယ်။ ကားက မနက်စောစော ထွက်ပါတယ်။ အဲဒါကို လူခြောက်ကလေးက တစ်ညကြိုပြီး...

'အဖေနဲ့အမေတို့ မြို့ကို ပဲရောင်းမသွားကြပါနဲ့၊ နောက်တစ်ပတ်လောက်နေမှ သွားကြပါ'

ဆိုပြီး အိပ်မက်ထဲမှာ ပြောပါတယ်။ ဒါနဲ့ ဦးလေးတို့လည်း သူ့သားစကားနားထောင်ပြီး မသွားဖြစ်ကြပါဘူး။

မသွားဖြစ်တာဘဲ သူတို့ ကံကောင်းသွားပါတယ်။ ဘာလို့လဲဆိုတော့ ဦးလေးတို့သွားမယ့်၊ လိုက်မယ့်မနက်က သူတို့ရွာက ကားဟာ ရွာကနေ့ ထွက်ပြီး တစ်မိုင်လောက်အရောက်မှာ ချောက်ထဲထိုးကျပြီး ကားမှောက်သွားပါတယ်။ လူတော်တော်များ ဒဏ်ရာလည်းရ၊ လူငါးဦး အိတ်တွေပိပြီး သေဆုံးခဲ့ရပါတယ်။

လူခြောက်ကလေး ဆယ်နှစ်သားရောက်တဲ့အခါကျ သူ့ကို ရှင်ပြုပေးဖို့၊ ကိုရင်ဝတ်ပေးဖို့ ဦးလေးတို့ကို အိပ်မက်ပေးပါတယ်။ ဦးလေးတို့က သူတို့မှာ ငွေကြေး မပြည့်စုံသေးကြောင်း၊ ပြည့်စုံပါက လှူပေးမည်ဖြစ်ကြောင်း ပြောပါတယ်။

အဲဒီအခါမှာ လူခြောက်လေးက မပူပါနဲ့၊ လှူဖို့ငွေရရှိအောင် သူ ဖန်တီးပေးမည်ဖြစ်ကြောင်း။ လာမည့်အဖိတ်နေ့မှာ အဖေ မြို့ကို သွားပါ၊ ဟိုရောက်ပါက ဈေးရဲ့မြောက်ဘက်တွင် ဖွင့်ပုစ်ထားတဲ့ ထီဆိုင်မှ (က)အက္ခရာနဲ့ (၅)၈၊ (၅)ပိတ် ထီတစ်စောင်ထိုးပါလို့ ပြောပါတယ်။

ဦးလေးတို့လည်း သူ့သား အိပ်မက်ပေးတဲ့အတိုင်း မြို့သွားပြီး ထီထိုးခဲ့ပါတယ်။ ထိုထီလက်မှတ်မှ ကျပ် သိန်း (၅၀)ဆု ပေါက်ခဲ့ပါတယ်။ ဒါနဲ့ပဲ ဦးလေးတို့ဟာ သူတို့သားရော ကျွန်တော်တို့ကဲ့သို့သော တူလေးများပါ ရှင်ပြုအလှူလုပ်ပေးခဲ့တယ်။

လူခြောက်ကလေးအတွက် မောင်ရှင်လောင်းဝတ်စုံတစ်စုံ၊ သင်္ကန်းတစ်စုံပါ ဝယ်ပြီး သူ့အနားမှာ ထားပေးပါတယ်။ အဲဒီတုန်းက ဦးလေးတို့ အလှူဟာ တော်တော်စည်ကားပါတယ်။ လူခြောက်ကလေးကို လှူတာဆိုတော့ ရွာနီးချုပ်စပ်က ရွာတွေကလည်း လာကြပါတယ်။

ဦးလေးတို့ကလည်း လာသမျှ ပရိသတ်များကို လိုလေသေးမရှိအောင် ကျွေးမွေးပြီး ဒါနပြုခဲ့ပါတယ်။ ပြန်လည်ကူပံ့ငွေကိုလည်း လုံးဝ လက်မခံခဲ့ပါဘူး။ အလှူအတွက် ကုန်ကျငွေဟာ သိန်း(၄၀)ကျော်ကုန်ပြီး ကျန်တဲ့ ရှစ်သိန်းကျော်ကိုလည်း ဘုန်းကြီးကျောင်း ဆောက်လုပ်ရန် ရွာဦးကျောင်းဆရာတော်ကို လှူဒါန်းခဲ့ပါတယ်။

အဲဒီတုန်းက ဆောက်ထားတဲ့ ကျောင်းကြီး အခုတိုင် ရွာမှာရှိပါတယ်။ လှူပြီးတဲ့နောက်မှာ လူခြောက်ကလေးက...

'အဖေတို့ အမေတို့ကို ကျေးဇူးတင်ကြောင်း နောက်ကိုလည်း ဒါနပြုနိုင်အောင် ကြိုးစားစေလိုကြောင်း သူကလည်း ကူညီမည်ဖြစ်ကြောင်း အိပ်မက်ပေးပါတယ်'

နောက်ပိုင်းမှာ ဦးလေးတို့ ဒေါ်လေးတို့လည်း တောင်သူခွင်မှ ပဲများ၊ နှမ်းများ၊ စပါးများ နှစ်တိုင်း ရရှိပြီး ဝါဆိုသင်္ကန်းလှူခြင်း၊ ကထိန်ခင်းခြင်း၊ ရွာဦးကျောင်းတွင်းက ဘုရားအား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဓမ္မာရုံကြီး ဆောက်လုပ်လှူဒါန်းခြင်း၊ ရေတွင်း၊ ရေကန်များလည်း လှူဒါန်းခြင်း စသော အလှူဒါနများကို တစ်နှစ်ပြီးတစ်နှစ် ဆက်တိုက် လှူဒါန်းနိုင်ခဲ့ပါတယ်။ အဲဒီ လှူဒါန်းမှုတွေကို ရေစက်ချရာမှာလည်း လူခြောက်ကလေးကို အမျှဝေ ခေါ်သွားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူခြောက်ကလေးဟာ အသက် (၂၀)ပြည့်တဲ့နေ့မှာ ဦးလေးတို့ကို အိပ်မက်ပေးပါတယ်။ အိပ်မက်ထဲမှာ လူခြောက်ကလေးက...

'သားကို မင်္ဂလာဆောင်ပေးပါတော့'

တဲ့။ ဦးလေးက အံ့ဩသွားပြီး...

'ဘယ်သူနဲ့ မင်္ဂလာဆောင်ပေးရမှာလဲ'

လို့ ပြန်မေးတဲ့အခါ ကျွန်တော်တို့နေတဲ့ရွာနဲ့ မိုင်(၂၀)နီးပါးဝေးတဲ့ သပြေကုန်းရွာက လူခြောက်မကလေးနဲ့ပါတဲ့။ "အေး... အေး ပေးတာပေါ့"လို့ ဦးလေးက ပြန်ပြောခဲ့ပါတယ်။

ဒါနဲ့ပဲ နောက်နေ့တွေမှာ အဲဒီ သပြေကုန်းရွာကို လူလွှတ် စုံစမ်းခိုင်းလိုက်ပါတယ်။ အံ့ဩစရာပါပဲ။ အဲဒီ ရွာမှာလည်း လူခြောက်မကလေး တစ်ယောက် မွေးထားပါတယ်တဲ့။ အဲဒီ လူခြောက်မလေးကလည်း သူ့မိဘများကို အိပ်မက်ပေးထားပါသတဲ့။ မင်္ဂလာဆောင်ဖို့ တစ်ဦးတစ်ယောက်က လာပြောပါက လက်ခံဖို့ပါတဲ့။

အဲဒါနဲ့ ဦးလေးတို့လည်း တကယ့် လူလိုပဲ ကြိုတင် လူကြီးလွှတ် (စေ့စပ်ကြောင်းလမ်း)ပြီး ရက်ကောင်းရက်သာ တစ်နေ့မှာ မင်္ဂလာပွဲ ပြုလုပ်ပေးဖို့ စီစဉ်ခဲ့ပါတယ်။

အဲဒီတုန်းက မင်္ဂလာအခမ်းအနားကို ယခုထိ မျက်စိထဲက မထွက်ပါဘူး။ လှည်းတန်းကြီးနဲ့ သွားကြပါတယ်။ ရှေ့ဆုံးက လှည်းမှာ အသံချဲ့စက် တင်ပြီး ဖွင့်သွားပါတယ်၊ အဲဒီနောက်က လှည်းမှာကျတော့ ကန်တော့ပွဲများနဲ့ သတို့သား လူခြောက်ကလေးနဲ့ ဦးလေးနဲ့ ဒေါ်လေးတို့ မိဘနှစ်ပါး စီးပါတယ်။ အဲဒီနောက်က လှည်းတွေပေါ်မှာ ဆွေမျိုးသားချင်းများ၊ ရွာမိရွာဖများ၊ ရွာက အပျို၊ လူပျိုများဖြင့် စည်ကား သိုက်မြိုက်စွာပါပဲ။ လမ်းမှာ ဖြတ်သွားတဲ့ ရွာတွေကလည်း ကျွန်တော်တို့ မင်္ဂလာဆောင် လှည်းများကို တအံ့တဩ ကြည့်ကြပါတယ်။ သတို့သား လူခြောက်ကလေးကို ကြည့်ချင်တယ် ဆိုလို့ ပြပေးရပါသေးတယ်။

သတို့သမီးရွာကိုရောက်တော့ အဲဒီကလည်း ရွာပေါက်ကထွက်ပြီး အပျို၊ လူပျိုများ တန်းစီပြီး ကြိုနေကြပါတယ်။ ရွှေကြိုး၊ ငွေကြိုးတွေလည်း တားကြပါသေးတယ်၊ မင်္ဂလာမဏ္ဍပ်ကြီးကလည်း ဟည်းထလို့၊ ပရိသတ်တွေကလည်း မနည်းပါ။ လာသမျှ ပရိသတ်တွေကို ဝက်သားဟင်းနဲ့ ထမင်းကျွေးပါတယ်။ အချိုပွဲများဖြင့် ဧည့်ခံပါသေးတယ်။ မင်္ဂလာစကား ပြောကြားခြင်း၊ ဩဘာ ရတု ဖတ်ခြင်းများလည်း ပါ,ပါသေးတယ်။

မင်္ဂလာပွဲလာ ပရိသတ်တို့အား (မောင်မောင်လှနှင့် မယဉ်ယဉ်ချောတို့ မင်္ဂလာလက်ဆောင်) ရိုက်နှိပ်ထား သော ယပ်တောင်များလည်း ကမ်း ခဲ့ပါတယ်။

မင်္ဂလာမဏ္ဍပ် အလယ်ကောင်မှာ သတို့သားနဲ့ သတို့သမီးတို့ကို ခုတင် ပေါ်မှာ ယှဉ်တွဲချထားပါတယ်။ ယွန်း ကလေးတွေနဲ့ ထည့်လို့ပေါ့။ လာတဲ့ ပရိသတ်တွေကလည်း သူ့ထက်ငါ တိုး ဝှေ့ပြီး သတို့သား၊ သတို့သမီးလေးကို ကြည့်ကြပါတယ်။

မင်္ဂလာဆောင်တဲ့ ညတစ်ညပဲ သတို့ သမီးအိမ်မှာ နေပြီး နောက်နေ့မှာ သတို့သားကလည်း မိမိအိမ်ပြန်နေပြီး သတို့သမီးကလည်း သူ့အိမ်မှာပဲ နေ ရစ်ပါတယ်။

သတို့သားရော သတို့သမီးလေး ပါ သူတို့ရဲ့ မိဘများကို "ကျေးဇူးတင် ဝမ်းမြောက်ကြောင်း" အိပ်မက်များ ပေးပါသတဲ့ခင်ဗျာ။

စာဖတ်သူများ ခင်ဗျာ၊ ဒါဟာ တကယ့် အဖြစ်အပျက်ကလေး မိဘ၊ နေရပ်လိပ်စာကိုတော့ ကာယကံ ရှင်များထံ ခွင့်မတောင်းရသဖြင့် မဖော် ပြနိုင်သည်ကို ခွင့်လွှတ်ကြပါရန်။

**[မန္တလေး–မတ္တရာလမ်း "သုမိန် လေထိုးဆိုင်မှ မောင်ဒါးဘု (ခေါ်) မောင်အောင်နေလင်း (လူခြောက် ကလေးရဲ့အစ်ကို) ပြောပြသဖြင့် တင်ပြလိုက်ရပါကြောင်း။]**

***အားလုံး ကောင်းကျိုးလိုရာများ ပြည့်ဝကြပါစေ။***

ပေရှင်း ညွန့်မြင့်
(B.Sc-Maths)



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ထဲက တစ်နပ်ဆွမ်း

ဖိုးမြင့် (မင်းလှ)



စာရေးသူအနေဖြင့် အိပ်မက်ထဲက ဆန်းကြယ်သော ကိုယ်တွေ့ဖြစ်ရပ်တစ်ခု ရှိခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဧပြီလထုတ်၊ အမှတ် (၂၉၇)၊ စာမျက်နှာ (၂၈၉) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရေးဆရာ **Top–မန္တလေး**၏ ''အိပ်မက်၏ ဆန်းကြယ်မှု''ဆောင်းပါးကို ဖတ်ရှုရ၍ စာရေးသူ ''အိပ်မက်ထဲက တစ်နပ်ဆွမ်း''ဆောင်းပါးကို ရေးသားဖော်ပြလိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ တွင် မင်းလှမြို့တောင်ဘက် ကံကြီးတောရကျောင်း ဝေယျာဝစ္စ အကျိုးဆောင်အဖွဲ့ကို ဖွဲ့စည်းကြသောအခါ စာရေးသူအား ဝေယျာဝစ္စ အကျိုးဆောင်အဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို ပေးအပ်ကြပါသည်။

ကျောင်းဝေယျာဝစ္စအဖွဲ့တွင် ပညာရေးဝန်ထမ်း(အငြိမ်းစား)၊ တပ်မတော်သား(အငြိမ်းစား) ဝန်ထမ်းဟောင်းများ အများစု ပါဝင်ကြပါသည်။ စာရေးသူ၏ ဘဝတွင် ဘာသာရေးဆိုင်ရာကိစ္စများ အတော်အသင့် လုပ်ကိုင်ဆောင်ရွက်ဖူးပါသည်။

သို့သော် ဥက္ကဋ္ဌအဖြစ်တော့ တာဝန်မယူဘူးပါ။ အားလုံးထဲမှာ စာရေးသူက အသက်အငယ်ဆုံး ဖြစ်နေသည်။ ဘာသာရေးဆိုင်ရာ ကိစ္စဖြစ်ပါ၍ အသက်ငယ်ခြင်း၊ ကြီးခြင်းမှာ ပမာနမဟုတ်ဘဲ အဓိက သာသနာအကျိုးကို ဦးဆောင်ဦးရွက်ပြုပြီး တိုးတက်အောင်မြင်စေရန် စွမ်းဆောင်မှုသာ အရေးကြီးသည်ဟု ခံယူထားပါသည်။

ဝေယျာဝစ္စ အကျိုးဆောင်အဖွဲ့ကို ဖွဲ့စည်းပြီးနောက် (၂)ပတ်ခန့်အကြာတွင် ကျောင်းထိုင်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် အစည်းအဝေး ဖိတ်ခေါ်လိုက်ပါသည်။ ကျောင်းထိုင်ဆရာတော်မှာ ဘုရားငုတ္တိုရွာက **ဦးသောဘနဆရာတော်** ဖြစ်သည်။

ဆရာတော်က...

'အကာတို့ ဒီကျောင်းက သုသာန်နားမှာဆိုတော့ လူသူအရောက်အပေါက်နည်းတယ်။ သာသနာ့အဆောက်အအုံများ တိုးတက်ဖို့ သိပ်လွယ်မယ် မထင်ဘူး။ အကာကြီးတို့ ပင်ပန်းကြလိမ့်မယ်'

ဟု မိန့်တော်မူသည်။

ကျောင်းအကျိုးဆောင် နာယကဦးချစ်တင်က...





www.burmeseclassic.com

www.burmeseclassic.com

'တပည့်တော်တို့ အစွမ်းကုန်ကြိုးစားပြီး ဆောင်ရွက်ကြမှာပါဘုရား'

ဟု လျှောက်ထားပါသည်။

ဆရာတော်က...

'အကာကြီးတို့ကို ဘုန်းဘုန်း အိပ်မက်အကြောင်း တစ်ခုပြောပြမယ်။ ဘုန်းဘုန်း ဒီကျောင်းလေးမှာ သုသာန်ဓုတင် ဆောက်တည်လာတာ (၅)နှစ်ခန့်ရှိပါပြီ။ မြွေတွေကို ခဏခဏ အိပ်မက်တယ်။

မြွေတွေ လာကြတယ်။ ထွက်သွားကြတယ်။ အိပ်မက်ထဲက မြွေတွေကတော့ တော်တော်ကြီးတယ်။ တစ်ခါတလေ ကျောင်းဘုရားခန်းမှာ မြွေတွေလာတယ်။ ကျောင်းဝင်းထဲမှာလဲ ခဏခဏ တွေ့တယ်။ ရန်ရှာတာ၊ ရန်မူတာတို့ မရှိပါဘူး။

ဒါကြောင့် အကာကြီးတို့ ဆန္ဒရှိကြမယ်ဆိုရင် နဂါးရုံဘုရားတစ်ဆူ တည်ထားပူဇော်ကြရင် ပိုပြီး သာသနာ ပွင့်လင်းလာမယ် ထင်တယ်'

ဟူ၍ ဆရာတော်ကြီးမှ အမိန့်ရှိပါသည်။

အကျိုးဆောင်များ အားလုံးကလည်း ဆရာတော်ကြီး မိန့်တော်မူသည့်အတိုင်း နဂါးရုံဘုရား တည်ထားပူဇော်ရန် ဆန္ဒတူညီကြသည်။

စာရေးသူက...

'ဒီနေ့ကစလို့ အကျိုးဆောင်များအားလုံး အဓိဋ္ဌာန်ပြုကြမယ်'

**"ကံထူး,ကံမြင့်,ကံကောင်းစေရန်**
**ကံကြီးတောရအဓိဋ္ဌာန်"**

ဟူ၍ အဓိဋ္ဌာန်ပြုကြပြီးလျှင် နဂါးရုံဘုရား တည်ထားပူဇော်နိုင်ရေးအတွက် လုပ်ငန်းတာဝန်များ ရေးဆွဲကြသည်။ အကျိုးဆောင်များအားလုံး တက်ညီလက်ညီ ကြိုးစားကြသည်။

တပေါင်းလဆန်း (၇)ရက်နေ့တွင် အုတ်မြစ်ချ အခမ်းအနား ပြုလုပ်ရန်နှင့် (၃)လအတွင်း အပြီးသတ် တည်



ထားပူဇော်သွားကြရန် ရက်သတ်မှတ်လိုက်ကြပါသည်။

၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတွင် စာရေးသူ အအေးမိပြီး ဖျားရာကနေ ခါးအောက်ပိုင်း လှုပ်မရဘဲ လေငန်း၊ လေဖြန်းရောဂါ ဖြစ်ပေါ်လာသည်။ လမ်းမလျှောက်နိုင်ဘဲ အိပ်ရာထဲမှာ (၁၅)ရက်ခန့် ရှိနေပြီဖြစ်သည်။

ကျောင်းဝေယျာဝစ္စ အကျိုးဆောင်အဖွဲ့က ပုဂ္ဂိုလ်များအားလုံး စိတ်မကောင်းဖြစ်နေကြသည်။ မြန်မြန်ကျန်းမာစေဖို့ အားပေးကြသည်။ ဆေးမြီးတိုပေါင်းစုံ ပြောပြကြသည်။ စစ်ကွင်းမြို့က ဆရာဝန်နှင့် ပြသ၍ ဆေးသောက်ဆေးထိုး ကုသနေရသည်။

စာရေးသူလည်း တစ်သက်မှာ တစ်ခါမှ မခံစား၊ မဖြစ်ခဲ့ဘူးသော ရောဂါဝေဒနာဖြစ်၍ စိတ်ဓာတ်ကျနေသည်။ ဘုရားတည်ခါနီးမှာ ခုလိုဖြစ်ရတာ စိတ်ထဲမှ မကျေနပ်ပါ။ စာရေးသူ နေထိုင်ရာအိမ်နှင့် ကျောင်းက (၁) ဖာလုံခန့်သာ ကွာဝေးပါသည်။ မသွားရောက်နိုင်။

စာရေးသူအနေဖြင့် မိမိ၏ စိတ်ကို ပြုပြင်လိုက်ပါသည်။

'ဒီသည် ဤရောဂါ မပျောက်သမျှကာလပတ်လုံး မေတ္တာသုတ်ပရိတ်တော်၊ ခန္ဓသုတ်ပရိတ်တော်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ ဓဇဂ္ဂသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်များကို နံနက်တိုင်း ရွတ်ဖတ်ပြီး မေတ္တာပို့ခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်း စသော ကျင့်စဉ်နှင့် နေလိုက်မည်'

ဟု စိတ်ပိုင်းဖြတ်လိုက်ပါသည်။

(၂၇-၁-၂၀၀၁)နေ့ညတွင် ထူးခြားသော အိပ်မက်တစ်ခု မြင်မက်သည်။ သက်တော်(၇၀)ခန့်ရှိ ဆရာတော်ကြီးတစ်ပါးသည် စာရေးသူ၏ အိမ်ထဲသို့ ဆွမ်းခံကြွရောက်လာပါသည်။

စာရေးသူက...

'အရှင်ဘုရား တပည့်တော်က ထ၍ လမ်းမလျှောက်နိုင် ဖြစ်နေပါ၍ ဆွမ်းလောင်းလှူရန် ခက်ခဲနေပါသဖြင့် ကန်တော့ဆွမ်းပါဘုရား'

ဟု လက်အုပ်ချီမိုး လျှောက်ထားလိုက်သည်။

အိပ်မက်ထဲမှ ဆရာတော်ကြီးက...

'ဘုန်းကြီးက ဆွမ်းအလှူခံဖို့ ကြွရောက်လာခြင်းမဟုတ်ပါ။ ဒကာလေးကို လာခေါ်ခြင်းသာဖြစ်တယ်။ ဒကာလေး ဘုန်းကြီးနဲ့လိုက်ခဲ့ပါ'

ဟု ဆရာတော် မိန့်ကြားလိုက်သောအခါ...

'တပည့်တော် ဘယ်လို လိုက်ခဲ့ရပါမလဲဘုရား'

ဆရာတော်ကြီးက စာရေးသူအိပ်သည့် ခုတင်ခေါင်းရင်းဘက်သို့ ကြွလာပြီး...

'ကဲ ဒကာလေး ဘုန်းဘုန်းသင်္ကန်းစွန်းကို ကိုင်ရွပြီး လိုက်ခဲ့ပါ'

ဟု ဆရာတော်ကြီး မိန့်ကြားသည့်အတိုင်း သင်္ကန်းစွန်းကို လက်နှစ်ဖက် ပူး၍ ဆုပ်ကိုင်လိုက်သည်။

ဆရာတော်ကြီးသည် ကျောင်းကင်သို့ တဖြည်းဖြည်း တက်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com

စာရေးသူလည်း ဆရာတော်ကြီး၏ သင်္ကန်းကို ဆုပ်ကိုင်ပြီး ပါသွားသည်။

ကောင်းကင်သို့ ရောက်သွားသောအခါ စိတ်က အထူးလန်းဆန်းနေသည်။ ပင်လယ်ကမ်းခြေတစ်ခုကို ဖြတ်သန်းသွားရသည်။

ပင်လယ်ကမ်းခြေတွင် လူအများ သွားလာနေကြသည်။ ပျော်ပျော်ရွှင်ရွှင် မြင်နေရသည်။ နောက်ပြီး မြစ်ကြီး တစ်ခုကို ဖြတ်သန်းသည်။

မြစ်တစ်ဖက်ကမ်းသို့ ရောက်သွားသောအခါ တောတောင် ထူထပ်သောနေရာ၏ တောင်ထိပ်ပေါ်တွင် ရှေးခေတ်က ဘုန်းတော်ကြီးကျောင်းပုံစံ တည်ဆောက်ထားသော ကျောင်း၏ရှေ့တွင် ဆင်းသက်ပြီး လှေကားအတိုင်း ဆရာတော်ကြီးက ခေါ်ဆောင်သွားသည်။ ကျောင်းထဲသို့ ရောက်ရှိသွားသောအခါ ဆရာတော်ကြီးက...

'ရော့ ဒကာလေး ဒီဆွမ်းသပိတ်ကို ဘုရားကို ကပ်လှူလိုက်ပါ'

ဟု ပြောပါသည်။

စာရေးသူက ဆွမ်းသပိတ်ကို မြတ်စွာဘုရားအား ကပ်လှူလိုက်ပါသည်။ စာရေးသူကို ဘုရားရှေ့ (၁၀)ပေခန့်အကွာတွင် ထိုင်နေခိုင်းပါသည်။ ကျောင်း၏အတွင်းပိုင်းတွင် ရှေးခေတ်ပန်းချီ၊ ပန်းပုလက်ရာများစွာ တွေ့မြင်ရသည်။ ကျောင်းထဲမှာ အခြားမည်သူမှ မရှိပါ။

စာရေးသူ စိတ်ထဲမှ အံ့သြမှု ဝမ်းမြောက်မှု၊ ကြည်ညိုမှု၊ စိတ်လန်းဆန်းမှုများစွာဖြစ်ပေါ်နေသည်။ ခဏကြာသောအခါ ဆရာတော်ကြီးမှ ဆွမ်းသပိတ်ကို ဘုရားရှေ့က စွန့်ယူပြီး ဆွမ်းဘုဉ်းပေးသည်။ ပြီးလျှင်...

'ရော့ ဒကာလေး ဒီဆွမ်းသပိတ်ထဲက ဆွမ်းကို စားသုံးလိုက်'



ဟု ပြောပါသည်။

သပိတ်ထဲမှာ ဆွမ်းနှင့် ဆွမ်းဟင်းများ ထက်ဝက်ခန့် ရှိနေသည်။ အားလုံးရောနှောလျက်ရှိသည်။ စာရေးသူလည်း ဆရာတော်ကြီး မိန့်ကြားသည့်အတိုင်း စားသုံးလိုက်ပါသည်။

ဆရာတော်ကြီးက...

'ကဲ ဒကာလေး ဆွမ်းစားပြီးပြီဆိုတော့ ပြန်လို့ရပြီ။ ဒကာလေး ပြန်တဲ့အခါ လာလမ်းအတိုင်း ပြန်လို့မဖြစ်ဘူး။ ကျောင်းရဲ့လက်ယာဘက် နံရံဘေးမှာ ထွက်ပေါက်ရှိတယ်။ အဲဒီကနေပြန်သွား'

ဟု ဆရာတော်ကြီး ညွှန်ပြသည့်နေရာက ပြန်လာခဲ့သည်။ ကျောင်းအောက်မြေကြီးပေါ်ရောက်သည်နှင့် မိမိအိမ်ကို ပြန်ရောက်သွားသည်။

အိမ်ကိုလည်းရောက် နိုးပြီးသတိရ၍ အချိန်နာရီကို ကြည့်သောအခါ ညဉ့်(၂)နာရီ(၁၅)မိနစ် ဖြစ်သည်။ ဒီလိုအိပ်မက်မျိုး စာရေးသူ တစ်ကြိမ်တစ်ခါမှ မမက်ဘူးပါ။ ထူးခြားသော အိပ်မက်ဖြစ်၍ မှတ်စုထဲမှာ ရေးမှတ်ထားလိုက်သည်။

အိပ်မက်က နိုးသောအခါ စာရေးသူ၏စိတ် အထူးကြည်လင် လန်းဆန်းနေသည်။ စိတ်ထဲမှာ ပေါ့ပါးနေသည်။ ဇနီးဖြစ်သူအား ဒီအိပ်မက်အကြောင်း ပြောပြသောအခါ ဇနီးဖြစ်သူက...

'ဒါ ပုဂ္ဂိုလ်ထူးသံဃာတော်တွေက ဆေးကုပေးတာ ဖြစ်မှာပေါ့'

ဟု ပြောပါသည်။

နံနက် မိုးလင်းသောအခါ ခြေနှစ်ဖက်လုံး လှုပ်ရှား၍ ရနေသည်။ အိမ်ထဲမှာ ဝါးတန်းလုပ်၍ လျှောက်ကြည့်သည်။ တစ်ရက်အတွင်း အဆင်ပြေလာသည်။

စာရေးသူ အားတက်လာပြီး (၂)ရက်ခန့် အိမ်ထဲမှာ တန်းထိုးလျှောက်ပြီးနောက် တန်းကိုဖြုတ်ကာ တောင်ဝှေး (၂)ချောင်းနှင့် ဖြည်းဖြည်းလျှောက်သည်။

(၁)ဖာလုံခန့် ကွာဝေးသော ကျောင်းသို့ မိနစ်(၃၀)ခန့် လျှောက်ရသည်။ (၁၀)ရက်ကျော်အတွင်းမှာ ပုံမှန်အတိုင်း လမ်းလျှောက်သွားလာနိုင်ခဲ့ပါသည်။

တပေါင်းလဆန်း(၇)ရက်နေ့ နဂါးရုံဘုရား အုတ်မြစ်ချ အခမ်းအနားကို ဦးစီးဆောင်ရွက်နိုင်ခဲ့ပါသည်။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့၏ ဂုဏ်ကျေးဇူးကြောင့် သာသနာတော်ကို စောင့်ရှောက် စောင့်ကြပ်လျက်ရှိကြသော နတ်မြတ်၊ နတ်ကောင်း၊ ဝိဇ္ဇာမြတ်၊ ဝိဇ္ဇာအပေါင်းတို့က စောင့်ရှောက်ပေးကြသည်ဟု ယူဆမိပါသည်။

စာရေးသူအတွက် **"အိပ်မက်ထဲက တစ်နပ်ဆွမ်း"**သည် ဘဝနှင့်ယှဉ်၍ ကျေးဇူးကြီးမားလှပါကြောင်း အိပ်မက်၏ ဆန်းကြယ်မှုကို ရေးသားဖော်ပြအပ်ပေသည်။

**[အိပ်မက်ထဲက ဆရာတော်ကြီးအား ရှိသေဦးခိုက် ပူဇော်ပါသည် အရှင်သူမြတ်ဘုရား။]**

ဗိုလ်မင်း (မင်းလှ)



www.burmeseclassic.com

www.burmeseclassic.com

# အစောက်ကြမ်းသည့် ကျွင်း

မောင်မြရော
(ရာမည)



ကျွန်တော်တို့ ကျောင်းသားဘဝက ကျောင်းစည်းကမ်းကို မလိုက်နာဘဲ ချိုးဖောက်ခဲ့သည့်ရှိသော် ဆရာ ဆရာမတို့က ကြိမ်ဖြင့် ဆုံးမတတ်၏။ မဆိုသလောက် အမှားလေးကစ၍ ဘဝ၏ ပြာသာဒ်တစ်ဆောင်လုံးကို ပြာကျစေနိုင်၍ ဆုံးမခြင်း ဖြစ်သည်ကို ထိုစဉ်ကစ၍ သဘောပေါက် နားလည်ခဲ့သည်။

ထို့အပြင် အိမ်တွင်လည်း အိမ်၏ စည်းကမ်းကို ချိုးဖောက်မိ၍ လက်ဦးဆရာနှစ်ဦးဖြစ်သော အမိနှင့် အဖတို့၏ ရိုက်နှိုက်ဆူပူခြင်းကိုလည်း ခံခဲ့ရဖူးသည်။

နှမ်းခိုးစားသော မင်းသားငယ် အကြောင်း သင်ဖူးသည့် အရွယ်ကျတော့မှ လက်ဦးဆရာနှစ်ပါးအပြင် ကျောင်းက ဆရာ ဆရာမများ၏ ဆိုဆုံးမခြင်းကို ပို၍ သဘောပေါက် နားလည်ခြင်း ဖြစ်ပါသည်။

အစ,မကောင်းလျှင် အနှောင်းမသေချာပါ။ ထို့ကြောင့် အားလုံးက အစ,ကို ကောင်းစေချင်ခဲ့ကြသည်။ သူတို့၏ ဆုံးမခြင်းကြောင့် အရှိုးရာ ထင်၍ ပရုတ်ဆီလူးရသည်က လွဲ၍ ဘဝမှာ အထိနာစရာ မရှိခဲ့ပါ။

ကျောင်းရိပ်နှင့် အိမ်ရိပ်ကိုခွာ၍ ပြင်ပကမ္ဘာ၏မြေပေါ် ခြေချတော့မှ ဘဝပျက် မတတ် နာခဲ့ရှုံးခဲ့ရသည့် သူတစ်ဦးကို ကျွန်တော်တွေ့ဖူးခဲ့၏။ သူ့အား ဆုံးမသည့်သူကတော့ အရှိုးရာ ထင်သည် လောက်ကို အားမရ။ အသက်ကိုပင် သေနိုင်လောက်သည့်အထိ ဆုံးမခဲ့သည်။

ဤဖြစ်ရပ်တွင် ကျွန်တော် ပါခဲ့သော်ငြား ကျွန်တော်ကိုယ်တိုင် ခံခဲ့ရတာတော့ မဟုတ်ပါ။ ပွဲကြည့်ပရိသတ်နှယ် နီးနီးကပ်ကပ် ရှိခဲ့၏။

ထိုစဉ်က ကျွန်တော်သည် အလုပ်က မည်မည်ရရ ရှိသူမဟုတ်ပါ။ ကိုယ်တိုင်က မပျင်းပေမယ့် ရသည့် အလုပ်ကို ချေးများ၊ သေးများ လုပ်တတ်၏။ ထို့ကြောင့် အများသူငါနှယ် ရာသီပေါ် အလုပ်လေးတွေ၌ ပျော်မွေ့တတ်သည်။

ရပ်ရွာတွင် ကောက်စိုက်၊ ပျိုးနုတ်၊ စပါးရိတ်၊ မြေကြီးပေါက်လောက်သာ အလုပ်ရှိသည်။ ထိုနှစ်က သူငယ်ချင်းတွေပါသည့် ကောက်စိုက်အုပ်ထဲ လိုက်ဖြစ်သည်။ စရန်ငွေယူ၍ ကောက်စိုက်ဆူ၊ မျိုးလွယ်ပလိုင်း၊ မိုးကာ စသည်တို့ ဝယ်ရ၏။

နေ့ချင်းပြန်နှင့် ညအိပ် ရှိသည့် အနက် ညအိပ်အဖွဲ့ထဲ ဝင်ခဲ့ခြင်းဖြစ်သည်။ နေ့ချင်းပြန်ဆိုသည်မှာ စောစောထ၍ ထမင်းထုပ်နှင့် အလုပ်ဆင်းရပြီး ညနေ (၆)နာရီကျော်လျှင် ကွင်းတက်ရသည်။

ညအိပ်က ပို၍ ပင်ပန်းမည် ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ညအိပ်အဖွဲ့သည် မိုးစုပ်စုပ်ချုပ်၍ ခပ်ဝေးဝေး တောင်ပေါ်တန်း၌ ဘုရားမီးတွေလာမှ အလုပ်ရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကပျာကယာ-ရေချိုး၍ ထမင်းစား ပြီးလျှင် ည(၈)နာရီထိုးပြီ ဖြစ်သည်။ နေရ ထိုင်ရသည်မှာလည်း မိုးရေထဲ ရွှံ့ဗွက်စိုစိစိနှင့်ပင်။ အိပ်ရသည်မှာ တော့ မိန်းကလေးတွေ တဲပေါ်မှာ အိပ်ရပြီး ယောကျ်ားလေးတွေက နွား စားခွက်နှင့် တဲအောက်ထပ်တွင် ဖြစ် သည်။


စားခွက်ထဲမှာ တသီကြီး ခြင်ထောင် မပါ ဘာမပါနှင့် ဖြစ်၍ ခြင်တွေက ကိုက်၊ နွားတွေ၏ လျှာဖြင့် ယက်ခြင်း ကိုလည်း ခံရနှင့် အတော့်ကို ကသီ လင်တ နိုင်သည်။ အိပ်ရေးက မဝပါ။

နံနက်ဆို (၃)နာရီလောက်ကနေ မိန်းကလေးတွေ ထပြီး ဖီးလိမ်းပြင် ဆင်ကြတာများ ဓာတ်ကမည့်အတိုင်း ပင်။ ဆူဆူညံညံနှင့်မို့ အိပ်မရတော့ပါ။ ကိုယ်တွေပါ ရောထပြီး မျက်နှာသစ် ကာ ပြင်ဆင်ရတော့သည်။

အလုပ်ကလည်း ညအိပ်အဖွဲ့နှင့်မို့ အလင်းရောင် မပီပြင်မီ လယ်ကွက် ထဲ ဆင်းရပါသည်။ ဤနယ်ဘက် မှာက ကောက်စိုက်တာ ဆူးနှင့်စိုက် သည်။ ဆူးက သုံးခွပါသော မှိန်းပြား လေးသဖွယ်ဖြစ်၍ အရိုးက လူကြီး နှစ်တောင့်ထွာ၊ သုံးတောင်နီးနီး ရှိ၏။

ဆူးအဖျားလေးနှင့် စပါးမြစ်တွေကို သေချာချိန်၍ စွပ်ခနဲ ရှေ့ကို စိုက်ချရ ၏။ စ,စိုက်ကာစ မျိုးပင်၏ အမြစ်တွေ၊ ခေါင်းတွေ ပြတ်တတ်၏။ ငန်းကူမရှိ လျှင် ကိုယ်တစ်ယောက်တည်း ဟိုးရှေ့ မှာ ကျန်ခဲ့တတ်သည်။

စိုက်ရင်းနှင့် နောက်ကို ဆုတ်သွား တာဖြစ်၍ ဆူးနှင့် သူများခြေထောက် ကိုလည်း ထိုးမိတတ်သည်။ ကျွမ်းကျင် လာတော့ ထိုအရာတွေ မဖြစ်တတ် တော့ဘဲ သီချင်းလေး တကြော်ကြော် နှင့် အတော့်ကို ပျော်စရာကောင်းလာ



၏။

ကျွန်တော့်အနားတွင် အမြဲနေ၍ ကျွန်တော့်သီချင်းတွေကို ဗိုင်းဆိုတတ် သည့် သူငယ်ချင်းကတော့ ကရင်တိုင်း ရင်းသားဖြစ်သည်။ ဘယ်အကွက်ပဲ ဆင်းဆင်း အနားမှာ အမြဲစိုက်တတ် သည်။ ယောကျ်ားလေးတွေမို့ ရေနက် ရာ ကန်သင်းဘေးတွေ၌ အမြဲနေရပါ သည်။

ဤနယ်တွင် မျှော့မရှိသလောက် ရှားပါးပါသည်။ ဓာတ်မြေသြဇာ သုံးလွန်း၍ ထင်ပါသည်။ ထိုနေ့က ကျွန်တော်တို့အုပ်စု ပေါ်တော်မူဘက် ပြောင်းရ၏။

လယ်တဲတစ်တဲကို သုံး,လေးရက် နေပြီး စိုက်ရသည်။ ဤနယ်ဘက် တွင် ကွင်းကို ဝိုင်ဟုသုံးသည်။ ဥပမာ ဥက္ကံဝိုင်(ဥက္ကံကွင်း)၊ ပေါ်တော်မူဝိုင်(ပေါ် တော်မူကွင်း)ဟု သုံးတတ်သည်။ ပေါ်တော်မူဝိုင်ဆိုသည်မှာ ပေါ်တော်မူ ဘုရားနှင့် နီးသောကွင်း ဖြစ်သည်။

လယ်တဲနှင့် လယ်ကွက်မှာ ဘုရား ၏ အနောက်စူးစူး တစ်မိုင်ခွဲခန့်တွင် ရှိ၍ ဒီရေရောက်ချောင်းရှိသည်။ ဓနိပင် တွေ စိုက်ထားသည့် ဓနိခြံတွေရှိသည်။ တဲရောက်ဖို့ ချောင်းကို လှေနှင့်ကူးရ သည်။

ချောင်းရေက ရေစီး အလွန်သန် သည်။ ကူးတို့ဆိပ်၏ အောက်ဘက် ကိုက်သုံးဆယ်လောက်မှာ ကျားပိုက် ထောင်ထား၍ အန္တရာယ် အလွန်များ ၏။ မျောပြီး ကျားပိုက်ထဲဝင်လျှင် အသက်မရှင်ပါ။

တဲပိုင်ရှင် လယ်ပိုင်ရှင်က လူမျိုးခြား ဖြစ်သည်။ တဲနားတွင် ကုက္ကိုပင်ကြီး တစ်ပင်ရှိ၍ ထိုအခြေတွင် (သူတို့ အခေါ်) ဘုရားရှိသည်။ လူမျိုးခြားက မှာသည်။ ဤဝိုင်တွင် လုံးဝ မြွေမသတ် ပါနှင့်ဟု အထပ်ထပ်မှာသည်။

စိုက်ဧကကြီးသည့်အတွက် ဤတဲ တွင် ငါးရက်မျှ ကြာနိုင်ပါသည်။ ရက် ကြာတာ ဘာမှမခက်ပါ။ ခက်သည် ကျွန်တော့်ဘော်ဒါလေးဖြစ်၏။ သူနှင့် ကျွန်တော် တဲသို့ ထမင်းစားပြန်တုန်း ဖြစ်သည်။ ကောက်စိုက်ခေါင်းဆောင် က လက်စာကုန်ဟု အော်လျှင် လက် ထဲက (ကိုယ့်မျိုးလွယ်ပလိုင်းထဲက မျိုးပင်တွေပါ သက်ဆိုင်သည်။ **စကား ချပ်**) မျိုးပင်တွေ ကုန်အောင်စိုက်၊ သူများကျန်တာတွေကိုလည်း ဝိုင်းစိုက် ပေးပြီးမှ တက်ရသည်။

ယခု လက်စာကုန်ပြီး ကန်သင်းပေါ် တက်လျှောက်တော့ ရေမြွေတစ် ကောင် ကန်သင်းပေါ်မှာ တွေ့သည်။ ကျွန်တော် သတိ ချက်ချင်းရပြီး သူ့ကို တားပါသေးသည်။ သူက လက်ကို ပုတ်ထုတ်ပြီး ရေမြွေကို ကောက်စိုက် ဆူးနှင့် ထိုးပစ်၏။

မြွေခမျာ အပိုင်းပိုင်းပြတ်၍သေ သည်။ မြွေသေကို ကလော်ပြီး လယ် ကွက်ထဲ ပစ်ချလိုက်ပြီး ဘာမှ အမှု မထားဟန်နှင့် ထမင်းတက်စားသည်။

ထမင်းစားပြီးပြီးချင်း လက် မခြောက်သေးမီ အလုပ်ဆင်းရသည့် အလေ့ရှိ၍, ကိုယ့်ပစ္စည်းကိုယ်ယူပြီး တဲပြင်ရောက်တော့ ဘော်ဒါလေး



www.burmeseclassic.com

www.burmeseclassic.com

ဗိုက်ကိုနှိပ်ကာ အော်သည်။ ငယ်သံပါ ပါလာ၍ အားလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်၏။

ခဏအကြာ၌ ရှိုးရှိုးပင် မအော်တော့ဘဲ မြေပေါ်တွင် လူးကာလှိမ့်ကာ အော်သည်။ စားသည့်ဟင်းက ကြာခံအဖြူ ချက် အရည်ကျဲနှင့် ငါးပိရည်၊ ကန်စွန်းရွက် တို့စရာသာဖြစ်၍ အစားမှားကာ အော်ခြင်း မဟုတ်တန်ရာ။

သူ့ကို တဲပေါ်ပွေ့ချီတင်ပြီး မေးတော့လည်း ဗမာစကားသံ ထွက်မလာဘဲ ကျွန်တော်တို့ နားမလည်သည့် လူမျိုးခြားစကားတွေ ထွက်လာသည်။

သူကား ထိုစကားကို တတ်သူမဟုတ်ပါ။ ဘယ်သူမှ အလုပ်မဆင်းကြဘဲ သူ့နားဝိုင်းကာ နေကြရ၏။ ခဏကြာတော့ တဲရှင်လာပြီး သူတို့ဘာသာစကားနှင့် ဗိုက်နာသူကို မေးသည်။

သူ့ခမျာ ချေးသေးပါ ထွက်နေပြီဖြစ်၍ စကားသံပင် မပီတော့ပါ။ မျက်လုံးနီနီကြီးကို ပြူးလိုက်၊ တဂျစ်ဂျစ်နှင့် သွားချင်းကြိတ်၍ တဲပေါ်မှာ လူးလိုက်လှိမ့်လိုက် ဖြစ်နေပါပြီ။

ကောက်စိုက်ခေါင်းဆောင်က ဝါရင့်သူပီပီ ကျွန်တော့်ကို **'နင်တို့နှစ်ယောက် သူတို့မသိဘဲ ဘာလုပ်ခဲ့သလဲ'**ဟု ခပ်ငေါက်ငေါက်မေးသည်။ လူမျိုးခြားက ကျွန်တော့် အဖြေစကားပင် မစောင့်ဘဲ **'နင်တို့ မြွေသတ်ခဲ့ပြီ မဟုတ်လား'**ဟု ဝင်ပြောလာတော့ အတော်အံ့ဩရသည်။

ယခင်နှစ်တွေကလည်း ဒီလိုကြုံဖူးသည်။ မယုံမရှိပါနှင့်ဟု တဲရှင်က ပြောပြီး တောင်းပန်မှ ရမည်ဟု ထပ်ပြောသည်။ ခက်ပြီ၊ မည်သူ့ကို မည်သို့ တောင်းပန်ရမည်နည်း။ ဒီလို ဖြစ်ရပ်မျိုး မကြုံဘူး၍ လူတော်တော်များများ အတော့်ကို ချောက်ချားနေကြရပြီဖြစ်သည်။

ဘော်ဒါလေးခမျာမှာလည်း ကြည့်ရက်စရာပင်မရှိတော့။ အသက်ရှူသံ ပြင်းလိုက် ပျောက်လိုက်နှင့် သတိလစ်မတတ် ဖြစ်ရင်းက လူမျိုးခြား စကားသံတွေ ဗလုံးဗထွေး ထွက်လာပြန်၏။



တဲရှင်က သေချာနားထောင်ပြီး **'ဟုတ်ပြီ၊ ခုပဲ တောင်းပန်ပါ့မယ်'**ဟု ဗမာလို ပြန်ပြောသည်။ ဟိုက ဘာပြန်ပြောသည် မသိနိုင်တော့။ လူမျိုးခြားတို့ စကားနှင့် ထပ်တောင်းပန်ရသည်တဲ့။

ဒီလိုနှင့် ပြဿနာကောင်ကို ကျွန်တော်ပဲ ထမ်းခဲ့ရကာ ကုက္ကိုပင်အောက် သွားခဲ့ရသည်။ တဲကုန်းက ရေမမြုပ်ပါ။ အပင်ခြေက သူတို့ဘုရားနောက်မှာ တောင်ပို့ယောင်ယောင် တစ်ခု ရှိတာကို တွေ့ရ၏။ တဲရှင်က **'အတော်ပဲ သားကျထားတဲ့နွားမ ရှိသေးလို့ နောက်မို့ဆိုရင် ခက်ပြီ'** လို့ ရေရွတ်ပြီး တောင်းပန်ဖို့ပြင်၏။ နွားနို့အစိမ်း တစ်ဖန်ခွက်နှင့် အိမ်ကြက်ဥတစ်လုံး ယူလာပြီး တောင်ပို့ရှေ့နား ဖန်ခွက်ကိုချသည်။

ကြက်ဥကို အနည်းငယ်လေး ဖောက်ကာ ထောင်ပေးထားပြီး သူတို့ဘာသာနှင့်ရွတ်သည်။ အမျိုးသမီးတွေ လိုက်မလာရဲ၍ ထိုနားမှာ ယောကျ်ား (၄,၅)ဦးပဲ ရှိပါသည်။

မကြာပါ။ တောင်ပို့နောက်ဘက်က ထင်ပါသည်။ မြွေဟောက်ကြီး လူကြီးလက်ကောက်ဝတ်နီးနီးလောက် ကြီးသည့် တစ်ကောင်ထွက်လာပြီး လူတွေကို စူးစူးရဲရဲကြည့်သည်။

ပြဿနာရှာသည့် ဘော်ဒါကျတော့ အကြာကြီးကြည့်သည်။ ပြီးမှ နွားနို့ကို စုပ်သောက်လိုက် ကြက်ဥကို စုပ်သောက်လိုက်လုပ်ပြီး နောက်ဘက်ထဲ ပြန်ဝင်သွားသည်။ အံ့ဩစရာပင်ကောင်း၏ လူနာလေးမှာ ချက်ချင်း လူကောင်းပြန်ဖြစ်ပြီး ထထိုင်သည်။ 'ငါ ဘာဖြစ်လို့လဲ'ဟုမေးတော့ ကျွန်တော် စိတ်ပေါက်ပေါက်နှင့် တစ်ချက်ပိတ်ကန်ပစ်ခဲ့သည်။

ဤဖြစ်ရပ်သည် ကိုယ်တွေ့ဖြစ်ပါသည်။ ဆန်းကြယ်သည့် ဒဏ်ခတ်မှု တစ်ခုနှင့် ကုစားနည်းတစ်မျိုးပင် ဖြစ်၏။ ဆိုင်ရာပိုင်ရာတို့ မကြိုက်၍ ဒဏ်ခတ်တတ်သည့် အစွဲရှိသည့် ဝိုင်(ကွင်း)တွေ ဤနယ်မှာ များလှပါသည်။

ထို့ကြောင့် တဲတွေရောက်တိုင်း တဲရှင်တွေက ကြိုတင်၍ သူ့ဝိုင်၏ စည်းကမ်းကို ပြောပြသည်။ လိုက်နာရန် ဘာမှ အပန်းမကြီးပါ။ ချိုးဖောက်၍လည်း ဘာမှ အကျိုးထူးမရပါ။ သူ့အိုးနှင့်သူ့ဆန်ပင် ဖြစ်သည်။

ကံမြင့်နေလျှင် ဘာမှ မကြုံနိုင်သော်လည်း ကံနိမ့်ချိန်တွင် ဤသို့ မသိသာဆိုးရွားစွာ ကြုံတွေ့နိုင်သည်။ အခန့်မသင့်လျှင် သေလောက်သည့် ဤဖြစ်ရပ်ကို လက်တွေ့ကြုံရ၍ ကျွန်တော် ကွင်းပိုင်တွေအစွမ်းကို ယုံကြည်သွားသည်။ ဘော်ဒါလေးကား မြွေမပြောနှင့် တီကောင်ပင် စေ့စေ့မကြည့်ရဲလောက်အောင် ဖြစ်ခဲ့ရပါကြောင်း...။

**လေးစားလျက်...**

**မောင်ရော (ရာညို)**



www.burmeseclassic.com

www.burmeseclassic.com



ခိုးမောင်

# ဟိုးမြေရဲ့ ဆိုးဆေး

**၁၉၄၉ခုနှစ်၊ အကြမ်းဖက်သောင်းကျန်းသူများ ထကြွချိန်** ကျွန်တော်တို့ သာယာဝတီ အထက်ပိုင်းတွင် စာသင်ကျောင်းများ ဆက်လက် ဖွင့်ပြီး စာသင်ကြားပေးပေမယ့် ဆရာ မစုံတော့ပါ။ အချို့ဆရာများ အစိုးရအုပ်ချုပ်တဲ့ နယ်မြေသို့ ကူးပြောင်း သွားကြပါတယ်။

ကျွန်တော်ကတော့ ကျောင်းတက်မပျက်ပါ။ ရက်အားနေ့များတွင် ကျွန်တော်တို့ သရက်ပင်ဆိပ် ရွာလယ်တွင် ဆောက်နေသော ဆင်ဝင်အိမ်ကြီးသို့သွားပြီး လက်သမားများ လုပ်ကိုင်နေတာကို တငေးတမော သွား၍ ကြည့်လေ့ရှိပါတယ်။

အခု ဆောက်နေတဲ့ ဆင်ဝင်အိမ်ကြီးဟာ ဘိုအောင်မှ သူ့အမေနေဖို့ ဆောက်ပေးတာ ဖြစ်ပါတယ်။

သူ့အမေက ဒီသရက်ပင်ဆိပ်ရွာသူ မဟုတ်ပါ။ မိုးညိုမြို့နယ် တောင်စင်းရွာက ဖြစ်ပါတယ်။ သူ့ရဲ့သားလတ် ဘိုအောင်ရဲ့ညီ၊ မောင်တင်မောင်နဲ့ သရက်ပင်ဆိပ်ရွာသူ မတင်လှတို့ အိမ်ထောင်ကျရာက အမေအိုကြီးကို မောင်တင်က ခေါ်ယူ ပြုစုခဲ့ပါတယ်။

ဘိုအောင် အရှိန်အဝါ သြဇာတက်လာတော့ သူ့အမေနေဖို့ဆောက်ပေးတာ ဆိုပေမယ့် မောင်တင်မောင်တို့လဲ ဆိုင်သပေါ့။

အိမ်ကြီးကတော့ တိုင်လုံးတွေက ဖယောင်းတိုင်လို ဖြောင့်ပြီး ချောနေတယ်။ ရက်မ၊ ထုပ်၊ လျောက်၊ ဒိုင်း၊ မြား၊ ဆင့်၊ လှေကားအားလုံး ကျွန်းသားတွေ။ အဲ ခင်းတဲ့ပျဉ်ကျတော့ ကျွန်းသားကပူလို့ ပျဉ်းကတိုး ပျဉ်ကို ခင်းထားပါတယ်။ တစ်ရွာလုံးနဲ့ ရွာနီးချုပ်စပ် ဒီလောက်သစ်လွင် ထည်ဝါတဲ့ အိမ်ဆို ဒီတစ်လုံးပဲ ရှိနေတော့ ရွာသားတွေကလဲ ဂုဏ်ယူပါတယ်။ 'တင်မောင် တင်လှ မြောက်ကြွကြွ' လို့တောင် စကားပြောင် ပြောနေကြလေရဲ့။

ဒီအိမ်ကြီးကို တာဝန်ယူ ဆောက်လုပ်နေတဲ့ လက်သမားခေါင်းဆောင် ဦးထွန်းညိုက အခြားသူ မဟုတ်ပါ။ အဖေရဲ့ ညီဝမ်းကွဲ၊ ကျွန်တော့် ဦးလေးပါ။ သူက လိပ်ဥကုန်းရွာသူ ဒေါ်အေးနဲ့ အိမ်ထောင်ကျတော့ ဟိုရွာသား ဖြစ်သွားတာပါ။

ခေတ်က မကောင်းဘူးလေ။ ရိုးမမှာရှိတဲ့ သစ်တွေခုတ်၊ ရွာတိုင်း အိမ်အသစ်တွေ ဆောက်ကြတာ။ ဒါပေမဲ့ ကျွန်တော်တို့ရွာက အိမ်ကြီးကိုတော့ မတုနိုင်ကြပါ။ လက်သမား ဆယ်ယောက်နဲ့တောင် ဆောက်ရတာပါ။

ကျောင်းပိတ်ရက်မှာ အဲဒီ အိမ်ကြီးသို့ ရောက်ခဲ့ပါတယ်။ ပျင်းတာနဲ့ ဦးလေးနဲ့ တွေ့လဲ စကားပြောရအောင်၊ သူ မအားလဲ သူတို့ လုပ်ကိုင်နေတာ ကြည့်ရုံပေါ့။

တံခါးရွက်တပ်ဆင်ဖို့ ကျွန်းပျဉ်ကို ရွေပေါ်ထိုးနေတဲ့ ဦးလေးအနီးရောက်



www.burmeseclassic.com

www.burmeseclassic.com

သွားပါတယ်။ သူက စကားတော့ပြန် မပြောနိုင်၊ ပြုံးပြုံး နှုတ်ဆက်ပါတယ်။ ကျွန်တော်က...

'ဦးလေး နားပါဦး၊ ရေနွေးကြမ်း သောက်ဦးလေ'

ဟု ပြောရင်း ရေနွေးကြမ်း ငှဲ့ပေး လိုက်ပါတယ်။

နဖူးမှ ချွေးပေါက်များ လက်ညှိုးဖြင့် သပ်ချပြီး ရေနွေးကြမ်း ပန်းကန် လှမ်းယူရင်း...

'ဒီ ချွေးက ချွေးအေးပါကွာ။ အရင်တုန်းက ထွက်ခဲ့ရတဲ့ ချွေးက ချွေးပူကွ'

'ဘာကို ဆိုတာလဲ ဦးလေး **ချွေးအေး၊ ချွေးပူ**'

'အေးလက်သမားလုပ်တော့နေရိပ်ထဲမှာ စိတ်အေးချမ်းစွာနဲ့ ထွက်တဲ့ချွေး၊ အေးအေးဆေးဆေး ထွက်တဲ့ချွေး၊ ချွေးအေးပေါ့။ ဟိုတုန်းက နေပူမိုးရွာထဲမှာ လယ်လုပ်ရတော့ ထွက်တဲ့ ချွေးက ပူတယ်။ ချွေးပူပေါ့ကွာ။ ဟုတ်တယ် မဟုတ်လား ငါ့တူ'

'ဒါနဲ့ ဦးလေး ဘာပြုလို့ လယ်မလုပ်ဘဲ လက်သမား ဖြစ်လာရတာလဲ။ လယ်လုပ်ရတာ ပင်ပန်းလို့ပေါ့နော်'

ဟု ကျွန်တော် မေးသောအခါ...

'လယ်လုပ်ရတာ ပင်ပန်းတာလဲ မှန်တယ်၊ ကြောက်စရာ အန္တရာယ်လဲ ရှိနေလို့ လယ်အလုပ် စွန့်ခဲ့ပြီး လက်သမား လုပ်တာပေါ့။ ဒီလိုကွာ ငါပြောပြမယ်'

ဟု ပြောကာ ရေနွေးကြမ်း တစ်ပန်းကန် ကုန်အောင်သောက်ပြီး အောက်ပါအတိုင်း သူ့ရဲ့ ဘဝဇာတ်ကြောင်း အတိတ်ကြောင်းကို ပြောပြပါတော့တယ်။

* * *

'ငါ လိပ်ဥကုန်းရွာသူ ဒေါ်အေးနဲ့ အိမ်ထောင်ကျတော့ ယောက္ခမများက လယ်ငါးကေ ခွဲပေးတယ်။ အဲဒီ လယ်



က **အင်တိုင်းတောနဲ့ အစပ်ဖြစ်နေတော့** ငါကလဲ လယ်ကေများများ လိုချင်တဲ့ လောဘရှိနေတော့ အင်တိုင်းမြေကို လယ်ဖြစ်အောင် မြေပေါက်၊ ကန်သင်းဖော်၊ သစ်ငုတ်ထုတ်၊ လယ်စိုက် လုပ်တာ သုံးနှစ်ကျော်တော့ လယ်ငါးကေ ဖြစ်နေပြီ။

ယောက္ခမပေးတာ ငါးကေနဲ့ ဆိုတော့ လယ်ဆယ်ကေ ပိုင်နေပြီပေါ့။ ဒီတော့ လယ်ကူတစ်ယောက် မွေးရတယ်။ မအေးရဲ့တူ ခင်မောင်ပေါ့။

လောဘသားပဲကွာ ရလေလိုလေ လောဘတွေ တက်လာတော့ နောက်ထပ် မြေတိုးဖို့ မိုးကျချိန် ခင်မောင်က မျိုးခင်းထွန်၊ ငါက မြေတိုးဖို့ ပေါက်ပြားနဲ့ မြေတူးတာပေါ့။

ဒီနှစ်လဲ တစ်ကေနီးပါးတိုးအောင် လုပ်မယ်လို့အားမာန်အပြည့်နဲ့စိတ်ကူးပြီးသား။ အဲဒီညမှာ အိပ်မက်တယ်။ လူ၀၀ မည်းမည်း၊ မျက်လုံးနီနီ၊ ဆံပင်သျှောင်ထုံးသေးသေး၊ အကျီမပါ၊ ပုဆိုးကွက်တိုး အနက်အဖြူနဲ့ ငါ့လယ်ကန်သင်းမှာ ရပ်ပြီး ခါးထောက်နေတာ တွေ့ရတယ်။

ငါကလဲ သူ့ကိုကြည့်၊ သူကလဲ ငါ့ကို ကြည့်နေကြတယ်။ သူကြည့်ပုံက ဒေါသ သိပ်ထွက်နေပုံပဲ။ ပြီးတော့ ပြောတယ်။

'မင်း လွန်လွန်းနေပြီ။ ငါတို့နေတဲ့ ရွာထိပ်ရောက်လို့ ကလေးကစားကွင်းတောင် ပဲ့သွားပြီ။ မင်း ငါ့အကြောင်း သိရမယ်'

အဲဒီလို ကြိမ်းမောင်းပြီး အိပ်မက်မှ လန့်နိုးသွားတယ်။

မနက်မိုးလင်းတော့ တို့ပုံမှန်အတိုင်း လယ်တောကို သွားကြတယ်။ ဒါပေမယ့် ထူးခြားတာက ငါ့ရဲ့ မျက်စိတွေ အမြင် မှုန်ဝါးနေတယ်။ အခါတိုင်းလို မကြည်လင်တော့ဘူး။

နောက်နေ့တွေမှာ လယ်ထဲ ငါ မလိုက်နိုင်တော့ဘူး။ တဖြည်းဖြည်းနဲ့ လုံး၀ မမြင်တော့ဘူး။ ဒီတော့ ငါလဲ ကြောက်နေပြီ။ မအေးခမျာလဲ လူကြီးသူမတွေ မေးတော့ ပရလောကသား ဖမ်းစားတာလို့ ပြောကြပါရော။ ဒီတော့ အစားအသောက် ပွဲကလေးနဲ့ လယ်ထဲလိုက် တောင်းပန်ရှာတယ်။

ညကျတော့ မအေးကို အဲဒီ လူ၀ကြီးက အိပ်မက်ပေးတယ်။

'မျက်စိရောဂါ မဟုတ်၊ သူလုပ်ထားတာ ဆေးဆရာနဲ့ မကုနဲ့၊ စပါးပေါ်ရင် ဝမ်းစာ တင်းလေးဆယ် လာထည့်ပေးပါ၊ အလိုလို ပြန်မြင်မယ်'တဲ့။

ဟုတ်တယ် မောင်ရေ စပါးပေါ်တော့ သူတို့ကို ဝမ်းစာ ထည့်ပေးရတယ်။ ဆေးကုစရာ မလိုဘဲနဲ့ သုံးရက်မြောက်နေ့မှာ နဂိုအတိုင်း ပကတိ အကောင်းမြင်ရတယ်ကွ။ အင်း လောကကြီးမှာ ထူးဆန်းအံ့သြစရာ အများကြီး'

'ဦးလေး စပါးတင်းလေးဆယ် ဝမ်းစာ ထည့်တော့ လယ်ထွက်စပါး အများကြီး ကုန်တာပေါ့'


'ဘယ်ဟုတ်မှာလဲ **လယ်ပုစွန်လုံးခွံနဲ့ တစ်တင်း၊ နှစ်တင်းဆီပြီး လေးဆယ်ထိ ခြင်ပို့လိုက်တာပါ'**

**စိုးမောင်**



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှ ဖူးရသော

# ရွှေဂု စေတီတော်

ဖိုးတင့်
(ညောင်လေးပင်)

တစ်ညသ၌ ကျွန်ုပ်သည် အိပ်ရာမှ အချိန်မတော် နိုးလာလေ၏။ ကျွန်ုပ်သီတင်းသုံးသောနေရာမှာ ပဲခူးမြို့ ရွှေမော်ဓောဆံတော်ရှင် စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဦးမှ ဟင်္သာကုန်းဘက်သို့သွားရသော တန်ဆောင်းဘောတွင် တည်ရှိသည့် ဘုန်းတော်ကြီးကျောင်းဖြစ်သည်။

ကျွန်ုပ်သည် ထိုကျောင်း၌ ပရိယတ္တိစာပေများကို မိမိကိုယ်တိုင်လည်း သင်ယူ၍ ရဟန်းသာမဏေများကိုလည်း စာဝါများ ပို့ချပေးနေသော ရဟန်းတော်တစ်ပါး ဖြစ်လေသည်။

အိပ်ရာကနိုး၍ နာရီကိုကြည့်လိုက်သော် နာရီသည် ညဥ့်ဆယ့်နှစ်နာရီတိတိကိုပြလျက်ရှိ၏။ ညဥ့်နက် သန်းခေါင်ယံအချိန်ပေတည်း။ ကျွန်ုပ်စိတ်တွင် ရွှေမော်ဓော စေတီတော်မြတ်ကြီးကို ဖူးမြော်လိုသောစိတ်သည် တားမရ ဆီးမနိုင် ပေါ်လာလေ၏။

ကျောင်းပြတင်းပေါက်ကို ဖွင့်၍ အပြင်ဘက်သို့ ကြည့်လိုက်ရာ လမင်းကြီး သာနေသည်ကို တွေ့ရ၏။ မြူတိမ်ကင်းသော ကောင်းကင်ပြင်တွင် ကြယ်တာရာများသည် လမင်းကြီးကို ဝန်းရံခစားနေကြ၏။

အလွန်လှပသာယာသော ညကာလတွင် ကျောင်းဝန်းအတွင်းရှိ စကားဝါပန်းများသည် ချိုအီမွှေးပျံ့စွာဖြင့် ည၏အလှကို ဖြည့်စွက် တန်ဆာဆင်ထားကြပြန်သည်။

ကျွန်ုပ်သည် ရသေ့ကြီးဦးခန္တီ၏ ကောင်းမှုတော် သံတန်ဆောင်းတော်ကြီး၏ အုတ်လှေကားများကို တစ်ထစ်ချင်းနင်း၍ ရွှေမော်ဓောကုန်းတော်ပေါ်သို့ တက်ခဲ့လေ၏။ ညဥ့်နက်ပိုင်းကာလများတွင် ဘုရားအဝင် သံဘာဂျာတံခါးတို့ကို သော့ခတ်ထားလေ့ ရှိပါသည်။

သို့ပါသော်လည်း ကျွန်ုပ်သည်တံခါးစောင့် ဒါယကာကြီးနှင့် ရင်းနှီး သိကျွမ်းသူဖြစ်သောကြောင့် မလွယ်ပေါက်တံခါးငယ်မှ အလွယ်တကူ ဝင်ခွင့်ရခဲ့လေသည်။ ရွှေမော်ဓော စေတီတော်



www.burmeseclassic.com

www.burmeseclassic.com

မြတ်ကြီးကို ကျောပေးလျက် တည်ထားသော ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်ကြီးကို ပူဇော်ရန် ဝင်မည်ပြုပြီးမှ မဝင်ဖြစ်သေးဘဲ စေတီတော်မြတ်ကြီးကို မော်၍ ဖူးမြော်ကြည်ညိုနေမိ၏။

ညဉ့်သည် တိတ်ဆိတ်နေ၏။ လေပြည်လေညင်းက ဆော့မြူးလျက်ရှိသည်။ ရွှေမော်ဓောစေတီတော်မြတ်ကြီးကို နှင်းမှုန်ပဝါပါးတို့ လွှမ်းခြုံထားသည်။ လရောင်ဆမ်းသော ငွေသားဇာခြည် ပဝါပါးတို့ လှပစွာ ရစ်သိုင်းဖွဲ့၍ ရွှေမော်ဓောစေတီတော်ကြီးကို သဘာဝလောကကြီးက တန်ဆာဆင် ပူဇော်နေသည်။

မီးမောင်းကြီးများ၏ လျှပ်စစ်အလင်းရောင်တွင် သဘာဝငွေလရောင်က ဖြည့်စွက်ထားသောမြင်ကွင်းမှာ ကြည်နူးဖွယ်ရာ ဖူးမဝအောင်ရှိလေ၏။ လေအဝှေ့တွင် ရွှေထီးတော်မှ ဆည်းလည်းသံများသည် ကောင်းကင်လေကို ခိုစီးရင်း သာယာစွာဖြင့် တလွင်လွင် လွင့်မျောနေသည်။

ဝမ်းသာပီတိစိတ်နှင့် စေတီတော်ကြီးကို ဖူးမြော်ပြီးသော် အရှေ့ဘက်မုခ်ဦးရှိ ဂန္ဓကုဋိတိုက်သို့ ဝင်လိုက်သည်။ ထိုစဉ်တွင် ယခင်က မဖူးဘူးသော ထူးခြားသည့် ရုပ်ပွားတော်တစ်ဆူကို ဖူးရလေ၏။

ရုပ်ပွားတော်သည် ရုပ်ရှင်တော်ဖြစ်၏။ နှုတ်ခမ်းတော်မှာ ပတ္တမြားခေါင်ရမ်းနှင့်ဆီပန်းကဲ့သို့ နီမြန်းနေ၏။ မျက်လုံးတော်များမှာ သက်ရှိထင်ရှားဘုရားတစ်ဆူကဲ့သို့ ကြည်လင်တောက်ပနေ၏။ မျက်ဝန်းအိမ်အတွင်းရှိ တောက်ပသော မျက်လုံးတော်များမှာ သောက်ရှူးကြယ်နီနောင်အလား ထင်မှတ်ရ၏။ ရှည်လျားသော နားရွက်



တော်နှင့် အချိုးကျ၍ ခြသေ့်မင်း၏ မေးကဲ့သို့ လုံးဝန်းသောမေးတော်တို့မှာ ကျွန်ုပ်၏အာရုံကို ကောင်းစွာ ဖမ်းစားနေတော့၏။

ထိုရုပ်ပွားတော်ကို အံ့ဩစွာ ဖူးမြော်နေစဉ် ကျွန်ုပ်၏တစ်ကိုယ်လုံးတွင် ကြက်သီးများသည် နေရောင်မလပ်အောင် ထ၍ နေတော့၏။ ကြက်သီးမွေးညင်းနှင့်အတူ ပီတိစိတ်များမှာ တဖွားဖွားပေါ်နေ၏။ ထိုရုပ်ပွားတော်မှာ ဉာဏ်တော်နှစ်ပေခန့်သာ ရှိမည်ဟု ခန့်မှန်းရသည်။ ထိုသို့ကြည့်နေစဉ် ရုပ်ပွားတော်၏ ညာလက်ရုံးတော်သည် အပေါ်သို့ မြောက်ကြွလာပြီး ဗျာဒိတ်ပေးဟန်ဖြင့် တစ်နေရာသို့ လက်ညှိုးထိုးပြလေ၏။ ''ရော်...ခက်ပြီ''။ အံ့ဩထိတ်လန့်စွာ ရေရွတ်မိတော့သည်။

သေသေချာချာ အာရုံစူးစိုက်၍ ကြည့်လိုက်သောအခါ ထိုရုပ်ပွားတော်မြတ်အား တစ်စုံတစ်ယောက်သည် ရင်ခွင်၌ ပွေ့ချီထားသည်ကို တွေ့ရတော့၏။ ဤမျှ ဆန်းကြယ်သောအဖြစ်များကို ယခင်အခါများက တွေ့ကြုံခဲ့ဖူးသူမဟုတ်ပါ။ ရုပ်ပွားတော်ကို ရင်ခွင်၌ ပွေ့ထားသူကို အာရုံစူးစိုက်ကြည့်မိသည်။

ထိုပုဂ္ဂိုလ်ကြီးကလည်း ပြန်ကြည့်နေသည်ကို တွေ့ရသည်။ ထိုသူ၏ ဆံပင်မှာ ရှည်လျား၏။ မျက်နှာ လေးထောင့်ကျ၏။ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်း၏။ ပုဆိုးကွက်ထောက်ကိုဝတ်၍ ကိုယ်ပေါ်၌ ဖျင်ကြမ်းတိုက်ပုံအကျႌကို ဝတ်ထား၏။ အတွင်းခံအကျႌ လုံးဝမပါပေ။

'ဩော်... အဘ ဘိုးမင်းခေါင်ကြီးကိုး'

ကျွန်ုပ်သည် အဘဘိုးမင်းခေါင်ကို မသိပါ။ ဘုရားစေတီများနှင့် သာသနာပြုစခန်းများတွင် ထုလုပ်ကိုးကွယ်ထားသော ရုပ်တုများကိုသာ မြင်ဖူးခဲ့သည်။ ရဟန်းတော်တစ်ပါး ဖြစ်နေသောကြောင့် အဘဘိုးမင်းခေါင်ကို စိတ်မဝင်စားမိသည်မှာလည်း အမှန်ဖြစ်သည်။ ပြီးလျှင် အဘဘိုးမင်းခေါင်ဆိုသူမှာ ဂန္ဓာရီအတတ်ပညာ၌ အစွမ်းထက်မြက်သော မြန်မာလူမျိုးတို့ ကိုးကွယ်အားထားကြရာ ဘိုးတော်ကြီးဟူ၍တော့ သိရှိမှတ်သားခဲ့ဖူးသည်။

''အဘဘိုးမင်းခေါင်က ဂန္ဓာရီအတတ်ပညာနဲ့ ငါ့ကို မျက်လှည့်ဆရာကြီး လုပ်နေတာကိုး''

ဟူ၍ ကျွန်ုပ် တွေးမိလေသည်။

'မောင်ပဥ္စင်း'

အဘဘိုးမင်းခေါင်က အသံထွက်၍ ခေါ်လိုက်သည်။ ထိုအချိန်တွင် အဘဘိုးမင်းခေါင်၏ရင်ခွင်၌ ပိုက်ထားခဲ့သော မြတ်ဗုဒ္ဓရုပ်ပွားတော်မှာ ပျောက်ကွယ်သွားခဲ့သည်။ အဘ ဘိုးမင်းခေါင်ကိုသာ တောင်ဝှေးတစ်ချောင်းကို ထောက်ရင်း ရပ်လျက်သား တွေ့ရသည်။ စူးရဲတောက်ပြောင်သော မျက်လုံးအစုံနှင့် ကြည့်နေရာမှ မောင်ပဥ္စင်းဟု ခေါ်လိုက်ခြင်းဖြစ်သည်။ ပြီးမှ...

'မောင်ပဥ္စင်းထင်သလို တပည့်တော်





www.burmeseclassic.com

www.burmeseclassic.com

က ကိုယ်တော်လေးကို မျက်လှည့်ပြ နေတာ မဟုတ်ပါဘူး'

ဟု ဆိုလိုက်လေသည်။ ကျွန်ုပ်သည် လွန်မင်းစွာ အံ့သြငေးမောပြီး မှင်တက် မိနေရာ ဘာမှ ပြန်မပြောမိတော့ပေ။

'ကိုယ်တော်လေးဟာ ကျုပ်နဲ့ပဋ္ဌာန်း ဆက်ရှိနေတဲ့ပုဂ္ဂိုလ်မို့ အရေးကြီးတဲ့ ဂမ္ဘီရနယ်မြေတစ်ခုဆီကို လမ်းညွှန်ဖို့ ရောက်လာရခြင်းပါ။ ကိုယ်တော်လေး အဲဒီကို ကြွချင်ပါသလား'

ဟူ၍ အဘက ညင်သာအေးဆေး စွာ ပြောဆိုလိုက်သည်။

ကျွန်ုပ်လည်း ဘာမျှ ထွေရာလေး ပါး တွေးမနေတော့ဘဲ "သွားတာပေါ့ ဒကာကြီးရာ"ဟု ပြောလိုက်မိလေ သည်။

အဘဘိုးမင်းခေါင်သည် ကျွန်ုပ်ကို မည်သို့မျှ ပြောဆိုခြင်းမပြုဘဲ ကျွန်ုပ်၏ ဘယ်ဘက်လက်ကို သူ၏ ညာလက်နှင့် ဆုပ်ကိုင်လိုက်လေတော့သည်။ သတိ လစ်သလို ငိုက်ခနဲ ဖြစ်သွားခဲ့သည်။

* * *

ခဏကြာသော် ကျွန်ုပ်သည် စိမ်းလန်းသော မြစိမ်းရောင် တောင် ကုန်းကြီးအခြေသို့ ရောက်လျက်ရှိ သည်ကို ထူးခြားဆန်းကြယ်စွာ တွေ့ရ လေတော့သည်။

ထိုတောင်ကြီးပေါ်တွင် ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ ပုံတော်အတိုင်း တည်ထားပြီး ရွှေတိဂုံစေတီတော်မြတ် ကြီးလောက်ပင် ဉာဏ်တော်မြင့်မား သည့် ရွှေတုံးရွှေခဲကြီးပမာ ရွှေစေတီ တော်ကြီးတစ်ဆူကို ရင်သပ်ရှုမောဖွယ် ဖူးတွေ့ရလေတော့သည်။ ပတ်ဝန်းကျင် တွင် ဒါယကာကြီး ဘိုးမင်းခေါင်ကို ရှာကြည့်မိသည် မတွေ့ရတော့ပါ။

စေတီတော်ကြီးသို့တက်ရန် လမ်းမ ကြီးသည် အလွန်ပင် ခမ်းနားထည်ဝါ



လှပါသည်။ အတက်လမ်းမကြီးကို အလွန်ကြီးမားကျယ်ပြန့်သော ရွှေသား ကော်ဇောကြီး ခင်းထားလေသည်။ မိမိရှေ့၌ ဘုရားဖူးများ သွားလာနေကြ ပါ၏။ ရဟန်းတော်များလည်းပါသည်။ လူပရိတ်သတ်များလည်း ပါကြသည်။

ထိုကော်ဇောကြီးပေါ်သို့ လှမ်း လျှောက်ရင်း စေတီတော်မြတ်ကြီးကို အာရုံညွတ်၍ တက်ခဲ့ပါ၏။ ရွှေကော် ဇောကြီးပေါ်သို့ နင်းရသည်မှာ အလွန် ထူးဆန်းနူးညံ့သော အတွေ့တစ်မျိုးကို ခံစားရသည်။ လေတွင် လွင့်နေသလို လို၊ ဂွမ်းစိုင်တိမ်သားပေါ်တွင်လွင့်မျော နေရသလိုလို ဖြစ်နေ၏။

ရှေ့မှ ရဟန်းတော်တစ်ပါးက နှုတ် ဆက်လေသည်။

'ပညာဒီပပါလား'

ကျွန်ုပ်ဘွဲ့ကိုခေါ်လိုက်သော ထို ကိုယ်တော်မှာ မန္တလေးဘုရားကြီး တိုက်၌ စာသင်ဖက်ရဟန်းတော် ဦးစက္က ဖြစ်လေသည်။ ဦးစက္ကသည် ပဒိုင်း တိုင်းရင်းသားဖြစ်ပြီး၊ ဂမ္ဘီရပညာရပ်များ ဂန္ဓာရီထွက်ရပ်ပေါက် ဝိဇ္ဇာကြီးများကို လုံးဝယုံကြည်သူ မဟုတ်ပါလေ။ သူကို

တွေ့ရသောကြောင့် အံ့သြမိလေသည်။

'ဩော်...ကိုယ်တော် တစ်ပါးတည်း လား။ ဘာလာလုပ်တာလဲ'

'ဒီနေရာက ဘာလဲ ကိုယ်တော်'

ဟူ၍ သိချင်နေသည်များကို စူးစမ်း မေးမြန်းနေမိသည်။

'ကိုယ်တော်ကလဲ မေးလှချည်လား။ ဒီနေရာက အလွန်ထူးဆန်းတဲ့ ထွက်တော် မူ ရွှေပေါ်ကျွန်းဈေးသိဒ္ဓိ ဗမ္မညာဏ်က ဆရာတော်ကြီးရဲ့ ဂမ္ဘီရနယ်မြေ ရွှေရောင် လွှမ်းတဲ့ ရွှေတောင်တန်းကြီးပေါ်က ရွှေစေတီနဲ့ ရွှေပေါ်ကျွန်းစခန်းသစ်ကြီးပေါ့'

ဟု ပြောဆိုလိုက်လေသည်။

ကျွန်ုပ်တို့နှစ်ပါးသည် စကားပြော ရင်းဖြင့် တက်လာခဲ့ကြရာ စေတီတော် ကြီး၏ ရင်ပြင်ပေါ်သို့ ရောက်ခဲ့ကြ လေသည်။

အလွန် သပ္ပါယ်ကြည်ညိုဖွယ် ရုပ်ပွား ဆင်းတုအဆူဆူနှင့် ရှေးနန်းစဉ် နန်းဆက်ဘုရားများကို ဖူးတွေ့ရလေ သည်။ ထိုဘုရားရုပ်တုတော်များ၏ အောက်ခြေတွင် သရေခေတ္တရာ ပျူ ဘုရင်မင်းမြတ်တို့မှစ၍ မန္တလေးခေတ် တိုင်အောင် ဘုရင်မင်းမြတ်များ၊ မိဖုရား၊ သားတော်၊ သမီးတော်၊ စစ်သူကြီး စသော သူတို့၏ ကမ္ပည်းကျောက်စာ များကို တွေ့ရလေသည်။ ကျွန်ုပ်နှင့် ဦးစက္ကတို့နှစ်ပါးလုံး မိမိတို့အာရုံကျ သလို ဖူးမြော်နေကြ၏။

ရွှေစေတီတော်ကြီးကို ဖူးမြော်ကြ ပြီးသော် လက်ယာရစ်သုံးပတ်မျှလှည့် လည် ကြည်ညိုကြပြန်သည်။ ထိုစဉ် တွင် ခပ်လှမ်းလှမ်းရှိ ဓမ္မာရုံကြီးဆီမှ မေတ္တာပို့သံများကို ကြားနေကြရ သည်။ ကျွန်ုပ်နှင့် ဦးစက္ကတို့လည်း ထိုနေရာသို့ ထွက်ခွာခဲ့ကြသည်။ ဓမ္မာရုံကြီးအဝင်တွင် "**ရွှေပေါ်ကျွန်း သစ်ဓမ္မသာလာ**" ဆိုသော ရွှေစာလုံး

www.burmeseclassic.com

ကြီးများကို ထွင်းထားသည်။

အဆောက်အအုံကြီးမှာ အလွန်ခမ်းနားထည်ဝါသည်။ တစ်ကြိမ်မျှ မမြင်ဘူးသေးသော အနုပညာလက်ရာများနှင့် အဆန်းတကြယ် ခြယ်မှုန်းထုဆစ်ထားသည်။ ရတနာမျိုးစုံတို့လည်း ဖိတ်ဖိတ်လက်နေသည်။

ကျွန်ုပ်တို့ ရဟန်းတော်နှစ်ပါးနှင့်အတူ အခြားသော ရဟန်းတော်တစ်စုလည်း ဆရာတော်ကြီး တရားဟောတော်မူရာ ပလ္လင်တော်အနီးသို့ တိုးဝှေ့ဝင်ကြသည်။ လူဥပါသကာ ဥပါသိကာမများသည် ရဟန်းတော်များကို ရိုသေစွာ နေရာဖယ်ပေးကြသည်။

ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီးသည်က ဒေါင်းရုပ်ကြီးနောက်ခံနှင့် တန်ဆာဆင်ထားသော ဓမ္မသာလာဆောင်တော်၏ ရွှေပလ္လင်ထက်တွင် ထိုင်တော်မူလျက်ရှိသည်။ သက်တော်အားဖြင့် (၆၀)ကျော်အရွယ်ခန့်ဟု ထင်ရသည်။ ကြည်လင်သော ဥပဓိရုပ်တော်ကို ဖူးတွေ့ရသည်။ အသားတော်ညို၍ မျက်ခုံးတော်များမှာ ရေးယခင်ကကဲ့သို့ ဆွတ်ဆွတ်ဖြူလျက်ပင် ရှိသည်။

မျက်လုံးတော်များမှာ စူးရှတောက်ပြောင်ပြီး ကြည်လင်တည်ငြိမ်လှသည်။ ဆရာတော်ကြီး၏အကြည့်တွင် မေတ္တာဓာတ်များ အပြည့်လျှမ်းနေသည်ဟု ခံစားမိသည်။ ဆရာတော်ကြီးက အေးမြကြည်လင်သော အသံတော်ဖြင့် များပြားလှသော ဝေနေယျများကို မေတ္တာပို့ တိုင်ပေးတော်မူလေသည်။

ကျွန်ုပ်တို့ ရဟန်းတော်များလည်း ဆရာတော်ကြီး တိုင်ပေးသည့် မေတ္တာပို့ကို အများနည်းတူ လိုက်ဆိုခဲ့ကြသည်။

'ကမ္ဘာသူကမ္ဘာသားအပေါင်းတို့သည် ဘေးဆိုး ရန်ဆိုး အန္တရာယ်ဆိုး ကပ်ဆိုးအပေါင်းတို့



မှ ကင်းလွတ်ကြပါစေ။ လွတ်ငြိမ်းကြပါစေ။ ဘေးဆိုး ရန်ဆိုး အန္တရာယ်ဆိုး ကပ်ဆိုး အပေါင်းတို့ လွတ်မြောက်ကြစေရန် ဗုဒ္ဓဓာတ်များ ရရှိကြပါစေ။ ကမ္ဘာသူကမ္ဘာသား အပေါင်းတို့သည် အစာအဟာရအပေါ်၌ တောင့်တရသော၊ ကြောင့်ကြရသော ဒုက္ခအပေါင်းတို့မှ လွတ်ကင်းကြပါစေ။ လွတ်ငြိမ်းကြပါစေ။

စသည်ဖြင့် တိုင်ပေးတော်မူ၍ တပည့်ဝေနေယျအပေါင်းက လိုက်လိုက်လှဲလှဲ မေတ္တာသံပေး၍ ဟစ်ကြွေးသီကျူးခဲ့ကြသည်။

ဆရာတော်ကြီးက...

'မေတ္တာပို့ရာ ကိုယ်ချင်းစာကြ ဒေါသမပါ ချမ်းမြေ့စွာဖြင့် သူ့မှာ ငါလိုချမ်းသာလိုစိတ်၊ ယိုဖိတ်သဒ္ဓါ ပညာမျက်စိ မမေ့သတိ အသိမလပ် စိတ်ထားမြတ်စွာ ပို့သကြရမည်'

ဟု မိန့်တော်မူသည်။

ဆရာတော်ကြီး၏ တရားပွဲအဆုံးတွင် အမျှဝေသံ၊ သာဓုခေါ်သံတို့သည် ဘဝဂ်လုံးမျှ သောသောညံ ရှိနေသည်။

တရားပွဲအပြီးတွင် ကြေးစည်သံနှင့် ခေါင်းလောင်းတိုးသံများကို ကြားရသည်။

* * *

အမှန်ပင် ကျွန်ုပ်၏နား၌ ကြေးစည်သံ၊ ခေါင်းလောင်းထိုးသံများကို ကြားရသည်။ ခေါင်းလောင်းသံ၊ ကြေးစည်သံများကြောင့် အိပ်ပျော်ရာမှ လန့်နိုးခဲ့ရသည်။ အလွန်ပင် အံ့ဩနေမိသည်။

ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ ရင်ပြင်တွင် နံနက်ခင်းကာလ ဘုရားဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူသူများ ရောက်နေခဲ့ကြသည်။ ထိုသူတို့၏ ဘုရားရှိခိုးသံ၊ အမျှဝေသံ၊ သာဓုခေါ်သံများ၊ ခေါင်းလောင်းကြေးစည်သံများသည် အိပ်ပျော်နေသူကို လှုပ်နှိုးလိုက်ခြင်းပင် ဖြစ်သည်။

ကျွန်ုပ်သည် ရွှေမော်ဓောစေတီတော်၏ အရှေ့ဘက်မုခ်ဦး ဂန္ဓကုဋိတိုက်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ရှေ့၌ တင်ပျဉ်ခွေထိုင်လျက်သား အိပ်ပျော်နေရာမှ နိုးလာခဲ့ခြင်းဖြစ်ပါ၏။ ဂမ္ဘီရရွှေစေတီတော်နှင့် ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ တရားပွဲကြီးသည် မေ့ပျောက်မသွားနိုင်သော ပုံရိပ်များအဖြစ် ယနေ့တိုင် လွှမ်းမိုးလျက်ရှိနေပါတော့သည်။

* * *

ရဟန်းတော်သည် ထူးခြားလှသည့် ဂမ္ဘီရရွှေစေတီတော်နှင့် ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ရွှေပေါ်ကျွန်းစခန်းသစ်ကြီးအကြောင်းကို စာရေးသူအား ပြောပြခဲ့လေသည်။ အိပ်မက်တို့မှ စေ့ညွှန်းသောဖြစ်ရပ်တို့သည် ထူးခြားဆန်းကြယ်လှ၏။ မဖြစ်နိုင်ဟု ယူဆစရာရှိသော်လည်း ကြောင်းကျိုး ဆက်နွယ်မှုရှိလေသောကြောင့် စာရေးသူသည် တအံ့တဩရေးသားဖော်ပြလိုက်ပါသည်။

***(ရဟန်းတော်တစ်ပါး ပြောပြချက်ကို ခံစားရေးဖွဲ့ပါသည်။)***

***မေတ္တာရည်လျက်...***

**မျိုးတင့် (ညောင်လေးပင်)**



www.burmeseclassic.com

www.burmeseclassic.com

တော်စင်မြ

# ဂမ္ဘီရပက်ကျောက်ကြီး

နှင့်

ဆွေးမကုန်းဘုရား



ကျွန်ုပ်နှင့် တပည့်လေး မောင်ဖေကျင်တို့သည် တစ်ခုသော နွေရာသီ၌ ကျွန်ုပ်၏ ဝါသနာဗီဇအတိုင်း မြန်မာနိုင်ငံ တစ်နံတစ်လျားသို့ ခရီးထွက်လေ့ရှိရာ ကျွန်ုပ်တို့၏ ခရီးစဉ်မှာ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး၊ မူဆယ်၊ ရွှေလီမှတစ်ဆင့် တရုတ်နိုင်ငံ ဂျယ်ဂေါင်နှင့် ရွှေလီ၊ မန်စီအထိ သွားဖို့ရန် ရည်ရွယ်ထားခြင်းဖြစ်၏။

ကျွန်ုပ်တို့ ရန်ကုန်မြို့မှ စီးလာသော Expressအမြန် အဲယားကွန်း ဘတ်(စ်)ကားသည် တစ်မြို့ပြီးတစ်မြို့၊ တစ်ရွာပြီးတစ်ရွာ ဖြတ်ကျော်လာခဲ့ပြီးနောက် မိတ္ထီလာမြို့သို့ ညနေ (၃)နာရီခန့်တွင် ရောက်ရှိပြီး ကျွန်ုပ်မိတ်ဆွေ မောင်ရဲနောင်အိမ်တွင် နားဆိုကြပြီးနောက် နေခင်းတွင် တအောင့်တနား မိတ္ထီလာကန်ကြီးဘက်သို့ လမ်းလျှောက်ထွက်ကြပါသည်။ မောင်ရဲနောင်အိမ်သည် မိတ္ထီလာကန်ကြီးနှင့် မဝေးလှပါ။

ညစာကို မောင်ရဲနောင်၏ အိမ်တွင် စားသောက်ကြရင်း မောင်ရဲနောင်မှ...

'ဦးရန့်အေးရေ မိတ္ထီလာမြို့က နှယ်နှယ်ရရမြို့မဟုတ်ဘူး ပုဂံခေတ်က ရှင်အရဟံ သယ်ခဲ့တဲ့ သပိုင်းဝင်သိမ်(၉)သိမ်၊ အင်း(၉)အင်း၊ ဂူ(၉)ဂူ၊ အိုင်(၉)အိုင်၊ ကျွန်း(၉)ကျွန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းဝင် တန်ခိုးကြီးဘုရားတွေနဲ့ သိုက်ဂမ္ဘီရဖြစ်ရပ်ဆန်းရှိတဲ့ နယ်မြေပဲ ဦးရန်အေးရေ'

ကျွန်ုပ်စိတ်ထဲ ဂမ္ဘီရနယ်မြေဆန်းဟု ပြောလိုက်သဖြင့် လွန်စွာ စိတ်ဝင်စားမိပါတော့သည်။

'ဘယ်လို ဂမ္ဘီရတွေနဲ့ ဖြစ်ရပ်ဆန်းတွေ ရှိတာတုန်း မောင်ရဲနောင်'

'ဒီလိုပါ ဦးရန်အေး... ကျွန်တော်တို့ မိတ္ထီလာမြို့ရဲ့ အနောက်ဘက်မှာ မိဘတွေရဲ့ ဇာတိရွာဖြစ်တဲ့ **'ဝက်ကျောက်'** ရွာဆိုတာရှိတယ်'

'ဝက်ကျောက်ရွာ ဟုတ်လား...'

'ဟုတ်ပါတယ်၊ အဲဒီရွာမှာ ထူးခြားမှုတစ်ခု ကျွန်တော် ပြောပြမယ်။ ကျွန်တော်တို့ရွာမှာ ဝက်လုံးဝ မွေးလို့ မရတာဘဲ။ မယုံလို့ ဝက်မွေးထားကြည့်ရင် အကောင်းပကတိ ဝက်က တစ်ရက်၊ နှစ်ရက်အတွင်း သေသွားတာပဲ။ ဒါကြောင့် ဝက်ကျောက်ရွာလို့ တွင်ပြီး ဝက်မွေးမရတာဘဲ'

သူများတွေ အသားတိုး စီးပွားဖြစ် တစ်နိုင်ပဲဖြစ်ဖြစ် ဝက်ကို မွေးမြူကြသည့်အချိန်မှာ ဝက်ကျောက်ရွာမှာ ဝက်မွေး၍ မရပါတဲ့။ အစွဲတစ်ခုအဖြစ် ယုံကြည်မှု လွန်ကဲကြသည်လား။

'ဒါဆိုရင် မောင်ရဲနောင်တို့ရွာကို သွားလည်လို့ရမလား'

'ဟာ ရပါတယ် မိတ္ထီလာနဲ့လဲ သိပ်ဝေးတာမဟုတ်ဘူး။ ရှိလှ (၆)မိုင်လောက်ပါပဲ။ ဒါဆို မနက်စောစော ဖုန်မထခင် အိမ်ကဆိုင်ကယ်နဲ့ သွားကြတာပေါ့'

ဟု ပြောပြီး အိပ်ရာဝင်လိုက်ကြပါသည်။

နောက်တစ်နေ့ နံနက်စောစော ဝက်ကျောက်ရွာသို့ သွားမည်ဆိုသည့် အသိနှင့် ကျွန်တော် နံနက်(၅)နာရီလောက်ကတည်းက နိုးနေပါသည်။



မိတ္ထီလာ၏ ဆောင်းနံနက်ခင်းသည် နံနက်စောစောတွင် မြူခြေများတောင် ရစ်သန်းနေ၏။ ကျွန်ုပ်တို့နှစ်ယောက် နံနက်စာကို စားသောက်ခဲ့ကြပြီး မောင်ရဲနောင်၏ ဆိုင်ကယ်လေးဖြင့် မိတ္ထီလာမြို့ အနောက်ဘက်သို့ ဖြတ်သန်းမောင်းနှင်လာခဲ့ရာ နွေလေပြည် အေးအေးက နံနက်ခင်းတွင် လတ်ဆတ်သန့်ရှင်းစွာ တိုက်ခတ်နေ၏။

ဝက်ကျောက်ရွာသည် ပုဂံခေတ်ကတည်းက တည်ရှိခဲ့သော ရွာတစ်ရွာဟု သိရပါသည်။ (၁၅)မိနစ်ခန့် တောတန်း လမ်းဘေးသစ်ပင်များကို ဖြတ်ကျော်မောင်းနှင်လာခဲ့ရာ မကြာမီတွင် ဝက်ကျောက်ရွာအဝင်လမ်းကို ရှေ့တွင် ဘွားခနဲ တွေ့လိုက်ရပါသည်။

မိတ္ထီလာမြို့နှင့် (၆)မိုင်ခန့်သာဝေး၍ နံနက်ခင်း ဈေးသို့ ဈေးသည်များ၊ ခြေကျင်ခရီးသွား ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များကို နံနက်ခင်းတွင် တွေ့ရပါသည်။ ရွာအလယ်ပိုင်းသို့ ရောက်သောအခါတွင်တော့ ထူးခြားမှုအဖြစ် ဝက်ရုပ်ကို ရှုရှုဖွေဖွေ ကျောက်ရုပ်တုထားခြင်းကို တွေ့ရလိုက်၏။

ကျွန်ုပ်တို့ စီးလာသည့် ဆိုင်ကယ်ကို ထိုကျောက်ရုပ်တုနားတွင် ရပ်နားလိုက်ပါသည်။

'ဦးရန်အေးရေ ဝက်ရုပ်ကျောက်ရုပ်တုကိုကြည့်ပြီး အံ့သြနေတယ်နဲ့ တူတယ်'

'ဟုတ်တယ်ကွယ့်။ ဘယ်လိုလူက ရှာရှာဖွေဖွေ ဝက်ရုပ်ကို အင်္ဂတေနဲ့ ရုပ်တုထုခဲ့တာလဲ'

'မေးမယ်ဆိုလဲ မေးလောက်ပါရဲ့၊ ဒီရုပ်တုကြောင့်လဲ ဝက်ကျောက်ရွာလို့ အမည်တွင်ခဲ့တာပဲ။ ဒီထက် ပိုရှင်းသွားရအောင် ကျွန်တော့်အဘိုး(အဖိုး)နဲ့တွေ့ရင် ရှင်းသွားမှာ။ သူက ရှေးမီနောက်မီ ပုဂ္ဂိုလ်ကြီး။ ကဲ အဖိုးထွန်းအိမ်ကို သွားလိုက်ကြရအောင်'

မကြာမီကာလတွင် ဆိုင်ကယ်လေးမှာ တစောင်းလက်ဝါးများ ခြံစည်းရိုးလုပ်ထားသည့် အညာ (၂)ထပ်ပျဉ်ထောင်အိမ်ကြီးရှေ့ မြေကွက်လပ်သို့ မောင်းဝင်လာပြီး စက်ရပ်နားလိုက်ပါသည်။

အိမ်ရှေ့စားပွဲတွင် ရှိန်းမက် ရေနွေးအိုးတစ်လုံး။ ကရေကရာအချိုပွဲနှင့် သဘက်ကို ခေါင်းပေါင်းထားသည့် ဥပမိရုပ်ကောင်းကောင်း လူကြီးတစ်ဦးကို တွေ့လိုက်ရပါသည်။

'ဟ ငါ့တူကြီး ရဲနောင် ဘယ်ကလှည့်လာတာတုံး'

'ဒီဘက်ပါပဲ အဖိုးရယ်၊ ဒီမှာ ကျွန်တော့်မိတ်ဆွေကြီးက ဂမ္ဘီရဖြစ်ရပ်ဆန်းတွေဝါသနာပါတယ်၊ ဝက်ကျောက်ရွာ ရာဇဝင်ကိုလဲ လေ့လာချင်တယ်ဆိုတာနဲ့ အဖိုးဆီ ခေါ်လာတာပဲ'

'ကဲ ထိုင်ကြ၊ ထိုင်ကြ မင်းဒွေးလေးတော့ အနောက်ပိုင်း ဈေးဝင်သွားတယ်။ စားပြီးမှပဲ ပြန်ကြလေကွာ'

'ဟုတ်ကဲ့ အဖိုး'



www.burmeseclassic.com

www.burmeseclassic.com

'တူမောင်တို့ရေ ကျုပ်တို့ ဝက်ကျောက်ရွာက သမိုင်းမတွင်ပေမယ့် သမိုင်းဝင်တဲ့ရွာကလေးဗျ။ ပြောရရင်တော့ အရှည်ကြီးပဲ'

'ပြောသာပြောပါ။ ကျွန်တော်တို့က တစ်နယ်သားဆိုတော့ နယ်မြေဗဟုသုတ လိုတယ်မဟုတ်လား ရောက်တဲ့အရပ် ရာဇဝင်သိထားတော့ ပြောဆိုဆက်ဆံရာမှာ အဆင်ပြေတတ်စမြဲမဟုတ်လား အရီးရဲ့'

(အညာဒေသ၌ **အရီး=ဦးလေး၊ ဦးမင်း=ဘကြီး**ကိုခေါ်သည်။)

'ဒီလို ငါ့တူမောင်တို့ရယ် ရွာလယ်က ဝက်ရုပ်သဏ္ဌာန် ကျောက်တုံးကြီးကို အစပြုပြီး ပြောရမှာပဲ။ ဝက်ရုပ်ပုံကျောက်တုံးကြီးဟာ တစ်ခါတုန်းက ဒဏ္ဍာရီဆန်ဆန် ပြောရင်ပေါ့... နေ့မှာ အသက်မရှိသလို ဖြစ်ပြီး ညဘက်မှာ အသက်ဝင်လာပြီး ရွာရဲ့ မြောက်ဘက်မှာ လသာချိန်များဆိုရင် ရေဆင်းချိုးတယ်၊ လူးတယ်လို့ ဆိုတယ်။ ဝက်လူးအင်းကြီး အခုထိ ရှိသေးတယ်။

အဲဒီ ဝက်ကြီး ရေချိုးလူးပြီး ဝရင်ဝက်လူးအင်းအရှေ့မှာရှိတဲ့ ဝက်ကျောက်သိမ်ကို သုံးပတ် ပတ်ပြီး စေတီကို ဦးခိုက်လို့ ဝက်ကျောက်သိမ် မြောက်ဘက် ချုံကြီးထဲမှာ နားခိုအိပ်စက်ပြီးနောက် မနက် ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်တာနဲ့ မူလနေရာ ရွာလယ်ကို ပြန်ရောက်လာပြီး ဝက်ကျောက်ရုပ်ပုံသဏ္ဌာန် ပြန်လည်ပြောင်းလဲသွားတယ်လို့ ဆိုကြတယ်။

နေ့ဘက်မှာ ကျောက်ရုပ်အသွင်၊ ညဘက်မှာ အသက်ဝင်လာခြင်းကတော့ ဝက်ကျောက်ကြီးမှာ မျက်ရှင်ခေါ် ပတ္တမြားမျက်ရှင် သိဒ္ဓိအစွမ်းကြောင့် ဖြစ်တယ်လို့ ပြောစမှတ်ပြုကြတယ်။



သက္ကရာဇ် ၄၁၆ ခုနှစ်၊ ပုဂံခေတ် အနော်ရထာမင်းစော လက်ထက် ရှင်အရဟံဦးဆောင်တဲ့ မထေရ်ကြီး (၉)ပါး၊ မထေရ်ငယ် (၁၆)ပါးတို့က သမုတ်ခဲ့တဲ့ သိမ်(၉)သိမ်ထဲမှာ ဝက်ကျောက်သိမ်လဲ တစ်ခုအပါအဝင်ပေါ့ကွယ်။

ဝက်ကျောက်သိမ်ရဲ့ မြောက်ဘက်မှာ ဝက်လူးအင်းရှိတယ်။ ဝက်လူးအင်းကလဲ သမိုင်းဝင်အင်း (၉)အင်းမှာ တစ်ခုပါဝင်တယ်။

အဲဒီ ကန်ရေတွေဟာ တစ်နှစ်ထက် တစ်နှစ် ကာလရှည်ကြာလာတော့ ရေများ ဆုတ်ယုတ်လာရာကနေ ချိုင့်ဝမ်းရှိတဲ့ နေရာတွေမှာသာ ကျန်ခဲ့တဲ့ ရေတွေဟာ အင်းများအဖြစ် တည်ရှိလာတော့တာပဲ။

မိတ္ထီလာကန်တစ်ဝိုက်မှာရှိတဲ့ အင်း (၉)အင်းကတော့ တောင်တော်အင်း၊ ဝက်လူးအင်း၊ ခင်ပုတ်အင်း၊ အင်းလျားအင်း၊ ရွှေစစ်သည်အင်း၊ ကျောက်ဖြူကန်အင်း၊ ကြာအင်း၊ အင်းကုန်းအင်း၊ အုတ်နဲ့ဘုတ်အင်းတွေပေါ့။

ဝက်လူးအင်းကြီးက အခုတော့ ဝက်ကျောက်သိမ် အနောက်ဘက်မှာ တစ်ဖက်တည်းရှိပြီး ဝက်ကြီး အသက်ဝင်လာပြီး ညဘက်မှာ လူးလေ့ရှိတယ်။ အရီးတို့ငယ်ငယ်က လူကြီးသူမတွေ ပုံပြင်ဆန်ဆန် ပြောတာ ကြားဖူးတယ်'

'ဒါနဲ့ အရီးရယ် ဝက်ကျောက်ရွာနဲ့ လွမ်းစေတီ ချွေးမမုန်းဘုရား ဆက်စပ်မှုကိုရော သိလား'

'အဲဒါက ဒီလို မောင်ရဲနောင်ရဲ့ အရီးတို့ရွာ အနောက်ဘက်မှာ ညောင်ပင်ပျို့ရွာဆိုတာရှိတယ်။ အဲဒီရွာကလဲ ကုန်းဘောင်ခေတ်ကတည်းက ရှိခဲ့တာ။ ကုန်းဘောင်ခေတ်က ညောင်ပင်ပျို့ရွာမှာ သူဌေးတစ်ဦးရှိတယ်။ သူဌေးကြီးအမည်က ဦးစိတ္တတဲ့။

သူဌေးကြီးမှာ သား(၇)ယောက်ရှိပြီး အထွေးဆုံးသား မောင်သူရနဲ့ ချွေးမလေး မစန္ဒီကိုလဲ သမီးလေးလို ချစ်တယ်၊ ဒါပေမယ့် ကုန်းဘောင်ခေတ် အလောင်းဘုရား ဦးအောင်ဇေယျ လက်ထက် မွန်တွေနဲ့ စစ်ဖြစ်တော့ စစ်ရှုံးတဲ့မွန်တွေ တပ်ဆုတ်ခွာရင်း ရွှေဘိုနယ်ကတစ်ဆင့် မိတ္ထီလာ ညောင်ပင်ပျို့ရွာရောက်တော့ မစန္ဒီကို မွန်စစ်ဗိုလ်ကတွေ့ပြီး အခု ဝက်ကျောက်ဘုန်းကြီးကျောင်း မြောက်ဘက် လယ်ထဲမှာ မစန္ဒီကို မတရားဖမ်းဆီးခေါ်ဆောင်သွားတယ်။

သူဌေးကြီးလဲ သမီးချွေးမသတင်းကို ကြားရတော့ စားမဝင် အိပ်မပျော် လွမ်းဆွေးပူပန်သောကတွေ ရောက်တော့တာပဲ။ အဲဒီကအစ မစန္ဒီသတင်း အစအနတောင် မရတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com

ဦးစိတ္တက ရှိတဲ့စည်းစိမ်တွေကို သားတွေကို ခွဲဝေပေးတဲ့အပြင် သမီးချွေးမလေးအတွက် တစ်စုကို ခွဲဝေပြီး စေတီတစ်ဆူ တည်စေခဲ့တယ်။

ဒါပေမယ့် အကောင်းရှိရင် အဆိုးရှိသလို ဦးစိတ္တရဲ့ ကုသိုလ်အလှူကို အဖျက်နဲ့ ကြုံရပြန်တယ်။ ဝက်ကျောက်ရွာထဲက သိုက်ဆရာနဲ့ သူတပည့် ရွာသားအချို့ဟာ လောဘရမ္မက်ဝင်ပြီး ညဘက် ဝက်ကျောက်ကြီး အသက်ဝင်ပြီး ဝက်လူးအင်းထဲ ရေစိမ်နေတုန်း ဝက်ကြီးရဲ့ ဦးခေါင်းထဲမှာရှိတဲ့ ပတ္တမြားမျက်ရှင်ကို လိုချင်တာနဲ့ ဝက်ကြီးကို ခေါင်းဖြတ်ပြီး သတ်လိုက်တယ်။

ဒါပေမယ့် ပတ္တမြားမျက်ရှင်ကိုတော့ ရှာလို့မရတာနဲ့ ဝက်ခေါင်းကြီးကို ဦးစိတ္တ တည်နေတဲ့ စေတီအောက်ကို ထိုးထည့်ပြီး ထားလိုက်ကြတယ် ဆိုတယ်။

ကျန်တဲ့ ဝက်ကိုယ်လုံးကြီးကို ဝက်ကျောက်ရွာတောင်ဘက် ကျောက်ပလ္လင် ထုရာအောက်မှာ ဝက်ကိုယ်လုံးကို မြှုပ်နှံလိုက်တယ်။ သူဌေး ဦးစိတ္တ ချွေးမလေးကို ချစ်လို့ တည်တဲ့ဘုရားကို **'ချွေးမမုန်း'**ဘုရားလို့ ခေါ်ခဲ့ကြတယ်။

အခုတော့ အဲဒီစေတီကို **'ချွေးမကုန်း'** ခေါ်ကြတယ်လေ။ စေတီတော် တည်ပြီးတဲ့နောက် တချို့ သိမီသူတွေ၊ ကိုယ်တွေ့ကြုံသူတွေ ပြောစကားအရပေါ့။ ချွေးမကုန်း စေတီအနီးက ညနေ နေဝင်ရီတရော ညီအစ်ကို မသိတသိ အချိန် မှောင်ရီပျိုးစများမှာ စေတီအနီးက နွားပေါက်ခန့်ရှိတဲ့ ခွေးနက်ကြီး တစ်ကောင် အရှေ့ဘက် လျှိုထဲကို ဆင်းသွားတတ်တယ်လို့ ပြောကြတယ်။

လသာရက်တွေမှာ အလွန်ချောမောတဲ့ အမျိုးသမီးတစ်ဦး စေတီတော်ကို လှည့်ပတ်ပြီး ဘုရားဖူးနေတာ ဆံပင်ဖားလျားချလို့တဲ့ ပြောကြတယ်။

တချို့ကတော့ ညအမှောင်မှာ လမ်းများ မျက်စိလည်ပြီး ခွေးနက်ကြီးတွေနဲ့တွေ့ပြီး လှမ်းမောင်းပြေးရတဲ့ သူတွေလဲ မနည်းဘူး ငါ့တူမောင်တို့ရေ'

'အရီးရယ် ချွေးမကုန်းဘုရား၊ ဝက်ကျောက်ကြီးတို့က ဒီလို ဆက်စပ်နေကြတာကိုး'

'ဟုတ်တယ်ကွယ့်၊ ဝက်ခေါင်းကြီးကို သိုက်ဆရာတွေ စေတီအောက်မှာ မြှုပ်ပြီးကတည်းက ဝက်ကျောက်ရွာမှာ ဝက် လုံးဝကို မွေးလို့မရဘူး။ ရှင်လဲ (၂)ရက်၊ (၃)ရက်ပဲ။ ဝက်သား စားရင်တောင် အခန့်မသင့်ရင် မိသားစုတွေ အဆင်မပြေ ဖြစ်တတ်တယ်လို့တောင် ပြောစမှတ် ပြုခဲ့ကြတယ်ကွယ်'

**ကျော်ဇင်ဖြူ**



# ဆိုင်ခန်းဖွင့်လျှင်

## ရွတ်ပွားစေချင်

ကျွန်ုပ်၏ ကျောင်းနေဖက်ဖြစ်ခဲ့ဖူးသူ မိတ်ဆွေ ဦးကျော်ဆွေ နေ့စဉ် ရွတ်ပွား ဈေးရောင်းကောင်း လာဘ်ပွင့်သည့် ဂါထာကို တင်ပြပါမည်။

အပန်းလည်းမကြီးပါ။ ဈေးဆိုင်ခန်း ဖွင့်သူတိုင်း အလွယ်အသာ ရွတ်ပွားနိုင်ပါသည်။ ငွေကုန်ကြေးကျလည်း မရှိပါ။ တမင် ခက်ခက်ခဲခဲ ရွတ်ဆိုရမည့် ပါဠိ အသံထွက်များလည်း မပါဝင်ပါ။ အဓိကမှာ ဈေးဆိုင်ခန်းဖွင့်တိုင်း နေ့စဉ် မပျက်မကွက် ရွတ်ရန်သာ ဖြစ်ပါသည်။

အရောင်းအဝယ် အလွန် နည်းပါးနေချိန်မှာပင် နေ့တွက်စီအောင်တော့ ရောင်းကောင်း အမြတ်အစွန်း ရစေသည်ဟု သိရပါသည်။ ရွတ်ပွားရန် ရွတ်ပွားရလည်း အလွန်ပင် လွယ်ကူ သက်သာသဖြင့် တင်ပြပါသည်။

ဈေးဆိုင်ခန်းဖွင့်လျှင် ဖွင့်ချင်း ရွတ်ရမည်မှာ...

❂ နမော တေ လာဘဂ္ဂါကရ၊
နမော တေ လာဘဂ္ဂဒဒ၊

အနက်

**လာဘဂ္ဂါကရ၊** မြတ်သော လာဘ်လာဘ၏ တည်ရာဖြစ်သော မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

**လာဘဂ္ဂဒဒ၊** မြတ်သော လာဘ်လာဘကို ပေးတော်မူတတ်သော မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

(၉)ခေါက်ရွတ်ပါ။ အထက်ပါ ဂါထာ ကိုးခေါက် ရွတ်ပြီးပြီဆိုလျှင် ဆုတောင်းပါ။

❂ ဓတေန သစ္စဝဇ္ဇေန၊
ဟောတု မေ လာဘဝမုန့်

အနက်

**ဓတေန သစ္စဝဇ္ဇေန၊** ဤမှန်ကန်သော သစ္စာစကားကို ဆိုခြင်းကြောင့်။ **မေ၊** အကျွန်ုပ်အား။ **လာဘဝမုန့်၊** လာဘ်လာဘ တိုးပွားခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

ဟု (၁)ခေါက်တည်း အပြီးရွတ်ပါ။

နေ့စဉ် ဈေးရောင်းကောင်း လာဘ်ပွင့် လာဘ်ရှင်စေပါသည်။ အထုံရနေအောင် နေ့စဉ် ဈေးဆိုင်ခန်း ဖွင့်တိုင်း ယုံကြည်စွဲမြဲစွာ မပျက် ရွတ်ပါ။

***ကြီးပွား တိုးတက်ကြပါစေ။***

**နေမဝင်(နတ်မောက်)**

www.burmeseclassic.com

www.burmeseclassic.com

# ပင့်လျှင် ကြွတော်မူသည်

## ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်





ဒေါ်ညွန့်ရွှေ
(ဦးကုန်း)

ရှင်ဥပဂုတ္တရဟန္တာ အရှင်မြတ်အား ကိုးကွယ်မှုနှင့် ပတ်သက်၍ ယူဆချက် အမျိုးမျိုး ရှိနေသည်ကို တွေ့ရှိရပါသည်။

အချို့က ဆိုကြပါသည်။ ရှင်ဥပဂုတ္တ ဆိုသည်မှာ မရှိနိုင်ကြောင်း ဘုရားဟော ကျမ်းဂန် စာပေ ပိဋကတ်တော်များတွင် ရှိသည်ဆိုသည့် အထောက်အထား မတွေ့ရှိရကြောင်း ဆိုကြပါသည်။

အချို့ကမူ ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်သည် အမှန်တကယ်ပင် တောင်သမုဒ္ဒရာပင်လယ်ထဲတွင် အမှန်တကယ် ရှိနေကြောင်း ဆိုကြပြန်သည်။

မည်သို့ပင် ဆိုကြစေကာမူ ကျွန်မတို့မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီး ဘုရားစေတီတော်များတွင် သာမက စေတီပုထိုးများ၏ ပရိဝုဏ်အတွင်းများတွင် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်၏ ရုပ်တုတော်နှင့် ရှင်သီဝလိရဟန္တာအရှင်မြတ်တို့၏ ရုပ်တုတော်များကို ထုလုပ်ကိုးကွယ် ပူဇော်ထားကြသည်များကို စာရှုသူများ မလွဲမသွေ တွေ့ကြမြင်ကြမှာပါ။

ထိုပြင် ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီးအား မျှော်မှန်းပူဇော်သည့်အနေဖြင့် ဖောင်ကြီးများ ပြုလုပ်၍ ရှင်ဥပဂုတ္တ ရုပ်တုတော်အား ဆွမ်း, ပန်း, ရေချမ်းများ ကပ်လှူကြပြီး မိမိတို့ အရပ်ဒေသ ရေကြောင်း ချောင်း၊ မြစ်များမှတစ်ဆင့် ဖောင်မျော ပူဇော်ကြသည်ကိုလည်း တွေ့ရှိဖူးပါသည်။

မိမိတို့ အရပ်ဒေသ ချောင်းများမှ တစ်ဆင့် မြစ်အတွင်းသို့ မြစ်ရေစီးကြောင်းမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာအတွင်းသို့ ရောက်ရှိအောင် ရည်စူး၍ ဆောင်ရွက်ကြသည်ဟု ဆိုပါသည်။

ရေလမ်းတစ်လျှောက် ပျက်သည့် ဖောင်ပျက်ပါ၏။ ဖောင်ကပ်သည့်နေရာ ကပ်ပါ၏။ ဖောင်တော်ဆိုက်ကပ်ရာ နေရာများမှ လက်ဆင့်ကမ်း တစ်ဆင့်ပြီးတစ်ဆင့် ရေကြောင်းအတွင်းသို့ မျှောလွှတ်ပေးရကြောင်း ကြားဖူးပါသည်။

ဖောင်တော်ပေါ်တွင် ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီးအား ရည်စူး၍ လှူဒါန်းပူဇော်လိုက်သော ငွေကြေး အရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာကိုလည်း ဖောက်လွဲဖောက်ပြန် ယူငင်၍ မရကြောင်းကိုလည်း ကြားသိရပါသည်။

တစ်ခါက ရှင်ဥပဂုတ္တ ဖောင်တော်ပေါ်မှ ပစ္စည်းကို ယူငင်သုံးစွဲသောကြောင့် အတိဒုက္ခများ တွေ့ကြုံခဲ့ရသော မိသားစု၏ အကြောင်းကို ကျွန်မမိတ်ဆွေတစ်ဦးမှ သူတို့ရွာမှ အဖြစ်အပျက်ကို ပြောပြ၍ သိရှိခဲ့ရပါသည်။

အဖြစ်က ရှင်ဥပဂုတ္တဖောင်တော်သည် ရောဝတီမြစ်ရိုးအတိုင်း စုန်ဆင်းမျောပါလာရာမှ ရွာတစ်ရွာအရောက်တွင် တောင်စွယ်တန်းကြောင့် ရေလမ်းကြောင်းလွဲ၍ ဖောင်တော်မှာ မမျောတော့ဘဲ တောင်စွယ်အစွန်းရွာဦးထိပ်တွင် ကမ်းကပ်နေပါသည်။

ထိုဖောင်တော်အား ရွာမှ ဆက်လက်မမျှောကြဘဲ ဖောင်တော်မှ ဝါးအချို့အား ရွာမှမိသားစုတစ်ခုမှ ယူငင်သုံးစွဲမိပါသည်။

ထိုမိသားစုမှာ ရက်အနည်းငယ်အတွင်း မိသားစုအချင်းချင်း အဆင်



www.burmeseclassic.com

www.burmeseclassic.com

မပြေမှု၊ အခြားသူများနှင့် ခိုက်ရန်ဖြစ်ပွားပြီး အမှုအခင်းဖြစ်၊ တရားရုံးသို့ သွားရောက် ဖြေရှင်းရခြင်းနှင့် ငွေကုန်ကြေးကျများခြင်း၊ မိသားစု ကျန်းမာရေး တစ်ဦးမဟုတ်တစ်ဦး ဖြစ်နေခြင်းတို့ကြောင့် ထိုရက်ပိုင်းအတွင်းမှာပင် ထိုအိမ်သည် ကစဉ့်ကလျားနှင့် ကသောင်းကနင်း ဖြစ်နေပါတော့သည်။

ရွာမှ သက်ကြီးရွယ်အိုတစ်ဦးမှ ရွာသူရွာသားများအား ဖောင်တော်ကို ပြန်လည်ပြုပြင်စေခြင်းနှင့် ဖောင်တော်ပေါ်မှ ရှင်ဥပဂုတ္တရုပ်တုတော်အား တောင်းပန်ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများနှင့် ကပ်၍ လှေအများဖြင့်ရံ၍ တောင်စွယ်မှ ဧရာဝတီမြစ်အတွင်းသို့ ရေစီးကြောင်းအတိုင်း မျှောပါသွားရန် ထိုးဝါးများဖြင့် ထိုးသည့်လှေကထိုး၊ ရှေ့မှ ဦးဆောင်မော်တော်မှ ကြိုးဖြင့်ဆွဲ၍ ရေကြောကို မျှောလိုက်ကြရကြောင်း ရွာမှ အသိတစ်ဦး ပြောပြ၍ နားထောင်ခဲ့ရသည်လည်း ရှိပါသည်။

ထားဝယ်မြို့မှာဆိုလျှင် ရှင်ဥပဂုတ္တရဟန္တာအရှင်သူမြတ်အား ရည်စူး၍ ပူဇော်ကြသည့် ရှင်ဥပဂုတ္တဖောင်တော် မျှောပွဲကို ပွဲတော်အနေဖြင့် ဆရာတော်များမှ ဦးဆောင်၍ ပင်လယ်သမုဒ္ဒရာသို့ ဖောင်တော်အများ ခြံရံလျက် တွန်းမျှော ပူဇော်ကြကြောင်းကိုလည်း မဂ္ဂဇင်းများတွင် ဖတ်ရှုဖူးပါသည်။

သို့သော်လည်း ရှင်ဥပဂုတ္တ ရှိသည်မရှိသည်ကို ယနေ့တိုင် အငြင်းပွားနေကြပါသည်။ မည်သို့ပင် မည်သူတွေက မည်သို့ပင် ဆိုစေကာမူ ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်အား တကယ်ဖူးတွေ့လိုက်ရတာကတော့ ကျွန်မတို့ဇနီးမောင်နှံပါ။



စာရှုသူများ ယုံကြည်နိုင်ပါမည်လား၊ ကျွန်မတို့ကတော့ အမှန်တကယ်ဖူးလိုက်ကြရသည့် အတွေ့အကြုံတစ်ခုကို ပြောပြပါရစေ။

*　*　*

အချိန်က **၁၉၇၈ ခုနှစ်**ကပါ။ ကျွန်မအသက် (၃၀)နှစ်အရွယ်လောက်ကပါ။ ယခုလို ဘာသာရေးအတွေ့အကြုံ မရှိခင်ကပေါ့။ ကျွန်မဟာ ရန်ကုန်မြို့မှာ စာရင်းကိုင်ပညာအခြေခံ (Grade-I) တက်ရောက်စဉ်ကပါ။

ကျွန်မ တည်းခိုနေသောအိမ်က ကမာရွတ်–လှည်းတန်း၊ အမှတ် (၃၉/၄၁)၊ စန္ဒာမြိုင်ခြံ(အခု စိန်ဂေဟာ၊ ဖြစ်ပါတယ်။) ကျွန်မ သင်တန်းတက်နေစဉ်အတွင်း အဲဒီအိမ်မှ အဘွားက ကထိန်သင်္ကန်းကပ်အလှူကို ကြည့်မြင်တိုင်ဘုတာကြီးရှေ့ ကျောင်းဝင်းထဲမှ တစ်ကျောင်း(ကျောင်းအမည်ကို မမှတ်မိတော့ပါ။)တွင် ပြုလုပ်မှာ ဖြစ်ပါတယ်။

ကထိန်အလှူပွဲအတွက် ကျွန်မအမျိုးသားလဲ ရန်ကုန်ကို ရောက်နေပါတယ်။ ကျွန်မတို့မိသားစုဟာ မနက်ကထိန်အတွက် ချက်ပြုတ် ကြော်လှော်နေကြသည်မှာ ညဉ့်နက်သည် အထိပါ။

ကျွန်မအဘွားမှာလဲ ဘုရားခန်းအတွင်းတွင် ညဉ့်နက်တဲ့အထိ သူ့ရဲ့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဝေယျာဝစ္စများ ပြုလုပ်ပြီး ညဉ့်နက်မှ ထွက်လာတာကို သတိထားမိပါတယ်။

မနက်မိုးလင်းတော့ မိသားစုအားလုံး အိမ်ကကားနဲ့ ပစ္စည်းများ သယ်ယူပြီး ဘုန်းကြီးကျောင်းကို သွားကြပါတယ်။

ကျောင်းရောက်တော့ ဆွမ်းအတွက် ပြင်ဆင်နေသူကပြင်ဆင်၊ လှူဒါန်းဖွယ်ရာအတွက် ပြင်ဆင်သူက ပြင်ဆင်နဲ့ မိသားစုအားလုံး သူ့အလုပ်နဲ့သူ ရှုပ်နေကြပါတယ်။

ကျွန်မကတော့ ထုံးစံအတိုင်း ချက်ရေးပြုတ်ရေး မကျွမ်းကျင်သူမို့ ပင့်သံဃာ(၁၅)ပါးအတွက် လှူဒါန်းဖွယ်ရာများကို ပြင်ဆင်ရတဲ့ တာဝန်ကျပါတယ်။

ကျွန်မလဲ လှူဒါန်းဖွယ်ရာများကို လင်ပန်း(၁၅)ချပ်နဲ့ ပင့်သံဃာ(၁၅)ပါးအတွက် ဝတ္ထုငွေစာအိတ်(၁၅)အိတ်နဲ့ အတူ အသင့်ပြင်ဆင်ထားပါတယ်။

ပင့်သံဃာများ တစ်ပါးပြီးတစ်ပါး ကြွလာပါပြီ။ ကျွန်မအမျိုးသားမှ ကြွလာသော ဆရာတော်များရဲ့ ခြေတော်အစုံအား အပေါက်ဝမှစောင့်ပြီး အဝတ်စတစ်ခုဖြင့် သန့်ရှင်းသုတ်သင်ပေးနေပါတယ်။

ဆွမ်းပွဲပြင်သူများမှာလဲ ဆွမ်းပွဲကပြင်ဆင်နေကြပါပြီ။ ရဟန်း(၁၅)ပါးမို့ စားပွဲတစ်ဝိုင်း (၅)ပါးဖြင့် စားပွဲ(၃)ဝိုင်း ပြင်ဆင်နေကြပါပြီ။ သံဃာတော်(၁၅) ပါး ပြည့်ပြီမို့ ဆွမ်းကပ်မယ်အလုပ် ကျွန်မအမျိုးသားရဲ့ အပေါက်ဝမှ အော်သံကို ကြားရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

'ခဏစောင့်ကြပါ။ ဆရာတော် တစ်ပါး ကြွလာနေပါတယ်'

တဲ့။ ကျွန်မတို့ လှမ်းအကြည့်လိုက်မှာတော့ ဆရာတော်ရဲ့ ကိုယ်လုံးတော်မှာ ရေမှုန်ရေစလေးတွေနဲ့၊ သင်္ကန်းတော်မှာလဲ အောက်နားတွေမှာ ရေစိုနေပါတယ်။ ခြေထောက်မှ ရေမှုန်ရေစတွေကိုတော့ ကျွန်မအမျိုးသားမှာ အဝတ်စဖြင့် သုတ်ပေးနေတာကို မြင်လိုက်ရပါတယ်။

ပြုံးရိုးပြုံးစဉ် လက်အုပ်တော့ ချီမိလိုက်ပါရဲ့။ စိတ်ကတော့ အထူး အနူးအညွတ် မလုပ်လိုက်မိပါ။ ကျွန်မပါ အဲဒီအချိန်မှာ ရဟန်းတစ်ပါးတိုးလို့ ဆွမ်းဝိုင်းတစ်ဝိုင်းမှာ ဆွမ်းပန်းကန်တစ်ချပ် ထပ်တိုးနေကြပါတယ်။

အားလုံးအထင်က အာဂန္တုရဟန်းလို့ပေါ့။ ဆွမ်းပွဲပြင်သူတွေကတော့ သူတို့တာဝန်ကို သူတို့ လွယ်ကူစွာဖြေရှင်းလိုက်နိုင်ကြပါတယ်။

အခက်တွေ့နေသူကတော့ ကျွန်မပါ။ ကျွန်မတို့ အပ်ထားတဲ့ လှူဖွယ်ဝတ္ထုပစ္စည်းများနဲ့ လင်ပန်း(၁၅)ချပ်၊ ဝတ္ထုငွေစာအိတ်က (၁၅)အိတ်ပါ။ ရဟန်း(၁၅)ပါးအတွက်သာ ဖြစ်ပါတယ်။ ယခု ရဟန်း(၁)ပါး ထပ်တိုးတော့ ဘယ့်နှယ်လုပ်ရပါ့မလဲ။ ကျွန်မ ကြံရာမရ ဖြစ်နေပါတယ်။

ကျွန်မ ဗျာဆိုက်နေပါပြီ။ အဘွားကို...

'ဒွေးလေး ရဟန်း(၁)ပါး ထပ်တိုးတာ ဘယ်လိုလုပ်ရမလဲ၊ ဝတ္ထုငွေအတွက်က လွယ်တယ်၊ ပစ္စည်းအတွက်က ဘယ့်နှယ်လုပ်ရမလဲ'

လို့ မေးလိုက်ရပါတယ်။ (ကျွန်မမှ အဘွားကို မေမေ ခေါ်သလို ဒွေးလေးလို့ လိုက်ခေါ်ခြင်း ဖြစ်ပါတယ်။) အဲဒီတော့ အဘွားမှ...



'ရတယ် ရတယ် ဒီလိုလုပ်၊ မိပု ကျောင်းထိုင်ဆရာတော်ကို လျှောက်ထား၊ ဘုန်းဘုန်းကိုလှူမယ့်ပစ္စည်းများ ခေတ္တငှားပါ။ တပည့်တော် နောက်နေ့ ပြန်ပို့လှူပါမယ်လို့လျှောက်၊ ဝတ္ထုစာအိတ်သာ ဝတ္ထုငွေထည့်ပြီး တစ်အိတ် ထပ်လုပ်'

တဲ့။ ကျွန်မလဲ ဘုန်းဘုန်းကြီးကို လျှောက်တော့...

'ရတယ် ဒကာမလေး၊ အဆင်ပြေအောင်သာလုပ်'

တဲ့။ ကျွန်မရင်ထဲမှာ အဲဒီတော့မှ အလုံးကြီး ကျသွားပါတယ်။

ဆွမ်းကပ်သူများက ဆွမ်းကပ်နေကြပါပြီ။ ဆွမ်းဘုဉ်းနေချိန်မှ သံဃာတော်(၁၆)ပါးအတိပါ။

ဆွမ်းဘုဉ်းပြီး တရားနာ ရေစက်ချအပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ကပ်ရပါတော့မယ်။ ကျွန်မရဲ့ တာဝန်ပိုင်းပေါ့။ ကျွန်မမှာ ဒူးထောက်ရွှေ့ပြီး လှူဒါန်းဖွယ်ပစ္စည်းများပါတဲ့ လင်ပန်းတစ်ချပ်နဲ့ ဝတ္ထုငွေစာအိတ်(၁)အိတ်စီ အဘွားကို ယူပေးရပါတယ်။

တစ်ဗန်းပြီးတစ်ဗန်းပေါ့။ ရဟန်းများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို စိတ်အာရုံနဲ့ လှူဒါန်းနေပါတယ်။ လှူဒါန်းသူက အဘွားပါ။ ရဟန်းအားလုံးလဲ ကပ်လို့ပြီးရော ကျောင်းထိုင်ဘုန်းကြီးမှာလဲ လှူဒါန်းဖွယ်ရာဝတ္ထုငွေစာအိတ်နဲ့ လှူဒါန်းပစ္စည်း လင်ပန်းပါ ဆက်ကပ်ခံရပါတယ်။

ထူးနေတာက ကျွန်မလက်ထဲမှာ ဝတ္ထုငွေစာအိတ် (၁)အိတ်က ပိုနေပါတယ်။ ရဟန်းအရေအတွက် စစ်ကြည့်လိုက်တော့ ရဟန်း(၁၅)ပါးနဲ့ လှူဖွယ်ဝတ္ထုပစ္စည်းလင်ပန်း (၁၅)ချပ်၊ ဝတ္ထုငွေစာအိတ်(၁၅)အိတ် ကပ်လှူပြီးပါပြီ။

ကျွန်မလက်ထဲတွင်သာ ဝတ္ထုငွေ(၅၀၀၀)ကျပ် ထည့်ထားသော စာအိတ်တစ်အိတ် ရဟန်းတစ်ပါး ဆွမ်းစားပြီး ဘယ်အချိန် ပြန်ကြွသွားသလဲ၊ ပြန်ကြွသွားရင်လဲ အားလုံးထဲက တစ်ဦးမဟုတ်တစ်ဦး သိရမှာပေါ့ဆိုပြီး အံ့ဩနေကြပါတယ်။

ကျွန်မအမျိုးသားမှ မဟုတ်မှလွဲရော ဆိုပြီး ထအော်ပါတယ်။ မိသားစုမှ "ဦးတင်ဝင်း ဘာလဲ ဘာလဲ" လို့ စိတ်ဝင်တစား မေးကြတော့မှ...

'သံဃာ(၁၅)ပါး ပြည့်ပြီဆိုပြီး ခြေသုတ်ပေးတဲ့အဝတ်ကို ကျွန်တော် သိမ်းမယ်အလုပ်မှာ ရဟန်းတစ်ပါး ကြွလာပါတယ်။ မျက်နှာတော်ဟာ အလွန်တရာ ကြည်ညိုဖွယ်ရာ အဆင်းသဏ္ဌာန်နဲ့ သုတ်သီးသုတ်ပျာ ကြွလာပါတယ်။

ကျွန်တော် ရဟန်း(၁)ပါး ထပ်တိုးတယ်ဆိုပြီး အော်ပြောအပြီး ကျောင်းပေါ်တက်လာတဲ့ ဆရာတော်ရဲ့ခြေအစုံကို အဝတ်နဲ့သန့်ရှင်းသုတ်သင်ပေးပါတယ်။

ခြေတော်အစုံကိုလဲ အလိုလိုနေရင်း နမ်းရှုံ့ထိပြီး ဦးခိုက်ချင်စိတ်ပေါက်လာလို့ နမ်းရှုံ့ထိပြီး ဦးတိုက်လိုက်ပါတယ်။ ခြေတော်အစုံမှာလဲ ရေတွေနဲ့ သင်္ကန်းအောက်နားစတွေမှာလဲ ရေတွေစိုလို့ မျက်နှာတော်မှာလဲ ရေစရေနလေးတွေနဲ့။

ကျွန်တော် ထင်တာကတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတစ်ကျောင်းက ဆရာတော် ရေမိုးသန့်စင်ပြီး ဆွမ်းစားအချိန်အမီ ကြွလာတာနဲ့တူတယ်လို့ ထင်လိုက်ပါတယ်။

ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ အဲဒီရဟန်းကို ကြည်ညိုလွန်းလို့ နဖူးနဲ့ ခြေထောက်ကို ဦးတိုက်လိုက်မိတာပါ။

အခု အားလုံးက ထူးတယ်ပြောကြမှ မဟုတ်မှလွဲရော ဒွေးလေး ဒွေးလေးရဲ့ ကထိန်အလှူတော်ကို ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီး ကြွလာတာပဲ ဖြစ်ရမယ်။ ညက ဒွေးလေး ပင့်ထားသေးလား။ ကျွန်တော် စာအုပ်တွေမှာ ဖတ်ဖူးလို့။ ပင့်ရင် ရှင်ဥဂုတ္တရဟန္တာ အရှင်မြတ်ကြီးက ကြွတယ်တဲ့'

ဆိုပြီး ကျွန်မအမျိုးသားမှ ပြောပါတယ်။

အဲဒီတော့မှ ကျွန်မအဘွားက ဝမ်းသာအားရ ပီတိဖြာနေတဲ့ မျက်နှာကြီးနဲ့...

'ဟုတ်တယ် မောင်တင်ဝင်း၊ မင်းပြောတာမှန်တယ်။ ဒွေးလေးက ညကတည်းက ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီးကို ကထိန်အလှူကို ကြွဖို့ ပင့်ဖိတ်ထားတာ'

တဲ့။ မိသားစုအားလုံးလဲ အပြုံးမျက်နှာကိုယ်စီနဲ့ လှည်းတန်းကို ပြန်ခဲ့ကြပါတယ်။

မည်သူတွေက မည်သို့ပင်ဆိုစေကာမူ ကျွန်မတို့မိသားစုအလှူပွဲမှာ ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ် ကြွချီလာတဲ့ အတွေ့အကြုံအဖြစ်အပျက်ကလေးကို စာရှုသူများကိုတစ်ဆင့် တင်ပြရခြင်း ဖြစ်ပါတယ်။

ဖူးထိုက်၊ မဖူးထိုက်မှာတော့ ဒီဖြစ်ရပ်ကလေးကိုပဲ သုံးသပ်ကြည့်ပါ။ ကျွန်မအမျိုးသားက ကိုယ်ထိလက်ရောက် နဖူးတွေ့ဒူးတွေ့ ခြေဆုပ်လက်နယ် ကုသိုလ်ယူရပြီး ဖူးတွေ့လိုက်ရပါတယ်။



ကျွန်မအဘွားကတော့ ဝတ္ထုကပ်လက်အုပ်ချီပေါ့။ ကျွန်မမှာတော့ လှူဖွယ်ရာဝတ္ထု၊ လင်ပန်းတွေကို တစ်ခုပြီးတစ်ခု ဒူးထောက်ရွှေ့ပြီး အဘွားလက်ထဲရောက်အောင် ပို့ပေးနေရလို့ ဦးမတိုက်လိုက်ရပါ။

အမျိုးသားမှ ရဟန်းတစ်ပါးတိုးတယ်ဆိုပြီး အော်သံကြောင့် လှမ်းပြီး ကြည့်လိုက်မိတဲ့ သာမန်ကာလျှံကာလေးပါ။ နဖူးတွေ့ဒူးတွေ့ အနီးကပ် ကျွန်မ မဖူးလိုက်ရပါဘူးရှင်။ ကျွန်မကိုယ်ကျွန်မ အားမလိုအားမရ ဖြစ်သွားခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ ဦးမောင်မောင်၊ ဒေါ်ဘွားရှင် အမှတ် (၃၉/၄၁) စန္ဒာမြိုင်ရိပ်သာ(ယခု စိန်ဂေဟာအဆောက်အအုံ)မှ လှူဒါန်းတဲ့ ဓမ္မဒါနစာစောင်အဖြစ် ရှင်ဥပဂုတ္တအရှင်မြတ်ကြီးအား ပူဇော်ရှိခိုးဖို့ ဓမ္မဒါနစာစောင်များ ဖြန့်ဝေကုသိုလ်ပြုပါတယ်။ အဲဒီဓမ္မဒါနစာစောင်ထဲက ဘုရားရှိခိုးဂါထာကိုတော့ ကျွန်မမှ ထပ်မံဒါနပြုလိုက်ပါရစေ။

ရှင်ဥပဂုတ္တရဟန္တာ

ပူဇော်ရန်ရှိခိုးဂါထာ

ဒိနေ ဒိနေ နမာမဟံ<br>
ဥပဂုတ္တ မဟာထေရံ<br>
မာရဗန္ဓန နိတေဇံ<br>
သော နော ဌာနံ အာဂစ္ဆတု။<br>
အန္တရာယော ဝိသောဓေတွာ၊<br>
သုခံ ဒေတု ပုန ပုနံ။

ခက်ခဲသော ပါဠိအသံထွက်

**ဥပဂုတ္တ** = အုပဂုတ်တ<br>
**ဌာနံ** = ထာနံ<br>
**အာဂစ္ဆတု** = အာဂစ်ဆန်တု<br>
**အန္တရာယော** = အန်တရာယော<br>
**ဝိသောဓေတွာ** = ဝိသောဓစ်တဝါ

**အနက်**

**မာရဗန္ဓနနိတေဇံ၊** မာရ်နတ်၏ အနှောင်အဖွဲ့ကို ပယ်ဖျက်နိုင်သော တန်ခိုးတော်ရှိသော။ **ဥပဂုတ္တမဟာထေရံ၊** အရှင်ဥပဂုတ် မထေရ်မြတ်ကို။ **ဒိနေဒိနေ၊** နေ့တိုင်း နေ့တိုင်း။ **အဟံ၊** အကျွန်ုပ်သည်။ **နမာမိ၊** ရှိခိုးပါ၏။

**သော၊** ထိုအရှင်ဥပဂုတ်မထေရ်သည်။ **နော၊** အကျွန်ုပ်တို့၏။ **ဌာနံ၊** အရပ်သို့။ **အာဂစ္ဆတု၊** ကြွလာတော်မူပါစေသတည်း။ **အန္တရာယော၊** အန္တရာယ်တို့ကို။ **ဝိသောဓေတွာ၊** သုတ်သင်၍။ **ပုနပုန၊** အဖန်ဖန်အထပ်ထပ်။ **သုခံ၊** ချမ်းသာကို။ **ဒေတု၊** ပေးတော်မူပါစေသတည်း။

*(ဤ ရှင်ဥပဂုတ္တရဟန္တာပူဇော်ရှိခိုးဂါထာတော် ပါဠိ အနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင် (ဓမ္မာစရိယ၊ ဝိနယဓရ၊ စတုနိကာယ ကောဝိဒ)မှ ပြန်ဆိုပေးပါသည်)*

ခင်သူဇွေး (ပိကုန်း)

www.burmeseclassic.com



ရန်ပိုင်အောင်

# သောင်ကြီးချောင်းမှ

## ဖြစ်ရပ်ဆန်းကြယ်များ

### နိဒါန်း

ပင်လယ်၊ ချောင်း၊ မြစ်၊ ကမ်းခြေ တို့သည် ပြောမလောက်အောင် အံ့သြဖွယ်ကောင်းကာ မာယာပဥ္စလက်ဆန်လှ၏။ တောတွင်းမာယာ၊ တောင်မာယာတို့ထက် ရေမာယာက ပို၍ ကြောက်မက်ဖွယ် ကောင်းလှ၏။

တောတွင်းမာယာ၊ တောင်မာယာတို့က အတွေ့အကြုံ မရင့်ကျက်သူရော၊ ရင့်ကျက်သူရော အတန်းစားမရွေး အမှားတစ်ခုခုလုပ်မိသည်နှင့် ထိုမုဆိုးကို အယောင်ယောင်အမှားမှား သတိလက်လွတ်အောင် လှည့်စားလေ့ရှိ၏။ ရေမာယာကာ အမှားမလုပ်မိပါဘဲနှင့် အသံပေးကာ “လာပါ... ချိုးလှည့်ပါ” ဟုခေါ်နေသယောင်ဖြင့် လူသားတို့အား ရေထဲ မဆင်းဆင်းအောင် လှည့်စားတတ်၏။

ဆင်းမိလို့ကတော့ ပြန်တက်ဖို့ မကြိုးစားနှင့်။ အသက်ပျောက်ရင်ပျောက်၊ မပျောက်ရင် လူပါပျောက်တတ်သည်။ ရေကူးကျွမ်းကျင်သည့်သူပင် စတေးရလေ၏။ ထိုမျှလောက် ကြောက်စရာကောင်းလွန်းသော ရေမာယာပေပင်။

ထိုအထဲတွင် စာရေးသူတို့ဇာတိရှိ သောင်ကြီးချောင်း တစ်ခုလည်း အပါအဝင်ဖြစ်၏။ ထိုသောင်ကြီးချောင်းသည် ရှေ့ကစ၍ အခုထိ နာမည်ကြီးဆဲပင်ဖြစ်၏။ ထိုချောင်း နာမည်ကြီးရခြင်းမှာ တစ်နှစ်တစ်ခါ ချောင်းထဲတွင် လူများဆုံးပါးတတ်ခြင်းပင် ဖြစ်၏။ မြစ်တို့ချောင်းတို့ လူများဒုက္ခရောက်တော့မည်ဆိုလျှင် တစ်ရက်အလိုလောက် (ညဘက်ဖြစ်၏။) ရေအော်သံပေးလေ့ရှိသည်ဟု ဆိုကြ၏။

‘ဝေါ...ဝေါ...ဝီ...ဝီ...ဝေါ...’

ထိုအသံကို တာပေါ်(လမ်းမ)အထိတောင် ကြားရလေ၏။

‘ဒီနှစ်...ဘယ်သူ့အလှည့်ကျမလဲ’

ထိုမေးခွန်းက သောင်ကြီးရွာ တစ်ရွာလုံးကို တုန်လှုပ်ချောက်ချားစေခဲ့သည်။

‘ဟဲ့...ကလေးတွေကမ်းနားမဆင်းကြနဲ့ ရေအော်ထားတယ်’

‘ညဘက်ချောင်းထဲ မဆင်းကြနဲ့’

တစ်ယောက်နှင့်တစ်ယောက် သတိပေးကြ၏။ ဘယ်လိုပဲဖြစ်ဖြစ် ရေအော်ပြီဆိုလျှင် ကိုယ့်ခြေထောက်ကို ချောင်းဘက်မလှည့်မိဖို့ သတိထားရသည်။ ယုတ်စွအဆုံး လေ့စီးလျှင်တောင် ရေထဲ

www.burmeseclassic.com



ခြေမချမိအောင် သတိထားကြ၏။

နေခင်းအုပ်စုလိုက် ရေဆင်းကူး တာတောင် သတိထားရ၏။ ရေတိမ် သည့်နေရာမှာ ကူးတာတောင် သတိ ထားရ၏။ ရေထဲခေါင်းစိမ်ပြီး မငုပ်ရဲကြ။ ထိုသို့ သတိထားနေသည့်ကြားက ရေနစ်သေဆုံးရသည့် လူသားတွေက ဒုနှင့်ဒေး။ လူအများကြီးထဲမှာ တစ် ယောက်တည်း ရွေးဖြစ်တော့...

ကံနိမ့်လို့တဲ့...မဟုတ်နိုင်ဘူးလို့ ငြင်း တော့...

ကံဆိုတာမြင်ရတာ မဟုတ်ဘူးတဲ့...

ရေငုပ်လျှင် ပြန်မပေါ်လာသည့် သူ တွေကိုတော့ ရေသရဲ စားသွားတာဟု လည်းကောင်း၊ ရေစောင့်က လူစား လဲတာဟုလည်းကောင်း ပြောကြသည် မှာ ပြောမဆုံးပေါင် တောသုံးထောင်ပင် ဖြစ်လေတော့၏။

ရေနစ်သေဆုံးသူ၏ ကာယကံရှင် တွေကတော့ ငိုကြွေးကြရသည်မှာ သနားစရာပင်။ ရေနံ့ပိုင်ဦးရှင်ကြီးနှင့် ရေစောင့်နတ်တို့ကို ကန်တော့ပွဲနှင့် ပူဇော်ပြီး တိုင်တည်တော့မှ အလောင်း ရှိသည့်နေရာသတင်းကို လည်းကောင်း၊ အလောင်းတွေ့ပြီသတင်းကို လည်း ကောင်း ကြားရလေ၏။

အခု စာရေးသူ အသက် (၂၅)နှစ်ရှိ ပြီဖြစ်ရာ ရွာမီနောက်မီလူကြီးများ ပြော ပြချက်အရ သောင်ကြီးချောင်း ရေအော်လာသည်မှာ ကြာပြီဟု သိရ ၏။ တစ်နှစ် တစ်ယောက်နှုန်းဆိုတော့ စာရေးသူ ယခု လက်ရှိသက်တမ်းနှင့် စာရှုသူတို့ တွက်ကြည့်ကြပေတော့။

စာရေးသူတင်ပြမည့် အကြောင်း အရာများသည် စာရေးသူ၏ ကိုယ်တွေ့ ကြားသိချက်များ ဖြစ်ပါသည်။

---

## နေကာပူတော့ အိုက်လိုက်တာ

---

သောင်ကြီးရွာ၌ ရဲလင်းအောင်တို့ ရောင်းသည့် အရက်ဆိုင်တွင် အကူ ခေါ်ထားသူ "ဖထီး"ဆိုသည့် ကရင် တိုင်းရင်းသားကြီးတစ်ယောက် ရှိလေ ၏။ ဖထီးသည် ဆင်းရဲ၍ အလုပ်ကြမ်း လုပ်နေရခြင်း ဖြစ်၏။

သဘောကောင်းသလောက် စကား ပြောလည်းချို၏။ စာရေးသူကိုလည်း ခင်၏။ စာရေးသူကိုလည်း ပုံပြင်တွေ လည်း ပြောပြလေ့ရှိ၏။

တစ်ညမှာတော့ ချောင်းထဲမှာ နေသည့်သူတွေ အိပ်ပျော်နေတုန်း လွန်စွာညံစီပြီး ကျယ်လောင်သော အသံကို ကြားကြရလေရာ အားလုံး တိတ်သွားကြလေ၏။

'ဝေါ...ဝေါ'

'ရေအော်တယ်ဟ...'

အားလုံး မျက်ဆန်ပြူးသွားကြ လေ၏။ မည်သူမျှ အောက်မဆင်းရဲ တော့။ နောက်တစ်နေ့ ညနေပိုင်းတွင် ဖထီးသည် ဆိုင်ထဲမှာ နေရတာ အိုက် သည်ဟုဆိုကာ ကမ်းနားဆင်းနေ သည်။ ကမ်းနားတွင် ရေချိုးသူများ၊ အဝတ်လျှော်သူများ ရှိ၏။

"အအိုက် သက်သာတာပေါ့"ဟု တွေးကာ ဖထီးသည် အင်္ကျီချွတ်ပြီး ဘောင်းဘီတိုလေးနှင့် ရေချိုးနေ၏။ ဖထီး ရေကူးကျွမ်းကျင်ပါ၏။ သောင် ကြီးရွာတွင် သူ့ကို ဘယ်သူမှမမီ။ ဖထီးသည် ရေထဲ ခေါင်းငုပ်ထားသေး ၏။

တစ်အောင့်လည်း ပေါ်မလာ။ ငါး မိနစ်လည်းပေါ်မလာ။ သည်တော့ တံတားပေါ်က အဝတ်လျှော်သူ၊ ရေချိုး သူတွေ မျက်လုံးပြူးရလေ၏။

'ဟ ဖထီး ရေငုပ်တာ ကြာလှ ချည်လား'

မကြာပါဘူး။ ဖထီး ရေငုပ်သည့် နေရာက "ပလုံ...ပလုံ"နှင့် အမြှုပ်တွေ ထလာတာတွေ့ရော အားလုံး လန့်ဖျပ် သွားကြလေ၏။

'လုပ်ကြပါဦး...ဖထီး ရေထဲမှာ ဘာဖြစ်နေ လဲမသိဘူး။ သူငုပ်တဲ့နေရာက အမြှုပ်တွေ ထပြီး နေ့ာက်နေတယ်'

ရေချိုးသည့်သူတွေ အပေါ်တက် ပြေးကြလေတော့၏။ ညက ရေအော် သံကို ကြားသည့်သူတွေ ရေထဲမဆင်း ရဲကြ။ ဒီမှာတင် ဖထီး၏ လုပ်ဖော် ကိုင်ဖက်တွေ ရေထဲခုန်ချပြီး လိုက်ရှာ ကြလေ၏။ ရေနက်မှာ ချိုးနေသည့် ဖထီး၏ အသက်ဝိညာဉ် ကင်းမဲ့နေ သည့်အလောင်းကို ရေတိမ်မှာ တွေ့ရ လေတော့၏။

'အဖြစ်ဆိုးလိုက်တာ ဖထီးရယ်'

အားလုံး စိတ်မကောင်း ဖြစ်မိကြ လေ၏။ ဒီလောက်ရေကူးကျွမ်းကျင် သည့်ဖထီး ရေနစ်သေရတာကို စာရေးသူအပါအဝင် အားလုံးအံ့ဩရ လေ၏။

---

## နဂါးမင်းသမီး

---

သူကတော့ စာရေးသူတို့ရွာက မဟာပုညဘုန်းကြီးကျောင်းနှင့် စာတ်ပုံ ဆရာ ကိုကလော(ရွှေကျင်းဖြူ)အိမ် ကြားမှာနေသည့် မိန်းကလေးပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စန်းစန်းအေးဟု ခေါ်သည်။ စာရေးသူနှင့် ကျောင်းနေဖက်ဖြစ်ပြီး ခြောက်တန်းမှာတင် ထွက်လိုက်သူဖြစ်၏။

ဆင်းရဲလွန်း၍ တစ်နေ့ဝတ်သည့် အင်္ကျီကို ဒီနေ့ဝတ်ပြီးလျှော် နောက်နေ့ပြန်ဝတ်ရ၏။ နတ်ကတော် လွမ်းပိုအောင်က သူမကို နဂါးသိုက်ကလာသူဟု ဟောထားလေ၏။ ထို့ကြောင့်လားမသိ သူသည် နေ့ရောညရော ကမ်းနားသို့ ဆင်းနေ၏။ အပေါ့အလေး သွားတာလည်း မဟုတ်၊ ရေချိုးတာလည်းမဟုတ်...

သွားဖန်များလာသောအခါ ညဘက်အိပ်လျှင် သူမကို ကြိုးနှင့် ချည်ထားရသည်ဟု သိရ၏။ အချို့လူတွေကတော့ ထင်ကြေးတွေ အမျိုးမျိုး ပေးကြသည်။

'ရူးနေတာ...တဲ့'

'နဂါးသိုက်ကလာတဲ့သူပဲ ရေပျော်မှာပေါ့'

ကြိုးနှင့် ချည်ထားသည့်ကြားက သူဘာသာသူ ကြိုးတွေဖြေပြီးသွားသေး၏။ အားလုံး အံ့သြကြရလေ၏။ သာမန်မိန်းကလေး တစ်ယောက်က နိုင်နိုင်မာမာ ချည်ထားသည့်ကြားမှ လွတ်စေနိုင်သည်မှာ အံ့သြစရာကောင်းနေ၏။ ကြိုးတွေကတော့ ခြေရာလက်ရာမပျက်။

ကြိုးတွေ တုပ်နှောင်ထားသည့်ကြားက တစ်ညမှာတော့ ကမ်းနားရှိ ရေထဲမှ တဝေါဝေါအသံတို့ကို ကြောက်မက်ဖွယ် ကြားရလေ၏။

'ငါ့ကို ခေါ်နေပြီ...ငါသွားရတော့မယ်'

ထိုအသံကိုကြားသောအခါ သူမစိတ်တို့သည် ဆောက်တည်ရာ မရတော့။ အိမ်သူအိမ်သားတွေကတော့ သူမကို ကြိုးတုပ်ထားသဖြင့် စိတ်ချလက်ချ အိပ်လေတော့၏။ အချိန်က သန်းခေါင်နား ကပ်လာနေပြီ။

နံနက်မိုးလင်းတော့ အကြီးကောင် မြင့်နိုင် တိုင်မှာချည်ထားသည့် ကြိုးကိုသာ တွေ့ရပြီး စန်းစန်းအေးကို မတွေ့ရသဖြင့် ထိတ်သွားလေ၏။ အားလုံး စိုးရိမ်သွားကြပြီး ကမ်းနားသို့ ဆင်းသွားကြလေ၏။

ကမ်းနားရှိ ရေစပ်နား၊ သစ်တုံးနားတွင် ပေါလောပေါ်နေသော ဆံပင်ရှည်ကြီးများအုပ်နေသည့် အသက်မရှိတော့သော သူမအလောင်းကို စိတ်မကောင်းကြီးစွာ တွေ့ရလေ၏။ ထိုသတင်းကို ကြားသည့်သူတွေကတော့...

'သိုက်က ပြန်ခေါ်သွားတာတဲ့...'

စာရေးသူကတော့ ထိုအယူအဆကို လက်ခံလို့မရတာ အခုထက်ထိပင် ဖြစ်၏။

## ရေမင်းသားနှင့် ပျော်ချင်သူ

သူကတော့ စာရေးသူတို့ တစ်ရွာလုံးက ချစ်ခင်သနားရသော အရူးမလေး မာဦးပင် ဖြစ်ပေ၏။ မာဦးကို ဘယ်ကလာမှန်းမသိကြ။ နေချင်သလိုနေ သွားချင်သလိုသွားနေသူဖြစ်၏။ နာမည်ကိုတော့သိ၏။ သူ၏ မိဘနှစ်ပါးကို မသိ။

သနားစရာကောင်းလွန်း၍ လမ်းတွေ့လျှင် သူမကို မုန့်ဖိုးပေး၏။ ထမင်းကျွေး၏။ သူမသည် အခြားအရူးတွေနှင့် မတူ အရူးနှပ်ဖြစ်၏။ တဏှာရူးကောင်၊ အမူးကောင်တွေ သူမအနားကပ်လျှင် လက်ထဲတွင် ဝါးကောက်ဝါး ကိုင်ပြီးသာ ရိုက်လို့ကတော့ ထိပ်ကွဲ။ သူမသည် ညနေတိုင်း ကမ်းနားဆင်း ရေချိုးလေ့ရှိ၏။

လူတွေနှင့်ရောချိုး၏။ ယောကျ်ားရော မိန်းမရော မရှောင်ပေ။ သို့သော် သူမ ရေချိုးတာမဟုတ်... ရေဆော့ခြင်းဖြစ်၏။ ဟိုလူ ရေနှင့်ပက်၊ ဒီလူ ရေနှင့်ပက်၊ ရေတွေ နောက်လာတော့ အားလုံး စိတ်အနှောင့်အယှက်ဖြစ်ရလေ၏။ သူမ ရေထဲရောက်သည်နှင့် တဗုန်းဗုန်းနှင့် ဆော့ပါလေရော။ ဘာလုပ်တာလဲမေးတော့ သူမသည် ရှက်သလို ပါးစပ်ထဲ လက်ညှိုးထည့်ကိုက်ရင်း...

'ရေမင်းသားလေးနဲ့ ရေကစားနေတာ'

'ဘယ်မှာလဲ ရေမင်းသားလေး'

ထိုအခါတွင် သူမလက်က ဟိုယောကျ်ားလေးကို လက်ညှိုးထိုးလိုက်၊ မျက်နှာချင်းဆိုင်က ကောင်လေးကို လက်ညှိုးထိုးလိုက်ထိုး။ အားလုံး သူ့အနား မကပ်ရဲတော့ ခပ်ဝေးဝေးမှာ ရေကူးကြ၏။ သို့နှင့်ပင် သူမက ရေကူးလိုက်သေးသည်။

ထိုအထဲမှာ စရေးသူလည်းပါ၏။ စာရေးသူက ဟိုဘက်ကမ်းထိရောက်အောင်ကူးလျှင် အရူးမ မာဦး ရေကူးပြီး ရအောင်လိုက်သည်။ အမိခံလို့မဖြစ် ပတ်ပြေးရ၏။ မိလို့ကတော့ ရာဇဝင်ထဲက မင်းမိဖုရားတွေလို အတင်းဆွဲပြီး [illegible] လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

'မောင်တော်ရယ်... နှမတော်ကို မထားခဲ့ပါနဲ့တဲ့'

အဲဒီနေ့က စာရေးသူ စာဖတ်ပြီးတာနှင့် တာပေါ်ထွက် လမ်းလျှောက်နေတုန်း ကမ်းနားဘက်က တဝေါဝေါနှင့် ကျယ်လောင်သော ရေအော်သံကို ကြားရလေ၏။ ရေတော့အော်ပြီလို့ တွေးနေတုန်းမှာ စာရေးသူရှေ့က မိန်းကလေး တစ်ယောက်သည် ဝမ်းသာအားရနှင့် ခုန်ပေါက်ကာ ကမ်းနားထဲဆင်းသွားလေ၏။ လှမ်းအော်တာတောင် မကြားလိုက်။

'မောင်တော်ခေါ်နေပြီတဲ့...'

ပါးစပ်က အော်သွားတာ ဖြစ်၏။

နံနက်မိုးလင်းတော့ သူမသတင်းကို ဈေးရောင်းရင်း နားစွင့်ထားရလေ၏။ ဈေးဝယ်တွေထဲက သတင်းကြားရပါသည်။ အရူးမ မာဦး ဘာမှ မဖြစ်ပါတဲ့။ စာရေးသူ စိုးရိမ်မှု ပြေသွားရလေ၏။

'ညက ငါ့နှယ် အိပ်လို့မရဘူးဟယ်။ ရေအော်သံကြားပြီး တဗုန်းဗုန်းနဲ့ ရေကိုရိုက်တဲ့အသံတွေကြောင့် ကြောက်လိုက်တာ ဘာပြောကောင်းမလဲ။ မိကျောင်းများလားလို့တွေးရင်း ထရံပေါက်က ချောင်းကြည့်တာ အရူးမ မာဦး ရေဆော့နေတာဟာ ကလေးမြူးနေတာကျနေတာပဲ'

ကမ်းနားမှာနေသည့် ဒေါ်ပေါက်စက ပြောလျှင် နောက်တစ်ယောက် အံ့ဩတကြီး ဖြစ်သွားပြီး...

'ဘယ်လိုလုပ် မြင်တာလဲ...'

'လရောင်က ဖွာနေတာကိုး...'

'ဟုတ်လို့လား...'

ကြားရသည့်သူတွေ မယုံသင်္ကာနှင့် မေးတော့ မြင်ရသူတွေက...

'ကမ်းနားမှာနေတဲ့ ငါတို့တွေ မြင်ရတယ်'

ဟု ပြောကြလေ၏။

'ဘာဖြစ်သေးလဲ...'

'ဘာမှမဖြစ်ဘူး...'

'အရူးမလေး မနက်မိုးလင်းထိ ရေထဲမှာ ကူးလိုက်ခပ်လိုက်နဲ့ ဆော့နေတာ'

'အံ့ဩစရာပဲ...'

ကြားရသူတွေ အံ့ဩသလို စာရေးသူလည်း အံ့ဩရပါသည်။ အချို့သူတွေ ရေအော်သံကြားပြီး အကြောင်းအမျိုးမျိုးနှင့် ရေနစ်ပြီး သေကြသည်။ အရူးမကျတော့ ဘာမှ မဖြစ်ပါကလား။

'အရူးမက ကံမြင့်လို့ ကံကောင်းနေတာတဲ့'

ဒီစကားလေးကတော့ စာရေးသူ ရင်ထဲပင် ရှိဆဲပင်ဖြစ်၏။

ထိုဖြစ်ရပ်တွေကို ကြည့်လျှင် ရေစောင့်က လူကိုဖမ်းပြီး လူစားလဲတာလား (သို့မဟုတ်) လူသားစားတာလားဆိုတာ စာရေးသူ စဉ်းစားမတတ်အောင် ဖြစ်ရ၏။ ဓာတ်သဘာဝအရ အပူအအေးနှင့် စဉ်းစားကြည့်သည်။ ကျို့တာနှင့်ပွတာ ချာလပတ်ရမ်းနေတော့၏။

အချို့တွေကတော့ ကံကုန်ချိန် ရောက်လို့ သေတာဖြစ်ပြီး အရူးမ မာဦးက ကံမကုန်သေးလို့ မသေတာဟု စဉ်းစားရင်း ရေအော်သံကြောင့် ဆန်းကြယ်မှုတွေ ဖြစ်လာတာကတော့ သောင်ကြီးချောင်း နာမည်ကြီးဖို့ အလားအလာပင် ဖြစ်ပေတော့သတည်း။

သဗ္ဗေသတ္တာ မင်္ဂလံ

ရန်ပိုင်အောင်

**စာရှုသူ၊ သုတေသီနှင့်**

**စာရေးသူ**

**ဆောင်းပါးရှင်များသို့ ...**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်**များ ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ပါရမီမဂ္ဂဇင်း**

အမှတ် ၂၃၃၊ (၂၉)လမ်း၊

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့၊



www.burmeseclassic.com

www.burmeseclassic.com



သာရာနေမျိုး (ဘီအေ)

# ဒေးစွန်ပါတောင်တန်းဒေဝီသခင်မနှင့်

ကျွန်တော်

သရဒဥတုလို့ ခေါ်တဲ့ ဆောင်းဦးကာလ တောထဲ၊ တောင်ထဲ ရောက်နေချိန်မှာ တောင်ခိုးတွေဝေပြီး မြူနှင်းဖြူလေးတွေ လေပြည်နဲ့အတူ ဝေ့ကာဝဲကာ လွင့်မျောနေတာကို ကြည့်ရတာ ပန်းချီကားတစ်ချပ်လို့ပါပဲ…

ဒီနေရာကတော့ ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာအုပ်စု ဒေးစွန်ပါတောင်ဆံတော်ရှင်စေတီ၏ အရှေ့မြောက်ဘက် သခင်မတောင်တန်းဘေးတွင် ပေ(၃၀၀)နီးပါးခန့် ကျယ်ဝန်းပြီး လွင်ပြင်အလယ်လောက်မှာ (၁၅)ပေပတ်လည် (၁)ထပ် သစ်သားကျောင်းဆောင်လေးတွင် ဓမ္မမိတ်ဆွေ ကိုခင်မောင်ထွေး (ညောင်လေးပင်မြို့) အကူအညီဖြင့် (၉)ရက် အဓိဋ္ဌာန်ဝင် ဖြစ်ခဲ့ပါသည်။

(၉)ရက် အဓိဋ္ဌာန်ပြီး၍ ပဲခူးခာတ်နန်းသို့ ပြန်ရန် လာရောက်ကြိုဆိုသည့် ဓမ္မမိတ်ဆွေများကို စောင့်ရင်း ကျောင်းဆောင်ရှေ့ ဝါးကွပ်ပျစ်တွင် ထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com

အဖေကြီး အောင်မင်းခေါင်ရှိစဉ်က မိန့်ဆိုခဲ့သော **"ခေတ်ပေါင်းစုံရာ ဒေးစွန်ပါ၊ သိုက်ပေါင်းစုံရာ ဒေးစွန်ပါ"** ဟူသော အတိတ်တဘောင်ကို စဉ်းစားရင်း လက်မှနာရီကို ကြည့်လိုက်တော့ နံနက်(၆)နာရီတိတိ...

ဒေးစွန်ပါ ဆံတော်ရှင်စေတီဘက်ကို မျှော်ကြည့်လိုက်တော့ စိမ်းညို့နေသော သရက်ပင်များတွင် ကျေးငှက်လေးများနှင့် ရှဉ့်ကလေးများ မြူးထူးပျော်ရွှင်နေပုံမှာ စိတ်ကြည်နူးဖွယ်ရာ မြင်ကွင်းတစ်ခု ဖြစ်နေလေသည်။

ထိုအချိန်တွင် ကျောင်းဆောင်ရှေ့ လမ်းဆုံဝနေရာမှ အမျိုးသမီးတစ်ယောက်က...

'အဲဒီကို လာလို့ရလား'

မေးသံ ကြားရ၍...

'ဟုတ်ကဲ့ ရပါတယ်'

လို့ ပြန်ဖြေလိုက်ပါတယ်။ "ခပ်သန့်သန့် အမျိုးသမီးတစ်ယောက်ပါလား၊ ဘာကိစ္စများလဲ မသိဘူး" တွေးမိစဉ်မှာဘဲ ခြေလှမ်းမှန်မှန်ဖြင့် ကျွန်တော့်အနားကို ရောက်လာပါတယ်။

ရောက်ရောက်ချင်း အမျိုးသမီးက...

'လက္ခဏာဗေဒင် မေးလို့ရလား'

'ဟုတ်ကဲ့...ရပါတယ် ထိုင်ပါ'

သူ ဝါးကွပ်ပျစ်လေးပေါ် တင်ပါးလွှဲလေး တက်ထိုင်လိုက်တယ်။ ပြီးတော့ ညာလက်ဖဝါးလေး ဖြန့်ပေးတယ်။ ကျွန်တော်က...

'ဘယ်သူများ လွှတ်လိုက်တာလဲ ခင်ဗျာ'

'ဒီလိုပဲ စုံစမ်းပြီး လာခဲ့တာပါ'

လို့ သူ ပြန်ဖြေတယ်။

အမျိုးသမီးမျက်နှာကို အနီးကပ်ကြည့်မိတယ်။ နက်မှောင် ဖြောင့်စင်းနေသော ဆံပင်၊ ဖြူဝင်းမွတ်နေသော



နဖူးပြင်၊ ကွေးညွတ်လျက် ဆက်နေသော မျက်ခုံး၊ ကြည်လင်ရွှန်းလဲ့နေသော မျက်ဝန်းနက်၊ ဖြောင့်စင်းနေသော နှာတံ၊ နီရဲပြီး စိုနေသော နှုတ်ခမ်း၊ လုံးဝန်းနေသော မေးဖျားလေးနဲ့ လည်ဆစ်ရိုးလေးတွေကို တစ်ဆစ်ခြင်း မြင်ရမလောက် ဖြူဖွေးဥနေသော လည်တံလေးကို သတိထားပြီး ကြည့်လိုက်မိတယ်။

စိတ်ကို တည့်မှတ်ရင်း လက်ဖဝါးပြင်ပေါ်က ထင်ရှား သေးနုပ်သော အရည်ချောင်းလေးများကို သေသေချာချာ စိုက်ကြည့်လိုက်တော့ လက်ဖဝါးပြင်ပေါ်မှာ သွေးကြောစိမ်းလေးတွေက ယှက်ဖြာနေတယ်။ အံ့သြစရာကောင်းတာက နှလုံးလမ်းကြောင်းနဲ့ အသက်လမ်းကြောင်းကြားမှာ ဆွဲထားသလို ဝိုင်းစက်နေတဲ့ စက်ဝိုင်းပုံတစ်ခုကို ထင်ရှားစွာ တွေ့လိုက်ရတယ်။

ဒါနဲ့ ကျွန်တော်လဲ သူ့မျက်နှာကို ရုတ်တရက် မော့ကြည့်မိတယ်။ သူက ပြုံးပြုံးကြီး စိုက်ကြည့်နေလို့ မျက်လုံးချင်း ဆုံတွေ့လိုက်ချိန်မှာ ကျွန်တော့်ရင်ထဲအေးပြီး စူးနစ်သွားတယ်။ တုန်လှုပ်ခြင်း အလျှင်းမရှိပါ။ ဒါပေမယ့် တော်တော်ကြီးကို ရင်ထဲအေးပြီး စိမ့်နေတယ်လို့ ခံစားမိတယ်။ မနည်းသတိထားပြီး ဟောပြောဖို့ အရှိန်ယူကာ...

'လက္ခဏာအရတော့...'

'နေပါဦး...နေပါဦး၊ တို့က ဟောစာတမ်း နားထောင်ချင်တာ မဟုတ်ဘူး။ မေးချင်တာကွယ့်၊ တို့ မေးလို့ရလား'

'ဗျာ...ဟုတ်ကဲ့'

'ဒါနဲ့ မင်း...အသက် ဘယ်လောက်လဲ'

'ကျွန်တော့်အသက် သုံးဆယ့်ငါးနှစ်ပါ'

'တို့က မင်းထက် အသက်ကြီးတယ်။ တို့ကို မမလို့ ခေါ်ပါ၊ မင်းကငယ်ပေမယ့် ဆရာဆိုတော့ ဆရာမောင်လေး ဆိုတာထက် မောင်လေးဆရာက ပိုခေါ်လို့ ကောင်းတယ်နော်'

ကျွန်တော့်စိတ်ထဲမှာ "ဒီအမျိုးသမီး တော်တော် ဇီဇာကြောင်တာပဲ" လို့ တွေးထင်နေမိတယ်။

'ရပါတယ်... ခေါ်ချင်သလို ခေါ်ပါ၊ သိချင်တာရှိရင် မေးပေါ့'

'မမ...ဒီနှစ် အလှူကြီးပြုချင်တယ် ဖြစ်မလား'

စိတ်ထဲမှာ တစ်မျိုးကြီး ခံစားရပြီး စိတ်ကူးနဲ့ ပြောလိုက်မိတယ်။

'ငွေရှိရင် လှူနိုင်တာပေါ့လို့'

'ဘယ်လိုလဲ မောင်လေးဆရာ'

'လက္ခဏာအရတော့ အလှူကြီး အတန်းကြီး ဒီနှစ်အတွင်း ပြုရပါလိမ့်မယ်'

'အဲဒီလို... မဟောရဘူးကွယ့် မောင်လေးဆရာရဲ့၊ မေးတဲ့သူက လိုက်လိုက်လှဲလှဲ မေးလာရင် အင်ပြည့်အားပြည့် ဖြေရတယ်'

'ဗျာ'





www.burmeseclassic.com

www.burmeseclassic.com

'ဒီလိုဖြေကွယ့်... ကောန်ဖြစ်ရမယ်'

အံ့ဩခြင်းများစွာနဲ့...

'ဩော်...ဟုတ်ကဲ့...ဟုတ်ကဲ့'

လို့ ပြန်ပြောလိုက်တယ်။ ဘယ်လို အမျိုးသမီးလဲ မိကျောင်းမင်း ရေခင်း ပြဆိုသလို ဆရာလုပ်နေတယ်။ စိတ်ထဲမှာ ချဉ်တင်တင် ဖြစ်လာမိတယ်။

'နောက်... မေးခွန်းတစ်ခုမေးမယ် နော် မောင်လေးဆရာ'

'မေးပါ...မေးပါ'

'တို့ဒေးစွန်းပါတောင်ကြီး ဘယ်တော့လောက် ဒီထက် စည်ကားဦးမလဲ'

'မမ... ဒီမေးခွန်းက လက္ခဏာနဲ့ မဆိုင်ဘူးလေ'

'အေးလေ... ဘာဖြစ်လို့လဲ မောင်လေးဆရာ'

'မဆိုင်တာတွေ လျှောက်မေးနေတော့ ကျွန်တော် အဖြေခက်တာပေါ့ဗျာ'

စိတ်ထဲမှာလဲ ဘဝင်မကျ ဖြစ်လာတယ်။ သူ အသံထွက်ပြီး ရယ်တယ်။ ပြီးမှ...

'ဆရာတွေရဲ့ နှုတ်ထွက်စကား အတိတ်နိမိတ်ကို သိချင်လို့ပါ မောင်လေးဆရာရယ်'

'အခုလဲ ကားလမ်းတွေချဲ့၊ လမ်းတွေခင်း ပြုပြင်ရှင်းလင်းနေမှတော့ နောက်(၃)နှစ်အတွင်း ကြက်ပျံမကျ စည်ကားပါလိမ့်မယ်'

'မမတို့က ဒီတောင်ကနေ အလယ်မှာရှိတဲ့ ဆင်ပချပ်ချောင်းကို ကျော်ပြီး ကားလမ်းအထိ မရောက်ဖူးကြဘူးကွယ့်'

'ဟာ...ဒီအချယ်အထိ မရောက်ဖူးကြဘူးလား'

'အေးလေကွယ်'

'မဖြစ်နိုင်တာ... ဒီကနေ ကားလမ်း



က (၃)မိုင်ပဲ ဝေးတာကိုး'

'မမ မညာပါဘူး။ တကယ့်ကို မရောက်ဘူးတာပါ။ ငယ်ငယ်က နိုးပြီးသွားတာ၊ အဲဒီဆင်ပချပ်ချောင်းကို ကျော်လို့ မရတာ'

'ဟိုတုန်းက တံတားမရှိလို့လား'

'ရှိပါတယ်... သစ်သားတံတားကြီးလေ၊ တံတားပေါ်ရောက်ရင် ကြက်သီးတွေထ၊ ဆံပင်တွေထောင်ပြီး ကြောက်လွန်းလို့ ဟိုဘက်မကူးရဲဘူး။ ဘိုးဘိုးတို့က မသွားရဘူးတဲ့'

'ဘယ်က ဘိုးဘိုးလဲ'

'မမတို့ ဘိုးဘိုးလေ'

'သူက ဘာလုပ်လဲ'

'ဒေးစွန်းပါဘုရားမှာ ပုတီးစိပ်နေတာကွယ့်'

'ဒါဆိုလဲ ကျွန်တော်ပြန်ရင် လိုက်ခဲ့လေ။ အခု ကွန်ကရစ်တံတားကြီး ဖြစ်သွားလို့ ကားတွေတောင် ကူးလို့ရတယ်။ ဘာမှ ကြောက်စရာမရှိဘူး'

လို့ ပြောတော့ သူက တခစ်ခစ်နဲ့ ရယ်နေတယ်။ တော်တော်ထူးဆန်းတဲ့ မမ...

'နောက်ဆုံးမေးခွန်းတစ်ခု မေးမယ်နော် မောင်လေးဆရာ။ မင်း လပြည့်နေ့တိုင်း ဒေးစွန်းပါဘုရား တနင်္ဂနွေထောင့်ကို ရောက်အောင် လာခဲ့ရမယ်နော်'

'ဟာ...ဗျာ... လုပ်ပြန်ပြီ၊ ဒါတော့ လွန်ပြီ မမခင်ဗျား'

ကျွန်တော့်စကားမဆုံးခင်...

'မောင်လေးဆရာက ဖြေရမယ့်သူလေ တို့က တောင်းဆိုတာပါ'

'ပြောလို့တော့ မရဘူး။ အဓိဋ္ဌာန်ဝင်ဖြစ်ခဲ့ရင်တော့ ရောက်ကောင်း ရောက်ပါလိမ့်မယ်'

'ဒီလိုအဖြေကို တို့ကြိုက်တယ်၊ မယုတ်မလွန် ကတိပေးရာ မကျဘူး။ မင်းပြန်ရင် ပဲခူးမှာ အောင်မြင်ပါလိမ့်မယ်'

'မမ... ကျွန်တော့်ကို ပေဒင်ဟောနေတာလား'

သူ့မျက်နှာ တည်သွားပြီး...

'မင်း... အောင်မြင်ရမယ်'

'ကဲပါ... ထားပါတော့၊ မမ မေးခွန်းမေးတာ ကျေနပ်ပြီလား'

'ဟုတ်ကဲ့ပါ မောင်လေးဆရာ'

''ဒါဆိုလဲ ပြန်တော့'' လို့ စိတ်ထဲက နှင်နေမိတယ်။

'မောင်လေးဆရာကို ဥဏ်ပူဇော်ခ ချီးမြှင့်ပါရစေ'

သူက ကတ္တီပါအိတ်ထဲမှ စာအိတ်တစ်ခုထုတ်ပြီး လက်နှစ်ဖက်ဖြင့် ကိုင်ပြီး ကျွန်တော့်ကို ကမ်းပေးပါတယ်။ လှမ်းယူလိုက်ချိန်တွင် လက်ချင်းထိမိပြီး ကျွန်တော့်လက်ဖျားလေးတွေ ကျဉ်ခနဲ ဖြစ်သွားတာ သတိပြုမိလိုက်တယ်။ ဒါပေမယ့် စာအိတ်က လေးနေနို့ လို့ အထဲမှာ တော်တော်ပါမှာပဲ တွေးတွက်ပြီး ပြုံးမိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

'ကဲ...မောင်လေးဆရာ၊ မမ ပြန်တော့မယ်နော်'

'ဟုတ်ကဲ့... ကျွန်တော် လမ်းဆုံဝအထိ လိုက်ပို့ပေးပါရစေ'

နှစ်ယောက်သား လျှောက်လာရင်း...

'ဒီအထိပဲ လိုက်ပို့ပါ။ ရှေ့ကတောင်ကိုကျော်ရင် မမတို့နေတဲ့ နေရာကို ရောက်ပြီ'

လို့ ပြောပြီး သူ ရပ်နေပါတယ်။

'ဩော်...အတိတ်... အတိတ်တွေက အရိပ်လို၊ သိတဲ့လူတွေအတွက် အမှတ်ရစရာတွေပါ'

သူ ဘာတွေပြောနေမှန်း ကျွန်တော် မသိပါ။ သူ ဖိနပ်မစီးထားတာ သိလို့ ခြေထောက်ကို ကြည့်လိုက်မိတယ်။

ဖြူဖွေးသန့်စင်ပြီး ခြေဖဝါးစောင်းနဲ့ ဖနောင့်လေးက နီရဲနေတာ တွေ့ရပြီး ခြေချောင်းလေးတွေက ပြည့်ပြည့်ဖောင်းဖောင်းလေးတွေ ခြေမလေးက ဖောင်းအစ်ပြီး အပေါ်ကို ကော့နေတာ တွေ့ရတယ်။ ဒီတော့,ဒီတောင်ထဲ ဒီလောက်သန့်တဲ့အမျိုးသမီး ရှိတာ အံ့သြစရာပါလား။

'မောင်လေးဆရာ... မမကို ဘာ လက်ဆောင်ပေးမလဲ'

'ဗျာ'

'လက်ဆောင်လေ... အမှတ်တရပေါ့'

အိတ်ကပ်ထဲ ကြည့်လိုက်တော့ ကျွန်တော့်လက်မှတ်ထိုးထားတဲ့ လက်ကိုင်ပဝါအဖြူလေးပဲ ရှိတယ်။ လက်ကိုင်ပဝါလေးထုတ်ပြီး ပေးလိုက်တယ်။ သူ သေသေချာချာကြည့်ပြီး ယူလိုက်ပါတယ်။

'မောင်လေးဆရာ... လက်ဖဝါး ဖြန့်ပါဦး'

'ဘာလုပ်မလို့လဲ'



'ဖြန့်မှာသာ ဖြန့်စမ်းပါ'

အမိန့်ပေးသလို မာဆတ်ဆတ်နဲ့မို့ မသိချင်ယောင် ဆောင်နေလိုက်တယ်။ ဒါပေမယ့် မရပါဘူး... လက်ဖဝါးဖြန့်ပေးချင်စိတ်က တားမရဘူး ဖြစ်နေတယ်။ လက်ဖဝါး ဖြန့်ပေးလိုက်မိတယ်။

'ဘယ်လက် မဟုတ်ဘူးလေ ညာလက်ကို ပြောတာ'

'ကဲပါ... ဒီမှာ ညာလက်'

'ပေးမလို့ပါ'

ပြောပြီး ဘယ်အချိန်ထဲက ဆုပ်ကိုင်ထားမှန်းမသိတဲ့ အရာလေးတွေကို လက်ဖဝါးပေါ် ချပေးတယ်။ သေသေချာချာကြည့်လိုက်တော့ လေးညှင်းပွင့်လေး(၅)ပွင့်။

'မောင်လေးဆရာ... မမ သွားတော့မယ်'

'ဟုတ်ကဲ့'

သူ ညင်သာစွာဖြင့် လှည့်ပြီး မြေလှေကားထစ်လေးအတိုင်း တောင်တန်းပေါ် တက်သွားလေသည်။ ဆံပင်ရှည်ကြီးက တင်ပါးကို ကျော်ပြီး၊ ဆံဖျားလေးတွေက ကော့တက်ပြီး ခြေလှမ်းတိုင်း ဝှေ့ယမ်းနေလေရဲ့။

ကျွန်တော် သူ့နောက်ကျောကို ငေးကြည့်ပြီး မျက်စိတစ်ဆုံး ပျောက်ကွယ်သွားမှ ဒီအမျိုးသမီး ထူးဆန်းလိုက်တာ... လက်ထဲမှ လေးညှင်းပွင့်လေးတွေကို ကြည့်ပြီး ပြုံးနေမိတယ်။

'ဗျို့...ဆရာနေမျိုး ကျုပ်တို့ရောက်ပြီ'

'ဟာ...ကိုထွေးနဲ့ ကိုရဲလင်းတို့ပါလား'

'ဟုတ်ပါတယ်... တောင်အောက်ဆင်းရအောင် လာကြိုတာ'

'အမျိုးသမီးတစ်ယောက် ဗေဒင်လာကြည့်လို့ပါ'

သူတို့နှစ်ယောက်က ကျွန်တော့်ကို ကြည့်ပြီး ပြုံးနေကြတယ်။

ပြီးမှ ကိုရဲလင်းက...

'ဆရာနေမျိုးကလဲ ကြွားနေပြန်ပြီ။ ဟို...အနောက်ဘက် တောင်စောင်းလေးက ဆင်းလာကတည်းက ဆရာတစ်ယောက်တည်း ကွပ်ပျစ်မှာ ထိုင်နေတာ၊ လမ်းဆုံဝဘက်သွားတာ၊ ပြီးတော့ တောင်လှေကားထစ်ဘက် ငေးကြည့်နေတာ ကျွန်တော်တို့ အကုန်တွေ့ပါတယ်'

'ဟာ... ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ အမျိုးသမီးတစ်ယောက်ရှိပါတယ်'

သူတို့နှစ်ယောက် ကျယ်ကျယ်လောင်လောင် ရယ်နေကြတယ်။

'ခင်ဗျားတို့ မယုံရင် ကျွန်တော်ပြမယ်။ ဒီမှာ သူပေးခဲ့တဲ့ လေးညှင်းပွင့်... ဒါက ညာလက်ပဲဖော်'

ခုံပေါ်တင်ထားတဲ့ စာအိတ်ကိုဆွဲယူပြီး ဖွင့်ကြည့်လိုက်တော့ ...င်းရာတန်



www.burmeseclassic.com

www.burmeseclassic.com

အသစ်လေး ဆယ်ရှက်။

စာအိတ်အတွင်းဘက်မှ ရေးထားတာက **"တောင်တန်းဒေဝီသခင်မ"** ကိုထွေးက...

'သူသွားတာ ဘယ်လောက်ကြာပြီလဲ ဆရာနေမျိုး'

'အင်း... (၅)မိနစ်လောက်ရှိပြီ'

'ဒါဆို...ကျွန်တော်တို့ သူနောက်လိုက်ကြည့်ရအောင်'

လို့ ကိုရဲလင်းက ဝင်ပြောပြီး ကျွန်တော်လဲ ချက်ချင်းဆိုသလို...

'လာကြ... အခုပဲ လိုက်ကြည့်ကြမယ်'

လို့ ပြောပြီး အမျိုးသမီးတက်သွားသော အရှေ့ဘက်တောင်တန်း မြေလှေကားထစ်လေးများအပေါ် သုံးယောက်သား အပြေးတက်လာခဲ့ကြတယ်။ တောင်တန်းပေါ်ရောက်တော့ ဟိုး...အောက်ဘက်မှာ ဝါး(၃)ပြန်လောက်နက်တဲ့ လျှိုမြောင်ကြီးပဲ ရှိတယ်။

မျက်စိတစ်ဆုံး ဝါးရုံတောကြီးပဲ ပိတ်ပိတ်မှောင်နေတာ တွေ့ရတယ်။ ဒါနဲ့ပဲ တောင်တန်းပေါ်က လမ်းကြောလေးအတိုင်း ပြေးလိုက်ကြတာ ဒေးစွန်ပါဆံတော်ရှင်ဘုရား အတက်လမ်းခွဲလေးနား ရောက်လာခဲ့တယ်။

အားလုံး တော်တော်လေး မောနေကြပြီလေ။ အမျိုးသမီးအရိပ်အယောင်တောင် မတွေ့ရ။ ဘုရားလှေကားအပေါ်ဘက်၊ အောက်ဘက် တစ်လှည့်စီ ကြည့်မိတယ်။ ဘယ်သူ့ကိုမှ မတွေ့ရဘူး။ ရောက်နေရာတည့်တည့်တွင် မယ်တော်နန်းတစ်ခုကို တွေ့လိုက်ရတယ်။

နန်းရဲ့ ကမ္ပည်းကျောက်စာက **"ဒေးစွန်ပါတောင်တန်း ဒေဝီသခင်မ"** ကျွန်တော့်စိတ်ထဲမှာ ထင်တင့်တင့် ဖြစ်



သွားပြီး သိုက်နန်းအတွင်းဘက်ကို မြင်ရအောင် အနီးနားတိုးပြီး ကြည့်လိုက်တော့ "ဟာ" ကျွန်တော် လက်မှတ်ထိုးထားတဲ့ လက်ကိုင်ပဝါအဖြူ တောင်တန်းဒေဝီသခင်မ ရုပ်တုတော်ရဲ့ ညာဘက်လက်မှာ ချည်လျက်သား တွေ့လိုက်ရပါတယ်။ သိုက်နန်းအဝ ဘေးဘက်မှ ထိုင်နေတဲ့ နန်းထိန်းဘကြီးကို...

'အဘ... ဒီလက်ကိုင်ပဝါ ဘယ်သူလာချည်ထားတာလဲ'

လို့ မေးလိုက်တော့...

'မသိဘူးကွ'

လို့ နန်းထိန်းဘကြီးက ပြန်ဖြေပါတယ်။ ကျွန်တော်က ဆက်ပြီး...

'ဒီမနက် နန်းထဲကို အမျိုးသမီးတစ်ယောက် လာသေးလား အဘ'

လို့ မေးလိုက်တော့...

'မနက်(၆)နာရီမှာ နန်းတံခါးဖွင့်ပြီး ငါ ဒီမှာထိုင်နေတာ ဘယ်သူမှ မလာသေးဘူး။ မင်းတို့ ဦးဆုံးပဲ'

'ဗြော်...ဒီလိုပါအဘ... ကျွန်တော့်လက်ကိုင်ပဝါအဖြူလေး ဒီရောက်နေလို့ပါ'

'မင်းကို သခင်မစောင့်ရှောက်လို့ နေမှာပေါ့။ ဒါမျိုးတွေလဲ ရှိတတ်ပါတယ်။ ပြန်လိုချင်ရင် စွန့်သွားပေါ့'

'မယူတော့ပါဘူး အဘ'

ကျွန်တော်နဲ့ အတူပါလာတဲ့ နှစ်ယောက်ကို...

'ခင်ဗျားတို့... မြင်တဲ့အတိုင်းပဲ လက်ကိုင်ပဝါမှာ ကျွန်တော့်နာမည် ရေးထိုးထားတာ မြင်ကြတယ် မဟုတ်လား'

သူတို့ကို အစအဆုံးပြောပြပြီး ဒေးစွန်ပါတောင်တန်း ဒေဝီသခင်မပုံရဲ့ မျက်နှာတော်ကို စိုက်ကြည့်မိလိုက်ချိန်မှာ ကျွန်တော့်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွားတယ်။

စိတ်ထဲမှာလဲ ဝမ်းနည်းပြီး တစ်ခုခုကို စို့စို့နင့်နင့်ကြီး ခံစားနေရတယ်။ အသက်ရှူ ကျပ်လာပြီး ဘာမှမပြောနိုင်သလို ဖြစ်နေပါတယ်။

ကျွန်တော့်စိတ်ထဲမှာ ထိုအမျိုးသမီး ပြောခဲ့တဲ့စကားကို ပြန်ပြီး အမှတ်ရလိုက်မိတယ်။

'ဗြော်...အတိတ်... အတိတ်တွေက အရိပ်လိုပဲ၊ သိတဲ့လူတွေအတွက် အမှတ်ရစရာတွေပါ'

ကျွန်တော် ဒေးစွန်ပါတောင်တန်း ဒေဝီသခင်မ ရုပ်တုတော်ကို ကန်တော့ရမလား၊ လှည့်ပြန်ရမလား ဖြစ်နေမိတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ပါးစပ်ကအသံ...**"မဟုတ်ဘူး... မဟုတ်ဘူး"** ကျွန်တော့်နှလုံးသားက ထွက်လာတဲ့အသံ...

"မမ... အပြစ်ရှိရင် ခွင့်လွှတ်ပါ"

ဘေးက နန်းထိန်းဘကြီးက...

'သခင်မ (၉)ပြစ်မျိုးရှိ ကျေပါစေ၊ (၁၀)ပြစ်မျိုးရှိရင် ကျေပါစေ'

လို့ တောင်းပန်သံအကျယ်ကြီးကို ကြားနေရပါတော့တယ်။

**ဆရာနေမျိုး (ဘီအေ)**



www.burmeseclassic.com

www.burmeseclassic.com

ဦးချစ်ဖေသည် ကျွန်တော်၏ ဖခင်ဖြစ်ပါသည်။ အဖေသည် အသက်(၉၅) နှစ်ထိ ကျန်းကျန်းမာမာနှင့် နေထိုင်ခဲ့ပြီး သက်ကြီးရောဂါနှင့် အမှည့်ကြွေ့ကြွေ၍ သေဆုံးခဲ့ပါသည်။

ကြီးကြီးကျယ်ကျယ် မည်သည့်ရောဂါမှ ဖြစ်မသွားခဲ့ပါ။ ဆံပင်လည်း တစ်ခေါင်းလုံး ဖွေးဖွေးလှုပ်အောင် မဖြူခဲ့ပါ။ သွားလည်း တစ်ချောင်းမှ ကျိုးမသွားခဲ့။ မျက်စိမှုန်သည့်ဝေဒနာသာ ခံစားခဲ့ရပါသည်။ အသက်ကြီး၍ မျက်စိမှုန်ခြင်းမျိုးဖြင့် မှုန်ခဲ့ပါသည်။

သို့သော် တစ်နှစ်တွင် ဘယ်ဘက်မျက်လုံး တိမ်လိုလို အဖြူကွက်ကလေးပေါ်လာ၍ ခွဲစိတ်ကုသ ခံခဲ့ရပါသည်။ ကျွန်တော်က ရန်ကုန်မှာရှိနေ၍ ရန်ကုန်ကို လိုက်လာပြီး မောင်သင်းမွန်(သံတွဲ)၏ ဆက်သွယ်ပေးမှုနှင့် ဒေါက်တာကံညွန့်ထံမှာ ခွဲစိတ်ကုသခံခဲ့ပါသည်။

မျက်လုံးထဲမှ ရွှေးကြီးအရွယ် အလုံးကလေးတစ်ခု ရပါသည်။ မျက်ကပ်မှန်တပ်ပေးလိုက်သည်။ ကောင်းကောင်းမွန်မွန်နှင့် ပြန်သွားခဲ့ပါသည်။ မျက်စိခွဲစိတ်ပြီး နားနေစဉ် ကလေးတွေနှင့် ဆော့မြူးနေသည်ကို ကြည့်ပြီး ကျွန်တော် ကြည်နူးမိခဲ့သည်။ စိတ်ထဲမှလည်း အဖေ့အကြောင်း စာတစ်အပုဒ်ရေးမည်ဟု တေးထားလိုက်သည်။

ကလေးတွေနှင့် ဆော့ကစားနေသည်ကို ကြည့်ပြီး ''နေဝင်ချိန်တိမ်တွေ တောက်လို့''ဟု အမည်ပေးထားခဲ့သည်။ သို့သော် အဖေသာ ကွယ်လွန်သွားခဲ့သည်။ စာတစ်လုံးမျှ မရေးဖြစ်ခဲ့။

မျက်စိခွဲပြီးချိန်တွင် ကျွန်တော်နှင့် အတူ စက်မှုလယ်ယာရုံးချုပ်တွင် အလုပ်လုပ်သည့် မိတ်ဆွေတစ်ဦးဖြစ်သော တင်ရှိန်က ပုတီးတစ်ကုံးပေးသည်။



မောင်လင်းခိုင်

# ရှင်အရဟံ ပုတီးစိပ်နည်းကြောင့်

## အသက်ရှည်ကျန်းမာခဲ့သူ

ထိုပုတီးသည် အသား(၃,၄)မျိုးနှင့် ထုဆစ်ထားသည်။ ဆီး၊ သပြေ၊ ပိတောက် စသည်ဖြင့် အသားစုံ ထုဆစ်ထားသည်ဟု ဆိုသည်။ သူ စိတ်နေသည့်ပုတီး ဖြစ်သည်။ သူက တရားထိုင်သည့်ဘက် လိုက်သွား၍ ပုတီးမစိပ်တော့ဟု ဆိုပါသည်။ ထိုပုတီးကို အဖေ့ကို ပေးတော့...

'ဒါ ပုတီးရတာတော့ ဟုတ်ပြီ၊ ဘာကို ရည်မှန်းပြီး(ဆိုပြီး) စိပ်ရမှာလဲ'

ဟု မေးသည်။ ကျွန်တော်လည်း အထွေထူး စဉ်းစားမနေတော့ဘဲ ''ရှင်အရဟံ ပုတီးစိပ်နည်း စိပ်ပေါ့ အဖေ'' ဟု ပြောလိုက်သည်။ ရှင်အရဟံ ပုတီးစိပ်နည်းမှာ ကိုးထပ်ကြီးဘုရားမှ ဝယ်ယူခဲ့သည်။ ဘာသာရေးအုပ်ငယ်တစ်အုပ်တွင် ရှင်အရဟံပုတီးစိပ်နည်း ပါ,ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆဋ္ဌသင်္ဂါယနာတင်စဉ်က ဆရာတော်ကြီးတစ်ပါးက ပေးခဲ့သည်ဟု ဆိုကြရေးကြသည်။ ဆရာတော်ကြီးက ဒကာမကလေးတစ်ဦး ပေးခဲ့သည်ဟု ပြောသည်။ ဒကာမကလေးမှာ ဆရာတော်ကြီးကို သုံးရက်မျှစောင့်ပြီး...

'အရှင်ဘုရား...တပည့်တော် ပုတီးစိပ်နည်းပေးချင်လို့ပါ'

ဟု ပြောသည်။

ဆရာတော်ကြီးက...

'ကောင်းပြီ ဘာစိပ်နည်းလဲ'

ဟု မေးတော့...

'ရှင်အရဟံ ပုတီးစိပ်နည်းပါဘုရား'

ဟု ပြောသည်။ ဒကာမကလေးက...

'တပည့်တော် ကိုယ်တိုင်စိပ်နေတာပါဘုရား'

ဟု ပြောသည်။

'ဒကာမကလေး... အသက်ဘယ်လောက်ရှိပြီလဲ'

ဟု မေးရာ အသက်(၁၅၀)နှစ် ရှိပြီဖြစ်ကြောင်း ပြောခဲ့သည်။ ထိုအရှင်အရဟံပုတီးစိပ်နည်း စိပ်ကတည်းက အရောင်းအဝယ် ကောင်းကြောင်း၊ ကျန်းမာရေးလည်း ကောင်းကြောင်း၊ ပူပင်သောကတွေလည်း ကင်းစင်ကြောင်း ပြောပြခဲ့သည်။

ကျွန်တော်သည် အဖေ နားလည်အောင် ပြောပြပြီး ထိုပုတီးစိပ်နည်းကို စိပ်ဖို့ ပြောရသည်။ အဖေက သဘောတူပြီး ရှင်အရဟံပုတီးစိပ်နည်းကို ကျက်မှတ်ပါသည်။

ထိုပုတီးစိပ်နည်းကို သိရပြီး၊ ပုတီးကလည်းရပြီမို့ ထိုင်လျက်လည်းကောင်း၊ အိပ်နေရင်း လည်းကောင်း တလှုပ်လှုပ်နှင့် ပုတီးစိပ်ပါတော့သည်။ အဖေ မျက်စိအနာ သက်သာ၍ နေရပ်ပြန်သွားခဲ့ပါသည်။



ရွာရောက်တော့လည်း ထို ပုတီးစိပ်နည်းကို တလှုပ်လှုပ်နှင့် အားနေသည့် အချိန်နှင့်အမျှ စိပ်နေပါတော့သည်။ အဖေသည် ယခင်က မည်သည့် ပုတီးစိပ်နည်းမှ မစိပ်ခဲ့။ အိပ်ရာဝင်ခါနီး ဘုရားရှိခိုး၊ ဘုရားဦးခိုက်ပြီး အိပ်ရာဝင်လေ့ ရှိသည်။

ပုတီးရလာပြီးကတည်းက ပုတီးစိပ်နေတော့သည်။ ရှင်အရဟံပုတီးစိပ်နည်း ကောင်းမှုကြောင့်လား၊ သူ၏ နေထိုင်စားသောက်မှု မှုတမှုကြောင့်လားမသိ ဆံမဖြူ၊ သွားမကျိုး၊ မျက်စိအနည်းငယ်မှုန်သည်မှလွဲ၍ ဘာရောဂါမှ မဖြစ်ပွားခဲ့ပါ။

အများက ပြောကြသည်မှာတော့ ''နင့်အဖေဟာ ရှင်အရဟံပုတီးစိပ်နည်းကို စိပ်လို့''ဟု ပြောကြသည်။ ပုတီးရပြီး၊ ပုတီးစိပ်နည်းသိရပြီးကတည်းက တလှုပ်လှုပ်နှင့် စိပ်နေတော့သည်။

အသက်ကြီးလာတော့ လုပ်စရာအလုပ်ကလည်း ဘာမျှမရှိတော့သဖြင့် ထာဝရ အငြိမ်းစား ရနေတော့သည်။ လုပ်နိုင်ကိုင်နိုင်တုန်းက လယ်လုပ်,ယာလုပ်,ကိုင်းလုပ် စသဖြင့် မနားမနေ လုပ်ခဲ့သည်။ အိပ်ရာဝင် ဘုရားရှိခိုးသည်မှလွဲ၍ ဘယ်ဂုဏ်တော်၊ ဘယ်ပုတီးစိပ်မှ မစိပ်ခဲ့၊ မရွတ်ဆိုခဲ့ပါ။

အမေသည်လည်း ထိုနည်းဇင်းပင် အိပ်ရာဝင် ဘုရားကန်တော့သည်မှလွဲ၍ ပုတီးမစိပ်၊ ဂုဏ်တော်တွေ မရွတ်ပွားခဲ့ပါ။ သို့သော် လပြည့်လကွယ် ဥပုသ်နေ့တိုင်း ဘုရားကျောင်းကန်သွား၊ ဥပုသ်စောင့် သီလယူသည်။

သတ္တဝါတွေအပေါ် မေတ္တာထားသည်။ စေတနာထားသည်။ လိုချင်တာရှိ တောင်းလျှင် ပေးလိုက်သည်။ ချေးသည်,ငှားသည် ပြန်ရသည့်အခါနှင့် မရသည့်အခါမှာ မရသည့်အခါက များသည်။

သို့သော် မစ္ဆရိယစိတ်မပွားပါ။ ''ကျန်းမာပါစေ၊ ချမ်းသာပါစေ။ သူတို့မပြေလည်လို့ မပေးနိုင်တာ၊ ငါတောင်းနေလို့လဲ ပူပန်ရတာတစ်ခုပဲရှိတယ်'' ဟု ဖြေသိမ့်ခဲ့သည်။

ထိုစေတနာတွေကြောင့်လား မသိ ဆံမဖြူ,ဖြူပါသော်လည်း တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူထိ မဖြူဘဲ ကွက်ကျားသာ ဖြူခဲ့သည်။ သွားလည်းမကျိုးခဲ့။ အသက်(၈၀)အရွယ်တွင် ဘာရောဂါမှမဖြစ်ဘဲ အမှည့်ကြွေ,ကြွေခဲ့သည်။

ကျွန်တော့်ဆီ ဖုန်းလာသည်။ ''အမေဆုံးပြီ ဘာရောဂါလဲ၊ နေမကောင်းလို့လဲ မကြားပါလား''ဟု ပြန်မေးတော့ ''နင့်အမေ ဘာရောဂါမှ မဖြစ်ဘူး။ မနက်(၉)နာရီလောက် အိပ်ရာထဲမှာ လှဲနေရင်း ချောင်းဆိုးတော့ သလိပ်တွေများပြီး၊ အသက်ရှူလမ်းကြောင်းပိတ်ပြီး ဆုံးသွားတာ''တဲ့။

တောစရိုက်တောခလေ့မို့ မငြိမ်သတ် မကိုင်တတ်ကြသဖြင့်လည်း ချောင်းထဲမှ သလိပ်တွေသာ ထုတ်ယူ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ခဲ့လျှင် အမေ ဆုံးချင်မှ ဆုံးပါဦးမည်။ သို့သော် ကံ,ကံ၏အကျိုးက သည်မျှသာမို့ အမေဆုံးသွားခဲ့ရပါသည်။

အဖေလည်း အသက်(၉၅)နှစ်ထဲ နေခဲ့ရပြီး ဘာရောဂါမှ မဖြစ်ခဲ့ပါ။ ပဲစာဥပဲလုံးကလေးတွေကို တခွပ်ခွပ်နှင့် ဝါးစားနေခဲ့သည်။ သူသေသည်ထိ သူ့အိပ်ရာနားတွင် ပဲစာဥတွေ ကျန်ရှိနေခဲ့သည်။

မြေးတွေက ပန်ကာတစီစီနှင့် ဖွင့်ပေးထားရသည်။ သူ့တွင် အေးသည် ချမ်းသည်ဟု မရှိ။

သို့သော်လည်း သူ့တွင် မမေ့မလျော့သော အသိ,သတိဖြင့် လက်မှ ပုတီးကို တလှုပ်လှုပ်နှင့် စိပ်နေခဲ့သည်။ အဖေဆုံးတော့ ဖုန်းလာသည်။

'အဖေ ဆုံးပြီ'

'ဘာဖြစ်လို့လဲ ဖျားလို့လား'

'မဖျားဘူး။ မနာဘူး။ ဘာမှ မဖြစ်ဘူး။ လက်က ပုတီးစိပ်နေတာ တလှုပ်လှုပ်နဲ့ စိပ်နေရင်း လက်က ပုတီး"ဘုတ်"ခနဲ လွတ်ကျလို့ သွားကြည့်လိုက်တော့ အသက်မရှိတော့ဘူး'

ဟု အမေက ပြောသည်။ ကျွန်တော့်တွင် မောင်နှမသုံးယောက်ရှိသည်။ အငယ်ဆုံးက ၁၉၆၇ ခုနှစ်က နှလုံးရောဂါနှင့်ဆုံးသည်။

အစ်မနှင့်ကျွန်တော် နှစ်ယောက်သာ ကျန်တော့သည်။ ခုတော့ အဖေလည်း မရှိတော့၊ အမေလည်း မရှိတော့။ ကျွန်တော်သည်ပင် အသက်(၇၀)ပြည့်ခဲ့ပြီဆိုတော့ အဖေနှင့် အမေတို့ ဘယ်မှာရှိနိုင်ပါတော့မည်နည်း။

မကြာမီ အဖေ,အမေတို့နောက်ကို လိုက်ကြရတော့မည်။ ဘုရား,တရားမှလွဲ၍ ဘာမျှ အားထားကိုးကွယ်စရာမရှိ။ အသေကောင်းနှင့် သေဖို့အတွက်



ပြင်ဆင်ရတော့မည်။ အဖေစိပ်သည့် ရှင်အရဟံပုတီးစိပ်နည်းကိုသာ ယုံယုံကြည်ကြည်နှင့် စိပ်ဖို့ ရှိပါတော့သည်။

**စကားဆက်**

ဤဆောင်းပါး ဖတ်ရှုပြီး ရှင်အရဟံ ပုတီးစိပ်ကို စိပ်လိုပါက စိပ်နိုင်ရန် **"ရှင်အရဟံ ပုတီးစိပ်ဂါထာ"နှင့် အနက်အဓိပ္ပာယ်ပါ** ဖော်ပြလိုက်ပါသည်။

**ဦးကျော်မိုးသိန်း**

***စာတည်းချုပ်***

## ရှင်အရဟံ ပုတီးစိပ်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
သံဃံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။

ဒုတိယမ္ပိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
သံဃံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။

တတိယမ္ပိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
သံဃံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
အနန္တံ ဗလံ ဗုဒ္ဓံ၊
အနန္တံ ဂေါစရံ ဓမ္မံ၊
အနန္တံ အရိယံ သံဃံ၊
အနန္တံ ဗောဓိ မုတ္တမံ။

မြန်မာပြန်

ဘုရားရတနာ ကိုးကွယ်ပါ၏။ နှစ်ဖြာရုပ်နာမ် ကေန်မမြဲ လွန်ဆင်းရဲ နိုင်မြဲ မရှိပါတကား။

တရားရတနာ ကိုးကွယ်ပါ၏။ နှစ်ဖြာ ရုပ်နာမ် ကေန်မမြဲ လွန်ဆင်းရဲ နိုင်မြဲ မရှိပါတကား။

သံဃာရတနာ ကိုးကွယ်ပါ၏။ နှစ်ဖြာ ရုပ်နာမ် ကေန်မမြဲ လွန်ဆင်းရဲ နိုင်မြဲ မရှိပါတကား။

အားတော်ရှင် အတုမဲ့ဗုဒ္ဓသည် အတိုင်းမသိ တန်ခိုးတော်ပါတည်း။

မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်သည် အတိုင်းမသိ တန်ခိုးတော်ပါတည်း။

သားတော်မြတ်ရတနာ အရိယသံဃာသည် အတိုင်းမသိ တန်ခိုးတော်ပါတည်း။

မြင့်မြတ်လှစွာ ဗောဓိရတနာသည် အတိုင်းမသိ တန်ခိုးတော်ပါတည်း။

**အဖေနှင့်အမေ ကောင်းရာဘုံသို့ ရောက်ကြပါစေ။**

**မောင်လင်းခိုင်**



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ် ဘာပန်းငယ်

# အဓိဋ္ဌာန်ပြု၍

ဆုတောင်းပါ





ကျွန်တော်သည် အသက်(၃၀)နှစ် အရွယ်မှစ၍ ပုတီးစိပ်ရာတွင် အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်လေ့ ရှိပါသည်။ တစ်နေ့လျှင် ပုတီး(၉)ပတ် တစ်ကြိမ်လျှင်(၉) ရက်ကျစီဖြင့် တစ်လလျှင် နှစ်ကြိမ် အဓိဋ္ဌာန်ဝင်ပါသည်။ အဓိဋ္ဌာန် စ,ဝင်သည့်ရက်များမှာ လပြည့်နေ့နှင့် လကွယ်နေ့များ ဖြစ်တတ်ပါသည်။

ရုံးတွင်း စာမေးပွဲဖြေဆိုရာတွင် လည်းကောင်း၊ ရာထူးတိုးမြှင့်ရေးကိစ္စတွင် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း အဆင်ပြေချောမောစေရန် ရည်ရွယ်ပြီး အခါအားလျော်စွာ အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်ခြင်းကို အလေ့အကျင့် ပြုလုပ်ခဲ့ပါသည်။ အဓိဋ္ဌာန်ကြောင့် ကိစ္စရပ်တိုင်းတွင် အောင်မြင်သည့်ရလဒ်များကို ကြုံတွေ့ရစမြဲ ဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်နေကျဖြစ်သဖြင့် ကိစ္စရပ်များကို ဆောင်ရွက်တိုင်း အဓိဋ္ဌာန်ဆုတောင်းတတ်သောအကျင့် ပါလာခဲ့၏။ ၁၉၇၈ ခုနှစ်တွင် ကျွန်တော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့၌ တာဝန်ထမ်းဆောင်ချိန်ဖြစ်ပြီး မုံရွာမြို့၌ ဟေမိတစ်ထောင် ဆရာတော်ကြီး စတင် ထင်ရှားကျော်စောနေချိန် ဖြစ်သည်။

ဆရာတော်ကြီးအား ရပ်ဝေးနှင့် ရပ်နီးမှ ပုဂ္ဂိုလ်များ လာရောက်ဖူးမြော်ကြသဖြင့် ကျောင်းတွင် လူစည်ကားနေပါ၏။ ဆရာတော်ကြီးအား လာရောက်ဖူးမြော်သူများကို ရွေးစေ့အရွယ်ရှိ ဓာတ်လုံးများနှင့် ပုတီးလုံး(၂၇)လုံးပါသော ပုတီးကုံးများကို ဆရာတော်က အဆောင်လက်ဆောင်အဖြစ် ပေးသည်။

ကျွန်တော် မုံရွာမြို့သို့ ရောက်တိုင်း ဆရာတော်ကြီးအား အကြိမ်ကြိမ် အခါခါ သွားရောက် ဖူးမြော်ကန်တော့သည်။ ဆရာတော်ကြီးပေးသော ဓာတ်လုံးနှင့် ပုတီးကုံးများ မကြာခဏ ရ၍ စုဆောင်း သိမ်းဆည်းထား၏။

၁၉၈၁ ခုနှစ်တွင် မင်းကင်းမြို့နယ်မှ ရန်ကုန်ရုံးချုပ်သို့ ပြောင်းရွှေ့ရသောအခါ ဆရာတော်ကြီးအား နောက်ဆုံးအနေဖြင့် သွားရောက် ကန်တော့ခဲ့ပါသည်။ ဆရာတော်ကြီးသည် ကျွန်တော်နှင့်အတူ လာရောက်ဖူးမြော် ကန်တော့သူတိုင်းကို ပုတီးကုံးလေးများ အဆောင်အဖြစ် ပေးသည်။

ကျွန်တော့်ထံတွင် ဓာတ်လုံးနှင့် ပုတီးကုံးများ အကြိမ်ကြိမ်အခါခါ ရရှိထားသော်လည်း လက်ဖွဲ့အဆောင်ပစ္စည်းကိုမူ တစ်ကြိမ်တစ်ခါမျှ မရရှိဘူးသေးပါ။ လက်ဖွဲ့အဆောင်ပစ္စည်းကို ရချင်စိတ် ပြင်းပြနေသဖြင့် ဆရာတော်ကြီးအား ဖူးမြော်ကန်တော့နေချိန်တွင်...

'ဆရာတော်ကြီးသည် ထူးခြားသောပုဂ္ဂိုလ်ဖြစ်ပါက ဆရာတော်ကြီးပေးသော အဆောင်လက်ဖွဲ့မှန်သမျှ ရ,ရပါလို၏'

ဟု အဓိဋ္ဌာန်ပြု ဆုတောင်းလိုက်သည်။

ဆရာတော်ကြီးသည် အခြားပုဂ္ဂိုလ်များနည်းတူ ပုတီးကုံးကိုသာ ပေးသဖြင့် စိတ်ပျက်စွာဖြင့် ပရိသတ်နှင့်အတူ ကျောင်းပြင်သို့ ထွက်လာခဲ့သည်။ ကျောင်းဝသို့ ရောက်သွားသောအခါ ဆရာတော်ကြီးက ကျွန်တော့်ကို လှမ်းခေါ်၍ ထိုင်ခိုင်းပြီး ဓာတ်လုံးနှင့် အဆောင်လက်ဖွဲ့ပစ္စည်းများကို အခန်းတွင်းမှ ယူ၍ ပေးပါသည်။ ပြီးနောက် ဆရာတော်ကြီးက...

'နောက်လဲ လမ်းကြုံရင် ကျောင်းလာပြီး ဘုရားတွေကို ဖူးဦးပေါ့'

ဟု မှာကြားပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကိုပေးသော ဓာတ်လုံးမှာ တစ်ကျပ်သားရှိပြီး ရွှေရောင်ဝင်းနေသည်။ လက်ဖွဲ့အဆောင်ပစ္စည်းမှာ (၅)လက်မရှည်သော နိုင်လွန်ပရိတ်ကြိုးဖြစ်ပြီး အလယ်တွင် လက်မဝက်အရွယ်ရှိ ငွေပြားလေးကို ပတ်၍ လိပ်ထား၏။

ဆရာတော်ကြီးသည် ထူးခြားသော ပုဂ္ဂိုလ်ဖြစ်သဖြင့် ကျွန်တော် အဓိဋ္ဌာန်ပြု၍ တောင်းသောပစ္စည်းများကို ခေါ်၍ ပေးခြင်းသာ ဖြစ်ပါသည်။ ယခုအခါ ဗောဓိတစ်ထောင် သာသနာ့နယ်မြေတွင် သာသနိကအဆောက်အအုံများဖြင့် စည်ကားလျက်ရှိနေပြီး ဆရာတော်ကြီးမှာမူ ခန္ဓာဝန်ချသွားတော်မူပါသည်။

* * *

၁၉၈၃ ခုနှစ် နွေဦးကာလတွင် ကျွန်တော်တို့အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ရှိ ဆင်တဲ လယ်ယာသုံးပစ္စည်းစက်ရုံကို စာရင်းစစ်ဆေးရန် ရောက်ခဲ့ကြသည်။ ထိုအချိန်တွင် သရက်မြို့ရှိ ဇာလီတောင်သို့ ဆရာတော်ကြီး၏ ကျော်စောသတင်းကြောင့် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးပုဂ္ဂိုလ်များ လာရောက် ဖူးမြော်ကြည်ညိုကြ၏။ စက်ရုံမှ ဆရာတော်ကြီးအား ဖူးမြော်ကန်တော့ရန် ကျွန်တော်တို့အဖွဲ့ကို ဇာလီတောင်သို့ ပို့ပေးသည်။

ဆရာတော်ကြီးအား အလွယ်တကူ ဖူးတွေ့၍ မရပါ။ ဆရာတော်ကြီးရှိရာ တိုက်ကျောင်းအပေါ်ထပ်သို့ အဖွဲ့လိုက် အလှည့်ကျတက်၍ ဖူးရ၏။ ကျွန်တော်တို့အဖွဲ့၏ ရှေ့တွင် အဖွဲ့(၂၀)ကျော်မျှ ရှိနေပါသည်။ ဆရာတော်ကြီးအား ဖူးတွေ့လိုပါက ညအိပ်စောင့်ရမည် ဖြစ်၏။ ကျွန်တော်သည် ကျောင်းဝင်းထဲရှိ စေတီ၌ ပုတီးစိပ်ပြီးနောက်...



'ထူးခြားသောပုဂ္ဂိုလ်ဖြစ်ပါက ဆရာတော်ကြီးအား ယနေ့ပင် ဖူးတွေ့ရပါလို၏'

ဟု အဓိဋ္ဌာန်ပြု ဆုတောင်းလိုက်သည်။

မကြာမီ ထိုစဉ်က မကွေးတိုင်းဒေသ ပါတီကော်မတီမှ ပုဂ္ဂိုလ်များ ဆရာတော်အား ဖူးတွေ့ရန် ရောက်လာကြသည်။ အဆိုပါအဖွဲ့တွင် စက်ရုံမှ သိကျွမ်းရင်းနှီးသော မိတ်ဆွေတစ်ဦး ပါလာ၏။ ထိုမိတ်ဆွေမှ ကျွန်တော်တို့အဖွဲ့အား အတူလိုက်ပါရန် ခေါ်သွားပါသည်။ ကျွန်တော်တို့အဖွဲ့ စောင့်ဆိုင်းမနေရတော့ဘဲ ဆရာတော်ကြီး ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့သည်။ ကျွန်တော်၏ အဓိဋ္ဌာန်ဆုတောင်း ပြည့်ဝခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။

ဆရာတော်ကြီးရှိရာ တိုက်ကျောင်းအပေါ်ထပ်သို့ ရောက်သောအခါ ဒေသပါတီကော်မတီ ပုဂ္ဂိုလ်များက ရှေ့ဆုံးမှ နေရာယူထားကြပြီး ကျွန်တော်တို့အဖွဲ့က နောက်ဘက်တွင် နေရာယူကြရသည်။ မကွေးတိုင်းဒေသ ပါတီကော်မတီမှ (၅)ဦးနှင့် ကျွန်တော်တို့အဖွဲ့မှ (၉)ဦး စုစုပေါင်း (၁၄)ဦးသာရှိပြီး ဆရာတော်ကြီး ကြွအလာကို (၁၅)မိနစ်ခန့် စောင့်ရသည်။

ဆရာတော်ကြီး ကြွလာသောအခါ ဒေသပါတီကော်မတီမှ ပုဂ္ဂိုလ်များနှင့် စကားလက်ဆုံကျနေ၏။ ဆရာတော်ကြီး၏နံဘေးတွင် Buspro ပုလင်းအလွတ်များတွင် ထည့်ထားသော ဆီမန်းနှင့် ကွမ်းယာမန်းများကို လင်ပန်းထဲတွင် ထည့်ထား၏။ ဆီမန်းပုလင်းနှင့် ကွမ်းယာမန်းများကို တွေ့လိုက်သည်နှင့် ကျွန်တော်သည် ဆရာတော်ကြီးအား အာရုံပြုပြီး...

'ထူးခြားသော သံဃာဖြစ်ပါက ဆီမန်းပုလင်းနှင့် ကွမ်းယာမန်းကို သူများထက်ဦးစွာ ရလိုပါ၏'

ဟု အဓိဋ္ဌာန်ပြု ဆုတောင်းလိုက်သည်။

ဆရာတော်ကြီးသည် သစ္စာလေးပါးအကြောင်း အကျဉ်းချုပ် ဟောပြောပြီးနောက် အနောက်က လှမ်းကြည့်နေသော ကျွန်တော့်အား...

'ဒကာလေး... လာဦး။ ဒီပစ္စည်းတွေကို အားလုံးကို ပေးလိုက်ပါ။ လူမကျန်ခဲ့ပါစေနဲ့'

ဟု ခိုင်းပါသည်။ ကျွန်တော်သည် ဝမ်းသာအားရ ဆရာတော်၏ ရှေ့သို့သွားပြီး ကျွန်တော့်ဝေစုကို ဦးစွာ ဖယ်ထားပြီးနောက် ဆီမန်းပုလင်းနှင့် ကွမ်းယာမန်းများကို ပါလာသော ပရိသတ်အား ဝေပေးလိုက်၏။

ကျွန်တော်၏ အဓိဋ္ဌာန်နှင့် ဆုတောင်းမှုအရ ဆရာတော်ကြီးသည် ထူးခြားသောပုဂ္ဂိုလ်သာ ဖြစ်သဖြင့် ဆရာတော်ကြီးအား ချက်ချင်းပင် ဖူးတွေ့ရခြင်းနှင့် ဆီမန်းပုလင်းနှင့် ကွမ်းယာမန်းများကို ဦးစွာပထမ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ယခုအခါ ခန္ဓာဝန်ချတော်မူသွားပြီ ဖြစ်ပါသည်။

* * *





www.burmeseclassic.com

www.burmeseclassic.com

၁၉၉၂ ခုနှစ် ဆောင်းတွင်းကာလတွင် ကျွန်တော်သည် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့သို့ အလုပ်ကိစ္စဖြင့် သွားရောက်ခဲ့သည်။ အလုပ်ကိစ္စများ ဆောင်ရွက်ပြီးစီးသောအခါ ရုံးမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ညောင်ပင်အိုင်တောရကျောင်းသို့ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒောဘာသအား ဖူးတွေ့ရန် သွား၏။ ဆရာတော်ကြီးသည် ရဟန္တာပုဂ္ဂိုလ်ထူးဟု လူသိများလျက် ရှိပါသည်။

ဆရာတော်ကြီးအား ကျောင်းဆောက်၍ လှူဒါန်းထားသော်လည်း အဆိုပါ ကျောင်းသစ်ကြီးတွင် သီတင်းမသုံးဘဲ မူလတဲကျောင်းလေးတွင်သာ သီတင်းသုံးတော်မူသည်။ ဆရာတော်သည် ယခင်က ဂူသေးသေးလေးထဲတွင် တရားကျင့်ခဲ့ရသဖြင့် ဖက်အနည်းငယ် စောင်းနေပါသည်။ ညှိသည်များကို တွေ့ပါက တိုက်ကျောင်းကြီးတွင် တွေ့၍ အဖူးမြော်ခံတတ်သည်။

ကျွန်တော်တို့အဖွဲ့ ကျောင်းသို့ ရောက်သွားသောအခါ ဆရာတော်ကြီး မရှိ၍ မဖူးတွေ့ခဲ့ရပါ။ ဆရာတော်ကြီးသည် ဘုရားထီးတော်တင်ရန်ကိစ္စဖြင့် ခရီးထွက်သွားသည်ဟု ပြောသည်။ ညအချိန် ပြန်ကြွလာမည်ဟုလည်း သိခဲ့ရသည်။ ကျွန်တော်သည် ကျောင်းထဲသို့ ဝင်၍ ပုတီးစိပ်ပါသည်။ ပုတီးကိုးပတ်ပြည့်သောအခါ **"ရဟန္တာပုဂ္ဂိုလ်ထူးဖြစ်ပါက ဖူးတွေ့ရပါလို၏"**ဟု အဓိဋ္ဌာန်ပြု ဆုတောင်းလိုက်၏။

နောက်တစ်နေ့ နံနက်(၄း၀၀)နာရီအချိန်ကျောင်းသို့ ရောက်သွားပြန်ရာ ဆရာတော်ကြီး ကျောင်းတွင် မရှိတော့ပါ။ ရွာတစ်ရွာတွင် ဘုရားတည်ဖို့ မြေနှက်ချရန်အတွက် ကြွသွားကြောင်း



သိရ၏။ ဆရာတော် မည်သည့်အချိန်က ကြွသွားသည်ကို ဆရာတော်၏ ယာဉ်မောင်းပင် မသိလိုက်ပါ။ ဆရာတော်ကြီးအား ကိုယ်ပိုင်ကားများ လှူဒါန်းထားသော်လည်း ခြေကျင်ခရီးဖြင့်သာ ကြွတတ်သည်။ မလွှဲမရှောင်သာမှ ကားစီး၏။

ကျွန်တော်တို့အဖွဲ့ ထိုရွာကို စုံစမ်းပြီး ရုံးကားဖြင့် လိုက်သွားကြသည်။ ကျောင်းပေါ်သို့ ရောက်သွားသောအခါ ဆရာတော်ကြီးသည် အရဏ်ဆွမ်းအဖြစ် ဒေသထွက် ကောက်ညှင်းပေါင်း ဘိန်းမုန့်နှင့် နွားနို့ဆွမ်းကို ဘုဉ်းပေးသည်။ ဆရာတော်ကြီး ဘုဉ်းပေးမည့် နွားနို့ဆွမ်းမှာ ကိုင်းပါ ဖန်မတ်ခွက်ကြီးထဲတွင် ထည့်ထားပြီး မလိုင်အပြည့်ဖြင့် သောက်ချင်စဖွယ်ဖြစ်၏။

ကျွန်တော်တို့အဖွဲ့သည် ညှိ ပရိသတ်များ၏ နောက်ဘက်တွင် နေရာယူ၍ ထိုင်နေကြသည်။ ညှိ ပရိသတ်မှာ သုံးဆယ်ခန့်မျှသာရှိ၏။ ဆရာတော်ကြီးသည် နို့ဆွမ်းကို ဘုဉ်းပေးရန် မတ်ခွက်ကို ကိုင်လိုက်ချိန်တွင် ကျွန်တော်သည် အနောက်ဘက်မှနေ၍ **"ရဟန္တာ ပုဂ္ဂိုလ်ထူးဖြစ်ပါက ဆရာတော်ကြီး ဘုဉ်းပေးမည့် နွားနို့ကို ဆေးအဖြစ် မှီဝဲရပါလို၏"**ဟု အဓိဋ္ဌာန်ပြု ဆုတောင်းလိုက်၏။

ထိုအခါ ဆရာတော်ကြီးသည် နို့ခွက်ကို ချထားပြီး ကျွန်တော့်အား လှမ်းကြည့်လိုက်၏။ ပြီးနောက် **"ဟို... ဒကာလေး နွားနို့သောက်ချင်နေပုံရတယ် လာခဲ့ပါ"**ဟု လှမ်းခေါ်ပါသည်။ ဆရာတော်ကြီး၏ရှေ့သို့ ရောက်သွားသောအခါ ဆရာတော်ကြီးက သောက်လက်စ နွားနို့ခွက်ကို ကျွန်တော့်အား လှမ်းပေး၏။ ကျွန်တော်လည်း အနည်းငယ်မျှ ဆေးအဖြစ် မှီဝဲပြီး ကျန်သောနွားနို့ကို ပါလာသော အဖွဲ့အား ဝေငှသောက်သုံးရန် လက်ဆင့်ကမ်းလိုက်သည်။

ဆရာတော်ကြီးသည် ကျွန်တော်၏ လက်ထဲတွင် ကိုင်ထားသော စိပ်ပုတီးကို တောင်း၍ သိဒ္ဓိတင်ပေးသည်။ ကျွန်တော်သည် ဆရာတော်၏ ခြေဖဝါးအစုံအား နဖူးနှင့်ထိ၍ ဦးညွှတ်ကန်တော့လိုက်သည်။ ကျွန်တော်၏ အဓိဋ္ဌာန်ဆုတောင်းကြောင့် ဆရာတော်ကြီးအား ဖူးတွေ့ရခြင်းနှင့် ဆရာတော်စွန့်ကြဲခဲ့သော နွားနို့ကို ဆေးအဖြစ် မှီဝဲခဲ့ရခြင်းဖြစ်ပါသည်။ ဆရာတော်ကြီးသည် ယခုအခါ ခန္ဓာဝန်ချသွားပြီဖြစ်ပါသည်။

ဤကဲ့သို့ ထူးထူးခြားခြား တိုက်ဆိုင်မှုများ ဖြစ်ရခြင်းမှာ အဓိဋ္ဌာန် အမြဲဝင်သည့် အကျိုးရလဒ်များ ဖြစ်ပါသည်။ အဓိဋ္ဌာန်ဝင်၍ ဆုတောင်းပါက ဆုတောင်းပြည့်ဝသည့်ပြင် စရဏအားလည်း ပိုမို ကောင်းမွန်စေပါသည်။ သာမန် ပုံမှန်ပုတီးစိပ်၍ ဆုတောင်းခြင်းမျိုးထက် အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ် ဆုတောင်းကြရန် စေတနာဖြင့် တိုက်တွန်း တင်ပြလိုက်ပါသည်။

**တက္ကသိုလ် အပန်ဖြေ**



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြားသန်း
(အကြီးတန်း လက်နိုပ်စက်)

# ပုဂ္ဂိုလ်ထူးနှစ်ပါးနှင့်

အတန်အသား

ကျွန်တော် ယာဉ်မောင်းလုပ်သက် (၃၈)နှစ်ကျော်ကာလအတွင်း တွေ့ကြုံခဲ့ရသော အမှတ်တရ ဖြစ်ရသည်မှာ လွန်ခဲ့သော နှစ်ပေါင်း (၂၀)နှစ်က တွေ့ဆုံခဲ့ရသော ပုဂ္ဂိုလ်ထူးနှစ်ပါးနှင့် တွေ့ဆုံဖူးမြော်ခဲ့ရသည့် အတိတ်သည် အရိပ်ပမာ ဖြစ်ရသည်ကို ကျွန်တော့် နှလုံးသားမှ ဘယ်တော့မှ မေ့ပျောက်သွားနိုင်ဖွယ် ရှိပါတော့မည်နည်း။

တီအီး ဟီးနိုးကားကြီးသည် တရိပ်ရိပ် ပြေးလျက် ရှိပါသည်။ မုံရွာမြို့ ကျွန်တော်တို့ သစ်စက်မှ ရန်ကုန်ရုံးချုပ်သို့ စက်ရုံသုံးရန် စက်ပစ္စည်းအချို့နှင့် ဆီသွားထုတ်ယူရမည် ဖြစ်သဖြင့် ကားပေါ်တွင် တာဝန်ခံဖြစ်သူလည်း အတူပါလာပါသည်။

မြင်းမူမြို့ကို ဖြတ်ကျော်သွားပြီး ညောင်ပင် ဝန်းတွင် နံနက်စာအဖြစ် အီကြာကွေးနှင့် လက်ဖက်ရည် စားသောက်ကြပါသည်။ ညောင်ပင်ဝန်း ကားရပ်နားရာနေရာတွင် စားသောက်စရာများ စုံလင်လှပါသည်။ ကုလားပဲလုံးကြော်၊ စာလေးကြော်၊ ဆန္နိုက်ကြော်များလည်း ရပါသည်။

ညောင်ပင်ဝန်းမှထွက်သော ငှက်ပျောဖီးစိမ်း များသည်လည်း အရသာချိုမြိန်လှကြောင်း ရောက်ဖူးသူတိုင်း ပြောကြပါသည်။ ကျွန်တော်လည်း နှစ်လုံးလောက် ဝယ်စားလိုက်ပါသည်။ လက်ဖက်ရည် သောက်ပြီး၍ လမ်းတွင်သောက်ရန်အတွက် ရေသန့်တစ်ဘူး ဝယ်ယူလာခဲ့ပါသည်။



ကားသည် တဖြည်းဖြည်းနှင့် မောင်းလာသည်မှာ စစ်ကိုင်းတံတားကို ဖြတ်ကာ မန္တလေးမြို့ ကျော်လာပါသည်။ ကားမောင်းလာသည်မှာ မိတ္ထီလာမြို့မှ တစ်ဆင့် ပျော်ဘွယ်ရောက်လာပါသည်။ ပျော်ဘွယ်မြို့အလွန် ဆည်မြောင်းသွား သည့် နေရာအရောက် ကားလမ်းတစ်နေရာတွင် ကားကြီးတစ်စီး လမ်းဘေးတွင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြီးပြင်နေသည်ကို အဝေးမှ လှမ်းမြင်နေရပါသည်။

ကားပြင်နေသည့် မလှမ်းမဝေး လမ်းပေါ်တွင် ဆရာတော်တစ်ပါး ကားလမ်းအတိုင်း သွားနေသည်ကိုလည်း မြင်နေရပါသည်။ အချိန်သည် နေ့လယ် (၁၁)နာရီကျော်ကျော် ရှိနေသည်ကို တွေ့နေရပါသည်။

ကျွန်တော်လည်း ကားကို ဖြည်းဖြည်းနှင့် မှန်မှန်မောင်းနှင်ပြီး ဆရာတော်အား ကားဖြင့် လိုက်ပါနိုင်ရန် ပင့်လျှောက်မည်ဟု အတွေးဖြင့် ကားပျက်သည့်နေရာ မရောက်မီ ဆရာတော်အား ကျော်ပြီး ကားကို ဘေးသို့ ကပ်ရပ်ထားလိုက်ပါသည်။

ကားရပ်ပြီး အောက်သို့ဆင်းသွားကာ ဆရာတော်အလာကို စောင့်နေပါသည်။ ဆရာတော်အနီးသို့ ရောက်လာလျှင် ဆရာတော်အား လက်အုပ်ချီမိုး ရှိခိုးပူဇော်ပြီး...

'အရှင်ဘုရား ဘယ်သို့ ကြွရောက်လိုပါသလဲ၊ တပည့်တော်တို့ကားဖြင့် လိုက်နိုင်ပါကြောင်း'

ဟု လျှောက်ထား ပင့်ဖိတ်လိုက်ပါသည်။ ထိုအခါ ဆရာတော်မှ **"မလိုက်လိုကြောင်း။ ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူးသွားမည်"**ဟု မိန့်ပါသည်။

ဆရာတော်၏ ခြေတော်ကိုကြည့်သည့်အခါ ဖိနပ်မပါဘဲ ရှိနေသည်ကို တွေ့နေရပါသည်။ ကျွန်တော်မှ ကျွန်တော်စီးရန် ဝယ်ယူလာသည့် သားရေဖိနပ်အသစ်ကို လှူဒါန်းပါသည်။

ဆရာတော်လည်း ယင်းဖိနပ်ကို ခြေတော်ဖြင့် စီးဟန်ပြုပြီး ပြန်လည်စွန့်ပေးပါသည်။ ကျွန်တော်မှ တစ်ဖန် ငွေ (၁၀၀၀)ကျပ် ထုတ်၍ လှူဒါန်းပြန်ပါသည်။ ဆရာတော်မှ အလှူခံပြီး ထိုငွေ(၁၀၀၀)ကျပ်ကိုလည်း ကျွန်တော့်အား ဆရာတော်မှ ပြန်လည်စွန့်ပြန်ပါသည်။

ကျွန်တော်သည် ညောင်ပင်ဝန်းမှ ဝယ်ယူခဲ့သည့် ရေသန့်ဘူးကို ထုတ်၍ ရေလှူပြန်ပါသည်။ ဆရာတော်သည် ရေအသင့်အတင့် သုံးဆောင်ပြီး ပြန်စွန့်ပြန်ပါသည်။

ဆရာတော်မှ မိန့်ကြားသည့် စကားမှာ...

'မေးပါများ စကားရ သွားပါများ ခရီးရောက်၊ မဒိုးမနေအသက်ရှည် ဖြည်းဖြည်းနဲ့ မှန်မှန်မောင်း'

ဟု မိန့်ကြားပါသည်။ ကျွန်တော် ဆရာတော်နှင့် စကားပြောနေစဉ် ကျွန်တော်နှင့် အတူပါလာသူ တာဝန်ခံမှာ ဘေးမှသာ ရပ်ကြည့်နေပါသည်။

ကျွန်တော်လည်း ဆရာတော်ကို နှုတ်ဆက်ကာ ကားပေါ် ပြန်တက်ပြီး ကားကို ဆက်လက်မောင်းနှင်ခဲ့ပါသည်။ တစ်မိုင်၊ နှစ်မိုင်လောက် မောင်းပြီးချိန်တွင် ဆရာတော်၏ မျက်နှာတော်ကိုသာ အာရုံထဲတွင် မြင်နေပြန်ပါသည်။

ဆရာတော်သည် အရပ်ထောင် ထောင်မောင်းမောင်းနှင့် မျက်နှာဝိုင်းဝိုင်း အသားဖြူဖြူ ဆံတော်လည်း အတော်ဖြူနေပါသည်။ ခရီးဝေးသွားနေသည်မှာ အဘယ်မျှ ပင်ပန်းနွမ်းနယ်နိုင်သည်ကို တွေးမိသဖြင့် ကားလမ်းအကျယ်အရောက်တွင် ကားကို ပြန်ကွေ့ပြီး ဆရာတော်အား ကားဖြင့် လိုက်ပါရန် ပင့်လျှောက်မည်ဟူသော အတွေးဖြင့် ပြန်လှည့်မောင်းလိုက်ပါသည်။

လမ်းတစ်လျှောက် ဆရာတော်ကို မမြင်တွေ့ရပါ။ ကားပြင်သည့်နေရာ အရောက်တွင် ဆင်း၍ ကားပြင်နေသူများအား...

'လမ်းပေါ်တွင် ခရီးသွားနေသော ဆရာတော်တစ်ပါး ဘယ်ရောက်သွားသလဲ၊ မြင်မိပါသလား'

ဟု မေးမြန်းရာတွင် ကားပြင်နေသူများမှ...

'ခင်ဗျားတို့ ကားပေါ် လိုက်ပါသွားတယ်'

ဟု ပြောကြပါသည်။

အမှန်တွင် ကျွန်တော်တို့ကားပေါ်တွင်လည်း ဆရာတော် လိုက်ပါလာခြင်း မရှိသည်ကို ကျွန်တော်နှင့် ကားပေါ်ပါ တာဝန်ခံတို့ အသိပင် ဖြစ်ပါသည်။ ကျွန်တော်လည်း ကားကို မောင်း၍ ပြန်ကွေ့ကာ ဆက်လက်မောင်းနှင်လာခဲ့ပါသည်။ လမ်းခရီးတွင် တွေ့လိုတွေ့ငြား ရှာဖွေကြည့်ကာ မောင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော် တပ်ကုန်းအရောက် တောင်တက်လမ်း တစ်နေရာတွင် ကျွန်တော်တို့ တွေ့ဆုံဖူးမြော်ခဲ့ရသော ထောင်ထောင်မောင်းမောင်း ဆံတော်ဖွေးဖွေးဖြူနေသည့် ဆရာတော်သည် သင်္ကန်းမှာ လေပေါ်တွင် တလွင့်လွင့်နှင့် ကြွတက်ကာ မြေကြီးနှင့် ခြေထောက်မထိဘဲ တောင်ပေါ်သို့ ကြွတက်နေသည်ကို ကျွန်တော်နှင့် အတူ တာဝန်ခံလည်း အဝေးမှ လှမ်းမြင်ဖူးမြော်နေရပါသည်။

ထိုအခါ ကျွန်တော်တို့နှင့် တွေ့ကြုံဖူးမြော်ခဲ့ရသော ဆရာတော်သည် ထူးခြားသောပုဂ္ဂိုလ်ထူး ဖြစ်နိုင်မည် ဖြစ်ကြောင်း အတူပါလာသူအား ပြောပြနေပါသည်။

ထိုအခါ ကျွန်တော်နှင့် အတူပါလာသူမှာ ထူးခြားသည့် ပုဂ္ဂိုလ်ထူးနှင့် တွေ့ရသော်လည်း မဖူးထိုက်၍ မဖူးမြော်လိုက်ရသဖြင့် နောင်တရကာ ဝမ်းနည်းမိကြောင်းသာ တသသ ပြောနေပါတော့သည်။ ကျွန်တော်လည်း ထူးခြားသည့် ပုဂ္ဂိုလ်ထူးကို ဖူးမြော်လိုက်ရသည့်အတွက် ဝမ်းသာပီတိဖြစ်ကာ မျက်ရည်တောင် လည်နေမိပါသည်။

ကျွန်တော်လည်း ကားမောင်းနေစဉ် မေးပါများစကားရ စကားကို ကြားယောင်မိကာ လမ်းပေါ်တွင် ဆရာတော်နှင့် တွေ့ရသဖြင့် ဘယ်သွားမည် ဘယ်လာမည် စသဖြင့် အကျိုးအကြောင်း မေးမြန်းလျှောက်ထားသဖြင့် ထူးခြားသည့်ပုဂ္ဂိုလ်ထူးဖြင့် တွေ့ဆုံဖူးမြော်ခဲ့ရသည်။

ကားကို ဆက်လက်မောင်းနှင်လာပြီး ခရီး တော်တော်ရောက်နေပါသည်။ ဒိုက်ဦးမြို့နယ်ရှိ ဘိုင်းဒါးတံတားကို ဖြတ်ကျော်မောင်းနှင်လာပြီး တံတား၏



မနီးမဝေးအရောက်တွင် ကားများ ရပ်နားသည့်နေရာတွင် ခေတ္တ ရပ်နားနေပြီး ညစာ ထမင်းစားကြပါသည်။

ခရီးနားနေစဉ် ဘိုင်းဒါးတံတားပေါ်တွင် (၁၀)တီးဘီးကားကြီးတစ်စီး ဖြတ်ကျော်လာသည်ကို တွေ့မြင်နေရပါသည်။ ဒုတိယ ကားထပ်မံဖြတ်သန်းမောင်းစဉ် ကားတန်ချိန်ဝိတ်များသည့်အတွက် တံတားမှာ ခံနိုင်ရည်မရှိသဖြင့် တံတားကျိုးကျသည်ကို တွေ့မြင်ရပါသည်။

တံတားကျိုးသွားသဖြင့် (၂,၃)ရက်လောက် ခရီးကြန့်ကြာမည်ဖြစ်ပြီး ခရီး ဆက်လက်သွားလာနိုင်မည် မဟုတ်ပါ။ ကျွန်တော်တို့ကားမှာ တစ်ဖက်သို့ စောရောက်သည့်အတွက် ခရီး ဆက်လက်သွားနိုင်ခြင်း ဖြစ်ပါသည်။

စဉ်းစားမိသည်မှာ သွားပါများ ခရီးရောက် ဆိုသည့်အတိုင်း ခရီးပေါက်ခဲ့ပါသည်။ မအိပ်မနေ အသက်ရှည်ဆိုသည့်အတိုင်း ကားရပ်နား၍ အိပ်နေလျှင် တံတားကျိုးနေခြင်းအတွက် (၂,၃)ညနေရခြင်း ဖြစ်နိုင်သဖြင့် ခရီးမရောက်နိုင်။ မအိပ်ဘဲ လုံ့လ ဝီရိယဖြင့် ကားကို ဖြည်းဖြည်းနှင့် မှန်မှန် မောင်းလာသည့်အတွက် လမ်းတံတား ကျိုးနေခြင်းများကြောင့် ခရီးနှောင့်နှေးခြင်းမှ ပွတ်ကာသီကာလွတ်မြောက် ကျော်လွှန်ခြင်း၊ လိုရာခရီးသို့ ချောမောစွာ ရောက်ရှိလာခြင်း စသည့် အချက်များသည် ထူးခြားသော ပုဂ္ဂိုလ်ထူးနှင့် တွေ့ကြုံခဲ့ရသည့်အတွက် ပုဂ္ဂိုလ်ထူး၏ စကားသံသည် ဘယ်သောအခါမှ မေ့မရနိုင်ပါ။

ရန်ကုန်မှ ဆီထုတ်ပြီး အပြန်လမ်းတွင် ယခင် လာစဉ်က ထူးခြားသော ပုဂ္ဂိုလ်အား တွေ့မြင်လို တွေ့မြင်ငြား တောင်မြောက်လေးပါးကို ရှာဖွေကြည့်မိပါတော့သတည်း။

* * *

ဒုတိယဖြစ်ရပ်မှာလည်း ကျွန်တော်တို့စက်မှ ပထနဂိုမှ ဆီထုတ်ပြန်လာသည့်အချိန်က ဖြစ်ပါသည်။ ကားကို ဖြည်းဖြည်းမှန်မှန် မောင်းလာပါသည်။ ကားပေါ်တွင် ကျွန်တော်တို့အထက် တာဝန်ခံတစ်ဦးနှင့် ကားစပယ်ယာ ဦးဝင်းကိုလည်း လိုက်ပါလာပါသည်။

အချိန်က ညနေ(၃)နာရီလောက်၊ မကွေးတိုင်းဒေသကြီး၊ ဒေါင်းသေချောင်းအလွန် (၅)မိုင်လောက် အရောက်တွင် သပိတ်တစ်လုံးလွယ်လျက် ဆရာတော်တစ်ပါး ကားလမ်းပေါ်တွင် ခရီးသွားနေသည်ကို အဝေးမှ မြင်နေရပါသည်။

ကျွန်တော်လည်း ဆရာတော်၏ အနီးရောက်လျှင် ကားကိုရပ်ကာ တင်ခေါ်လိုက်မည်ဟု စိတ်ထဲမှ တွေးကာ ဆရာတော်၏အနီးသို့ ရောက်လျှင် ကားကို ရပ်တန့်လိုက်ပါသည်။ ကျွန်တော်လည်း ကားပေါ်မှ ဆင်းကာ '**အရှင်ဘုရား ဘယ်အရပ်သို့ ကြွပါမည်လဲ**'ဟု မေးမြန်းလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဆရာတော်ကလည်း **"ပုဂံဘုရားဖူး သွားမည်"**ဟု ပြောပါသည်။ ဆရာတော်သည် အသားညိုညို တောသားရုပ်ပုံစံ ဖြစ်ပါသည်။ ဆရာတော်တွင် ဖိနပ်မပါသည်ကိုလည်း တွေ့မြင်မိပါသည်။ ကျွန်တော်လည်း တာဝန်ခံအား အကျိုးအကြောင်း ပြောသောအခါ တာဝန်ခံက ကားပေါ်တွင် ပြည့်ညပ်နေသည်၊ ထိုင်စရာမရှိတော့ကြောင်းနှင့် မတင်ခဲ့ရန် ပြောကြားပါသည်။

ကျွန်တော်လည်း ဆရာတော်အား အကျိုးအကြောင်း ပြောပြပြီး ငွေကျပ် (၅၀၀) လှူပါသည်။ ဆရာတော်က အလှူခံပြီး ပြန်လည်စွန့်လိုက်ပါသည်။ ဆရာတော်အား ရှိခိုးပြီး ကားပေါ်တက်ကာ ဆက်လက်မောင်းခဲ့ပါသည်။

ကျွန်တော်တို့သည် ညတွင် ပုပ္ပါးတွင် ညအိပ်မည်ဖြစ်သဖြင့် ပုပ္ပါးသို့ ဆက်လက်မောင်းနှင်ခဲ့ပါသည်။ ညပိုင်း ရောက်ရှိသဖြင့် တောင်ခြေတွင် ထမင်းစားပြီး ဘုရားဖူးကြပါသည်။

ကျွန်တော်တို့ တာဝန်ခံ၏ စိတ်ထဲတွင် ပုပ္ပါးတောင်ကလပ်တွင် ဘုရားဖူးချိန် တောင်ကလပ်ပေါ်တွင် လေမတိုက်ဘဲ လေတိုက်နေသည်ဟု ပြောပြီး ဘုရားတက်ရောက် ဖူးမြော်ခွင့် မကြုံရပေ။ ဤသည်မှာ ဆရာတော်အား လိုက်ပါခွင့် အဟန့်အတား ပြုခဲ့သဖြင့် တာဝန်ခံမှာ စိတ်အနှောင့်အယှက် ဖြစ်နေသည်ဟု ထင်မိပါသည်။

ကျွန်တော်လည်း စောင်းတန်းလှေကားပေါ်မှတက်ကာ တောင်ကလပ်တွင် ဘုရားဖူး၊ ပုတီးစိပ် အမျှဝေခဲ့ပါသည်။ တောင်ကလပ်မှ အဆင်းတွင်ရှိသော ထီဆိုင်မှ မင်္ဂလာစုံတွဲ ထီနှစ်စောင်ကို ဆရာတော်အား လှူခဲ့စဉ်က ပြန်လည်စွန့်သော ငွေ(၅၀၀)ကျပ်ဖြင့် ထီထိုးခဲ့ပါသည်။ ထိုညတွင် ပုပ္ပါးတွင် ညအိပ်ကြပါသည်။

နံနက်စောစောတွင် ပုပ္ပါးမှ ကျောက်ပန်းတောင်းသို့ ခရီးဆက်ကြပါသည်။ ထို့နောက် ကျောက်ပန်းတောင်းမှ ညောင်ဦးသို့အသွား သဲပေါများသော ချောင်းကို ဖြတ်ကျော်ရာတွင် ရှေ့တွင် မည်သည့်ယာဉ်တန်းမှ မလာပါဘဲ တာဝန်ခံ၏ မျက်စိထဲတွင် **"ယာဉ်တန်းများ လာနေသည် ဘေးသို့ကပ်"**ဟု တွင်တွင်ပြောနေပါသည်။

အမှန်တွင်လည်း မည်သည့်ယာဉ်တန်းမှ မပါလာပါ။ ဆရာတော်အား လိုက်ပါခွင့် အဟန့်အတားပြုမိသဖြင့် တစ်ခုခု ခံစားနေရသည်ဟုသာ ကျွန်တော် ထင်မြင်မိပါသည်။ ကျွန်တော်တို့ကားလည်း ပုဂံသို့ (၁၀) နာရီလောက်တွင် ရောက်ရှိကြပါသည်။

ဘုရားများ လှည့်လည်ဖူးမြော်ရာတွင် အာနန္ဒာဘုရားအရောက် ဘုရားဖူးပြီးအထွက် ထနောင်းပင်ကြီးအောက် အရောက်တွင် ယမန်နေ့က လမ်းတွင် တွေ့ရှိဖူးမြော်ခဲ့ရသည့် ဆရာတော်အား ပုဂံအာနန္ဒာဘုရားတွင် ထူးခြားစွာ ပြန်လည်ဖူးတွေ့ရခဲ့ပါသည်။ ဆရာတော်မှ မိန့်ကြားသည်မှာ...

'အကာ့မှာ အပြစ်မရှိပါဘူး၊ အဟန့်အတား ပြုသူမှာသာ အပြစ်ရှိတာပါ'

ဟု မိန့်ကြားပြီး ကျွန်တော်၏ ဦးခေါင်းအား အပေါ်မှ လက်ဖဝါးဖြင့် ဖိကိုင်ထားကာ အန္တရာယ်ကင်း၊ ဘေးကင်းစေရန် ဆုမွန်ကောင်း တောင်းပေးပါသည်။

ဆရာတော်မှ ဆုမွန်ကောင်းတောင်းပေးပြီး ဂါထာချီးမြှင့်ပေးပါသည်။ **အနော်ရထာမင်းဂါထာ**ဟု မိန့်ပါသည်။ အနော်ရထာမင်းဂါထာ အမြဲပွားများပါက ဒီနယ်ပယ်ရောက်လျှင် အစစအရာရာ အဆင်ပြေချောမွေ့ပြီး ဘေးအန္တရာယ်ကင်းကြောင်း မိန့်ကြားပါသည်။ **အနော်ရထာမင်းဂါထာမှာ...**

ဗုဒ္ဓေါ အာနန္ဒာဒိ ဂုဏော၊
သဗ္ဗညုတဉာဏ လောကုတ္တမော ဝရံ မေ၊
နာထော ဘဂဝါ ဥတ္တမံ စတုသစ္စာနံ၊
အာနန္ဒာဒိ ဂုဏ သန္တံ ဗုဒ္ဓံ ဝန္ဒာမိ သဗ္ဗဒါ။

**ခက်ခဲသော ပါဠိအသံထွက်**

| | |
|---|---|
| **ဗုဒ္ဓေါ** | = ဗုတ်ဓော |
| **အာနန္ဒာဒိ** | = အာနန်ဒါဒိ |
| **သန္တံ** | = သန်တံ |
| **ဗုဒ္ဓံ** | = ဗုဒ်ဓံ |
| **သဗ္ဗညုတ** | = သဗ်ဗင်ညုတ |
| **လောကုတ္တမော** | = လောကုတ်တမော |
| **ဥတ္တမံ** | = အုတ်တမံ |
| **စတုသစ္စာနံ** | = စတုသစ်စာနံ |
| **ဝန္ဒာမိ** | = ဝန်ဒါမိ |
| **သဗ္ဗဒါ** | = သဗ်ဗဒါ |

**အနက်**

**အာနန္ဒာဒိဂုဏော၊** လူ့နတ်ပြဟ္မာ သတ္တဝါတို့ကို နှစ်မြို့စေတတ်ခြင်း စသော ဂုဏ်တော်ရှိတော်မူသော **သဗ္ဗညုတ ဉာဏလောကုတ္တမော၊**



www.burmeseclassic.com

www.burmeseclassic.com

အားလုံးကို သိတတ်သော သဗ္ဗညုတဉာဏ်တော်ကြောင့် လောကထက်မြတ်တော်မူသော။ **နာထော၊** သတ္တဝါတို့၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော။ **ဘဂဝါ၊** မြတ်စွာဘုရားသည်။ **မေး** တပည့်တော်အား။ **ဝရံ** မြတ်သော ဆုကို။ (**ဒေတု၊** ပေးသနားတော်မူပါ ဘုရား။)

**ဥတ္တမံ၊** မြတ်သော။ **အာနန္ဒာဒိ ဂုဏာသန္တံ၊** သတ္တဝါတို့ကို နှစ်မြို့စေတတ်သော ဂုဏ်တော် စသည်ကြောင့် ငြိမ်သက်တော်မူသော။ **စတုသစ္စာနံ၊** သစ္စာလေးပါးတို့ကို။ **ဗုဒ္ဓံ၊** သိတော်မူတတ်သော မြတ်စွာဘုရားကို။ **သမ္ဗဒါ၊** အခါခပ်သိမ်း။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

***(ဤဂါထာတော် ပါဠိ အနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့် (ဓမ္မာစရိယ၊ ဝိနယဝရ၊ စတုနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)***

ဖြစ်ပါသည်။

BURMESE CLASSIC .com

ကျွန်တော်လည်း ဂါထာကို ရေးမှတ်ကာ ဆရာတော်ကို ဖူးမြော်ကန်တော့ပြီး ကားရှိရာသို့ ပြန်လည်ထွက်ခွာခဲ့ပါသည်။ ထို့နောက် ကျွန်တော်တို့လည်း ပုဂံမှ ဘုရားဖူးပြီး ပြန်လာခဲ့ကြပါသည်။

ယင်းနောက်ပိုင်းတွင် တာဝန်ခံ၏အိမ်တွင် ဆရာတော်များအား ဆွမ်းကျွေးအလှူဒါန ပြုလုပ်သော်လည်း ဆရာတော်များမှ လှူဖွယ်ဝတ္ထုတို့အား အလှူမခံဘဲ အခြားဆင်းရဲသော ကျောင်းများသို့သာ သွားရောက်လှူဒါန်းပါရန် ဆရာတော်များ၏ မိန့်ကြားငြင်းဆန်ခြင်းကို ခံနေရပါသည်။

ဤသည်ပင် ဆရာတော်အား ခရီးလိုက်ပါခွင့်ကို အဟန့်အတားပြုလုပ်ခဲ့သဖြင့် မည်သို့ပင် ကုသိုလ်ပြုလုပ်ပါသော်လည်း လက်ရှိဘဝတွင်ပင် ဆရာတော်များ၏ အလှူခံယူခြင်းမှ အဟန့်အတားဖြစ် ခံနေရလျှင် နောင်သံသရာဝယ် ဘယ်သို့သော အကျိုးအပြစ် ဖြစ်နိုင်သည်ကိုသာ တွေးမြင်မိပါသည်။

ကျွန်တော်လည်း လက်နှိုပြီး လဆန်းရက် ထီဖွင့်ရက်တွင် လမ်းတွင် ဆရာတော်အား ငွေ(၅၀၀)ကျပ် လှူဒါန်းစဉ်က ဆရာတော်မှ ပြန်စွန့်လိုက်သည့်ငွေဖြင့် ပုပ္ပါးမှ ထိုးခဲ့သော ထီမှာ ကျပ် (၂၀၀၀၀)(ကျပ်နှစ်သောင်း)ဆု ပေါက်ခဲ့ပါသည်။


ယနေ့ထက်တိုင် ဆရာတော် ချီးမြှင့်ခဲ့သော အနော်ရထာမင်းဂါထာကို ဘယ်သွားသွား ဘယ်လာလာ နှုတ်ဖုံးသားမှာ အစဉ်ထာဝရ ကိန်းအောင်းနေသည်မှာ သံသရာဆုံးတိုင်ဝယ် ဖြစ်ပါတော့သည်။

**(ယာဉ်မောင်း ဦးမိုးကြွယ်၏ ကိုယ်တွေ့အမှတ်ရ...)**

**ကျော်သန်း**
***(အကြီးတန်း လက်နှိပ်စက်)***

## ငါးရိုးရှူးကျအောင်

မန်းတဲ့မန္တန်



ည (၇) နာရီ ထိုးပါပြီ။ ကျွန်တော်တို့ လူငယ်တစ်စု ထမင်းစားပြီးလို့ ရေနွေးသောက်နေကြပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်လက်ထောက်ဆရာ ရောက်လာပြီး ကျွန်တော်က လှမ်းခေါ်လိုက်ပါတယ်။

'ဆရာ ကျွန်တော့်မှာ ထမင်းစားရင်း ငါးဟင်းက ငါးအရိုးနင်လို့ဆရာ၊ ရေလဲ မသောက်နိုင်ဘူး။ ထမင်းလဲ မျိုလို့ မကောင်းဘူး။ နာနေတာနဲ့ ထမင်းစားရပ်ပြီး ဒီကို ထွက်လာခဲ့တာ'

'အဲ... ဆို ငါရေမန်းမန်းပေးမှာပေါ့ကွာ'

လို့ ပြောပြီး ကျွန်တော် သောက်ရေအိုးမှ ရေတစ်ခွက်ခပ်ကာ မန်းပေးလိုက်ပါတယ်။ သူလဲ ရေမန်းသောက်ပြီး ကျွန်တော်တို့နဲ့အတူ စကားဝိုင်းဖွဲ့ပြောနေပါတယ်။ နာရီဝက်လောက်ကြာတော့ အားရဝမ်းသာနဲ့...

'အရိုးမရှိတော့ဘူး ဆရာ ကောင်းသွားပြီ'

ဟု ပြောကာ ရေနွေးသောက်ကြည့်ပါတယ်။ မနာတော့ဘူး။ သက်သာသွားပြီလို့ ပြောပြပါတယ်။

ကျွန်တော်တို့ ငယ်ငယ်က ညီအစ်ကို မောင်နှမတစ်တွေ ခဏ, ခဏ ငါးအရိုးနင်ကြပါတယ်။ ငါးအရိုးနင်တိုင်းလဲ ဖေဖေက ရေမန်းပေးလို့ ကျခဲ့ပါတယ်။

ရွာထဲမှ ငါးအရိုးနင်တဲ့လူတွေလဲ ခဏခဏ ရေမန်းလာတောင်းကြလို့ မန်းပေးတာ မြင်ခဲ့ရပါတယ်။

အဲဒီဂါထာလေးကို ကျက်ထားကြလို့ ဖေဖေက ပေးခဲ့တာပါ။ နှုတ်တိုက်သင်ပေးလို့ သတ်ပုံ မှားမလားတော့ မသိဘူး။ ငါးအရိုးနင်တဲ့သူများ ချမ်းသာရ ရစေချင်လို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ဖော်ပြပေးလိုက်ပါတယ်။

'ဥုံ ကာလေဂစ္ဆ အထ သွားဟာ'

လို့ အသက်အောင့်ပြီး (၇)ကြိမ် ရေခွက်ကို ပါးစပ်နှင့်ကပ်၍ မန်းပြီး သောက်ခိုင်းတာပါပဲ။

**[ကျေးဇူးရှင် မိဘနှစ်ပါးအား ဦးခိုက် ကန်တော့ပါ၏။]**

***သတ္တဝါများ ကျန်းမာ ချမ်းသာကြပါစေ။***

**(ဆရာ ဦးတင်မေ)**



www.burmeseclassic.com

www.burmeseclassic.com



ကောင်းခန့်
(သခွတ်မြေ၊ ဝက်လက်)

▶ ဦးသုန္ဒရစင်တော်

# သေတ္တာသချို့ခါ

ဦးသုန္ဒရ နတ်ကွန်းတည်ရှိရာ "သခွတ္တောရွာ"၏ အကြောင်းကိုတော့ အနည်းငယ် ရေးသားတင်ပြပါရစေဟု စာရှုသူအား ဦးစွာ တောင်းပန်အပ်ပါသည်။

နှစ်ပေါင်းရာစု နှစ်ဆယ်ကျော်ကျော်ခန့်က သခွတ္တောရွာဟူသည် မရှိသေးပေ။ ထိုရွာ၏ တည်နေရာ၌ **သခွတ်ပင်**များ အများအပြားစု၍ ပေါက်ရောက်ရာနေရာဟု လူကြီးသူမတို့ထံမှ တစ်ဆင့်စကား တစ်ဆင့်ပါးကာ ကြားသိခဲ့ရ၏။

ထိုနေရာအနီးတစ်ဝိုက်ရှိ မြေတို့သည် ဆားဓာတ်ပါသော မြေများဖြစ်၍လည်းကောင်း၊ ထိုမြေ၌ တွင်းတူး၍ထွက်သောရေတို့သည် အငန်ဓာတ်ရှိ၍လည်းကောင်း အနီးအပါးရှိ ရွာတို့မှ လာရောက်ကာ ဆားချက်လုပ်ရင်း တစ်စတစ်စပြောင်းရွှေ့လာကြကာ ရွာတစ်ရွာအဖြစ် စတင်ဖြစ်ပေါ်လာခဲ့၏။

သခွတ်ပင်တွေ အများအပြားပေါက်ရာ သခွတ်ပင်ကို အစွဲပြု၍ သခွတ္တောရွာဟု အမည်တွင်လာခဲ့၏။

သခွတ္တောရွာသည် စာရေးသူ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သဖြင့်လည်း ငယ်စဉ်က ရွာအခြေအနေကို စာရေးသူ မှတ်မိပါသေးသည်။

ထိုစဉ်က "**ဆားပျိုးသည့် ဆားခင်းမြေကွက်**"များ ကြားခံထားသဖြင့် အိမ်ခြေများမှာ ဟိုတစ်စုဒီတစ်စုနှင့် ယခုခေတ်လောက် အိမ်ခြေ မများသေးပါ။

မိုးကုန်၍ ဆောင်းအကူးရာသီရောက်ပြီဆိုလျှင် ဆားမြေကွက်တွေအတွင်း၌ ဆားမြေကြီး သယ်ယူနေကြသော လုံမငယ်လေးတွေဆီသို့ လုလင်ပျိုလေးတွေ မြေကူ ပုံပေးရင်း၊ မြေကူဆွပေးရင်း လူပျိုလှည့်ကြသည်မှာ အလွန်ပျော်စရာကောင်းလှပေ၏။

စာရေးသူ ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ပလွေတိုတစ်လက်နှင့် "**ကားတောင်ပုံ**" (**ဆားငန်ဓာတ်စစ်ယူ၍ စွန့်ပစ်ထားသော မြေကြီးပုံ**)ပေါ်သို့ တက်ကာ ကျူခဲ့၊ကလူခဲ့သေးသည်ပင် မဟုတ်ပါလား။

ထိုခေတ် ထိုအခါက သခွတ္တောရွာ၌ ဆားချက်လုပ်သူဦးရေမှာ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းမျှ ရှိ၏။ လယ်ယာစိုက်ပျိုးမှုလုပ်ငန်းသည် "ကာတီးသည်" ရေတစ်ခုတည်းကိုသာ မှီခိုကာ အားကိုးနေရသည့် ဒေတ်ဖြစ်သဖြင့်

www.burmeseclassic.com

လည်း ဆားချက်လုပ်ခြင်းအလုပ်ကိုသာ အားပြု လုပ်ကိုင်နေထိုင်နေကြခြင်း ဖြစ်သည်။

တိုးတက်ပြောင်းလဲလာသော ယခုခေတ်အခါမှာတော့ **"သဖန်းဆိပ်ဆည်"** တည်ဆောက်ပြီးကတည်းက တစ်နှစ်တွင် စပါး နှစ်သီး စိုက်ပျိုးနိုင်ပြီး သီးညှပ်အဖြစ် ပဲအမျိုးမျိုးပါ စိုက်ပျိုးနိုင်၏။

ထို့ကြောင့် ယခုအခါ၌ သခွတ္တောရွာသည် အိမ်ခြေတစ်ထောင်နီးပါးမျှ စံပြရွာကြီးအဖြစ် ပြောင်းလဲလာခဲ့၏။ စပါးထွက်၊ ပဲထွက် ကောင်းလာသောအခါ ကုန်ထုတ်လမ်း လိုအပ်လာ၏။

ထိုအချိန်တွင် ကျေးရွာ တာဝန်ရှိသူများ၏ ဆက်လက်ကြိုးပမ်းမှုကြောင့် လယ်ကွင်းထဲအထိ "ထော်လာဂျီ" ကားနှင့် ဆင်းသယ်ယူနိုင်သည့် ကုန်ထုတ်လမ်းများ၊ ရွာတွင်း ကျောက်ခင်းလမ်းများ နယ်မြို့အထိ သယ်နိုင်ပို့နိုင်သော၊ ဆက်သွယ်ရေး ကောင်းမွန်သော ကျောက်ခင်းလမ်းမများနှင့် တိုးတက် ကောင်းမွန်လာခဲ့၏။

ဒါတွေက သခွတ္တောရွာ၏ ယနေ့မျက်မှောက်ခေတ်၌ တိုးတက် ပြောင်းလဲလာသောရွာနှင့် စီးပွားရေး ကုန်ထုတ်လုပ်ငန်း အခြေအနေပင် ဖြစ်ပါသည်။

ကျွန်ုပ်ရေးလက်စ ဇာတ်ကြောင်းကို ပြန်၍ ကောက်ကြဦးစို့။

* * *

ကျွန်ုပ် တစ်ဆယ့်ရှစ်နှစ်သားအရွယ်က ကျွန်ုပ်၏အဘိုး (အမေ၏ အဖေ) သည် အသက်ရှစ်ဆယ်ကျော်၍ ကိုးဆယ်ပင် ပြည့်လုနေပြီဖြစ်၏။

တစ်နေ့ ကျွန်ုပ်တို့ မြေးအဘိုးတစ်စု ထမင်းဝိုင်း၌ ထမင်းစားရန် ပြင်ဆင်နေကြစဉ် အဘိုးသည် ဟင်းပန်းကန်ထဲတွင် စိုက်ထားသော ကြေးဇွန်းတစ်ချောင်းကို ကောက်ကိုင်ပြီး ဟင်းပန်းကန်၏ နှုတ်ခမ်းကို ဟင်းခွက်စေ့အောင် လိုက်၍ ခေါက်၏။ အဘိုးသည် ထမင်းစားခါနီးတိုင်း ယခုကဲ့သို့ နေ့စဉ်မပျက် ပြုလုပ်လေ့ရှိ၏။

ထိုနေ့ကတော့ ကျွန်ုပ်မနေနိုင်တော့ ပန်းကန်ခေါက်ရခြင်း အကြောင်းကို မေးကြည့်မိသည်။

'ငါ့မြေးတို့ မှတ်ထား... ဘယ်အရပ် ဘယ်ဒေသမှာပဲရောက်ရောက် အစာစားရင် မစားခင်မှာ ခုလို ပန်းကန်ကို ဇွန်းနဲ့ ခေါက်ကြည့်ရတယ်။ မကောင်းတဲ့ ပညာသည်တွေရဲ့ သူတို့ဘာပစ္စည်းနဲ့ပဲ အယောင်ဆောင် လုပ်ထား... လုပ်ထား ပန်းကန်ကို ကြေးဇွန်းနဲ့ ခေါက်လိုက်ရင် နဂိုလုပ်ထားတဲ့ မူလပစ္စည်း ပုံမှန်ပြန်ပေါ်လာတယ်ကွ။ ဒါ... ငါ့ဆရာတော် ငါ့ကို ငယ်ငယ်ကတည်းက အကျင့်လုပ် သင်ပေးခဲ့တာပဲ'

BURMESE CLASSIC .com

ဟု ပြောပြခဲ့ဖူး၏။

ထိုမှစ၍ တစ်စတစ်စနှင့် အဘိုးဖြစ်သူနှင့် သူ၏ဆရာတော်ဦးသုန္ဒရ အကြောင်းကို သိခဲ့ရသည်။ တကယ်တော့ ကျွန်ုပ်၏အဘိုးဖြစ်သူ ဦးသာလှသည် အညာဇာတိဖြစ်သော်လည်း အကြေအရပ်၌သာ ကြီးပြင်း လူလားမြောက်ခဲ့သူဖြစ်သည်။

အဘိုးတွင် "ဦးသာရ" ဟူသော မွေးချင်း အစ်ကိုတစ်ယောက်ရှိ၏။ သူတို့ညီအစ်ကိုနှစ်ယောက် ငယ်စဉ် ကလေးဘဝ အရွယ်ကတည်းကပင် မိဘများ ပြောင်းရွှေ့ရာ အောက်ပြည်အောက်ရွာသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။

မိဘများ ဆုံးပါးသွားသော်လည်း သူတို့ညီအစ်ကိုမှာ အညာသို့ မပြန်တော့ပေ။ အစ်ကိုဖြစ်သူက တောင်သူစာရင်းငှားဝင်လုပ်ရင်း ညီကမူ နွားကျွေး နွားကျောင်း အကူလုပ်ကိုင်ရင်း ငယ်ဘဝကို ရုန်းကန်ခဲ့ကြရ၏။

အစ်ကိုဖြစ်သူ အိမ်ထောင်ပြုလေသော် ညီဖြစ်သူ ကျွန်ုပ်အဘိုးသည်လည်း အစ်ကို၏အိမ်၌ ကပ်ရပ်နေထိုင်သည်။

တစ်ဆယ့်နှစ်နှစ်အရွယ် ကျွန်ုပ်၏ အဘိုးသည် အရွယ်နှင့်မမျှအောင် အလုပ်တွေကို လုပ်ရသော်လည်း မရိုးဖြစ်သူမှ မျက်နှာကောင်းမရပေ။

တစ်နေ့ အညာမှ ဘုန်းတော်ကြီး တစ်ပါး ကြွလာသည်။ ဘွဲ့အမည်က **ဦးသုန္ဒရဖြစ်၏။** ဆရာတော်သည် **"ပယောဂဆေးပညာ"** ဘက်၌ တော်တော်လေး ဆေးစွမ်းထက်၏။ အောက်ပြည်အောက်ရွာတွင် ဆေးလှည့်လည်ကုရင်း အဘိုးဖြစ်သူနှင့်တွေ့ရာ...

'ဟ... မင်းက တို့ သခွတ္တောက မောင်စွာရဲ့ သားဆိုတော့ မင်းရဲ့ဘကြီး ဘထွေးအရင်းတွေ... မောင်ထာတို့ မောင်ချာတို့လဲ ရွာမှာ ရှိသေးသကွ။ အဲဒီတော့ ငါ အညာပြန်ရင် မင်း ငါနဲ့ ပြန်လိုက်ခဲ့။ အခုလဲ ငါနဲ့အတူ လာနေကွာ။ မင်းကို ငါ့ရဲ့ပညာတွေ ပေးချင်တယ်'

ဟူ၍ ဆရာတော်မှ အမိန့်ရှိကာ သူ ဆေးကုရာ "ညောင်ပင်သာ၊ ကညွတ်ကွင်း၊ လေးဒေါင့်ကန်၊ သယ်န်းကျွန်း၊ ပဲခူး၊ ဘုရားကြီး၊ ဘုရားလေး" မြို့ရွာနယ်ပါ နှံ့စပ်အောင် ဆရာတော်နောက်မှ တပည့်ကြီး ကပ္ပိယအဖြစ် လိုက်ခဲ့ရ၏။ ပယောဂလူနာတို့ကို ကုခဲ့ရ၏။ တချို့ လူနာအသေးအမွှားဆိုလျှင် အဘိုးကို အာဏာအပ်လွှဲ၍ ကုစေ၏။

ကျွန်ုပ်၏အဘိုးသည် လူရိုးလူအေးဖြစ်သည်နှင့်အညီ ထိုပညာတို့ကို ဝါသနာမပါပေ။ စီးပိုးလှသော မရိုးဖြစ်သူနှင့်လည်း မတည့်။ ထို့ကြောင့် အစ်ကို့ဆီလည်း ကပ်မနေချင် အညာ





www.burmeseclassic.com

www.burmeseclassic.com

ပြန်ချင်စိတ်နှင့်သာ ဆရာတော်၏ အမိန့်ကို စိတ်မပါဘဲ လုပ်နေရ၏။

တချို့ ကြမ်းသောလူနာတို့ကို ဆရာတော်ကိုယ်တိုင် လိုက်၍ ဆေးကုသည်။ တစ်ခါက ရွာတစ်ရွာမှာ ဆရာတွေ လက်လန်ထားသော လူနာတစ်ယောက်ကို ဆေးကုရာ၌ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခုကို မှတ်မှတ်ရရ အဘိုးက ပြောပြဖူး၏။

BURMESE CLASSIC .com

ထိုလူနာထံသို့ သူတို့ဆရာတပည့် ရောက်သွားချိန်၌ လူနာဖြစ်သူသည် ချောင်းဘေး ခြေတံရှည်အိမ်တစ်အိမ်၏ လှေကားထိပ်အပေါက်ဝတွင် ဓားထမ်း၍ သောင်းကျန်းနေ၏။

အဘိုးမှာ ကြောက်လိုက်သည့်ဖြစ်ခြင်း ကျောချမ်းရုံပင်မက ဓားမြင်တော့ ကုပ်ပိုးတွေပါ ယားလာ၏။ ဆရာတော်ကတော့ လှေကားအရင်းသို့ ကပ်ကာ ချိုသာသောစကားနှင့် လူနာကို ချော့မော့ပြောဆိုနေ၏။ လူနာအမျိုးသမီးကလည်း လုံးဝ မလျော့... မပျော့။

'တက်လာခဲ့ရင် တက်လာစမ်းပါ... ဓားမနဲ့ ခုတ်ချမယ်'

ဟု လုံးဝ တင်းနေ၏။

လူနာဆေးကုရာတွင် လာရောက်ကြည့်ရှုနေကြသော ရွာသူရွာသား ပရိသတ်မှာလည်း မနည်းပေ။ အဘိုး၏ စိတ်မှာလည်း "အင်း...ငါ့ဆရာ ဒီတစ်ခါတော့ ကောင်းကောင်း အရှုက်ကွဲပြီ" ဟု စိတ်ထဲမှာ ဘုရားတ,နေရ၏။

အချိန် သိပ်မကြာလိုက်ပေ။ လူနာအလစ်၌ ဆရာတော်သည် ပေါင်ကို လက်ဝါးနှင့် ပုတ်ကာ "ဟိတ်"ဟု ဟန့်သံတစ်ချက်ပေးပြီး ခြောက်တောင်ခန့် မြင့်သော "ကြက်တက်လှေကား" ထိပ်တွင် ဓားထမ်းထိုင်နေသော လူနာထံသို့ လွှားခနဲခုန်ကာ လူနာ၏ ရင်ဝကို သူ၏ ဒူးနှင့်တိုက်လိုက်၏။ လူနာ နောက်သို့ လန်၍ လဲကျသွား၏။

**(ဆရာတော်သည် အခုန်အပျံတို့တွင် အစွမ်းထက်သော အာဋ္ဌာဝက မှော်အောင်ထားသဖြင့် တင်ပျဉ်ခွေလျက်ကပင် ထုပ်တန်းပေါ်သို့ ခုန်တက်နိုင်သည်ဟု သိရသည်။)**

လူနာ လဲကျသွားသည်နှင့် ဆရာတော်သည် တစ်ပါတည်း ပါသွားသော ဆေးကို လူနာ၏ မျက်လုံးထဲ၌ မျက်စဉ်းခတ်၍ လည်းကောင်း၊ နဖူးတွင် ဆေးတော့်ဖြင့် အင်းချ၍ လည်းကောင်း လျင်မြန်စွာ ပြုလုပ်၍ အိမ်ပေါ်မှ ပြန်ဆင်းလာခဲ့၏။

အောက်သို့ရောက်လျှင် အိမ်ရှေ့က မြေတလင်းပေါ်သို့ အဘိုးဖြစ်သူအား သူကိုင်လေ့ရှိသော တောင်ဝှေးကိုပေးကာ ဝါးနှစ်ရိုက်ခန့် ကျယ်ဝန်းသော စည်းဝိုင်းကြီးကို ခြစ်စေ၏။

ပြီးလျှင် ဆရာတော်သည် ဘေးမှ ဝိုင်းကြည့်နေကြသော ပရိသတ်ကို ဝေးဝေးဖယ်နေစေ၍ စည်းဝိုင်းအလယ်၌ အင်းကွက် တစ်ကွက်ရေးပြီး ဖနောင့်နှင့် တစ်ချက်ပေါက်လိုက်ရာ...

'အမယ်လေး...ကြောက်ပါပြီ'

'ဝုန်း'

မချိမဆံ့အော်သံနှင့်အတူ လူနာသည်အိမ်ပေါ်မှ အောက်သို့ ခုန်၍ ချလိုက်သည်။

'ဟင်း...ဟင်း နင်က ငါ ဆရာတော် တောင်းပန်နေလျက်နဲ့ ငါ့စကား နားမထောင်ပဲကိုး။ ဒီတော့ မှတ်လောက်အောင်တော့ လုပ်ရမှာပေါ့။ ကဲ...ပုဏ္ဏက မင်းရဲ့မြင်းနဲ့ စိုင်းလိုက်စမ်း'

ဆရာတော်က အမိန့်ပေးရင်း အင်းကွက်ကို ဖနောင့်နှင့် ထပ်မံ၍ တစ်ချက်ပေါက်လိုက်သည်နှင့် တစ်ပြိုင်နက် လူနာအမျိုးသမီးသည် ရှုတ်တရက်ထကာ ဆံပင်ဖားလျားကျနေသည့်ပင် မသိမ်းနိုင်တော့ဘဲ မြင်းများပြေးသလို စည်းဝိုင်းအတိုင်း လှည့်ပတ်၍ ပြေးလေတော့သည်။

အပတ်ရေ သုံးဆယ်ခန့်မျှ ပတ်ပြေးအပြီးမှာတော့ လူနာသည် လျှာထွက်လုမတတ် မောဟိုက်ကာ မဟာန်နိုင်တော့ဘဲ စည်းဝိုင်းထဲတွင် လဲကျသွား၏။

ထိုအချိန်ကျမှ ဆရာတော်သည် ဆေးလွယ်အိတ်ထဲမှ ဆေးတို့ကို ထုတ်ကာ ဆေးကုပေးတော့သည်။

ဒါကတော့ ကျွန်ုပ်၏ အဘိုးဖြစ်သူမှ ဆရာတော် ဆေးကုသွားရာ နောက်သို့ လိုက်ရာမှ မျက်မြင်ကိုယ်တွေ့ တွေ့ကြုံခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်၏။

တချို့ ထူးဆန်းသော အတွေ့အကြုံများ ရှိသေးသည်။ ဆရာတော် ဆွမ်းစားခါနီးတိုင်း အဘိုးကို ကြေးဖွန်းတစ်ချောင်းပေး၍ ဟင်းခွက်စေ့အောင် ဖွန်းဖြင့် ပန်းကန်နှုတ်ခမ်းကို ခေါက်စေခြင်းပင်။

ထိုအခါ၌ တချို့ဟင်းခွက်ထဲမှ ဟင်းတို့သည် ပုံသဏ္ဍာန်ပြောင်းသွားခြင်းနှင့် မတော်တရော်သော အရာများ ဖြစ်နေခြင်းကို တွေ့ရတတ်၏။ ပညာသည် အချို့မှ ပညာစမ်းခြင်းပင်ဖြစ်သည်။

တစ်နှစ်နီးပါးမျှ အောက်ပြည် အကြေအရပ်၌ ဆရာတော်နှင့်အတူ ဆေးကုလိုက်ခဲ့ရာတွင် တွေ့ကြုံခဲ့သော အဘိုး၏ အတွေ့အကြုံတို့ကို ပြည့်စုံအောင် ရေးရမည်ဆိုလျှင် လုံးချင်း တစ်အုပ်ပင် ထုတ်ယူရပေလိမ့်မည်။

ထို့ကြောင့် စာလေးနေမည်စိုးသောကြောင့် မရေးတော့ပါ။ ဦးသုခ၏ စင်တော်နှင့် ဆရာတော် နှစ်ပါးသရဲ ဖြစ်သွားရသည့် အကြောင်းကိုသာ



www.burmeseclassic.com

www.burmeseclassic.com



◆ ဦးစွန်ကျောင်းဝင်းအနီးမှ သိမ်ကျောင်းပျက်

ဆက်လက် ရေးသားပါတော့မည်။

BURMESE CLASSIC .com

*　*　*

ဆရာတော်၏ ကျေးဇူးကြောင့် အဘိုးဖြစ်သူ ဇာတိရပ်ရွာသို့ ပြန်လည်၍ ရောက်ရှိခဲ့ပြီဖြစ်၏။

ဆရာတော်သည် သခွတ္တေွာရွာ ရွာရင်းကျောင်း၌ ကျောင်းထိုင် သီတင်းသုံးသည်။ (ကျောင်း၏ ဘွဲ့အမည်ကိုတော့ မှတ်မိသူ မရှိပါ။)

ထိုကျောင်းသည် ရွာတည်စကတည်းက ကျောင်းဖြစ်ကာ ဆရာတော်ဦးသုန္ဒရသည် ထိုကျောင်း၌ သုံးဆက်မြောက် ကျောင်းထိုင်ဆရာတော်ဖြစ်သည်။ (ယခုအခါမှာတော့ ကျောင်းအမှတ်အသားဆို၍ ဓာတ်ပုံပါ ယိုယွင်းပျက်စီးနေသော "သိမ်ကျောင်းအဆောက်အအုံပျက်" တစ်ခုသာ ရှိတော့သည်။

ယခု ထိုကျောင်းဝင်းနေရာ၌ ဘုရားဒကာ ဦးစွန်+ဒေါ်လေးမိ"တို့မှ ဘုရားတည် ဘုရားကျောင်းဆောက်ကာ "ဦးစွန်ကျောင်းဝင်း"ဟု နာမည်တွင်နေပါသည်။ ဓာတ်ပုံပါ စင်တော်မှာလည်း ထိုကျောင်းဝင်း၏ တောင်ဘက်ထောင့်တွင် တည်ရှိပါသည်။

ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဌာနမှာ ပြန်ရောက်သော်လည်း အဘိုးဖြစ်သူမှာ ဆွေမျိုးတို့နှင့် ငယ်စဉ်ကပင်လျှင် အနေဝေးပြီး စိမ်းနေသဖြင့် တစ်ခေါက်တလေ အလည်ရောက်သည်မှအပ ဆွေမျိုးတို့နှင့် အတူမနေပေ။

ကျောင်း၏ ဝေယျာဝစ္စလုပ်ကိုင်ရင်း ဆရာတော်ထံမှာသာ နေ၏။ ဆရာတော် ဆေးကုကြွရာနောက်ကိုသာ တကောက်ကောက်လိုက်လေ့ရှိ၏။

"ဇာတာစန်းလဂ်" တက်နေချိန်၌ အာဏာစက်လိုက်၍ ဆေးစွမ်းထက်နေသော်လည်း ကံဇာတာညိုးမှိန်ချိန်မှာတော့ ဆရာတော်၏ တန်ခိုးဂုဏ်သိန်တို့သည် စိုးရိမ်စရာအထိရောက်ပြီ။ သူ့မွေးသည့်မျောက်က သူ့ကို ပြန်၍ ခြောက်သည့်ကိန်းသို့ ဆိုက်ရောက်ခဲ့လေတော့သည်။

*　*　*

'အာယုဂဏန အဘယစေတီ'

ဝက်လက်မြို့ ဘုရားကြီး၏ ဘွဲ့တော်အမည် ဖြစ်၏။

ရှေးအဆက်ဆက်တည်းက နှစ်စဉ်နှစ်တိုင်း တန်ခောင်မုန်းလဆန်း (၁၂)၊ (၁၃)ရက်များတွင် ဘုရားပွဲတော်ကျင်းပလေ့ရှိသည်။ (၁၄)၊ (၁၅)ရက်များတွင် ကထိန်ပွဲကို တစ်ဆက်တည်း ကျင်းပ၏။

(၁၂)ရက်နေ့တွင် အာတီးအမှုတ်အကအခုန် စုံလင်စွာနှင့် ပဒေသာပင် လှည့်လည်ရာတွင် လည်းကောင်း၊ (၁၂)ရက်ညမှ (၁၅)ရက်ညအထိ အငြိမ့်ပွဲ၊ ဇာတ်ပွဲများနှင့်လည်းကောင်း ညည့်ခံခင်းကျင်းပြသသဖြင့် ပွဲကြိုက်သော ရွှေပွဲလာနယ်လူထုနှင့် ထိုရက်၌ နှစ်တိုင်း ကြက်ပျံမကျ စည်ကားလှပေသည်။

တန်ခောင်မုန်းလဆန်း (၁၅)ရက် လပြည့်နေ့…

ထိုနေ့တွင်မူ ပင့်သံဃာတို့အား ပဒေသာပင်များကို စာရေးတံမဲဖောက်ပြီး လှူဒါန်းသည့်နေ့ ဖြစ်၏။

ထိုစဉ်က သခွတ္တေွာဆရာတော်ဦးသုန္ဒရကိုလည်း ပင့်သည်။ ဆရာတော် ကြွသည်နှင့် ကျွန်ုပ်၏ အဘိုးလည်း လိုက်ရမြဲပင်။

နံနက်စောစော ရွာမှ ဝက်လက်မြို့သို့ လှည်းဖြင့် ထွက်ခဲ့ကြသည်။ လှည်းပေါ်တွင် လှည်းမောင်းသူ ဆရာတော်၏ ညီ(…)နှင့် ကျွန်ုပ်အဘိုးအပါအဝင် ဆရာတော်ပါ သုံးဦးသာ လိုက်ပါခဲ့၏။

မိုးကုန်စ ရာသီဖြစ်၍လည်း လှည်းလမ်းသည် ဗွက်တွေ ထူထပ်ကာ လမ်းမကောင်းပေ။ ဝက်လက်မြို့ အရှေ့ဖျားမှ လှည့်၍ မောင်းဝင်ရပါသည်။

ထိုနေရာအရောက်တွင် သန့်စက်ဝင်း၏ အရှေ့ဖျား၌ နတ်စင်နတ်ကွန်းတစ်ခုရှိ၏။ "**ကရင်နတ်တွင်းပိုးကြီးအရှင်သခင် နတ်ကွန်း**"ဟု အဘိုး၏ ပြောပြမှုအရ သိရှိရပါသည်။ ထိုစင်ရော် နားအရောက်တွင် ဆရာတော်သည်



www.burmeseclassic.com

www.burmeseclassic.com

လှည်းကို ခေတ္တနားစေ၍ စင်တော်ဝင်းထဲသို့ ဝင်ခဲ့ပြီးလျှင် ...

'အသင်...တွင်းပိုးကြီးသခင် ယနေ့ ကထိန်စာရေးတဲ့ပဲဖောက်ရာ၌ ပဒေသာပင်ညှပ်မကြီးပေါက်အောင် စွမ်းဆောင်ပေးပါ။ ညှပ်မကြီးမဲပေါက်ခဲ့လျှင် အသင်တွင်းပိုးကြီးသခင်အား ဆောင်းတော်၊ ဝတ်လဲတော်တို့ကို ဆက်သပါမည်'

ဟု နိုင်းစေခဲ့၏။

ထိုစဉ်က ညှပ်မပဒေသာပင်တွင် စည်းသောပစ္စည်းတို့မှာ ယခုခေတ် ငွေဈေးနှင့် တွက်လျှင် ငါးသိန်းထက် တန်ဖိုးမလျော့ပါ။

သူနိုင်းစေခဲ့သည့်အတိုင်း ညှပ်မပဒေသာပင်သည် ဆရာတော်ပင် မဲပေါက်၏။ ပစ္စည်းတွေ စုံစုံလင်လင် တစ်ပုံတစ်ပင်ကြီးနှင့် လှည်းပေါ်တင်ကာ အပြန်ခရီးတွင် ပျော်ပျော်ရွှင်ရွှင်ကြီး ပြန်ခဲ့ကြရာ နတ်စင်အနီးမှ ပြန်ခဲ့ကြသော်လည်း ဆရာတော်၏ ကတိစကားကို ဆရာတော်ကအစ တစ်ဦးတစ်ယောက်မှ သတိမရခဲ့ကြပေ။

ညနေ သုံးချက်တီးကျော်အချိန် (စက်နာရီ သုံးနာရီကျော်ကျော်)၌ ကျောင်းပေါက်အဝင်ဝသို့ ရောက်ခဲ့ကြ၏။ ထိုစဉ် နွားနဖားကြိုးကို တစ်စုံတစ်ယောက်က ကိုင်မြှောက်လိုက်သကဲ့သို့ နွားနှစ်ကောင်သည် ပတတ်ရပ်ကာ ရှန်းကန်နေကြ၏။ ရှေ့သို့ မတိုးနိုင်တော့ပါ။

'ဝုန်း'

ဆရာတော်မှအစ လှည်းပေါ်မှာ လိုက်ပါလာသူနှစ်ဦးနှင့် ပစ္စည်းများအပါအဝင် လှည်းပေါ်မှ လွင့်စင်ကျသွားကြ၏။

ဆရာတော်၏ညီ လှည်းသမားနှင့်အဘိုးမှာ လူးလဲထလာနိုင်သော်လည်း ဆရာတော်မှာတော့ ပါးစပ်မှ အမြှုပ်တစီစီ ထွက်ကာ နေရာမှ မထနိုင်တော့ပေ။ ဆရာတော်၏ညီဖြစ်သူမှ ပြေး၍ ပွေ့ထားရသည်။

အဖြစ်အပျက်ကို ကြားသိသော ရွာသူရွာသားများ ရောက်လာသည်အထိ ဆရာတော်မှ သတိမရသေးပေ။ မျက်လုံးမျက်ဆန်ပြူး၍ ပါးစပ်မှအမြှုပ်တစီစီထွက်ကာ ဒုက္ခဝေဒနာကို ခံစားနေရရှာ၏။

'ဘယ်လိုဖြစ်တာပါလိမ့်၊ ဘာရောဂါပါလိမ့်'

ရွာသားတွေ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။

'အင်း...အင်း... ဟင်းဟင်း...ဟင်းဟင်း'

အနီးအပါးမှ ရပ်ကြည့်နေသူ ဆံပင်ဖားလျားနှင့် မိန်းမကြီးတစ်ဦးသည် တစ်ကိုယ်လုံး တုန်ယင်စွာ ပါးစပ်မှ တဟင်းဟင်း မြည်ရင်း ယိမ်းထိုးလာ၏။

'ဟ...ဟ တစ်ခုခု ဝင်ကပ်ပြီနဲ့ တူတယ်။ အကျိုးအကြောင်းသိရအောင် မေးကြည့်ကြစမ်း'

လူကြီးတစ်ဦးမှ သတိပေးလိုက်သည်နှင့် ထိုဘက်တွင် ဝါသနာပါ၍ ကျွမ်းကျင်သော အမျိုးသမီးတစ်ဦးက ထိုမိန်းမကြီးအနီးသို့ ရောက်လာကာ...

'အမိန့်ရှိပါ... ယခုပူးကပ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်ပုဂ္ဂိုလ်များ ဖြစ်ပါသလဲတော်'

'ဟင်းဟင်း...ဟင်းဟင်း ငါ့ကို နယ်နယ်ရရ မှတ်နေကြသလားဟင်...အောက်မြေတရိုးမှာ တန်ခိုးထည်ဝါခဲ့တဲ့ တွင်းပိုးကြီးသခင်ဆိုတာ ငါပဲ။ အခု နင်တို့ အညာကို ပြောင်းရွှေ့လာမှ နင်တို့ဆရာတော်က ငါ့ကို နိုင်ထက်စီးနင်း ခိုင်းချင်ရာခိုင်း သူ့လိုတာပြည့်တော့ ငါ့ကို မေ့တယ်၊ သတိမရဘူး ပစ်ထားတယ်။ ခုတော့ သင်း...ဘာတတ်နိုင်သေးလဲဟင်ဘယ်မလဲ...ငါ့ကို ဆက်မယ့် ဆောင်းတော်'

'မှန်...မှန်ပါ ဆောင်းတော်တာဝန်ယူထားရင်လဲ ဆရာတော်ကိုယ်စား ကျွန်တော်မျိုး ဆက်ပါ့မယ်။ ဆရာတော့်ကိုတော့ အခုလို မနှောင့်ယှက်ပါနဲ့ လျှော့ပါ'

ဆရာတော်၏ညီဖြစ်သူမှ တောင်းပန်ပြောဆို၏။

'မရတော့ဘူး...အခုတော့ ငါတစ်ဦးတည်း မဟုတ်တော့ဘူး။ သူ့အခိုင်းအစေတွေပါ သူ့ကို ဝိုင်းပြီး လုပ်ထားကြပြီ၊ လွန်နေပြီ'

'ကိုင်း...ဒီလောက်တောင် တောင်းပန်လို့မရရင်လဲ ငါ့ကိုပါ လုပ်ကြစမ်းကွာ'

ညီဖြစ်သူမှာ တောင်းပန်၍မရသည်နှင့် ဒေါသထွက်လာကာ ပြောဆိုလိုက်သည်နှင့်တစ်ပြိုင်နက် သူပါ ဖြုန်းခနဲလဲကျ၍ ပါးစပ်မှ အမြှုပ်ထွက်ကာ တက်နေပါတော့သည်။

လူကြီးသူမများမှ ဝိုင်းဝန်းတောင်းပန်၍သာ ပြန်လည်၍ သက်သာရာရခဲ့သည်။

ဆရာတော်မှာတော့ စ,ဖြစ်သည်မှ သက်သာရာ မရဘဲနှင့် ကံအကြောင်းမကောင်းစွာဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရရှာလေတော့သတည်း။

* * *

ထိုနေ့ ထိုရက်မှစ၍ ထိုကျောင်းဝင်းထဲသို့ မည်သူမှ နေဝင်မိုးချုပ်၌ မသွားရဲကြတော့ပေ။ ဖြတ်သန်းသွားလာသူတိုင်းလည်း ခြောက်လှန့်သည်ဟု အပြောများခဲ့ကြ၏။


ကျောင်းထိုင်သည့်အရှင် မရှိသည့်အတွက်လည်း ကျောင်းအဆောက်အအုံတို့သည် တစ်စတစ်စနှင့် ပျက်စီးခဲ့ရ၏။

လ,မကြာခင်မှာပင် ရွာထဲမှ နတ်

 စာမျက်နှာ (၃၀၄) သို့

www.burmeseclassic.com

www.burmeseclassic.com



ထူးဇော ( ပေါင် )

# ပယောင်ဦးသန့်ရဲ့ အိပ်မက်

ပြန်ရောက်တော့ မော်လမြိုင်မှာ အိမ်တစ်လုံး ပိုင်ဆိုင်နိုင်ခဲ့တယ်။ ဒါတွေဟာ ရတနာသုံးပါးကို နေ့စဉ်ဆည်းကပ်ပြီး ရိုးသားစွာ ကြိုးစားခဲ့တဲ့အတွက်ကြောင့်ပဲလို့ မှတ်ယူပါတယ်။ ကျွန်တော့်အသက်က ငါးဆယ်ဆိုတော့ အရွယ်ကောင်းတုန်းပေါ့ဗျာ။ အလုပ်ကိုလဲ လူငယ်လေး တစ်ယောက်လို ဖျတ်ဖျတ်လတ်လတ်နဲ့ စိတ်ဝင်တစား လုပ်ကိုင်နိုင်တုန်းပါ။ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်ပိုင်းလောက်မှာ ခေါင်းရှုပ် မခံလိုတော့တဲ့ ပြဿနာတစ်ခုကြောင့် ကျွန်တော် ထွက်စာတင်ဖို့ စိတ်ပိုင်းဖြတ်လိုက်တယ်။

ကျွန်တော်ဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်တဲ့အတွက် မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်များ၊ ဂါထာများကို ငယ်စဉ်ကတည်းက ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်ပွားများခဲ့ပါတယ်။ အဲဒီအကျိုးကြောင့်ထင်တယ်၊ ကျွန်တော့်ရဲ့ဝန်ထမ်းသက်တမ်းတစ်လျှောက်မှာ အခက်အခဲ ကြီးကြီးမားမား တစ်စုံတစ်ရာ မရှိခဲ့ဘူး။

ကျွန်တော် အသက်သုံးဆယ်လောက်မှာ လုပ်ငန်းခွင်ကနေ ပညာသင် လေ့လာရေးအနေနဲ့ ထိုင်းနိုင်ငံကို စေလွှတ်ခြင်းခံရတယ်။ ထိုင်းနိုင်ငံမှာ တစ်နှစ်နီးပါးလောက် လစာကို ဒေါ်လာနဲ့ ရခဲ့တဲ့ ကျွန်တော်ဟာ အမိမြေကို

အဲဒီမှာဗျာ အဲ့ဩစရာကောင်းတာက ကျွန်တော့်လို အရည်အချင်းရှိပြီး တာဝန်ကျေပွန်တဲ့ ဝန်ထမ်းကောင်းတစ်ယောက်ကို အဆုံးရှုံးမခံနိုင်ဘူးဆိုပြီး အထက်ဌာနချုပ်က ထွက်ခွင့်မပေးခဲ့ဘူး။

ကျွန်တော် တွေးထားမိတာက ထွက်



www.burmeseclassic.com

www.burmeseclassic.com

စာတင်လိုက်ရင် အလုပ်ကို လွယ်လွယ်ထွက်လို့ရပြီဆိုတာပါပဲ။ မမျှော်လင့်ဘဲ အခုလို ကျွန်တော့်ရဲ့ရိုးသားမှုကို ယုံကြည်ပြီး အမှန်တရားဘက် ရပ်တည်ပေးသူတွေ ရှိကြတာဟာ ကျွန်တော် နေ့စဉ်ရွတ်ဖတ်နေတဲ့ ဂုဏ်တော်တွေရဲ့အကျိုးလို့ သဘောပေါက်ပြီး မြတ်ဗုဒ္ဓရဲ့ တရားတော်တွေအပေါ် ယုံကြည်သက်ဝင်မှုက ပိုမိုနက်ရှိုင်းလာခဲ့တော့တယ်။

တစ်ညမှာ ကျွန်တော် ထူးဆန်းတဲ့ အိပ်မက်တစ်ခုကို မြင်မက်တယ်။ ကျွန်တော့်အိပ်မက်အကြောင်း မပြောခင် အိပ်မက်တွေနဲ့ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးချင်တာလေး ရှိသေးတယ်။ အိပ်မက်ကို လူတိုင်း မြင်မက်ဖူးကြမှာပါ။

အဲဒီအိပ်မက်ဆိုတာ လက်ဆုပ်လက်ကိုင် ဆွဲယူဖမ်းပြလို့ မရတဲ့အရာဆိုတာလဲ လူတိုင်းသိကြမှာပါ။ အချို့အိပ်မက်တွေဟာ မိုးလင်းရင် မေ့ပျောက်သွားတတ်ပေမယ့် အချို့အိပ်မက်တွေကျတော့ တကယ်ကြုံတွေ့ခဲ့သလိုမျိုး သေသေချာချာ မှတ်မိနေပါတယ်။

ကျွန်တော်ဟာ အိပ်မက်တွေကို သိပ်ပြီးယုံကြည်တတ်သူ မဟုတ်ပါဘူး။ အချို့က အိပ်မက်တွေကို အတိတ်နိမိတ်ကောက်လေ့ရှိတယ်။ အိပ်မက်ဆိုးတွေကို မြင်မက်ရင် နိမိတ်မကောင်းဘူး ဘာညာပြောဆို ယုံကြည်ကြတာကို တွေ့ဖူးတယ်။ အိပ်မက်ထဲက အတိုင်း ကိုယ်တိုင်မကြုံဘူးလို့ မယုံဘူးဆိုပေမယ့် အိပ်မက်တိုင်း မမှန်ဘူးလို့တော့ ကျွန်တော် မငြင်းရဲပါဘူး။

အိပ်မက်တွေမှာ ထူးဆန်းတဲ့ စွမ်းအင်တစ်မျိုးရှိတယ်ဆိုတာ ကျွန်တော် မကြာခင်ကမှ လက်ခံသွားရတယ်။ အဖြစ်ကတော့ ဒီလိုပါ။ တစ်ညမှာ



ကျွန်တော် အိပ်ရာမဝင်ခင် ခါတိုင်းလိုပဲ မြတ်ဗုဒ္ဓရှေ့မှာ လက်အုပ်ချီပြီး ရွတ်ဖတ်နေကျ ဂုဏ်တော်တွေ၊ ဂါထာတွေကို ရွတ်ဖတ်ခဲ့ပါတယ်။ ကျွန်တော် အိပ်ပျော်သွားတော့ အင်မတန်ထူးဆန်းတဲ့ အိပ်မက်ကို စတင်မြင်မက်ခဲ့တယ်။

ကျွန်တော် ရောက်နေတဲ့နေရာဟာ သချိုင်းတစ်ခု ဖြစ်နေတာပါပဲ။ ပိုပြီး အံ့ဩစရာကောင်းတာက အဲဒီသချိုင်းဟာ လက်ရှိ ကျွန်တော်နေထိုင်တဲ့ ရုံးဝင်းအတွင်းမှာ ဖြစ်နေခဲ့တယ်။ ရုံးအဆောက်အအုံတစ်ခုမှ မရှိဘဲ အုတ်ဂူတွေ၊ မြေပုံမို့မို့တွေချည်း နေရာယူထားတာ တကယ့်သချိုင်းအစစ်ပါပဲ။ မြေပုံမို့မို့တစ်ခုစီမှာ အမည်နဲ့ အသက်တွေတောင် တွဲလျက်ရှိနေတာ ထင်ထင်ရှားရှား မြင်နေရတယ်ဗျာ။

အလိုလေး ရုံးနဲ့ မလှမ်းမကမ်းက ရွှေရောင်တဝင်းဝင်းနဲ့ စေတီတော်ကြီးဟာ ဘာလို့များ ရှေညှိုအထပ်ထပ်တက်နေတဲ့ စေတီလေး ဖြစ်နေရတာပါလိမ့်။ သချိုင်းပတ်ပတ်လည်က ထူထပ်နေတဲ့ ချုံနွယ်တွေဟာ ခုတ်ထွင်ရှင်းလင်းသူမဲ့လို့ လူသူလေးပါး တိတ်ဆိတ်နေတဲ့နေရာမှာ ကျွန်တော်တစ်ယောက်တည်း ထီးတည်းကြီး ရပ်နေမိတယ်။

ထုံးစေတီလေးဆီက ချလွင်ချလွင်ဆိုတဲ့ ဆည်းလည်းသံ ချိုချိုလွင်လွင် ပျံ့လွင်လာတုန်းမှာပဲ အိပ်မက်ကနေ ကျွန်တော် ဖျတ်ခနဲ နိုးသွားတယ်။

နာရီကိုကြည့်လိုက်တော့ မနက်(၄) နာရီတိတိကို ညွှန်ပြနေပြီ။ ဆက်အိပ်လို့ မပျော်မယ့်အတူတူ အိပ်ရာကထ မျက်နှာသစ်လိုက်ပါတယ်။ ကျွန်တော် မျက်နှာသစ်နေတုန်း မလှမ်းမကမ်းက စေတီတော်ကြီးဆီက ဆည်းလည်းသံ ချိုချိုကို ကြားလိုက်ရပါတယ်။ စောစောက ကျွန်တော့်အဖြစ်ကို အိပ်မက်လို့ ထင်မြင်ဖို့တောင် ခက်ခဲနေမိတယ်။

မျက်နှာသစ် ခြေလက်ဆေးပြီးတော့ မြတ်စွာဘုရားရှေ့မှာ ဂုဏ်တော်ပွားများပုတီးစိပ်ပါတယ်။ ပြီးတော့ (၃၁)ဘုံမှာ ကျင်လည်ကြကုန်သော ဝေနေယျ သတ္တဝါအားလုံးကို မေတ္တာပို့ အမျှအတန်းပေးဝေခြင်း စတဲ့ အမှုကို လုပ်ဆောင်ပါတယ်။

ကျွန်တော့်အိပ်မက်ဟာ သွေးရိုးသားရိုး မက်ချင်ရာမက်တဲ့ အိပ်မက်မျိုး မဟုတ်ဘူးဆိုတာ စိတ်ထဲမှာ အလိုလို ခံစားသိရှိနေပါတယ်။ တစ်ခုခုတော့ ထူးနေတယ်လို့ ယူဆရပေမယ့် အဲဒီ အိပ်မက်ရဲ့ အဓိပ္ပာယ် ဖော်ဆောင်မှုကို ကျွန်တော်ကိုယ်တိုင် နားမလည်တဲ့အတွက် နားဝေတိမ်တောင် ဖြစ်နေခဲ့ပါတယ်။

တစ်နေ့တော့ ကျွန်တော်နဲ့ အင်မတန်ရင်းနှီးတဲ့ မြို့ခံမိတ်ဆွေတစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်ထိုင်ရင်း စကားစမြည် ပြောဖြစ်ကြတယ်။ အဲဒီမှာ ကျွန်တော့်အိပ်မက်အကြောင်း သူ့ကို ပြောပြဖို့ ကြံရွယ်နေတုန်းမှာပဲ သူမေးလိုက်တဲ့ စကားတစ်ခွန်းကြောင့် ကျွန်တော် အတော်လေး အံ့ဩသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

'ဘယ်လိုလဲဆရာ သင်္ချိုင်းမြေမှာ ညည အိပ်လို့ကောင်းရဲ့လား'

တဲ့။ သူ ဘာကို ဆိုလိုသလဲဆိုတော့ ကျွန်တော် ကောင်းကောင်းသဘော မပေါက်ဘူး။ ဒါကြောင့် သူ့မေးခွန်း အပေါ် ကျွန်တော် အမေးဆင့်လိုက် တယ်။ ဒီတော့မှ သူလဲ...

'ဟာ ဆရာ့ရုံးက တပည့်တွေ ပြောမပြ ထားဘူးလား ဆရာတို့ရုံးနေရာဟာ လွန်ခဲ့တဲ့ နှစ်(၂၀)ကျော်လောက်က သင်္ချိုင်းတစ်ခု ဖြစ်ခဲ့တယ်ဆိုတာလေ'

ဆိုပြီး ရှင်းပြပါတယ်။ ကျွန်တော့် မိတ်ဆွေ ပြောပြလို့ လက်ရှိ ကျွန်တော် နေထိုင်တဲ့ ရုံးမြေနေရာဟာ တစ်ချိန်က လူသေတွေ မြှုပ်နှံခဲ့တဲ့ သင်္ချိုင်းဟောင်း မှန်းသိလိုက်ရတော့ အိပ်မက်ထဲက မြင်ကွင်းတွေကို ရုပ်ရှင်ပြကွက်တစ်ခု လို ပြန်မြင်ယောင်နေမိပါတယ်။

အုတ်ဂူတချို့နဲ့ မြေပုံမို့မို့တွေ၊ အဲဒီ မြေပုံမို့မို့တွေမှာ အမည်နဲ့ အသက် တွဲလျက် စိုက်ထားတဲ့ မှတ်တိုင်တွေ၊ ပြီးတော့ လွမ်းဆွေးဖွယ်ကောင်းတဲ့ ထုံးစေတီလေးထက်က ဆည်းလည်း သံတွေ ဒါတွေဟာ တစ်ချိန်က ရှိခဲ့တဲ့ မြင်ကွင်းအစစ်တွေပါ။

ဘာလို့များ ကျွန်တော်က လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အဖြစ်အပျက် မြင်ကွင်းတွေကို အိပ်မက်ထဲမှာ မြင် တွေ့ရတာပါလိမ့်။

ကျွန်တော့်အိပ်မက်နဲ့ ပတ်သက်ပြီး မိတ်ဆွေဖြစ်သူကလဲ ထင်မြင်ချက် တစ်စုံတစ်ရာ မပေးနိုင်ခဲ့ပါဘူး။ ဒီလိုဆို ရင် စာဖတ်ပရိသတ်ရော ကျွန်တော့် အိပ်မက်ကို ဘယ်လိုကြောင့်လို့ ထင်မြင်မိပါသလဲ။ ကျွန်တော့်အိပ်မက် ကို ထင်မြင်ချက်၊ ဝေဖန်ချက်တွေပေး ကြဖို့ မျှော်လင့်မိပါတယ်။

ဒီအကြောင်းတွေကို ဂမ္ဘီရဝတ္ထုတွေ ရေးသားနေတဲ့ ဆရာမလေးကတစ်ဆင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ တင်ပြပေးလိုက်ပါတယ်။ နောက်ထပ် လဲ ကျွန်တော် ကြုံတွေ့ခဲ့ရတဲ့ အဖြစ် ဆန်းတွေကို သာရာမလေးက အလျဉ်း သင့်ရင် ရေးသားဦးမယ်လို့ ပြောပါ တယ်။ အဲဒီအခါကျရင်လဲ အခုလိုပဲ စောင့်မျှော်ဖတ်ရှုပေးပါဦးနော်။

**[အရာရှိတစ်ဦး၏ ဖြစ်ရပ်မှန် ဇာတ်လမ်းအား စာရေးသူမှ ဖတ် ကောင်းအောင် ရေးဖွဲ့ပါသည်။]**

**ထူးမမ (ပေါင်)**

စာမျက်နှာ (၃၀၁)မှ အဆက်

BURMESE CLASSIC .com

ကတော်တစ်ဦးကို ပူးဝင်၍ စင်တော်တောင်းတော့သည်။ ဆရာတော်၏ ဆွေမျိုးတို့မှ စင်တော်ကို ဆောက်ပေးခဲ့ရ၏။ သူ့ကိုပသသူတိုင်းကိုလည်း ကူညီစောင်မသည်ဟု ဆိုကြ သည်။ အတိုက်အခိုက် အပြိုင်အဆိုင်တို့တွင် အလွန် ကောင်းလှသည်ဟု သိရ၏။

ကောဇာသက္ကရာဇ် ၁၂၇၆ခုနှစ်တွင် ထိုကျောင်းပျက်မှ အဆောက်အအုံပျဉ်တို့ကိုယူကာရွာ၏အရှေ့မြောက်တနက်ခွဲ အရပ်၌ ကျောင်းတစ်ကျောင်း အသစ်ဆောက်တည်ကာ ထိုကျောင်းကို (ဥတ္တရာ–ရာမ)ကျောင်းတော်ဟု ကျောင်း အမည်သမုတ်ကာဘုန်းသမ္မာအလွန်ကြီးကြသော ဆရာတော် အဆက်ဆက် ယခု ကျွန်ုပ်တို့၏ခေတ်အထိ ကျောင်းထိုင်ခဲ့ ၏။ ကျောင်း၏ မော်ကွန်းအမည်သည် "**အရှင့်တော်သည် ကျောင်းတော်တည်**"ဟု ကျောင်းတည်နှစ်ကမ္ပည်းစာ ယခု အထိ ရှိပါသည်။

တစ်ခါက ရွာတွင် ဘေးဥပဒ် အန္တရာယ်ရောဂါဆိုး ကျ ရောက်သဖြင့်လည်း ဆရာတော်ကြီး "ဦးတေဇ" မှ ဦးစီး၍ ၁၂၉၂ ခုနှစ်၌ တစ်ဦးလျှင် သဲကိုးဆုပ်၊ ရေကိုးမှုတ်၊ အုတ် ကိုးချပ် တည့်စေပြီး ကိုးနဝင်းကျေ ကိုးတောင်ပြည့် သဲပုံ စေတီကိုပုံစံကာ စေတီ တည်ထားကိုးကွယ်မှုဖြင့်ကျရောက် နေသော ရောဂါကပ်ဆိုးမှ ကင်းလွတ်ကာ "**အဘယဝါပြကာ ကပ်ကျော်**"စေတီ၏ တန်ခိုးတော်နှင့် ရွာသူရွာသား၊ နယ်သူ နယ်သားတို့ အေးငြိမ်းချမ်းသာစွာ သာယာဝပြောသောနယ် အဖြစ်သို့ ရောက်ခဲ့ရ၏။

ကျွန်ုပ် မမီခဲ့သော အတိတ်တို့ကို စဉ်းစားရင်း ကျွန်ုပ်၏အဘိုး မှာခဲ့သော စကားတစ်ခွန်းကို ကျွန်ုပ်ပြန်လည်၍ သတိရမိပါသေး သည်။ ထိုစကားကတော့...

'ငါ့မြေးရေ... မွန်နံလက်နက်၊ အင်းလက်နက်၊ ဆေးလက်နက်၊ ဓား သေနတ်စတဲ့ လက်နက်တွေထက် ဘုရားလက်နက်၊ တရားလက်နက် သံဃာလက်နက်စတဲ့ မေတ္တာအရင်းခံတဲ့ လက်နက်တွေကသာ ထက်မြက် အောင်မြင်နိုင်တယ်ဆိုတာ အသက်ထက်ဆုံး မှတ်ထားပေတော့ ငါ့မြေး ရေ'

တဲ့။

**(ကျွန်ုပ်ငယ်စဉ်က အဘိုးဖြစ်သူ ဦးသာလှ၏ ပြောခဲ့ သည်များကို ပြန်လည် တင်ပြပါသည်။)**

***မေတ္တာလက်နက်ဖြင့် အရာရာ အောင်မြင်နိုင်ကြပါစေ***

**ကောင်းခန့်**
**(သခွတ်မြေ၊ ဝက်လက်)**



www.burmeseclassic.com